# အဘိဓမ္မာသင်တန်း ပထမဆင့်

(ဦးဂဝံသာ)

၁၁၀၁

ဆဋ္ဌ သင်္ဂါယနာ ပါဠိပဋိဝိသောဓက ဥပဥက္ကဋ္ဌ အယ်ဒီတာ

သီရိပဝရ ဦးကံသာ၏

# အဘိဓမ္မာသင်တန်း

## ပထမအဆင့်

အဘိဓမ္မာသင်တန်း

ဋီကာကျော် သင်တန်း

အစိုးရ ပထမပြန် စာမေးပွဲ

ယူနီဗာစိတီ အဘိဓမ္မာ ဂုဏ်ထူးတန်း

သကျသီဟ နှင့် စေတိယင်္ဂဏ စာပြန်ပွဲ

စသော အဘိဓမ္မာ စာမေးပွဲများအတွက် တာဝန်ယူသည်။

၁၃၃၀-ခု၊ဝါဆိုလ

အဘိုး-၁၁၊၅၀-ပြား။

ဂန္ဓမာ စာပုံနှိပ်တိုက်
အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀၊ ရန်ကုန်မြို့။

ထုတ်ဝေရာဌာန
**ကံ သာ ဝ တီ စာ ပုံ နှိပ် တိုက်**
၃၉၊ ခေမာသုခလမ်း၊ အလုံစာတိုက်၊ ရန်ကုန်မြို့။

ပဌမဆင့်

# အဘိဓမ္မာ သင်တန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ပဏာမနှင့်ပဋိညာဉ်

သမ္မာသမ္ဗုဒ္ဓ မတုလံ, သ-သဒ္ဓမ္မ ဂဏုတ္တမံ၊
အဘိဝါဒိယ ဘာသိဿံ,အဘိဓမ္မတ္ထသင်္ဂဟံ။

အဟံ- ငါသည်။ အတုလံ- သီလ အစရှိသော ဂုဏ်တော်တို့ကြောင့် ပြိုင်ဘက်အတူ ရှိတော်မမူသော။ သ-သဒ္ဓမ္မ ဂဏုတ္တမံ- သဒ္ဓမ္မ သုံးဖြာ အရိယာမြတ် ပုဂ္ဂိုလ်အပေါင်းနှင့် တကွ ဖြစ်တော် မူသော။ သမ္မာ သမ္ဗုဒ္ဓံ- မဘောက် မပြန် တရားမှန်ကို သယမ္ဘူ ဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော ဘုရားမြတ်ကို။ (အဘိဝန္ဒာမိ- ဘယ လာဘ, ကုလ မဖက်, သဒ္ဒါ တရား သက်သက်ဖြင့်,အနန္တ ရာယ်ကင်းပျောက်, ကျမ်းပြီးမြောက်ရန် ရည်သန် ကြည်နူး, အထူးသဖြင့် ရှိခိုးပါ၏။) အဘိဝါဒိယ-ရှိခိုးပြီး၍။ အဘိဓမ္မတ္ထ သင်္ဂဟံ-အဘိဓမ္မာ, ဒေသနာ၏,လွန်စွာကျယ်လှ, များအဋ္ဌကို သဘာဝရင်း, အကျဉ်းချုံးကာ, ယူပြရာ ယူပြကြောင်းဖြစ်သော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို။ ဘာသိဿံ-ရေးသား တည်တွင်, စီရင်ပေအံ့။

ပဏာမ။ ။"သမ္မာသမ္ဗုဒ္ဓ မတုလံ,သ-သဒ္ဓမ္မ ဂဏုတ္တမံ" ဖြင့် အန္တရာယ်ကင်းကျမ်းပြီးခြင်းအကျိုးငှါရတနာသုံးပါးအားရှိခိုးကြောင်း ပဏာမ စကားရပ်ကို ပြု၏။

ပဋိညာဉ်။ ။"ဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ"ဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ် ခေါ်ဆို မည့်မှန်း လက်သန်း အဋ္ဌကထာ ကျမ်းကို ပြုပြင်စီရင် အံ့ဟု ပဋိညာဉ်ဝန်ခံချက်ကို ပြု၏။

အန္တရာယ် ပယ်ပုံ။ ။ရတနာသုံးပါးအားရှိခိုးကြောင်း ပဏာမ ကုသိုလ်စေတနာသည် ရတနာ သုံးပါး၏ ပြည့်စုံခြင်းနှင့် မိမိ၏ သဒ္ဓါ တရား ထက်သန်မှုကြောင့် ဒိဋ္ဌဓမ္မ လက်ငင်းကျိုး ပေးသော အားဖြင့် လက်ရှိ ချမ်းသာသုခနှင့် အကြောင်းကံကို အားအဆင့် အထောက်အပံ့ ပေးလျက် ဖျက်ဆီး နှိပ်စက် နှောက်ယှက်လာမည့် ဥပပီဠက ဥပစ္ဆေ ဒက ကံများကို တားမြစ်၍ဘေးဥပဒ်အဖြာဖြာမှ ပပျောက်စေခြင်းကျမ်း ပြီးဆုံးအောင် ကျန်းမာစွာ အားထုတ်နိုင်ခြင်း အကျိုးကိုပေးလေသည်။

ရတနာသုံးပါးကိုရှိခိုးရကျိုး။ ။ရတနာသုံးပါးကို ရှိခိုးရခြင်း သည် ဝါ-ရှိခိုးကြောင်း စေတနာသည် မင်္ဂလာရှိခြင်း အန္တရာယ်ကင်း ခြင်း ကျမ်းပြီးခြင်း အကျိုးကိုရ၏၊ နောင်လာနောက်သား စာသင်သား မျ...းလည်း ရှေးဦးစွာ ရတနာသုံးပါးအားရှိခိုးပြီးမှ ကျမ်းဂန်ကိုသင်ယူခဲ့ သော် သင်ခြင်း နာယူခြင်းကိုပြုရာ၌ ချမ်းသာစွာပြီးဆုံး တတ်မြောက် စေခြင်းအကျိုးကို မိမိနှင့်ထပ်တူ ရယူနိုင်ကြစေရန်ရည်သန်၍ (ပရဟိတ အကျိုးငှါ) ဝစီပဏာမကို ပြုထားခဲ့ကြပေသည်။

သဒ္ဓမ္မ။ ပရိယတ္တိ-ပိဋကတ် ပါဠိတော် အဋ္ဌကထာ၊
ပဋိပတ္တိ- သမထ ဝိပဿနာ လုပ်ငန်း၊
ပဋိဝေဓ- မဂ် ဖိုလ် နိဗ္ဗာန် တရားအားဖြင့် ၃-ပါး။

တနည်း။ ။မဂ် ၄,ဖိုလ် ၄,နိဗ္ဗာန် ပရိယတ်အားဖြင့် ၁၀-ပါး။

ဂဏုတ္တမ။ ။ဂဏ-ပုဂ္ဂိုလ်အပေါင်း၊ ဥတ္တမ-မြတ်သော၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် ၈ ယောက်သောပုဂ္ဂိုလ် အပေါင်းသည် ကိလေသာကင်းဝေးသောကြောင့် မြတ်သော အရိယာ ပုဂ္ဂိုလ်အပေါင်းမည်၏။

**အဘိဓမ္မ, အဘိဓမ္မတ္ထ။** ။ဘုရားဟော ဒေသနာ ပိဋကတ်တော်သည် ဓမ္မ,ဝိနယဟု ၂ မျိုးရှိ၏၊ ဝိနည်း ငါးကျမ်းသည် ဝိနယ မည်၏၊ ကျန်ပိဋကတ်တော်အားလုံးသည် ဓမ္မမည်၏၊ ဓမ္မသည် ဓမ္မ, အဘိဓမ္မဟု ၂-မျိုး ရှိပြန်ရာ ခန္ဓာ အာယတန စသော ဓမ္မတို့ကို သုတ္တန်ဒေသနာဓမ္မ၌ အနည်း အကျဉ်းသာ ဟော၍ အဘိဓမ္မာ ဒေသနာ တော်၌ အပြည့်အစုံ နည်းကုန်အောင် အလွန်အကဲ ဟောသောကြောင့် အဘိဓမ္မာ (၇-ကျမ်း) ဒေသနာတော်သည် အဘိဓမ္မာမည်၏။ အဘိဓမ္မာ ၇-ကျမ်းရှိ၏။ အဘိ အတိရေကော-သုတ္တန် ဒေသနာတော် ဓမ္မထက် လွန်ကဲ (ပြည့်စုံကျယ်ဝန်း) သော၊ ဓမ္မော-ဒေသနာတော် ဓမ္မသည်။ အဘိဓမ္မော- အဘိဓမ္မာ မည်၏။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဤလေးပါးသည် အဘိဓမ္မတ္ထမည်၏။

**အဘိဓမ္မတ္ထသင်္ဂဟ။** ။အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်သော အနက် သဘာဝတွေကို အကျဉ်းချုပ် ယူပြရာ ယူပြကြောင်း ဖြစ်သောကျမ်းသည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်၏။

**လက်သန်း အင်္ဂုကထာ။** ။လက်သန်းခန့်ပမာဏရှိသောကြောင့်၎င်း, အတ္ထ-အနက် သဘာဝကို၊ ကထာ- ပြောပြတတ်သောကြောင့်၎င်း လက်သန်းအင်္ဂုကထာ ခေါ်သည်။

## လေ့ကျင့်ခန်း

သမ္မာသမ္ဗုဒ္ဓ စသော ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ်ကိုပြသနည်း။ ?
ရတနာ သုံးပါးအား ရှိခိုးရသဖြင့် အကျိုးရှာယ ပယ်ပုံပြပါ။
ရတနာသုံးပါးအား ရှိခိုးရသောအကျိုးကို ပြပါ။
ဝစီပဏာမကို ဘာအကျိုးငှါ ရေးသားမိန့်ဆိုပါသလဲ?
သဒ္ဓမ္မအပြား ၃-ပါး ၁၀-ပါးကိုရေတွက်ပြပါ။
ဓမ္မနှင့် အဘိဓမ္မ အထူးကိုရေးပါ။
အဘိဓမ္မနှင့် အဘိဓမ္မတ္ထအရ အသီးသီးကောက်ပြပါ။
အဘဲ့ကြောင့် အဘိဓမ္မတ္ထ သင်္ဂဟ ခေါ်သနည်း?
လက်သန်း အင်္ဂုကထာဟု ခေါ်ရပုံ အဓိပ္ပါယ်ရေးပါ။

## စိတ်ပိုင်း

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ, စတုဓာ ပရမတ္ထတော၊
စိတ္တံ စေတသိကံ ရူပံ, နိဗ္ဗာန မိတိ သဗ္ဗထာ။

### အဘိဓမ္မတ္ထ တရား ၄-ပါး

ထို အဘိဓမ္မတ္ထတို့သည် ပရမတ္ထအားဖြင့်၊

၁။ စိတ်=အာရုံကို ကြံတတ်သောသဘော၊

၂။ စေတသိက်=စိတ်၌ မှီတွယ်တတ်သော သဘော၊

၃။ ရုပ်=ဖေါက်ပြန် ပျက်စီးတတ်သော သဘော၊

၄။ နိဗ္ဗာန်= တဏှာ ချုပ်ငြိမ်းရာ သဘော ဟု လေးမျိုး အပြားရှိ၏။

**ပရမတ္ထ။** ။ ၁။ မဖေါက် မပြား၊
၂။ အမြတ်အားဖြင့်၊
၃။ ခေတ်သားဆတ်ဆတ်၊
၄။ ဉာဏ်မြတ်အာရုံ၊
လေးပါးစုံ၊ ခေါ်ပုံ ပရမတ်။

၁။ ပရမော အဝိပရီတော အတ္ထော ပရမတ္ထော၊
မဖေါက်ပြန်တတ်၊ လွန်တည့်မတ်၊ ခေါ်အပ်ပရမတ်။

လောဘသည် မည်သည့်ဘုံ မည်သည့်အခါ မည်သူ့ သန္တာန်မှာ ဖြစ်ဖြစ် လိုချင်မှု သဘောမှ ဖေါက်လွဲဖေါက်ပြန်မရှိဘဲ တသမတ်တည်း လိုချင်မှုခုံမင်မှု သဘောအတိုင်းပင် တည့်မတ်စွာဖြစ်တတ်သောကြောင့် ပရမတ်မည်၏။

၂။ ပရမော ဥတ္တမော အတ္ထော ပရမတ္ထော၊
သစ္စာဓမ္မ၊ လွန်မြတ်လှ၊ ခေါ်ရ ပရမတ်။
သိ-ပယ်-ဆိုက်-ပွါး၊ လေးပါးကိစ္စ။ အပိုင်ရ၊ မုချပရမတ်။

သစ္စာ ၄-ပါးကိုအမှန်သိလျှင် မှန်မြတ်သော နိဗ္ဗာန်ကျိုးကို ပေးတတ် သောကြောင့် သစ္စာလိုက်သော အဘိဓမ္မတ္ထ တရားသည် ပရမတ် မည်၏၊ သိ-ပယ်-ဆိုက်-ပွါးဟူသောကိစ္စ ၄-ပါး မရကောင်းသော ပညတ်သည် ပရမတ်မမည်နိုင်ဟု အပြန်အားဖြင့် သိလေ၊ အကုသိုလ်သည် မကောင်းကျိုး ပေးစေကာမူ ဒုက္ခသမုဒယ သစ္စာ အနေအားဖြင့်အသေအချာသိရှိခဲ့သော် နိဗ္ဗာန် မဂ် ဖိုလ် ဟူသော အကျိုးထူးအကျိုးမြတ်ကိုခံစားရကြောင်းဖြစ်သောကြောင့် အကုသလဓမ္မသည်ပင် သစ္စာအမြတ် ပရမတ် အမည်ရလေသည်။

၃။ ပညတ်ခွဲထုတ်၊ တရားချုပ်၊ သမုတ် ပရမတ်။

လူ နတ် ဗြဟ္မာ သတ္တဝါ အိမ် ကျောင်း စသော ပညတ်များမှ အသီးဆတ်ဆတ် အသားတင် စစ်ထုတ် နုတ်ယူအပ်သော ရုပ် နာမ် တရားအချုပ်သည် ပရမတ်မည်၏၊ စာအုပ်သည် အမည်ပညတ်၊ အဋ္ဌကလာပ်ရုပ်သည် ပရမတ်, ဤသို့စစ်ထုတ်ယူရ၏။

၄။ ပရမသသဗ္ဗညုတဉာဏသအတ္ထောဂေါစရောပရမတ္ထော၊
ဉာဏ်တော် အမြတ်၊ ကျက်စားအပ်၊ ခေါ်လတ်ပရမတ်။

သဗ္ဗညုတဉာဏ်တော်မြတ်၏ အာရုံပြုရာ ကျက်စားရာဖြစ်သောကြောင့် ပရမတ္ထမည်၏၊ သဗ္ဗညုတ ဉာဏ်တော်သည် ပညတ်ကို အာရုံပြုသေးစေကာမူ ပညတ်အင်္ဂါသော လမ်းမဆုံးဘဲ ပရမတ် ဝါတ်သား ထိအောင် အာရုံပြုသောကြောင့် အပယိက အာရုံပြုကာမတ္တ ဖြစ်သော ပညတ်သည် ဉာဏ်မြတ်၏ အာရုံ ပရမတ်အမည်ကို မရနိုင်၊ တနည်း ပညတ်ကို သတ္တဝါ အားလုံး သူသူငါငါ အာရုံပြုနိုင်ကြသော်လည်း အဘိဓမ္မတ္ထ သဘာဝကိုမူ မြတ်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့်သာ စတွင် တည်ထောင်ကာ အာရုံပြုနိုင်သောကြောင့် ပညတ် သည်ပရမတ် အမည်ကို မရနိုင်ပေ။

အဘိဓမ္မာ ဒေသနာတော်၏ အနက်သဘာဝသည် အဘိဓမ္မတ္ထ။

တည့်မတ် မှန်မြတ်သော ရဏ်သဘောသည် ပရမတ္ထ။

## စိတ်ခေါင်းစဉ် လေးမျိုး

တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ၊

(၁) ကာမာဝစရံ= ကာမာဝစရစိတ်,

(၂) ရူပါဝစရံ = ရူပါဝစရစိတ်,

(၃) အရူပါဝစရံ= အရူပါဝစရစိတ်,

(၄) လောကုတ္တရဉ္စေတိ = လောကုတ္တရာစိတ်။

မှတ်သားရန်။ ။စိတ်ပိုင်း၌ ပြမည့်စိတ်တို့၏ အကျဉ်းချုပ်ခေါင်းစဉ် မာတိကာ ၄-မျိုးကို ပြသည်၊ ဤ အစဉ်အတိုင်း အကျယ် ဝေဘန်လိမ့်မယ်၊ "ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ" စသဖြင့် ဓမ္မသင်္ဂဏီ ကျမ်း၌ ဘုရားဟောတော်မူသော အစဉ်မှာ အနက်သဘာဝ အဓိပ္ပါယ် အကျယ်ပြသော အဘိအစဉ်နှင့် သင့်သော်လည်း အကျဉ်းချုပ် ပြရာ၌ ကာမာဝစရစိတ် စသောအဘိအစဉ်နှင့်ထား၍ပြမှသိလွယ်မည်ရှင်းမည် ဖြစ်သောကြောင့် ဘုရားဟောစဉ်နှင့် မတူသော အဘိအစဉ် တမျိုးကို ရှင်အနုရုဒ္ဓါ တည်ထွင်ပြရလေသည်၊ တနည်း-ဟီန ဥက္ကဋ္ဌ ဥက္ကဋ္ဌတရ ဥက္ကဋ္ဌတမ အစဉ်ဖြင့် မာတိကာ ခေါင်းစဉ်ကိုပြထားသည်၊ ကာမသည် အယုတ်ဆုံး ဟီန၊ ရူပသည် အမြတ် ဥက္ကဋ္ဌ၊ အရူပသည် အထူးမြတ် ဥက္ကဋ္ဌတရ၊ လောကုတ္တရာသည် အမြတ်ဆုံး ဥက္ကဋ္ဌတမ ဖြစ်သည်။

## အကုသိုလ်စိတ် ၁၂-ပါး

**ထိုလေးမျိုးတို့တွင် ကာမာဝစရစိတ်ကား အဘယ်နည်း?**

| | | |
|---|---|---|
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |
| သောမနဿသဟဂုတ် | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
" " သသင်္ခါရိက
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
" " သသင်္ခါရိက

ပေါင်း လောဘမူစိတ် ၈=ပါး

မှတ်သားရန်။ ။လောဘသဟဂတ,လောဘမူလ၊-လောဘ-လောဘစေတသိက်နှင့် သဟ-အတူတကွ၊ ဂတ-ဖြစ်သော စိတ်သည် လောဘ သဟဂုတ်စိတ် မည်၏။ လောဘ-လောဘ စေတသိက်ဟု ဆိုအပ်သော၊ မူလ-အခြေခံရှိသောစိတ်သည် လောဘမူလစိတ် မည်၏၊ မူလ၌ "လ"ကို ချေ၍ လောဘမူလစိတ်ဟူ၍လည်းခေါ်၏၊ လောဘမူစိတ် ၈-ပါးကိုမှတ်သားရ၏။

ဒိဋ္ဌိဂတသမ္ပယုတ္တ။ ။ဒဿနံ ဒိဋ္ဌိ၊ ထင်မြင် ယူဆခြင်းသည် ဒိဋ္ဌိမည်၏၊ဤအရာ၌ အကုသိုလ်ဌာနဖြစ်သောကြောင့် အမှားမှားအယွင်းယွင်းအားဖြင့် 'ကံ ကံ၏ အကျိုးမရှိ, တမလွန် လောကမရှိ' ဟု ယူဆသော မိစ္ဆာဒိဋ္ဌိ အယူမှားကိုရ၏၊ ထိုမိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်မည်၏။

သမ္ပယုတ်က အပြစ်ကြီးပုံ။ ။သံတုံးကြီးကိုပူမှန်းသိသူနှင့်မသိသူ နှစ်ဦးတို့တွင် ပူမှန်းမသိသူက ပယ်ပယ်နယ်နယ်ဆုပ်ကိုင်မိ၍ပိုပူဘိသကဲ့သို့ အပြစ်မသိသူ မိစ္ဆာဒိဋ္ဌိသမားက အကုသိုလ် အရာမှာ ပို၍အပြစ်ကြီးလေသည်။

သင်္ခါရ။ ။မိမိပယောဂသူတပါးပယောဂ [လှုံ့ဆော်တိုက်တွန်းချက်] သည် သင်္ခါရမည်၏၊ ထိုတိုက်တွန်းမှုရှိသောစိတ်သည် သသင်္ခါရိက စိတ်မည်၏၊ ထူးပေးမှ လမ်းလျှောက်နိုင်သူ တခယ်ာက်သည် ထူပေး၍လမ်းလျှောက်နေစေကာမူ အလွတ်ထလျှောက်နိုင်သူလောက် အားမရှိသကဲ့သို့ အသင်္ခါရိကစိတ်လောက် သသင်္ခါရိကစိတ်သည် အားမရှိပေ။ ဒို့ကာကျော်၌-ရှေက အားပေးလှုံ့ဆော်မှု ပယောဂကြောင့် နောက်စိတ်၏ ထက်သန်လာသော သတ္တိထူးသည် သင်္ခါရမည်၏၊ ထိုသင်္ခါရ

သင်္ကိုအထူးနှင့်တကွဖြစ်သောစိတ်သည် သသင်္ခါရိက စိတ်မည်၏၊ ထို သင်္ခါရမရှိသော။ ဝါ-သင်္ခါရနှင့်မယှဉ်သောစိတ်သည် အသင်္ခါရိကစိတ် မည်၏ဟု ဆိုလေသည်။

## သရုပ်ခွဲပုံ

| | | | |
|---|---|---|---|
| သောမနဿသဟဂုတ်စိတ် | ၄၊ | ဥပေက္ခာသဟဂုတ်စိတ် | ၄၊ |
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄၊ | ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄၊ |
| အသင်္ခါရိကစိတ် | ၄၊ | သသင်္ခါရိကစိတ် | ၄၊ |
| သောမနဿသမ္ပယုတ် | ၂၊ | သောမနဿဝိပ္ပယုတ် | ၂၊ |
| သောမနဿ အသင်္ခါရိက | ၂၊ | သောမနဿသသင်္ခါရိက | ၂၊ |

ဥပေက္ခာသဟဂုတ်စိတ်ကိုလည်း ဤနည်းအတိုင်းသရုပ်ခွဲလေ။

## လောဘမူစိတ်များ ဖြစ်လာပုံ

ဝမ်းမြောက်စွာ ငရဲမကြီးဟု မဘိုက်တွန်းဘဲ ခိုးခြင်း၊
ဝမ်းမြောက်စွာ ငရဲမကြီးဟု တိုက်တွန်း၍ ခိုးခြင်း၊
ဝမ်းမြောက်စွာ ငရဲမှန်းသိလျက် မတိုက်တွန်းဘဲ ခိုးခြင်း၊
ဝမ်းမြောက်စွာ ငရဲကြီးမှန်းသိလျက် တိုက်တွန်း၍ ခိုးခြင်း၊
ဝမ်းမြောက်ဝမ်းသာမရှိလှဘဲ စိတ်မပေါ့အပေါ် လျစ်လျူရှု၍ ခိုးရာ၌လည်း အထက်ပါ ၄ မျိုးအတိုင်း ဥပေက္ခာ သဟဂုတ် စိတ် ၄ မျိုး ဖြစ်ပုံကို အစဉ်အတိုင်းရေတွက်လေ။

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက၊
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက၊

ပေါင်း ဒေါသမူစိတ် ၂-ပါး

မှတ်သားရန်။ ။ဒေါသမူလ, ဒေါသမူ၊ ဒေါသ- ဒေါသစေတသိကဟူသော၊ မူလအခြေခံရှိသောစိတ်သည် ဒေါသမူလစိတ်မည်၏၊ မူလ၌ "လ" ကိုချေ၍ ဒေါသမူစိတ်ဟူ၍လည်း ခေါ်၏၊ လောဘမူစိတ် ဒေါသမူစိတ်များ၌ မောဟစိတ်ယှဉ်သေးသော်လည်းအကုသိုလ်စိတ်

အားလုံးနှင့် ယှဉ်သောကြောင့်မောဟဟိတ်ဖြင့် အမည်မှည့်လျှင် ထူးခြားမှုမရှိ၍ မောဟဟိတ်ဖြင့်အမည်မမှည့်နိုင်၊ကိုယ်ပိုင်အိမ်ခံ လောဘဟိတ် ဒေါသဟိတ်တို့ဖြင့်သာလျှင်စိတ်ထူးခြားအောင် လောဘမူစိတ် ဒေါသမူစိတ်ဟု-အမည်မှည့်ခေါ်ထားလေသည်။

ဒေါမနဿ, ဒေါသ, ပဋိဃအထူး။ ၊စိတ်မကောင်းစရာ အကြောင်းဖြစ်သောဒေါမနဿဝေဒနာသည် မကောင်းသော အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၍ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်၏၊ပဋိဃသည် ကြမ်းထန်းခက်ထန်ခြင်း လက္ခဏာရှိ၍ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏၊ ဤသို့ လက္ခဏာအားဖြင့်၎င်း ခန္ဓာအားဖြင့်၎င်း ဒေါမနဿနှင့် ပဋိဃ ထူး၏၊ ပြစ်မှားခြင်း သက္ခဏာ ရှိသော ဒေါသနှင့် ကြမ်းထန်းခြင်း လက္ခဏာရှိသော ပဋိဃမှာအရတူ၏။

ပထမစိတ်နှင့်ဒုတိယစိတ်သည် ဒေါမနဿဝေဒနာ
ချည်းသာဖြစ်၍ အထူးမပြုနိုင်သော ဒေါမနဿကို
ဘာ့ကြောင့်ထပ်တလဲလဲဆိုပါသနည်း?

သူတပါးအသက်ကို ကျောင်းသား သူငယ်များကဲ့သို့ ပျော်ရွှင်စွာ သတ်လျှင် သောမနဿဝေဒနာ၊ မသတ်ချင့် သတ်ချင်စိတ်မပါ့ တပါ သတ်လျှင် ဥပေက္ခာဝေဒနာများနှင့်ဒေါသမူစိတ်မှာယှဉ်များယှဉ်သေးသလားဟု ယုံမှားခြင်းကို ပယ်ဖျောက်ရန် ဒေါမနဿ သဟဂတံ ကို ထပ်ပြန်တလဲဆိုထားသည်၊ ဒေါသမူစိတ်မှန်သချှ တခြားဝေဒနာ မရှိ, ဒေါမနဿဝေဒနာနှင့်ချည်းသာ-ဒုမြဲတန်းယှဉ်ရ၏ဟူလို။ ဋီကာကျော်၌ ဤစိတ်မှာ ဒေါမနဿ ဝေဒနာ တမျိုးတည်းရှိ၍ မထူးခြား သော်လည်း တခြားတခြားစိတ်များနှင့်မဆက်ဆံသော ကိုယ်ပိုင်ဒေါမနဿ ဝေဒနာဖြင့် မှတ်သားခြင်းငှါ ဒေါမနဿသဟဂတံ ဟူသောစကားကို ဆိုထားသည်ဟု မိန့်၏။

ရူမာနိဋ္ဌေပိပဋိဃသမ္ပယုတ္တစိတ္တာနိ နာမ-ဟူသော
နိဂုံးစကားဖြင့်ပြီးနိုင်ပါလျက် ပဋိဃသမ္ပယုတ္တ-ကို
ဘာ့ကြောင့် ထည့်ထားပြန်သလဲ?

သူတပါးအသက်ကိုသတ်လျှင် ငရဲကြီးတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားဟု မယုံတဝက်ယုံတဝက်ဖြင့် အယုံရ ခပ်ခက်ခက်နှင့်သတ်သော အခါ ဒေါသမူစိတ်မှာ ဝိစိကိစ္ဆာနှင့်ယှဉ်သေးသလောဟု တွေးတော ဘွယ်ကို ပယ်ဖျောက်ရန်ပဋိဃသမ္ပယုတ္တံကိုထည့်ဆိုရပြန်သည်၊ ဒေါသ မူစိတ်၌ ပဋိဃမည်သော ဒေါသ စေတသိက်နှင့် အမြဲတန်း ယှဉ်၏ဟု ဆိုလိုသည်၊ ဋီကာကျော်၌ ဒေါမနဿဝေဒနာနှင့် ပဋိဃ (ဒေါသ) ကို ယှဉ်တွဲဖြစ်လေ့ရှိပုံကိုပြရန် ပဋိဃသမ္ပယုတ္တံကိုဆို၏ဟု မိန့်၏၊ အဓိပ္ပါယ် မှာ ဆင်တူပင်။

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ်၊

ပေါင်း မောဟမူစိတ် ၂-ပါး

| | | |
|---|---|---|
| အဋ္ဌဓာ လောဘမူလာနိ ...... | လောဘမူစိတ် | ၈၊ |
| ဒေါသမူလာနိ စ ဒွိဓာ ..... | ဒေါသမူစိတ် | ၂၊ |
| မောဟမူလာနိ စ ဒွေတိ .... | မောဟမူစိတ် | ၂၊ |
| ဒွါဒသာ ကုသလာ သိယုံ | အကုသိုလ်စိတ် | ၁၂။ |

မှတ်သားရန်။ ။မောဟမူဟ, မောဟမူသ၊-မောဟမူဟ၌ မောဟ တွေဝေ၊မူဟတွေဝေ၊တွေဝေ့တွေဝေ အလွန့်အလွန် တွေဝေသော စိတ် သည် မောဟမူဟစိတ် မည်၏၊မူ၏ရှေ့က 'ဟ' ကိုချေ မောမူဟ ဖြစ်၏၊ နောက် 'ဟ' ကိုချေ့,မောဟမူဖြစ်၏၊ မောဟမူလ၌ နောက်ဆုံး 'လ' ကို ချေလျှင်မောဟမူဖြစ်၏၊မောဟဟူသောအခြေခံမူလရှိသောစိတ်သည် မောဟမူလစိတ်,မောဟမူစိတ်မည်၏ဟူ၏၊ မောဟမူပုဒ်၌ မောဟမူ ဟ မောဟမူလ ၂-မျိုးမှ 'ဟ' နှင့်'လ' ကို ချေ၍ထားပုံကို သတိပြု မှတ်သားလေ။

ဤစိတ်၌ မောဟ စေတသိက်သည် အဘယ့်ကြောင့် အလွန်တွေဝေရသလဲ?

လောဘ ဒေါသတို့မင်းမူရာ လောဘမူ ဒေါသမူ စိတ်တို့၌ မောဟ စေတသိက်သည် နယ်ခံ လောဘ ဒေါသတို့၏ အလိုကျ လိုက်လျောရ၍

အစွမ်းကုန်တွေဝေခွင့် မရခဲ့ပေ၊ ဤမောဟမူစိတ်၌ကား လောဘဒေါသတို့နှင့်ကင်းကာ မိမိတဦးတည်း ဖိုလ်ကျရော မင်းမူရာ ဖြစ်သောကြောင့် အစွမ်းကုန်အလွန်အလွန် တွေဝေခွင့်ရသေသည်၊ မောဟမူဟူသော အနက်တူ ၂-ပုဒ်ဖြင့် လွန်ကဲသော ဤအနက် သဘောကိုပြ၏။

ဤစိတ်၌ အဘယ့်ကြောင့် ဥပေက္ခာဝေဒနာနှင့် သာ ယှဉ်သွားရသလဲ?

အစွမ်းကုန်တွေဝေသော မောဟနှင့် ယှဉ်သောကြောင့်ရင်း ယုံမှားမှု ဝိစိကိစ္ဆာ, ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတို့နှင့် ယှဉ်သောကြောင့်ရင်း အာရုံ၏ အရသာကို သာယာ ပြစ်များမှု အားဖြင့် မြက်မြက် မခံစား နိုင်၍ ဥပေက္ခာဝေဒနာနှင့်သာယှဉ်ရလေသည်၊ အရက်အမူးလွန်သူနှင့်အပြေးအလွှား ဒေါင်စိုင်းနေသူများမှာ အာရုံ၏ အရသာကို မြက်မြက်မခံစား နိုင်ဘဲလျစ်လျူရှုကြရ သကဲ့သို့မှတ်လေ။

မောဟမူစိတ်၌ သင်္ခါရဘေဒကို အသို့ ဆိုမည်နည်း?

မောဟမူစိတ်သည် အလွန်တွေဝေခြင်း ယုံမှား၊ ပျံ့လွင့်ခြင်း တို့နှင့် ယှဉ်ရသဖြင့် အာရုံ၏ အရသာကို မြက်မြက် မခံစားနိုင်သောကြောင့် ပင် ထက်သန်မှု အသင်္ခါရိက, နုံ့မှုသသင်္ခါရိက သဘောမရှိ၍ အသင်္ခါရိကဟူ၍လည်း သသင်္ခါရိက ဟူ၍လည်းမဆိုရပေ၊ သို့ရာတွင် သရုပ်ခွဲရာ၌ ဝိဘင်းအဋ္ဌကထာကို ယောက်၍၊ အသင်္ခါရိက၌ သွင်းယူကြ၏။

ဝိစိကိစ္ဆာသည်အာရုံအမျိုးမျိုး၌ဒေါက်လျှောက်ယုံမှား၏။

ဥဒ္ဓစ္စသည် တအာရုံထည်း၌ ထစ်၍ထစ်၍ပြန့်လွင့်၏။

အကုသလ။ ။မလိမ္မာအောင်ပြုတတ်သော ,ဝါ-အပြစ်နှင့်တကွ ဖြစ်သော ,ဝါ- ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ် စေတသိက်များနှင့် ယှဉ်သောစိတ်သည် အကုသိုလ်စိတ်မည်၏၊ ပကတိ စိတ်ကား ဖြူစင်သန့်ရှင်းလှ၏၊ မကောင်းသော အကုသိုလ်စေတသိက် အညစ်အကြေးများနှင့်ယှဉ်သောကြောင့်သာ အကုသိုလ်စိတ် (မုဆိုး နားနီး မုဆိုး) အမည်ကိုရလေသည်။

အကုသိုလ်ဖြစ်ကြောင်း။ ။နှလုံးသွင်း သဘောထား မလိမ္မာသော (အယောနိသော မနသိကာရသည် အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းတည်း၊ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းကား ယောနိသော မနသိကာရသဘောထားလိမ္မာယဉ်ကျေးမှုတည်း။

ဥပေက္ခာဖြစ်ကြောင်း ၃-ပါး

၁။ သဘာဝ,ပရိကပ္ပအားဖြင့် ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း၊
၂။ ဥပေက္ခာ စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူဖြစ်ရခြင်း၊
၃။ မပေါ်လွင်သော ပင်ကိုယ်သဘော ရှိရခြင်း။

သောမနဿ ဖြစ်ကြောင်း ၃-ပါး

၁။ သဘာဝအားဖြင့်ငှင်း ပရိကပ္ပအားဖြင့်ငှင်း ဣဋ္ဌာရုံဖြစ်ခြင်း၊
၂။ သောမနဿ စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူဖြစ်ရခြင်း၊
၃။ ပေါ်လွင်သော ပင်ကိုယ်သဘော ရှိရခြင်း၊

ဒေါမနဿဖြစ်ကြောင်း ၂-ပါး

၁။ သဘာဝ,ပရိကပ္ပအားဖြင့် အနိဋ္ဌာရုံ ဖြစ်ခြင်း၊
၂။ အာဃာတဝတ္ထု ၉-ပါးတို့တွင် တပါးပါးဖြစ်ခြင်း။

ဒိဋ္ဌိဖြစ်ကြောင်း ၂-ပါး

၁။ အယူပျက်သူ (ဖေါက်ပြန်သူ) နှင့် ပေါင်းသင်းခြင်း၊
၂။ သဿတ စသော အယူ ဝါဒရှိနေသူဖြစ်ရခြင်း။

အသင်္ခါရိကဖြစ်ကြောင်း ၂-ပါး

၁။ သင့်သော ဥတု ဘောဇန ပုဂ္ဂလ အာဝါသကို မှီခဲ့ရခြင်း၊
၂။ ကိုယ်လက် သန်စွမ်း ကျန်းမာခြင်း။

## အကုသိုလ်စိတ် ၁၂-ပါး သရုပ်ခွဲ

| | | | | | |
|---|---|---|---|---|---|
| ဝေဒနာဘေဒ—သော | ၄၊ | ဥ | ၆၊ | ဒေါ | ၂=၁၂ |
| သမ္ပယောဂဘေဒ—သံ | ၈၊ | ဝိ | ၄၊ | — | =၁၂ |
| သင်္ခါရဘေဒ——သ | ၅၊ | အ | ၇၊ | — | =၁၂ |

အကုသိုလ်စိတ် ၁၂-ပါးပြီး၏။

## အဟိတ်စိတ် ၁၈-ပါး

ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဃာနဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ်
ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်

### အကုသလဝိပါက်စိတ် ၇-ပါး

ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သောတဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဃာနဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ်
သုခ သဟဂုတ် ကာယဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်
သောမနဿ သဟဂုတ် သန္တီရဏစိတ်
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်

### အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး

ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ်

### အဟိတ်ကြိယာစိတ် ၃-ပါး

သဏ္ဍာကုသလပါကာနိ=အကုသလဝိပါက်စိတ် ၇၊
ပုညပါကာနိ အဋ္ဌဓာ =အဟိတ်ကုသလဝိပါက်စိတ် ၈၊
ကြိယာစိတ္တာနိ တီဏီတိ=အဟိတ်ကြိယာစိတ် ၃၊
အဋ္ဌာရသ အဟေတုကာ—အဟိတ်စိတ်ပေါင်း ၁၈။

မှတ်သားရန်။ ။အဟေတုက, ဝိပ္ပယုတ္တ, အသင်္ခါရိက။ ။ အဟိတ်စိတ်များသည် ဝတ္ထုနှင့်အာရုံဆုံစည်းသောအခါ အလွယ်တကူ၊ ဘွားကနဲ ပေါ်လာတတ်သဖြင့် ထိုစိတ်များ၏ အလုပ်ကိစ္စ တာဝန်မှာ လွယ်လွယ်နှင့်ပြီးနိုင်သောကြောင့်အခြေခံဟိတ်တရားများနှင့်ယှဉ်ဘွယ် မလို၊ ထိုကဲ့သို့ အခြေခံဟိတ်များနှင့် မယှဉ်သောကြောင့် အဟိတ် ဟူ၍ ၎င်း ဝိပ္ပယုတ်ဟူ၍၎င်း မှည့်ခေါ်ရ၏၊ ထိုကဲ့သို့ အလုပ်ကိစ္စ သေးနုပ်ပြီး အခြေခံဟိတ်နှင့်မယှဉ်သော အဟိတ်စိတ်များမှာ အားရှိအားမဲ့ အနုံ့ အထက်အားဖြင့် မှတ်တမ်းတင်နိုင်လောက်အောင် ထူးခြားမှုမရှိသော ကြောင့် အသင်္ခါရိကဟူ၍၎င်း သသင်္ခါရိကဟူ၍၎င်း မဆိုနိုင်ချေ၊သို့ရာ တွင် သရုပ်ခွဲရာ၌ အသင်္ခါရိကဟု ရေတွက်ရ၏။

| | | | | |
|---|---|---|---|---|
| ဝေဒနာဘေဒ= | သုခ | ၁၊ | သော | ၂ |
| | ဒုက္ခ | ၁၊ | ဥပေက္ခာ | ၁၄=၁၈ |
| ဝတ္ထုဘေဒ= | ပဉ္စဝတ္ထု၌ | | .... | ၁၀ |
| | ဟဒယဝတ္ထု | | .... | ၈=၁၈။ |
| ဒွါရဘေဒ= | တဒွါရိ၌ | | ...... | ၁၀ |
| | ငါးဒွါရ၌ | | သမ္ပဋိစ္ဆိုင်း | ၂ |
| | | | ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| | ၆—ဒွါရ၌ | | ဟသိတုပ္ပါဒ် | ၁ |
| | ။ | | သန္တီရဏ | ၃ |
| | ။ | | မနောဒွါရာဝဇ္ဇန်း | ၁=၁၈ |
| ကိစ္စဘေဒ= | သမ္ပဋိစ္ဆိုင်း | — | — | ၂ |
| | သန္တီရဏ | — | — | ၃ |
| | ဟသိတုပ္ပါဒ် | — | — | ၁ |
| | အာဝဇ္ဇန်း | — | — | ၂ |

| | | | | |
|---|---|---|---|---|
| ဒဿန ××× | ဖုဿန ကံ၍ ၊ | ၂ | ပါးစီ= | ၁၀=၁၈ |
| နာမည်အားဖြင့်= | စက္ခုဝိညာဏ် | – | – | ၂ |
| | သောတဝိညာဏ် | – | – | ၂ |
| | ဃာနဝိညာဏ် | – | – | ၂ |
| | ဇိဝှါဝိညာဏ် | – | – | ၂ |
| | ကာယဝိညာဏ် | – | – | ၂ |
| | သမ္ပဋိစ္ဆိုန်း | – | – | ၂ |
| | သန္တီရဏ | – | – | ၂ |
| | ဟသိတုပ္ပါဒ် | – | – | ၁ |

အကုသလဝိပါက်။ ။အကုသလ-အကုသိုလ်၏၊ဝိပါက-အကျိုးဖြစ်သော စိတ်သည် အကုသလ ဝိပါက်စိတ် မည်၏၊ အကုသလ ဝိပါက်စိတ်သည် ဒီအဟိတ်စိတ် တမျိုးဘည်းသာ ရှိသဖြင့် အကုသလ ဝိပါက်စိတ် ဆိုသည်(ကြားရဲသည်)နှင့် တပြိုင်နက် ဒီစိတ်ဘဲ ဆိုတာ အလွယ်နှင့် သိနိုင်သဖြင့် အဟေတုက သဒ္ဒါဖြင့် အထူးပြု၍ အဟိတ် အကုသလ ဝိပါက်စိတ် ဟု ဆိုဘွယ် မလိုသောကြောင့် အကုသလ ဝိပါက်စိတ်၌ အဟေတုကသဒ္ဒါ မပါ မထည့်ရပေ၊ မကောင်းသော အလိုမရှိအပ်သော အနိဋ္ဌာရုံကို ဤ အကုသလဝိပါက်စိတ် များနှင့် ခံစားသည်၊ အနိဋ္ဌာရုံကြုံသမျှ မကောင်းကျိုးချည်း ဖြစ်၍ ဤအကုသလ ဝိပါက်စိတ်များ ဖြစ်လာရသည်။

အဟိတ် ကုသလ ဝိပါက်။ ။ကုသိုလ်၏ အကျိုး ဖြစ်သော စိတ်သည် ကုသလဝိပါက်စိတ် မည်၏၊ ထို ကုသလ ဝိပါက် စိတ်မျိုးသည် မဟာဝိပါက် ရူပ အရူပ လောကုတ္တရာ ဝိပါက်အားဖြင့် အစားစားရှိနေ၍ သဟိတ်ကုသလဝိပါက်စိတ်များနှင့် ကွဲပြားခြားနားအောင် အဟေတုက သဒ္ဒါ ထည့်၍ (အဟေတုကသဒ္ဒါဖြင့် အထူးပြု၍) အဟိတ် ကုသလ ဝိပါက်စိတ်ဟူ ဆိုထားသည်။ အကုသလဝိပါက်စိတ်၌ယုံမှား

ဘွယ်မရှိ၍ အဟိတ် သဒ္ဒါကို မဆို၊ ဤကုသလဝိပါက်၌ သဟိတ် ကုသ
လ ဝိပါက်နှင့် ကွဲပြားအောင် အဟိတ်သဒ္ဒါဖြင့် အထူးပြုကာဆိုထား
သည်ဟူ၏။

စက္ခု ဝိညာဏာဒိ။ ။ရူပါရုံသော အတိုက်ခံတတ် အာရုံရုပ်
နှင့် စက္ခုပသာဒ စသော အခံခံတတ် ဝတ္ထုရုပ်တို့၏ ထိခိုက်မှုအား
နည်းသောကြောင့် စက္ခုဝိညာဏ်×× ဇိဝှါဝိညာဏ်တို့သည် အာရုံ
၏ အရသာကို မြက်မြက်မခံစားနိုင်ကြ၍ အာရုံတိုင်းမှာ ဥပေက္ခာဝေ
ဒနာတမျိုးတည်းနှင့်သာ ယှဉ်ရလေသည်။ ထင်ရှားစေအံ့–ရူပါရုံ ××
ရသာရုံများသည် အမှီဥပါဒါရုပ် ရုပ်ပွတွေသာ ဖြစ်ကြပြီး စက္ခုစသော
အခံခံတတ် ပသာဒ ရုပ်များကလည်း အမှီဥပါဒါရုပ် အပွရုပ်တွေချည်း
သာ ဖြစ်ကြ၍ ရုပ်ပွချင်းထိခိုက်ရာတွင် ဂွမ်းစိုင် တခုနှင့် ဝါဂွမ်းစိုင်တ
ခုကိုထိကြရာ၌ ကဲ့သို့ အားနည်းမှုကြောင့် ဣဋ္ဌာရုံ ကြုံလျှင် (သုခ)
သောမန ကြုံလျှင် (ဒုက္ခ) ဒေါမနဿ ဝေဒနာမဖြစ်နိုင်ဘဲ ဥပေက္ခာ
မှု လျစ်လျူရှုခြင်းဖြင့်သာအာရုံတိုင်းမှာ ကိစ္စပြီးရလေသည်။

ကာယဝိညာဏ်ဒွေး။ ။ဝတ္ထုနှင့် အာရုံတို့၏ ထိခိုက်မှုမှာ ပြင်းထံ
လွန်းလှ၍ ချမ်းသာ ဆင်းရဲ ခံစားမှု ၂–မျိုးကွဲသောကြောင့် အနိဋ္ဌာရုံ၌
ဒုက္ခဝေဒနာ, ဣဋ္ဌာရုံ၌ သုခဝေဒနာ, ၂–မျိုး ယှဉ်ရလေသည်၊ ထင်
ရှားစေအံ့–ဝါဂွမ်းစိုင်ကို ပေပေါ်တင်ကာသံတူနှင့် ထုနှက်သောအခါ
သံတူ၏အရှိန်သည် ဝါဂွမ်းစိုင်ကိုလွန်ပြီးပေကို ပြင်းထံစွာ ထိခိုက်သ
ကဲ့သို့ဖေ ဋ္ဌဗ္ဗာရုံမဟာဘုတ်နှင့်ကာယပသာဒတို့ထိခိုက်ကြရာ၌ပသာဒ
ကိုကျော်လွန်ကာကာယမဟာဘုတ်အဆောက်အဦး{သမ္ဘာရကာယ}
ကို ပြင်းထံစွာ သွား၍ ထိခိုက်မှုကြောင့် ကာယဝိညာဏ် စိတ်သည်
အနိဋ္ဌာရုံ၌ဒုက္ခဝေဒနာ, ဣဋ္ဌာရုံ၌သုခဝေဒနာအားဖြင့် ခံစားမှု ၂–စား
ကွဲပြား ခြားနားလာရပေသည်။

သမ္ပဋိစ္ဆိုန်း။ ။ပဉ္စဝိညာဏ်သည် ပသာဒဝတ္ထု ငါးပါးကိုမှီ၏၊
သမ္ပဋိစ္ဆိုန်းဒွေးသည်ဟဒယဝတ္ထုကိုမှီ၏၊ ဤသို့မှီရာချင်း{အိမ်သားချင်း
ဆိုပါတော့} မတူကြသော ပဉ္စဝိညာဏ်၏ နောက်နား၌ ဖြစ်ပေါ်
လာကြသော သမ္ပဋိစ္ဆိုန်း ဒွေးသည် သဘောတူသူ၏ အကူ အညီ

ကင်းသူကဲ့သို့ အားနည်းလှ၍ အာရုံ၏အရသာကို အားရပါးရ မခံစားနိုင်သောကြောင့် ဘယ်အာရုံနှင့် ကြုံကြုံ ဘယ်အခါမဆို ဥပေက္ခာဝေဒနာနှင့်ချည်းသာယှဉ်ရလေသည်။

သန္တီရဏ။ ။မိုချာဘူ သမ္ပဋိစ္ဆိုန်း၏ အားပေးမှုကို လက်ခံရရှိသောကုသလဝိပါက် သန္တီရဏစိတ်သည် အားရှိသောကြောင့်ဣဋ္ဌာရုံ၌ သောမနဿ ဝေဒနာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ ဝေဒနာအားဖြင့် ခံစားမှု ၂-စားကွဲပြားရလေသည်၊ ဒီလိုဆိုခဲ့သော် အကုသလဝိပါက် သန္တီရဏစိတ်သည်လည်း အနိဋ္ဌာရုံ၌ဒုက္ခဝေဒနာ သို့မဟုတ် ဒေါမနဿဝေဒနာ, အနိဋ္ဌာမဇ္ဈတ္တာရုံ၌ ဥပေက္ခာ ဝေဒနာအားဖြင့် အဘယ့်ကြောင့် ၃-မျိုး ၃-စား မပြားသနည်း? ရှင်းလင်းစွာ ဖြေဆိုအံ့၊- ဒုက္ခသည် ကာယပသာဒကို မှီ၍ဖြစ်သော အကုသလဝိပါက် ကာယဝိညာဏ်၏ တဦးတည်းပိုင် လုပ်ထားသော ဝေဒနာဖြစ်ခဲ့၏၊ ဒေါမနဿ ဝေဒနာသည်လည်း ဒေါသမူစိတ်နှင့်အမြဲတန်းဂဟေဆော်ထား၏၊ သို့အတွက် သဘောချင်းမတူ မှုကွဲပျက်ရှိသော ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာ ၂-စားနှင့် မယှဉ်နိုင်သောကြောင့် အကုသလဝိပါက် သန္တီရဏမှာ ဥပေက္ခာဝေဒနာ တမျိုးတည်းနှင့်သာ ယှဉ်ရလေသည်။

အာဝဇ္ဇန်းဒွေး။ ။အာဝဇ္ဇန်း ဒွေးသည် မှီရာဝတ္ထုချင်းတူသော ဘဝင်၏ အထောက်အပံ့ အင်အားကို ရစေကာမူ တဒိထိအတွင်းမှာ ရှေးအခါက မည်သည့်စိတ်မျှ အာရုံမပြုဘူးသေးသော အာရုံသစ် မျက်နှာစိမ်းကို အာရုံပြုရသောကြောင့်၎င်း, နောက်စိတ်အတွက် အားပေးနေရသောကြောင့်၎င်း, ကံ၏ အားပေးမှု အကူအညီကို မရသောကြောင့်၎င်း ကိစ္စများနေခိုက် မျက်နှာစိမ်း တယောက်ကို မြင်လိုက်ရာအခါ ချစ်မုံး မပြု လျစ်လျူရှုရသူကဲ့သို့ အာရုံ၏ အရသာကိုမြက်မြက် မခံစားနိုင်၍ ဥပေက္ခာနှင့် ယှဉ်ရသည်။

ဝုဋ္ဌော။ ။မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝုဋ္ဌောကိစ္စကို ဆောင်ရွက်သောအခါ သန္တီရဏ၏ အထောက်အပံ့ကို ရသော်လည်း နောက်နားက ဇောစိတ်များအတွက် အားပေးကာ ဗျာများနေသောကြောင့် ၎င်း,အားပေးသူသန္တီရဏ၏ နုံချာချိနဲ့သော အားအသေးစားကိုသာ

ရ၍ နှုတ်ခမ်းပွဲခြင်း မီးမှုတ်သကဲ့သို့ အားမကြီးလှ၊ သောကြောင့်ရင်း ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ရလေသည်။

ကြိယာ။ ။ကြိယာသည်အနုသယ (ရေသောက်မြစ်) ကင်းပြတ်၍ဖြစ်ရသော ကြိယာမျိုး ၊ကိစ္စနှင့် အခြေခံ မူလ အားနည်း၍ဖြစ်သော ကြိယာမျိုးဟု ၂-မျိုးရှိ၏၊ ထင်ရှားစေအံ့၊-ရဟန္တာ၏ သန္တာန်မှာ အနုသယ အစေးခံတတ် ကင်းပြီးဖြစ်၍ ပြုသမျှ ဒါန သီလ ဘာဝနာမှုများသည် ပြုကာမတ္တ ကြိယာချည်းသာဖြစ်ရ၏၊ ပုထုဇဉ် သန္တာန်မှာ ဖြစ်သော အာဝဇ္ဇန်း ဒွေးသည် ကိစ္စ သေးနုပ်၍ရင်း, အခြေခံဟိတ် ကင်းဆိတ်၍ရင်း မျိုးချပေးနိုင်သော ကမ္မသတ္တိ ဗီဇခံတတ် အဖြစ်သို့ မရောက်ဘဲ ပြုကာမတ္တ ကြိယာမျှသာ ဖြစ်ရလေသည်။

ဟသိတုပ္ပါဒ်။ ။စိတ်၏ရွှင်မူ ဟသန သဘောသည် ဟသိတုပ္ပါဒ် စိတ်မည်၏၊ ဤစိတ်သည် ဘုရား ရဟန္တာများ၏ ကိုယ်ပိုင်စိတ်ဖြစ်၍ အကောင်းစား အမြတ်စား သောဘဏ ခေါ်သင့် သော်လည်း တင့်တယ်သော သောဘဏစေတသိက်များနှင့် မယှဉ်သောကြောင့် မတင့်မတယ် မဖွယ်ရာသော အသောဘဏစိတ် အမည် မှည့်ရသေည်၊ ပရမတ္ထ သဘာဝသည် ပုဂ္ဂိုလ်မျက်နှာ မလိုက်ဘဲ သဘာဝအတိုင်းသာ ဖြစ်မြဲတည်း၊

## ရယ်ခြင်း ၆-မျိုး

| | |
|---|---|
| သူမြတ်သည် | သိတ- မျက်စိပွင့်ရုံ,<br>ဟသိတ—သွားပေါ်ရုံ ပြုံးရယ်၏။ |
| သူလတ်သည် | ဝိဟသိတ—အသံ ညှင်းညှင်းထွက်ရုံ,<br>ဥပဟသိတ—ဦးခေါင်း ပခုံး လှုပ်ရုံရယ်၏။ |
| သူယုတ်သည် | အပဟသိတ—မျက်ရည် တံထွေးထွက်အောင်,<br>အတိဟသိတ—ကိုယ်ကို လွှဲ၍ကျယ်လောင်ရယ်၏။ |

မျက်စိ ပွင့်သော်၊ သိတခေါ်၊ သွားပေါ် ဟသိတ၊
သံညှင်းထွက်က၊ ဝိဟသိတ၊ ခေါင်းကြွ ဥပဟသိတ၊

အပဟာသိ၊ မျက်ရည်ပြည်၊ အတိကျယ်လောင်လှ၊
အမြတ် အလတ်၊ အယုတ်ဟစ်၊ သုံးရစ် ပုဂ္ဂလ။
အဟိတ်စိတ် ၁၈—ပါးပြီး၏။

## အသောဘဏနှင့်သောဘဏ

ပါပါ ဟေတုက မုတ္တာနိ, သောဘဏာနီတိ ဝုစ္စရေ၊
ဧကူန သဋ္ဌိစိတ္တာနိ, အထေက နဝုတီပိ ဝါ။

အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်(ကြွင်းကုန်သော) ဘာယုတ် ၆၀, ဝါ-၉၁-ပါးသော စိတ်တို့ကို သောဘဏစိတ် ခေါ်အပ်ကုန်၏။

မှတ်သားရန်။ ။အကုသိုလ်စိတ် ၁၂-ပါးနှင့် အဟိတ်စိတ် ၁၈ ပါးပေါင်း ၍စိတ် ၃၀-ကို၊ တင့်တယ်ကောင်းမြတ်သော သောဘဏ စေတသိက်များနှင့်မယှဉ်သောကြောင့်အသော ဘဏစိတ်ခေါ်၏၊ ကျန် ၅၉-ပါး, သို့မဟုတ် ၉၁-ပါးသော စိတ်တို့ကို တင့်တယ်သော သော ဘဏစေတသိက်များနှင့်ယှဉ်သောကြောင့်သောဘဏစိတ်ခေါ်အပ်၏ ဟု အပြန်အလှန်အားဖြင့် ခမည် ၂-မျိုးကို သိအပ်၏၊ ရှေးကလူလှ၏ ဆိုလျှဲ နောက်ကလူ အကြည့်တန်ကြောင်း မပြောဘဲ ပြီးနိုင်သကဲ့သို့ သောဘဏ အသောဘဏ အမည်ပေးပုံကို သိရ၏။

အသောဘဏစိတ် ၃၀-ပြီး၏။

## သောဘဏစိတ် ၅၉, ဝါ—၉၁—ပါး

## ကာမသောဘဏစိတ် ၂၄=ပါး

| | | |
|---|---|---|
| သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |



ကမ္ဘာ့ဓမ္မတက္ကသိုလ်
စာကြည့်တိုက်

| | | |
|---|---|---|
| သောမနဿသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |
| ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |
| ဥပေက္ခာသဟဂုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက |
| ။ | ။ | သသင်္ခါရိက |

| | | |
|---|---|---|
| ကာမာဝစရ | ကုသိုလ်စိတ် | ၈ |
| ထို့တူ သဟိတ် ကာမာဝစရ | ဝိပါက်စိတ် | ၈ |
| ထို့တူ သဟိတ် ကာမာဝစရ | ကြိယာစိတ် | ၈ |
| ပေါင်း ကာမသောဘဏစိတ် | | ၂၄။ |

ဝေဒနာ ဉာဏ သင်္ခါရ, ဘေဒေန စတုဝီသတိ၊
သဟေတုကာမာဝစရ, ပုည ပါက ကြိယာမတာ။

| | | | | | |
|---|---|---|---|---|---|
| ဝေဒနာဘေဒ— | ကု—၌ | သောမနဿ | —၄ | ဥပေက္ခာ | ၄ |
| | ဝိ—၌ | သောမနဿ | —၄ | ဥပေက္ခာ | ၄ |
| | ကြိ-၌ | သောမနဿ | -၄ | ဥပေက္ခာ | ၄=၂၄။ |
| ဉာဏဘေဒ— | ကု—၌ | သမ္ပ | —၄ | ဝိပ္ပ | ၄ |
| | ဝိ—၌ | သမ္ပ | --၄ | ဝိပ္ပ | ၄ |
| | ကြိ-၌ | သမ္ပ | —၄ | ဝိပ္ပ | ၄=၂၄။ |
| သင်္ခါရဘေဒ— | ကု-၌ | သသင် | —၄ | အသင် | ၄ |
| | ဝိ—၌ | သသင် | —၄ | အသင် | ၄ |
| | ကြိ-၌ | သသင် | —၄ | အသင် | ၄=၂၄။ |

တနည်း—ကုသိုလ် ဝိပါက် ကြိယာ မခွဲသေးဘဲ

| | | | | |
|---|---|---|---|---|
| ဝေဒနာဘေဒ | သောမနဿ | —၄ | ဥပေက္ခာ | ၄=၈ |
| ဉာဏဘေဒ | သမ္ပ | —၄ | ဝိပ္ပ | ၄=၈ |
| သင်္ခါရဘေဒ | သသင် | —၄ | အသင် | ၄=၈ |

မှတ်သားရန်။ ။ထို ဝေဒနာဘေဒ ဉာဏဘေဒ သင်္ခါရဘေဒ ရှစ်ပါးစီ ရှစ်ပါးစီကို ကုသိုလ် ဝိပါက် ကြိယာအားဖြင့် ထပ်၍ ခွဲဝေခဲ့သော် ဝေဒနာဘေဒ ၂၄- ဉာဏဘေဒ ၂၄- သင်္ခါရဘေဒ ၂၄- ပါးစီ ၂၄-ပါးစီရှိ၏၊ သို့ရာတွင် စိတ်လုံးရေမှာမူ ကား ကာမသောဘဏစိတ် ၂၄-ပါးသာရှိ၏။

ကာမေ တေဝီသ ပါကာနိ,ပုညာ ပုညာနိ ဝီသတိ၊
ကောဒသ ကြိယာ စေတိ,စတုပညာသ သဗ္ဗထာ။

**ဇာတိဘေဒအားဖြင့်**

| | | |
|---|---|---|
| | အကုသိုလ်စိတ် | ၁၂ |
| | ကုသိုလ်စိတ် | ၈ |
| | ဝိပါက်စိတ် | ၂၃ |
| | ကြိယာစိတ် | ၁၁=၅၄။ |

အကုဋ္ဌါဒီ၊ကု ရှစ်လ⁰၊ တေဝီ ဝိပါက်ရေး၊
ဆဲ့တစ် ကြိယာ၊ပေါင်းတုံကာ၊ ကာမာငါးဆဲ့လေး။

| | | | |
|---|---|---|---|
| ဝေဒနာဘေဒ | ဥပေက္ခာ | .... | ၃၂ |
| | သောမနဿ | .... | ၁၈ |
| | ဒေါမနဿ | ...... | ၂ |
| | ဒုက္ခဝေဒနာ | .... | ၁ |
| | သုခဝေဒနာ | ...... | ၁=၅၄ |

ဥ သုံးဆဲ့နှစ်၊ သော ဆဲ့ရှစ်၊ ဒေါ နှစ် ဒု သု ဧ။

| | | | |
|---|---|---|---|
| သမ္ပယောဂဘေဒ | သမ္ပယုတ် | | ၂၀ |
| | ဝိပ္ပယုတ် | .... | ၃၄=၅၄ |
| သင်္ခါရဘေဒ | အသင်္ခါရိက | .... | ၃၇ |
| | သသင်္ခါရိက | .... | ၁၇=၅၄။ |

မှတ်သားရန်။ ။မဟာကုသိုလ်စိတ်=အနာကင်းခြင်း, အပြစ်ကင်းခြင်း, လိမ္မာရေးခြင်း, ကောင်းသောအကျိုးကို ပေးခြင်းကြောင့် ကုသိုလ်စိတ်မည်၏။

အနာကင်းလစ်၊ အပြစ်ကင်းကွာ၊ အလိမ္မာနှင့်၊
ချမ်းသာကောင်းကျိုး၊ လေးမျိုးအချက်၊ ကုသိုလ်နက်။

ဤကုသိုလ်စိတ် များသည် ရူပ အရူပ လောကုတ္တရာ ကုသိုလ်များ ထက် စိတ်လုံးရေများသောကြောင့်၎င်း အကျိုးပေး နယ်ကျယ်သော ကြောင့်၎င်း မဟာဟူ၍ရလေသည်၊ မဟာဝိပါက် မဟာကြိယာစိတ်များ လည်း မဟာနှင့် တွေချည်ဖြစ်၍ မဟာဟူ၍ရကြသည်၊ ဤ မဟာ ကုသိုလ်စိတ်သည် ကာမစိတ် အတွင်း၌ သူ့အပြင် (အဟိတ်) ကာမ ကုသိုလ်တမျိုးတခြား မရှိသဖြင့် အဟိတ်လော သဟိတ်လောလျှဉ်းပါး ဘွယ်မလိုသောကြောင့် သဟေတုက သဒ္ဒါဖြင့် အထူး မပြုရတော့ဘဲ ကာမာဝစရ ကုသိုလ်စိတ်ဟု သာမန်ပဒ် အမည် ပေးခေါ်ထားသည်၊ ကာမာဝစရ ကုသိုလ်စိတ်ဆိုလျှင် ဒါဘဲဆိုတာ တိုက်ရိုက် သိနိုင်၍ သဟေတုကဖြင့် အထူးပြုစရာ မလိုဟုဆိုလိုသည်၊ မဟာဝိပါက်မဟာကြိယာ စိတ်တို့၌ ကာမ အနွယ်ချင်းဖြစ်သော အဟိတ် ကုသလဝိပါက် အဟိတ် ကြိယာစိတ်များနှင့် ယှံမှားဘွယ် ရှိ၍ ခြားနား စေခြင်းငှါ 'သဟိတ်' သဒ္ဒါဖြင့် အထူး ပြု၍ ဆိုထားရသည်။

မဟာဝိပါက်စိတ်။ ။မဟာကုသိုလ်စိတ်၏ ရင့်ကျက်လာမှု အကျိုးဖြစ်သောစိတ်သည် မဟာဝိပါက်စိတ်မည်၏၊ ဝိ- အချင်းချင်းမတူ ထူးခြားကုန်သော ကုသိုလ် အကုသိုလ်တို့၏ ပါက- အကျိုးဖြစ်သော စိတ်သည် ဝိပါကစိတ်မည်၏၊ မဟာကုသိုလ်၏ အကျိုးဖြစ်၍ မဟာ ဝိပါက်ခေါ်သည်။

## ကံ၏ အဆင့်ဆင့် ရင့်ကျက်ပုံ

စေတနာသမင်္ဂိတာ = စေတနာ၏ ပြည့်စုံမှု၊
ကမ္မသမင်္ဂိတာ = ကံဗီဇ၏ ပြည့်စုံမှု၊
ဥပဋ္ဌာနသမင်္ဂိတာ = ထင်လာမှု၏ ပြည့်စုံမှု၊
ဝိပါကသမင်္ဂိတာ = ရင့်ကျက်ခြင်း၏ ပြည့်စုံမှု၊

ချဲ့ဦးအံ့- ကုသိုလ် အကုသိုလ် ပြုစဉ်အခါ ကုသိုလ် အကုသိုလ် စိတ်များနှင့် အတူ ဖြစ်နေသော စေတနာ၏ ခဏတ္တယ အခိုက်သည်

စေတနာ၏ ပြည့်စုံမှု စေတနာသမ္ပတ္တိ မည်၏၊ ထိုပစ္စုပ္ပန် စေတနာ အကောင်အထည်သည် ချုပ်ဆုံး ပျောက်ပျက်သွားသော်လည်း နောင်အခါ အကျိုးဝိပါက် ရင့်ကျက်မှုကိုပေါ်လာစေရန် အနုသယ အစေးဓာတ်ကဲ့သို့ ဗီဇဓာတ် မျိုးစေ့ကို ချထားမြှုပ်နှံခဲ့ခြင်း (နာနာက္ခဏိက ကမ္မသတ္တိ ; သည်ကံ ကမ္မသမ္ပတ္တိ မည်၏၊ လောကဘုံကုသိုလ်ရသည် ငရဲကြီးသည့် ပြောကြသည်မှာ ဤဗီဇဓာတ် ကမ္မသတ္တိ ဖတ်တင်ရှိ အောင်မြင်ခြင်းကိုပင် ဆိုလိုသည် ထိုဗီဇဓာတ်ကမ္မသတ္တိသည် အကျိုးပေးချိန်ကြုံလာခဲ့သော် သေခါနီးဖြစ်လျှင် ကံကမ္မနိမိတ် ဂတိနိမိတ် တခုခု၏ ထင်လာခြင်းသည် ဥပဋ္ဌာနသမ္ပတ္တိ မည်၏၊ (ပဝတ္တိအခါ ကံ၏ အကျိုးပေးခါနီး၌ အတိတ် နိမိတ် တခုခု ထင်တတ်သော သဘော တမျိုးလည်း ရှိသေး၏ ) ထိုအခါ ဘဝသစ် တခု၌ သမ္ပယုတ်တရား နှင့် တကွ အသီးအခြား ပရမတ္ထသဘောတရားစု တခုအနေနှင့် ရင့်ကျက်မှု အကျိုးဝိပါက်ဖြစ်ပေါ်လာခြင်းသည် ဝိပါကသမ္ပတ္တိမည်၏၊ ဤအရာ၌ လောကုတ္တရာကမ္မဗီဇ၏အကျိုးပေးသဘောမှာ ဤလောကီကံများ၏ အကျိုးပေးရာ အချိန်လောက် မကြာကြာဘဲ ချက်ချင်းရင့်ကျက်ကာ အကျိုးပေးလေသည်၊ ထိုအကျိုးပေး ဝိပါက်စိတ်သည် အားနည်းလှသောကြောင့် ကမ္မသတ္တိ ဗီဇဓာတ်ကိုကိစ္စကို မဆောင်ရွက်နိုင်ပေ။

မဟာကြိယာစိတ္တ။ ။ကာရဏာမတ္တံကြိယာ အကျိုးမပေး ပြုကာမျှ ဖြစ်သောသဘောသည် ကြိယာစိတ် မည်၏၊ ဘုရား ရဟန္တာများ တရားဟော တရားနာခြင်းစသော ကိစ္စ ပြုတော်မူကြသော အခါဖြစ်သော စိတ်တည်း၊ ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်များမှာ တဏှာ အစေးဓာတ် အစွမ်းဖြင့် မျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိ မြောက်သော်လည်း ဘုရားနှင့် ရဟန္တာများမှာ တဏှာအစေးဓာတ် ကုန်ခမ်းပြီးသောကြောင့် မျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိမရှိ၍ ကြိယာစိတ် ဖြစ်ရသည်၊ မီးမြှိုက်သော မျိုးစေ့နှင့် တူ၏၊ အမြုံများမှာ ကာမကိစ္စ ခံစားကြသော်လည်း မျိုးမပွါးသည်နှင့် တူ၏၊ အမြစ်ပြတ်ပြီးသော သစ်ပင်မှ ပွင့်သော အပွင့်သည် မျိုးစေ့မပေးနိုင်သည်နှင့်တူ၏။

ဘုရား အသောင်တော်များ နောက်ဆုံး ဘဝ ပဋိသန္ဓေ စိတ်မှာ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိက မဟာဝိပါက် စိတ်တည်း၊ သဗ္ဗညုတဉာဏ် ဆိုသည်မှာ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၄-ပါး၌ ယှဉ်သော သဗ္ဗညုကိစ္စ တပ်ခိုက် ပညိန္ဒြေ စေတသိက် တည်း။

သဗ္ဗညုတဉာဏ်ကဲ့သို့ အာရုံ အများဆုံး ပြုနိုင်သော (သဗ္ဗညုတ ဉာဏဂတိက) စိတ်မှာ မနောဒွါရာဝဇ္ဇန်းစိတ်တည်း။

## ရူပါဝစရစိတ် ၁၅-ပါး

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၅-ပါးနှင့် တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ်၊
ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၄-ပါးနှင့် တကွဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်၊
ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၃-ပါးနှင့် တကွဖြစ်သော တတိယဈာန်ကုသိုလ်စိတ်၊
သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၂-ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်၊
ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၂-ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ်၊

| | |
|---|---|
| ပေါင်း ရူပါဝစရ ကုသိုလ်စိတ် | ၅ |
| ထို့တူ ရူပါဝစရ ဝိပါက်စိတ် | ၅ |
| ထို့တူ ရူပါဝစရ ကြိယာစိတ် | ၅ |

ဤသို့ ရူပါဝစရစိတ် ၁၅-ပါး ဖြစ်သတည်း၊

ပဉ္စဓာ ဈာနဘေဒေန, ရူပါဝစရ မာနသံ၊
ပုည ပါက ကြိယာဘေဒါ, တံ ပဉ္စဒသဓာ ဘဝေ။

ရူပါဝစရ စိတ်သည် ပ-ဒု-တ-စ-ပ ဈာန် အပြား

အားဖြင့် ၅-ပါးသာပြား၏၊ ထိုဈာန်ငါးပါးကို ကု-ဝိ-ကြိယာအားဖြင့် တဖန် ဝေဘန်ခဲ့ပြန်သော် ရူပါဝစရ စိတ်သည် ၁၅-ပါး ပြား၏။

မှတ်သားရန်။ ။ဈာန်အင်္ဂါနှင့်ဈာန၊-ဝိတက်စသော အစိတ်အပိုင်းငါးပါးသည် ဈာန်၏ အင်္ဂါ အစိတ် အပိုင်းဖြစ်၍ ဈာန်အင်္ဂါမည်၏၊ ထိုဈာန်အင်္ဂါတို့၏ ၅-၄-၃-၂-၂-ပါးစီ အစု အပေါင်းသည် ဈာန်မည်၏။ဥပမာ၊-ထမ်းပိုး ဝင်ရိုး လှဲတန်းစသော အင်္ဂါအစိတ်အပိုင်းများကို စုပေါင်း တပ်ဆင်၍ ထားအပ်သော အရာဝတ္ထုကို ''လှဲ'' ခေါ်သကဲ့သို့ ဈာန်အင်္ဂါနှင့် ဈာန်သည် အစိတ်နှင့် အပေါင်းသဘောမျှသာ ထူး၏၊ အရမှာ အတူတူပင်၊ ဈာန်အင်္ဂါ ၅–ပါးစု ၄–ပါးစု ၃-ပါးစု စသည်တို့သည် ပ-ဈာန် ဒု-ဈာန် တ-ဈာန် စသည် ဖြစ်လာအောင် အထူးပြု၏၊ ထိုပထမဈာန် စသော ဈာန်သည် ဈာန်နှင့် ယှဉ်သော စိတ်ကို ငါးမျိုးကွဲပြားလာအောင် အထူးပြုပေ၏၊ ပထမဈာန်နှင့် ယှဉ်သောစိတ်သည် ပထမဈာန်စိတ် မည်၏, စသဖြင့် ဈာန်စိတ်ငါးမျိုး ပြားလာအောင် အထူး ပြု၏၊ ဟူလို။

ရူပစိတ်သည် အာရုံ မလွန်, အင်္ဂါ လွန်၏။ ။အာနာပါနကမ္မဋ္ဌာန်းသည့်ဈာန် ငါးမျိုးလုံးကို ဖြစ်စေရာ၌ ထိုဈာန်ငါးပါးလုံးသည် အာနာပါန တအာရုံတည်းကိုသာ အာရုံဘူ ပြုကြသဖြင့် အာရုံကို မလွန်ချေ၊ ပ–ဈာန်၌ ရှိသော ဝိတက်ကို လွန်မှ ဒု ဈာန်ကို ရနိုင်၏၊ ဝိစာရကို လွန်မှ တ–ဈာန်ကို၊ ပီတိကို လွန်မှ စတုတ္ထဈာန်ကို၊ သုခကို လွန်မှ ပဥ္စမဈာန်ကို ရနိုင်၏၊ ဤသို့ အာရုံ မလွန်ဘဲ (အာရုံတူ ပြု၍) အင်္ဂါကို လွန်ပုံ မှတ်ရာ၏။

**ဈာန်အင်္ဂါသည် ငါးပါးလော? ခြောက်ပါးလော?**

ဝိတက် ဝိစာရ ပီတိ သုခ ဥပေက္ခာ ဧကဂ္ဂတာအားဖြင့် ဝေဒနာမှာ သုခ နှင့် ဥပေက္ခာ ၂–စား ဖြစ်နေ၍ ဈာန်အင်္ဂါမှာ ၆-ပါး ဆိုရ၏၊ သို့ရာတွင် ဥပေက္ခာ ဝေဒနာသည် ငြိမ်သက် ချမ်းသော သဘော ရှိသဖြင့် သုခဝေဒနာ၌ အလားတူ သုခ အဖြစ်ဖြင့် သွင်းယူ ရေတွက်

ရှိသောကြောင့် ချာန်အင်္ဂါမှာ ၆-ပါး မဟုတ်, ၄ါပါးသာ ရှိသည်။ ဝေဒနာဘေဒ ရေတွက်ရာ၌ သုခတခြား ဥပေက္ခာ တခြား ရေတွက်ရ၏၊ ဤသုခကို စိတ်၏ ချမ်းသာမှု ဖြစ်သောကြောင့်သောမနဿ ဝေဒနာ ဆိုရ၏။ သုခဝေဒနာသည် ကာယိက သုခ အရာသာ ဖြစ်သောကြောင့် တည်း။

ဥပေက္ခာ သန္တ ဝုတ္တိတ္တာ, သုခ မိစ္စွေ ဘာသိတာ

ဝိတက် ဝိစာရ အထူး။ ။ဝိတက်သည် ခေါင်းလောင်းကို ထိုးခေါက် တီးနှက်စ ဦးစွာ ထွက်မြည်လာသော အသံ, ပျားပိတုံးများ၏ ကြာတောသို့ ရှေးရှုအဟုန် ပြင်းစွာ ပြန်သန်းခြင်းများနှင့် တူ၏၊ ဝိစာရသည် ခေါင်းလောင်း၏ ဆက်လက် မြည်ဟီးနေသော အသံ, ပျားပိတုံးများ၏ ကြာတောပေါ်၌ ပျံဝဲနေခြင်းများနှင့် တူ၏။ဝိတက်သည် အာရုံသို့ ရှေးရှု တက်ရောက် တင်ပေးခြင်း, ဝိစာရသည် အာရုံ၌ဖွဲ့နှောင် စေ့စပ်ပေးခြင်းအားဖြင့် ထူး၏။

ပီတိနှင့် သုခ အထူး။ ။ပီတိသည်သဲကန္တာရခရီးနေပူ ကျဲကျဲကြီးမှ လာသော ခရီးသယ်၏ ခရီးချီး၍ ကြာပန်းတွေ ပန်ဆင်ကာ ကြာရိုးကြာစွယ်တွေကို တကြွတ်ကြွတ် ဝါးစားရင်း တောစပ်မှ ထွက်လာသူ တယောက်ကို မြင်ရာ အခါ ငါလဲဘဲ သောက်ချိုးပန်ဆင်ရတော့အံ့ဟု နှစ်သိမ့်ခြင်းနှင့် တူ၏၊ သုခသည် ခရီးသယ်၏ ဘောတွင်းရှိ ရေကန်၌ ကိုယ်တိုင် သွားရောက်ကာ ချိုးသောက် သုံးစားရသည်နှင့် တူ၏။

ပီတိသည် အမျိုကြီး၏ စိတ်ကူးနှင့် တူ၏၊
သုခသည် အိမ်ထောင်သယ့် လက်တွေ့နှင့်တူ၏။

ဝေဒနာ။ ။ပ—ဒု—တ—စ ချာန်များ၌ သုခ ပါသောကြောင့် သောမနဿ ဝေဒနာ ယူရ၏၊ လွန်ကဲသော ချမ်းသာမှုဖြစ်၍ကာယိက သုခဝေဒနာ မဟုတ်, စေတသိက သုခသာဖြစ်၍ သောမနဿဝေဒနာ ယူရလေသည်၊ ပဉ္စမချာန်ကို ဥပေက္ခာ ဝေဒနာ ယူရ၏၊ ချာန်အင်္ဂါ ရေတွက်ရာ၌ကား ထိုဥပေက္ခာဝေဒနာကို သုခ ဝေဒနာနှင့် တမျိုးတည်း အဖြစ်ဖြင့် ပေါင်းယူထား သောကြောင့် ချာန်အင်္ဂါ ငါးပါးသာရှိရ၏၊

သမ္ပယုတ်။ ။ဉာဏ်၏ ကြက်စားရာဌာန ဖြစ်သောကြောင့် ရူပ အရူပ လောကုတ္တရာ စိတ်အားလုံးသည် ဉာဏ သမ္ပယုတ်ချည်းသာ ဖြစ်၏၊ ဉာဏဝိပ္ပယုတ် ရှိသလောဟု တွေးတောယုံမှားဘွယ် မရှိသော ကြောင့် ဉာဏသမ္ပတ္တံ ဟု အထူးဆိုဘွယ် မလိုတော့ပြီ၊ ဥဗျိုင်းမှန်က အဖြူချည်းဖြစ်၍ ဖြူသော ဗျိုင်း ဟု ဆိုဘွယ်မလို သကဲ့သို့တည်း၊ ဤ စကားဖြင့် မဟာဋီကာ လောကုတ္တရာ (အပ္ပနာ) အရာမှာ ပင်ကိုယ် ပဋိသန္ဓေ ဗီဇရင်းကိုက ဉာဏသမ္ပယုတ် တိဟိတ် ပဋိသန္ဓေ နေခဲ့သူ တိဟိတ် ပုဂ္ဂိုလ် ဖြစ်ပါမှသာ၄၂ ခုန် မဂ်ဖိုလ်ရနိုင်ကြောင်းမှတ်အပ်၏။

သင်္ခါရ။ ။ရူပ အရူပ လောကုတ္တရာစခန်းမှာအတော်ကြီးကြိုစား အားထုတ်စေ့ဆော်မှုရှိပါမှ ရနိုင်သောကြောင့် ရူပ အရူပလောကုတ္တရာ စိတ်များမှာ အသင်္ခါရိက ချည်းသာဖြစ်ရ၏၊ တနဲ-ပုဒ္ဓဘာဇ ပဋိပဒါ၏ သင်္ခါရဘေဒ အတိုင်းပင် အသင်္ခါရိက သသင်္ခါရိက ၂-စားလုံးရနိုင်၏ ဟု လယ်တီဆရာတော် မိန့်၏၊ တနဲ သသင်္ခါရိက အသင်္ခါရိက ၂-မျိုး လုံး မရှိ၍ သင်္ခါရ ဝိမုတ်ဟူ၍လည်း ဋီကာကျော် မိန့်၏။

ဈာန်ခေါ်ပုံ။ ။ဈာယတိ ဉပနိဇ္ဈာယတီတိ ဈာန်၊ အာရုံကို ရှုးစူးစိုက်စိုက် ရှုဘတ်သောကြောင့် ဈာန်မည်၏၊ တည်တန့်စူးစိုက်စွာ သမာဓိရရ ကေ္ဂတာ ကျကျနှင့် အရှိုင်ဆုံးဖြစ်သော ကေ္ဂတာ ၁၀ တသိက်ကိုဈာန်အရ မုချကောက်ယူရ၏၊ ထို့ကြောင့် ကေ္ဂတာသည် ဈာန်တိုင်းမှာ ပါဝင်ရလေသည်၊ သို့ရာတွင်–

ဝိတက်၏ အာရုံသို့ရှေ့ရှု တင်ပေး၍ ရှုမှ,
ဝိစာရ၏ အာရုံ၌ နှောင်ဖွဲ့ပေး၍ ရှုမှ,
ပီတိ၏ နှစ်မြို့ ကျေနပ်စေ၍ အာရုံကို ရှုမှ,
သုခ၏ ချမ်းသာကို ပွါးစီးစေ၍ ရှုမှတို့ကလည်း

အသီးအသီးမိမိတို့ဆိုင်ရာ ဆိုင်ရာတာဝန်ကို ဝိုင်းဝန်းကူညီအားပေး မှုကြောင့် သာလျှင် ကေ္ဂတာ၏ စိမ်းစိမ်း စိုက်စိုက်ရှုမှု ဈာနကိစ္စ မှာ ပြီးမြောက်နိုင်သည်၊ ထို့ကြောင့် ဝိတက် စသော ဈာန်အင်္ဂါများ သည်လည်း ဈာန်အမည်ကို ရရှိကြသည်၊ ဤစိတ်၌ ယှဉ်သောတခြား

စေတသိက်များသည် ဤစေတသိက် ၅-လုံးကဲ့သို့ ဥပနိဿယ ကိစ္စ မရှိကြ၍ ဈာန်အမည် မရနိုင်ကြပေ။

**ခိုက်ခိုက်ရှူးရှူး၊ အထူးမြဲမြဲ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်။**

တနည်း။ ။ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ၊ ဆန့်ကျင်ဘက် အကုသိုလ် နီဝရဏတို့ကို လောင်မြိုက်တတ်သောကြောင့် ဈာန်မည်၏။

## ဆန့်ကျင်ဘက်ကို လောင်မြိုက်ပုံ

ကသိုဏ်းအာရုံကို ဈေးရှူးစိုက်စွာ ရှုတတ်သော ဝိတက်သည် ထိုင်းမှိုင်းသော ထိနမိဒ္ဓကို လောင်မြိုက်၏၊

အာရုံ၌မြဲမြဲစွာ နှောင်ဖွဲ့၍အဖန်ဖန် သုံးသပ်တတ်သော ဝိစာရသည် ယုံမှားမှု ဝိစိကိစ္ဆာကို လောင်မြိုက်၏၊

အာရုံ၌ လွန်စွာ နှစ်သိမ့်ကျေနပ်စေသော ပီတိသည် စိတ်ကိုငြိုးငွေ့သွေ့ခြောက်စေသော ဗျာပါဒကို လောင်မြိုက်၏၊

ငြိမ်းချမ်းသာယာခြင်းကို ပြုလုပ်တတ်သော သုခသည် မငြိမ်သက် မချေမ်းသော ဥဒ္ဓစ္စ—ကုက္ကုစ္စကို လောင်မြိုက်၏၊

အာရုံ၌ စူးစိုက်တည်ငြိမ်စွာ ရှုတတ်သော ဧကဂ္ဂတာသည် မငြိမ်သက် လောက်လက်ခပ်သော ကာမစ္ဆန္ဒကို လောင်မြိုက်၏။

**တခြားစေတသိက်များကို အဘယ့်ကြောင့်ဈာန်ဟုမခေါ်ရသလဲ?**

ဥပနိဿယ ကိစ္စတ္တာ ကာမာဒိ ပဋိပက္ခတော၊

သန္တေသု ဝိစ အညေသု ပဉ္စေဝ ဈာနသညိတာ။

စိုက်စိုက်စူးစူး ရှုတတ်သောကြောင့်ရင်း, ကာမစ္ဆန္ဒ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ရင်း ဤစေတသိက် ငါးပါးကိုသာဈာန် ဟုခေါ်ရ၏၊ ကျန် စေတသိက်များမှာ ဤကိစ္စ ၂-ပါးကို မဆောင်ရွက် နိုင်သောကြောင့် ဈာန်အမည်မရနိုင်၊ ဝါ—ဈာန်ဟု မခေါ်ရ။

အဝိဇ္ဇာ နီဝရဏ။ ။အဝိဇ္ဇာနီဝရဏမှာ ဈာန်အားလုံး၏ ဆန့် ကျင်ဘက်ဖြစ်၍ သီးခြားမပြ၊ ကုသိုလ်ဈာန်များပေါ်ခနခိုက် အကုသိုလ်

နီဝရဏများ ဖြစ်ပေါ်နေမှု မရှိသော်လည်း အနုသယ ဓာတ်ငွေ့ကဲ့သို့ အပြည့်အနှက် အမြဲကိန်းအောင်းနေသော နီဝရဏ ဇာခိုးအငွေ့များကို လောင်မြိုက်၏ ဟု ယူရ၏၊ မီးစာကို မီးလောင်မြိုက် ခြင်းမျိုးကဲ့သို့ နီဝရဏ ဖြစ်ပေါ်နေခိုက် ဈာန်များက လောင်မြိုက်၏ဟု မမှတ်အပ်။

ဝိပါက်စိတ်။ ။ရူပါဝစရ ဝိပါက်စိတ်သည် အသညသတ် ကြဉ်သော ရူပါဝစရ ၁၆-ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်သော စိတ်တည်း၊ ရူပကုသိုလ်စိတ်များ တင်းလင်းနှင့် သေသော (ဈာနလာဘီ) ဈာန်ရ ပုဂ္ဂိုလ်သည် ရူပဘုံ၌ ကောန် သွား၍ ဖြစ်ရ၏၊ ထို့ကြောင့် အကျိုးပေးမြဲ၍ ဤကံကို ဂရုကံခေါ်၏၊ ကာမဝဇ္ဇော၏ စက်ကွင်းမှ လွတ်ကင်းပြီးလျှင် ကောဂ္ဂတ သမာဓိ၏ နိုင်ခန့်ကြီးမားလှ၍ ရူပကုသိုလ် သည် မှန်ရိပ်ကဲ့သို့ မိမိနှင့်တူသော အကျိုးကို ဒုတိယ ဘဝတွင်တဆပ်ထည်းပေးလေသည်၊ကာမဇော ၏ လောလီဖေါက်ပြားမှု စက်ကွင်း အတွင်းရှိ ကာမကုသိုလ်များမှာ အဟိတ်ကျိုးများကို မှုမတူဘဲနှင့် ဘသောင်းဘလဲ ပေးလေသည်။

## စတုက္ကနည်း ဈာန် ၄-မျိုး

| | | |
|---|---|---|
| ဝိတက် + + + ကေဂ္ဂတာ | အင်္ဂါ ၅-ပါးရှိ | ပ-ဈာန် |
| ဝိတိ သုခ ကေဂ္ဂတာ | အင်္ဂါ ၃-ပါးရှိ | ဒု-ဈာန် |
| သုခ ကေဂ္ဂတာ | အင်္ဂါ ၂-ပါးရှိ | တတိယဈာန် |
| ဥပေက္ခာ ကေဂ္ဂတာ | အင်္ဂါ ၂-ပါးရှိ | စတုတ္ထ ဈာန် |

ဤသို့ ဈာန်အင်္ဂါ ၅-၃-၂-၂-ပါးစီ ရှိကြသော ဈာန် ၄ မျိုးသည် စတုက္က နည်းအရ ဈာန် ၄-မျိုးဖြစ်၏၊ ဤစတုက္ကနည်းကို ပဉ္စကနည်း အတွင်းသွင်း၍ ပဉ္စကနည်း တမျိုးကိုသာ သင်္ဂြိုဟ်ကျမ်း၌ပြထားသည် ဤ စတုက္ကနည်းအရ ရူပဝိပါက် ၄×၃=၁၂—ပါးသာရှိ၏။

စတုက္ကနည်းနှင့် ပဉ္စကနည်း ထူးခြားပုံ။ ။ဝိတက် ငြိုရှုံ့သော ဘာဝနာကို ပွါးများကာ ဒုတိယဈာန် တက်ရန် အားထုတ်ရာ၌ လျင်မြန်သော ဘိက္ခုန္ဒြိယ ဉာဏ်ချွင် ယောဂီအား ဝိတက်ရော ဝိစာရပါ ၂-ပါးလုံးကို ကျော်လွန်ပြီး ပီတိ သုခ ကေဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်

ယင်းသို့ချာန်သည် ၂-ကြိမ်မြောက် ဒုတိယဈာန်၊ အရာ၌ ဖြစ်ပေါ်လာ၏၊ ဤ ပုဂ္ဂိုလ်စားမျိုးမှာ ပဉ္စကနည်းအရ ဒုတိယဈာန်ကို လုံးဝ အသုံးမပြုတော့ချေ၊ ဉာဏ်နုသော မုဒိန္ဒြိယ ပုဂ္ဂိုလ်အား ဒုတိယဈာန် တက်၍ စီးဖြန်းရာ ဝိတက်ကိုသာ ကျော်လွှန်နိုင်ပြီး ဝိစာရ ထစ်ခံနေသဖြင့် ဝိစာရပီတိ သုခ ဧကဂ္ဂတာ အင်္ဂါ ၄-ပါးရှိ ဈာန်သည် ၂ ကြိမ်မြောက် ဒုတိယဈာန်အဖြစ်ဖြင့် ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် တိက္ခိန္ဒြိယ ပုဂ္ဂိုလ်အတွက် ဈာန် ၄-မျိုး, မုဒိန္ဒြိယ ပုဂ္ဂိုလ်အတွက် ဈာန် ၅-မျိုးဟု စတုက္ကနည်း ပဉ္စကနည်း ၂-ပါး အထူးဖြစ်ပုံကို မှတ်အပ်၏၊ ဤ အစီအစဉ်အရ ပထမ ဒုတိယ စသော အမည်သည် ဖြစ်စဉ် ပဝတ္တိက္ကမအားဖြင့် ၎င်း, ဟောစဉ် ဒေသနာက္ကမအားဖြင့် ၎င်း ခေါ်ထားသော အမည်ဟုမှတ်လေ။

## ဈာန် ၄-ပါးနှင့် ဘုံ ၄-စား

ပထမဈာန် ဝိပါက်စိတ်သည် ပ-ဈာန် ဘုံ၌,
ဒုတိယဈာန် ဝိပါက်စိတ်သည် ဒု-ဈာန် ဘုံ၌,
တတိယဈာန် ဝိပါက်စိတ်သည် တ-ဈာန် ဘုံ၌,
စတုတ္ထဈာန် ဝိပါက်စိတ်သည် စ-ဈာန် ဘုံ၌,

ဤသို့ စတုက္ကနည်းဝိပါက် ၄-မျိုးနှင့်ဘုံ ၄-မျိုးအကျိုးပေး၏၊ ပဉ္စကနည်းအရ အကျိုးပေးစဉ်များ ဘုံပိုင်း၌ ထင်ရှားလတ့်။

ပဉ္စက ဒု—တ ဈာန်သည် စတုက္က ဒု-ဈာန် ဖြစ်လာ၏
ပဉ္စက စတုတ္ထ ဈာန်သည် စတုက္က တ-ဈာန် ဖြစ်လာ၏
ပဉ္စက ပဉ္စမ ဈာန်သည် စတုက္က စ-ဈာန် ဖြစ်လာ၏။

**ကြိယာစိတ်။** ။ရဟန္တာများ ရရှိသော ဈာန်သည် အကျိုးပေးနိုင်သော သတ္တိမရှိ, ပြုကာမတ္တ ဖြစ်သောကြောင့် ကြိယာ ဈာန်စိတ်မည်၏။

**အဘိညာဏ်။** ။အဘိ-ထူးသော၊ဉာဏ-ဉာဏ်သည်အဘိဉာဏ် မည်၏၊ထို ထူးသော ဉာဏ်အလို့ငှါ ပဉ္စမဈာန်ကိုပင် အမွန်းတင်ပြီး

အဘိညာဏ်ကိစ္စ တပ်ခိုက် အဘိညာဏ် စိတ်ခေါ်၏၊ ရူပကုသိုလ် ပဉ္စမဈာန်နှင့် ကြိယာ ပဉ္စမဈာန် ၂-ပါးကို အဘိညာဏ် စိတ်ဟု ဒွေး ဖေရ ကောက်ရ၏၊ အဘိညာဏ်စိတ် အတွက် ရူပစိတ်မှာ အတိုး အယုတ် မရှိ, ဂုဏ်ထူးဆောင်ဘွဲ့ထူး အမည်ထူး သဘောမျှသာ ရှိ၏။

သမာပတ်။ ။ရူပဈာန် (ပဉ္စကနည်း) ငါးပါးနှင့် အရူပဈာန် ၄-ပါး ပေါင်း၍ သမာပတ် ၉-ပါးခေါ်၏၊ ရူပဈာန် (စတုက္ကနည်း) ၄-ပါးနှင့် အရူပဈာန် ၄-ပါးကို ပေါင်း၍ သမာပတ် ၈-ပါးခေါ်ပြန်၏။ ပဉ္စက နည်းအရ သမာပတ် ၉-ပါး, စတုက္က နည်းအရ သမာပတ် ၈-ပါး ဖြစ်လာသည်။

ရူပါဝစရစိတ် ၁၅—ပါးပြီး၏

---

## အရူပါဝစရစိတ် ၁၂-ပါး

အာကာသာ နဉ္စာယတန ကုသိုလ်စိတ်,
ဝိညာဏဉ္စာယတန ကုသိုလ်စိတ်,
အာကိဉ္စညာယတန ကုသိုလ်စိတ်,
နေဝသညာ နာသညာယတန ကုသိုလ်စိတ်,
ပေါင်း အရူပါဝစရ ကုသိုလ်စိတ် ၄-ပါး
ထို့အတူ အရူပဝစရ ဝိပါက်စိတ် ၄-ပါး
ထို့အတူ အရူပါဝစရ ကြိယာစိတ် ၄-ပါး
ဤသို့လျှင် အရူပါဝစရစိတ် ၁၂-ပါး ဖြစ်၏။

အာလမ္ဗဏ ပဘေဒေန, စတုဓာ ရုပ္ပမာနသံ၊
ပုည ပါက ကြိယာဘေဒါ, ပုန ဒွါဒသဓာ ဋ္ဌိတံ။

အာရုံနှင့်စပ်သောအားဖြင့် အရူပစိတ်သည် ၄-ပါး ပြား၏၊ တဖန် ကု-ဝိ-ကြိ အပြားအားဖြင့် ၁၂-ပါး ပြား၏။

ဘာ-ဝိဉ်-အာ-နေ၊ ဈာန် လေးထွေ၊ ဥ-ဧ အင်္ဂါနှစ်၊
လေးဈာန်ယှဉ်မှု၊ လေးခုသုံးလီ၊ ကု-ဝိ-ကြိ၊ ပွားပြီး-စိတ်ဆဲ့နှစ်။

မှတ်သားရန်။ ။အာရုံ ၄-စား စိတ် ၄-ပါး၊—
ပ-စိတ်သည် ကသိုဏ်းမှ ခွာအပ်သော အာကာသပညတ်ကို,
ဒု-စိတ်သည် အာကာသာနဉ္စာယတန ဈာန်ကို,
တ-စိတ်သည် ပထမာရုပ္ပဝိညာဏ်၏ မရှိမှု နတ္ထိဘာဝပညတ်ကို,
စ-စိတ်သည် တတိယာရုပ္ပ ဝိညာဏ်ကို အာရုံပြု၏။

အရူပစိတ်ကို အဘယ့်ကြောင့် ပဉ္စမဈာန် ခေါ်သနည်း

ရူပ ပဉ္စမဈာန်ကို ရပြီးသော ယောဂီသည် ထို ပဉ္စမဈာန်၌ပင် တည်၍ အာကာသပညတ် စသော အာရုံ ၄-စားကို ပွါးများသော အားဖြင့် အာရုံနှင့် စပ်က အာကာသာနဉ္စာယတန ဈာန်စိတ် စသော အမည်လေးပါးဖြင့် အာရုပ္ပဈာန်စိတ် ၄-မျိုးကို ဆက်လက်ရရှိ၏၊ ထို အရူပ စိတ်များသည် ရူပပဉ္စမဈာန်ကိုပင် ဂုဏ်ထူးဖြင့် အမွှန်းတင်ထားသောကြောင့် ပဉ္စမဈာန်၏ ဈာန်အင်္ဂါအတိုင်း ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိ၍ ပဉ္စမဈာန်ပင်ခေါ်ပါသည်၊ တဆင့်ထက် တဆင့် နူးညံ့မြင့်မြတ်ကြသည်၊

အာရုံ ပြောင်းကာ၊ ပွါးတုံပါ၊ လေးဖြာ အရူပ။

အရူပစိတ်သည် အင်္ဂါမလွန်, အာရုံလွန်၏။ ။ထင်ရှားစေအံ့ အရူပစိတ်သည် မိမိဆိုင်ရာ အာရုံတမျိုးစီကို အသီးသီး အာရုံပြုကြသဖြင့် အာရုံကွဲပြားခြားနားကာ တဆင့်တဆင့်အာရုံကိုလွန်၏၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂- ပါးရှိသော ပဉ္စမဈာန်ချည်းသာ ဖြစ်သော ကြောင့် ဈာန်အင်္ဂါတူမျှကြ၍ ဈာန်အင်္ဂါကို မလွန်ပေ။

အာရမ္မဏာ တိက္ကမတော, စတဿောပိ ဘဝန္တိမာ၊
အင်္ဂါ တိက္ကမ မေတာသံ, နဣစ္ဆန္တိ ဝိဘာဝိနော။

ဤ အရူပစိတ် ၄-ပါးသည် အာရုံကို လွန်၍ ဖြစ်ကြကုန်၏၊
အင်္ဂါကို လွန်သောအားဖြင့် ပညာရှိများ မလိုလားကြကုန်။

| စိတ် | အတိက္ကမိတဗ္ဗ | အာလမ္ဗိတဗ္ဗ |
|---|---|---|
| အာကာ.... | ပဋိဘာဂ နိမိတ် .... | ကောင်းကင် |
| ဝိညာ .... | ကောင်းကင် .... | ပထမာရုပ္ပ |
| အာကိံ .... | ပထမာရုပ္ပ .... | နတ္ထိဘော |
| နေဝ .... | နတ္ထိဘောပညတ် - | တတိယာရုပ္ပ |

အကျယ်မှာ။ ။ပဉ္စမရျာန် ရပြီးသော ယောဂီသည် ထိုဈာန်၏ အာရုံ ဖြစ်သောပဋိဘာဂ နိမိတ်ကို အာရုံမပြုတော့ဘဲ ကျော်လွန်ကာ ကသိုဏ်း ၉-ပါးတို့တွင် တမျိုးမျိုးကို ခွါ၍ ရအပ်သော (အာရုံ မပြုခြင်းကိုပင် ခွါသည်ဟု ဆိုရ၏။) ကသိုဏ်ခွါဋ္ဌိမာကာသကို အာရုံပြုရှုလျက် တဆင့် တက်လာသော ရူပပဉ္စမဈာန်သည်ပင် အာကာသာနဉ္စာယတနဈာန်အဖြစ်သို့ ရောက်လာ၏။ (သမာဓိကာသည် ရဟန်းအဖြစ်သို့ရောက်သကဲ့သို့အည်း) ဝိညာဏဉ္စာယတနဈာန် ဆိုသည်မှာ အာကာသ ပညတ်ကို အာရုံ မပြုတော့ဘဲ ကျော်လွန်ကာ ပထမာရုပ္ပ ဝိညာဏ်ကို အာရုံပြု၍ ရအပ်သော ဈာန်တည်း။ အာကိဉ္စညာယတနဈာန် ဆိုသည်မှာ ပထမာရုပ္ပဈာန်ဟူသော အာရုံကို ကျော်လွန်ကာ ထိုပထမာရုပ္ပ ဝိညာဏ်၏ မရှိမှု နတ္ထိဘော ပညတ်ကို အာရုံပြု ရှု၍ ရအပ်သော ဈာန်တည်း။ နေဝသညာ နာသညာယတနဈာန် ဆိုသည်မှာ နတ္ထိဘော ပညတ်ကို ကျော်လွန်ကာ တတိယာရုပ္ပ ဝိညာဏ်ကို အာရုံ ပြု၍ရအပ်သောဈာန်တည်း။ ဤသို့ အရူပစိတ် ၄-ပါး၏ လွန်အပ်သော အတိက္ကမိတဗ္ဗ အာရုံ, ရှုအပ် အာရုံ ပြုအပ်သောအာလမ္ဗိတဗ္ဗ အာရုံ ၄-မျိုးကို အစဉ်အတိုင်း တွဲယှဉ်ကာ သိမှတ်အပ်၏။ ဝိပါက်မှာ ပဋိသန္ဓေစိတ်, ကြိယာမှာ ရဟန္တာ၌ ဖြစ်သောစိတ်ဖြစ်၏။ အဆင့်အတန်းကား ပဉ္စမဈာန်သာလျှင်တည်း။

မဟဂ္ဂုတ်။ ။ကြီးမြတ်သော အာနုဘော် ရှိသောကြောင့်၎င်း မြင့်မြတ်သော ပုဂ္ဂိုလ်တို့သည် ရောက်အပ် နေအပ်သောကြောင့်၎င်း ရူပအရူပစိတ် ၂၇-ပါးသည် မဟဂ္ဂုတ်စိတ်မည်၏။

မဟဂ္ဂုတ်ဟူ၊ ရူ-အရူ၊ ပေါင်းမူ သတ် ဝိသ။
ကု-ဝိ-ကြိ နော၊သော ဆဲ့နှစ်ပါး၊ ဥ—ဆဲ့ငါး၊
ပေါင်းငြား သတ်ဝိသ။

မဟဂ္ဂုတ်။ ကု—၉၊ ဝိ—၉၊ ကြိ—၉=၂၇
သော—၁၂၊ ဥ—၁၅ =၂၇

မဟဂ္ဂုတ်။ ပထမဈာန်စိတ် ၃၊ × ×
စတုတ္ထဈာန်စိတ် ၃၊
ပဉ္စမဈာန်စိတ် ၁၅=၂၇။

ဥ၊ ဏာသမ္ပယုတ်ချည်း,သသင်္ခါရိကချည်း ယူရ၏၊
တနည်း—အသင်္ခါရိက သသင်္ခါရိက ၂—ပါးလုံး ယူ၏၊
တနည်း—အသင်္ခါရိက သသင်္ခါရိက ၂—ပါးလုံး မရှိ။
ဈာနဘေဒစိတ်(ရူ)၁၅၊ အာရမ္မဏဘေဒစိတ် (အရူ)၁၅။

အရူပါဝစရစိတ် ၁၂—ပါး ပြီး၏

လောကီစိတ် ၈၁။ ။ပျက်တတ်သောသင်္ခါရလောက၌အကျုံးဝင်သောစိတ် ၈၁—ပါးသည် လောကီစိတ်မည်၏။

ဘူမိဘေဒ ကာမစိတ် ၅၄
ရူပစိတ် ၁၅
အရူပစိတ် ၁၂=၈၁။

ကာ—ရူ—အရူ—လောကီဟူ၊ ပေါင်းမူ ရှစ်ဆဲ့တစ်။

ဇာတိဘေဒ အကုသိုလ်စိတ် .... ၁၂
လောကီကုသိုလ်စိတ်.... ၁၇
လောကီဝိပါက်စိတ်.... ၃၂
ကြိယာစိတ် .... ၂၀=၈၁။

ဆဲ့နှစ် အကု၊ ကု ဆဲ့ခွန်နှုန်း၊ သုံးဆဲ့နှစ် ဝိ၊
နှစ်ဆယ် ကြိ၊ ပေါင်းဘိ ရှစ်ဆဲ့တစ်။

| | | |
|---|---|---|
| ဝေဒနာဘေဒ | ဥပေက္ခာ ဝေဒနာ | ....၄၇ |
| | သောမနဿ ဝေဒနာ | ....၃၀ |
| | ဒေါမနဿ ဝေဒနာ | .... ၂ |
| | ဒုက္ခ ဝေဒနာ | .... ၁ |
| | သုခ ဝေဒနာ | .... ၁=၈၁။ |

ဥ ဇောသဏ္ဍ၊ သော တိံသ၊ ဒေါ-ဒွိ ဒု-သု ဧက်၊
(ဇော=၄၊ သဏ္ဍ=၇ ဇောသဏ္ဍ=၄၇)
လောကီစိတ် ၈၁-ပါး ပြီး၏

---

## လောကုတ္တရာစိတ် အကျဉ်း ၈-ပါး

| | |
|---|---|
| သောတာပတ္တိ မဂ်စိတ် | ... ၁ |
| သကဒါဂါမိ မဂ်စိတ် | ....... ၁ |
| အနာဂါမိ မဂ်စိတ် | ... ၁ |
| အရဟတ္တ မဂ်စိတ် | ....၁ |

ပေါင်း လောကုတ္တရာ ကုသိုလ်စိတ် ၄။

| | |
|---|---|
| သောတာပတ္တိ ဖိုလ်စိတ် | ....၁ |
| သကဒါဂါမိ ဖိုလ်စိတ် | ....... ၁ |
| အနာဂါမိ ဖိုလ်စိတ် | ....၁ |
| အရဟတ္တ ဖိုလ်စိတ် | ....... ၁ |

ပေါင်း လောကုတ္တရာ ဝိပါက်စိတ် ၄။

လောကုတ္တရာ ကုသိုလ်စိတ် ........ ၄
လောကုတ္တရာ ဝိပါက်စိတ် .... ၄
ပေါင်း လောကုတ္တရာစိတ် အကျဉ်း ၈။

လောကီစိတ် ၈၁နှင့် လောကုတ္တရာစိတ်အကျဉ်း ၈ပါးကို ပေါင်းသော် စိတ်အကျဉ်း တခုယုတ် ကိုးဆယ် (၈၉) ဖြစ်၏။

ဇာတိဘေဒ=ဒွါဒသာ ကုသလာနေဝံ=အကုသိုလ်စိတ် ၁၂
ကုသလာ နေကဝီသတိ =ကုသိုလ်စိတ် ၂၁
ဆတ္တိံသေဝ ဝိပါကာနိ =ဝိပါက်စိတ် ၃၆
ကြိယစိတ္တာနိ ဝီသတိ =ကြိယာစိတ် ၂၀
ဘူမိဘေဒ =စတုပညာသဓာကာမေ =ကာမစိတ် ၅၄
ရူပေ ပန္နရ သီရယေ =ရူပစိတ် ၁၅
စိတ္တာနိ ဒွါဒသာရူပေ =အရူပစိတ် ၁၂
အဋ္ဌဓာနုတ္တရေ တထာ =လောကုတ္တရာ ၈

ဝေဒနာ= သု-၁၊ ဒု-၁၊ ဒေါ-၂၊ သော-၃၈၊ ဥ-၄၇= ၈၉
ယောဂ= သမ္ပယုတ် ၅၅၊ ဝိပ္ပယုတ် ၃၄၊ .... .... = ၈၉
သင်္ခါရ = အသင်္ခါရိက ၃၇၊ သသင်္ခါရိက ၅၂ .... = ၈၉
ဟေတု = အဟိတ် ၁၈၊ ဧက-၂၊ ဒွိ-၂၂၊ တိ- ၄၇ = ၈၉
ဈာနဘေဒ=၁၅၊ အာရုမ္မဏဘေဒ ၁၂၊ မဂ္ဂဘေဒ ၈။ = ၈၉

---

## လောကုတ္တရာစိတ် အကျယ် ၄၀

ပထမဈာန် သောတာပတ္တိ မဂ်စိတ် ၁
ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ် ၁
တတိယဈာန် သောတာပတ္တိ မဂ်စိတ် ၁
စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ် ၁
ပဉ္စမဈာန် သောတာပတ္တိ မဂ်စိတ် ၁

| | | | |
|---|---|---|---|
| ပေါင်း | သောတာပတ္တိ | မဂ်စိတ် | ၅ |
| ထို့တူ | သကဒါဂါမိ | မဂ်စိတ် | ၅ |
| ထို့တူ | အနာဂါမိ | မဂ်စိတ် | ၅ |
| ထို့တူ | အရဟတ္တ | မဂ်စိတ် | ၅ |
| ပေါင်း | လောကုတ္တရာ | ကုသိုလ်စိတ် | ၂၀ |
| ပထမဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| တတိယဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| ပေါင်း | သောတာပတ္တိ | ဖိုလ်စိတ် | ၅ |
| ထို့တူ | သကဒါဂါမိ | ဖိုလ်စိတ် | ၅ |
| ထို့တူ | အနာဂါမိ | ဖိုလ်စိတ် | ၅ |
| ထို့တူ | အရဟတ္တ | ဖိုလ်စိတ် | ၅ |
| ပေါင်း | လောကုတ္တရာ | ဖိုလ်စိတ် | ၂၀ |
| ဤသို့လျှင် | လောကုတ္တရာ | ကုသိုလ်စိတ် | ၂၀ |
| | လောကုတ္တရာ | ဝိပါက်စိတ် | ၂၀ |
| ပေါင်း | လောကုတ္တရာ | စိတ်အကျယ် | ၄၀ |

နှစ်လောကုတ်စု၊တခုခုသယ်၊ ငါးဈာန်ချယ်၊အကျယ်လေးဆယ်ပွါး။
မဂ်စိတ်နှစ်ဆယ်၊ဖိုလ် နှစ်ဆယ်၊ အကျယ်လောကုတ်ပွါး။

လောကီစိတ် ၈၁, လောကုတ္တရာ အကျယ် ၄၀=၁၂၁

ဇာတိဘေဒ=အကု-၁၂၊ ကု-၃၇၊ ဝိ-၅၂၊ ကြိ -၂၀

ဘူမိ =ကာမ-၅၄၊ ရူ-၁၅၊ အရူ-၁၂၊ လော- ၄၀

ဝေဒနာ =သု-၁၊ ဒု-၁၊ ဒေါ-၂ သော-၆၂၊ ဥ-၅၅

သမ္ပယောဂ= သမ္ပယုတ်-၈၇၊ ဝိပ္ပယုတ်-၃၄ =၁၂၁

သင်္ဂြိုဟ် = အသင်္ခါရိက—၃၇၊ သသင်္ခါရိက- ၈၄

ချာန = ပ-ဈာန် ၁၁၊×××ပဥ္စမဈာန် ၂၃ပေါင်း

ဈာန်စိတ် ၆၇၊ ဈာန်ဟောတ်သော ကာမစိတ် ၅၄=၁၂၁။

မဂ္ဂ,မဂ္ဂင်,မဂ္ဂစိတ္တ။ ။ကိလေသာ မာရေမင်္ဂြိုနိဗ္ဗာနံဂစ္ဆတီတိ မဂ္ဂေါ၊ ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့ အာရုံ ပြုသောအားဖြင့် ချဉ်းကပ်တတ်သောကြောင့် မဂ်မည်၏၊ သမ္မာဒိဋ္ဌိသောအစိတ် အပိုင်း ရှစ်ပါးသည် မဂ္ဂင်မည်၏၊ ထိုအင်္ဂါရှစ်ပါးအစုသည် မဂ်မည်၏၊ အစိတ် အပေါင်းမျှ ထူး၍ ဈာန်နှင့် ဈာန်အင်္ဂါကဲ့သို့ မှတ်အပ်၏။ မဂ္ဂ, မဂ္ဂင်အ ရမှာ သမ္မာဒိဋ္ဌိသော တရား ၈—ပါးကိုပင် အတူတူရ၏၊ ထို မဂ်နှင့် ယှဉ်သော စိတ် သည် မဂ်စိတ်မည်၏။

**မဂ်စိတ် ၄-ပါးလုံးသည် နိဗ္ဗာန်ချည်း အာရုံ ပြုကြပြီး အင်္ဂါ ၈—ပါးချည်း ရှိကြပါလျက် ဘဲ့ကြောင့် ၄—ပါး ပြားရသလဲ ?**

မဂ္ဂင် ၈—ပါး၌ ပါသော သမ္မာဒိဋ္ဌိ သမ္မာဝါယာမ သမ္မာသတိ သမ္မာ သမာဓိတရားတို့သည် အစဉ်အတိုင်း ပညိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာ ဓိန္ဒြေထိုက်ကြ၏၊ ထိုဂ္ဂင်ဣန္ဒြေတရား များသည် သောတာပန် အခိုက်၌ နုသေး၏၊ (ထို့ကြောင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာလောက်ကိုသာ ပယ်စွမ်းနိုင် ၏။) သကဒါဂါမိ အခိုက်၌ အနည်းငယ်ရင့်လာ၏။ အနာဂါမိ အခိုက်မှာ အတော်အတော်ကြီးရင့်လာလေပြီ၊ (ထို့ကြောင့် ကာမရာဂကိုတောင် ပယ်စွမ်း နိုင်လာ၏၊) အရဟတ္တမဂ်အခိုက်မှာ ဣန္ဒြေများသည် အထက် မြက်ဆုံး အရင့်ကျက်ဆုံး ဖြစ်၍ ကိလေသာတွေကို ပြောင်တလင်းခါ အကုန်အစင် ပယ်စွမ်းနိုင်လေသည်၊ ဤသို့ ဣန္ဒြေတို့၏အနု, အရင့်, ရင့်သည်ထက် ရင့်, အရင့်ဆုံး အချိုးအစားအားဖြင့် မဂ်သည် အာရုံ တူ အင်္ဂါတူ ဖြစ်သော်လည်း ၄-မျိုး ၄—စားပြားရသည်၊ ဣန္ဒြေ အစွမ်း ကြောင့် မဂ်စိတ် ၄—ပါးပြားရသည် ဟူ၏။

**လောကုတ္တရာ စိတ်၌ဘဲ့ကြောင့် ကြိယာစိတ်မရှိသလဲ ?**

သောတာပတ္တိမဂ်သည် ထိုက်သလောက် ကိလေသာတွေကို ပယ် သတ်ကာ ချုပ်သွားပြီးနောက် ထိုမဂ်သည် ပယ်သတ်ဘွယ် ကိလေသာ

မရှိတော့၍ ထိုပုဂ္ဂိုလ်၏သန္တာန်မှာ ဘယ်အခါမှ ထပ်၍ မဖြစ်တော့ချေ၊ သူပယ်ပြီး ကိလေသာသည် တခါတည်း ပျောက်တလင်းခါ အနုသယ အငွေ့ပေါင်မကျန်အောင် ကုန်သွားသောကြောင့် ထိုမဂ် ထပ်ဖြစ်ရန် ဘာကိစ္စ ဘာ့အကြောင်းမှ မရှိတော့ချေ၊ အကယ်၍ ရဟန္တာဖြစ်ပြီးမှ ထိုမဂ် ၄-ပါးကိုဝင်စား လေ့ လာ သုံးသပ် သို့၍ ဝင်စားသော်လည်း မဂ်ကို ဝင်စားလို့ မရ, ဖိုလ်ကို သာ ဝင်စားလို့ရ၏၊ အကယ်၍ရဟန္တာ ဖြစ်ပြီးမှ ထိုမဂ်စိတ် ၄-ပါးသည် ရဟန္တာ သန္တာန်မှာ သွားဖြစ်ခဲ့သော် လောကီကုသိုလ်များ ရဟန္တာမှာသွားဖြစ်လျှင် ကြိယာ ဖြစ်ကြရသကဲ့သို့ လောကုတ္တရာ ကြိယာ ရှိနိုင်၏၊ မဂ်စိတ်၏ တကြိမ် ဖြစ်ပြီး နောက်ထပ် ဘယ်အခါ ဘယ်ပုဂ္ဂိုလ် သန္တာန်မှာမှ မဖြစ်တော့ သောကြောင့် လောကုတ္တရာ ကြိယာ မရှိပေ။

နိဗ္ဗာန်သို့ရှေးဦးစွာရောက်သောမဂ်သည် သောတာပတ္တိမဂ်မည်၏၊ ထိုမဂ်နှင့် ယှဉ်သော စိတ်သည် သောတာပတ္တိမဂ်စိတ် မည်၏။

ကာမဘုံသို့ တကြိမ်သာလာသော ပုဂ္ဂိုလ်သည်သကဒါဂါမိမည်၏၊ ထို သကဒါဂါမိပုဂ္ဂိုလ်၏ မဂ်စိတ်သည် သကဒါဂါမိမဂ်စိတ် မည်၏၊

ကာမဘုံသို့ ပြန်မလာသောသူသည်အနာဂါမိ မည်၏၊ ထို အနာဂါမိ ပုဂ္ဂိုလ်၏ မဂ်စိတ် သည် အနာဂါမိမဂ်စိတ် မည်၏။

အရဟတ္တဖိုလ်၏အကြောင်းမဂ်စိတ်သည်အရဟတ္တမဂ်စိတ်မည်၏၊

ဖလစိတ္တ။ ။အကျိုးဖြစ်သော မဂ္ဂင်တရားကိုယ်ရှိပါသည့်,ဝါ- သမ္ပယုတ္တ စေတသိက် အပေါင်းသည် ဖိုလ် မည်၏၊ ထို အကျိုးဖိုလ်နှင့် ယှဉ်သော စိတ်သည် ဖိုလ်စိတ် မည်၏။

သောတာပန်၏ စိတ်သည် သောတာပတ္တိ ဖိုလ်စိတ် မည်၏၊
သကဒါဂါမိ၏ စိတ်သည် သကဒါဂါမိ ဖိုလ်စိတ် မည်၏၊
အနာဂါမိ၏ စိတ်သည် အနာဂါမိ ဖိုလ်စိတ်မည်၏။
အရဟတ္တဖိုလ်နှင့်ယှဉ်သောစိတ်သည်အရဟတ္တဖိုလ်စိတ်မည်၏

စတုမဂ္ဂပဘေဒေန, စတုဓာ ကုသလံ တထာ၊
ပါကံ တဿ ဖလတ္တာတိ, အဋ္ဌဓာ နုတ္တရံ မတံ။

လောကုတ္တရာ ကုသိုလ်စိတ်သည် မဂ် ၄-စားနှင့် ယှဉ်သော အပြားကြောင့် ၄-ပါး ဖြစ်၏၊ ဝိပါက်စိတ်သည်လည်း ထို ကုသိုလ်၏ အကျိုး ဖြစ်သောကြောင့် ၄-ပါးပင် ဖြစ်၏၊ ဤသို့လောကုတ္တရာ စိတ်ကို ၈-ပါး ဟု သိအပ်၏။

ဘုံ ၄-ပါး။ ။ကာမတဏှာ၏ စားကျက် အဖြစ်ဖြင့် သတ်မှတ်အပ်သော ကာမစိတ်စေတသိက်ရုပ်များသည် ကာမအဝတ္ထာဘုံမည်၏၊

ရူပတဏှာ၏ စားကျက်နယ်ပယ်အဖြစ်သတ်မှတ်အပ်သော ရူပစိတ် စေတသိက်တရားစုသည် ရူပအဝတ္ထာဘုံ မည်၏၊

အရူပတဏှာ၏ စားကျက် နယ်ပယ် အဖြစ် သတ်မှတ် အပ်သော အရူပစိတ်,စေတသိက်တရားစုသည် အရူပအဝတ္ထာဘုံ မည်၏။

တဏှာ ၃-ရပ်မှ လွတ်လပ် ထွက်မြောက်ရာ နယ်ပယ်တရပ် အနေဖြင့်သတ်မှတ်ထားအပ်သော လောကုတ္တရာစိတ်,စေတသိက်,နိဗ္ဗာန် တရားစုသည် လောကုတ္တရာ အဝတ္ထာဘုံ မည်၏။

ထို့ကြောင့် ကာမဘုံ,ရူပဘုံ,အရူပဘုံခေါ်ရာ၌ ဌာနဘုံ အဝတ္ထာဘုံ ၂-မျိုးလုံးရကောင်း၏။ လောကုတ္တရာဘုံ ခေါ်ရာ၌ကား အဝတ္ထာဘုံ တမျိုးကိုသာ ရကောင်း၏၊ ဘူမိဘေဒ ဆိုသည်မှာ ထိုဘုံ ၄-မျိုးဖြင့် ရသင့် ရကောင်းသော စိတ်ကို ခွဲ၍ ရေတွက်ပြသောနည်း ဖြစ်သည်၊ ကာမအမျိုး ကာမနွယ်၌ ပါဝင်သော စိတ်စု စေတသိက်စုသည် ကာမာဝစရစိတ်မည်၏၊ အမျိုးဇာတ်မတူသော စိတ်များတခြားဘုံ၌ သွားဖြစ်စေကာမူ မျိုးဇာတ် မတူသောကြောင့် ကာမာဝစရ စသော အမည်ကို မရချေ။

**အဘယ့်ကြောင့် လောကုတ္တရာစိတ် ၄၀ ဖြစ်လာရပါသနည်း?**
**ပါဒကဈာန်စသည်၏ အစွမ်းကြောင့် ၄၀ ဖြစ်လာရသည်။**
ပါဒကဈာန်— မဂ်မရမီ ရှေးအဘို့က အခြေခံ အဖြစ်ဖြင့်ဝင်စား ခဲ့သော လောကီဈာန်သည် ပါဒကဈာန် မည်၏၊

သမ္မသိတဈျာန်—လက္ခဏာ ယာဥ် တင်၍ သုံးသပ် အပ်သော လောကီဈျာန်သည် သမ္မသိတဈျာန်မည်၏။

ပုဂ္ဂလဇ္ဈာသယ—ယောဂီ၏ အလိုဆန္ဒဟူသော အဇ္ဈာသယသည် ပုဂ္ဂလဇ္ဈာသယဈျာန်မည်၏။

ထင်ရှားစေအံ့။ ပါဒကဈျာန်။ ။လောကီမဟာဂုတ်ပကာမျိုးကို အခြေခံဝင်စားကာ သော ဝိပဿနာမဂ်ကို ရခဲ့သော် ထိုမဂ်သည် အခြေခံ ပါဒကဈျာန်အတိုင်း ပထမဈျာန်နှင့်ပြည့်စုံသော သောတာပတ္တိမဂ်စိတ် ဖြစ်လာရ၏၊ ၎င်း၏နောက်က ဖြစ်ပေါ်လာသော ဖိုလ်သည်လည်း မဂ်နှင့်တူမျှသော ဈျာန်ပါလာရ၏။

သမ္မသိတဈျာန်။ ။ပထမဈျာန်ကို လက္ခဏာယာဥ် တင်ကာ သုံးသပ်၍ မဂ်ကိုရလာခဲ့သော် ထိုမဂ်သည်လည်းပထမဈျာန်အတိုင်း ပထမဈျာန် မဂ်စိတ်ဖြစ်လာရ၏၊ ပဉ္စမဈျာန်ကို သုံးသပ်၍ ရလာသော မဂ်သည်လည်း ပဉ္စမဈျာန်ဖြစ်လာရ၏။

ပုဂ္ဂလဇ္ဈာသယဈျာန်။ ။အကြင်ပုဂ္ဂိုလ်သည် ပထမဈျာန်ကိုအခြေခံ ဝင်စားကာ ဒုတိယဈျာန်ကို ဆင်ခြင်သုံးသပ်၍ မဂ်ကိုရလာသည် ဆိုကြပါစို့၊ ထိုအခါယောဂီပုဂ္ဂိုလ်က သူရသောမဂ်သည် အခြေခံပါဒကဈျာန် ဖြင့်တူလိုက မဂ်သည် ပထမဈျာန်နှင့်ပြည့်စုံသော မဂ်စိတ်ဖြစ်လာရ၏၊ သုံးသပ်အပ်သော သမ္မသိတ ဈျာန်နှင့်တူလိုက မဂ်စိတ် သည်လည်း ဒုတိယဈျာန်နှင့် ယှဥ်သော မဂ်စိတ်ဖြစ်လာရ၏၊ အကယ်၍ရည်ရွယ်ချက် အလိုဆန္ဒ အဇ္ဈာသယ ဘာမှမထားရှိခဲ့သော် အထက်တန်းကျသော ဒုတိယဈျာန် စသည်နှင့်တူရ၏။ အောက်အောက်ဈျာန်ထက် အထက် အထက်ဈျာန်က မွန်မြတ်သောကြောင့် အထက်အထက် ဈျာန်နှင့်သာ တူရလေသည်။ အမှန်မှာ—ပထမဈျာန်ကို အခြေခံ၍ ဒုတိယဈျာန်ကို သုံးသပ်သော ယောဂီသည် မဂ်မရမီ မှေးအခါကပင် ငါ၏မဂ်သည် ပါဒကဈျာန်နှင့်တူစေချင်၏၊ သို့မဟုတ်သမ္မသိတ ဈျာန်နှင့် တူစေချင်၏ ဟု ဤသို့ တူလိုသော ဈျာန်တခုခုကို ရည်ရွယ်ချက်ထားပြီး ရှုမှသာလျှင် ရလာသော မဂ်ဖိုလ်သည် တပါတည်းဈျာန်ပါလာ၏။ မဂ်ရပြီးမှ ဈျာန်

တခုခုနှင့် ရွေးချယ်တပ်ဆင် ပေးရသည် မဟုတ်ပေ၊ ဤအရာ၌ ပုဂ္ဂလဇ္ဈာသယကား ယောဂီ၏ ရည်ရွယ်ချက်သမ္မာဆန္ဒတည်း၊ ဈာန်ကား အကျိုး ပထမဈာန် ႏသည်ရ၏၊ သို့ရာတွင် အလို အဇ္ဈာသယ ဟူသောအကြောင်း၏ အမည်ကို အကျိုးဈာန်ပေါ် ကာရဏူပစာ အားဖြင့် တင်စားကာ ပုဂ္ဂလဇ္ဈာသယဟုပင် ဈာန်ဟု သုံးစွဲထားသည်။

ပါဒက။ ။ပထမဈာန၊ စသည်တို့တွင်၊ မှဝ် မထင်ကိုးငင်စားပြီးမှ သန်ရကို၊ ထ၍သုံးသပ်၊ မင်္ဂရလင်မူ၊ မှတ်ယူမပြား၊ အင်္ဂါအားဖြင့်၊ ဝင်စားရဈာန်၊ အမှန်မှုချ၊ ပါဒကနှင့် အရတူလေစမြဲတည်း။

သမ္မသိတ။ ။ဈာန်ပါဒက၊ မရကြဘဲ၊ ပထမဈ နှ၊ စသည်တို့တွင်၊ မှတ်ထင်ငင်၍၊ တင်ကာသုံးသပ်၊ ရအပ်သည့်မင်္ဂ၊ မပျက်အင်္ဂါ၊ သုံးသပ်ရာနှင့်၊ တူလာ မကွဲမပြားတည်း။

ပုဂ္ဂလဇ္ဈာသယ။ ။ဈာန်ကိုပင်လျှင်၊ ဝင်စားပြီးမှ၊ ထ၍ တဖန်၊ ဈာန်ကိုသုံးသပ်၊ မင်္ဂရလပ်ဟု၊ မှတ်ယူမပြား၊ အင်္ဂါအားမှာ၊ ဝင်စား သုံးသပ်၊ ထိုနှစ်ရပ်တွင်၊ လိုချင်ရာနှင့်၊ တူလာ မကွဲမပြားတည်း။

ယထာ ဂ ရူပါဝစရံ, ဂယှတာ နုတ္တရံ တထာ၊
ပထမာဒိ ဈာန ဘေဒေ, အရူပဥ္စာပိ ပဉ္စမေ။
ကောဒသ ဝိဓံ တသ္မာ, ပထမာဒိကမီရိတံ။
ဈာန မေကေက မန္တေ တု, တေဝီသတိ ဝိဓံ ဘဝေ။

လောကုတ္တရာ စိတ်ကို ရူပစိတ်ကဲ့သို့ ပထမဈာန် စသော အပြားအားဖြင့် ရေတွက်အပ်၏၊ အရူပစိတ်ကိုမူ ပဉ္စမဈာန်၌ ထည့်သွင်း ရေတွက်အပ်၏။ ထို့ကြောင့် ပ-ဒု-တ-စ-ဈာန် များမှာ ၁၁-ပါးစီ (၁၁×၄=၄၄) ဖြစ်၍ ပဉ္စမဈာန် စိတ်မှာ ၂၃-ပါး ရှိလေသည်။

| | | | | |
|---|---|---|---|---|
| ပ–ဈာန် | ရူ–၃ | လော–၁ | ပေါင်း | ၁၁ |
| ဒု–ဈာန် | ရူ–၃ | လော–၁ | ပေါင်း | ၁၁ |
| တ–ဈာန် | ရူ–၃ | လော–၁ | ပေါင်း | ၁၁ |
| စ–ဈာန် | ရူ–၃ | လော–၁ | ပေါင်း | ၁၁ |
| ပ–ဈာန် | ရူ–အရူ–၁၅ | လော–၁ | ပေါင်း | ၂၃ |

လောကုတ္တရာစိတ်ပြီး၏
**စိတ်ပိုင်းပြီးပြီ။**

---

## သတ္တတိံသ ဝိဓိ ပုညံ အရ-

| | | | |
|---|---|---|---|
| ကာမာဝစရ | ကုသိုလ်စိတ် | .... | ၈ |
| ရူပါဝစရ | ကုသိုလ်စိတ် | .... | ၅ |
| အရူပါဝစရ | ကုသိုလ်စိတ် | .... | ၄ |
| လောကုတ္တရာ | ကုသိုလ်စိတ် | .... | ၂၀=၃၇ |
| လောကီ | ကုသိုလ်စိတ် | .... | ၁၇ |
| လောကုတ္တရာ | ကုသိုလ်စိတ် | .... | ၂၀=၃၇ |
| ကာမ | ကုသိုလ်စိတ် | .... | ၈ |
| မဟဂ္ဂုတ် | ကုသိုလ်စိတ် | .... | ၉ |
| လောကုတ္တရာ | ကုသိုလ်စိတ် | .... | ၂၀=၃၇ |
| ဒွိဟိတ် | ကုသိုလ်စိတ် | .... | ၄ |
| တိဟိတ် | ကုသိုလ်စိတ် | .... | ၃၃=၃၇ |
| သောမနဿ | ကုသိုလ်စိတ် | .... | ၂၄ |
| ဥပေက္ခာ | ကုသိုလ်စိတ် | .... | ၁၃=၃၇ |

# ဒွိပညာသ ဝိဓံ ပါကံ အရ-

| | | | |
|---|---|---|---|
| ကာမာဝစရ | ဝိပါက်စိတ် | .... | ၂၃ |
| ရူပါဝစရ | ဝိပါက်စိတ် | .... | ၅ |
| အရူပါဝစရ | ဝိပါက်စိတ် | .... | ၄ |
| လောကုတ္တရာ | ဝိပါက်စိတ် | .... | ၂၀=၅၂ |
| လောကီ | ဝိပါက်စိတ် | .... | ၃၂ |
| လောကုတ္တရာ | ဝိပါက်စိတ် | .... | ၂၀=၅၂ |
| အကုသလ | ဝိပါက်စိတ် | .... | ၇ |
| ကုသလ | ဝိပါက်စိတ် | .... | ၄၅=၅၂ |
| အဟိတ် | ဝိပါက်စိတ် | .... | ၁၅ |
| သဟိတ် | ဝိပါက်စိတ် | .... | ၃၇=၅၂ |
| အသောဘဏ | ဝိပါက်စိတ် | .... | ၁၅ |
| သောဘဏ | ဝိပါက်စိတ် | .... | ၃၇=၅၂ |
| အဟိတ် | ဝိပါက်စိတ် | .... | ၁၅ |
| ဒွိဟိတ် | ဝိပါက်စိတ် | .... | ၄ |
| တိဟိတ် | ဝိပါက်စိတ် | .... | ၃၃=၅၂ |
| သုခသဟဂုတ် | ဝိပါက်စိတ် | .... | ၁ |
| ဒုက္ခသဟဂုတ် | ဝိပါက်စိတ် | .... | ၁ |
| သော-သဟဂုတ် | ဝိပါက်စိတ် | .... | ၂၅ |
| ဥ-သဟဂုတ် | ဝိပါက်စိတ် | .... | ၂၅=၅၂ |

**ဝိပါက်စိတ်ပိုင်းပြီး၏။**

# စေတသိက်ပိုင်း

## စေတော ယုဂ္ဂ လက္ခဏာ ၄-ပါး

ကေပ္ပါဒ-နိရောဓ စ, ကောလမ္ဗဏ-ဝဇ္ဇုကာ၊
စေတော ယုဂ္ဂါ ဒွိပညာသ, ဓမ္မာ စေတသိကာ မတာ။

ကေပ္ပါဒ = စိတ်နှင့် ပြိုင်တူ ဖြစ်ခြင်း၊
ကေနိရောဓ = စိတ်နှင့် ပြိုင်တူ ချုပ်ခြင်း၊
ကောလမ္ဗဏ = စိတ်နှင့် အာရုံ အတူ ပြုခြင်း၊
ကေဝတ္ထုက = စိတ်နှင့် မှီရာဝတ္ထု အတူရှိခြင်း။

ဤလက္ခဏာ ၄-ပါးနှင့် အညီ စိတ်၌ ယှဉ်ကုန်သော ၅၂-ပါးသော သဘောတရားတို့ကို စေတသိက်တို့ဟူ၍ သိအပ်ကုန်၏။

မှတ်သားရန်၊ ။စေတောယုဂ္ဂ၊စိတ်နှင့်ယှဉ်ကုန်သော တရားတို့သည် စေတော ယုဂ္ဂ မည်ကုန်၏၊ ကေပ္ပါဒ အရ စိတ်နှင့် ပြိုင်တူဖြစ်သော စိတ္တဇ ရုပ်များကိုပါ ရရှိနိုင်၍ ၎င်းရုပ်တို့ကို နစ်စေခြင်းငှါ ကေနိရောဓကို ဆိုပြန်သည်၊ ဝိညတ်ရွှေ့သည် စိတ်နှင့် ပြိုင် ချုပ်ချင်း တူနေပြန်၍ ၎င်းဝိညတ်ရွှေ့ကို နစ်စေရန် ကောလမ္ဗဏကိုဆိုရပြန်သည်၊ ဤကေပ္ပါဒ ကေနိရောဓ ကေလမ္ဗဏ လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော တရားတို့သည် ဝတ္ထု တခုတည်းမှာ ပြိုင်တူ မှီကြပါအံ့မှ စေတောယုဂ္ဂ လက္ခဏာဖြစ်၏ဟု ပြခြင်းငှါ ကေဝတ္ထုကကို ဆိုရပြန်သည်၊ ဤနောက်ဆုံး ကေဝတ္ထုက လက္ခဏာကို ပဉ္စဝေါကာရ ဘုံ၌သာ ရနိုင်၏၊ စတုဝေါကာရ ခေါ်သော အရူပ ဘုံ၌ကား မှီရာ ဝတ္ထုရုပ် မရှိသောကြောင့် နောက်ဆုံးလက္ခဏာကို မရနိုင်၊ ရှေ့လက္ခဏာ ၃-ပါးဖြင့်ပင် စေတော ယုဂ္ဂ လက္ခဏာကို ရလေသည်၊ စေတော ယုဂ္ဂ လက္ခဏာသည် ပဉ္စဝေါကာရဘုံ၌ ၄-ပါးလုံးဖြစ်၍ စတုဝေါ

ကာရ ဘုံ၌ ၃-ပါးသာ ရှိသည် ဟူ၏၊ သမ္ပယောဂ လက္ခဏာ, သမ္ပယုတ် လက္ခဏာ, စေတသိက် လက္ခဏာဟူ၍လည်း ခေါ်သေး၏။

ဖြစ်-ပျက်-မှီ-အာ၊ တူလေးဖြာ၊ အင်္ဂါ ယှဉ်နိမိတ်၊

စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်-၂ွိတ်၊ စေတသိက်။

ဒွိပညာသ ဓမ္မာ စေတသိကာ။ ။ဒွိပညာသ-ဖြင့်စေတသိက် လုံးရေကိုပြ၏၊ ဓမ္မာ-ဖြင့် ပရမတ္ထ သဘာဝ တရားသဘော သက် သက်တွေဘဲ ဟုပြ၏၊ စေတသိကာဖြင့် စိတ်၌ မှီသော သဘောတရား တို့သည် စေတသိက် မည်ကြ၏ ဟု အမည်နာမကို ပြ၏၊ စိတ်၌ မှီ သည် ဆိုရာ၌-စိတ်သည် ပိတ်ဖြူကားကြီးနှင့်တူ၏၊ အာရုံသည် ဆေး ဖျော်စရာ ရေနှင့်တူ၏၊ စေတသိက်သည် ဖြူ-နီ-ဝါ-ရွှေ စသော ဆေး နှင့်တူ၏၊ ပကတိအားဖြင့် ဖြူစင်သန့်ရှင်း အရောင်တဝင်းဝင်းနေသော စိတ်သည် အာရုံနှင့်ကြုံကြိုက်သောအခါ ခလောဘ, ဒေါသ သဒ္ဓါသတိ စသော စေတသိက်များ၏ ပေါင်းဆုံ မှီတွယ် ချယ်လယ် မှုကြောင့် လောဘစိတ်, ဒေါသစိတ်, ကုသိုလ်စိတ်, အသောဘဏစိတ်စသော အမည်ထူး ကိုရလေသည်၊ စေတသိက်များ သည် စိတ်၌ မှီကာ စိတ်ကို အမည်ထူး အမျိုးမျိုး (အဆင်း အရောင် အမျိုးမျိုး) ဖြစ်အောင် ချယ် လယ် ဖန်တီးပေး၏ ဟု မှတ်လေ။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံး

ဖဿ = အာရုံကို တွေ့ထိမှု သဘော၊

ဝေဒနာ = အာရုံ၏ အရသာကို ခံစားမှု၊

သညာ = အာရုံကို မှတ်သားမှု၊

စေတနာ = သမ္ပယုတ် တရားတို့ကို နှိုးဆော်မှု၊

ဧကဂ္ဂတာ = အာရုံ တခုတည်း၌ တည်ကြည်မှု၊

ဇီဝိတိန္ဒြေ = ဖြစ်ဘက်တရားများကို စောင့်ထိန်းမှု၊

မနသိကာရ = အာရုံကို ရှာဖွေ စုံစမ်းမှု၊

ဤ စေတသိက် ၇-လုံးသည် သဗ္ဗစိတ္တ- စိတ်အကုန်လုံးနှင့်၊ သာဓာရဏ - ဆက်ဆံခြင်း(ယှဉ်ခြင်း) ကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်တို့ မည်ကုန်၏။

မှတ်သားရန်။ ။ဖဿ။ ကြမ်းပြင်ကို လက်ဝါးဖြင့် ရိုက်ပုတ် တွေ့ထိသကဲ့သို့ ထိခိုက်သော တွေ့ထိမှုမျိုး မဟုတ်၊ အာရုံတခုကို အာရုံပြုသောအားဖြင့် ထိုအာရုံနှင့် ကြုံကြိုက် တိုက်ဆိုင်မှုမှာ ထိခိုက်သကဲ့သို့သော အခြင်းအရာဖြင့် ဖြစ်တတ်၍ ဖဿ ခေါ်ရ၏၊ ချဉ်သီးစားသူကို မြင်လျှင် သွားရည်ယိုသော အခါ၊ အစွန်းအဖျားသို့တက်ရောက်နေသူကို မြင်လျှင် ဒူးတုန်ရာ အခါ၊ ခြေဘဝါး ယားကျိကျိ ဖြစ်ရာ အခါ စသည်တို့၌ အာရုံနှင့် ဖဿခတ် တွေ့ထိပုံ ထင်ရှား၏။

ဝေဒနာ။ ။စိတ်,စေတသိက် အားလုံးသည် မိမိတို့သက်ဆိုင်ရာ ကိုယ်ပိုင်ကိစ္စ အဓိက တာဝန်ကြီးတွေကို ဂရုတစိုက်ဆောင်ရွက်ရင်းပင် အာရုံ၏ အရသာကို ခံစားကြသော်လည်း တစိတ်တဒေသအားဖြင့်သာ အာရုံ၏ အရသာကို ခံစားနိုင်ကြသည်၊ ဝေဒနာသည် ခံစားမှု ကိစ္စမှတပါး အခြားကိစ္စ ဆောင်ရွက်ဘွယ်မရှိ၍ အာရုံ၏ အရသာကို နှစ်နှစ်ချိုက်ချိုက် ဝိုင်ဝိုင်နိုင်နိုင်ကြီး အစိုးတရခံစားသည်၊ ထမင်းချက်သမား (စားတော်ကဲ)သည် အပေါ့ အငံ သိသာရုံမျှလောက်သာ မြိန်ရေ ရှက်မရ ဝိုင်ဝိုင်နိုင်နိုင် မစားသောက်ရပေ၊ အရှင်သခင်ကသာ ဘောဇဉ်ကို မြိန်ရေရှက်ရေ သုံးဆောင်ခြင်းကဲ့သို့ ဝေဒနာ၏ အစိုးတရ ဝိုင်ဝိုင်ကြီး ခံစားပုံကို မှတ်လေ၊ ဝေဒနာသည် အရှင်သခင်နှင့် တူ၏၊ ကြွင်းသော စိတ်, စေတသိက်များသည် ထမင်းချက် စားတော်ကဲနှင့် တူ၏။

သညာ။ ။လက်သမားသည် ဖြတ်တောက် ခုတ်လှီး လိုးသော နေရာကို ရှေးဦးစွာ မှင်အမှတ် မီးသွေးအမှတ်စသည်ဖြင့် မှတ်သားသကဲ့သို့ နောင်အခါ သိရအောင် ဒါအဖြူတဲ့ အနီတဲ့ စသည်ဖြင့် မှတ်သားမှု သဘောသည် သညာ မည်၏၊ မိမိတို့ တခွန်းတစ မှတ်မိဘူးကြသော

အတိုင်း ဆင်၏ ပုံပန်းသဏ္ဌာန်ကို စမ်းသတ်မှတ်သားကြသော ပုဏ္ဏား မျက်ကန်းတို့ကဲ့သို့ သညာသည် ယူမြဲ မှတ်မြဲတိုင်း အမှတ်နိမိတ်ကို စွဲလန်းသာ၍ မှတ်သားခြင်းကို ပြတတ်၏။ မြက်ခြောက် ကောက်ရိုး တို့ဖြင့် လုပ်ထားသော လယ်စောင့်ရုပ်ကို အဟုတ် လူကြီးဟဲဟု စွဲလန်း ထင်မှတ်ကြသော တောသမင်နှင့် ကျေးငှက်တို့ကဲ့သို့ သညာသည် ထင်မြင်လာပုံ အတိုင်း မစူးစမ်း အရမ်းကာရော မှတ်သားခြင်းကို ပြု၏။

စေတနာ။ ။စစ်ဗိုလ်ကြီးသည် မိမိကိုယ်တိုင် စစ်တိုက်ရင်း ငယ်သား စစ်သည်တော်များကိုလည်း ညီညီညာညာ တစည်း တလုံးတည်း တိုက်ခိုက်စေသကဲ့သို့ စေတနာသည်အား ရုံ၌ မိမိကိုယ်တိုင် လည်းလုံ့ပန်း၍ဖြစ်ဘက် သမ္ပယုတ် တရား အပေါင်းကိုလည်း စည်းစည်း လုံးလုံး သက်ဆိုင် ဆောင်ရွက်ကြစေရန် စေ့ဆော် အားပေးတတ်သည်၊ ကျောင်းသားကြီးသည် ကိုယ်တိုင်သံကုန် ဟစ်ကြွေးကာ စာအံရင် ကျန်သော ကျောင်းသားအပေါင်းကိုလည်း သံကုန် ဟစ်၍ စာအံစေဘိ သကဲ့သို့ ၎င်း၊ သူခိုးလိုက်ကြရာ၌ ခေါင်းဆောင်သည် ကိုယ်တိုင်လည်းဟစ်အော်ကာ အပြေးလိုက်, အဘော်များကိုလည်း အော်ဟစ်စေ ပြေးလိုက်စေ သကဲ့သို့၎င်း စေတနာ၏ ကိုယ်တိုင် ဆောင်ရွက်မှု သူတပါးအား နှိုးဆော် အားပေးမှုကို မှတ်အပ်၏။

ဧကဂ္ဂတာ။ ။သမ္ပယုတ်တရားတို့ကို အာရုံတခုတည်း၌ တစည်း တလုံးတည်းဖြစ်အောင် ပြုပေးသော သဘောသည် ဧကဂ္ဂတာမည်၏၊ လေငြိမ်ရာ၌ ထွန်းညှိအပ်သော မီးညွန့်သည်တည့်မတ်စွာ ထောင်တက် နေဘိသကဲ့သို့ သမ္ပယုတ် တရားများကို တအာရုံတည်း၌စူးစိုက် တည် တန့်အောင် ဆောင်ရွက်ပေးတတ်သည်၊ မှုံ့မှုန့်များကို တလုံးစီ ဖရိ ဖရဲ မနေရအောင် စုလုံ့ ပေါက်ပေးသော ရေနှင့်လည်းတူ၏။

ဇီဝိတိန္ဒြေ။ ။ဇီဝိတ-အသက်ရှင်မှု၌၊ ဣန္ဒြိယ-အစိုးရခြင်းသည် ဇီဝိတိန္ဒြေမည်၏၊ သမ္ပယုတ်တရားတို့၏ အသက်ရှင်မှုသည်ဇီဝိတိန္ဒြေ၏ စောင့်ရှောက်မှုကြောင့် ဖြစ်၏၊ ထို့ကြောင့် ကြာပင်၏ အသက်ရှင်မှုကို ရေသည် စောင့်ရှောက်သကဲ့သို့ သမ္ပယုတ်တရားတို့၏ အသက်ရှင်မှု၌

အစိုးတရ စောင့်ရှောက် (အုပ်ထိန်း) ပေးတတ်သော စေတသိက်ကို ဇီဝိတိန္ဒြေ ခေါ်သည်။

မနသိကာရ။ ။မနသိ-စိတ်၌၊ ကာရ-အာရုံ အသစ်အသစ် ဖြစ်ပေါ်လာအောင် ပြုပေးတတ်သော သဘောသည် မနသိကာရ မည်၏၊ ဥပမာ-ရထားထိန်းသည် မြင်းကိုရထားထမ်းပိုး၌တပ်ယှဉ်ပေးသကဲ့သို့ စိတ်၌ အာရုံ ပေါ်လာအောင် အာရုံကို စုံစမ်း ရှာဖွေ ပေးတတ်၏၊ ဝါ–စိတ်ကို အာရုံ၌ ရှာဖွေထည့်သွင်းပေးတတ်၏၊ အာရုံ တခုသည် သူ့သက်တမ်း သူ့အချိန် စေ့လျှင် ချုပ်ဆုံး ကုန်ပျောက် သွားရ၏၊ နောက်ထပ် အာရုံတခု စိတ်စဉ် (ဝီထိ) တခု-ထပ်မံ ဆက်သက်ဖြစ်ပေါ်လာအောင် ဖန်တီးပေးနေသော သဘောတရားကား ဤမနသိကာရ စေတသိက်၏ လက်ချက်ပင်ဖြစ်၏၊ နှလုံးသွင်း ဆင်ခြင်မှု ဟူ၍လည်း ခေါ်၏။

နမသိကာရ ၃-မျိုး....

ဝီထိ ပဋိပါဒက=ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရ၏၊
ဇာဝနပဋိပါဒက=မနောဒွါရာ ဝဇ္ဇန်းစိတ်ရ၏၊
အာရမ္မဏပဋိပါဒက=ဤမနသိကာရ စေတသိက်ရ၏၊
ကုသိုလ်ဖြစ်ကြောင်း ယောနိသော မနသိကာရ အရနှင့် အကုသိုလ် ဖြစ်ကြောင်း အယောနိသော မနသိကာရ အရကို ဝီထိပဋိပါဒက နှင့် ဇာဝနပဋိပါဒက ၂-ပါး ကောက်ယူရ၏။

သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ပြီး၏

---

## ပကိဏ်း စေတသိက် ၆-လုံး

ဝိတက်=အာရုံသို့ ရှေးရှု တက်ရောက်တင်ပေးမှု၊
ဝိစာရ=အာရုံ၌ အဖန်ဖန် သုံးသပ်မှု၊
အဓိမောက္ခ- အာရုံကို ဆုံးဖြတ်ခြင်း သဘော၊

ဝီရိယ - သမ္ပယုတ်တရားတို့ကို အားပေးထောက်ခံမှု၊
ပီတိ-အာရုံကို ကြေနပ် နှစ်သိမ့်မှု။
ဆန္ဒ-ပြုလိုကာမျှ သဘော၊

ဤစေတသိတ် -၆လုံးမှာ သောဘဏ စိတ်တို့နှင့်ရင်း အသောဘဏစိတ်တို့နှင့်ရင်း ပြီးပြွမ်း (ရောကျော်) ယှဉ် တတ်သောကြောင့် ပကိဏ္ဏက=ပကိဏ်း စေတသိက် အမည်ရလေသည်။

**မှတ်သားရန်။** ။ဝိတက်—အရုံသို့ မိမိလည်း တက်ရောက်ခြင်း သမ္ပယုတ်တရားတို့ကိုလည်း တင်ပေခြင်း တက်ရောက်စေခြင်းအားဖြင့် ထွေထွေရာရာ ကြံစီမှုသည် ဝိတက်မည်၏၊ နန်းတော် မရောက်ဘူး၍ ဝင်လိုသော တောသားကိုခေါ်ကာ နန်းတော်သို့ ပို့ဆောင်ပေးသော မင်းကျွမ်းဝင်သူ ဘဏ္ဍာစိုးမင်းတိုင်ပင် အမတ်စသည်နှင့်တူ၏။

**ဝိတက်မယှဉ်သော စိတ်များ အာရုံသို့ ဘယ်ပုံ တက်ကြသလဲ?**

ရှေ့ဆောင် ခေါ်သွားသဖြင့် နန်းတော် ရောက်ဘူးပြီးသော တော သားသည် နောက်နောက် အခေါက်မှာ ရှေ့ဆောင် မပါသော်လည်း အစင်းသိပြီ ဖြစ်၍ မိမိဘာသာ ဝင်ထွက်သွားလာရသကဲ့သို့ ဝိတက်ဖြင့် အာရုံယူနည်းကို လေ့ကျင့်ခဏ်းရှုပြီးဖြစ်၍ ဝိတက်နှင့်မယှဉ်သော စိတ် များသည် အာရုံကို ဝိတက်မပါဘဲလည်း လွယ်လွယ်ကူကူ ယူနိုင်ကြပါ သည်၊ ဒုတိယဈာန်စသည်တို့သည် ဝိတက်မပါသော်လည်း ဝိတက်ကို ပယ်ရန် အားထုတ် ပွါးများနေသော ဥပစာရ ဘာဝနာ၏ အစွမ်းဖြင့် အာရုံသို့ တက်ရောက်နိုင်ပါသည်၊ ဝိတက်နှင့် တခါဘူးမှ မယှဉ်သော ဒွေးပဉ္စဝိညာဏ် ၁၀-သည် ဝတ္ထုပေါ် အာရုံက သူ့အလိုလို ထင်လာ ထိခိုက်လာသောကြောင့်ဝိတက်၏ ကိစ္စဖြင့် အချိုလောင်းစရာပင် မလို သူ့ဘာသာသူ အာရုံကို ယူနိုင်ပါသည်၊ တနည်း-ဝိတက် ကင်းသော စိတ်များသည် မနသိကာရ၏ အစွမ်းဖြင့် အာရုံသို့ တက်ရောက်နိုင်ကြ ပါသည်။

ဝိစာရ။ ။ဝိစာရသည် မိမိလည်း အာရုံ၌ တစေ့စေ့ သုံးသပ်၏၊ သမ္ပယုတ် တရားတို့ကိုလည်း အာရုံ၌ သုံးသပ်စေ၏။

ဝိတက်နှင့် ဝိစာရအထူး။ ။ဝိတက်သည် ရှေ့ဦးစွာ ကြံခြင်းတန်း၏၊ ရှေ့သွားဖြစ်၏၊ ဥပမာ– ခေါင်းလောင်းကို ပထမ တီးခတ်သံ၊ ငှက်ကြီး ၏ကောင်းကင်သို့ တဟုန်ထိုးပျံတက်ခြင်း ပျားပိတုံး၏ ကြာတောသို့ ရှေ့ရှု ပျံသန်းခြင်းနှင့် တူ၏။ ဝိစာရသည် သိမ်မွေ့၏၊ ဝိတက်၏ နောက်လိုက် ဖြစ်၏၊ ဥပမာ– ခေါင်းလောင်း၏ အဆက်ဆက်မြည်ဟီးနေသော အသံ၊ ငှက်ကြီး၏ ကောင်းကင်၌ လေဟုန်စီး၍ ပျံဝဲနေခြင်း၊ ပျားပိတုံးများ၏ ကြာတောပေါ်မှာ ပျံဝဲနေခြင်းနှင့် တူ၏။

အဓိမောက္ခ။ ။အာရုံ၌ တွန့်လှုပ် ပြတ်ပြတ် တောက်တောက် ဆုံးဖြတ်ခြင်း သဘောသည် အဓိမောက္ခ မည်၏။ တံခါးတိုင် ကျောက်တိုင်ကြီးသည် လေများတိုက်ခတ်မှုကြောင့် မတုန်မလှုပ်သကဲ့သို့ အာရုံ၌ မတုန်မလှုပ် တစ်တစ်ခွခွ ဆုံးဖြတ်ချက်ချပေးတတ်သည်။ ကောင်းရာ၌ စိတ်ပြတ်တောက်မှုသည် သမ္မာ ဓိမောက္ခ၊ မကောင်းရာ၌မိစ္ဆာဓိမောက္ခ မည်၏၊ တိတ္ထိဆရာများ အပေါ်မှာ တပည့်များက ယုံကြည်သက်ဝင်မှုသည်လည်း ဤမိစ္ဆာဓိမောက္ခပင်, သဒ္ဓါ စေတသိက်မဟုတ်ချေ။

ဝီရိယ။ ။မိမိလည်း အားထုတ်, သမ္ပယုတ် တရားတို့ကိုလည်း အားထုတ် ကြိုးစားစေခြင်း ထောက်ပံ့ ပေးတတ်သော သဘောသည် ဝီရိယ မည်၏၊ အိုဟောင်း ကျောင်းများကို မလဲ မပြိုအောင် ထောက်ကန် ထမ်းဆောင် ပေးထားသော ကျားတိုင်များနှင့် တူ၏။ ထိုဝီရိယနှင့် ပြည့်စုံသောသူသည် မိမိသူတော်ကောင်း ၂–ပါး ကိုးဆောင် ရွက်ရန်အခြံ ... အခြင်းသင့်ပြင်ဆင်ထားသော ထက်ကြလုံးသည်သဘာဟ ၏၊ သတ္တိရှိသူ, သတ္တိခဲဟူ၍လည်း ခေါ်၏။ မကောင်းရာ၌ တလမ်း သွားစွန့်ဝံ့သူကိုကား မိုက်ရူးရဲ မိုက်ခဲဟု ခေါ်၏၊ သတ္တိခဲ ရဲဝံ့သူ ကောင်း ရာ၌ ဝီရိယ ကြီးသူ၏၊ မိုက်ခဲ မိုက်ရူးရဲ ခေါ်ရာ၌ ဒေါသ မောဟ ကြီး သူကို၏၊ သတ္တိခဲနှင့် မိုက်ခဲတို့၏ သဘာဝမှာ ဝီရိယနှင့် မောဟဖြစ်ကြ၍ သဘာဝ ချင်းကွာခြားလှ၏။

ပီတိ။ ။ပဒုမ္မာ ကြာပန်းကဲ့သို့ငှင်း,ကြည်လင်သော လဝန်းကဲ့သို့ ငှင်း နှစ်သိမ့် ကြည်ရွှင်သော သဘောသည် ပီတိမည်၏။

ပီတိငါးမျိုး....

ခုဒ္ဒိကာပီတိ=ကြက်သီး မွေးညှင်း ထရုံနှစ်သိမ့်ခြင်း၊

ခဏိကာ =ခဏခဏ လျှပ်ပြက်သလို နှစ်သိမ့်ခြင်း၊

ဩက္ကန္တိကာ=လှိုင်းတံပိုး ခပ်သလို တကိုယ်လုံး နှစ်သိမ့်ခြင်း၊

ဥဗ္ဗေဂါ =ကောင်းကင်ပျံတက်သွားအောင် နှစ်သိမ့်ခြင်း၊

ဖရဏာ =တကိုယ်လုံး ပျံ့နှံ့အောင် နှစ်သိမ့်ခြင်း၊

ပီတိနှင့် သုခ အတူး။ ။ပီတိရင့်လျှင် ငြိမ်းချမ်းမှု ပဿဒ္ဓိဖြစ်၏၊ ပဿဒ္ဓိရင့်လျှင် သုခဖြစ်၏၊ ထို့ကြောင့် နေပူကြီး ကျဲကျဲ သဲကန္တာရမှ လာသောသူမှာ ရေချိုးကာ ကြာရိုး ကြာစွယ် တွေကို ဝါးစားရင်း တောသဲမှ ထွက်လာသူကို မြင်ရာ၌ ငါလဲ ဤတောသို့ ရောက်လျှင် ရေချိုး၍ ကြာရိုး ကြာစွယ်တွေကို သုံးစားရမှာဘဲဟု လက်တွေ့မခံစားရမီ စိတ်ကူးနှင့် ကြေနပ် နှစ်သိမ့်မှုသည် ပီတိနှင့်တူ၏၊ ရေချိုး၍ ကြာရိုး ကြာစွယ်တွေကို လက်တွေ့ စားသုံးရခြင်းသည် သုခနှင့်တူ၏။

ပီတိကား မြှော်လင့်ချက်နှင့် နှစ်သိမ့်မှု သဘောတည်း။

သုခကား လက်တွေ့ခံစားရ၍ ချမ်းသာမှု သဘောတည်း။

ဆန္ဒ။ ။ပြုလို ပြောလို သွားလိုသော လိုအင် အမျိုးမျိုးသည် ဆန္ဒမည်၏၊ လိုအင် ဆန္ဒဟု ပြောလေ့ရှိ၏၊ ပစ်ရမည့် မြားကို ယူသကဲ့သို့ငှင်း လှူဒါန်းပေးကမ်းရမည့် ဝတ္ထုကို ယူသကဲ့သို့ငှင်းအာရုံ၌ မကပ်ငြိ မစွဲလမ်းမူ၍ လိုလားမှု သဘောမျှ ဖြစ်သောကြောင့်အာရုံကို ရယူရန် လက်လှမ်းသည်နှင့် တူ၏၊

ကာမစ္ဆန္ဒနှင့် ဓမ္မစ္ဆန္ဒ။ ။ကာမဂုဏ် အာရုံကို လိုလား သောသဘောသည် ကာမစ္ဆန္ဒမည်၏၊ ဤဆန္ဒသည် ရာဂနှင့်တွဲမိလျှင် ရာဂကို လွန်စွာ အားရှိစေသဖြင့် ဆန္ဒရာဂ (ပြင်းထန်သော ရာဂ) အမည် ရပြန်သည်၊ ဤကာမနယ်အတွင်းမှာ ဆန္ဒထက် ရာဂက အားကြီး၏။

သူဟောင်ကောင်းတရားကို လိုသားမှုနှင့် စ၍ဈာန်ပါဒ် ကိစ္စ,အဓိ ပတိကိစ္စတပ်လာလျှင် မွေဆွန္ဓာမည်၏၊ ဤဓမ္မဆန္ဒအရာ၌ အတုသ၍အောင် ကြီးကျယ်သော သဘောတရားကြီးဖြစ်၍ မပြီးသော ကိစ္စ မအောင်မြင် မဆောင်ရွက်နိုင်သော ကိစ္စသျှိပြီ၊ ဆန္ဒ ပွန်ကဲလျှင် ဆန္ဒာဓိက ဘုရား အဖြစ်သို့ရောက်နိုင်၏၊ လောဘသက်အားကြီးပြန်၏။

လောဘနှင့် ဆန္ဒအထူး။ ။လောဘသည် တည်ရာကို ကပ်ငြိသော ပွဲညက်လုံးကဲ့သို့ အာရုံ၌ မလွှတ်ရက်အောင် ငန်းငန်းစွဲ ကပ်ငြိ တွယ်တာ၏၊ ဆန္ဒသည် တည်ရာကို မကပ်ငြိသော ကျောက်လုံးကဲ့သို့ လိုအင်မျှသာဖြစ်၍ အာရုံ၌ မစွဲလမ်း မကပ်ငြိပေ။

အညသမာန်း။ ။စေတသိက် အုပ်စုသည် အညသမာန်းစု အကုသလစု သောဘဏစု ၃-စုရှိသည့်အနက်မိမိအုပ်စု{အညသမာန်း}မှ တပါး တခြားသော အကုသလစု သောဘဏစုသည် အညမည်၏၊ ထိုအညမည်သောအကုသလစု သောဘဏစုစေတသိက်များ နှင့် အတူ အမျှဖြစ်သောကြောင့် အညသမာန်းမည်၏၊ ဤဝါဒကား ဤ ကျမ်း၏ အယူဂါဒသာဖြစ်၏၊ယုတ္တိကြီဆကာဟန်ရ်ပေါ်၍ဘော်ပြလိုက်သည်။ တနည်း-အသောဘဏစိတ်မှထောက်ဆလျှင် သောဘဏစိတ်သည်အည၊ သောဘဏစိတ်မှ ထောက်လျှင် အသောဘဏစိတ်သည် အညမည်၏၊ ထို အညမည်သော အသောဘဏစိတ် သောဘဏစိတ်များနှင့် ယှဉ်သောကြောင့် အညသမာန်းမည်၏၊ဥဒ္ဒစ္စစသော အကုသလစေတသိက် စုသည် အကုသိုလ် စိတ်မှာသာ ယှဉ်နိုင်၏၊ သဒ္ဓါ စသောသောဘဏ စေတသိက်စုသည်သောဘဏစိတ်များမှာသာယှဉ်၏၊ဤအညသမာန်း စေတသိက်စုကား ထိုကဲ့သို့မဟုတ်ပေ။

ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းငံ၊ သမာန်အည၊ တေရသ။

ဝိတက် စေတနာ မနသိကာရ။ ။လူဘယောက်သည် နွား ၂ ကောင်ကို လှည်းသို့ ရှေ့ရှု ဆွဲဆောင်လာ၏၊ ဒုတိယတယောက်က တဖက်တကောင်လှည်း၌ တပ်ပေး၏၊ တတိယတယောက်က နွားကို မောင်း၏။

ဝိတက်သည် ပထမ လှူကဲ့သို့ ရွှေရှုဆောင်ပေး၏။
စေတနာသည် ဒုတိယ လှူကဲ့သို့ ယှဉ်စပ်၍ပေး၏။
မနသိကာရသည် တတိယ လှူကဲ့သို့ မောင်းနှင်းပေး၏။

အညသမာန်းစေတသိက်ရ ၁၃ လုံးပြီး၏

## အကုသိုလ် စေတသိက် ၁၄-လုံး

မောဟ- အာရုံသဘောကိုဖုံးလွှမ်းခြင်း၊
အဟိရိက- ကာယဒုစရိုက် စသည်မှ မရှက်ခြင်း၊
အနောတ္တပ္ပ- ကာယဒုစရိုက် စသည်မှ မလန့်ခြင်း၊
ဥဒ္ဓစ္စ- စိတ် မငြိမ်သက်ခြင်း ပြန့်လွင့်ခြင်း၊
လောဘ- အာရုံ၌ ကပ်ငြိ တွယ်တာခြင်း၊
ဒိဋ္ဌိ- မှားသောအားဖြင့်မြင်ခြင်း၊
မာန- ငါသာတတ် ငါသာမြတ်ဟု ထောင်လွှားခြင်း
ဒေါသ- ကြမ်းတမ်း ပြစ်မှားခြင်း၊
ဣဿာ- သူတပါးစည်းစိမ်ကို ငြူစူခြင်း၊
မစ္ဆရိယ- အဘန်တလဲလဲ စိုးရိမ်ခြင်း၊
ထိန- စိတ်၏မခံ့ခြင်း၊
မိဒ္ဓ- စေတသိတ်၏ မခံ့ခြင်း၊
ဝိစိကိစ္ဆာ- အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊

ဤစေတသိက် ၁၄-လုံးကို အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းသော အကျိုးကို ပေးခြင်းကြောင့် အကုသိုလ် စေတသိက်ရ ခေါ်၏။

ယုတ်မာ ညစ်ကြေး၊ မိုက်မဲမှေး၊ ဆဲ့လေး အကုသိုလ်၊

မှတ်သားရန်။ ။မောဟ အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ပိတ်ပင်သော သဘောသည် မောဟမည်၏၊ ထိုမောဟသည် သစ္စာ ၄-ပါး ပုဗ္ဗန္တ-ရှေ့အစွန်းစသော အစွန်း ၃-ပါး, ပဋိစ္စသမုပ္ပါဒ်,ဤ ၈-ဌာန၏ သဘာဝအစစ်အမှန်ကို မသိမမြင်အောင် ဖုံးကွယ် ပိတ်ပင်တတ်သည်၊ မကောင်းမှု အကုသိုလ်နယ်အတွင်း၌ကား ဈေးဈေးကျကျလိမ္မာစွာ ကြံဖန်နိုင်၍ နည်းပြဆရာကြီး ဉာဏ်သမားကြီး တည်းဖြစ်ပေ၏၊ မကောင်းမှု အမှောက် အမှား ပြုရာ၌ မိစ္ဆာ ဉာဏ် ဟု အမည် ပေးထား၏၊ အဝိဇ္ဇံ-မသိအပ်သော အကုသိုလ် မကောင်းမှုကို၊ ဝိန္ဒတိ=ဈေးဈေးရှရှ သိတတ်၏၊ ဣတိ-ထို့ကြောင့်၊ အဝိဇ္ဇာ-အဝိဇ္ဇာမည်၏-ဟု အမည်ခေါ် ရပုံရှိသည်၊ မကောင်းမှု အရာမှာ ဝိဇ္ဇာဆရာကြီး ဖြစ်၍ အဝိဇ္ဇာ ဟု ခေါ်ထားသည် ဟူလို။

မောဟ လောဘ ဒိဋ္ဌိ

ဝိတက် ဝိစာရ မိတ်

ဤတရား ၆-ပါးတို့သည် မကောင်းသော လုပ်ငန်းကို ဆောင်ရွက်ရာ၌ ဉာဏ်ပညာ ကဲ့သို့ လိမ္မာ ပါးနပ်စွာ ထိုးထွင်း၍ ကြံဖန်တတ်သော သဘောရှိကြ၏၊ ဥပမာဆိုအံ့၊= လောက၌ လူသယ် လူပါး လူနပ် တို့သည်လည်း စာတတ်ပေတတ် ပညာရှိ ပုဂ္ဂိုလ်ကြီး တို့သည်လည်း မကောင်းတရားမကောင်းမှုများ ပြုကြသောအခါ ဤတရား ၆-ပါးဖြင့် မာယာ သွယ်သွယ် ဥပါယ် တမည် ကြံဒီ လှည့်စားကာ လိမ္မာ ကျွမ်းကျင်စွာ မကောင်းမှု အမျိုးမျိုးကို အများ မြင်သူ အသင်းအဖွဲ့ ဖွဲ့လျက်ပြီးမြောက်အောင် ဆောင်ရွက်ကြကုန်၏၊ သူကောင်းတွေ လူကောင်း အခေါ်ခံသူတွေ၏ လက်သုံးကျင့်ဝတ် တရား ၆-ပါး ဟု မှတ်လေ။

အဟိရိက။ ။ဒုစရိုက် တရား မကောင်းမှုများ ပြုလုပ်ရန် မရှက်တတ်သော သဘောသည် အဟိရိကမည်၏၊ ဝက်သည် မကောင်းသော မစင်ကို စားသုံးရ လူးလျှင် မရှုံ့မချ မြိန်ရှက်ဘွယ်နှင့် ဂုဏ်ယူဘိ သကဲ့သို့ အရှက် ကင်းသူသည် ဒုစရိုက်မှု ပြုရသည်ကိုပင် အလွန်မြိန်ရှက်၍ ဂုဏ်တက်သေသည်။

အနောတ္တပ္ပ။ ။မကောင်းမှုဒုစရိုက်မှမကြောက်မလန့်တတ်သော သဘောသည် အနောတ္တပ္ပ မည်၏၊ ထိန့်လန့်ဘွယ် ကောင်းသော

မီးတောက်ကို ရွှေခေါင် ထင်မှတ်ကာမထိတ်မလန့်ဘဲ ပျော်ရွှင်စွာ ပျံ၍ တိုးဝင်သော ပိုးပလံမျိုး ကဲ့သို့ ဒုစရိုက် ပြုရန် လက်ရဲ ဇက်ရဲသော သဘောသည် အဟိရိက မည်၏။ ဤ အဟိရိကနှင့် အနောတ္တပ္ပ စေတသိက် ၂-လုံးသည် မိုလ်ထိုက်ကြ၍ အရှက် အကြောက် ကင်းသူသည် မိမိ ဂုဏ်သိက္ခာကို မငဲ့မကွက်နိုင်ဘဲ မဖြစ်မနေ ရှုပ်ရှုပ် ချွန်ချွန် ပျော်ပျော်ရွှင်ရွှင် ကြီး ပြုစွမ်းနိုင်ပေသည်။

အဇေဂုစ္ဆိ အဟိရိကော,ပါပါဂူထာဝ သူကရော၊
အဘီရူ စ အနောတ္တပ္ပီ,သလဘော ဝိယ ပါပကော။

သူကရော-ဝက်သည်၊ ဂူထာ-မစင်မှ ၊အဇေဂုစ္ဆီ ဧဝ—မရွံ့မရှာ သကဲ့သို့၊အဟိရိကော-အရှက်မရှိသော သူသည်၊ပါပါ- မကောင်းမှုမှ၊ အဇေဂုစ္ဆီ-မစက်ဆုပ် မရွံ့ရှာတတ်။ ၊သလဘော-ပိုးပလံသည်၊ ပါဝကာ-မီးမှ၊အဘီရူ ဝိယ-မကြောက် မလန့် သကဲ့သို့၊ အနောတ္တပ္ပီ-အကြောက်အလန့်ကင်းသူ သည်၊ ပါပါ-မကောင်းမှုဒုစရိုက်မှ အဘီရူ-မကြောက်မလန့် တတ်ချေ။

ဥဒ္ဓစ္စ။ ။အာရုံ၌ မရပ် မတည် လိမ်လည်သော သဘောသည် ဥဒ္ဓစ္စ မည်၏။ ပြာပုံကို ခုတ်နှင့် ရိုက်ပုတ် သကဲ့သို့၎င်း, လေခပ်သော တံခွန်ဖျား ကဲ့သို့၎င်း,သဲပုံသောင်ပြင်၌ ပစ်ချအပ်သော ငါးကဲ့သို့၎င်း တဖြတ်ဖြတ် တလှုပ်လှုပ် ရှိလှ၏၊ အမိမောက္ခ၏ အုပ်ထိမ်းမှုကြောင့် ဒေါင့်ပါသော ကျောက်ခဲကဲ့သို့ တန့်၍ တန့်၍ပြန့်လွင့်၏၊မောဟစသော စေတသိက် ၄ လုံး(မော-ဥတုတ်)သည် အကုသိုလ်စိတ် ၁၂ ပါးလုံး-နှင့်ယှဉ်သောကြောင့် အကုသလ သာဓာရဏ စေတသိက် မည်၏။

လောဘ။ ။အာရုံကို စွဲလန်း တတ်မက်သော သဘောသည် လောဘ မည်၏၊ မျောက်ချွဲစေးသည် ထိရာ ကပ်သကဲ့သို့မြင်မြင်သမျှ အာရုံကိုခုံမင်တတ်သောကြောင့် တကြွ တကြွဘိနန္ဒီနီ-ဟုဟောတော်မူ၏။

ဒိဋ္ဌိ။ ။လွဲချော် မှားယွင်းသော အမြင် ယူဆချက်သည်ဒိဋ္ဌိမည်၏၊ ကံ,ကံ၏အကျိုး, တမလွန် လောကကို မယုံ၍ မရှိဟု ပစ်ပယ်မှုသည် လည်း ဒိဋ္ဌိမည်၏၊ ငါ မဟုတ်ထာ အဟုတ်,အနိစ္စကိုနိစ္စဟု ယူဆခြင်း

သည်လည်း ဒိဋ္ဌိပင်၊ အနှေရှုကို အနောက် ထင်မှားနေသူနှင့် တူ၏၊ ဒိဋ္ဌ သုတမုတမင်္ဂလာ ပြဿဒါး ရက်ရာဇာတို့ကို အကြောင်းရင်းကဲ့သို့ ယုံကြည်ယူဆခြင်းသည်လည်းဒိဋ္ဌိပင်၊

သက္ကာယ ဒိဋ္ဌိ ၂၀၊ အန္တဂ္ဂါဟိက ဒိဋ္ဌိ ၁၀၊
ဒိဋ္ဌိ ၆၂-ပါးကား-

သဿတ ဒိဋ္ဌိ ၄၄၊ ဥစ္ဆေဒ ဒိဋ္ဌိ ၁၈။

မာန။ ။ထောင်လွှားတက်ကြွသောသဘောသည် မာနမည်၏၊ အထင်ကြီးမှု ဘဝင်မြင့်မှု သဘောတည်း၊ တောင်ထိပ်၌စိုက်အပ်သော တမ်းခွန်တိုင်နှင့် တူ၏၊ သူရူးနှင့်လည်းတူ၏။

မာန် ၉-ပါးကား......

သေယျဿ .... သေယျမာန် ဟီနမာန် သဒိသမာန်၊
ဟီနဿ .... သေယျမာန် ဟီနမာန် သဒိသမာန်၊
သဒိသဿ .... သေယျမာန် ဟီနမာန် သဒိသမာန်။

ဇာတိ ကုလ ဓန ဂေါတ္တ ယသ ဣဿရိယ
သီလ သုတ လာဘ ဝဏ္ဏ ယောဗ္ဗန ပညာ စသည်ကို အစွဲပြု၍ဖြစ်သော မာန်မာန တရားတို့သည် များကုန်၏။

ဒေါသ။ ။ဒေါသသည် ဒုတ်ဖြင့် ရိုက်အပ်သော မြွေဟောက် အနာတရဖြစ်နေသော ကျူးနာကဲ့သို့ ခက်ယန် ကြမ်းတမ်းခြင်း သဘောရှိ၏၊ မှီရာပုဂ္ဂိုလ်ကို ခလောင်ကျွမ်းတတ်သောကြောင့် တောမီးနှင့် တူ၏၊ အပြစ် အနာအဆာ ဒဏ်မျိုးမျိုးတို့၏ စုဝေးရာဖြစ်သောကြောင့် အဆိပ်ရောသော သေရည်အိုးကြီး ဘင်ပုပ်အိုးကြီးကြီးနှင့်တူ၏။

အာဃာတဝတ္ထု ၉-ပါး....

ငါ၏ အကျိုးမဲ့ကို ပြုဘူး ပြုဆဲ ပြုလတံ့၊
ငါချစ်သူ၏ အကျိုးမဲ့ကို ဘူး ဆဲ လတံ့၊
ငါ့ရန်သူ၏ အကျိုးစီးပွါးကို ဘူး ဆဲ လတံ့၊

ဤသို့ အတ္တ ပိယ ဝေရီ ၃-မျိုးအတွက် ကာလ ၃-ပါးအားဖြင့် အမျက် ထွက်ကြောင်း အာဃာတ ဝတ္ထု ၉-ပါး ဖြစ်၏၊ မိုးသည်းကာလဲ

ရှာနိုင်ရန်၊ နေကာလပူလှချိ၊ အေးဘဲ အေးလွန်းလှတယ် စသဖြင့် အရောမဟုတ်သည်၌ ဖြစ်သော အဋ္ဌာနကောပနှင့် တကွ အာဃာတဝတ္ထု ၁၀ ပါး ဖြစ်လာရန်၏။

ဣဿာ။ ။သူတပါးစည်းစိမ်ကို မနာလိုဝန်တိုငြူစူခြင်းသဘောသည် ဣဿာ မည်၏၊ သူတပါး၏ ရပြီး ရလတံ့ စည်းစိမ်လာဘ်လာဘကို မနာလို မရှုစိမ့်သော သဘောတည်း၊ ဣဿာသည် မုဒိတာနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ ညီညွတ်မှုကို ကွဲပြားအောင် ပြုတတ်သော ဘေဒကရ (ဂုံးတိုက်သော) သဘောလည်းဖြစ်၏၊ သူတပါးကို မနာလိုမှုသည် သံသရာ စခန်း၌ မိမိကိုယ်ကို တဘဝအောက် တဘဝ ယုတ်နိမ့် ညှိုးနွမ်း ခြောက်ခမ်းသော ဘဝ မှေးမှိန်စေတတ်၏၊ အတိတ် အနာဂတ် ၂-ပါးရှိ၏။

မစ္ဆရိယ။ ။ဝန်တိုခြင်းသဘောသည် မစ္ဆရိယ မည်၏။ မိမိရပြီး ရလတံ့ စည်းစိမ် ဂုဏ်သိမ်းမျိုးမျိုးကို သူတပါးနှင့်မဆက်ဆံစေလိုခြင်း သူတပါးမှာ ဒါမျိုး မဖြစ်စေလိုခြင်း သဘောတည်း၊ ရပြီး ရလတံ့ စည်းစိမ် ၂-မျိုးကို စွဲ၍ ဖြစ်သောကြောင့် ဣဿာကဲ့သို့ပင် မစ္ဆရိယ ၂-မျိုးရှိ၏။

မစ္ဆရိယ ငါးမျိုး....

| | | |
|---|---|---|
| အာဝါသ မစ္ဆရိယ | = | နေရာနှင့် စပ်၍ ဝန်တိုမှု၊ |
| ကုလ မစ္ဆရိယ | = | ဆွေမျိုး ဒကာ ဒကာမနှင့် စပ်၍၊ |
| လာဘ မစ္ဆရိယ | = | လာဘ်လာဘနှင့် စပ်လျဉ်း၍၊ |
| ဝဏ္ဏမစ္ဆရိယ | = | အလှအဆင်းဂုဏ်သတင်းနှင့်စပ်၍၊ |
| ဓမ္မ မစ္ဆရိယ | = | အတတ်ပညာနှင့် စပ်၍ ဝန်တိုမှု။ |

မပေးချင်ရုံနှင့် မစ္ဆရိယာမဖြစ်၊ စိတ်မသာမယာ လျှို့ဝှက်၍ သူတပါးနှင့် ဆက်ဆံမည်ကို စိုးရိမ်မှုသာ မစ္ဆရိယဖြစ်၏။

ဣဿာ မစ္ဆရိယ အထူး။ ။ဣဿာသည် သူတပါး ပစ္စည်းကို မနာလို မရှုစိမ့် ငြူစူ၏၊ မစ္ဆရိယသည် မိမိ၏ ဥစ္စာကို လျှို့ဝှက်၏၊ ဗဟိဒ္ဓအာရုံနှင့် အဇ္ဈတ္တ အာရုံ အားဖြင့် ထူး၏၊ ဤတရား ၂-ပါးသည် ယခု မျက်မှောက် ပစ္စက္ခ ဘဝ၌ ကြီးပွါးရေးလမ်းစကို ပိတ်ပင်တတ်၏၊

ကြီးပွါးပြီး စည်းစိမ်ကို ဆုတ်ယုတ်စေ၏၊ နောင်တမလွန်ဘဝ အဆက်ဆက်မှာလည်း အညွန့်အတက် မပေါက်နိုင်အောင် ကြီးပွါးရေး လမ်းစကို ပိတ်ပင်တတ်၏။ (အဘိဓမ္မာကား သူတပါးပစ္စည်းကို ရှောရှုလိုချင်မက်မောမှု လောဘ ခ၏။)

ဇာဓ ပေစ္စ နင္ဒတိ, ဇာသာမစ္ဆေရ မိဒ္ဓိတာ၊
တသ္မာ ဝုဒ္ဓိကာမာတေ, ဟနေယျ သကဝေရိနော။

ဇာသာ မစ္ဆေရဒိဋ္ဌိတာ-ဇာသာ မစ္ဆေရတို့၏ နှိပ်စက် ညှင်းပန်းခြင်းခံကြရကုန်သော သတ္တဝါတို့သည်၊ ဇာဓ—ဤ မျက်မှောက် ဘဝ၌ ၎င်း၊ ပေစ္စ— နောင်တမလွန် ဘဝ၌ ၎င်း၊ န ဝဍ္ဍတိ— ကြီးပွါး ကင်းပျောက်၊ ညှိုးခြောက်သိမ်ငယ်တတ်ကုန်၏၊ တသ္မာ-ထို့ကြောင့်၊ ဝုဒ္ဓိကာမာ-ကြီးပွါး ချမ်းသာရေးကို လိုလားကြကုန်သော သူတို့သည်၊ သကဝေရိနော-မိမိ၏ ရန်သူ ရန်ဘက်ဖြစ်ကုန်သော၊ တေ—ထို ဇာသာ မစ္ဆရိယ တရား ၂-ပါးတို့ကို၊ ဟနေယျ—အတင်း အကြပ် သတ်ဖြတ်ချိုးနှိမ်ကြကုန်ရာသတည်း။

ကုက္ကုစ္စ။ ။ပြုမိသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ ပြုမိတာ မှားလေခြင်း မပြုမိကာနာတာဘဲ ဟု နောင်တဘဖန် ပူပန်မှု စိတ်နှလုံး ကြေည်သာမှုသည် ကုက္ကုစ္စမည်၏၊ ဝိပ္ပဋိသာရ ဟူ၍လည်းခေါ်၏။ (သောကကား တပူပူ တဆွေးဆွေး ရင်မအေးသော ဒေါမနဿ ဝေဒနာ စေတသိက် ရ၏။)

ကုက္ကုစ္စ ၃–မျိုး......

ဝိနယ ကုက္ကုစ္စ = မဟာကုသိုလ် မဟာကြိယာ ရ၏။
ဟတ္ထပါဒကုက္ကုစ္စ = လက်ခြေ ဂဏာ မငြိမ်မှု ရ၏၊
အကုသလကုက္ကုစ္စ = ဤကုက္ကုစ္စ စေတသိက် ရ၏။

ရဟန်းတော်များမှာ ဝိနည်းအရာ၌ အပ်မအပ် မဆုံးဖြတ်နိုင်သော တွေးတော ယုံမှားမှုသည် ဝိနယကုက္ကုစ္စမည်၏၊ လက်ခြေတို့၏ ဂဏာမငြိမ် ဇာခြေ လှုပ်ရှားမှုသဘောသည် ဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စမည်၏ အသံယတ ကုက္ကုစ္စဟူ၍လည်းခေါ်၏။

ထိန,မိဒ္ဓ။ ။ထိနသည် စိတ်တို့၏ ထိုင်းမှိုင်း ပျော့ညံ့မှုကို ဖြစ်စေ၏၊ မိဒ္ဓသည် စေတသိက်တို့၏ ထိုင်းမှိုင်းပျော့ညံ့မှုကို ဖြစ်စေ၏၊ လူမမာနှင့် တူ၏။ ထိုတရား ၂–ပါးသည် တရားနာခြင်း စာပေသင်ယူခြင်း ကမ္မဋ္ဌာန်းအားထုတ်ခြင်း ဆရာသမားထံ ခစားခြင်းတို့ကို ပြုသော အခါ တမှိန်းမှေးမှေး ငိုက်မျဉ်းစေတတ်၏၊ ခေါင်း တဆတ်ဆတ်နှင့် အောက်သို့ ငိုက်ကြတတ်၏၊ စေတသိက်များ၏ လက်ချက်ကြောင့် ပျော့ညံ့ အားနဲလှသော စိတ် ငါးပါးမှာ သခ်ါရမှုဖြင့် ထင်မံ အားပေးရသဖြင့် သသင်္ခါရိက စိတ်များ ဖြစ်ရလေသည်၊ ထိနသည် လူပျင်း၊ မိဒ္ဓသည် လူမမာသယ်နှင့်တူ၏။

မောဟနှင့် မိဒ္ဓအတူ။ ။မောဟသည် အာရုံ၌ တွေဝေစေတတ်သဖြင့် ကလေး၏ ကစားစရာကို ဖုံးဖှက်ထားသော အဝတ်နှင့်တူ၏၊ မိဒ္ဓသည် စိတ် စေတသိက်တို့ကို တွေဝေ ပျော့ညံ့စေတတ်သောကြောင့် ကလေး၏ မျက်နှာကို ပိတ်ထားသော အဝတ်နှင့် တူ၏။

ဝိစိကိစ္ဆာ။ ။အာရုံကို မယုံတဝက် ယုံတဝက်နှင့် အယုံရခက်သော နှလုံးနှစ်ခွ သဘောသည် ဝိစိကိစ္ဆာ မည်၏၊ လမ်းဆုံးလမ်းခွ ရောက်၍ ဤလမ်းသွားရမလို ဟိုလမ်းသွားရမလို မဆုံးဖြတ်နိုင်သော သူနှင့်တူ၏၊

နီဝရဏ ထိုက်သော နီဝရဏ ဝိစိကိစ္ဆာ နှင့် အတု အယောင် ဖြစ်သော ပဋိရူပက ဝိစိကိစ္ဆာ ဟု ၂-မျိုး ရှိခဲ့ရာ ဘုရား စသော ဝတ္ထု ရှစ်ပါး၌ ယုံမှားမှုသည် နီဝရဏ ဝိစိကိစ္ဆာမည်၏၊ ဘုရားမှ တပါးသော ရဟန္တာ စသော ပုဂ္ဂိုလ်များမှ အကုန်အစင် မသိမမြင်နိုင်ကြ၍ စာပေ ကြီးဆမှု စသည်တို့၌ ''…ဟာဘဲလား'' ဟု သို့လော သို့လော တွေးတော ယုံမှားမှု ဒွိဟသဘောသည် ပဋိရူပက ဝိစိကိစ္ဆာမည်၏၊ ဤ ဝိစိကိစ္ဆာတုသည် ကုသိုလ်လည်းရှိ,အကုသိုလ်လည်းရှိ,ကြိယာလည်း ရှိ၏။

သုံးပါး ရတနာ၊ ကျင့်သိက္ခာ၊ သုံးဖြာအန္တာ သွင်း၊
ဝိစိကိစ္ဆာ၊ ယုံမှားရာ၊ ရှစ်ဖြာ ဝတ္ထု ရင်း၊

အမိနမာကျအုပ်ထိမ်းမှု မရှိသောကြောင့် ဝိစိကိစ္ဆာသည် အဆီး အတားမရှိ လုံးနိုင်းသောကျောက်တုံ ကဲ့သို့ တသမတ်တည်းလိမ့်လည် လေသည်။

အကုသိုလ်စေတသိက် ၁၄-လုံးပြီး၏

## သောဘဏ စေတသိက်ရ ၂၅လုံး

သဒ္ဓါ=ဘုရားစသော အာရုံ၌ ယုံကြည်ခြင်း၊
သတိ=ဘုရားစသော အာရုံ၌ အောက်မေ့ခြင်း၊
ဟိရီ=ကာယဒုစရိုက် စသည်မှ ပြုရန် ရှက်ခြင်း၊
ဩတ္တပ္ပ=ကာယဒုစရိုက် စသည်မှ ပြုရန် လန့်ခြင်း၊
အလောဘ=အာရုံ၌ မကပ်ငြိ မတွယ်တာခြင်း၊
အဒေါသ=မကြမ်းတန်း မပြစ်မှားခြင်း၊
တတြမဇ္ဈတ္တတာ–ထိုထိုအာရုံ၌ လျစ်လျူရှုခြင်း၊
ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ =ငြိမ်း
ကာယလဟုတာ စိတ္တလဟုတာ =ပေါ့
ကာယမုဒုတာ စိတ္တမုဒုတာ =နူးညံ့
ကာယကမ္မညတာ,စိတ္တကမ္မညတာ =ခန့်ကျန်း
ကာယပါဂုညတာ,စိတ္တပါဂုညတာ=လေ့လာ
ကာယုဇုကတာ,စိတ္တုဇုကတာ =ဖြောင့်စင်းစွာ

ခြောက်ဖြာ ကိစ္စ ဟော။ ။သောဘဏစိတ် အားလုံးနှင့် ယှဉ် သောကြောင့် ဤ ၁၉—လုံးသော စေတသိက်သည် သောဘဏ သာဓာရဏ မည်၏။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-
ဤ စေတသိက် ၃-ပါးသည် ဝိရတီ စေတသိက် မည်၏။

ကရုဏာ, မုဒိတာ-အပ္ပမညာ စေတသိက် ၂-ပါး။
ပညိန္ဒြေ ခေါ်သော အမောဟ စေတသိက် ၁-ပါး။
၌ စေတသိက် ၂၅-ပါးသည် ကောင်းမြတ် တင့်
တယ်သောကြောင့် သောဘဏ စေတသိက်အမည်
ရှိကုန်၏။

တေရသာ သမာနာ စ=အညသမာန်းစု ၁၃၊
စုဒ္ဒသာ ကုသလာတထာ=အကုသလစု ၁၄၊
သောဘဏာ ပဉ္စဝီသာတိ=သောဘဏစု ၂၅၊
ဒွိပညာသ ပဝုစ္စရေ =ပေါင်းစေတသိက် ၅၂။

သဒ္ဓါ။ ။ရတနာသုံးဖြာကံ ကံ၏အကျိုးနှင့်ပစ္စက္ခယခုလောက
တမလွန်လောကတို့ကို ယုံကြည်မှုသည် သဒ္ဓါမည်၏၊ မိစ္ဆာဒိဋ္ဌိများ၏
ဆရာသမားဩဝါဒများကို ယုံကြည်မှုသည် ဒိဋ္ဌိမောဟ မိစ္ဆာဓိမောက္ခ
သာမည်၏၊ ကြည်လင်သောလပြည့်ဝန်းကြီးသည် ကြည်လင်သော မှန်
ဖြင့် ရေပြင်၌ ပြတ်သား သန့်ရှင်းစွာ လင်းလင်းကြီး ထင်ဘိ သကဲ့သို့
ရတနာသုံးပါး စသော ကောင်းသော အာရုံများသည် သဒ္ဓါစေတ်ခံ
ရင့်သန့်သူ၏ သန္တာန်မှာ အထွင်းသား အလင်းသားနှင့် ကြည်လင်
ပြတ်သားစွာ ထင်နိုင်သည်၊ တကယ် ယုံမှသာ တကယ်ကြည်လင်စွာ
ထင်နိုင်သောကြောင့် သဒ္ဓါကို ယုံကြည်ခြင်းဟု ဆိုရသည်။စကြာမင်း၏
စကြာရတနာနှင့်တူ၏၊ ပုညကြိယာ ဥစ္စာထုပ်ကို လှမ်းယူရာ၌လက်နှင့်
တူ၏၊အကျိုးအမျိုးမျိုးကို ပြီးစေရာ၌ ရွှေငွေရတနာနှင့်တူ၏၊ လူနတ်
နိဗ္ဗာန် ချမ်းသာအသီးကို သီးစေရာ၌ မျိုးစေ့နှင့်လည်းတူ၏။

ထင်ရှားစေဒွံ။ ။သဒ္ဓါသည်မိမိလည်းကြည်လင်သမ္ပယုတ်တရား
တို့ကိုလည်း ကြည်လင်စေတတ်၍ စကြာမင်း၏ ကြာရတနာနှင့်တူ၏။

ဥစ္စာထုပ်ကို လက်နှင့် လှမ်းယူမှ ရသကဲ့သို့ သဒ္ဓါရှိမှ ပုညကြိယာ
ဥစ္စာထုပ်ကို ကောက်ယူနိုင်၍ သဒ္ဓါသည် လက်နှင့်တူ၏။

သဒ္ဓါသည် လောကီလောကုတ္တရာကျိုး အမျိုးမျိုးကိုပြီးစေနိုင်သော
ကြောင့် အသုံးအဆောင်ဝယ်ရန် ရွှေငွေ ရတနာနှင့်တူ၏။

သဒ္ဓါသည် လောကီ လောကုတ္တရာ ပွင့်သီးစုံကို ပေးသီးတတ်သော ကြောင့် မျိုးစေ့နှင့်လည်းတူ၏၊

တဏှာသည် သဒ္ဓါယောင်ဆောင်တတ်၏၊ သဒ္ဓါလွန်တော့ဘဏှာ ဖြစ်၏။

သဒ္ဓါအမျိုးမျိုး....

ပသာဒသဒ္ဓါ =ကြားရုံနှင့် ရတနာသုံးပါးအား ကြည်ညိုခြင်း၊
ဩကပ္ပနသဒ္ဓါ=ဂုဏ်ကို သက်ဝင် ဆင်ခြင်၍ ကြည်ညိုခြင်း၊
ပက္ခန္ဒန သဒ္ဓါ=အားကိုးအားထား ပြေးဝင်၍ ကြည်ညိုခြင်း၊
အာဂမနိယသဒ္ဓါ=ဘုရားအလောင်းတော်များ၏ ယုံကြည်ခြင်း၊
အဓိဂမသဒ္ဓါ=မဂ်ဉာဏ်နှင့်ယှဉ်သော အရိယာများ ယုံကြည်ခြင်း၊
အဓိမုတ္တိသဒ္ဓါ=မလှုပ်ရှား မခြောက်ချား နိုင်သော ယုံကြည်ခြင်း၊
မုဒ္ဓပ္ပသန္န=အရမ်းကာရော ယုံကြည်မှု ခေါ်ဟရ၏။

သတိ။ ။ကောင်းသော အရာ၌ အောက်မေ့ အမှတ်ရခြင်းသည် သတိမည်၏၊ မကောင်းမှု အရာ၌ အထပ်ထပ်အောက်မေ့အမှတ်ရခြင်း ကား မိစ္ဆာသတိ မည်သော အကုသိုလ် စိတ္တုပ္ပါဒ်ရ၏၊ အကျိုးမဲ့ကို ပယ်၍အကျိုးစီးပွါးကိုဆောင်တတ်သောကြောင့် ၊ ကြာမင်း၏သားကြီး ရတနာနှင့်တူ၏၊ အာရုံ၌မြဲမြန် စွဲမြဲသောကြောင့် တံခါးတိုင်နှင့်တူ၏၊ စက္ခုစသော ဒွါရ၌ အကုသိုလ် မဝင်လာအောင် စောင့်ရှောက် ထားသောကြောင့် တံခါးမှူးနှင့်လည်းတူ၏။

ပညာ နှင့် သတိ အထူး။ ။ပညာသည်သဘာဝကို ပိုင်းခြားကာ အပြားအားဖြင့် ထိုးထွင်း၍ သိ၏၊ သတိသည် ကုသိုလ် တရားများကို အမှတ်တရအောက်မေ့၏။ ဤပညာနှင့်သတိစေတသိက် ၂-ပါးသည် ကမ္မဋ္ဌာန်းအား ကျေးဇူးများလှ၍ ဥပကာရစေတသိက်မည်၏။

ဟိရိဩတ္တပ္ပ။ ။မကောင်းမှုဒုစရိုက် ပြုရမှာ ရှက်ခြင်းသည်ဟိရိ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ မည်၏။

ဟိရိသည် မိမိ၏ ဂေါတ္တ ဝယ သူရ ဗဟုဿုတကို စွဲ၍ဖြစ်၏၊

ဩတ္တပ္ပသည်ဗဟိဒ္ဓ-သီလဝန္တ ဒေသ ပညာ ဘိက္ခုကို စွဲ၍ဖြစ်၏၊

ပဒ္မိနီသည် မစင်လူးသော သံတုံးအေးကို ကိုင်ရန် ရွံသည်နှင့်တူ၏၊ ဩဒါတပုပ္ဖကား သံတုံးပူကို ကိုင်ရန် ကြောက်သည်နှင့် တူ၏။

ပဒ္မိနီသည် အမျိုးဂုဏ်ကို ငဲ့၍ ဖေါက်ပြားမှုမှ ရှောင်ရှားသော အမျိုးကောင်းသွေးမကဲ့သို့ မိမိ ဂုဏ်သိက္ခာကို ငဲ့၍မကောင်းမှုမှ ရှောင်ရှား၏၊

ဩဒါတပုပ္ဖသည် ပြည့်တန်ဆာမသည် မရှက်သော်လည်း ယောကျ်ားများနှင့် မဆက်ဆံရမှာ စိုး၍ ကိုယ်ဝန် ရမည်မှ ကြောက်လန့်သကဲ့သို့ ဆရာ မိဘ စသော ဗဟိဒ္ဓကို ငဲ့၍ မကောင်းမှုမှ ကြောက်လန့်သည်။

အလောဘ။ ။အာရုံကို မခုံမင် မငြိကပ်သော သဘောသည် လောဘ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်အလောဘ မည်၏၊ လှူတန်းပေးကမ်းနိုင်သော သဘော ဖြစ်၏၊ လောဘ၏နယ်ပယ်မှ လွတ်ထွက်ကြောင်း ဖြစ်၍ နေက္ခမ္မဓာတ်လည်း မည်၏၊ အဘိဇ္ဈာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အနဘိဇ္ဈာ မည်၏၊ အလောဘသည် ရဟန္တာနှင့်ရင်း ကြာရွက်နှင့်ပုဏ်းမစင်တွင်း ကျရောက်နေရသူနှင့်ရင်းတူ၏။

အဒေါသ။ ။မကြမ်းတမ်းခြင်း သဘော သည် ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အဒေါသမည်၏၊ ကွေကွင်းနေသော အဆွေခင်ပွန်းခြင်း တွေ့သကဲ့သို့ မေတ္တာသက်ဝင် ချစ်ခင်မှု ဖြစ်၍ မေတ္တာလည်း မည်၏၊ နွေကူးနံ့သာသည် ရေသို့ ချလျှင်အေးသွားသကဲ့သို့အဒေါသ မေတ္တာဓာတ်သည် ပင်ကို ပကတိအားဖြင့် ကိလေသာ အပူအပင်မှ ကင်းဝေး အေးမြစေတတ်၏။

ကျင့်သုံးရန်။ ။သွားလေရာ လာလေရာ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ တွေ့ကြုံသမျှ မြင်မြင်သမျှ (အစိမ်းအကျက်မရွေး) သတ္တဝါများအပေါ်မှာ "ကြမ်းမာကျပါစေ ချမ်းသာကြပါစေ" ဟု စိတ်နှလုံးအတွင်းက တတွတ်တွတ် ရွတ်ဘတ် ဆောက်တည်၍ ၁၀- ကြိမ်လောက် လေ့ကျင့် ကြည့်ပါဦးစမ်း ရဂုံ ပန်းမြိုင်ရုံကြီး အတွင်းမှာ သွားလာနေရဘိ သကဲ့သို့ မိမိ၏ ကိုယ်စိတ် နှစ်ဖြာ အလွန်အေးချမ်း၍ မွှေးကြိုင် သာယာစွာ ရှိပါလိမ့်မည်။ ဒို အဘိဓမ္မာ သင်တန်းသားတို့-သင်တို့၏ အဘိဓမ္မာ သင်ကြား လေ့လာရေးသည် မှတ်မိရုံ စာမေးပွဲအောင်ရုံမျှကိုသာ ရည်ရွယ်လျှင် နွားနို့ ရောင်းစားသော နွားကျောင်း

သွားနှင့်တူပေလိမ့်မည်၊ အမှန်မှာ မိမိတို့ဖတ်အားသ၍ မနောကံက စေ-ကာ လိုက်နာကျင့်ဆောင်ကြပါခဲ့မူ အဘိဓမ္မာ သင်ရကျိုးတတ်ရ ကျိုးနပ်ပေလိမ့်မည်၊ ခုရှေ့နောင် ပါတသံသရာလုံးအဖြေအနေကောင်း ပေလိမ့်မည်၊ ရတနာ တလုံးသည် သိန်းသန်း ကုဋေမကပြည့်ပါ တန် သကဲ့သို့ အသင်တို့ သင်ယူ တတ်မြောက် ထားရှိပြီးသော အဘိဓမ္မာ ရတနာများကိုလည်း ကျက်မှတ်ရုံသာမကဘဲ ကျင့်သုံးလိုက်နာ ပန်ဆင် ကြမှသာ အကျိုးထူးကို ရရှိကြပေလိမ့်မည် ဖြစ်၍ တတ်အား သရွေ့ လိုက်နာကျင့်သုံးကြပါကုန်လော့။

တတြမဇ္ဈတ္တတာ။ ။ရထားထိန်းသည် မြင်းနှစ်ကောင်ကို အညီ အမျှ ရှုသကဲ့သို့ သမ္ပယုတ် တရားတို့ကို အာရုံ၌ အပိုအလိုမရှိ အညီ အမျှ ရှုစေသော သဘောသည် တတြမဇ္ဈတ္တတာ မည်၏၊ ဥပေက္ခာ ဗြဟ္မဝိဟာရ ဥပေက္ခာ သမ္ဗောဇ္ဈင်အမည်ဖြင့် အထက်ပိုင်းတို့၌ သုံးစွဲ လိမ့်မည်။

ပဿဒ္ဓိ ၂-ပါး။ ။စေတသိက်အပေါင်း၏ အေးချမ်းသာယာမှု သည် ကာယပဿဒ္ဓိမည်၏၊ သောဘဏစိတ်၏ အေးချမ်း သာယာမှု သည် စိတ္တပဿဒ္ဓိ မည်၏၊ ကာယအရ သောဘဏစိတ်၌ ယှဉ်သော စေတသိက်အပေါင်းကိုယူ၊ စိတ္တအရသောဘဏစိတ်ကိုယူရ၏၊ နောက် နောက်လည်း ဤနည်းချည်းပင်။ ထိုချမ်းသာသာယာမှု ပဿဒ္ဓိ ၂-ပါးမရှိ သူသည် ကုသိုလ်ပြုရေး၌ ချမ်းမြေ့သာယာမှုကိုမရဘဲ တခြားအာရုံသို့ ဥဒ္ဓစ္စဖြင့်ဒေါင်စိုင်းနေတတ်၏၊ ဤပဿဒ္ဓိ ၂-ပါးသည် ဥဒ္ဓစ္စ၏ဆန့်ကျင် ဘက် ဖြစ်၏။

လဟုတာ ၂-ပါး။ ။စေတသိက် အပေါင်း၏မနုံ့ မနှေး ဝန် မလေးသော သဘောသည် ကာယလဟုတာ မည်၏၊ သောဘဏစိတ် များ၏ ပေါ့ပါးမှုသည် စိတ္တလဟုတာ မည်၏၊ ထိုလဟုတာ ၂-ပါး လက်ကိုင် ထားရှိသူသည် ကုသိုလ်ရေး၌ ဝန်မလေးဘဲ လည်ဝတ်မော်မော် မြော်လျက်နေ၏၊ အေးချမ်းသောရေ၌ ပစ်ချထားအပ်သော ကြာပန်းကဲ့ သို့ ရွှင်လန်းလျက်ရှိ၏၊ ထိနမိဒ္ဓစသော ကိလေသာတို့၏ ဆန့်ကျင် ဘက်ဖြစ်၏။

မုဒုတာ ၂-ပါး။ ။စေတသိက်အပေါင်း၏ နူးညံ့မှုသည်ကာယမုဒုတာမည်၏၊ သောဘဏစိတ်၏နူးညံ့မှုသည် စိတ္တမုဒုတာ မည်၏၊ ထိုတရား ၂-ပါး ရှိသူသည် ကုသိုလ်ရေး၌ နူးညံ့ ပြော့ပျောင်း အလွန်စိတ်ကောင်းရှိ၏၊ ဒိဋ္ဌိ မာနတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ကြမ်းထန်းထောင်လွှားသော ကုသိုလ်ရှင်အတုများ အနားသို့ မသီနိုင်၊ ဤတရား ၂-ပါးနှင့်ယှဉ်သော သောဘဏစိတ် အစစ်ရှိသော ကောင်းမှုရှင် မှန်လျှင် ကြမ်းထန်းထောင်လွှားမှု ဘယ်အခါမှ မရှိပေ။

ကမ္မညတာ ၂-မျိုး။ ။စေတသိက် အပေါင်း၏အမှု၌ ခန့်ကျန်းစွမ်းဆောင်နိုင်ခြင်းသည် ကာယကမ္မညတာ မည်၏၊ သောဘဏ စိတ်များ၏ ခန့်ကျန်းမှုသည် စိတ္တကမ္မညတာမည်၏၊ ကောင်းမှုအမျိုးမျိုးကို ပြီးမြောက်အောင် စွမ်းဆောင်နိုင်မှုသည် အမှု၌ခန့်ကျန်းသည် မည်၏၊ ထမ်းပိုးနပ်ပြီးသောနွားပခုံးပေါ်၌ ထမ်းပိုးတင်သောအခါငြိမ်သက်စွာ ရန်းဆောင်သကဲ့သို့ ဤတရား ၂-ပါး ကိန်းသူသည် ကောင်းမှု အရာ၌ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည်၊ ဤ ၂-ပါးသည်လောဘ၏ ဆန့်ကျင်ဘက် ဖြစ်၏။

ပါဂုညတာ ၂-မျိုး။ ။အလေ့အကျင့်ရ၍ ကောင်းမှု၌ နပ်နော ကျင်လည်ခြင်းသည် ပါဂုညတာ မည်၏၊ ဤတရား ၂-ပါးကင်းသူသည်မျောက်ကိုရေနက်မှာ ပစ်ချသကဲ့သို့ ရိုင်းစိုင်းနေတတ်၏၊ဤတရား ၂-ပါးကိန်းကာ လေ့ကျင့်ခန်းရရှိသူမှာ ကုသိုလ်ကောင်းမှုအရာမှာ လိမ္မာကျွမ်းကျင်လှ၍ မိကျောင်းကို ရေချသကဲ့သို့၎င်း၊ ရှဉ့်လိပ်ကို ရေ၌ လွှတ်သကဲ့သို့၎င်း အလွန်ကျွမ်းကျင်စွာ ပြုလုပ်ဆောင်ရွက်တတ်သည်၊ ဤ ၂-ပါးသည် မခန့်ကျန်းအောင် ပြုတတ်သောအသဒ္ဓိယ{ဝန်တိုခြင်း} ၏ ဆန့်ကျင်ဘက်ဖြစ်၏။

ဥဇုကတာ ၂-ပါး။ ။ကုသိုလ်ရေး၌ မကွေ့မတွန့်ဘဲ တဖြောင့်တည်းတသမတ်ထည်းဖြစ်ခြင်းသည်ဥဇုကတာမည်၏၊ဤတရား ၂-ပါး ကင်းသူသည် ကုသိုလ်ကောင်းမှုရေး၌ အရက်မူးသမားလမ်းလျှောက်သကဲ့သို့ ကွေ့ကွေ့ကောက်ကောက်နှင့် ရှုံ့ချီနှပ်ချီမတည်မဖြောင့် ရှိလှ၏၊ ကောက်ကွေ့ လှသော မာယာ သာဌေယျတို့၏ ဆန့်ကျင်ဘက်

ဖြစ်၏၊ အထူးမှတ်သားရန်မှာ-သောဘဏစိတ် အားလုံးသည်စိတ်မည်၏၊ ၎င်း၌ ယှဉ်သမျှသော အညသမာန်းနှင့် သောဘဏစေတသိက် အပေါင်းသည် ကာယမည်၏၊ သောဘဏစိတ်၌ သောဘဏစေတသိက် စုသာ ယှဉ်၍ သောဘဏ စေတသိက် အပေါင်းကိုသာ ကာယ အရ မကောက်ရ။

ဝိရတိစေတသိက် ၃-ပါး။ ။သမ္မာဝါစာ။ ။ကောင်းသော စကားကို ဆိုခြင်းသည် သမ္မာဝါစာမည်၏၊ အသက်မွေးမှုကို မငဲ့ဘဲ ပစ္စုပ္ပန်ဘဝ၌ အကဲ့ရဲ့ခံရမည့်ဘေး အပါယ်ဘေးစသော ဗဟိဒ္ဓအာရုံကို အာရုံပြုငဲ့ကွက်ကာ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်သဖြင့်ဝစီကံလေးပါး၏ စင်ကြယ်မှုကို ယူရ၏၊ ဝစီကံ ၄-ပါးကို ကောင်းစွာပြောနေသည်ဖြစ်စေ၊မပြောဘဲ နေသည်ဖြစ်စေ အစဉ်ဒွာန် ဆောက်တည်ပြီးနောက် ရှောင်ကြဉ်နေခြင်းသည် သမ္မာဝါစာ မည်တော့၏။

သမ္မာကမ္မန္တ။ ။အသက်မွေးမှုကို မငဲ့ဘဲ အပါယ်ဘေ စသော ဗဟိဒ္ဓအပြစ်ကို ငဲ့ကြောက်ကာ ကာယကံ ၂-ပါးမှ ရှောင်ကြဉ်မှုသည် သမ္မာကမ္မန္တမည်၏၊ ဤစေတသိက် ၂-ပါးသည် ဗဟိဒ္ဓအပြစ်ဘေးကို ငဲ့၍ ရှောင်ကြဉ်သည်၊ အသျှာကိုမငဲ့ပေ။

သမ္မာအာဇီဝ။ ။ထိုကာယဒုစရိုက် ဝစီဒုစရိုက် ၇-ပါးကိုမှီ၍ စားရေး သောက်ရေး အသက်မွေးမှုကို ငဲ့၍ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝမည်၏။

အသက်မွေးမှုကို ငဲ့,မငဲ့ အထူး။ ။ပါဏာတိ ပါတမှ စသည်ကို ပြရာ၌ ခုဘာမှာ မကောင်းသတင်း ဖြစ်ရခြင်း နောင်တမလွန်၌ အပါယ်ဘေးနှင့် တွေ့ကြုံ ရခြင်း စသော ဗဟိဒ္ဓ ဘေးရန်ကို ငဲ့ကာ ဝစီဒုစရိုက် ကာယဒုစရိုက်မှ ရှောင် ကြဉ် လျှင် သမ္မာဝါစာ သမ္မာကမ္မန္တဖြစ်၏၊ ငါသည် သူတပါး အသက်ကို သတ်ဖြတ် စားသောက်လျှင် ငါသည်လည်းသူတပါး၏သတ်ဖြတ်ခြင်းကိုခံရလတံ့၊ထို့ကြောင့် ငါသည် သူတပါးအသက်ကို သတ်ဖြတ်၍မစားတော့ပြီးဟု အသက်မွေးမှု အာဇီဝနှင့် စပ်ကာ အာဇီဝ ဟေတုကို ငဲ့၍ ရှောင်ကြဉ်လျှင်

သမ္မာအာဇီဝ ဖြစ်၏၊ သေမည်စိုး၍ အဆိပ်သီးကို မစားဝံ့သူ ကဲ့သို့ သမ္မာအာဇီဝသည် မိမိဟူသောအတ္တဘောကိုအာရုံပြု၍ရှောင်ကြဉ်သည်။ ရှေ၊ ၂—ပါးကား ဗဟိဒ္ဓာကိုအာရုံပြုသည်။

သမာဒါန၊ သမ္ပတ္တ၊ သေဒ သုံး သုံးလီ၊
ဝါစာ ကမ္မံ၊ အာဇီဝံ၊ သုံးတန်ဝိရတီ။

ဝိရတီသည် (က) သမာဒါန ဝိရတီ
(ခ) သမ္ပတ္တ ဝိရတီ
(ဂ) သမုစ္ဆေဒ ဝိရတီ ဟူ၍ ၃-မျိုးရှိ၏။

(က) ငါသည် သူတပါး အသက်ကို မသတ်ပါ၊ "ပါဏာတိပါတာ ဝေရမဏီ" ဟုနှုတ်မြွက်ခြင်း ဓိဋ္ဌာန်ခြင်းအားဖြင့် ရှောင်ကြဉ်မှုသည် သမာဒါနဝိရတီ၊ ပစ္စုပ္ပန် အနာဂတ် ကာလ ၂-ပါးကို အာရုံပြု၏။

(ခ) ရှေးဦးစွာ ကြိုတင် ဆောက်တည်မှု မရှိဘဲ လက်တွေ့ ကြုံလာသောဒုစရိုက်မှရှောင်ကြဉ်မှုသည် သမ္ပတ္တဝိရတီမည်၏၊ ပစ္စုပ္ပန်ကာလကိုအာရုံပြု၏။

(ဂ) မဂ်ဖြင့် ဒုစရိုက်မှုကို အမြစ်ပြတ်အောင် ပယ်၍ ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်မှုသည် သမုစ္ဆေဒဝိရတီမည်၏၊ ပစ္စုပ္ပန်အနာဂတ်ကာလ ၂-ပါးကို အာရုံပြု၏၊ တပါးလျှင် ၃-မျိုးစီရ၍ ဝိရတီ ၉-မျိုး ဖြစ်၏။

သမ္မာဝါစာသည် (က) ကထာသမ္မာဝါစာ
(ခ) စေတနာ သမ္မာဝါစာ
(ဂ) ဝိရတီ သမ္မာဝါစာ ဟူ၍ ၃-မျိုးရှိ၏။

(က) ကောင်းစွာဆိုအပ်သော စကားသည် ကထာသမ္မာဝါစာ၊
(ခ) စကားကောင်းကို ဖြစ်စေသော စေတနာသည် စေတနာသမ္မာဝါစာ၊
(ဂ) ဝစီ ဒုစရိုက်မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပြီး ရှောင်ကြဉ်မှုသည် ဝိရတီ သမ္မာဝါစာမည်၏၊ ဤအရာ၌ ဝိရတီ သမ္မာဝါစာကိုသာယူအပ်၏။

သမ္မာကမ္မန္တသည် (က) ကြိယာ သမ္မာကမ္မန္တ
(ခ) စေတနာ သမ္မာကမ္မန္တ
(ဂ) ဝိရတိ သမ္မာကမ္မန္တဟု ၃-မျိုးရှိ၏။

(က) အပြစ်ကင်းသောကာယကံ လှုပ်ရှားမှုဟူသမျှသည်ကြိယာ သမ္မာကမ္မန္တမည်၏၊

(ခ) အပြစ်ကင်းသော ကာယကံ လှုပ်ရှားမှုကို ဖြစ်စေသော စေတနာသည် စေတနာ သမ္မာကမ္မန္တမည်၏၊

(ဂ) ကာယ ဒုစရိုက်မှ ရှောင်ကြဉ်ပါ၏ ဟု ဆောက်တည်ပြီး ရှောင်ကြဉ်မှုသည် ဝိရတိ သမ္မာကမ္မန္တ မည်၏၊ ဤ အရာ၌ ဝိရိယ သမ္မာကမ္မန္တကိုသာ အလိုရှိအပ်၏။

သမ္မာအာဇီဝသည် (က) ဝိရိယ သမ္မာ အာဇီဝ
(ခ ဝိရတိ သမ္မာအာဇီဝဟု ၂-မျိုးရှိ၏။

(က) အပြစ်ကင်းသော တောင်သူ လယ်သမား အလုပ်စသော အားထုတ်ကြိုးစားမှုဖြင့် အသက်မွေးခြင်းသည် ဝိရိယ သမ္မာ အာဇီဝ မည်၏။

(ခ) အသက်မွေးမှုဌာက ကာယဒုစရိုက် ဝစီဒုစရိုက်မှ ဆောက်တည်ရှောင်ကြဉ်မှုသည် ဝိရတိ သမ္မာအာဇီဝမည်၏၊ ဤအရာ၌ ဝိရတိ သမ္မာအာဇီဝကိုသာ အလိုရှိအပ်၏၊

အပ္ပမညာ ၂-ပါး။ ။ကရုဏာ။ ။ဆင်းရဲဒုက္ခရောက်နေသော ဒုက္ခိတသတ္တဝါပုဂ္ဂိုလ်ကို မြင်လျှင် သနားကျင်နာခြင်း သဘောသည် ကရုဏာ မည်၏၊ ငါ သူတပါး ယောက်ျား မိန်းမ လူ ဖြစ်သော အသုံး အနှုန်းများသည် ပညတ်မျှဖြစ်၍ သတ္တဝါပညတ်ခေါ်သည်၊ ဥပမာ– သားသမီးတို့၌ ရောဂါဝေဒနာ ပြင်းစွာ ကျရောက် ခံစား နေရသည်ကို မြင်ရသော မိခင်သည် ငါ၏ သားသမီးများဟာ ဘယ်အခါ ဝေဒနာ ပျောက်ပါလိမ့်မည်နည်း၊ ယခုချက်ချင်း ဝေဒနာကင်းပျောက်ပါမှကား ကောင်းလေစွဟု သနားကျင်နာခြင်းမျိုးကဲ့သို့ ဒုက္ခိတ သတ္တဝါများကို မြင်ရ ကြားရကြုံရသောအခါ ဤသတ္တဝါများသည် ဘယ်အခါဆင်းရဲ

ခြင်းမှ လွတ်ကင်းပါအံ့နည်း၊ ယခုချက်ခြင်းဆင်းရဲကင်း၍ ချမ်းသာခြင်း ရောက်ကြလျှင် ကောင်းလေစွ ဟု သနား ကျင်နာမှုသည် ကရုဏာ မည်၏။

မုဒိတာ။ ။သုခိတသတ္တဝါ မြင်လျှင် ဝမ်းမြောက်၍ဝမ်းသာ ဖြစ်ခြင်းသည်မုဒိတာမည်၏၊ ဥပမာ-သားသမီးတို့၏အရွယ်အဆင်းစည်းစိမ် အခြွေအရံများနှင့်ပြည့်စုံပျော်ရွှင်စွာနေထိုင်စားသောက်နေကြသည်ကို မြင်ရသော မိခင်သည် ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ စည်းစိမ် ဥစ္စာ အခြွေအရံအရွယ်အဆင်းနှင့်ပြည့်စုံသူကိုမြင်လျှင်လဝန်းကြီးမြင်ရသော ကလေး သူငယ်ကဲ့သို့ ဝမ်းသာမှုသည် မုဒိတာမည်၏၊ ဤ အပ္ပမညာ စေတသိက် ၂-ပါးသည် ဗဟိဒ္ဓ သတ္တဝါ ပညတ်ကို အာရုံပြု၏၊ အဆုံး အပိုင်းအခြားမရှိသော သတ္တဝါပညတ်ကို အာရုံပြု၍ ဖြစ်သောကြောင့် ဤ စေတသိက် ၂-လုံးသည် အပ္ပမညာမည်၏၊ ကမ္မဋ္ဌာန်းပိုင်း၌ ဗြဟ္မ ဝိဟာရ အမည်ဖြင့် အသုံးပြုလိမ့်မည်၊ ထို ဗြဟ္မဝိဟာရ လေးပါး၌ အဒေါသဖြင့် မေတ္တာကို တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာဗြဟ္မဝိဟာရကို ဆိုလတံ့။ မိမိနှင့် အဆက်အသွယ် မကင်းသော ဆရာ မိဘ သား သမီး အခြွေအရံ သူငယ်ချင်း အပေါင်းအသင်းများ အပေါ်မှာ သနားခြင်း ဝမ်းသာခြင်းများဖြစ်သော်လည်း ဒေါမနဿနှင့်တကွသော အရင်းခံသော ကရုဏာတု မုဒိတာတုများသာဖြစ်၏၊ ဗြဟ္မဝိဟာရအစစ်ကား အတော်ခဲယဉ်းလှ၏။

ပညိန္ဒြေ။ ။အပြားအားဖြင့် သိတတ်အစိုးတရ ဖြတ်တတ်သော ကြောင့် ပညိန္ဒြေမည်၏၊ အဝိဇ္ဇာ မောဟ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဝိဇ္ဇာ ဟူ၍၎င်း အမောဟ ဟူ၍၎င်း ခေါ်၏၊ လောက၌ လိမ်လည် ကောက် ကျစ်မှု လှည့်စားမှု အမျိုးမျိုးတို့၌ အသုံးပြုကြသော ဉာဏ်နီ ဉာဏ်နက် ပလိပ် ခြောက်ချက် များကား လောဘ မောဟ ဒိဋ္ဌိ ဝိတက်စသော အကောက်ဉာဏ် ၆-ပါး၏ သက်ချက်သာဖြစ်၏၊ ပညာစစ်မဟုတ်ပေ။

အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ အမောဟ။

သောဘဏစေတသိက်။ ။သဒ္ဓါ အစ ပညိန္ဒြေ အဆုံးရှိသော ဤ စေတသိက်စု ၂၅-လုံးသည် တင့်တယ် ကောင်းမြတ်သောကြောင့် သောဘဏ စေတသိက်မည်၏။

သညာ ဝိညာဏ် ပညာ အထူး။ ။သညာသည် ကလေးသည် ဝါတာတာကလေးမျှကိုသာ သိသကဲ့သို့ မှတ်သိရုံသာ ဂုဏ်တပါးနှင့်၏၊ လက္ခဏာကိုကား ထိုးထွင်း၍ မသိ၊ ဝိညာဏ်ကား မှတ်၍သိရုံ မက ထိုးထွင်း၍လည်း သိ၏၊ မဂ်ဖိုလ်သို့ မရောက်စေနိုင်၊ ဂုဏ် ၂-ပါးရှိ၏၊ ကလေးရလာသော ငါ့ဝါ့ကလေးကို ရွှေဘဲ ဟု မိခင်၏ အသိနှင့်တူ၏၊ ပညာသည် မှတ်၍လည်းသိ, ထိုးထွင်း၍လည်းသိ‘ မဂ်ဖိုလ်သို့လည်း ရောက်စေနိုင်၏၊ ဂုဏ်ရည် ၃-ပါးရှိ၏၊ ရွှေပန်းထိမ် ဆရာ၏ အရည် အသားအတိုးစားနားနှင့် တကွ သိသည်နှင့် တူ၏။

သောဘဏ စေတသိက်စု ၂၅–လုံးပြီး၏

---

## သမ္ပယောဂနည်း ၁၆-ပါး

သမ္ပယောဂ။ ။စေတသိက်ကို ကိုင်၍ ဤစေတသိက်သည် စိတ် မည်မျှ၌ ယှဉ်၏ဟု ပြောသောနည်းသည် သမ္ပယောဂနည်း မည်၏၊

တေသံ စိတ္တာဝိယုတ္တာနံ, ယထာယောဂ မိတော ပရံ၊
စိတ္တုပ္ပါဒေသု ပစ္စေကံ, သမ္ပယောဂေါ ပဝုစ္စတိ။

ဤမှ နောက်၌ စိတ်နှင့်အမြဲ ယှဉ်ကုန်သော စေတသိက်တို့၏ စိတ်တို့၌ အသီးသီး သင့်သလို ယှဉ်သော သမ္ပယောဂ နည်းကို ဆိုပေအံ့။

သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ, ယထာယောဂံ ပကိဏ္ဏကာ၊
စုဒ္ဒသာကုသလေသွေဝ, သောဘဏေသွေဝ သောဘဏာ။

၇-ပါးသော စေတသိက်တို့သည် စိတ်အားလုံးတို့၌ ယှဉ်ကုန်၏၊

ပကိဏ်း ၆-လုံးသည် သင့်သလို ဖြိုးဖြွမ်း၍ ယှဉ်၏၊

အကုသိုလ် ၁၄-လုံးသည် အကုသိုလ် ၁၂-ပါး၌ ယှဉ်၏။

သောဘဏာ ၂၅-လုံးသည် သောဘဏာစိတ်များ၌ ယှဉ်၏။

မှတ်သားရန်။ ။စေတသိက်သမ္ပယောဂနယ။ စိတ်တို့၌ စေတသိက်တို့၏ယှဉ်ပုံကိုပြောသောနည်းသည်သမ္ပယောဂနည်းမည်၏ ဟု ပြ၏။

ယထာယောဂံ ပစ္စေကံ သမ္ပယောဂေါ။ ။ပကိဏ်းအကုသလ သောဘဏာစေတသိက်များ၏ စိတ်၌ ယှဉ်သော အခါသင့်သလိုသာ ယှဉ်၏ ဟု ပြ၏၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် အတွက် ယထာ ယောဂံ မလို၊စိတ်တိုင်းနှင့် ယှဉ်သောကြောင့် ယထာယောဂံဖြင့် အထူး မပြုရ၊ အသီးသီးသော စေတသိက်များ၏ယှဉ်နည်းကိုပြမည်ဟုပစ္စေကံ ဖြင့်ပြ၏၊အသီးသီးဆိုရာ၌ တလုံးစီ၏ သမ္ပယောဂနည်း ဟု ယူ။

သတ္တ သဗ္ဗတ္ထ။ ။ဤဂါထာသည် စေတသိက်ကို ၄-စု ခွဲကာ သမ္ပယောဂနည်း ခေါင်းစဉ် အကျဉ်းချုပ်ယှဉ်ရာ နယ်ပယ်ကို ကန့်သတ် ပြသောဂါထာဖြစ်၏၊ဤဂါထာ၏ယထာယောဂံအဓိပ္ပါယ်မှာ ပကိဏ်း အကုသလ သောဘဏာ စေတသိက်များအတွက်သာ ဆိုင်၏၊သဗ္ဗစိတ္တ သာဓာရဏစေတသိက်အတွက်ယထာယောဂံနှင့်မဆိုင်ပေ အထက်ပါ ယထာယောဂံနှင့် တူ၏။

## သဗ္ဗစိတ္တသာဓာရဏစေတသိက် သမ္ပယောဂနည်း

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးသည် စိတ်အကျဉ်း ၈၉, အကျယ် ၁၂၁-ပါးလုံး၌ယှဉ်၏၊ထို့ကြောင့်ဖဿသည် အကျဉ်း ၈၉-လုံး အကျယ် ၁၂၁-လုံးရှိ၏ ဟု ယှဉ်ရာစိတ်လုံးရေနှင့် ညီမျှသောစေတသိက် လုံးရေကို ရေတွက်ယူရ၏။

သို့ဖြစ်၍ သဗ္ဗစိတ္တသာဓာရဏ စေတသိက်များသည်—

အကျဉ်း ၈၉×၇=၆၂၃=လုံး ဖြစ်၏၊

အကျယ် ၁၂၁×၇=၈၄၇—လုံး ဖြစ်၏၊

## ပကိဏ်းစေတသိက် သမ္ပယောဂနည်း ၆

ဝိတက်=အယှဉ် ၅၅၊ မယှဉ် ၆၆--

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် | ၄၄ |
| ပဉ္စမဈာန်စိတ် | ၁၁ |

ပေါင်း ၅၅ ပါးသော စိတ်နှင့် ယှဉ်၏။

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀ |
| ဒုဈာန် ၁၁၊တ-၁၁၊စ-၁၁= | ၃၃ |
| ပဉ္စမဈာန် ........ | ၂၃ |

ပေါင်း ၆၆-ပါးသော စိတ်နှင့် မယှဉ်။

ဝိစာရ=အယှဉ် ၆၆၊ မယှဉ် ၅၅–

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် | ၄၄ |
| ပဈာန် ၁၁ ဒုဈာန် ၁၁= .... | ၂၂ |

ပေါင်း ၆၆-ပါးသော စိတ်နှင့်ယှဉ်၏။

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် | ၁၀ |
| တ-ဈာန် ၁၁၊ စ-ဈာန် ၁၁= | ၂၂ |
| ပဉ္စမဈာန် | ၂၃ |

ပေါင်း ၅၅ ပါးသော စိတ်နှင့် မယှဉ်။

အဓိမောက္ခ=မယှဉ် ၁၁၊ အယှဉ် ၇၈-

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀ |
| ဝိစိကိစ္ဆာ | ၁ |

ပေါင်း ၁၁-ပါးသော စိတ်နှင့် မယှဉ်၊
ကျန် ၇၈ ပါးသော စိတ်နှင့် ယှဉ်၏။

## အဘိဓမ္မာသင်တန်း

ဝီရိယ= မယှဉ် ၁၆၊ အယှဉ် ၇၃–

| | | |
|---|---|---|
| နေ့ပဉ္စဝိညာဏ် | .... | ၁၀ |
| ပဉ္စဒွါရာဝဇ္ဇန်း | .. | ၁ |
| သမ္ပဋိစ္ဆိုန်း | .... | ၂ |
| သန္တီရဏ | ...... | ၃ |

ပေါင်း ၁၆-ပါးနှင့်မယှဉ်၊ ကျန် ၇၃ ပါးနှင့်ယှဉ်၏။

ပီတိ=အယှဉ် ၅၁၊ မယှဉ် ၇၀–

| | | |
|---|---|---|
| လောဘမူ | သောမနဿ သဟဂုတ် | ၄ |
| အဟိတ် | သောမနဿ သဟဂုတ် | ၂ |
| မဟာကုသိုလ် | သောမနဿ သဟဂုတ် | ၄ |
| မဟာဝိပါက် | သောမနဿ သဟဂုတ် | ၄ |
| မဟာကြိယာ | သောမနဿ သဟဂုတ် | ၄ |
| ပ-ဈာန် ၁၁၊ ဒု-ဈာန် ၁၁၊ တ-ဈာန် ၁၁= | | ၃၃ |

ပေါင်း ၅၁-ပါးသော စိတ်နှင့် ယှဉ်၏။

| | | |
|---|---|---|
| ဒေါသမူနှစ်း | ... | ၂ |
| ဥပေက္ခာသဟဂုတ်စိတ် | .... | ၅၅ |
| ကာယဝိညာဏ်နှစ်း | ........ | ၂ |
| စတုတ္ထဈာန်စိတ် | ........ | ၁၁ |

ပေါင်း ဤစိတ် ၇၀-နှင့် မယှဉ်။

ဆန္ဒ=အယှဉ် ၆၉၊ မယှဉ် ၂၀-

| | | |
|---|---|---|
| လောဘမူစိတ် | ........ | ၈ |
| ဒေါသမူစိတ် | ... | ၂ |
| သောဘဏစိတ် | .... | ၅၉ |

ပေါင်း ၆၉-ပါးနှင့်ယှဉ်၏။

| | | |
|---|---|---|
| မောဟမူဒွေး | .... | ၂ |
| အဟိတ်စိတ် | ........ | ၁၈ |

ပေါင်း ၍စိတ် ၂၀-နှင့် မယှဉ်။

မှတ်သားရန်။ ။ဒွေးပဉ္စဝိညာဏ် ၁၀—သည် အားနည်းသောကြောင့် ထိုစိတ်များ၌ ပကိဏ်းစေတသိက်များ မယှဉ်။

ဝိတက္ကဝိရောဂဘာဝနာဖြင့် ပယ်အပ်သောကြောင့် ဝိတက်သည် ဒု—တ—စ—ပဥ္စမဈာန်များ၌ မယှဉ်။

ဝိစာရဝိရာဂဘာဝနာဖြင့် ပယ်အပ်သောကြောင့် ဝိစာရသည် တ—စ—ပဥ္စမဈာန်များ၌ မယှဉ်။

ပီတိဝိရာဂဘာဝနာဖြင့် ပယ်အပ်သောကြောင့် ပီတိသည် စတုတ္ထ,ပဥ္စမဈာန်များ၌ မယှဉ်။

ဝိစိကိစ္ဆာသည် ဆုံးဖြတ်နိုင်အောင် ဆောက်တည်ရာ မရှိသောကြောင့် ထိုစိတ်၌ အဓိမောက္ခ မယှဉ်း

နှစ်သိမ့်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဒေါမနဿသဟဂုတ် ဥပေက္ခာ သဟဂုတ်စိတ်များ၌ ပီတိ မယှဉ်။

မောဟမူဒွေးနှင့် အဟိတ်စိတ်များ၌ လိုလားမှု မရှိသောကြောင့် ဆန္ဒသည် ထိုစိတ်များ၌ မယှဉ်။

တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ—

ဆသဋ္ဌိ ပဉ္စပညာသ, ဧကာဒသ စ သောဠသ၊
သတ္တတိ ဝီသတိ စေဝ, ပကိဏ္ဏက ဝိဝဇ္ဇိတာ။
ပဉ္စပညာသ ဆသဋ္ဌိ, ဋ္ဌသတ္တတိ တိသတ္တတိ၊
ဧကပညာသ စေကူန, သတ္တတိ သ—ပကိဏ္ဏကာ။

| စေတသိက် | ယှဉ် | မယှဉ် | ပေါင်း |
|---|---|---|---|
| ဝိတက် ........ | ၅၅+ | ၆၆= | ၁၂၁ |
| ဝိစာရ ........ | ၆၆+ | ၅၅= | ၁၂၁ |
| အဓိမောက္ခ.... | ၇၈+ | ၁၁= | ၈၉ |

| | | | | |
|---|---|---|---|---|
| ဝီရိယ | ........ | ၇၃ + | ၁၆ = | ၈၉ |
| ပီတိ | ........ | ၅၁ + | ၇၀ = | ၁၂၁ |
| ဆန္ဒ | ........ | ၆၉ + | ၂၀ = | ၈၉ |

မှတ်သားရန်။ ။ဝိတက် ဝိစာရ ပီတိ သုံးလုံးသည် ဈာန်အင်္ဂါများနှင့် စပ်၍ သရုပ်ခွဲမှ ယှဉ်ရာ စိတ်များကိုရေတွက်၍ ဖြစ်နိုင်သောကြောင့် ထိုစေတသိက် သုံးလုံးအတွက် စိတ်အကျယ်ခွဲ၍ ယှဉ်ပြရသည်၊ ကျန်စေတသိက် သုံးလုံးမှာ အကျဉ်းအကျယ်မထူးခြားလှ၍ အကျဉ်းအားဖြင့်ပင် ယှဉ်ပြလေသည်၊ အကယ်၍ အဓိမောက္ခ ဝီရိယ ဆန္ဒတို့၏ ယှဉ်ရာစိတ်အကျယ်ကို ရေတွက်လိုလျှင် အဓိမောက္ခသည် အကျယ် ၁၁၀-၌၊ ဝီရိယသည် ၁၀၅-၌၊ ဆန္ဒသည် ၁၀၁-နှင့် ယှဉ်၏။

အညသမာန်း သမ္ပယောဂနည်း ၇-ပြီးပြီ

## အကုသိုလ် သမ္ပယောဂနည်း ၅ပါး

မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ဤ (မော-စတုက်) စေတသိက် ၄ လုံးသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်သောကြောင့် သဗ္ဗာကုသလသာဓာရဏ စေတသိက်မည်၏။

လောဘသည် လောဘမူစိတ် ၈-ပါးနှင့် ယှဉ်၏၊
ဒိဋ္ဌိသည်ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ယှဉ်၏၊
မာနသည်ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးနှင့်ယှဉ်၏၊
ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဤ(ဒေါစတုက်) ၄လုံးသည် ဒေါသမူစိတ် ၂-ပါး၌ ယှဉ်၏၊
ထိနနှင့် မိဒ္ဓသည် သသင်္ခါရိကစိတ် ၅-ပါးနှင့်ယှဉ်၏။
ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂုတ် စိတ်၌သာ ယှဉ်၏။

သဗ္ဗာ ပုညေသု စတ္တာရော, လောဘမူလေ တယောဂတာ၊
ဒေါသမူလေသု စတ္တာရော, သသင်္ခါရေ ဒွယံ တထာ။
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ, စိတ္တေ စာတိ စတုဒ္ဒသ၊
စုဒ္ဒသ ကုသလေသွေ၀ သမ္ပယုဇ္ဇန္တိ ပဉ္စဓာ။
မော-စတုက် ၄—လုံးသည် အကုသိုလ်စိတ် ၁၂—၌
လော-ဒိ-မာ သုံးလုံးသည် လောဘမူစိတ် ၈—၌
ဒေါ-စတုက် ၄—လုံးသည် ဒေါသမူစိတ် ၂—၌
ထိန, မိဒ္ဓ ၂—လုံးသည် သသင်္ခါရိကစိတ် ၅—၌
ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁—၌

ဤသို့ အကုသလ သမ္ပယောဂနည်း ၅-ပါး ဖြစ်သတည်း။

မှတ်သားရန်။ ။တွေဝေခြင်း အရှက်ကင်းခြင်းအကြောက်အလန့်ကင်းခြင်းပြန့်လွင့်ခြင်း ဤသဘောတရား (မော စတုက်) ၄-ပါးသည် အကုသိုလ် ဖြစ်တိုင်း ဖြစ်တိုင်း မူလ အခြေခံ ခေါင်းဆောင်များ ဖြစ်ကြ၍ အကုသိုလ်စိတ် အားလုံး၌ ယှဉ်သောကြောင့် သဗ္ဗာကုသလသာဓာရဏစေတသိက်အမည်ရသည်၊ မှန်၏-မတွေဝေသူ အသိဉာဏ်ရှိသူ အရှက် အကြောက် ရှိသူ တည်ကြည်သူများ၌ အကုသိုလ် မဖြစ်နိုင်ခပ၊

ဒိဋ္ဌိသည် ခန္ဓာ ငါးပါး၌ ငါဟု ပြင်းထန်စွာ စွဲလန်းပြီး အတ္တဘဲ နိစ္စဘဲ ဟု မှားသောအားဖြင့် သုံးသပ်၏၊

မာနသည် ငါဟူသောအစွဲလန်းပေါ်မှာ ငါသာတတ် ငါသာမြတ် ဟု ထောင်လွှားသောအားဖြင့် သုံးသပ်၏။

ဤသို့ မှားသောအားဖြင့် သုံးသပ်ပုံနှင့် ထောင်လွှားသော အားဖြင့် သုံးသပ်ပုံ သဘောမတူကြသောကြောင့် ထိုစေတသိက် ၂-ပါးသည် တပေါင်းတည်း အတူပူးတွဲ၍ မဖြစ်နိုင်၊ မာနသည် အနာဂါမ်ထိအောင် ကိန်း၏၊ ဒိဋ္ဌိသည် ပုထုဇဉ် သန္တာန် မှာသာ ဖြစ်၏၊ ဤ သို့လည်း သဘာဝချင်း မတူကြ၍ အတူမဖြစ်နိုင်။

ဋီကာကျော်ဝါဒ။ ။ဤဒိဋ္ဌိနှင့်မာနသည် ခေါင်းဆောင်ထိပ်သီး ချည်းဖြစ်ကြ၍ ခြင်္သေ့မင်း ၂—ကောင် တဂူတည်း မနေအောင်းသကဲ့သို့

တပြိုင်နက်အတူ မဖြစ်နိုင်ကြ၊ မာနသည် မိမိကိုယ်ကို ချစ်ခင်စုံမက်မှု အပေါ်မှာ အခြေတည်ကာ ဖြစ်လာရသဖြင့် လောဘ အရင်းခံရှိသော ကြောင့် ဒေါသမူ မောဟမူ စိတ်များနှင့်မယှဉ်ဘဲ လောဘမူစိတ် နှင့်သာ ယှဉ်ရသည်။

ဒေါစတုက်။ ။ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ သုံးလုံးသည် ကြမ်းကြုတ်ခြင်း ငြူစူခြင်း နှောင်တ ပူပန်ခြင်းအားဖြင့် ဖြစ်ကြသောကြောင့် ဒေါသမူ ဒွေး၌ ဖြစ်ကြပုံ ယှဉ်ကြရပုံမှာ ထင်ရှားလှ၏။ မစ္ဆရိယသည် မိမိ၏ စည်းစိမ်ကို သာယာမက်မောမှု လောဘအရင်းခံသောကြောင့် လောဘမူစိတ်မှာယှဉ်နိုင်သလော ဟု တွေးတောဘွယ်ရှိ၏၊ သို့ရာတွင် မိမိစည်းစိမ်ကို သူတပါးနှင့် ဆက်ဆံမည့်အရေးကြောင့် သည်းမခံနိုင်ဘဲ ပူပူပင်ပင်ဖြစ်သောကြောင့် အမှန်အားဖြင့် ဒေါသမူ ဒွေးမှာသာ ယှဉ်လေသည်။

ထိနနှင့် မိဒ္ဓ။ ။ဤ ၂-ပါးသည် အမှုအခွင့် မခန့်သော အပျော့စား အညံ့စား ရှုနာသယ် ဖြစ်၏၊ ထို့ကြောင့် ထက်မြက်သော အသင်္ခါရိက စိတ်များ၌ မယှဉ်နိုင်၊ ဥပမာ—နာဖျားမကျန်း ရှိနေသူသည် ကျန်းမာသန်စွမ်းသူနှင့်ဘဲ တက်၍ လည်ပတ်သွားလာမှုကိုမပြုနိုင်သကဲ့သို့တည်း။

အကုသိုလ် သမ္ပယောဂနည်း ၅-ပါး ပြီး၏

## သောဘဏ သမ္ပယောဂနည်း ၄ ပါး

**သောဘဏ သာဓာရဏ** စေတသိက် ၁၉-လုံးသည် အားလုံးသော သောဘဏစိတ် ၅၉-ပါးနှင့် ယှဉ်၏။

**ဝိရတိ** စေတသိက် သုံးလုံးသည် လောကုတ္တရာစိတ် ၈-ပါး၌ အခါခပ်သိမ်း အမြဲတန်း တပေါင်းတည်း ယှဉ်၏၊ လောကီစိတ်တို့အနက် မဟာကုသိုလ်စိတ် ၈-ပါး၌ ရံခါ အသီးသီး တလုံးစီ ယှဉ်၏။

**အမ္ဗမည္ဘ** စေတသိက်(ကရုဏာ မုဒိတာ)နှစ်လုံးသည်-

ရူပ ပထမ ဈာန်စိတ် ........ ၃
ရူပ ဒုတိယ ဈာန်စိတ် ........ ၃
ရူပ တတိယ ဈာန်စိတ် ........ ၃
ရူပစတုတ္ထဈာန်စိတ် ........ ၃
မဟာကုသိုလ်စိတ် ........ ၈
မဟာကြိယာစိတ် ........ ၈

ပေါင်း၊၂၈ ပါးသော စိတ်တို့နှင့် ယှဉ်၏။

**ကေစိဝါဒအားဖြင့်** (ဥပေက္ခာ နှင့် မယှဉ်သောကြောင့်)-

ရူပ ပထမဈာန်စိတ် ........ ၃
ရူပ ဒုတိယဈာန်စိတ် ........ ၃
ရူပ တတိယဈာန်စိတ် ........ ၃
ရူပ စတုတ္ထဈာန်စိတ် ........ ၃
မဟာကုသိုလ်သောမနဿ ........ ၄
မဟာကြိယာ သောမနဿ ........ ၄

ပေါင်း ၂၀-သော စိတ်တို့နှင့် ယှဉ်၏။

**ပညိန္ဒြေ** စေတသိက်သည်-

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄
မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄
မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄

မဟာဂ္ဂုတ်စိတ် ....... ၂၇
လောကုတ္တရာစိတ် အကျဉ်း ၈
ပေါင်း ၄၇-ပါးသော စိတ်တို့နှင့် ယှဉ်၏။

ဧကူန ဝီသတိ ဓမ္မာ, ဇာယန္တေကူန သဋ္ဌိသု၊
တယော သောဠသ စိတ္တေသု, အဋ္ဌဝီသတိယံ ဒွယံ။
ပညာ ပကာသိတာ သတ္တ,စတ္တာလီသ ဝိဓေသု ပိ၊
သမ္ပယုတ္တာ စတုဓေဝံ, သောဘနေသွေဝ သောဘနာ။

သောဘဏ သာဓာရဏ ၁၉-လုံးသည် စိတ် ၅၉-ပါး၌
ဝိရတီ စေတသိက် ၃-လုံးသည် စိတ် ၁၆-ပါး၌
အပ္ပမညာ စေတသိက် ၂လုံးသည် စိတ် ၂၈-ပါး၌
ပညိန္ဒြေ စေတသိက် တလုံးသည် စိတ် ၄၇-ပါး၌
ဤသို့ သောဘဏ သမ္ပယောဂနည်း ၄-နည်း ယှဉ်၏။

မှတ်သားရန်။ ။ကေစိဝါဒ- ဥပေက္ခာ သဟဂုတ် မဟာကုသိုလ် ၄, မဟာကြိယာ ၄-ဤ ဥပေက္ခာ သဟဂုတ် ၈-ပါး၌ ဒုက္ခိတ သုခိတ သတ္တဝါ ၂-စားကို အာရုံပြုသော ကရုဏာ မုဒိတာ စေတသိက် ၂-လုံးသည် မယှဉ်နိုင်၊ ထို့ကြောင့် အပ္ပမညာ ၂-လုံးသည် ၂၀-သော စိတ်၌သာ ယှဉ်၏ဟု ကေစိဆရာဆို၏။ အပ္ပမညာ ဒွေးသည် သောမနဿ စိတ်နှင့်သာ ယှဉ်နိုင်၍ ဥပေက္ခာ သဟဂုတ် စိတ်နှင့်မယှဉ်နိုင်ဟု ဆိုလိုသည်။

ရှင်အနုရုဒ္ဓါ အလို။ ။ကရုဏာ မုဒိတာ ၂-ပါးကို ပွါးများစ အခါနှင့် ဈာန်ကို ရသော အခါများ၌ သောမနဿ သဟဂုတ် စိတ် ၂၀-နှင့်သာ ဧကန် တထစ်ချ ယှဉ်ရ၏၊ ကမ္မဋ္ဌာန်း ပွါးများ၍ အတော်ကြီး အသားကြလာသော အခါ (အပ္ပနာဈာန် မရမီ) ရံခါ လျစ်လျူရှု၍၎င်း,ရံခါ သောမနဿ ဝမ်းသာမှု ဖြစ်၍၎င်း ရှုနိုင်သဖြင့် အတော်ကြေနေပြီးသော စာကို သတိမထားဘဲ မှန်အောင် လျစ်လျူရှုကာ ပြန်ဆိုနိုင် သကဲ့သို့ ကရုဏာ မုဒိတာ ၂-ပါးသည် ရံခါ ဥပေက္ခာသဟဂုတ်စိတ် ၈-ပါးနှင့်လည်း ယှဉ်နိုင်၍ ၂၈-ပါးသော

စိတ်နှင့်ယှဉ်၏ ဟုရှင်အနုရုဒ္ဓါမိန့်တော်မူသည်။ သောမနဿသဟဂုတ် စိတ်မှာ ယှဉ်ယှဉ် ဥပေက္ခာ သဟဂုတ် စိတ်မှာ ယှဉ်ယှဉ် ဒုက္ခိတ သုခိတ သတ္တဝါ ပညတ်ကို အာရုံပြုသော အခါမှာသာ (ကာဒါစိ တရံတခါ) ယှဉ်၍အာရုံမပြုသောအခါ မယှဉ်။

## အနိယတ ယောဂီ စေတသိက် ၁၁-ပါး

ဣဿာ မစ္ဆေရ ကုက္ကုစ္စ, ဝိရတိ ကရုဏာ ဒယော၊
နာနာ ကဒါစိ မာနော စ, ထိန-မိဒ္ဓံ တထာ သဟ၊
ယထာဝုတ္တာနုသာရေန, သေသာ နိယတ ယောဂိနော။

ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ စေတသိက်သုံးလုံး ကရုဏာ မုဒိတာ ဤ ၈-လုံးသည် နာနာကဒါစိ မည်၏၊ မာန စေတသိက်သည် ကဒါစိ စေတသိက်မည်၏။ ထိန-မိဒ္ဓသည် သဟ- ကဒါစိ စေတသိက် မည်၏၊

ဤ စေတသိက် ၁၁-လုံးသည် အနိယတ- မမြဲ၊ ယောဂီ - ယှဉ်တတ်သောကြောင့်၊ အနိယတ ယောဂီ စေတသိက် မည်၏၊ ကျန် စေတသိက် ၄၁-လုံးသည် မိမိ ယှဉ်ရာ စိတ်၌ စိတ်ဖြစ်ပေါ်တိုင်း အမြဲတန်း ယှဉ်၍ ပါလာ သောကြောင့် နိယတ ယောဂီ စေတသိက် မည်ကြ၏။

မှတ်သားရန်။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ ကဒါစိ ယှဉ်ပုံ-

(က) ဣဿာသည် သူတပါး စည်းစိမ်ကို ငြူစူနိုက် ယှဉ်၏၊ မငြူစူသော အခါမယှဉ်။

(ခ) မစ္ဆရိယသည်မိမိစည်းစိမ်ကိုလျှို့ဝှက်သောအခိုက်ယှဉ်၏၊ မလျှို့ဝှက်သော အခါ မယှဉ်။

(ဂ) ကုက္ကုစ္စသည် ပြုလိုက်မိသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်ကိုအာရုံပြု၍ နှလုံးမသာယာခြင်းဖြစ်ခိုက်ယှဉ်၏။ နှလုံး မသာယာခြင်း မဖြစ်လျှင် ကုက္ကုစ္စ မယှဉ်။
ဤသို့ ကဒါစိ တရံတခါသာ ယှဉ်၏။

နာနာ အသီးသီး တလုံးစီ ယှဉ်ပုံ—

(က) ဣဿာ ယှဉ်ခိုက် မစ္ဆရိယ ကုက္ကုစ္စတို့မယှဉ်ကြ၊
(ခ) မစ္ဆရိယ ယှဉ်ခိုက် ဣဿာ ကုက္ကုစ္စတို့ မယှဉ်ကြ၊
(ဂ) ကုက္ကုစ္စ ယှဉ်ခိုက် ဣဿာ မစ္ဆရိယတို့ မယှဉ်ကြ၊
ဤသို့နာနာအသီးသီးတလုံးစီသာ ယှဉ်၏။

ဝိရတီ သုံးလုံး၏ ကဒါစိ ယှဉ်ပုံ—

(က) သမ္မာဝါစာသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခိုက် ယှဉ်၏၊ မရှောင်ကြဉ်လျှင် မယှဉ်။
(ခ) သမ္မာကမ္မန္တသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ မိစ္ဆာကမ္မန္တမှရှောင်ကြဉ်ခိုက်ယှဉ်၏၊မရှောင်ကြဉ်လျှင်မယှဉ်။
(ဂ) သမ္မာအာဇီဝသည် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တမှ အာဇီဝ ဟေတုကိုငဲ့၍ ရှောင်ကြဉ်ခိုက် ယှဉ်၏၊မရှောင်ကြဉ်လျှင် မယှဉ်။
ဤသို့ ကဒါစိ တရံတခါသာ ယှဉ်၏။

နာနာ အသီးသီးတလုံးစီယှဉ်ပုံ—

(က) သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝ မယှဉ်၊
(ခ) သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝ မယှဉ်၊
(ဂ) သမ္မာအာဇီဝ ယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တ မယှဉ်၊
ဤသို့ နာနာ အသီးသီး တလုံးစီသာ ယှဉ်၏။

ကရုဏာ မုဒိတာ တို့ ကဒါစိ ယှဉ်ပုံ—

(က) ကရုဏာစေတသိက်သည် ဒုက္ခိတသတ္တဝါကို အာရုံပြုခိုက် ယှဉ်၏၊ အာရုံမပြုသောအခါ မယှဉ်။

(ခ) မုဒိတာ စေတသိက်သည် သုခိတ သတ္တဝါကို အာရုံပြုခိုက် ယှဉ်၏၊ အာရုံ မပြုသောအခါ မယှဉ်။
ဤသို့ ကဒါစိ တရံတခါသာ မယှဉ်။

နာနာအသီးသီး တလုံးစီ ယှဉ်ပုံ–

(က) ကရုဏာ ယှဉ်ခိုက် မုဒိတာ မယှဉ်နိုင်၊
(ခ) မုဒိတာ ယှဉ်ခိုက် ကရုဏာ မယှဉ်နိုင်၊
ဤသို့ အာရုံ မတူသောကြောင့် နာနာ အသီးသီးတလုံးစီ ယှဉ်ကုန်၏။

မာန စေတသိက် ကဒါစိ ရံခါယှဉ်ပုံ–

မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုနှင့်ယှဉ်ရာတွင် ငါနှင့် တူသူမရှိဟု မိမိကိုယ်ကို အထင်ကြီးသောအခါ၌သာ ယှဉ်၏၊ အထင်မကြီးသော အခါ မာနမယှဉ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဖြစ်တိုင်း မာနစေတသိက် ယှဉ်ချင်မှ ယှဉ်သည်, တခါတလေ မယှဉ်ဟုလို။ မာနသည် တွဲဘက်မရှိ၍ နာနာအသီးအသီးယှဉ်၏ဟု ဆိုဖွယ်မလို။

ထိန-မိဒ္ဓတို့ ကဒါစိ ရံခါ ယှဉ်ပုံ–

ထိန-မိဒ္ဓသည် ပျင်းရိ ထိုင်းမှိုင်းဆုတ်နစ်သောအခါ ယှဉ်၏၊ မပျင်းရိ မထိုင်းမှိုင်းဆုတ်နစ်သောအခါ မယှဉ်၊ ဤသို့ကဒါစိ တရံတခါ ယှဉ်၏၊ တရံတခါ ယှဉ်ပေ၊ ဤထိနနှင့်မိဒ္ဓ ၂-လုံးသည် နာနာ အသီးသီး တလုံးစီခွဲ၍ တယ်အခါမှ မယှဉ်ကြ၍ နာနာအသီးသီးယှဉ်ပုံ မရှိ။

အညသမာန်း သမ္ပယောဂနည်း ၇-ပါး၊
အကုသိုလ် သမ္ပယောဂနည်း ၅-ပါး၊
သောဘဏ သမ္ပယောဂနည်း ၄-ပါး၊
ပေါင်း သမ္ပယောဂနည်း ၁၆-ပါးဖြစ်၏။

## သင်္ဂဟနည်း အကျဉ်း ၅၊ အကျယ် ၃၃

ဆတ္တိံသာ နုတ္တရေ ဓမ္မာ, ပဉ္စတိံသ မဟဂ္ဂတေ၊
အဋ္ဌတိံသာပိ လဗ္ဘန္တိ, ကာမာဝစရ သောဘဏေ။
သတ္တဝီသတိ ပုညမှိ, ဒွါဒသာဟေတုကေတိ စ၊
ယထာသမ္ဘဝယောဂေန, ပဉ္စဓာ တတ္ထသင်္ဂဟော။

၁၊ လောကုတ္တရာစိတ်၌ ၃၆–ပါး ၅–နည်း၊
၂။ မဟဂ္ဂုတ်စိတ်၌ ၃၅–ပါး ၅–နည်း၊
၃။ ကာမသောဘဏ၌ ၃၈–ပါး ၁၂–နည်း၊
၄။ အကုသိုလ်စိတ်၌ ၂၇–ပါး ၇–နည်း၊
၅။ အဟိတ်စိတ်၌ ၁၂–ပါး ၄–နည်း၊

သင်္ဂဟနည်းပေါင်း ၃၃-နည်းကို ခေါင်းစဉ် ၅-မျိုးထား၍ ပြလိမ့်မည်၊ စေတသိက်ယှဉ် အများ အနည်းလိုက်၍ ရှင်အနုရုဒ္ဓါသည် ရှေ့အစီအစဉ်နှင့် မတူသော ခေါင်းစဉ်တမျိုးကို ပြထားသည်၊ သို့ရာတွင် ဤကျမ်း၌ သင်တန်းသားများ အမှတ်ရလွယ်အောင် အကုသလသင်္ဂဟ အဟိတ်သင်္ဂဟ စသဖြင့် စိတ်ပိုင်းခေါင်းစဉ်အတိုင်းပြပေအံ့။

သင်္ဂဟနည်း။ ။ဤစိတ်၌ ဤမျှသော စေတသိက်စု ယှဉ်၏ဟု စိတ်ကို ရှေးဦးစွာ ကောက်၍ စေတသိက် အရေ အတွက်ကို ပြသော နည်းသည် သင်္ဂဟနည်း မည်၏၊ (ဤ စေတသိက်သည် ဤမျှသော စိတ်တို့နှင့် ယှဉ်၏ဟု စေတသိက်ကို ရှေးဦးစွာ ကောက်၍ ယှဉ်နိုင်သမျှ စိတ်စုကိုပြသောနည်းသည်သမ္ပယောဂနည်းမည်၏ဟုအထူးမှတ်လေ)

သမ္ပယောဂနည်း ၁၆-ပါး ပြီး၏

## သင်္ဂဟနည်း ၃၂-ပါး

## အကုသိုလ်စိတ် သင်္ဂဟနည်း ၇-ပါး

သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌—

အညသမာန်း ........ ၁၃
အကုသလသာဓာရဏ ........ ၄
လောဘ ဒိဋ္ဌိ ........ ၂= ၁၉။

သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌—

အညသမာန်း ........ ၁၃
အကုသလသာဓာရဏ ........ ၄
လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ........ ၄= ၂၁။

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌—

အညသမာန်း ........ ၁၃
အကုသလသာဓာရဏ ........ ၄
လောဘ မာန ........ ၂= ၁၉။

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌—

အညသမာန်း ........ ၁၃
အကုသလသာဓာရဏ ........ ၄
လောဘ မာန ထိန မိဒ္ဓ ........ ၄= ၂၁။

ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌—

ပီတိကြဉ် အညသမာန်း ........ ၁၂
အကုသလသာဓာရဏ ........ ၄
လောဘ ဒိဋ္ဌိ ........ ၂= ၁၈။

ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌—

ဝီတိကြဉ် အညသမာန်း ....... ၁၂
အကုသလသာဓာရဏ ....... ၄
လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ....... ၄=၂၀။

ဥပေက္ခာ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌—

ဝီတိကြဉ် အညသမာန်း ..... ၁၂
အကုသလသာဓာရဏ ....... ၄
လောဘ ဒိဋ္ဌိ ....... ၂= ၁၈။

ဥပေက္ခာ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌—

ဝီတိကြဉ် အညသမာန်း ..... ၁၂
အကုသလသာဓာရဏ .... ၄
လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ....... ၄= ၂၀။

မှတ်သားရန်။ ။လောဘမူစိတ် ၈—ခု၌ စိတ်တခုလျှင် တမျိုးစီ ခွဲဝေ၍ စေတသိက်စုကို ရေတွက် ပြသားသောကြောင့် သင်္ဂဟနည်း ၈-မျိုး ဖြစ်နေသော်လည်း စေတသိက် အရေအတွက် လုံးရေတူအားဖြင့် ၄-မျိုးသာရ၏၊ ထို့ကြောင့်လောဘမူစိတ်၌သင်္ဂဟနည်း ၄-မျိုးသာ ရှိ၏ဟု မှတ်ယူရသည်။

ပထမ နှင့် တတိယစိတ်၌ စေတသိက် ၁၉—လုံးစီ တနည်း၊
ဒုတိယ နှင့် စတုတ္ထစိတ်၌ စေတသိက် ၂၁—လုံးစီ တနည်း၊
ပဉ္စမ နှင့် သတ္တမစိတ်၌ စေတသိက် ၁၈—လုံးစီ တနည်း၊
ဆဋ္ဌမ နှင့် အဋ္ဌမစိတ်၌ စေတသိက် ၂၀—လုံးစီ တနည်း၊

လောဘမူစိတ် ၈—ခု၌ အများဆုံးယှဉ်သော စေတသိက်များ—

အညသမာန်း စေတသိက် ....... ၁၃
အကုသလသာဓာရဏစေတသိက် ၄
လောဘ ဒိဋ္ဌိ မာန ထိန မိဒ္ဓ ....... ၅

စုစုပေါင်း ၂၂—ပါး ယှဉ်၏။

ဒေါမနဿ ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌—

ဝိတိကြဉ် အညသမာန်း ...... ၁၂
အကုသလသာဓာရဏ ...... ၄
ဒေါ၊ဣ၊မ၊ကု၊(ဒေါစတုက်) .... ၄= ၂၀။

ဒေါမနဿ ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၌—

ဝိတိကြဉ်အညသမာန်း ...... ၁၂
အကုသလသာဓာရဏ ...... ၄
ဒေါစတုက် ၄၊ ထိန,မိဒ္ဓ ...... ၆= ၂၂။

မှတ်ချက်။ ။ဒေါသမူဒွေး၌ ၂၀-ဘနည်း၊ ၂၂-ပါးတနည်းပေါင်း ၂-နည်း။ ဤဒေါသမူဒွေး၌ စေတသိက် ၂၂-ပါးယှဉ်၏။

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌—

ဆန္ဒပီတိအဓိမောက္ခကြဉ်အညသမာန်း ၁၀
အကုသလ သာဓာရဏ စေတသိက် ၄
ဝိစိကိစ္ဆာ စေတသိက် ...... ၁= ၁၅။

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် စိတ်၌—

ဆန္ဒပီတိကြဉ် အညသမာန်း ...... ၁၁
အကုသလသာဓာရဏ စေတသိက် ၄= ၁၅။

မှတ်ချက်။ ။ဤမောဟမူဒွေး၌ စေတသိက် လုံးရေ ၁၅-ပါးချင်း တူကြ၍ သင်္ဂဟနည်း တပါးသာရ၏၊ ဤမောဟမူဒွေး၌ စေတသိက်အားလုံး ၁၆-ပါးယှဉ်၏။

လောဘမူ ဒေါသမူစိတ် ၁၀-ပါး၌—

အညသမာန်း စေတသိက် ...... ၁၃
ဝိစိကိစ္ဆာကြဉ်အကုသိုလ်စေတသိက်၁၃= ၂၆။

လောဘမူ မောဟမူစိတ် ၁၀-ပါး၌—

ဒေါစတုက်ကြဉ်သောအကုသိုလ်စိတ် ၁၀

အညသမာန်း စေတသိက် ..... ၁၃= ၂၃။

ဒေါသမူ မောဟမူစိတ် ၄-ပါး၌—

ပီ၊လော၊ဒိ၊မာန ကြဉ် အကုသိုလ်....... ၁၀

အညသမာန်း စေတသိက် ....... ၁၃= ၂၃။

အကုသိုလ်စိတ် ၁၂-ပါးလုံး၌—

အကုသိုလ် စေတသိက် ....... ၁၄

အညသမာန်း စေတသိက် ....... ၁၃= ၂၇။

ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-၌ မာနသည် ရံခါယှဉ်, ရံခါမယှဉ်။ သသင်္ခါရိက ၅-၌ ထိန မိဒ္ဓသည် ရံခါယှဉ်, ရံခါမယှဉ်။ ဒေါသမူဒွေး၌ ဣဿာ မစ္ဆရိယ ကုက္ကုစ္စသုံး လုံးသည်ရံခါယှဉ်, ရံခါမယှဉ်၊ ယှဉ်သောအခါလည်း တလုံးစီသာ ယှဉ်၍ တပြိုင်တည်း မယှဉ်နိုင်။

အကုသလ သင်္ဂဟနည်း ၇-ပါးအကျဉ်း—

ဧကူနဝီသာ ဋ္ဌာရသ, ဝီသေက ဝီသ ဝီသတိ၊
ဒွါဝီသ ပန္နရသေတိ, သတ္တဓာ ကုသလေဋ္ဌိတာ။

ဧကူနဝီသ ပ—တ—စိတ်၌ ၁၉ လုံးစီ တနည်း၊
အဋ္ဌာရသ....ပဥ္စမ-သတ္တမစိတ်၌ ၁၈-လုံးစီ တနည်း၊
ဝီသ........ ဆဋ္ဌမ အဋ္ဌမစိတ်၌ ၂၀-လုံး တနည်း၊
ဧကဝီသ.... ဒုတိယ စတုတ္ထစိတ်၌ ၂၁-လုံးစီ တနည်း၊
ဝီသတိ .... ဒေါသမူ ပ-စိတ်၌ ၂၀-လုံး တနည်း၊
ဒွါဝီသ .... ဒေါသမူ ဒုစိတ်၌ ၂၂-လုံး တနည်း၊
ပန္နရသ .... မောဟမူဒွေး၌ ၁၅-လုံးစီ တနည်း၊

အကုသိုလ်စိတ်သင်္ဂဟနည်း ၇—ပါးပြီး၏

## အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါး

ဟသိတုပ္ပါဒ် စိတ်၌ ဆန္ဒကြဉ် အညသမာန်း ၁၂၊
ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း)စိတ်၌ ဆန္ဒပီတိကြဉ် ၁၁၊
သုခသန္တီရဏ စိတ်၌ ဆန္ဒ ဝီရိယကြဉ် ၁၁၊

ပဉ္စဒွါရာဝဇ္ဇန်း
သမ္ပဋိစ္ဆိုန်းနွေး
ဥ-သန္တီရဏ ၂
} တို့၌ ဆန်-ဗီ-ဝိကြည် ၁၀၊

ဒွိပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တသာဓာရဏ ၇၊

ဆန္ဒ ပယ်ပစ်၊ တဆဲ့နှစ်၊ ဖြစ်တုံ့ဟသိမှာ၊
ပီ-ဆန် ပယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံ့မနောဒွါ၊
ဝီ-ဆန်ပယ်ပစ်၊တဆဲ့တစ်၊ ဖြစ်တုံ့ သော တီမှာ၊
ဝီ-ပီ-ဆန် ပယ်၊ ကျန်တဆယ်၊ ငါးသွယ် ကြွင်းဟိတ်မှာ၊
(မနောဓာတ် ၃ နှင့် ဥပေက္ခာ သန္တီရဏ ၂-ပါးအတွက်)
သဗ္ဗစိတ္တ၊ ခုနစ်ရပ်၊ ပဉ္စ ဝိညာဏ်မှာ။

မှတ်သားရန်။ ။ဤအဟိတ်စိတ်များ၌ အညသမာန်း ၁၃-ပါးသာ ယှဉ်၏၊ ဒွိပဉ္စဝိညာဏ် ၁၀-ပါးသည် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-လုံးနှင့်သာ ယှဉ်သောကြောင့် စေတသိက် အနည်းဆုံး ယှဉ်သောစိတ်များဖြစ်၏။ မဟာကုသိုလ်ပထမဒွေးသည်အညသမာန်းစုံ သောဘဏစု အကုန်လုံးနှင့် ယှဉ်သဖြင့် ၃၈-ပါးသော စေတသိက်များနှင့်ယှဉ်သောကြောင့် စေတသိက် အများဆုံး ယှဉ်သောစိတ် မည်၏။ ဝုဋ္ဌောစိတ်၌ ဆန္ဒ ပီတိကျဉ် ၁၁လုံး သုခသန္တီရဏ စိတ်၌ ဆန္ဒ ဝီရိယ ကြဉ် ၁၁-လုံးယှဉ်၏၊ ဤသို့စေတသိက် အရေအတွက် ၁၁-လုံးချင်း တူသောကြောင့် ဤစိတ် ၂-ပါးကို တနည်းတည်း ယူခဲ့သော် အဟိတ် သင်္ဂဟနည်းမှာ ၄-နည်းသာဖြစ်လေသည်၊ သံ-ပေါင်း၍၊ ဂဟ-ရေတွက် ယူပြခြင်း, စိတ်၌ ယှဉ်သော စေတသိက်စုချင်း အရေအတွက် တူရာကို ပေါင်းရုံး ရေတွက်ယူပြခြင်းကို သင်္ဂဟနည်းဟူ-ခေါ်ရပုံကို သတိပြုလေ။

### အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါးအချုပ်

ဒွါဒသေကာ ဒသ ဒသ, သတ္တ စာတိ စတုဗ္ဗိဓော၊
အဋ္ဌာရသာ ဟေတုကေသု, စိတ္တုပ္ပါဒေသု သင်္ဂဟော။

ဒွါဒသ .... ဟသိတုပ္ပါဒ် စိတ်၌ ၁၂ တနည်း။
ကောဒသ.... ဝုဋ္ဌောနှင့် သုခသန္တီရဏ၌ ၁၁ တနည်း။
ဒသ .... မနောဒွါရာဝဇ္ဇန်းနှင့်ဥ-သန္တီရဏ၌ ၁၀ တနည်း။
သတ္တ .... ဒွိပဉ္စဝိညာဏ် ၁၀-၌ ၇ တနည်း။

အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါးပြီး၏

### ကာမသောဘဏစိတ် သင်္ဂဟနည်း ၁၂-ပါး

#### မဟာကုသိုလ်စိတ်

| | | | |
|---|---|---|---|
| ပ-ဒွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | သောဘဏ | စေတသိက် | ၂၅=၃၈။ |
| ဒု-ဒွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | ဉာဏ်ကြဉ် | သောဘဏ | ၂၄=၃၇။ |
| တ-ဒွေး၌ | ပီတိကြဉ် | အညသမာန်း | ၁၂ |
| | သောဘဏ | စေတသိက် | ၂၅=၃၇။ |
| စ-ဒွေး၌ | ပီတိကြဉ် | အညသမာန်း | ၁၂ |
| | ဉာဏ်ကြဉ် | သောဘဏ | ၂၄=၃၆။ |

ဆဲ့သုံး အည၊ သောဘဏ၊ ပေါင်းလ သုံးဆဲ့ရှစ်၊
ပ-ကု ဒွေးမှာ၊ ယှဉ်ရာပါ၊ ဒု-မှာ ဉာဏ်ကိုပယ်၊
ပီ-ပယ် ဉာဏ်ယှဉ်၊ တဒွေးတွင်၊ စ-တွင် ဉာဏ်-ပီ ပယ်။

#### မဟာကြိယာစိတ်

| | | | |
|---|---|---|---|
| ပ-ဒွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | ဝိရတီကြဉ် | သောဘဏ | ၂၅=၃၅။ |

| | | | |
|---|---|---|---|
| ဒု–ခွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | ဝိရတီနှင့် | ဉာဏ်ကြဉ် | ၂၁=၃၄။ |
| တ–ခွေး၌ | ပီတိကြဉ် | အညသမာန်း | ၁၂ |
| | ဝိရတီကြဉ် | သောဘဏ | ၂၂=၃၄။ |
| စ–ခွေး၌ | ပီတိကြဉ် | အညသမာန်း | ၁၂ |
| | ဝိရတီနှင့် | ဉာဏ်ကြဉ် | ၂၁=၃၃။ |

သုံးဆဲ့ ရှစ်တွင်၊ ဝိရတီကြဉ်၊ ကြွင်တွင် ကု–နည်း သွား။

## မဟာဝိပါက်စိတ်

| | | | |
|---|---|---|---|
| ပ–ခွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | ဝိရတီ အပ္ပမညာကြဉ် | | ၂၀=၃၃။ |
| ဒု–ခွေး၌ | အညသမာန်း | စေတသိက် | ၁၃ |
| | ဝိ–ညာ ဉာဏ် ကြဉ် | | ၁၉=၃၂။ |
| တ–ခွေး၌ | ပီတိကြဉ် အညသမာန်း | | ၁၂ |
| | ဝိရတီ အပ္ပမညာကြဉ် | | ၂၀=၃၂။ |
| စ–ခွေး၌ | ပီတိကြဉ် အညသမာန်း | | ၁၂ |
| | ဝိရတီ အပ္ပမညာဉာဏ်ကြဉ် | | ၁၉=၃၁။ |

သုံးဆဲ့ ငါးတွင်၊ မညာကြဉ်၊ ဝိ–တွင် ကြွင်နည်းသွား။

မှတ်သားရန်။ ။မဟာကြိယာသည်မဟာဝိပါက်ထက်စေတသိက်ယှဉ် များ၍ မဟာဝိပါက်၏ အရင် ရှေ့က ထား၍ ပြရသည် မှန်၏၊ မဟာကြိယာ၌ယှဉ်သော စေတသိက် ၃၅–ပါးအနက် အပ္ပမညာမယှဉ်သောကြောင့် ကျန် ၃၃–ပါးမှစ၍ မဟာဝိပါက် သင်္ဂဟနည်းကို မဟာကြိယာနည်းအတိုင်း ချေတွက် သွားရသည်၊မဟာကုသိုလ်၌သောဘဏ ၂၅–လုံးအကုန် ယှဉ်၏၊ မဟာကြိယာ၌ ဝိရတီ မယှဉ်တော့ချေ၊မဟာ ဝိပါက်၌ ဝိရတီချေ အပ္ပမညာချေ ၂–မျိုးလုံး မယှဉ်တော့ပေ။

## သင်္ဂဟနည်း ၁၂-ပါးအချုပ်

အဋ္ဌတိံသ သတ္တတိံသ, ဒွယံ ဆတ္တိံသကံ သုဘေ၊
၃၈ ၃၇ ၃၇ ၃၆ ကု–၄နည်း။
ပဉ္စတ္တိံသ စတုတ္တိံသ, ဒွယံ တေတ္တိံသကံ ကြိယေ၊
၃၅ ၃၄ ၃၄ ၃၃ ကြိ-၄-နည်း။
တေတ္တိံသ ပါကေ ဗာတ္တိံသ, ဒွယေကတိံသကံ ဘဝေ၊
၃၃ ၃၂ ၃၂ ၃၁ ဝိ-၄-နည်း။

မှတ်သားရန်။ ။သင်္ဂဟနယဘေဒကရ-ရေတွက်နည်းထူးအောင် ပြုတတ်သော စေတသိက်များမှာ လောကီဝိရတီ ၃, အပ္ပမညာ ၂, ဉာဏ်, ပီတိ ဟု ၇–လုံးတို့၏၊ လောကုတ္တရာစိတ်၌ (ဈာန်တရားများလည်း အထူးပြုတတ်သော တရားများပင် ဖြစ်ကြ၏၊) ထို စေတသိက် ၇-လုံးတို့တွင် လောကီ ဝိရတီ စေတသိက် သုံးလုံးသည် စင်စစ်ကေန်အားဖြင့် ကုသိုလ်သဘောများသာ ဖြစ်သောကြောင့် မဟာဝိပါက်နှင့် မဟာကြိယာ စိတ်များ၌ မယှဉ်, မဟာကုသိုလ် စိတ်၌သာ ယှဉ်သည်ဆိုသော်လည်း ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြုကာ ရှောင်ကြဉ်သော အခါမှသာ (ကဒါစိ) ယှဉ်၏၊ ဒါနမှု ဘာဝနာမှု ရိုးရိုး ပြုသော အခါ၌ မယှဉ်ပေ၊ ယှဉ်သော အခါ၌လည်း မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခိုက် မိစ္ဆာကမ္မန္တ မိစ္ဆာဇီဝတို့ကို အာရုံ မပြုနိုင် မရှောင်ကြဉ်နိုင် သောကြောင့် သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တနှင့်သမ္မာအာဇီဝ မယှဉ်နိုင်၊ ဤသို့ ဝိသုံ ဝိသုံ အသီးသီး တလုံးစီသာယှဉ်လေသည်။

အပ္ပမညာ ၂-လုံးသည် အာရုံချင်း မတူသောကြောင့် မဟာဝိပါက် စိတ် ၈-ပါးနှင့် မယှဉ်ဘဲ မဟာကုသိုလ် မဟာကြိယာ စိတ်များနှင့်သာ ယှဉ်သည်၊ ထင်ရှားစေအံ့၊ အပ္ပမညာ ၂-လုံးသည် သတ္တဝါ ပညတ်ကို အာရုံပြု၏၊ မဟာဝိပါက် ၈–ခုသည် ကာမအာရုံကိုသာ အာရုံပြု၏၊ ဤသို့ ဂေါစရမ္ဘူမ မဖြစ်ကြဘဲ အာရုံ ကွဲသောကြောင့် အပ္ပမညာ နှင့် မဟာဝိပါက်တို့ မယှဉ်ကြပေ။

မဟာကုသိုလ်သည် သဗ္ဗညုတ ပညတ်ကို အာရုံပြုနိုင်သကဲ့သို့
ထိုကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက် စိတ်သည်လည်း
သဗ္ဗညုတ ပညတ်ကို အဘယ့်ကြောင့် အာရုံ မပြုနိုင်သနည်း ?

ပညတ်တရားသည် ထင်ရှားမရှိသော တရားမျိုး မဟုတ်၊ အတော်ကြီး ထူးထူး ထွေထွေ ကြံဆ၍ အာရုံကို ရှာဖွေ ယူနိုင်သော ကုသိုလ် တရားများသာ ပညတ်ကို အာရုံပြုနိုင်သည်။ ထိုကြံ ရှာဖွေ၍ အာရုံပြုခွင့်မရနိုင်သော သဘောကင်းကွာ အားနည်းရှာသော မဟာဝိပါက်သည် ထူးထူးထွေထွေ ရှာဖွေကြံဆ ကင်းသော သဗ္ဗညုတပညတ်ကို အာရုံမပြုနိုင် သောကြောင့် အပ္ပမညာသည် မဟာဝိပါက်စိတ်၌ မယှဉ်နိုင်ချေ (မဏိမဉ္ဇူ ဒီပနီ။)

ဥပမာ ကျော့ ပါဠ။ ။မဟာကုသိုလ်၏အကျိုးဖြစ်သောကြောင့် မဟာဝိပါက်သည် မဟာကုသိုလ်နှင့် ပညတ်အာရုံကို အာရုံတူ ဖြသင့် သော်လည်း ကာမတဏှာ၏ လက်အောက်ခံဖြစ်ရသော မဟာကုသိုလ် ၏ အကျိုးဆက်မဟာဝိပါက်သည်လည်း ကာမတဏှာ၏ အလိုကျ အ တိုင်း ကာမ အာရုံကိုပင် လိုက်၍ အာရုံပြုရသည်၊ မဆိုင်တဲ့ သဗ္ဗညုတ ပညတ် အာရုံကို မပြုနိုင်၊ ဥပမာ- ကျွန်သားပေါက်ကလေးသည် အပ်ကျွန်ကြီးမှ မွေး သောကြောင့် အမိ အလိုအတိုင်းလိုက်သော် သော်လည်း အမိကျွန်မ ကြီးကိုပင် မှီခိုင်ထားသော အရှင်သခင်ကြီး၏ အမိန့် အတိုင်းသာ ကျွန်သားပေါက်ကလေးမှာ လိုက်နာဆောင်ရွက်သကဲ့သို့တည်း၊ ကာမ တဏှာသည် အရှင်သခင်နှင့်တူ၏၊ မဟာကုသိုလ်သည် အမိ ကျွန်မ ကြီးနှင့်တူ၏၊ မဟာဝိပါက်သည် ကျွန်သားပေါက်ကလေးနှင့် တူ၏။

ဥပါဒါန်အမှတ် ၁၂-ပါး၌သာ ဥာဏ်ယှဉ်၍ ဥာဏ်ဝိပ္ပယုတ် ၁၂-ပါး၌ ဥာဏ် မယှဉ်၊ သောမနဿ ၁၂-ပါး၌သာ ပီတိ ယှဉ်၍၊ ဥပေက္ခာ ၁၂-ပါး၌ ပီတိမယှဉ်၊ ဤသို့ ဝိရတီ, အပ္ပမညာ, ဥာဏ်, ပီတိ ဟူသော စေတသိက် ၄-လုံး သည် ကာမသောဘဏစိတ် ၂၄-ပါး၏ သင်္ဂဟနည်း အမျိုးမျိုး ကွဲပြားခြားနားအောင် ပြုပေးသော သင်္ဂဟနယ ဘေဒကရ စေတသိက်များမည်ကြသည်။

ကာမသောဘဏစိတ် သင်္ဂဟနည်း ၁၂-ပါးပြီး၏

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-ပါး

| | | |
|---|---|---|
| ပ-ဈာန် ၃- ၌ | အညသမာန်း စေတသိက် | ၁၃ |
| | ဝိရတီကြဉ် သောဘဏ | ၂၂=၃၅။ |
| ဒု-ဈာန် ၃- ၌ | ဝိတက်ကြဉ် အညသမာန်း | ၁၂ |
| | ဝိရတီကြဉ် သောဘဏ | ၂၂=၃၄။ |
| တ-ဈာန် ၃-၌ | ဝိတက် ဝိစာရကြဉ် | ၁၁ |
| | ဝိရတီကြဉ် သောဘဏ | ၂၂=၃၃။ |
| စ-ဈာန် ၃-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတီကြဉ် သောဘဏ | ၂၂=၃၂။ |
| မ-ဈာန် ၃-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတီ အပ္ပမညာကြဉ် | ၂၀=၃၀။ |
| အရူပစိတ် ၁၂-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတီ အပ္ပမညာကြဉ် | ၂၀=၃၀။ |

## သင်္ဂဟနည်း ၅-ပါး အကျဉ်း

| | | | |
|---|---|---|---|
| ပဉ္စတိံသ .... | ပ-ဈာန်၌ | ၃၅-ပါး | တနည်း။ |
| စတုတ္တိံသ .... | ဒု-ဈာန်၌ | ၃၄-ပါး | တနည်း။ |
| တေတ္တိံသ ယထာက္ကမံ- | တ-ဈာန်၌ | ၃၃-ပါး | တနည်း။ |
| ဒွတ္တိံသ စေဝ.... | စ-ဈာန်၌ | ၃၂-ပါး | တနည်း။ |
| တိံသေတိ .... | မ-ဈာန်၌ | ၃၀-ပါး | တနည်း။ |

ပဉ္စဓာဝ မဟဂ္ဂတေ မဟဂ္ဂုတ်၌ သင်္ဂဟနည်း ၅-ပါး

မှတ်သားရန် ။ဤမဟဂ္ဂုတ် သင်္ဂဟနည်း၌အပ္ပမညာသည် ပထမဈာန် ဒု-တ-စ-ဈာန်များ၌သာ ရံခါ အသီးသီးယှဉ်၏၊ ပဉ္စမဈာန်များ၌အပ္ပမညာ မယှဉ်ထို့ကြောင့်မဟဂ္ဂုတ်စိတ်၌အပ္ပမညာသည်အထူးပြုသော တရားမည်၏။ ရူပ ပဉ္စမဈာန်နှင့်အရူပစိတ် ၁၂-ပါးကို စိတ်ချင်း

မကားသော ကြောင့် ဤကျမ်း၌ သင်္ဂဟနည်းကို ခြား၍ ရေတွက်ခဲ့သည်၊ သို့ရာတွင်ခေတသိက်အရေအတွက် ၁၀-ချင်း ဟူသောကြောင့် သင်္ဂဟနည်း ကာခုသာရသဖြင့် မဟဂ္ဂုတ်မှာ သင်္ဂဟနည်း ၅-မျိုးသာရှိ၏။

မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅-ပါးပြီး၏

## လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး

| | | |
|---|---|---|
| ပ-ချာန် ၈-၌ | အညသမာန်းစေတသိက် | ၁၃ |
| | အပ္ပမညာကြဉ်သောဘဏ | ၂၃=၃၆ |
| ဒု-ချာန် ၈-၌ | ဝိတက်ကြဉ် အညသမာန်း | ၁၂ |
| | အပ္ပမညာကြဉ်သောဘဏ | ၂၃=၃၅ |
| တ-ချာန် ၈-၌ | ဝိတက်ဝိစာရကြဉ် | ၁၁ |
| | အပ္ပမညာကြဉ် သောဘဏ | ၂၃=၃၄ |
| စ-ချာန် ၈-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | အပ္ပမညာကြဉ် သောဘဏ | ၂၃=၃၃ |
| ပ-ချာန် ၈-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | အပ္ပမညာကြဉ်သောဘဏ | ၂၃=၃၃ |

### သင်္ဂဟနည်း ၅-ပါး အချုပ်

| | | | |
|---|---|---|---|
| ဆတ္တိံသ .... | ပ-ချာန်၌ | ၃၆-ပါ | တနည်း၊ |
| ပဉ္စတ္တိံသ စ .... | ဒု-ချာန်၌ | ၃၅-ပါး | တနည်း၊ |
| စတုတ္တိံသ ယထာက္ကမံ | တ-ချာန်၌ | ၃၄-ပါး | တနည်း၊ |
| တေတ္တိံသ .... | စ-ချာန်၌ | ၃၃-ပါး | တနည်း၊ |
| ဒွယမိ ဒွေဝ .... | ပ-ချာန်၌ | ၃၃-ပါး | တနည်း၊ |
| ပဉ္စဓာနုတ္တရေ ဋ္ဌိတာ | လောကုတ္တရာ၌ သင်္ဂဟ | ၅-နည်း။ | |

မှတ်ရန်။ ။ဤလောကုတ္တရာစိတ် အကျဉ်း ၈-ပါး၌ ဘယ်စိတ်မဆို စေတသိက် ၃၆-ပါးစီ ချည်းသာယှဉ်၏။ သို့ရာတွင် ချာန်ငါးပါး

နှင့်မြောက်ပွါးကာ အကျယ် ၄၀-ဖြစ်လာသေး အခါ စေတသိက်ယှဉ်ပုံ ရေတွက်နည်း အမျိုးမျိုး ကွဲပြားခြားနားလာသောကြောင့် ဗျာန်တရား သည် လောကုတ္တရာစိတ် သင်္ဂဟနည်း ၅ မျိုး ကွဲပြားအောင် အထူးပြု သော သင်္ဂဟဘေဒကရ ဘရားမည်၏။

လောကုတ္တရာ သင်္ဂဟနည်း ၅-ပါးပြီး၏

**စိတ္တေန သမယုတ္တသေ။** ။ယှဉ်ရာ စိတ်၏ အရေ အတွက်နှင့် အတူအမျှဖြစ်သော စေတသိက်တို့၏ အရေ အတွက်ကိုရေတွက်ယူရမည်ဟု ညွှန်ကြားချက်အရ-

ဖဿ စေတသိက်သည် အကျဉ်း (၈၉) အကျယ် (၁၂၁) ပါး၌ ယှဉ်သောကြောင့် ဖဿ စေတသိက် လုံး ရေကိုလည်း အကျဉ်း (၈၉)လုံး အကျယ် (၁၂၁) လုံးစ သည်ဖြင့် ရေတွက်ရ၏။ ထို့အတူ ဝိတက် လုံးရေပေါင်း (၅၅)ဝိစာရလုံးရေ(၆၆)စသည် ရေတွက်လေ။

သင်္ဂဟနည်း(၃၂)ပါးပြီး၏

**စေတသိက်ပိုင်းပြီး၏**

# ပကိဏ်းပိုင်း

## အနုသန္ဓေစသည်

သမ္ပယုတ္တာ ယထာယောဂံ, တေပညာသ သဘာဝတော၊
စိတ္တ စေတသိကာ ဓမ္မာ, တေသံ ဒါနိ ယထာရဟံ။
ဝေဒနာ ဟေတုတော ကိစ္စ, ဒွါရာ လမ္ဗဏ ဝတ္ထုတော၊
စိတ္တုပ္ပါဒ ဝသေနေဝ, သင်္ဂဟော နာမ နီယတေ။

ယထာ ယောဂံ- ယှဉ်သင့်သည်အားလျော်စွာ၊ သမ္ပယုတ္တာ-အညီ အညွတ် ဧကုပ္ပါဒ စသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊ သဘာဝတော - မိမိတို့၏ ကိုယ်ပိုင် သဘော လက္ခဏာအားဖြင့်၊ တေပညာသ- ငါးဆဲ့သုံးပါးသော၊ စိတ္တ စေတသိကာ- စိတ် စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာ - သဘောတရားတို့ကို ၊ မယာ-ငါသည်၊ နိဒ္ဒိဋ္ဌာ-အကျယ် ညွှန်ပြအပ်ခဲ့ကုန်ပြီ။

ဒါနိ ယခု အခါ၌၊ တေသံ-ထို ငါးဆဲ့သုံးပါးသော သဘောတို့၏၊ ယထာရဟံ- ထိုက်သည်အားလျော်စွာ၊ ဝေဒနာ ဟေတုတော - ဝေဒနာ အပြား၊ ဟိတ် အပြား အားဖြင့်၎င်း၊ ကိစ္စ ဒွါရ လမ္ဗဏ ဝတ္ထုတော- ကိစ္စ အပြား, ဒွါရ အပြား, အာရုံ အပြား, ဝတ္ထုအပြား အားဖြင့်၎င်း၊ သင်္ဂဟော နာမ-ရောပြွမ်း ပေါင်းပြ ပကိဏ္ဏက မည်သော သင်္ဂဟကို၊ စိတ္တုပ္ပါဒဝသေနေဝ- စိတ်၏ အစွမ်းအားဖြင့် သာလျှင်၊ ငါ-စိတ် စေတသိက်တို့၏ အစွမ်းအားဖြင့် သာလျှင်၊ နီယတေ - ဆောင်ပြအပ်၏၊ ဝါ-ဆောင်ပြဦးမည်။

ပြတ်သားရန်။ ။ပကိဏ္ဏက- ရောပြွမ်းခြင်း၊ စိတ် စေတသိက် ၂-မျိုးကို ဝေဒနာသင်္ဂဟစသော သင်္ဂဟ ၆-မျိုးဖြင့် ရောပြွမ်းရေတွက် ပြရာ ဖြစ်သောကြောင့် ပကိဏ္ဏက သင်္ဂဟ=ပကိဏ်းပိုင်းမည်၏။

အနုသန္ဓေ။ ။''သမ္ပယုတ္တာယထာယောဂံ,တေပညာသသဘာဝတော၊စိတ္တစေတသိကာဓမ္မာ''ဖြင့် သင့်သလို ယှဉ်ကုန်သော ၅၃-ပါးသောစိတ်စေတသိက်သဘောတရားတို့ကို စိတ်ပိုင်းစေတသိက်ပိုင်းတို့၌ ငါပြအပ်ခဲ့ပြီ၊ပြီဟူသော ရှေ့စကားဆက် ပုဗ္ဗာနုသန္ဓေကိုပြ၏။

ပဋိညာဉ်။ ။''တေသံ ဒါနိ ယထာရဟံ, သင်္ဂဟော နာမ နီယတေ'' ဟူသော စကားရပ်ဖြင့် စိတ် စေတသိက်တို့ဖြင့် ပြအပ်သော ပကိဏ္ဏက သင်္ဂဟကို သင်္ဂဟ ၆-မျိုးဖြင့် ရောပြွမ်းလျက် ထိုက်သလို ငါပြမည်ဟု နောက်ဆက်တွဲ ပရာနုသန္ဓေနှင့် ပဋိညာဉ် ဝန်ခံချက်ကို ပြ၏။

စိတ္တုပ္ပါဒ။ ။စိတ္တ-စိတ်၊ဥပ္ပါဒ-ဖြစ်ခြင်း၊စိတ်ကိုပင်ဖြစ်မှုသဘော ရှိ၍ စိတ္တုပ္ပါဒ်ခေါ်၏၊ စိတ်၏ အစွမ်းဖြင့်သာပြမည်၊ စေတသိက်ကား စိတ်ကိုပြလျှင် ပါဝင်ပြီး ဖြစ်၍ အထူး သီးခြား ပြဘွယ် မလိုတော့ပြီ၊ တနည်း-စိတ္တ-စိတ်၊ ဥပ္ပါဒ-စိတ်နှင့်အတူဖြစ်သော(တွဲဘက်)စေတသိက်၊ စိတ်နှင့် စေတသိက် ၂-မျိုးလုံးကို သင်္ဂဟ ၆-မျိုးဖြင့် ဝေဘန် ပြမည် ဟူ၏၊ရှေ့အလို စိတ်ကိုသာ,နောက်အလို စိတ်-စေ ၂ မျိုးလုံးကိုယူရ၏။

ဝေဒနာ ဟေတုတော သင်္ဂဟော နာမ။ ။ဝေဒနာ အပြား ဖြင့်ဝေဒနာနှင့်ယှဉ်သော စိတ် စေတသိက်စုကို ရေတွက် ပြခြင်းသည် ဝေဒနာ သင်္ဂဟ မည်၏၊ ××× ဝတ္ထု အပြားဖြင့် ဝတ္ထု၌မှီသော စိတ်-စေတို့ကို ရေတွက်ပြခြင်းသည် ဝတ္ထုသင်္ဂဟမည်၏၊ဤသင်္ဂဟ ၆-နည်းသည် ပကိဏ်းပိုင်း၏ ခေါင်းစဉ်ဖြစ်၏၊ ဤ သင်္ဂဟ -နည်းဖြင့် ရောပြွမ်း ရေတွက်ပြရာ ဖြစ်သောကြောင့် ပကိဏ္ဏက အမည်ရသော သည်၊ ထို့ကြောင့် ''ဝေဒနာ ဟေတုတော သင်္ဂဟော နာမ'' ဟု စပ်ရ၏၊ ဝေဒနာ ဟေတုတော-အားဖြင့်၊နီယတေ-ဆောင်ပြမည် ဟု စပ်၍အဓိပ္ပါယ် မယူရ။

တေပညာသ သဘာဝတော။ ။စိတ်သည် ဘူမိဘေဒ ဇာတိဘေဒစသဖြင့် ဂ၉-ပါး, ၁၂၁-ပါး ပြားပြားသော်လည်း အာရုံ သိမှုအာရမ္မဏ ဝိဇာနန လက္ခဏာအားဖြင့် တမျိုး ဟပါးသာ ဖြစ်၏၊ စေတသိက် ၅၂-ပါး၌ ဖုသန ဝေဒိယန စသော ကိုယ်ပိုင် လက္ခဏာအသီးသီး ရကြ၏၊ ထို့ကြောင့် စေတသိက် လက္ခဏာ ၅၂—ပါးနှင့် စိတ်၏ အာရမ္မဏ ဝိဇာနန လက္ခဏာ ၁—ပါးကိုပေါင်းလျှင်နာမ်တေပညာသ သဘောတရား ၅၃-ပါးရ၏။

တေသံ ဒါနိ ယထာရဟံ။ ။သင်္ဂဟတိုင်းမှာ စိတ်တွေ ရှိသမျှအပြည့် အစုံ ထည့်သွင်း၍ မဖြစ်နိုင်၊ ဆိုင်ရာ ဆိုင်ရာ ပါဝင်သင့်ရသင့်သော စိတ်များကိုသာ သူ့သင်္ဂဟနှင့် သူ့စိတ် ချိုးကျ (ယထာရဟံ—ထိုက်သလို) ထည့်သွင်းပြမည်။

ဝေဒနာ သင်္ဂဟ၌ အဟိတ်စိတ် ၁ဂ-ပါးကို

ဒွါရ သင်္ဂဟ၌ ဒွါရ ဝိမုတ်စိတ် ၁၉-ပါးကို

ဝတ္ထုသင်္ဂဟ၌ အရူပ စိတ်များကို ချန်လှပ်၍

သင့်တော်ရာရာကိုသာပြမည်ဟူလို၊အထူးအားဖြင့်မှတ် ားရန်မှာဟေတုသင်္ဂဟ၌ အဟိတ်စိတ်များကို ''ဘဝင္ဂ ခွဋ္ဌဒွါရာဝဇ္ဇန....အဋ္ဌာရသ အဟေတုက စိတ္တာနိ နာမ'' ဟု ထုတ်ပြထားသော်လည်း ဟိတ်တရားနှင့် တွဲယှဉ်ဝေဘန်၍ပြခြင်းမဟုတ်, ဟိတ်တရားနှင့် ဘာမှ မဆိုင်ကြောင်းကိုသာ ထုတ်ပြထားခြင်းမျှ ဖြစ်သောကြောင့် ၅၌ ဟေတုသင်္ဂဟ၌ အဟိတ်စိတ်များကို ဟိတ်နှင့်စပ်၍ပြသည်မမည်။

ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ။ ။ဥ-အကျဉ်းချုပ်၊ဒေသ-ညွှန်ပြရာ၊ စိတ်ကို အကျဉ်းချုပ် ပြရာ စိတ်ပိုင်းသည် ဥဒ္ဒေသမည်၏။ နိ-အကျယ်၊ ဒေသ-ညွှန်ပြရာ၊စိတ်ကို စေတသိက်နှင့်ယှဉ်တွဲကာ အကျယ်ပြရာ ဖြစ်သော စေတသိက်ပိုင်းသည် နိဒ္ဒေသ မည်၏။ ပဋိ—တဖန်၊ နိဒ္ဒေသ-ညွှန်ပြရာ၊ ထို စိတ်- စေတို့ကို သင်္ဂဟ ၆-မျိုးဖြင့် ရောပြွမ်း၍ တဖန် ထပ်ပြရာဖြစ်သောကြောင့် ပကိဏ်းပိုင်းသည် ပဋိနိဒ္ဒေသမည်၏။

## ဝေဒနာသင်္ဂဟ

အနုဘဝနဘေဒ— သုခဝေဒနာ
ဒုက္ခဝေဒနာ
အဒုက္ခမသုခဝေဒနာ ၃-ပါး
ဣန္ဒြိယဘေဒ— သုခဝေဒနာ
ဒုက္ခဝေဒနာ
သောမနဿဝေဒနာ
ဒေါမနဿဝေဒနာ
ဥပေက္ခာဝေဒနာ-၅-ပါး။

ဝေဒနာသင်္ဂဟ။ ။ဝေဒနာအပြားအားဖြင့်ဝေဒနာနှင့်ယှဉ်သော စိတ်-စေတသိက်တို့ကို ပေါင်းယူပြရာ စကားရပ်သည် ဝေဒနာသင်္ဂဟ မည်၏။

အလိုရှိအပ် ကောင်းမြတ်သော အာရုံသည် ဣဋ္ဌာရုံ မည်၏၊ ထို ဣဋ္ဌာရုံကို စိတ်ချမ်းသာမှု သောမနဿဝေဒနာဖြင့်၎င်း ကိုယ်ချမ်းသာမှု သုခဝေဒနာဖြင့်၎င်း ၂-မျိုးခံစား၏။

အလိုမရှိအပ် ယုတ်ညံ့သော အာရုံသည် အနိဋ္ဌာရုံ မည်၏၊ ထို အနိဋ္ဌာရုံကို စိတ်ဆင်းရဲမှု ဒေါမနဿ ဝေဒနာဖြင့်၎င်း ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာဖြင့်၎င်း ၂-မျိုး ခံစား၏။

အလယ်အလတ်တန်းစားအာရုံသည် မဇ္ဈတ္တာရုံမည်၏၊ထိုမဇ္ဈတ္တာ ရုံကို ဝမ်းနဲ့ဝမ်းသာမရှိ လျစ်လျူရှုသော ဥပေက္ခာဝေဒနာ တမျိုးဘည်း ဖြင့်သာ ခံစား၏။

အနုဘဝနနှင့် ဣန္ဒြိယ။ ။ခံစားမှုအပြားသည် အနုဘဝနဘေဒ, စိုးအုပ်မှုအပြားသည် ဣန္ဒြိယဘေဒမည်၏။ အနုဘဝနဘေဒ ဝေဒနာ ၃-မျိုးမှ ဣန္ဒြိယဘေဒ ဝေဒနာ ၅-မျိုးပြားသာ၏၊ထင်ရှားစေအံ့-ဣဋ္ဌာရုံ ကို ခံစားသောချမ်းသာမှု သုခဝေဒနာသည် ကိုယ်ဖြင့်ချမ်းသာကိုခံစား သောအခါ သုခဝေဒနာဖြစ်၏၊ စိတ်ဖြင့်ချမ်းသာကို ခံစားသော အခါ

သောမနဿဝေဒနာ ဖြစ်လာ၏၊ ဤသို့ သုခဝေဒနာ တခုသည် ကိုယ်ချမ်းသာမှု သုခဝေဒနာ စိတ်ချမ်းသာမှု သောမနဿဝေဒနာ အားဖြင့် ဣန္ဒြိယဘေဒနည်း၌ ၂-မျိုး ပြားလာ၏။ ဒုက္ခဝေဒနာ သည်လည်း ကိုယ်ဖြင့် အနိဋ္ဌာရုံကို ခံစားသော အခါ ဒုက္ခဝေဒနာ ဖြစ်၏၊ စိတ်ဖြင့် အနိဋ္ဌာရုံကို ခံစားသော အခါ ဒေါမနဿဝေဒနာ ဖြစ်လာ၏၊ ဤသို့ ဒုက္ခဝေဒနာ တခုသည်၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာ အားဖြင့် ဣန္ဒြိယဘေဒနည်း၌ ၂-မျိုး ပြားလာ၏။

ဥပေက္ခာဝေဒနာသည်ကား - ကာယပသာဒ၌ မမှီဘဲ စိတ်၌သာ မှီ၍ဖြစ်သောကြောင့် အခါခပ်သိမ်း လျစ်လျူ ရှုမှုဖြင့်သာ ခံစားသဖြင့် အနုဘဝနဘေဒမှာ ဖြစ်ဖြစ်၊ ဣန္ဒြိယဘေဒမှာ ဖြစ်ဖြစ် ဥပေက္ခာ ဝေဒနာ တမျိုး တစားသာ ဖြစ်လေသည်၊ ခံစားမှု အရာမှာ မိမိ ဆိုင်ရာ အာရုံကို ခံစားမှု ဝေဒနာသည် အပိုင်စား အစိုးတရ ဖြစ်ကြသောကြောင့် ဣန္ဒြိယဘေဒ ဒေသနာကို ဟောတော်မူသည်၊ အထူးအားဖြင့် ဣဋ္ဌာရုံသည် ချမ်းသာ မဟုတ်, အာရုံမျှသာ ဖြစ်၏၊ သို့ရာတွင် ကောင်းမြတ်သော ဣဋ္ဌာရုံသည် ချမ်းသာမှု သုခ သောမနဿ၏ အကြောင်းဖြစ်သောကြောင့် ဣဋ္ဌာရုံကိုပင် ချမ်းသာဟု ခေါ်ဝေါ် သုံးစွဲနေခြင်းသည် ဥပစာ စကား အသုံးဖြစ်၏၊ (ဖလူပစာ ခေါ်၏) ဒုက္ခဝေဒနာ၏ အကြောင်း အနိဋ္ဌာရုံကို ခံစားရာ၌ ဆင်းရဲကို ခံစား၏ ဟူသော အသုံးမျိုးလည်း ဥပစာသုံး စကားမျိုးပင်ဖြစ်သည်။

အဒုက္ခမသုခ နှင့် ဥပေက္ခာ။ ။အဒုက္ခ—မဆင်းရဲ၊ အသုခ—မချမ်းသာ, လူစိမ်း တယောက်ကို လမ်းမှာ တွေ့လိုက်ဘိ သကဲ့သို့ ဘာသာလဝါ ဆင်းရဲမှု ချမ်းသာမှု ဝမ်းသာ ဝမ်းနည်းမှု မရှိဘဲ ခံစားရသဘောသည် အဒုက္ခ မသုခဝေဒနာ မည်၏၊ ဥပ-အညီ အမျှ၊ ဣက္ခ-ရှုမှု၊ ချမ်းသာဘက်လဲ မပါ, ဆင်းရဲဘက်လဲ မတိမ်း မယိမ်းဘဲ အညီ အညွတ် အသင့် အတင့် ရှုမှုသည် ဥပေက္ခာ ဝေဒနာ မည်၏။ အဓိပ္ပါယ် နှင့် သဘော အရမှာ မထူးလှပေ။ ဥပေက္ခာ ဝေဒနာ ၅၅-လုံးရ၏။

ဝေဒနာ ၂-ပါး။ ။ဥပေက္ခာ ဝေဒနာ နာမည် မပါဘဲ "သုခ ဝေဒနာ, ဒုက္ခ ဝေဒနာ" ဟု ဝေဒနာကို ၂-မျိုးသာ ညွှန် ဟောတော်

မှုသော ဒေသနာတော်၌ ဥပေက္ခာ ဝေဒနာကို ငြိမ်သက်သော သဘော ရှိသောကြောင့်သုခဝေဒနာ၌သွတ်သွင်းကာဟောထားသဖြင့်ဥပေက္ခာ ဝေဒနာကိုသီးခြားနာမည်တပ်၍မဟောချေ။ဘယ်အာရုံမဆို မသိသိုက် မသိဘာသာ ချစ်မုန်းမပြု လျစ်လျူရှု၍ နေလိုက်လျှင်ချမ်းသာမှု တမျိုးပင် ဖြစ်၍ဥပေက္ခာ ဝေဒနာကို သုခဝေဒနာ၌ သွတ်သွင်း၍ ဟောထားသည် ဟူ လို။ တနည်း- အပြစ်ရှိသော ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌, အပြစ် မရှိသော ဥပေက္ခာ ဝေဒနာကို သုခဝေဒနာ၌ သွတ်သွင်းကာ ဟောထားသောကြောင့်ဥပေက္ခာဝေဒနာကို သီးခြား အမည် ထုတ်၍ ဟောတော် မမူပေ၊ ရှေ့နည်းကား ပါဠိတော်, နောက် နည်းကား ဋီကာကျော်၏အဘောတည်း၊ဤပါဠိတော်၌ ဝေဒနာကို ၂-မျိုးသာ ဟောထားသော်လည်း အနုဘဝန နည်းကိုမလွန်နိုင်၍ ဝေဒနာ ၃-မျိုး ပင် ပါဝင်လေသည်။

ဝေဒနာ ၁-ပါး။ ၊ ''ယံကိဉ္စိဝေဒယိတံ,သဗ္ဗံ တံ ဒုက္ခသ္မိံ'' ခံစားမှုမှန်သမျှ ဆင်းရဲချည်းသာ-ဟောတော်မူသော ဒေသနာတော် ၌သင်္ခါရ သဘော တရားတို့၏ မမြဲသော ဖောက်ပြန်သော အနိစ္စ အဓုဝ ဝိပရိဏာမ သဘောကို ရည်ရွယ်တော် မူလျက် ဒုက္ခ ဝေဒနာ ချည်းသာဟု နာမည်တချိုးတည်းတပ်ဟောထားသည်၊ အမှန်အားဖြင့် ဤပါဠိတော်၌လည်း အနုဘဝနနည်းအရ ဝေဒနာ ၃ ပါးပင် ဖြစ်၏။ ဣန္ဒြိယဘေဒကို ပြလျှင် အနုဘဝနဘေဒလည်း အတွင်းဝင်ပြီး ဖြစ်သော ကြောင့် ဝေဒနာသင်္ဂဟ၌ ဣန္ဒြိယဘေဒနည်းကိုပြလိမ့်မည်။ ဈာန်စိတ်၌ ပဉ္စကနည်းပြသဖြင့် စတုက္ကနည်းမှာ အတွင်းဝင်သကဲ့သို့တည်း။ စိတ် အားဖြင့်ခွဲဝေပြလျှင် စေတသိက်အားဖြင့်လည်း ဝေဘန်ခြင်းကိုစွဲပြီးနိုင် သောကြောင့်ပဓာနစိတ်ဖြင့်သာ ''တတ္ထ သုခသဟဂတံ ကုသလဝိပါကံ'' စသဖြင့်ပြလိမ့်မည်။

**သုခဝေဒနာနှင့် တကွဖြစ်သောစိတ်ကား-**

သုခ သဟဂုတ် ကုသလ ဝိပါက် ကာယဝိညာဏ် စိတ်တည်း။

ဒုက္ခဝေဒနာနှင့် တကွဖြစ်သောစိတ်ကား–

ဒုက္ခသဟဂုတ် အကုသလဝိပါက် ကာယဝိညာဏ်စိတ်တည်း။

သောမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်ကား–

လောဘမူ သောမနဿသဟဂုတ်စိတ်........ ၄
သောမနဿသန္တီရဏစိတ်............... ၁
ဟသိတုပ္ပါဒ်စိတ်........ ၁
မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ်........ ၄
မဟာဝိပါက် သောမနဿ သဟဂုတ်စိတ်........ ၄
မဟာကြိယာ သောမနဿ သဟဂုတ်စိတ်........ ၄
ပထမဈာန် × × စတုတ္ထဈာန်စိတ်........ ၁၁ ........၈-၄၄

ပေါင်း ၆၂–ပါးတည်း။

ဒေါမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်ကား–

ဒေါသမူစိတ် ၂-ပါးတည်း။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောစိတ်ကား–

အကုသိုလ် ဥပေက္ခာသဟဂုတ်စိတ်........ ၆
အဟိတ်ဥပေက္ခာသဟဂုတ်စိတ်........ ၁၄
မဟာကုသိုလ် ဥပေက္ခာသဟဂုတ်စိတ်........ ၄
မဟာဝိပါက် ဥပေက္ခာသဟဂုတ်စိတ် ...... ၄
မဟာကြိယာ ဥပေက္ခာသဟဂုတ်စိတ်........ ၄
ပဉ္စမဈာန်စိတ်........................ ၂၃

ပေါင်း ၅၅–ပါးတည်း။

စေတသိက်ယှဉ်။ ။သုခသဟဂုတ်စိတ်၌-သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးယှဉ်၏၊ ထို ၇ လုံးတို့တွင် အရင်းခံ သုခဝေဒနာနှင့် ယှဉ်သောစေတသိက်ကားဖဿစသောကျန်စေတသိက် ၆-လုံးတည်း၊

ဒုက္ခသဟဂုတ်စိတ်၌ – သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံး ယှဉ်၏၊ထို ၇-လုံးတို့တွင် အရင်းခံ ဒုက္ခဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဖဿ စသော ကျန်စေတသိက် ၆ လုံးတည်း၊

သောမနဿသဟဂုတ် ၆၂-ပါး၌-ဒေါသ မူဒွေးနှင့်သာ ကိုယ် မိုင် သီးခြားယှဉ်သောဒေါသ ဣဿ 'မစ္ဆရိယ' ကုက္ကုစ္စ (ဒေါစတုက် ၄) လုံးနှင့် ဝိစိကိစ္ဆာစေတသိက် ၁၊ ဤငါးလုံးသောစေတသိက်မှကြွင်းကျန် သောစေတသိက် ၄၇ လုံးယှဉ်၏၊ ဤ ၄၇ လုံးတွင် အရင်းခံသောမနဿ ဝေဒနာနှင့်ယှဉ်သော စေတသိက်ကား ကျန် ၄၆ လုံးတည်း၊

ဒေါမနဿ သဟဂုတ်စိတ် ၂-ပါး၌– စေတသိက် လုံးယှဉ် သည့် ကြောက် ဒေါမနဿ ဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဒေါမနဿ ဝေဒနာ စေတသိက်မှ ကြွင်းကျန်သော စေတသိက် ၂၁-လုံး တည်း။

ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါး၌- သောမနဿ ဝေဒနာနှင့် သာ သီးခြားယှဉ်သော ပီတိနှင့် ဒေါစတုက် ၄-ပါး ဤငါးလုံးမှ ကျန် သော စေတသိက် ၄၇ လုံး ယှဉ်၏၊ ထိုစေတသိက် ၄၇ လုံးတို့တွင် အရင်းခံဥပေက္ခာဝေဒနာနှင့်ယှဉ်သော စေတသိက်ကားကျန် ၄၆ လုံး သော စေတသိက်တည်း။

သုခ မေကတ္ထ ဒုက္ခဉ္စ၊ ဒေါမနဿံ ဒွယေ ဋ္ဌိတံ၊
ဒွါသဋ္ဌီသု သောမနဿံ, ပဉ္စပညာသကေ တရံ။

သုခဝေဒနာနှင့်တကွဖြစ်သောစိတ် ....... ၁ (၆)
ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ် ........ ၁ (၆)
ဒေါ-ဝေဒနာနှင့်တကွဖြစ်သောစိတ် ........ ၂ (၂၁)
သော-ဝေဒနာနှင့်တကွဖြစ်သောစိတ် ....... ၆၂ (၄၆)
ဥ-ဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၅၅ (၄၆)

အနုဘဝနနည်းအားဖြင့် -

သုခဝေဒနာနှင့် တကွဖြစ်သောစိတ် ၆၃ (၄၆)
ဒုက္ခဝေဒနာနှင့် တကွဖြစ်သောစိတ် ၃ (၆)
အဒုက္ခမသုခဝေဒနာနှင့်တကွဖြစ်သောစိတ် ၅၅ (၆)

( )....၌အတွင်းရှိနောက်ဂဏန်းဖြင့် စေတသိက်ကိုပြ၏၊

ဝေဒနာ တစ်၊ ခြောက်ပါး ဖြစ်၏၊ နှစ်မှာ ငှဝ်၊ သုံးလီ
ဆဲ့တစ်၊ ငါးဖြစ် ခြောက်ခု၊ မ-တခု၊ ပေါင်းရ ငါးဆဲ့နှစ်။

ဝေဒနာ တစ်၊ ခြောက်ပါးဖြစ်။ ။ဒေါ-စတုက် စေတသိက် ၄-လုံးသည် ဒေါမနဿ ဝေဒနာ တပါးနှင့်သာ ယှဉ်၏၊ ဝိစိကိစ္ဆာ စေတသိက်သည် ဥပေက္ခာ ဝေဒနာ တပါးနှင့်သာ ယှဉ်၏၊ ပီတိစေတသိက်သည် သောမနဿ ဝေဒနာ တပါးနှင့်သာ ယှဉ်၏၊ ဤသို့ ဝေဒနာ တပါးနှင့်သာ ယှဉ်သော စေတသိက် ၆-လုံးဖြစ်၏။

ဒေါ စတုက္ကာ၊ ဒေါနှင့်သာတည်း၊ ကိစ္စာ ဥပေက်၊ ပီ သော
ဖြစ်၊ ဝေ-တစ် ခြောက်ပါ တည်း။

နှစ်မှာ ငှဝ်။ ။လောဘ, ဒိဋ္ဌိ, မာန, သောဘဏ ၂၅-လုံး
စေတသိက် ၂၈-ပါးသည် သော-ဥ ဝေဒနာ ၂-မျိုးနှင့်ယှဉ်၏၊
လော ဒိဋ္ဌမာ သော၊ ငှဝ်သော၊ ယှဉ်လော သော-ဥနှင့်ဥ။

သုံးလီ ဆဲ့တစ်။ ။ဝိတက်, ဝိစာရ, အဓိမောက္ခ, ဆန္ဒ, ဝီရိယ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ ဟု စေတသိက် ၁၁-လုံးသည် သော-ဒေါ-ဥ ဝေဒနာ ၃-မျိုး နှင့် ယှဉ်၏။

ဝိတက် ဝိစာ၊ မိဝမောက္ခာ၊ ဆန္ဒာ ဝီရိယ၊
မောဟာ ဟိရိ၊ နောတ္တပ္ပိ၊ ဥဒ် ထိ မိဒ္ဓေနှ၊
သော-ဥ-ဒေါမှာ၊ ယှဉ်ခဲ့ရာ၊ မှတ်ပါ ဆဲ့တဝ။

ငါးဖြစ် ခြောက်ခု၊ မ တခု။ ။သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-လုံးတို့တွင် ဝေဒနာမှ ကြွင်းကျန်သော စေတသိက် ၆-လုံး

သည် ဝေဒနာ ငါးမျိုးလုံးနှင့် ယှဉ်၏၊ ဝေဒနာ စေတသိက်သည် တလုံးတည်း ဖြစ်၍ ဝေဒနာနှင့် ပြန်၍ မယှဉ်နိုင်သောကြောင့် ဝေဒနာနှင့် မယှဉ်သော စေတသိက်ကား ဝေဒနာ စေတသိက် တလုံးပင် ဖြစ်သည်။

ဝေဒနာသင်္ဂဟပြီး၏

## ဟေတုသင်္ဂဟ

လောဘ ဒေါသ မောဟ

အလောဘ အဒေါသ အမောဟ

ပေါင်း ဟိတ် ၆-ပါး၊

### ဟိတ်နှင့် မယှဉ်သော အဟိတ် စိတ်ကား-

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ........ | ၁ |
| ဒွိပဉ္စဝိညာဏ် | ........ | ၁၀ |
| သမ္ပဋိစ္ဆန်း | ........ | ၂ |
| သန္တီရဏ | ........ | ၃ |
| ဝုဋ္ဌော | ........ | ၁ |
| ဟသိတုပ္ပါဒ် | ........ | ၁ |

ပေါင်း ၁၈-ပါး၊

### ဟိတ်နှင့် ယှဉ်သော သဟိတ် စိတ်ကား—

| | | |
|---|---|---|
| အကုသိုလ်စိတ် | ........ | ၁၂ |
| ကာမသောဘဏစိတ် | ........ | ၂၄ |

ရူပါဝစရစိတ် ....... ၁၅
အရူပါဝစရစိတ် ၁၂
လောကုတ္တရာစိတ်အကျဉ်း ...... ၈
ပေါင်း ၇၁-ပါး၊

**ဟိတ် ၁-ပါးနှင့် ယှဉ်သော ဧကဟိတ် စိတ်ကား-**
မောဟမူစိတ် ၂-ပါးတည်း

**ဟိတ် ၂-ပါးနှင့် ယှဉ်သော ဒွိဟိတ် စိတ်ကား—**
လောဘမူစိတ် ....... ၈
ဒေါသမူစိတ် ........ ၂
မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ..... ၄
မဟာဝိပါက် ဉာဏဝိပ္ပယုတ်....... ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ်....... ၄
ပေါင်း ၂၂-ပါး၊

**ဟိတ် ၃-ပါးနှင့်ယှဉ်သော တိဟိတ်စိတ်ကား—**
မဟာကုသိုလ် ဉာဏသမ္ပယုတ်....... ၄
မဟာဝိပါက် ဉာဏသမ္ပယုတ်...... ၄
မဟာကြိယာ ဉာဏသမ္ပယုတ် .... ၄
မဟဂ္ဂုတ်စိတ် ........၂၇
လောကုတ္တရာစိတ် အကျဉ်း........ ၈
ပေါင်း ၄၇ ပါး၊

အဟေတုကာ ဋ္ဌာရသေက, ဟေတုကာ ဒွေ ဒွါဒိသတိ၊
ဒွိဟေတုကာ မတာ သတ္တ, စတ္တာလီသ တိဟေတုကာ။

| | | | |
|---|---|---|---|
| အဟိတ်စိတ် | ... | ၁၈ | (၁၃) |
| ကေဟိတ်စိတ် | .... | ၂ | (၂၀) |
| ဒွိဟိတ်စိတ် | .... | ၂၂ | (၄၈) |
| တိဟိတ်စိတ် | .... | ၄၇ | (၃၅) |

အဟိတ်။ ။အဟိတ်စိတ် ၁၈-ပါးသည် မည်သည့် ဟိတ်နှင့်မျှ မယှဉ်သောကြောင့် အဟိတ်စိတ် မည်၏၊ ထိုစိတ် ၁၈-ပါး၌ ယှဉ်သော ဆန္ဒကြဉ် အညသမာန်း ၁၂-လုံးသည်လည်း အဟိတ် စေတသိက်မည်၏။ ခမောဟမူ ခွေး၌ ယှဉ်သော မောဟနှင့် ပေါင်းလျှင် အဟိတ် စေတသိက်ပေါင်း ၁၃-လုံးဖြစ်၏။

ကေဟိတ်။ ။မောဟဟိတ် တပါး နှင့်သာ ယှဉ်သောကြောင့် မောဟမူစိတ် ၂-ပါးသည် ဧကဟိတ်စိတ် မည်၏၊ ဤစိတ် ၂-ပါး၌ စေတသိက် ၁၆-ပါး ယှဉ်ရာ မောဟသည် အခြား ယှဉ်ဘက်ဟိတ် မရှိ၍ အဟိတ် စေတသိက် မည်၏၊ မောဟမှ ကြွင်းကျန် ၁၅-ပါးသော စေတသိက်သည် ဧကဟိတ် စေတသိက် မည်၏၊ နောက်ထပ် လောဒေါ မော အလော အဒေါ ၅-လုံးတိုး၍ ဧကဟိတ် စေတသိက် ပေါင်း ၂၀-ရှိ၏။

ဒွိဟိတ်။ ။ဟိတ် ၂-ပါးနှင့် ယှဉ်သော စိတ် ၂၂- ပါးသည် ဒွိဟိတ်စိတ် မည်၏၊ လောဘမူစိတ်၌ လော-မော၊ ဒေါသမူ စိတ်၌ ဒေါ-မော ယှဉ်၏၊ ဉာဏဝိပ္ပယုတ် စိတ်၌ အလော အဒေါ ဤသို့ ဟိတ် ၂-ပါးစီ ယှဉ်၏၊ ဤစိတ်၌ (ဝိစိကိစ္ဆာ ပညာမှ ကြွင်းသော) စေတသိက် ၅၁- ယှဉ်၏။ ထိုစေတသိက် ၅၀-တို့တွင် ဟိတ် ၅-ပါးမှ ကျန်သော စေတသိက် ၄၅-လုံးသည် ဒွိဟိတ် စေတသိက် မည်၏၊ နောက်ထပ် အလော အဒေါ အမော ၃-လုံးနှင့် ပေါင်းလျှင် ဒွိဟိတ် စေတသိက် ပေါင်း ၄၈-ဖြစ်၏၊ ဤ၌ လောဘသည် မောဟနှင့် ဒေါသသည် မောဟနှင့် အပြန်အလှန် ယှဉ်၏၊ အလောဘသည်

အဒေါသနှင့် အပြန်အလှန် ယှဉ်၏၊ ဤသို့လျှင် ဤ ဟိတ် ၅-ပါးသည် ဟိတ် တပါးစီ နှင့်သာ အပြန် အလှန် ယှဉ်သောကြောင့် ဧကဟိတ် စေတသိက် ၅-လုံးဖြစ်သည်။

တိဟိတ်။ ။အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးနှင့် ယှဉ်သော စိတ် ၄၇-ပါးသည် တိဟိတ်စိတ်မည်၏၊ ၎င်းတိဟိတ်စိတ်၌ စေတသိက် ၃၈-ပါး ယှဉ်၏၊ ယို စေတသိက်တို့တွင် ဟိတ် ၃-ပါးမှ ကျန်သော စေတသိက် ၃၅-ပါးသည် တိဟိတ် စေတသိက် မည်၏၊ ဟိတ် ၃-ပါးတွင် အလောဘသည် အဒေါသ အမောဟနှင့်,အဒေါသ သည် အလောဘ အမောဟနှင့်,အမောဟသည် အလောဘအဒေါသ နှင့်ယှဉ်သောကြောင့် ဤစေတသိက် ၃-လုံးသည် ဒွိဟိတ် စေတသိက် မည်၏၊ အထက်ပါဒွိဟိတ်စေတသိက် ၃၅-လုံးနှင့် ပေါင်းလျှင် ဒွိဟိတ် စေတသိက် ၃၈=လုံးဖြစ်၏။

အဟိတ် တေရ၊ ဧက နှစ်ဆယ်၊ ဒွိဝယ် ငါးစတ်၊
တိဟိတ် မှတ်၊ ရလတ် သုံးဆဲ့ငါး။

တနည်း—ရေတွက်ပြီးသည်ကို မယူ၊ မရေတွက်ရသေးသည်ကိုသာ ရေတွက် ယူသောနည်းအားဖြင့်-

ဧကဟိတ် စေတသိက် ၃—ပါး—

လော ဒေါ ဝိစိ ၃-လုံးသည် မောဟဟိတ် ၁-နှင့် ယှဉ်၏။

ဒွိဟိတ်စေတသိက် ၉-ပါး—

| | | |
|---|---|---|
| ဣဿာ | မစ္ဆရိယ ကုက္ကုစ္စသည် | ဒေါ-မောနှင့် |
| မောဟ | .... | လော-ဒေါနှင့် |
| ဒိဋ္ဌိ မာန | .... | လော-မောနှင့် |
| အလော | .... | အဒေါ-အမောနှင့် |
| အဒေါ | .... | အလော-အမောနှင့် |
| အမောသည် | .... | အလော-အဒေါနှင့်ယှဉ်၏။ |

တိဟိတ် စေတသိက် ၂၇—ပါး

အဟိ အနောတ် ဥ-ထိ-မိသည် လော-ဒေါ-ဓမာနှင့်ရှင်း,

ဟိတ် ၃-ပါးကြဉ်သော သောဘဏ ၂၂-လုံးသည်

အလော ဒေါ အမော ဟိတ် ၃-ပါးနှင့်ရှင်း ယှဉ်၏။

ပဉ္စဟိတ် စေတသိက် ၁—ပါး—

ပီတိသည် ဒေါသမှ ကျန် ဟိတ် ၅-ပါးနှင့်ယှဉ်၏၊

ဆဟိတ် စေတသိက် ၁-ပါး—

ပီတိကြဉ် အညသမာန်း ၁၂-လုံးသည် ဆဟိတ်မည်၏။

အဟိတ် စေတသိက် ၁ပါး—

မောဟမူဒွေး၌ မောဟသည် အဟိတ်စေတသိက်မည်၏၊

သုံး ကေဟိတ်၊ ဒွိဟိတ် ကိုးလီ၊ သတ္တဝီ တိဟိတ်။

ပဉ္စဟိတ် တစ်၊ ဆဲ့နှစ် ဆဟိတ်၊ ဒွေးပညိတ်၊ နိမိတ်ထင်မျှကြံ။

---

## ကိစ္စ သင်္ဂဟ

| | |
|---|---|
| ပဋိသန္ဓိကိစ္စ | ဘဝနှစ်ရပ်ဆက်စပ်မှု |
| ဘဝင် ကိစ္စ | ဘဝ၏အကြောင်း ဆက်ပေးမှု |
| အာဝဇ္ဇန်းကိစ္စ | ဆင်ခြင်မှု |
| ဒဿန ကိစ္စ | မြင်မှု |
| သဝနကိစ္စ | ကြားမှု |
| ဃာယန ကိစ္စ | နမ်းရှုံ့မှု |
| သာယနကိစ္စ | လျက်မှု သာယာမှု |
| ဖုသန ကိစ္စ | တွေ့ထိမှု |
| သမ္ပဋိစ္ဆန ကိစ္စ | လက်ခံ သိမ်းပိုက်မှု |
| သန္တီရဏ ကိစ္စ။ | စုံစမ်း စစ်ဆေးမှု |

| | |
|---|---|
| ဝုဋ္ဌောကိစ္စ | ပိုင်းခြား သတ်မှတ် ဆုံဖြတ်မှုး |
| ဇောကိစ္စ | အဟုန်ဖြင့် အာရုံ ခံစားမှု |
| တဒါရုံကိစ္စ | ဇောနောက်လိုက်၍ အနုခံမှု |
| စုတိကိစ္စ | ဖြစ်ရှိဆဲ ဘဝမှ ရွှေ့လျောမှု |

ပေါင်း ကိစ္စ ၁၄—ပါး

| | |
|---|---|
| ပဋိသန္ဓေဌာန | သမ္ပဋိစ္ဆန္နဌာန |
| ဘဝင်ဌာန | ဝုဋ္ဌောဌာန |
| အာဝဇ္ဇန်း ဌာန | ဇောဌာန |
| ပဉ္စဝိညာဏ်ဌာန | တဒါရုံဌာန |
| သမ္ပဋိစ္ဆန်းဌာန | စုတိဌာန |

ပေါင်း ဌာန ၁၀—ပါး

ကိစ္စသင်္ဂဟ။ ။ကိစ္စ အပြားဖြင့် ကိစ္စရှိသော စိတ် စေတသိက်တို့ကို ရေတွက် ပြရာစကားရပ်သည် ကိစ္စသင်္ဂဟ မည်၏။

ကိစ္စနှင့် ဌာန။ ။လောက၌ လူတို့၏အမှု လုပ်ငန်းသည် ကိစ္စ မည်၏ အလုပ်လုပ်ရာ အလုပ်ရုံသည် တည်ရာဌာန မည်၏။ ထို့အတူ ပရမတ်တရားတို့၏ လုပ်ငန်းအမှုအရာ (လက္ခဏာ) သည်ကိစ္စ၊ ထိုကိစ္စကိုပြုလုပ် ဆောက်ရွက်ရာအချိန်ကာလ အခိုက်အတန့်သည် ဌာန မည်လေသည်၊ထင်ရှားစေအံ့ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆန်း၂-ခုတို့၏ အကြားကာလ အခိုက် အတန့်သည်ရှိ၏၊ထို အကြား ကာလ၌ ဒွိပဉ္စဝိညာဏ် ၁၀-သည် ဒဿန စသော အလုပ်ကိစ္စ ငါးမျိုးကို ဆောင်ရွက်၏၊ မြင်မှုစသော အလုပ်များသည် ကိစ္စမည်၏၊ထိုပြုလုပ်ရာ အခိုက်အတန့်အခါသည် ဌာနမည်၏၊ဤသို့ ကိစ္စ ငါးမျိုးတို့၏တဌာနတကာလ အခိုက် အတန့်မှာချည်းသာဖြစ်လာတတ်သောကြောင့် ကိစ္စမှာ ၁၄-မျိုးရှိ၍ဌာနမှာ ၁၀-မျိုးသာ ရှိလေသည်၊ဤသို့ဌာန နှင့် ကိစ္စ သရုပ် အရကောက်ခြင်း မတူသောကြောင့်၎င်း တည်တတ် တည်ရာ ဖြစ်သောကြောင့်၎င်း ကိစ္စ ဌာန အထူးကို မှတ်လေ။

ပဋိသန္ဓိ၊ စသည် စပ်မှု၊ လုပ်ငန်းရပ်၊ ခေါ်မှု ကိစ္စသာ၊
ရှေ့နောက် စိတ္တ၊ ကြားကာလ၊ မှတ်ကြ ဌာနသာ။

ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်သော စိတ်ကား—

ဥပေက္ခာ သန္တီရဏစိတ် ........ ၂
မဟာဝိပါက်စိတ် ........ ၈
မဟဂ္ဂုတ် ဝိပါက်စိတ် ........ ၉ = ၁၉၊

အာဝဇ္ဇန်း ကိစ္စ တပ်သော စိတ်ကား—

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ........ ၁
မနောဒွါရာဝဇ္ဇန်းစိတ် ........ ၁ = ၂။

စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စ တပ်၏၊
သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ တပ်၏၊
ဃာနဝိညာဏ်ဒွေးသည် ဃာယနကိစ္စ တပ်၏၊
ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စ တပ်၏၊
ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စ တပ်၏၊
သမ္ပဋိစ္ဆိုန်းဒွေးသည် သမ္ပဋိစ္ဆနကိစ္စ တပ်၏၊
သန္တီရဏ ၃-ခုသည် သန္တီရဏကိစ္စ တပ်၏၊
မနောဒွါရာဝဇ္ဇန်းသည် ဝုဋ္ဌောကိစ္စ တပ်၏၊

ဇောကိစ္စ တပ်သော စိတ်ကား—

အကုသိုလ်စိတ် ........ ၁၂
ကုသိုလ်စိတ် ........ ၂၁
အာဝဇ္ဇန်းဒွေးကြဉ်ကြိယာ ........ ၁၈
ဖိုလ်စိတ် ........ ၄ = ၅၅။

တဒါရုံကိစ္စတင်သော စိတ်ကား—

မဟာဝိပါက်စိတ် ၈

သန္တီရဏစိတ် ၃=၁၁။

## စိတ်တခု၏ ဆောင်ရွက်နိုင်သမျှ ကိစ္စရ

ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ် ၂-ခုသည်

ပဋိသန္ဓေ ကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ

သန္တီရဏကိစ္စ တဒါရုံကိစ္စအားဖြင့် ၅-ကိစ္စတင်၏၊

မဟာဝိပါက် ၈-ခုသည်

ပဋိသန္ဓေ ကိစ္စ ဘဝင် ကိစ္စ စုတိကိစ္စ

တဒါရုံကိစ္စ အားဖြင့် ၄-ကိစ္စ တင်၏။

မဟဂ္ဂုတ် ဝိပါက်စိတ် ၉—ခုသည်

ပဋိသန္ဓေ ကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ အားဖြင့်

၃-ကိစ္စတင်၏။

သောမနဿ သန္တီရဏ စိတ်သည်

သန္တီရဏကိစ္စ တဒါရုံကိစ္စအားဖြင့် ၂ ကိစ္စတင်၏။

မနောဒွါရ ဝဇ္ဇန်း စိတ်သည်

ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်း ကိစ္စအားဖြင့် ၂ ကိစ္စတင်၏။

တကိစ္စသာ တင်သောစိတ် ၆၈—ပါး

ဇော ၅၅-သည် ဇော ကိစ္စ တခုသာ တင်၏၊

သမ္ပဋိစ္ဆိုန်း ၂-ခုသည် သမ္ပဋိစ္ဆိုန်း ကိစ္စသာ တင်၏၊

ပဉ္စဒွါရ ဝဇ္ဇန်းသည် အာဝဇ္ဇန်း ကိစ္စသာ တင်၏၊

စက္ခုဝိညာဏ် ဒွေးသည် ဒဿန ကိစ္စသာ တပ်၏၊
သောတဝိညာဏ် ဒွေးသည် သဝန ကိစ္စသာ တပ်၏၊
ဃာနဝိညာဏ် ဒွေးသည် ဃာယန ကိစ္စသာ တပ်၏၊
ဇိဝှါဝိညာဏ် ဒွေးသည် သာယန ကိစ္စသာ တပ်၏၊
ကာယဝိညာဏ် ဒွေးသည် ဖုသန ကိစ္စသာ တပ်၏၊

အဋ္ဌသန္ဓိ တဒါ ဒွေစ, နဝါဋ္ဌ ဒွေ ယထာက္ကမံ၊
ဧကာ ဒွိ တိ စတု ပဉ္စ, ကိစ္စ ဋ္ဌာနာနိ နိဒ္ဒိသေ။
ကိစ္စနှင့် ဋ္ဌာန—ဧက ဒွိတိ စတု ပဉ္စ
စိတ္တဘေဒ— အဋ္ဌသန္ဓိ ဒွေ နဝ အဋ္ဌ ဒွေ

အဋ္ဌသန္ဓိ တကိစ္စ တပ်သောစိတ် ၆၈-ပါးကား

| | | |
|---|---|---|
| ဇောစိတ် | ...... | ၅၅ |
| မနောဓာတ် | ...... | ၃ |
| ပဉ္စဝိညာဏ် | ...... | ၁၀=၆၈။ |

ဒွေ— ၂—ကိစ္စ တပ်သောစိတ် ၂-ပါးကား

| | | |
|---|---|---|
| သောမနဿ သန္တီရဏ | ...... | ၁ |
| မနောဒွါရာဝဇ္ဇန်း | ...... | ၁=၂။ |

နဝ— ၃—ကိစ္စ တပ်သောစိတ် ၉—ပါးကား
မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတည်း။

အဋ္ဌ- ၄—ကိစ္စ တပ်သောစိတ် ၈—ပါးကား
မဟာဝိပါက်စိတ် ၈-ပါးတည်း။

ဒွေ— ၅—ကိစ္စ တပ်သောစိတ် ၂—ပါးကား
ဥပေက္ခာ သဟဂုတ် သန္တီရဏ ၂-ပါးတည်း။

# စေတသိက် နှင့် ကိစ္စ

တကိစ္စဖြစ်၊ ဆဲ့ခုနစ်တည်း၊ လေးဖြစ် နှစ်ပါး၊ ငါး ကေဝီ၊ ခြောက်လီမှာ တစ်၊ ခွန်လည်း တစ်ပင်၊ ကိုးဖြစ်ကား တေး၊ ဆဲ့လေး ခွန်ရပ်၊ ကိစ္စ တပ်သည်၊ ပေါင်းအပ် ဒွိပညာသတည်း။

တကိစ္စ ဖြစ် ဆဲ့ ခုနစ် တည်း။ ။အကုသလ ၁၄, ပီရတိ ၃- ဤ ၁၇-လုံးသည် ဇော တကိစ္စသာ တပ်၏။

လေးဖြစ် နှစ်ပါး။ ။အပ္ပမညာ ၂-လုံးသည် ဋ္ဌိ ဘ ဝ ဇ ဤ ၄-ကိစ္စ တပ်၏။

ငါး ကေဝီ။ ။ဝိရတီ အပ္ပ မညာမှ ကျန်ခဲသော သောဘဏ ၂၀-, ဆန္ဒ ၁-ဤ ၂၁-လုံးသည် ဋ္ဌိ ဘ ဝ ဇ ရုံ ၅-ကိစ္စ တပ်၏။

ခွန်လည်း တစ်ပင်။ ။ဝိရိယသည် ဋ္ဌိ ဘ ဝ အာ ဝု ဇ ရုံ ဤ ၇-ကိစ္စ တပ်၏။

ကိုးဖြစ်ကား တေး။ ။ဝိတက် ဝိစာရ အဓိမောက္ခ ၃-လုံးသည် ပဥ္စဝိညာဏ် ကိစ္စမှ ကျန် ၉-ကိစ္စ တပ်၏။

ဆဲ့လေးခွန်ရပ်။ ။သဗ္ဗစိတ္တ သာဓာရဏ ၇-လုံးသည် ကိစ္စ ၁၄-ပါးလုံး တပ်၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကိစ္စ | ၁ | ၄ | ၅ | ၆ | ၇ | ၉ | ၁၄ |
| စေတသိက် | ၁၇ | ၂ | ၂၁ | ၁ | ၁ | ၃ | ၇ |

မှတ်သားရန်။ ။ပဋိ-တဖန်၊ သန္ဓိ-စပ်ခြင်းသည် ပဋိသန္ဓိကိစ္စ မည်၏၊ ဘဝတခုနှင့်တခြားဘဝတခုကိုဆက်စပ်ပေးခြင်းဟူလို။

အဟိတ်ကုသလဝိပါက် သောမနဿ သန္တီရဏသည် ဥပေက္ခာ သန္တီရဏကဲ့သို့ အဘယ့်ကြောင့် ပဋိသန္ဓေ ကိစ္စ မတပ်သနည်း ?

ထို သောမနဿ သန္တီရဏကို ဖြစ်စေသော ဒွိဟိတ် ဩမက သော မနဿကုသိုလ်ကံသည် အားနည်း လှသောကြောင့် ပဋိသန္ဓေ အခါမှာ

သောမနဿ သန္တီရဏ ပဋိသန္ဓေ ဝိပါက်ကျိုးကိုမပေးနိုင်၊ ထို့ကြောင့် သောမနဿ သန္တီရဏသည် ပဋိသန္ဓေ ကိစ္စ မတပ်နိုင်ပါ။

ဘဝင်ကိစ္စ။ ။ဘဝ-ဘဝတခု၏၊ အင်္ဂ-အစိတ်အပိုင်းသည်ဘဝင် မည်၏၊ ဘဝ အရ လက်ရှိ ဥပပတ္တိ ဘဝကိုယူ၊ ဝိထိစိတ်များ မဖြစ်နိုက် လက် ရှိဘဝကြီး၏ စိတ် မစဲတော့ဘဲ ဆက်ရပ်မျှသောမျှ ချုပ်ပျောက်ပြတ်စဲ မသွားရအောင် ဆက်သက်စောင့်ရှောက်ထိန်းသိမ်းပေးသောလုပ်ငန်း သည် ဘဝင် ကိစ္စ မည်၏။

ဇောကိစ္စ။ ။ဇဝိယဘော ဇဝနံ၊ ဇဝိယဘော-အရှိန် အဟုန် ပြင်း ထန်စွာ ဖြစ်ခြင်း၊ ဇဝနံ-အရှိန်အဟုန်ပြင်းထန်စွာ ဖြစ်ခြင်း၊ အာဝဇ္ဇန်ကမှ မဂ်ဇော အဘိညာဏ်ဇောတို့သည် တကြိမ်သာ ဖြစ်သော်လည်း အရှိန် အဟုန် ပြင်းထန်စွာဖြစ်တတ်သောကြောင့် (ဝါ-အာရုံ၏ အရ သာကိုခံစားတတ်သောကြောင့်) ဇောမည်ကြသည်၊ ဖိုလ်စိတ်၄-ခုသည် လည်း မဂ္ဂဇဝနာ၏ အစွမ်း ဘာဝနာ အစွမ်းတို့ကြောင့် အရှိန် အဟုန်ပြင်းထန်စွာ ဖြစ်ကြ၍ ဇောကိစ္စတပ်နိုင်သည်။

**မနောဒွါရာဝဇ္ဇန်းသည် ဘာ့ကြောင့် ဇောကိစ္စ မတပ်သနည်း?**

ပရိတ္တာရုံအဝိဘူတာရုံတို့၌မနောဒွါရာဝဇ္ဇန်းသည်ဇော၏ကိုယ်စား ၂-ကြိမ် ၃-ကြိမ် ဖြစ်သော်လည်း ထိုစိတ်၏ ရှေ့က ကျေးဇူးပြုပေးသော ဘဝင်စိတ်ကိုက အားနည်းလှ၍ မနောဒွါရာဝဇ္ဇန်းသည်လည်း ဘယ်နှစ် ကြိမ်ဖြစ်ဖြစ် အရှိန်အဟုန် ကင်းသောကြောင့် ဇောကိစ္စ မတပ်နိုင်ပါ၊ တနည်း-အာရုံ၏အရသာကို ပယ်ပယ်နယ်နယ် အားရှိ ပါးရှိ မခံစား နိုင်သောကြောင့်ဇောကိစ္စမတပ်ပါ။ {ပျော့ယောယ်တီ၊ နောက်ဋီကာဟောင်းကျ} ဤအဘူ ဘဝင်စိတ်များ အကြိမ်ပေါင်းမြောက်မြားစွာ ဖြစ်သော်လည်း ရှေးစုံမှာအချောင်ချော၍ လာသော အမှိုက်သရိုက်သဖွယ်ဒိဒိ၏အရှိန် အဟုန်ဖြင့် အားရှိ ပါးရှိမဲ့သော သဘော မရှိသောကြောင့် (ဘဝင် များ၊) ဇောကိစ္စ မတပ်နိုင်ပါ၊ မဂ်ဇော အဘိညာဏ် ဇောများမှာ တကြိမ်သာ ဇောသော်လည်း ဇောကိစ္စ တပ်နိုင်ပုံကို သဗ္ဗညုဘာဉာဏ် တော်၏ဥပမာဖြင့်ဋီကာကျော်ပြသေး၏၊ တကြိမ်ပင် ဇောသော်လည်း ဇဝန ကိစ္စကို မစွန့်သောကြောင့် ဇောကိစ္စ တပ်လျက်သာ မဂ်ဇော

အဘိညာဏ်ဇောများ ဖြစ်ကြသည် ဟူလို။ ဇောဆိုသည်မှာ အကြိမ် အနည်းအများကြောင့်ဇောမည်သည် မဟုတ်၊ အရှိန် အဟုန် ပြင်းထန်မှုကိုသာ အကြောင်းပြု၍ခေါ်ဆိုရသည်၊ ဥပမာ-မိုးကြိုးသည် တချက်တည်းတကြိမ်ဘည်းကျစေကာမူ အရှိန် အဟုန် ပြင်းထန်လှ၍ ရှူးရှားလှ၏။ မိုးချိန်းသံမှာ အကြိမ်ပေါင်း အဘယ်မျှ မြည်ပြီးနေစေကာမူ အရှိန် အဟုန်သတ္တိညံ့လှ၍ ဘာကိုမှ မလောင်ကျွမ်းစေနိုင်သကဲ့သို့ဘည်း။

---

## ဌာနပေါင်း ၂၅ ပါး

သန္ဓိ ဧကံ ဆ ဘဝင်္ဂံ ဒွါဝဇ္ဇံ ပဉ္စဒွေကံ၊
ဒွေ ဧါ ဇော ဆ, တဒါရေဒွတိ, စုတိ တိပဏ္ဏာဝီသတိ။
ဧက်ပဋိသန်၊ ဘဝင်ဌာန်ဆ၊ ဒွဝဇ္ဇန်းပင်၊ ဝိညာဏ် သတ္တိ၊
တစ်ဌာန်စီတည်၊ နှစ်လီဝုဋ္ဌော၊ ဇော ခြောက်ဌာန်ဖြစ်၊
နှစ် တဒါရုံ၊ သုံး စုတိ၊ ပေါင်းတုံ ဈဉ်းဝီသ။
ဧက်ပဋိသန်၊ သန္ဓိဧကံ အရ-

စုတိ နှင့် ဘဝင်အကြားသည် ပဋိသန္ဓေဌာန ၁-ဖြစ်၏။

ဘဝင်ဌာန် ဆ၊ ဆ ဘဝင်္ဂံ အရ—

| | | | | |
|---|---|---|---|---|
| ပဋိသန္ဓေ | နှင့် | အာဝဇ္ဇန်း | အကြား | ပ—အာ |
| တဒါရုံ | နှင့် | အာဝဇ္ဇန်း | အကြား | တ-အာ |
| ဇော | နှင့် | အာဝဇ္ဇန်း | အကြား | ဇ—အာ |
| ဝုဋ္ဌော | နှင့် | အာဝဇ္ဇန်း | အကြား | ဝေ-အာ |
| တဒါရုံ | နှင့် | စုတိ | အကြား | တ-စု |
| ဇော | နှင့် | စုတိ | အကြား | ဇ—စု |

ဒွဝဇ္ဇန်းပင်၊ ဒွါဝဇ္ဇံ အရ—

| | | | | |
|---|---|---|---|---|
| ဘဝင် | နှင့် | ပဉ္စဝိညာဏ် | အကြား | ဘ—ဝိ |
| ဘဝင် | နှင့် | ဇော | အကြား | ဘ—ဇ |

ဝိညာဏ် သန္တီ၊ တစ်ဌာန်စီတည့်၊ ပဋ္ဌာ ဒေ၂ ကံ အရ–

အာဝဇ္ဇန်း — သမ္ပဋိစ္ဆိုန်းကြားသည် — ပဉ္စဝိညာဏ်ဌာန။
ပဉ္စဝိညာဏ် — သန္တီရဏကြားသည် — သမ္ပဋိစ္ဆိုန်းဌာန၊
သမ္ပဋိစ္ဆိုန်း — ဝုဋ္ဌောကြားသည် — သန္တီရဏဌာန။

နှစ်လီဝုဋ္ဌော၊ ဒွေ ဝေါ အရ–

သန္တီရဏ နှင့် ဇောအကြား တဌာန၊
သန္တီရဏ နှင့် ဘင်အကြား ဘဌာန၊

ဇောခြောက်ဌာန်ဖြစ်၊ ဇော ဆ အရ-

| | | | |
|---|---|---|---|
| ဝုဋ္ဌော | တဒါရုံ | အကြား | ဝေါ-တ |
| ဝုဋ္ဌော | ဘဝင် | အကြား | ဝေါ-ဘ |
| ဝုဋ္ဌော | စုတိ | အကြား | ဝေါ-စု |
| အာဝဇ္ဇန်း | တဒါရုံ | အကြား | အာ-တ |
| အာဝဇ္ဇန်း | ဘဝင် | အကြား | အာ-ဘ |
| အာဝဇ္ဇန်း | စုတိ | အကြား | အာ-စု |

နှစ်တဒါရုံ၊ တဒါ ဒွေ အရ–

ဇော နှင့် ဘဝင် အကြား
ဇော နှင့် စုတိ အကြား

သုံး စုကြို၊ တိစုတိ–စုတိ ၃-ဌာန

| | | | |
|---|---|---|---|
| တဒါရုံနှင့် | ပဋိသန္ဓေ | အကြား | တ-ပ |
| ဇော နှင့် | ပဋိသန္ဓေ | အကြား | ဇ–ပ |
| ဘဝင် နှင့် | ပဋိသန္ဓေ | အကြား | ဘ-ပ |

၁+၆+၂+၁+၁+၁+၂+၆+၂+၃=၂၅

ပဉ္စဝိညာဏ် ဒါးပါးမှာ တဌာနသာ ရလေသည်။

## ဇော အမျိုးမျိုး မှတ်ရန်

ဇောသည် အကျဉ်း ၅၅၊ အကျယ် ၈၇ ဖြစ်၏၊
လောကုတ္တရာ ဇော ၈-ပါးက အကျယ် ၄၀-ဖြစ်လာသည်။

| | | |
|---|---|---|
| ဇာတိဘေဒ- | အကုသိုလ်ဇော | ....၁၂ |
| | ကုသိုလ်ဇော | ....၂၁ |
| | ဝိပါက်ဇော | .... ၄ |
| | ကြိယာဇော | ....၁၈=၅၅။ |
| ဘူမိဘေဒ- | ကာမဇော | ....၂၉ |
| | ရူပဇော | ....၁၀ |
| | အရူပဇော | .... ၈ |
| | လောကုတ္တရာ | .... ၈=၅၅၊ |
| တနည်း- | ကာမဇော | ....၂၉ |
| | အပ္ပနာဇော | ....၂၆=၅၅၊ |
| ဝေဒနာဘေဒ- | သော-ဇော | ....၅၃ |
| | ဥပေက္ခာဇော | ....၃၂ |
| | ဒေါမနဿဇော | ..... ၂=၈၇ |
| | ဝေဒနာဘေဒ၌ ဇောအကျယ်ရေတွက်ရ၏။ | |
| သမ္ပယောဂ- | သမ္ပယုတ်ဇော | ....၄၂ |
| | ဝိပ္ပယုတ်ဇော | .. ၁၃=၅၅။ |
| အဓိပတိ- | မောဟမူဇော | .... ၂ |
| | ဟသိတုပ္ပါဒ်ဇော | .... ၁ |
| | အဓိပတိကင်းသော နိရာဓိပတိဇော=၃။ | |
| | ကြွင်းဇော ၅၂-ပါး သာဓိပတိဇောဘည်း။ | |

ကိစ္စ သင်္ဂဟ ပြီးပြီ

## ဒွါရ သင်္ဂဟ

စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ
ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ

ဒွါရ ၆-ပါး

စက္ခု အကြည်ခေတ် ရုပ်သည် စက္ခုဒွါရ၊
သောတ အကြည်ခေတ် ရုပ်သည် သောတဒွါရ၊
ဃာန အကြည်ခေတ် ရုပ်သည် ဃာနဒွါရ၊
ဇိဝှါ အကြည်ခေတ် ရုပ်သည် ဇိဝှါဒွါရ၊
ကာယ အကြည်ခေတ် ရုပ်သည် ကာယဒွါရ၊
ဘဝင်ုပစ္ဆေဒ အကြည်ခေတ် ၁၉-သည် မနောဒွါရ။

စက္ခု စသည်၊ ဘိတ်ဘိတ်လည်း၊ အကြည် ရုပ်တို့သာ၊
မနောဟူသည်၊ ဘိတ်ဘိက်လည်း၊ အကြည် နာမ်တို့သာ။
ဘဝင် ဆဲ့ကိုး၊ စိတ် အမျိုး၊ ခေါ်ရိုးမနောဒွါ။

### စက္ခု ဒွါရ၌ ဖြစ်သော စိတ်ကား

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဏ်ခွေး |
| သမ္ပဋိစ္ဆိုန်းခွေး | သန္တီရဏ ၃ |
| ဝုဋ္ဌော ၁ | ကာမဇော ၂၉ |

တဒါရုံ မဟာဝိပါက် ၈=ပေါင်း ၄၆-ပါးတည်း။

စက္ခုဒွါရောက်၊ လေးဆဲ့ခြောက်၊ ယူကောက် စိတ်အရ၊
သောတ စသည်၊ ဒွါလေးလီ၊ ထုံးမှီ ရှေးနည်းပြ။

သောတ ဝိညာဏ်ခွေးထည့် သောတဒွါရိကစိတ် ၄၆၊
ဃာနဝိညာဏ် ခွေးထည့် ဃာနဒွါရိကစိတ် ၄၆၊

ဇိဝှါဝိညာဏ် ဒွေးထည့် ဇိဝှါဒွါရိကစိတ် ၄၆။
ကာယဝိညာဏ် ဒွေးထည့် ကာယဒွါရိကစိတ် ၄၆။

## မနောဒွါရ၌ ဖြစ်သော စိတ်ကား

မနောဒွါရာဝဇ္ဇန်း ၁, ဇော ၅၅,
တဒါရုံ ၁၁=ပေါင်း၆၇-ပါးတည်း။

ခြောက်ဆဲ့ခွန်သာ၊ မနောဒွါ၊ သချာ စိတ်ရေရ။

ဧကဒွါရိက စိတ္တာနိ, ပဉ္စ ဆ ဒွါရိကာနိ စ၊
ဆဒွါရိက ဝိမုတ္တာနိ. ဝိမုတ္တာနိ စ သဗ္ဗထာ။
ဆတ္တိံသတိ တထာ-တီဏိ, ဧကတိံသ ယထာက္ကမံ၊
ဒသဓာ နဝဓာ စေတိ, ပဉ္စဓာ တတ္တ သင်္ဂဟော။

ဧကဒွါရိကစိတ္တာနိဆတ္တိံသတိတဒွါရရောက်၊သုံးဆဲ့ခြောက်ကား

ဒွေးပဉ္စဝိညာဏ် (ပဉ္စဒွါရအသီးသီး) ၁၀
အပ္ပနာဇော (မနောဒွါရ၌သာ) ၂၆ = ၃၆။

ပဉ္စဝိညာဉ်၊ ကိုယ်စိယှဉ်၊ ငါးအင် ဒွါရမှာ၊
ဇော အပ္ပနာ၊ ဆဗ္ဗိသာ၊ မှန်စွာ မနောဒွါ။

ပဉ္စဒွါရိက စိတ္တာနိ တီဏိ-ငါးရောက် မနောသုံး

ငါးဒွါရ၌ ဖြစ်သောစိတ်ကား မနောဓာတ် ၃-ခုတည်း။
မနောဓာတ်ခေါ်၊ စိတ် မနော်၊ ငါးဘော် ဒွါရဖြစ်။

ဆဒွါရိကာနိ ဧကတိံသ—ခြောက်ဒွါရဖြစ် သုံးဆဲ့တစ်

သောမနဿ သန္တီရဏ ၁, ဝုဋ္ဌောစိတ် ၁,
ကာမဇော ၂၉-ပေါင်း ၃၁ တည်း။

ဆဒွါရကဒါစိ ဝိမုတ္တာနိ ဒသဓာ-လွတ်ဖြစ်တဆယ်နှုန်း

ဥပေက္ခာ သန္တီရဏစိတ် ၂
မဟာဝိပါက်စိတ် ၈ - ပေါင်း ၁၀ - တည်း။

မနောဒွါရာ၊ တိ သုံးဖြာ၊ မဟာဝိပါက်ရှစ်၊
နှစ်ဆဲ့ ကိုးမျှ၊ ဇောကာမ၊ ဒွါရ ခြောက်ပါးဖြစ်။

ခြောက်ဒွါရ၌ အမြဲဖြစ်သောစိတ် ၃၁၊ လွတ် ဖြစ်စိတ်ကား ၁၀ ပေါင်း ခြောက်ဒွါရ၌ ဖြစ်သော စိတ်များမှာ ၄၁-ပါးဖြစ်၏။

ဝိမုတ္တာနိစ သဗ္ဗထာ နဝဓာ-၆-ဒွါရမှ အမြဲလွတ်သော စိတ်ကား-

မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးတည်း။

မဟဂ္ဂုတ် ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါ လွတ်မြဲထုံး၊
ဆဲ့ကိုး ပဋိသန်၊ စိတ် အမှန်၊ ကေန် ဒွါရလွတ်။
ခြောက်ဒွါရမှ လွတ်ဖြစ် ၁၀-နှင့် အမြဲလွတ် ၉
ပေါင်း ပဋိသန္ဓေ ၁၉—ပါးသည် ခြောက်ဒွါရမှ လွတ်ကြ၏။

| | | | |
|---|---|---|---|
| ဧကဒွါရိက | စိတ္တ | .... | ၃၆ |
| ပဉ္စဒွါရိက | စိတ္တ | .... | ၃ |
| ဆဒွါရိက | စိတ္တ | .... | ၃၁ |
| ကဒါစိဝိမုတ္တ | စိတ္တ | .... | ၁၀ |
| သဗ္ဗထာ ဝိမုတ္တ | စိတ္တ | .... | ၉ |

ကာမ ခြောက်ရုံ၊ ရူဘုံသုံးဖြစ်၊ အရူတစ်၊ ပဖြစ် အသညတ်၊

| | | | |
|---|---|---|---|
| ကာမဘုံ၌ | ဒွါရ | ၆-ပါးလုံး | ရ၏။ |
| ရူပဘုံ၌ | စက်-သော-မန | ၃-ဒွါရ | ရ၏။ |
| အရူပဘုံ၌ | မနောဒွါရ | တပါးကိုသာ | ရ၏။ |
| အသညသတ်ဘုံ၌ ဒွါရ | တပါးမှ | | မရအပ်။ |

မှတ်သားရန်။ ။ဋ္ဌါရ အပြားအားဖြင့် ဋ္ဌါရ၌ ဖြစ်သော စိ-ဓစ တို့ကို ရေတွက်ပြရာသည် ဋ္ဌါရသင်္ဂဟ မည်၏၊

ဋ္ဌါရ။ ။လူတို့၏ ဝင်ထွက်ရာ တံခါးပေါက်သည် ဋ္ဌါရ မည်၏၊ ထို့အတူ အာရုံခြောက်ပါး၏ လာရာ ဝင်ရာ, စိတ် စေတသိက်တို့၏ ထွက်ရာ ဝင်ရာ ဖြစ်သောကြောင့် ဋ္ဌါရ မည်၏၊ အာရုံနှင့်အာရုံမွှာကြိက စိတ်-စေတ်၏ ပေါင်းဆုံရာ ဖြစ်ပေါ်ရာ ဖြစ်သော အကြည်ဓါတ် ၆-ပါးသည် ဋ္ဌါရမည်၏ ဟူလို၊ ရှေ့သာဒ အပြည်ဓါတ် ၅-ပါးသည် ရုပ် ဋ္ဌါရမည်၏၊ မနောဋ္ဌါရသည် နာမ်ဋ္ဌါရမည်၏။

အကြည်အလင်၊ ဘိတ်ဘိတ်လွင်၊ ထွက်ဝင်တခါ စာတ်၊

ကာယဋ္ဌါရနှင့် မနောဋ္ဌါရ။ ။ဘုံပိုင်း ကာယဋ္ဌါရကား ဓော ပန ကာယ ခေါ်သော ကာယဝိညာတ် ရ၏၊ ပကိဏ်းပိုင်းကာယ ဋ္ဌါရ ကား ကာယ အကြည်ဓာတ် ရ၏၊ ဘုံပိုင်း မနောဋ္ဌါရကား လောကီ ကုသိုလ် ၁၇ နှင့် အကုသိုလ် ၁၂ ပေါင်း ၂၉-ပါးရ၏၊ ပကိဏ်းပိုင်း မနောဋ္ဌါရကား ဘဝင် ၁၉-ပါး ရ၏။

မနောဋ္ဌါရ။ ။မနာနံ-မနောဋ္ဌါရ ဝဇ္ဇန်းစသော စိတ်တို့၏။ဋ္ဌါရံ၊ ဖြစ်ကြောင်းသည်၊ မနောဋ္ဌါရံ-မနောဋ္ဌါရမည်၏၊ အတိတ ဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဋ္ဌါရ ဝဇ္ဇန်း ဇော တဒါရုံ ဟူသော မနောဋ္ဌါရ ဝိထိစဉ်၌ မနောဋ္ဌါရ ဝဇ္ဇန်း၏ရှေ့က ဖြစ်သော ဘဝင်ုပစ္ဆေဒ အခိုက်အတန့်ရှိ ဘဝင် ၁၉-ခုကသာ မနော ဋ္ဌါရက စိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်မနောဋ္ဌါရ မည်၏၊ ဘဝင်စလနအတိတဘဝင် စသော တခြားဘဝင်များသည် မနောဋ္ဌါရဝဇ္ဇန်း သော ဝိထိစိတ်တို့ ၏ ဖြစ်ကြောင်းမဟုတ်၍မနောဋ္ဌါရမမည်ဟု ဋီကာကျော်သို့၏၊ လယ်တီ ဆရာတော် ဒါဒကား မည်သည့်အခိုက်၌ရှိဘဝင်မဆို ဘဝင်စိတ်၁၉-ပါး လုံးသည် အမြဲတန်း မနောဋ္ဌါရမည်၏၊ ဥပမာ-တံခါးသည် လူတို့ဝင် ထွက်ခိုက်သာ ဋ္ဌါရအမည်ရသည်မဟုတ် အမြဲတန်း ဋ္ဌါရမည်သကဲ့သို့ တည်း၊

ထင်ရှားစေဦးအံ့။ ။ပသာဒရုပ် ငါးပါးသည် အာရုံထင်လာရာ အခါစိတ်များဖြစ်ပေါ် (မှီတွယ်) လာရာအခါမှာသာဋ္ဌါရရုပ်အမည်ကို

ရသည်မဟုတ်, အာရုံနှင့် စိတ်တို့လာရောက် မထင်ရာ မဖြစ်ရာ အခါ၌လည်း အမြဲတမ်း ဒွါရရုပ် မည်သကဲ့သို့တည်း၊ ဋီကာကျော်၏ အဆိုမျိုး ယူလျှင် ပသာဒရုပ်များလည်း အာရုံနှင့် စိတ်တို့လာ၍ ဆုံစည်းဖြစ်ပေါ် ထင်လာခိုက် အခါမှသာ ဒွါရမည်၍ မထင်လာသောအခါ ဒွါရမမည် ဟူသော ပြန်ချက်ရောက်၍ မသင့်ဟုပယ်၏၊

ဘဝင် ၁၉။ ။ပဋိသန္ဓေ ဘဝင် စုတိဥ-ကိစ္စကို ဆောင်ရွက်သော ပဋိသန္ဓေစိတ် ၁၉-ပါးသည် ဘဝင်ကိစ္စ တပ်ခိုက်မှာသာ မနောဒွါရ အမည်ရ၏၊ ပဋိသန္ဓေကိစ္စ စုတိကိစ္စ တပ်ခိုက်မှာ မနောဒွါရ အမည် မရပေ၊ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ —ဟူသော စကားကိုထောက်၍ သိလေ၊ စုတိနောင် ပဋိသန္ဓေ ပဋိသန္ဓေနောင်ဘဝင်စိတ်များ ဖြစ်သောကြောင့် ပဋိသန္ဓေ၏ ရှေ့က စုတိစိတ်နှင့် ဘဝင်၏ ရှေ့က ပဋိသန္ဓေစိတ်များသည် မနောဒွါရအမည်ကို ရသင့်သော်လည်း စုတိနောင် ဖြစ်သော ပဋိသန္ဓေစိတ် နှင့် ပဋိသန္ဓေနောင် ဖြစ်သော ဘဝင်စိတ်များသည် ဝီထိစိတ်များမဟုတ်သောကြောင့် ထိုစုတိ ပဋိသန္ဓေ စိတ်များသည် မနောဒွါရအမည်မရနိုင်ပေ၊ (သေခါနီးစိတ်ထားသည့် သဘောကျအောင် ကြိုးစား ကြ၊)

မနောဒွါရ၌သာ သက်သက် ဖြစ်သော စိတ်ကား—

အပ္ပနာဇော ဆဗ္ဗီသသည် ဓမ္မာရုံကိုသာ အာရုံ ပြု၍ ပဉ္စာရုံကို အာရုံ မပြုသောကြောင့် မနောဒွါရ၌သာ ဖြစ်၏၊
အပ္ပနာဇော၊ ဆဗ္ဗီသော၊ မနောဒွါရ စစ်၊

ပဉ္စဒွါရ၌သာ ဖြစ်သော စိတ်ကား—

ဒွိပဉ္စဝိညာဏ် နှင့် မနောဓာတ် သုံးပါးသည် ပဉ္စာရုံကိုသာ အာရုံ အမြဲတမ်း ပြုသောကြောင့် ပဉ္စဒွါရ၌သာ အမြဲ ဖြစ်၏၊
ပဉ္စဝိညာ၊ မနောဓာ၊ ပဉ္စာဒွါရစစ်။

အမြဲတမ်း ၆-ဒွါရမှ လွတ်သောစိတ်ကား—

မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးမှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တခုခုကို အမြဲ ဆောင်ရွက်ရသောကြောင့် ဒွါရဝိမုတ်ဖြစ်ရ၏။

လွတ်–ဖြစ် တဆယ်

ဥပေက္ခာ သန္တီရဏ ၂-ပါးနှင့် မဟာဝိပါက်စိတ် ၈–ပါးတို့သည် ပ-ဘ-ရ-ကိစ္စ တင်နိုက် ခြောက်ဒွါရမှ လွတ်၏၊ သန္တီရဏကိစ္စ တဒါ ရုံ ကိစ္စ တပ်နိုက် ၆–ဒွါရ၌ ဖြစ်ကြ၏။ ဒွါရမှ လွတ်ရာ၌ နည်းမှာ ပ–ဘ-စုကိစ္စ တပ်နိုက် စက္ခုဒွါရစသည်၌ မဖြစ်သောကြောင့် ၎င်း၊ အာရုံပြုနေကျ ကံ ကမ္မနိမိတ် ဂတိနိမိတ်မှ တပါး တခြား အာရုံကို အာရုံမပြုသောကြောင့်၎င်း ၆-ဒွါရမှလွတ်ကြလေသည်၊ {ဋီကာကျော်} ဥပေက္ခာ သန္တီရဏ ၂-ပါးသည် သန္တီရဏကိစ္စ တဒါရုံ ကိစ္စတပ်နိုက် ၆–ဒွါရ၌ဖြစ်၏၊ မဟာဝိပါက်သည် တဒါရုံ ကိစ္စ တပ်နိုက် ၆-ဒွါရ၌ ဖြစ်၏၊ ပ-ဘ-စု ကိစ္စ တပ်နိုက် -ဒွါရမှ လွတ်ကြသည် ဟူလို။

ဒွါရ သင်္ဂဟ ပြီး၏

---

## အာရမ္မဏ သင်္ဂဟ

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ
ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ
အာရုံ ၆- ပါး။

မြင်ရသော အဆင်းခေတ် ဟူသမျှသည် ရူပါရုံ၊
ကြားရသော အသံခေတ် ဟူသမျှသည် သဒ္ဒါရုံ၊
နမ်းရှူ့ရသောအနံ့ခေတ် ဟူသမျှသည် ဂန္ဓာရုံ၊
လျက်ရသော အရသာခေတ် ဟူသမျှသည် ရသာရုံ၊
တွေ့ထိရသော အတွေ့ခေတ် ဟူသမျှသည်ဖောဋ္ဌဗ္ဗာရုံ၊
မနောဝိညာဏ်ဖြင့်သာ သိအပ်တမျှသော
ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊
စိတ် ၈၉၊ စေတသိက် ၅၂၊
နိဗ္ဗာန် ပညတ် ဤ ၆-မျိုးသည် ဓမ္မာရုံမည်၏။

အာရမ္မဏနှင့် အာလမ္ဗဏ။ ။အာရမ္မဏ၊ စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ၊ ဥယျာဉ် ပန်းမာလ် မိမာန် ရေကန်စသော ရှုမျော်ခင်း အမျိုးမျိုးတို့သည် လူတို့၏ လာရောက်မွေ့လျော်ရာဖြစ်သကဲ့သို့ စိတ်စေတသိက်တို့၏ လာရောက် မွေ့လျော်ရာ အာရုံပြုရာဖြစ်သောကြောင့် အဆင်းအမျိုးမျိုး အသံအမျိုးမျိုး စသည်တို့သည် အာရမ္မဏ အာရုံမည်၏။

အာလမ္ဗဏ၊ စိတ္တစေတသိကေဟိ အာလမ္ဗီယတီတိ အာလမ္ဗဏံ၊ အားနည်းသော သူအို သူနာ စသည်တို့သည် တောင်ဝှေး ကြိုးတန်း စသည်ကို ဆွဲကိုင် ထောက်၍ သွားလာကြသကဲ့သို့ စိတ် စေတသိက် တို့၏ ဆွဲကိုင် မှီတွယ်အပ် အာရုံပြုအပ် သောကြောင့် အာလမ္ဗဏ အာရုံမည်၏။

စိ-စေ နှစ်ဖြာ၊ မွေ့လျော်ရာ၊ မှတ်ပါ အာရမ္မဏ၊
စိ-စေ နှစ်ရပ်၊ ဆွဲကိုင်အပ်၊ ခေါ်အပ် အာလမ္ဗဏ၊
ဆွဲကိုင် မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။

ဓမ္မာရုံ အမျိုးမျိုး နှင့် သရုပ်

| | | | |
|---|---|---|---|
| ၁။ | ပသာဒရုပ် | .... | ၅ |
| ၂။ | သုခုမရုပ် | .... | ၁၆ |
| ၃။ | စိတ် (၈၉) | .... | ၁ |
| ၄။ | စေတသိက် | .... | ၅၂ |
| ၅။ | နိဗ္ဗာန် | .... | ၁ |
| ၆။ | ပညတ် | .... | ၁ |

ဤသို့ ၆-မျိုးရှိ၏၊ သရုပ်မှာ ၇၆-ပါးတည်း။

ပသာဒ နှင့် သုခုမကို ရုပ်ချင်းတူ၍ တမျိုး တစားသာ ယူလျှင် ဓမ္မာရုံသည် ငါးမျိုးသာရှိ၏။

စိတ် စေတသိက်၊ ရုပ် နိဗ္ဗာန် နှစ်ရပ်၊ ပညတ်အပြား၊
ဤ ငါးပါး၊ မှတ်သား ဓမ္မာရုံ။ (သံခိပ်)

တန်–ကာမ စိ–စေနှင့် ရုပ် ၂၈-ပါးသည် ကာမဓမ္မာရုံ၊ မဟဂ္ဂုတ် စိ–စေသည် မဟဂ္ဂုတ် ဓမ္မာရုံ၊ လောကုတ္တရာ စိ–စေနှင့် နိဗ္ဗာန်သည် အပ္ပမာဏ ဓမ္မာရုံ၊ ပညတ်သည် ပညတ်ဓမ္မာရုံ၊ ဤသို့ ၄-မျိုးရှိ၏။

စက္ခုဒွါရိကစိတ် ၄၆ - သည် ပစ္စုပ္ပန် ရူပါရုံကို၊
သောတဒွါရိကစိတ် ။ ။ သဒ္ဒါရုံကို၊
ဃာနဒွါရိကစိတ် ။ ။ ဂန္ဓာရုံကို၊
ဇိဝှါဒွါရိကစိတ် ။ ။ ရသာရုံကို၊
ကာယဒွါရိကစိတ် ။ ။ ဖောဋ္ဌဗ္ဗာရုံကို၊
မနောဒွါရိကစိတ် ၆၇-သည် ကာလသုံးပါး၌ ဖြစ်သော

စိတ် ........ ၈၉
စေတသိက် ........ ၅၂
ရုပ် ........ ၂၈

ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ် ဤအာရုံ ၆-ပါးတို့တွင် တပါးပါးကို သင့်သလို အာရုံပြု၏။

**တေကာလိကနှင့် ကာလဝိမုတ်။** ။ပစ္စုပ္ပန်အတိတ် အနာဂတ် ကာလ ၃–ပါးဖြင့် ခွဲဝေရကောင်း သောကြောင့် (ဥပါဒ် ဌီ ဘင် ရှိသောကြောင့်) စိတ် စေတသိက် ရုပ်တရားများသည် တေကာလိက အာရုံမည်၏။ ကာလ ၃-ပါးဖြင့် ခွဲဝေ မရကောင်း သောကြောင့် (ဥပါဒ် ဌီ ဘင် ကင်းသောကြောင့်) နိဗ္ဗာန်နှင့် ပညတ် ၂-ပါးသည် ကာလဝိမုတ် အာရုံမည်၏။

နိဗ္ဗာန် ပညတ်၊ ဖြစ်ကင်းပ၊ ကာလဝိမုတ္တ၊
စိ–စေ–ရုပ၊ သုံးကာလ၊ ယှဉ်ထ တေးကာလ။

ဒွါရဝိမုတ် ဖြစ်သော ပဋိသန္ဓေ ဘဝင် စုတိ စိတ် များသည် မရဏာသန္နဇော ယူပေးအပ်သော ကာလ

သုံးပါးဖြစ်သောကာံ ကမ္မနိမိတ် ဂတိနိမိတ် တပါးပါးကို ထိုက်သလို အာရုံပြု၏။

စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရူပါရုံကို
သောတဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် သဒ္ဒါရုံကို
ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဂန္ဓာရုံကို
ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ရသာရုံကို
ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို
မနောဓာတ် ၃-ခုသည်ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။

ပဉ္စဝိညာဏ်၊ ကိုယ်စီရုံ၊ ငါးတန် ရူပါဒိ၊
မနောဓာတုံ၊ ငါးအာရုံ၊ နှစ်ရုံဆဲ့သုံးရှိ။
ပစ္စုပ်ကေန်၊ ရုပ် ကေန်၊ အမှန် တွေးယူညို။

(ဤ ၁၃-ပါးသည် ပစ္စုပ္ပန် ကေန် ရုပ် ကေန် အာရုံပြု၏။)

သေသာနိ ကာမာဝစရ ဝိပါကာနိ ဟသန စိတ္တဥ္စေတိ
သဗ္ဗထာပိ ကာမာဝစရာ ရမ္မဏာ နေဝ၊

သန္တီရဏစိတ် ........ ၃
မဟာဝိပါက်စိတ် ....... ၈
ဟသိတုပ္ပါဒ်စိတ် ........ ၁ ဤ ၁၂ - ပါးသော

စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော
ကာမစိတ် ၅၄၊ စေတသိက် ၅၂၊
ရုပ် ၂၈ ဤကာမအာရုံ ၆ - ပါးတို့တွင်
တပါးပါးကိုအာရုံပြု၏။

တဒါ ဟသ၊ ဆဲ့နှစ်ဝ၊ ကာမကိုသာ သိ။
ပဉ္စဝိညာ၊ မနောဓာ၊ တဒါဟသိနှော။ (ကာမကေန်)

မှတ်သားရန်။ ။ပစ္စုပ္ပန် ကောန် ၁၃-ပါးနှင့် ဤ တဒါ-ဟသ, ဆဲ့နှစ်ဝကိုပေါင်း၍ ၂၅-ပါးသော စိတ်သည် ကာမဇောန် ၂၅-ဖြစ်၏၊ ပဥ္စဝိသ ပရိတ္တမှိ အရ ကောက်ယူရလတံ့။

အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ
ဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊

အကုသိုလ်စိတ် ........ ၁၂
မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄ ဤ ၂၀ သော

စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော

လောကီစိတ် ........ ၈၁
စေတသိက် ........ ၅၂
ရုပ် ........ ၂၈

ကာလဝိမုတ် ဖြစ်သော ပညတ် ဤ အာရုံ ၆ - ပါး တို့တွင် တပါးပါးကိုအာရုံပြု၏။

အကုဆဲ့နှစ်၊ ရှစ်ဝိပ္ပယုတ်၊ ကုကြိထုတ်၊ လောကုတ်ကြဉ်၍သိ။
(ကာမ မဟာဂ္ဂုတ် ပညတ်ကို အမြဲနကံပြုသောစိတ် ၂၀)

ဉာဏသမ္ပယုတ္တ ကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာန
သင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလ ဝဇ္ဇိတ
သဗ္ဗာရမ္မဏာနိ၊

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
ကုသိုလ် အဘိညာဏ် ၁

ဤ ၅ ပါးသော စိတ်တို့သည် ကာလ သုံးပါး၌ ဖြစ်သော

အရဟတ္တမဂ်ဖိုလ်ကြဉ်စိတ် ........၈၇

စေတသိက် ........၅၂

ရုပ် ........၂၈

ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်ပညတ် ဤအာရုံ ၆=ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

ကာမ ကု-ဉာဏ်၊ ကု-ဘိညာဏ်၊ ငါးတန် စိတ်မနိ၊
အရဟတ် မဂ်-ဖိုလ်၊ကြဉ်စေလို၊ ကြွင်းကို အကုန်သိ။

(ကာမ မဟဂ္ဂုတ် နိဗ္ဗာန် ပညတ် အနေကန်စိတ် ၅-ပါး)

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာစေဝ ကြိယာဘိညာ
ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

| | |
|---|---|
| မဟာကုသိုလ် ဉာဏသမ္ပယုတ် | ၄ |
| ကြိယာအဘိညာဏ် | ၁ |
| ဝုဋ္ဌော(မနောဒွါရဝဇ္ဇန်း) | ၁ ဤ ၆-ပါး |

သောစိတ်တို့သည် ကာလ ၃-ပါး၌ ဖြစ်သော

စိတ် ........ ၈၉

စေတသိက် ........ ၅၂

ရုပ် ........ ၂၈

ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ် ဤ အလုံးစုံသောအာရုံ ၆=ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

ကာမ ကြိ-ဉာဏ်၊ကြိ-ဘိညာဏ်၊ဝုဋ္ဌန် မနောဆိ၊
ခပ်သိမ်း အာရုံ၊အလုံးစုံ၊အကုန် သိလေဘိ။

မှတ်သားရန်။ ။သဗ္ဗညု ဉာဏ်ရှင် ဘုရားမြတ်၏ သန္တာန်မှာ ဖြစ်ခိုက်၌သော ဤစိတ်၆-ပါးသည် အာရုံအကုန်အစင်ကို သိနိုင်သည်၊ တခြားပုဂ္ဂိုလ်များ သန္တာန်မှာဖြစ်ခိုက် ထိုက်သလောက်သာ အာရုံပြုနိုင်၏၊ မှန်၏-သဗ္ဗညုတဉာဏ် ဆိုသည်မှာ ဤ မဟာကြိယာ ဉာဏသမ္ပယုတ်

၄-ပါး၌ ယှဉ်၍ သဗ္ဗညုကိစ္စ တပ်နိုက်ပညီခြေစေတသိက်ကို ခေါ်သည်၊ ထို သဗ္ဗညု ဉာဏ်၏ ရှေ့သွားဖြစ်သော မနောဒွါရဝဇ္ဇန်းသည်လည်း သဗ္ဗညုတ ဉာဏ်မြတ် နှင့် တထပ်တည်း အကုန် အစဉ် သိစွမ်းနိုင်၍ "မဟာဝဇိရ" ဆင်ပြောင်ကြီးနှင့် တူသော စိတ်ဟူသော အမည်ထူးကို (ထိုမနောဒွါရာဝဇ္ဇန်းစိတ်မှာ) ရရှိလေသည်။

အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

ဝိညာဏဉ္စာယတန ကုသိုလ် ဝိပါက်သည့် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၏၊ ဝိညာဏဉ္စာယတန ကြိယာသည့် အတိတ် ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ် ကြိယာ ၂-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

နေဝသညာ နာသညာယတန ကုသိုလ် ဝိပါက်သည့် အတိတ်အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၏၊ နေဝသညာနာသညာ ယတန ကြိယာသည့် အတိတ်ဖြစ်သော အာကိဉ္စညာ ယတန ကုသိုလ် ကြိယာ ၂-ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ (မဟာဂ္ဂုတ်ကော ၆-ပါး)

အရူ ဒု-မှာ၊ ပ-ကိုသာ၊ စမှာ တ-ကို သိ။

သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

အဘိညာဏ်ကြဉ်သော ရူပစိတ် ၁၅
အရူပ ပထမ=၃၊ တတိယ-၃ ၆

၍ ၂၁-ပါးသည် ပညတ်ကို ကေန် အာရုံပြု၏

ဘိညာဏ် ကြဉ်မှု၊ ဆဲ့ငါးရူ၊ အရူပ—တ ဆိ၊
ပညတ် ကေစ်၊ နှစ်ဆဲ့တစ်၊ စင်စစ် အမှန်သိ။

ရူပ ပထမဈာန် ၃-ခုသည်-

ကာယိက်း ပညတ် ၁၀-ပါး
အသုဘ ပညတ် ၁၀-ပါး
ကာယဂတာသတိ ဟူသော ကောဋ္ဌာသပညတ် ၁
ထွက်သက်ဝင်သက် ....... ၁
မေတ္တာ၏ အာရုံ ဖြစ်သော သတ္တပညတ် ၁
ကရုဏာ၏အာရုံဖြစ်သောဒုက္ခိတသတ္တပညတ် ၁
မုဒိတာ၏ အာရုံဖြစ်သောသုခိတသတ္တပညတ် ၁
ဤ ၂၅ ပါးသော ကမ္မဋ္ဌာန်းကို အာရုံပြု၏။

ရူပ ဒု-တ-စ ဈာန်တို့သည်-

ကသိုဏ်း ပညတ် ၁၀
ထွက်သက် ဝင်သက် ၁
မေတ္တာ၏ အာရုံ သတ္တပညတ် ၁
ကရုဏာ၏ အာရုံဒုက္ခိတသတ္တပညတ် ၁
မုဒိတာ၏ အာရုံသုခိတ သတ္တပညတ် ၁
ဤ ၁၄-ပါးကို အာရုံ ပြုကြ၏။

ရူပ ပဉ္စမဈာန် ၃-ခုသည်-

ကသိုဏ်း ပညတ် ....... ၁၀
ထွက်သက် ဝင်သက် ....... ၁
ဥပေက္ခာ၏ အာရုံ သတ္တ ပညတ် ၁
ဤ ၁၂-ပါးကို အာရုံ ပြု၏။

**အာကာသာနဉ္စာယတန ၃-ခုသည်-**

အာကာသ ကြဉ်သော ကသိုဏ်း ၉-ပါး တို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကသိဏုဂ္ဃာဋိမာကာသ ပညတ်ကို အာရုံပြု၏။

**အာကိဉ္စညာယတန ၃-ခုသည်-**

အာကာသာနဉ္စာယတန၏ မရှိခြင်း နတ္ထိဘော ပညတ်ကို အာရုံပြု၏။

လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ၊

လောကုတ္တရာစိတ် ၈-ခုသည် နိဗ္ဗာန်ကို အာရုံ ပြု၏။

လောကုတ္တရာ၊ စိတ်ရှစ်တန်၊ နိဗ္ဗာန်ကိုသာသိ၊

မှတ်သားရန်။ ။ပညာကော ၂၁-ပါး နှင့် လောကုတ္တရာကြေန် ၈-ပါးပေါင်း ၂၉-ပါးသော စိတ်သည် ကာလဝိမုတ်ကိုကြေန် အာရုံပြု၏။ ပညတ်နှင့် နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သောကြောင့် ကာလဝိမုတ် ခေါ်ပုံသတိပြု။

ပဉ္စဝီသ ပရိတ္တမှိ, ဆ စိတ္တာနိ မဟဂ္ဂတေ၊
ဧကဝီသတိ ဝေါဟာရေ,အဋ္ဌနိဗ္ဗာနဂေါစရေ။
ဝီသာနုတ္တရ မုတ္တမှိ. အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ,သတ္တဓာ တတ္ထသင်္ဂဟော။

ပဉ္စဝီသ ပရိတ္တမှိ၊ ကာမ အာရုံ ကော်ပြု-

| | | |
|---|---|---|
| ဒွေးပဉ္စဝိညာဏ် | .... | ၁၀ |
| မနောဓာတ် | .... | ၃ |
| သန္တီရဏစိတ် | .... | ၃ |
| မဟာဝိပါက်စိတ် | .... | ၈ |
| ဟသိတုပ္ပါဒ်စိတ် | .... | ၁=၂၅ |

ပဉ္စဝိညာ၊ မနောဓာ၊ တဒါ ဟသိနှော။

ပရိတ္တမှီအရ-ကာမစိတ် ၅၄
စေတသိက် ၅၂
ရုပ် ၂၀ ဤတရားစုသည် ကာမအာရုံ (ကာမတရား) မည်၏။

ဆ စိတ္တာနိ မဟဂ္ဂတေ၊ မဟဂ္ဂုတ် ကော်ပြ၊—
ဝိညာဏဥ္စာယတနကု-ဝိ-ကြိ ၃-ပါး
နေဝသညာနာသညာယတနကု-ဝိ-ကြိ ၃-ပါး=၆
ဝိညာနဥ္စာ၊နာသညာ၊သဉ္စာ ဆဟုဟော။

ကေဝိသတိ ဝေါဟာရေ၊ ပညတ်ကို ကော်ပြ—
အဘိညာဏ်ကြဉ် ရူပစိတ် ၁၅
အာကာသာနဥ္စာယတနစိတ် ၃
အာကိဥ္စညာယတနစိတ် ၃=၂၁
ဘိညာ မပါ၊ စိတ် ရူပါ၊ အာကာ အာကိဥ္စာ။

အဌနိဗ္ဗာနဂေါစရေ၊ နိဗ္ဗာန် ကော်ပြ—
လောကုတ္တရာစိတ် ၈-ပါးသည် နိဗ္ဗာန်ကို အာရုံပြု၏။
လောကုတ္တရုံ၊ မြတ်နိဗ္ဗာန်၊ ကော် သိစေသော။

ဝီသာနုတ္တရ မုတ္တမှိ၊ အနေကံ အာရုံပြု—
အကုသိုလ်စိတ် .... ၁၂
မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄=၂၀

အနုတ္တရ မုတ္တအရ- လောကီစိတ် ၈၁၊ စေ-၅၂၊ ရုပ် ၂၀၊ ပညတ် ရ၏၊ ကာမအာရုံ မဟဂ္ဂုတ်အာရုံ ပညတ် အာရုံ ဟူ ၃-မျိုး ရှိ၏ဟူလို။

အဂ္ဂမဂ္ဂ ဖလုဥ္ဈတေပဉ္စ၊ အနေကံ အာရုံပြု—

| | |
|---|---|
| မဟာကုသိုလ် ဉာဏသမ္ပယုတ် | ၄ |
| ကုသိုလ် အဘိညာဏ် | ၁=၅ |

ကာမ ကု—ဉာဏ်၊ ကု—ဘိညာ်၊ ငါးတန် စိတ်မနီ၊
အရဟတ္တ မဂ်ဖိုလ်၊ ကြဉ်စေလို၊ ကြွင်းကို အကုန်သိ။

အဂ္ဂ မဂ္ဂ ဖလုဥ္ဈတေ အရ—အရဟတ္တ မဂ်-ဖိုလ်ကြဉ်သော စိတ် ၈၇၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန် ပညတ် ရ၏၊ ကာမအာရုံမဟဂ္ဂုတ် အာရုံ အပ္ပမာဏ အာရုံ ကာလဝိမုတ် အာရုံဟု ၄-မျိုး ရ၏ဟူလို၊ ကာလဝိမုတ်ဆိုသည်မှာ နိဗ္ဗာန် ပညတ် ၂-မျိုးကို ဆိုသည်။

သဗ္ဗတ္ထ ဆ၊ အနေကံ အားလုံးအာရုံပြု=

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁ |
| မဟာကြိယာ ဉာဏသမ္ပယုတ် | ၄ |
| ကြိယာ အဘိညာဏ် | ၁=၆ |

သဗ္ဗတ္ထ အရ- စိတ် ၈၉ ၊စေ ၅၂၊ ရုပ် ၂၈ နိဗ္ဗာန် ပညတ် ရှိသမျှ အာရုံ အလုံးစုံ ရ၏။

ဤသို့ကာမမဟဂ္ဂုတ် ပညတ်နိဗ္ဗာန်ကော် ၄-ဌာန-အနေကံ ၃-ဌာန အားဖြင့် အာရမ္မဏ သင်္ဂဟ ၇-ဌာနရှိ၏။

## ကေန အာရုံပြုသော စိတ်များ

**ကာမ မဟဂ္ဂုတ် နိဗ္ဗာန် ကော်များ—**

ပဉ္စဝီ ကာမ၊ ဆ မဟဂ္ဂ၊ အဋ္ဌ နိဗ္ဗာန်သာ။

**ရုပ် နာမ် ပညတ် ကော်များ—**

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် မနောဓာတ် ရုပ်ကော် | ၁၃ |
| အရူပ ဒု-စ ဖြ၊ လောကုတ် ၈- နာမ်ကော် | ၁၄ |
| အရူပ ပ-တ ဖြ၊ ရူပ ၁၅- ပညတ် ကော် | ၂၁ |

ရုပ်ကား တေရသ်၊ နာမ် စုဒ္ဒသ်၊ ပညတ် ဧကဝီသာ။

ပရမတ် ပစ္စုပ် တိတ ဝိမုတ် ကောံများ—

ကာမ မဟဂ္ဂုတ် နိဗ္ဗာန် ကောံ ပေါင်း ၄၉-သည် ပရမတ်ကို ကောံ အာရုံပြု၏။

ပဥ္စဒွိဉာဏ် မနောဓာတ် ပစ္စုပ္ပန် ကောံ ၁၃
မဟဂ္ဂုတ် ကောံ ပြုသော အတိတ် ကောံ ၆
ပညတ်နှင့် နိဗ္ဗာန်ကို ကောံပြုသော ကာလဝိမုတ်ကောံ ၂၉
နောတိံ ပရမတ်၊ တေရသ် ပစ္စုပ်၊ ဆဟုတ် တိတ၊
နော ဝိသ၊ ကာလ ဝိမုတ်သာ။

## အနေကံ အာရုံပြုသော စိတ်များ

ဟသိမပါ၊ ဇောကာမာ၊ ဘိညာ ဒွေးဝုဋ္ဌော၊
ကာမ မဟဂ္ဂုတ်၊ ဝိမုတ် ပညတ်၊ ပရမတ်၊
သိလပ် ကော် တိံသာ။

ဤ ၃၁-ပါးသည် ဤ ၅-ဌာနကို အနေကံပြု၏။
ကာမဇော ၂၉၊ တဒါရုံ ၁၁၊ မနောဒွါရာဝဇ္ဇန်း
အဘိညာဏ်ဒွေး ဤ ၄၁-ပါးသည် ကာလ ၃-ပါးနှင့်
ဓမ္မာရုံ, နာမ်, ရုပ်တို့ကို အနေကံ ပြု၏။
ပစ္စုပ် တိတ၊ နာဂတနှင့်၊ ဓမ္မ ရုပ် နာမ်၊
အနေကာန်၊ ပေဘန် တေး စတ္တာ။

နိဗ္ဗာန် အနေကန် ၁၁-

ကာမကုသလံ၊ ကိရိယံ၊ ဉာဏ်နှင့် ယှဉ်စေသော၊
ဝုဋ္ဌော ကော၊ ဘိညာ ဒွ၊ ကေ ဒသ ဟော။

အာရမ္မဏ သင်္ဂဟ ပြီး၏

# ဝတ္ထုသင်္ဂဟ

စက္ခုဝတ္ထု   သောတဝတ္ထု   ဃာနဝတ္ထု
ဇိဝှါဝတ္ထု   ကာယဝတ္ထု   ဟဒယဝတ္ထု

ဝတ္ထု ၆-ပါး

စက် သော ဃာ ဇိ၊ ကာ ဟဒီ၊ ခြောက်လီ ဝတ္ထုရုပ်၊
တည်ရာ မှီရာ၊ မြေပမာ၊ လွန်စွာ ကျေးဇူးထုတ်။

ဝတ္ထုသင်္ဂဟ။ ။မြေကြီးသည် သစ်ပင် တော တောင်စသည်တို့၏ တည်ရာ မှီရာဝတ္ထု ဖြစ်သကဲ့သို့ စိတ်စေတသိက်တို့၏ တည်ရာ မှီရာ ဖြစ်သောကြောင့် စက္ခုပသာဒ စသော ၆-ပါးတို့သည် ဝတ္ထုမည်ကုန်၏။ ပသာဒရုပ် ငါးပါးကို ပဉ္စဒွါရအမည်၊ ဝတ္ထုအမည်ဖြင့် ခေါ်ထားသည်၊ ဟဒယဝတ္ထု ဆိုသည်မှာ ရင်ညွန့်ချိုင့် တည့်တည့် နှလုံးအိမ် အတွင်းရှိ တလက်ဆွခံမျှရှိသော အကြည်ဓာတ် သွေးအား ဟူသည်။ စိတ်စေတသိက် တရားများသည် ထိုသွေးအား ဟဒယဝတ္ထု၌ မှီ၍ ဖြစ်ကြရသည်၊

စက္ခုပသာဒသည် စက္ခုဝိညာဏ်၏ မှီရာ ဝတ္ထုတည်း၊
သောတပသာဒသည်×ဃာန×ဇိဝှါ×ကာယပသာဒသည်....
ဟဒယ အကြည်သည် ဝိညာဏ် ၂-ပါး၏ မှီရာ ဝတ္ထုတည်း။
မနောဓာတ် မနောဝိညာဏဓာတ်ကို ဝိညာဏ် ၂-ပါး ဆိုရယူ။

ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး အကုန်ရ၏။
ရူပဘုံ၌ ဃာနဇိဝှါ ကာယဝတ္ထု ၃-ပါးမရအပ်။
စက္ခု သောတ ဟဒယ ဝတ္ထု ၃-ပါးကိုသာ ရ၏။
အရူပဘုံ၌ ဝတ္ထုရုပ် တပါးမျှ မရအပ်။
အသညသတ်ဘုံ၌လည်း ဝတ္ထုရုပ် တပါးမျှ မရအပ်။

ဝတ္ထု ခြောက်စုံ၊ ကာမဘုံ၊ အကုန် ရသည်သာ၊
စက် သော နှစ်တန်၊ ဟဒယံ၊ သုံးတန် ရူပမှာ။
အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။

ဘုံ နှင့် ဝတ္ထု။ ။ကာမဘုံ၌ ကာမတဏှာ၏ လိုအင် ဆန္ဒ အမိန့် အရ ကာမကံက ဖန်တီးပေးထားရသောကြောင့် ဝတ္ထုရုပ် ၆-ပါးလုံး အပြည့် အစုံ အကုန် ရလေသည်၊ ရူပဘုံ၌ ကာမတဏှာ၏သာ အသုံး အဆောင် သက်သက် ဖြစ်သော ဃာန ဇိဝှါ ကာယ ဝတ္ထု ၃-ပါးကို ကာမဝိရာဂ ဘာဝနာဖြင့် ပယ်ထားအပ်သောကြောင့် မရအပ်၊ စက္ခု သောတ ဝတ္ထုတို့ကား ဘုရားဖူးခြင်း တရားဘော်ကို နာကြားရခြင်း အားဖြင့် ကုသိုလ်ရရေးမှာ အသုံးတဲ့သောကြောင့် ရလေသည်၊ ရုပ်ဟူသ ရွေမြူငွေ့မျှ မရှိသော အရူပဘုံ၌ ရူပဝိရာဂ ဘာဝနာဖြင့် ပယ်အပ်သော ကြောင့် ဝတ္ထုရုပ်တခုမျှမရ၊ ထိုအရူပဘုံသားများသည် အမှောင် အတိပြီး သော ကောင်းကင်ပြင်၌ အကောင် အထည်မရှိဘဲ နာမ် အစဉ်မျှသာ ဖြစ်၍ တည်ကြကုန်၏။

အသညသတ် ဘုံ၌လည်း "ဓိ စိတ္တံ" စသဖြင့် နာမ်ကို စက်ဆုပ် သော ဘာဝနာဖြင့် ပယ်အပ်သောကြောင့် နာမ်တရားမရှိ၊ နာမ်တရား များမရှိတော့သဖြင့် လည်း ထိုနာမ်၏ တည်ရာ မှီရာ ဝတ္ထုရုပ်များလည်း အသုံးချဖွယ်မလိုတော့၍ ဝတ္ထုရုပ် တခုမျှမရပေ။ ကာမဘုံတွင် ဝတ္ထုရုပ် အကုန် ရသည် ဆိုရသော်လည်း ဝမ်းတွင်းကန်း ဇစ္စန္ဓ၊ ဝမ်းတွင်းထိုင်း ဇစ္စဗဓိရ ပုဂ္ဂိုလ် စသည်တို့မှာ စက္ခု သောတ စသော ပသာဒ ဝတ္ထုများ ပုဂ္ဂိုလ် အလိုက် ချို့ငဲ့ကောင်းသေးသည်၊ ရူပ ပုဂ္ဂိုလ်များမှာ ဃာနဝတ္ထု စသည် မရှိဆိုသော်လည်း နှာခေါင်းလျှာနှင့်ကိုယ်သဏ္ဌာန်တို့မှာ လှလှ ပပ ကျကျနန ပါရှိလေသည်၊ အသညသတ်ဘုံသားများလည်း ပဉ္စငါးပါး အပြည့် အစုံ့ သဏ္ဌာန် အကုန် ပါရှိကြလေသည်၊ ပသာဒအကြည်ဓာတ် မပါ၍သာ ဝတ္ထုရုပ် မရဟု ဆိုရလေသည်။

| | | |
|---|---|---|
| စက္ခုဝိညာဏ်ဒွေးသည် | စက္ခုဝတ္ထုကို | မှီ၍ဖြစ်၏၊ |
| သောတဝိညာဏ်ဒွေးသည် | သောတဝတ္ထုကို | မှီ၍ဖြစ်၏၊ |
| ဃာနဝိညာဏ်ဒွေးသည် | ဃာနဝတ္ထုကို | မှီ၍ဖြစ်၏၊ |
| ဇိဝှါဝိညာဏ်ဒွေးသည် | ဇိဝှါဝတ္ထုကို | မှီ၍ဖြစ်၏၊ |
| ကာယဝိညာဏ်ဒွေးသည် | ကာယဝတ္ထုကို | မှီ၍ဖြစ်၏၊ |

ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း ဒွေး ဟူသော မနောဓာတ် ၃-ခုသည် ဟဒယဝတ္ထုကိုမှီ၍ သာဖြစ်၏။

ဒေါသမူဒွေး ၂ သန္တီရဏ ၃
ဟသိတုပ္ပါဒ် ၁ မဟာဝိပါက် ၈

ရူပစိတ် ၁၅ သောတာပတ္တိမဂ်၍ ၃၀ သော မနောဝိညာဏ ဓာတ်သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်၏။

ဝိညာဏ် ဆယ်လီ၊ အမြဲမှီ၊ ငါးလီ သီးသီးသာ၊
မနောဓာတ်သုံး၊ မှီမြဲထုံး၊ အဆုံးဝတ္ထုမှာ၊ (ဟဒယ)
သန္တီ မဟာဝိ၊ ဒွေးပဋိ၊ ဟသိ ဆဲ့ငါးရူ၊
သောတာမဂ္ဂ၊ သုံးဆယ်ရ၊ ဟ–၌ အမြဲယူ။

မှတ်သားရန်။ ။ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ နှင့် ဒေါသမူဒွေးစသော မနောဝိညာဏဓာတ် ၃၀ပေါင်း၄၃ပါးသော စိတ်သည်ဆိုင်ရာဝတ္ထုရုပ်ကိုအမြဲတန်းမှီ၍သာဖြစ်ကြသည်“တေစတ္တာလီသ နိဿာယ”အရကောက်ယူရလိမ့်မည်၊၍စကားဖြင့်ဝတ္ထုရုပ် ရကောင်သည့် ကာမ-ရူပ ဟူသော ပဉ္စဝေါကာရ ဘုံ၌သာ၍၄၃ - ပါးသော စိတ်သည် ဖြစ်၏၊အရူပဘုံ၌ မည်သည့် အခါမျှမဖြစ်ဟု မှတ်လေ။

လောဘမူစိတ် ၈၊ မောဟမူဒွေး ၂၊
မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊
မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊
အရူပကြိယာ ၈၊ သောတာပတ္တိမဂ်ကြဉ်သော

လောကုတ္တရာစိတ် ၇ - ၍ ၄၂-ပါးသော မနော ဝိညာဏ ဓာတ်သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော

အခိုက်မှာ ဟာဒယ ဝတ္ထုကို မှီ၍ ဖြစ်၏၊ အရူပဘုံ၌ ဖြစ်သော အခိုက်မှာ ဟာဒယ ဝတ္ထုကို မမှီဘဲ ဖြစ်ကြ၏။

လော မော ဆယ်ဖြာ၊ မနောဓါ၊ မဟာ ကု—ကြိ ရှစ်၊
ကု-ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ထက်ခုနစ်၊
ဝတ္ထု ရုပ်စီ၊ မှီ မမှီ၊ ပေါင်းညီ လေးဆဲ့နှစ်။

မှတ်သားရန်။ ။ဤ၄၂-ပါးသော စိတ်သည် ကာမဘုံ ရူပဘုံ ဟူသော ပဉ္စဝေါကာရ ဘုံ၌ဖြစ်သော အခိုက်မှာသာ ဟာဒယဝတ္ထုကို မှီ၍ဖြစ်၏၊ အရူပဘုံ ဟူသောစတုဝေါကာရဘုံ၌ဖြစ်သောအခိုက်မှာမူ ဟာဒယဝတ္ထုကို မမှီဘဲ ဖြစ်ကြ၏၊ ဒွေစတ္တာလီသ ဇာယရေ၊ နိဿာယစ အနိဿာယ အရ ရံခါမှီ ရံခါ မမှီသောစိတ် ၄၂-ပါး ဒရ ကောက်ယူလိမ့်မည်။

အရူပဝိပါက်သည် ဟာဒယဝတ္ထုကို မမှီဘဲသာဖြစ်၏။

အရူပ ဝီ၊ စတု ညီ၊ အမှီ မရှိဟူ။

မှတ်သားရန်။ ။အရူပ ဝိပါက် ၄-ခုသည် အရူပဘုံ၌ ပဋိသန္ဓေ နေသောစိတ်ဖြစ်၍ ဟာဒယဝတ္ထုက ဘယ်အခါမှ မမှီဘဲ ဖြစ်၏၊ ''ပါကာ ရုပ္ပါ အနိဿိတာ''အရ ဤအရူပ ဝိပါက် ၄-ပါးကို ဘယ်အခါမှ ဝတ္ထုကို မမှီဘဲ ဖြစ်သောစိတ်အရ ကောက်ယူလိမ့်မည်။

ဆဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ၊
တိဝတ္ထုံ နိဿိတာ ရူပေ၊ ဓာတွေကာ နိဿိတာ မတာ။

ဆဝတ္ထုံ နိဿိတာ ကာမေ

ကာမ ၁၁-ဘုံ၌ ဓာတ် ၇-ပါးသည် ဝတ္ထု ၆-ပါးကိုမှီ၏၊

စက္ခုဝိညာဏဓာတ် ၂၊ သောတဝိညာဏဓာတ် ၂၊
ဃာနဝိညာဏဓာတ် ၂၊ ဇိဝှါဝိညာဏဓာတ် ၂၊

ကာယဝိညာဏဓာတ် ၂၊ မနောဓာတ် ၃၊
အရူပဝိပါက်ကြဉ် မနောဝိညာဏဓာတ် ၇၂၊
ဤ ၈၅-ပါးကို သတ္တဝိညာဏဓာတ် အရယူ။

ရူပေ စတုဗ္ဗိဓော တိဝတ္ထုံ နိဿိတာ

ရူပ ၁၅-ဘုံ၌ ဓာတ် ၄-ပါးသည် ဝတ္ထု ၃-ပါးကိုမှီ၏။

စက္ခုဝိညာဏဓာတ် ၂၊ သောတဝိညာဏဓာတ် ၂၊
မနောဓာတ် ၃၊ မနောဝိညာဏဓာတ် ၆၂၊

ဤ ၇၂-ပါးကို ဓာတ် ၄-ပါးအရ ယူ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံကို ရူပေအရယူ၊ ဒေါသမူ ဒွေးမဟာဝိပါက်၈-အရူပဝိပါက် ၄-ဤ၁၄-ပါးမှ-ကျန်သော မနောဝိညာဏဓာတ်၆၂-ပါးကို မှတ်လေ၊ စက္ခုသောတ ဟဒယ ဝတ္ထု ၃-ပါးကိုတိဝတ္ထုံအရယူ။

အရူပေ ဓာတွေကာ နိဿိတာ မတာ-အရူပဘုံ၌ဓာတ်တပါးသည် ဝတ္ထုကို မမှီဘဲ ဖြစ်၏။

လောဘမူစိတ် ၈၊ မောဟမူဒွေး ၂၊
မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊
မဟာကြိယာ ၈၊ အရူပစိတ် ၁၂၊
သောတာပတ္တိ မဂ် ကြဉ် လောကုတ္တရာစိတ် ၇၊
ဤ ၄၆-ပါးကို ဧကာ ဓာတု အရယူ။

တေစတ္တာလီသ နိဿာယ, ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ, ပါကာရုပ္ပါ အနိဿိတာ။

မှီ စတုတေး၊ မမှီလေး၊ စဒွေး မှီ မမှီ၊

တေ စတ္တာလီသ နိဿာယ—

ဝတ္ထုကို အမြဲမှီသော စိတ် ၄၃-ပါးတည်း။

ဒွေ စတ္တာလီသ ဇာယရေ, နိဿာယစ အနိဿာယ—
ရုံခါမှီ ရုံခါ မမှီသောစိတ် ၄၂-ပါးတည်း
ပါကာ ရူပါ အနိဿိတာ—
အရူပ ဝိပါက် ၄-ခုသည် ဝတ္ထုကို မမှီဘဲသာဖြစ်၏။
ဝတ္ထု သင်္ဂဟပြီး၏
**ပကိဏ်းပိုင်း ပြီးပြီ**

# အဘိဓမ္မာသင်္ဂဟပဥ္စမဆင့်ပြီး၏

၁၃၁၃—ခု နယုံလဆန်း ၄-ရက် သောကြာနေ့ပြီးသည်

☆ ☆

ဒုတိယ အကြိမ်ရိုက်နှိပ်သည်၊
စာအုပ်ရေ— ၄၀၀၀။

ဆဋ္ဌ သင်္ဂါယနာ ပါဠိပဋိဝိသောဓက ဥပတ္ထမ္ဘက အယ်ဒီတာ

သီရိပဝရ ဦးကံသာ၏

# အဘိဓမ္မာသင်တန်း

## ဒုတိယအဆင့်

အဘိဓမ္မာသင်တန်း

ဋီကာကျော် သင်တန်း

အစိုးရ ပထမပြန် စာမေးပွဲ

ယူနီဗာစီတီ အဘိဓမ္မာ ဂုဏ်ထူးတန်း

သကျသီဟ နှင့် စေတီယင်္ဂဏ စာပြန်ပွဲ

စသော အဘိဓမ္မာ စာမေးပွဲများ အတွက် တာဝန် ယူသည်။

---

ကံသာဝတီ စာပုံနှိပ်တိုက်

၃၉၊ ခေမာသုခ၊ အလုံ စာတိုက်၊ ရန်ကုန်မြို့

၁၃၁၇–ခု တပေါင်းလ အဘိုး–ဒိ၊ ၅၀–ပြား

စာမျက်နှာ ၄၃၊ ကြောင်းရေ ၇-နှင့် ၁၇-တို့၌......
မဟာ ကု-ဂ၊ ကြို-ဂ အစား
မဟာ ကု-ဂ၊ ဝိ-ဂ ဟု ပြင်ဖတ်ပါ၊

## မာတိကာ

## ၄။ စိတ်ပိုင်း


| | | | |
|---|---|---|---|
| ဆ သဘက္က ၆-မျိုး ၆-လီ | .... | .... | ၃ |
| ပဋ္ဌာနပါဠိ စိတ်ပေါင်း | .... | .... | ၇ |
| အတိမဟန္တာရုံ | .... | .... | ၉ |
| မဟန္တာရုံ | .... | .... | ၁၄ |
| ပရိတ္တာရုံ | .... | .... | ၁၅ |
| အတိပရိတ္တာရုံ | .... | .... | ၁၆ |
| နိယာမ ငါးပါး | .... | .... | ၁၇ |
| ခနောဒွါရ စိတ္တုပ္ပါဒ်တာရုံ | .... | .... | ၂၀ |
| အပ္ပနာဇော ဝါရ | .... | .... | ၂၁ |
| ကာမဇော နှင့် အပ္ပနာ | .... | .... | ၂၃ |
| တဒါရမ္မဏ နိယာမ | .... | .... | ၂၆ |
| ဧဇာနောင် တဒါရုံ မှတ်ပုံ | .... | .... | ၂၇ |
| ဇဝန နိယာမ | .... | .... | ၃၄ |
| ဇောအကြိမ် မှတ်ပုံ | .... | .... | ၃၇ |
| ပုဂ္ဂိုလ် စိတ်ရ | .... | .... | ၄၂ |


၂ —

## ၅။ ဘုံပိုင်း


| | | | |
|---|---|---|---|
| အခြေခံ စတုက္က ၄-မျိုး | .... | .... | ၅၀ |
| ဘူမိ စတုက္က | .... | .... | ၅၁ |
| ကာမ ၁၁-ဘုံ | .... | .... | ၅၁ |
| ရူပါဝစရ ၁၆-ဘုံ | .... | .... | ၅၇ |
| အရူပါဝစရ ၄-ဘုံ | .... | .... | ၆၂ |

ကာမ ပဋိသန္ဓေ ၁၀ .... .... ၆၆
ရူပ ပဋိသန္ဓေ ၆-မျိုး .... .... ၇
အရူပ ပဋိသန္ဓေ ၄-ပါး .... .... ၇၂
ကမ္ဘာကြီး အလှဲကျ ပျက်ပုံ .... .... ၇၄
ကမ္ဘစတုက္က ချိုး ၄-မျိုး .... .... ၇၇
သုစရိုက် ၁၀-ပါး .... .... ၈၅
ကာမာဝစရ ကုသိုလ် .... .... ၈၆
ပုညကြိယာဝတ္ထု ၁၀-ပါး .... .... ၈၇
ကာမကံ အကျိုးပေးပုံ .... .... ၈၉
ကမ္မဝါဒ အချုပ် .... .... ၉၄
ရူပါဝစရကံ အကျိုးပေးပုံ .... .... ၉၅
အရူပကံ အကျိုးပေးပုံ .... .... ၉၇
မရဏုပ္ပတ္တိ ၄-မျိုး .... .... ၉၉
စုတိ နှင့် ပဋိသန္ဓေ .... .... ၁၀၅
မရဏာသန္န ဝီထိကျပုံ .... .... ၁၀၆
ရူပပဋိသန္ဓေ၏ အာရုံ .... .... ၁၀၇
အရူပ ပဋိသန္ဓေ၏ အာရုံ .... .... ၁၀၈
စုတိနောင် ပဋိသန္ဓေ နှောင်းပုံ .... .... ၁၀၉
ဘဝင် နှင့် စုတိ .... .... ၁၁၀

---

## ၆။ ရူပပိုင်း

ရူပ သမုဒ္ဒေသ ...... ...... ၁၁၄
ရူပ ဝိဘာဂ ...... ...... ၁၂၆
ရူပ သမုဋ္ဌာန် အခန်း ...... ...... ၁၃၁
ရူပ ကလာပ အခန်း ...... ...... ၁၃၇
ရူပ ပဝတ္တိက္ကမ အခန်း ...... ...... ၁၄၂
နိဗ္ဗာန် အခန်း ...... ...... ၁၄၇

## ဒုတိယဆင့်

# အဘိဓမ္မာသင်္ဂြိုဟ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝီထိပိုင်း

## စကားဆက်နှင့် ဝန်ခံချက်

စိတ္တုပ္ပါဒါနမိစ္စေဝံ၊ ကတွာ သင်္ဂဟမုတ္တရံ၊
ဘူမိ ပုဂ္ဂလ ဘေဒေန၊ ပုဗ္ဗာပရ နိယာမိတံ။
ပဝတ္တိ သင်္ဂဟံ နာမ၊ ပဋိသန္ဓိ ပဝတ္တိယံ၊
ပဝက္ခာမိ သမာသေန၊ ယထာ သမ္ဘဝတော ကထံ။

ဣစ္စေဝံ– ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ စိတ္တုပ္ပါဒါနံ– စိတ်စေတသိက်တို့၏၊ ဥတ္တရံ သင်္ဂဟံ–ကောင်းမြတ်သော ပကိဏ္ဏက သင်္ဂဟကို၊ ကတွာ–ရေးသား ပြုပြင် စီရင်ပြီး၍ ဘူမိ ပုဂ္ဂလ ဘေဒေန–ဘုံအပြား ပုဂ္ဂိုလ် အပြားနှင့် တကွ၊ ပုဗ္ဗာပရ နိယာမိတံ–ရှေ့စိတ် နောက်စိတ်တို့ဖြင့် မှတ်အပ်သော၊ ပဋိသန္ဓိ ပဝတ္တိယံ–ပဋိသန္ဓေအခါ ပဝတ္တိအခါတွင်၊ ဂါ–အခါ၌၊ ပဝတ္တိသင်္ဂဟံ နာမ၊ ဖြစ်နည်းကိုပြ ပဝတ္တိ သင်္ဂဟ မည်သော ဝီထိပိုင်းကို၊ ယထာ သမ္ဘဝတော– ဖြစ်သင့်သလို၊ သမာသေန– အကျဉ်းချုပ် အနေအားဖြင့်၊ ပဝက္ခာမိ၊ ဆိုပေအံ့။

ဤသို့ ပကိဏ္ဏက သင်္ဂဟကို ပြပြီး၍ ယခုအခါ ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့်တကွ ပဝတ္တိသင်္ဂဟကို သင့်သလို ငါပြဦးမည် ဟု စကားဆက်နှင့် ပန်ခံချက်ကို ပြသည်။

ဘူမိ ပုဂ္ဂလ ဘေဒေန။ ။ ဝိထိပိုင်း အဆုံး၌ နောက်ဆက် စကားရပ် အနေဖြင့် ကာမ စသော ဘုံအပြား, ဒုဂ္ဂတိ အဟိတ် စသော ပုဂ္ဂိုလ် အပြားနှင့် တကွ ပဝတ္တိ သင်္ဂဟကို ပြသည်၊ သင်္ဂဟ မုတ္တရိ၌ ဥက္ကုရိကား စကားပြေဖြစ်အောင် တပင် ချိုးဖြင့်၍ ဆိုထား ခြင်း ဖြစ်၏။

ပုဗ္ဗာပရ နိယာမိတံ။ ။ ပုဗ္ဗ-ရှေ့စိတ်၊ အပရ-နောက်စိတ်၊ နိယာမိတံ-ပိုင်းခြား မှတ်သားပြရာ၊ ပဉ္စဒွါရာဝဇ္ဇန်း စိတ်နောင်စက္ခု ဝိညာဏ် ဖြစ်၏၊ စက္ခုဝိညာဏ်၏ ရှေ့၌ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်၏ ဟု မှတ်သားခြင်းသည် ပုဗ္ဗာပရ နိယာမိတ မည်၏။

ပဋိသန္ဓိ ပဝတ္တိယံ။ ။ ပဋိသန္ဓိ-ပဋိသန္ဓေစိတ်၏ ဥပါဒ် ဌီ ဘင် အခိုက်ကာလ၊ ပဝတ္တိ-ပဋိသန္ဓေစိတ် ချုပ်ပြီးနောင် ဘဝနိကန္တိက လောဘမှစ၍ စုတိစိတ်၏ အတွင်း ဖြစ်သော အခါသည် ဖြစ်ဆဲ ပဝတ္တိ အခါ မည်၏၊ ပဋိသန္ဓေ၏ရှေ့နားက စုတိအခါနှင့် ပဋိသန္ဓေ နောက် နားက ဘဝင် အခါတွေကိုလည်း ပဋိသန္ဓေ အခါ၌ပင် သွင်းယူ လိမ့်မည်။

ပဝတ္တိသင်္ဂဟံ နာမ။ ။ ဤပဝတ္တိပိုင်း၏ အရာမှာ စိတ်စေတသိက် တို့၏ ဖြစ်ပုံ ဖြစ်နည်းကို ရ၏၊ ထို စိတ်-စေတသိက်တို့၏ ဖြစ်ပုံသည် ပဋိသန္ဓိယံ ပဝတ္တိ-ပဋိသန္ဓေ အခါ၌ ဖြစ်ပုံဖြစ်နည်း တမျိုး နှင့် ပဝတ္တိယံ ပဝတ္တိ-ပဝတ္တိအခါ၌ ဖြစ်ပုံဖြစ်နည်း တမျိုးအားဖြင့် ၂မျိုး ၂-စား ရှိလေသည်၊ ဤ ဝိထိပိုင်း ပြမ်းတွင် အနုသန္ဓေ စကားရပ်သည် ကို ပဝတ္တိသင်္ဂဟ ၂-မျိုးလုံး (ဝိထိပိုင်း ဘုံပိုင်း ၂-ပါးလုံး) အတွက် ပေါင်းတက်ထား သော စကားဖြစ်သည်၊ ထို့ကြောင့် 'ပဋိသန္ဓိ ကာလေ ပဝတ္တိ သင်္ဂဟဥ္စ ပဝတ္တိကာလေ ပဝတ္တိသင်္ဂဟဥ္စ ဣတိ ဒွေ ပဝတ္တိသင်္ဂဟေ ပဝက္ခာမိ တိ ပုဗ္ဗံ ယောဇက်' ဟု ပရမတ္ထ ဒီပနီ၌အနက်ပေးတော်မူ၏၊ ပဋိသန္ဓိယံ ပဝတ္တိသင်္ဂဟ နှင့် ပဝတ္တိယံ ပဝတ္တိသင်္ဂဟကို ပြဆိုအံ့ ဟူလို။

တနည်း-ပဋိသန္ဓိ ပဝတ္တိယံ- ပဋိသန္ဓေအခါ ပဝတ္တိအခါတို့တွင်၊ ပဝတ္တိယံ ပဝတ္တိ (ဝီထိစိတ်များ ဖြစ်ရာ)အခါ၌၊ ပဝတ္တိသင်္ဂဟံ နာမ- ပဝတ္တိသင်္ဂဟ မည်သော ဝီထိ သင်္ဂဟကို၊ ပဝက္ခာမိ-ဆိုပေအံ့ ဟု အနက်ပေးလျှင် အဖြောင့်ဆုံး အလွယ်ဆုံး အရှင်းဆုံး ဖြစ်၏။

**ဝီထိ။** ။ အစဉ်အတန်း လမ်းခရီးကို ဝီထိ ခေါ်၏၊ ထို လမ်းခရီးစဉ် ကဲ့သို့ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် စသဖြင့် တချိုးပြီး တချိုး တခုပြီးတခု အစဉ်လိုက် ဖြစ်နေသောကြောင့်ရင်း စက္ခုစသော ၆-ဒွါရ၌ သင့်သလို ဖြစ်သောကြောင့်ရင်း စိတ်စဉ်ကို ဝီထိခေါ်၏၊ ပဋိသန္ဓေကိစ္စ တပ်သော စိတ်နှင့် ဘဝင် စုတိကိစ္စ တပ်သော စိတ်များမှာ တမျိုးတည်းသာ ဖြစ်သောကြောင့်ရင်း ၆-ဒွါရမှ လွတ်နေသောကြောင့်ရင်း ဝီထိဝိမုတ်စိတ် မည်၏၊ ထို ဝီထိဝိမုတ်စိတ်ကို ရေတွက်ပြရာ အပိုင်းသည် ဝီထိမုတ္တသင်္ဂဟ မည်လိမ့်မည်၊ ဘုံစဉ် စခန်းကို ပြသောကြောင့် ဘုံပိုင်း ဟူ၍လည်း ခေါ်ကြ၏

---

## ဆ—ဆက္က ၆—မျိုး ၆—လီ

| | |
|---|---|
| ၁။ ဆ ဝတ္ထု | ၂။ ဆ ဒွါရ |
| ၃။ ဆ အာရမ္မဏ | ၄။ ဆ ဝိညာဏ |
| ၅။ ဆ ဝီထိ | ၆။ ဆ ဓာဝိသယပဝတ္တိ၊ |

**မှတ်သားရန်။** ။ စိတ်စဉ် တခု ဖြစ်လာလျှင် ဘယ်ဝတ္ထုကို မှီ၍ ဘယ်ဒွါရမှာထင်ပြီး ဘယ်အာရုံကို အာရုံပြုလျက် ဘယ်ဝိညာဏ် စားသည် ဘယ်အစဉ်အားဖြင့် ဘယ်အာရုံစားကို စွဲကာ ဖြစ်လာရသည် ဟု ဝတ္ထုဒွါရ စသော အခြေအနေ ၆-ချိုးဖြင့် မှတ်သား ပြဆိုမှသာ သိသာထင်ရှားခြားနားမှု နားလည်မှု ရရှိမည်ဖြစ်သောကြောင့် ဤ၊ ဆ ဝတ္ထု စသော အစိတ်အပိုင်း ဆ ဆက္ကကို ထုတ်ပြထားရသည်၊ ဝီထိအင်္ဂါ အဆောက် အဦး ၆-ပါး ဟူ၍လည်း ခေါ်နိုင်၏၊ ဤ ကြောင့် ဝတ္ထုဒွါရ အာရုံများကို ပကိဏ်းပိုင်း၌ ပြခဲ့ပြီး ဖြစ်သော်

ပြီးလည်း အင်္ဂါ ၆-မျိုး အဆောက် အဦး ၆-မျိုးကို စေ့စုံအောင် အလိုရှိအပ်သောကြောင့် ထို ၃-မျိုးကို ထပ်ထည့်ကာ ပြတော်မူထား ရှုပြန်လေသည်။

**ဝိသယပဝတ္တိ** ဝိသယာနံ ဒွါရေသု ပဝတ္တိ ဝိသယပဝတ္တိ၊ အာရုံတို့၏ ဒွါရတို့၌ ဖြစ်လာ ထင်လာခြင်းသည် ဝိသယပဝတ္တိ မည်၏၊ အာရုံတို့၏ ဖြစ်မှု ထင်မှု ဆိုသည်မှာ ဒွါရ ၆-ပါးတို့၌ ထင်လာ ထိခိုက်လာသော အာရုံ ၆-ပါးပင် ဖြစ်သည်၊ ထို ဝိသယပဝတ္တိသည် ပဥ္စဒွါရ၌ အတိ မဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ အားဖြင့်၄-မျိုး၊ မနောဒွါရ၌ ဝိဘူတာရုံ အဝိဘူတာ အားဖြင့် ၂-မျိုးပေါင်း ၆-မျိုး ရှိ၍ ဆဝိဓဝိသယပဝတ္တိ မည်လေသည်။

**ဝီထိ မုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန တိဝိဓာ ဟောတိ ဝိသယပဝတ္တိ။**

ဝီထိမုတ်စိတ် ၁၉-ပါးတို့၏ ဝိသယပဝတ္တိမှာ ကံ၊ ကမ္မနိမိတ် ဂတိနိမိတ် အပြားအားဖြင့် ၃-ပါးရှိ၏။

**မှတ်သားရန်။** ။ ဆဒွါရိက ဝီထိစိတ်များ အတွက်သာ ဝိသယ ပဝတ္တိ ၆-မျိုး ရနိုင်၍ ဝီထိမုတ်စိတ် ၁၉-ပါး၏ ဝိသယပဝတ္တိမှာ ကံ စသော နိမိတ် အာရုံ ၃-စားနှင့်သာ ဆိုင်၏ဟု ပြ၏၊ ၎ ဒွါရ ဝိမုတ်စိတ် ၁၉-ပါး၏ ဝိသယပဝတ္တိ ၃-မျိုးအတွက် ဝိသယေသု ဝိတ္တာနံ ပဝတ္တိ၊ ဝိသယာနံ စိတ္တေသု ပဝတ္တိ ဝိသယပဝတ္တိ ဟု ဝိဂြိုဟ် ဆိုရ၏၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်မှု၊ ဝါ- အာရုံတို့၏ စိတ်တို့၌ ဖြစ်မှု ဟူလို၊

ပဉ္စဒွါရိက စိတ်တို့၏ ဝိသယ ပဝတ္တိမှာ ၄-မျိုး၊
မနောဒွါရိက စိတ်တို့၏ ဝိသယ ပဝတ္တိမှာ ၂-မျိုး၊
ဒွါရဝိမုတ် စိတ်တို့၏ ဝိသယ ပဝတ္တိမှာ ၃-မျိုး။

| | |
|---|---|
| စက္ခုဝိညာဏ် | သောတဝိညာဏ် |
| ဃာနဝိညာဏ် | ဇိဝှါဝိညာဏ် |
| ကာယဝိညာဏ် | မနောဝိညာဏ် |

### ဝိညာဏ် ၆-မျိုး

စက္ခုဒွါရဝီထိ-စက္ခုဒွါရ၌ ဖြစ်သော ဝီထိစဉ် × × × ×
မနောဒွါရဝီထိ-မနောဒွါရ၌ဖြစ်သော ဝီထိစဉ်၊

### ဒွါရနှင့် စပ်သော ဝီထိ ၆-မျိုး

စက္ခုဝိညာဏဝီထိ-စက္ခုဝိညာဏ်နှင့်စပ်သော ဝီထိစဉ်-
မနောဝိညာဏဝီထိ-မနောဝိညာဏ်နှင့် စပ်သော ဝီထိစဉ်

### ဝိညာဏ်နှင့် စပ်သော ဝီထိ ၆-မျိုး

ဆဝီထိ အရ ဒွါရပဝတ္တာ-ဒွါရ၌ ဖြစ်ကုန်သော၊ စိတ္တပဝတ္တိယော- စိတ်တို့၏ ဖြစ်မှု၊ အရမှာ-ပဉ္စဒွါရာဝဇ္ဇန်း စသော ဆဒွါရိက စိတ်အစဉ် ဝီထိကိုပင် ကောက်ယူရ၏။

**စက္ခုဒွါရဝီထိ။** ။ စက္ခုဒွါရ၌ ဖြစ်သော ဝီထိစဉ်သည် စက္ခုဒွါရဝီထိ မည်၏၊ စက္ခုဒွါရိကစိတ် ၄၆-ပါးတို့တွင် စက္ခုဝိညာဏ်စိတ် တခုသာ စက္ခုဒွါရ စက္ခုဝတ္ထုကို မှီ၍ ဖြစ်၏၊ ကျန်စိတ်များကား ဟဒယဝတ္ထုကိုသာ မှီဖြစ်ပြီး စက္ခုဝတ္ထုကို မမှီကြပါဘဲလျက် ဘယ်ပုံဘယ်နည်းအားဖြင့် စက္ခုဒွါရိကစိတ်များ မည်နိုင်ကြပါသနည်း။

**အဖြေမှာ** -စက္ခုပသာဒ ဟူသော အကြောင်းကြောင့် ဖြစ်သော စိတ်သည် စက္ခုဒွါရိကစိတ် မည်၏ ဟု ဒွါရ၏ အဓိပ္ပါယ်ကို ကာရဏတ္ထ ဟိတ်အနက် ယူရ၏၊ ထင်ရှားစေအံ့ - စက္ခုပသာဒ၌ ရူပါရုံ ထင်လာသောအခါ ထို ဒွါရ နှင့် အာရုံတို့၏ တွေ့ကြုံ တိုက်ဆိုင် ဖေါက်ပြားမှုကို အကြောင်းခံကာ ပဉ္စဒွါရာဝဇ္ဇန်းက စ၍ တဒါရုံ အထိ ဝီထိစဉ် စိတ်တန်းကြီး ဖြစ်ပေါ်လာရလေသည်၊ ဤသို့ စက္ခု

ပသာဒ ဒွါရ နှင့် ရူပါရုံတို့ကို အကြောင်းပြုကာ ဖြစ်ပေါ်လာကြသော စိတ် ၄၆–ပါးလုံးသည် စက္ခုဒွါရ၌လျှင် အကြောင်းရင်းရှိသောကြောင့် စက္ခုဒွါရိကစိတ် ဟူသော အမည်ကို ရနိုင်ကြတော့သည်ချည်းသာ ဖြစ်လေသည်၊ စက္ခု ပသာဒကြောင့် ဖြစ်သောစိတ်ဟူလို၊ နိဿယ သတ္တိ ဝတ္ထု သတ္တိ ရှိမရှိနှင့် မဆိုင်ပေ။

စက္ခုကိုသာ မက ရူပါရုံကိုပါ အကြောင်းခံကာ ဖြစ်လာကြပါလျက် ဘာ့ကြောင့် ရူပါရမ္မဏိကစိတ် ဟု မခေါ်ပါသလဲ၊

ပဉ္စဝိညာဏ် ငါးပါးသာ မိမိ ဆိုင်ရာ အာရုံ အသီးသီးကို အာရုံပြုသောကြောင့်၎င်း ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း စသော စိတ် ၃၆–ပါးသည် ရူပါရုံကိုသာမက ပဉ္စာရုံ အားလုံးကို အာရုံပြုနေကြသောကြောင့်၎င်း အာရုံဖြင့် မှတ်ကာ ရူပါရမ္မဏိက ဝီထိစိတ် စသည်ဖြင့် ခေါ်၍ မဖြစ်နိုင် သောကြောင့် ဒွါရဖြင့် မှတ်၍သာ စက္ခုဒွါရိကစိတ် စသည် အမည်ပေးမှည့်ရလေသည်။

**စက္ခုဝိညာဏဝီထိ။** ။ စက္ခုဝိညာဏ်နှင့် အာရုံတူ ဒွါရတူအဖြစ်ဖြင့် စပ်ဖက်ဆက်သွယ် ဖြစ်နေသော စိတ်စဉ်သည် စက္ခုဝိညာဏဝီထိ မည်၏၊ တနည်း – စက္ခုဝိညာဏ် ဖြင့် အထူး မှတ်သားအပ်သော စိတ်စဉ်သည် စက္ခုဝိညာဏဝီထိ မည်၏၊ ဒွေးပဉ္စဝိညာဏ်မှ ကြွင်းသော စိတ်အားလုံးသည် မနောဝိညာဏ် မည်၏၊ ထို မနောဝိညာဏ် သက်သက် ဖြစ်သော စိတ်စဉ်သည် မနောဝိညာဏဝီထိ မည်၏၊ ဤသို့ ဝိညာဏ်နှင့် ပတ်သက်၍လည်း ဝိညာဏဝီထိ ၆–မျိုး ဖြစ်လာပြန်၏။

## ဆဋ္ဌ ဝိသယပဝတ္တိ

အတိမဟန္တာရုံ မဟန္တာရုံ
ပရိတ္တာရုံ အတိပရိတ္တာရုံ

ပဉ္စဒွါရ၌ ၄–မျိုး

ဝိဘူတာရုံ အဝိဘူတာရုံ

မနောဒွါရ၌ ၂–မျိုး

## ပဉ္စဒွါရ ဝီထိပေါင်း ၅×၁၅=၇၅

| | | | | |
|---|---|---|---|---|
| အလွန်များသော | ဝီထိစိတ်ရှိသော | အတိမဟန္တာရုံ | တဒါရမ္မဏဝါရ | ၁ |
| များသော | ဝီထိစိတ်ရှိသော | မဟန္တာရုံ | ဇဝနဝါရ | ၂ |
| နဲသော | ဝီထိစိတ်ရှိသော | ပရိတ္တာရုံ | ဝေါဋ္ဌဗ္ဗနဝါရ | ၆ |
| အလွန်နဲသော | ဝီထိစိတ်ရှိသော | အတိပရိတ္တာရုံ | မောဃဝါရ | ၆ |

ရူပါရုံသည် ပကတိ ပင်ကိုယ်အတိုင်း စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက် အသက်ရှည်၏၊ အာလောက စသောအကြောင်းနှင့် ဝတ္ထု ဖြစ်၏ အကြီး အသေး အခြေအနေတို့ကို လိုက်၍ ထို အာရုံကို အာရုံပြုကြသော စိတ်တို့၏ အနဲ အများကို ထောက်ဆကာ အတိမဟန္တာရုံ စသည် အမည် ရလေသည်၊ အာရုံသက် နည်းသွား၍ များလာ၍ ခွဲခြား ခေါ်ထားခြင်း မဟုတ်၊ တနည်းအားဖြင့်-စက္ခုဝိညာဏ်စသော စိတ်များက အာရုံပြုကာ ယူလိုက်ကြသောအခါမှာ အတီတ ဘဝင် အနဲ အများအလိုက် သက်တမ်း လွန်သွားပြီး ကျန်သော သက်တမ်း၏ အနဲ အများ ထောက်၍ အတိမဟန္တာရုံ စသော အမည် ၄-မျိုးဖြင့် မှည့်ခေါ်ထားသည်၊

ဝီထိစိတ် အများဆုံး၏ အာရုံသည် အတိမဟန္တာရုံ၊
သက်တမ်း အများဆုံး ကျန်သော အာရုံသည် အတိမဟန္တာရုံ၊

ဝီထိစိတ်မှ အချိုးနှိုး ဆိတ်သုဉ်းသောကြောင့် မောဃဝါရ ခေါ် အတိ ပရိတ္တာရုံသည် ဝီထိစိတ် အတွင်း၌ မပါဝင်နိုင်၊ သို့ရာတွင် အာရုံ နှင့် ပသာဒတို့၏ ကြုံကြိုက်ထင်လာမှု အခြေအနေကို ထောက်ဆလျှင် ဝီထိ အချင်းအရာ သဘော ရှိနေသောကြောင့်ရင်း မိန်းမမြုံ၏ သား ခေါ်သကဲ့သို့ ၎င်း ဝီထိစိတ် မဖြစ် သော်လည်း မောဃဝါရ ဝီထိ ဟု အတုအပ ကြံဆ၍ခေါ်ထားလေသည်။

**ဝိဘူတ အဝိဘူတ** မနောဒွါရဝီထိ အခါမှာ ပစ္စုပ္ပန်အာရုံမျိုး သာမက အတိတ် အနာဂါတ် တရားများ ဝိ-စေ နိဗ္ဗာန် ပညတ် တရားများပါ ထင်လာ နိုင်သောကြောင့် အတိမဟန္တ စသော သဘောဖြင့် မှတ်၍မရအပ်၊ အာရုံ၏ ထင်ရှားမှု

မထင်ရှားမှု သဘောဖြင့်သာ မှတ်သားကြရသောကြောင့် ဝိဘူတာရုံ အဝိဘူတာရုံ ဟူသော အသုံးတမျိုးဖြင့် သုံးထားလေသည်၊ ဝိဘူတ အဝိဘူတ သဘောမှာ အာရုံနှင့်သာ ဆိုင်သည် မဟုတ်၊ စိတ်၏ သတ္တိ စွမ်းရည်နှင့်လည်း သက်ဆိုင်နေပြန်သောကြောင့် အသိဉာဏ် သန့်ရှင်းသော စိတ်၌ အလွန် ထင်ရှားပြီး အသိဉာဏ် ကင်းသော စိတ်မှာ အများအားဖြင့် မထင်ရှားသော အဝိဘူတာရုံ ဖြစ်တတ်၏။

---

**ကထံ ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ကေစိတ္တက္ခဏံ နာမ၊ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာန မာယု၊**

ဖြစ် တည် ချုပ်အားဖြင့် အခိုက် ခဏ အချိန်ကာလ သုံးပါး အပေါင်းသည် စိတ်၏ သက်တမ်း စိတ္တက္ခဏ တခု မည်၏၊ ထို စိတ် သက်တမ်း ၁၇-ချက်စာ အခါသည် ရုပ်သက်တမ်း ရုပ်ခဏတ္တယ တခု မည်၏။

ဥပါဒ် နှင့် ဥပါဒ်ခဏ

| | | | |
|---|---|---|---|
| ဖြစ်မှုသည် | ဥပါဒ်၊ | ဖြစ်ရာ အချိန်သည် | ဥပါဒ်ခဏ၊ |
| တည်မှုသည် | ဌီ၊ | တည်ရာ အချိန်သည် | ဌီခဏ၊ |
| ချုပ်မှုသည် | ဘင်၊ | ချုပ်ရာ အချိန်သည် | ဘင်ခဏ၊ |

**ကေန္တရက္ခဏေ ဟိ ကောဌိသတ သဟဿာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ**

လက်ဖျစ် တတွက်ခန့် အချိန်ကာလ အတွင်းမှာ စိတ်အကြိမ်ပေါင်း ကုဋေ တသိန်းလောက် ဖြစ်ကြသည်၊ ထို စိတ္တက္ခဏ ၁၇ (ခဏငယ် ၅၁) အချိန်သည် ရုပ်၏ သက်တမ်း တခု ဖြစ်၏၊

ရုပ်သည် အာရုံပြုခံရသောကြောင့် နှေးကွေး၍ သက်တမ်းရှည်၏၊ နာမ်သည် အာရုံပြုတတ်သောကြောင့် လျင်မြန်၍ အသက်တို၏၊ စိတ်၏ ခဏငယ် ၅၁ ချက်ခန့် သက်တမ်းရှည်သော ရုပ်၏ ဥပါဒ် အခိုက် နှင့် နာမ်၏ ဥပါဒ် အခိုက်မှာ တူ၏၊ ရုပ်၏ ဘင်အခိုက် နှင့် နာမ်၏ ဘင်အခိုက်မှာ တူမျှ၏၊ အလယ်က ဌီ အခိုက်မှာမူ ခဏ

ငယ် ၄၉ ချက်စာ အသက် ရှည်ကြာ၏၊ ရုပ်တိုင်း စိတ္တက္ခဏ ၁၇-ချက် ခန့် အသက် မရှည်နိုင်၊

ဝိညတ်ခွေးသည် စိတ်နှင့် သက်တမ်းချင်း တူမျှ၏၊
လက္ခဏာရုပ် ၄-ခုသည် စိတ်လောက် သက်တမ်း မရှည်၊
ကျန် ၂၂-ပါးသော ရုပ်သာ ၁၇-ချက် အသက် ရှည်၏၊

ဤစကားရပ်အထိ ဝိထိချရာ၌ အရေးပါ အရာရောက်လှသော အခြေခံ အဆောက်အဦးကြီးများကို ပြ၏၊ ရှေးမှာ ဝိထိ ခေါ်သော အစိတ်စဉ်တွေ ဖြစ်ပုံ ဖြစ်နည်းတွေကို ပြတော့မည်။

---

## အတိမဟန္တာရုံ စက္ခုဒွါရဝိထိ

### တီ န ဒ ပ စ သံ ဏ္ဍီ ဝု ဇ------ဇ ရုံ ရုံ ဘွင်

အားအရှိဆုံး ရူပါရုံသည် အနည်းဆုံး စိတ္တက္ခဏ တချက်စာခန့် လွန်ပြီး ဋီအဓိက ရောက်မှသာ စက္ခု ပသာဒမှာ ထင်လာနိုင်သည်၊

ထို့ကြောင့် စိတ္တက္ခဏ တချက်စာလောက် လွန်ပြီးမှ ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသည်၊ ရှိသော ဘဝင် ၂-ကြိမ် လှုပ်ပြီး၍ ဘဝင် အစဉ် ပြတ်၏၊ ထို့နောင် ထင်နေသော ရူပါရုံကို—

ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်
မြင်တတ်သော စက္ခုဝိညာဏ် စိတ်
ခံယူတတ်သော သမ္ပဋိစ္ဆိုန်း စိတ်
စုံစမ်းတတ်သော သန္တီရဏ စိတ်

ပိုင်းခြား မှတ်သားတတ်သော ဝုဋ္ဌော စိတ်များသည် အစဉ်အတိုင်း တကြိမ်ကျစီ ဖြစ်ပြီး ချုပ်ကြ၏၊ ထို့နောင်

အာရုံကို ခံစားတော်သော ကာမဇော ၂၉–တို့တွင် တခုခုသည် လဒ္ဓပစ္စယံ– အကြောင်း လုံလောက်စွာ ရရှိသဖြင့် အများဆုံးအားဖြင့် ၇–ကြိမ် ဖြစ်ပြီး ချုပ်၏၊ ထို့နောင်ဇော၏ အာရုံကိုပင် နောက်လိုက် ခံစားတတ်သော တဒါရုံ ၂–ကြိမ် သင့်သလို ဖြစ်ပြီး ချုပ်သွားတော့၏၊ ထိုအခါမှာ အတိတဘဝင်၏ ဥပါဒ်နှင့် ပြိုင်တူ ဖြစ်ကာ စက္ခုပသာဒပေါ်မှာ ထင်လာခဲ့သော ရူပါရုံသည် ဒုတိယ တဒါရုံ၏ ဘင်နှင့် ပြိုင်တူ(သက်တမ်း စေ့ကုန်နေပြီ ဖြစ်၍)ချုပ်သွားတော့၏၊ ထို့နောင် ဘဝင် ကျ၍ သွားပြန်လေသည်။

**မှတ်သားရန်။** ။ အာရုံငါးပါးက ပသာဒ ငါးပါးအပေါ်မှာ ထင်လာရာတွင် ရုပ်တို့မည်သည်မှာ ဖြစ်ပေါ်စ ကာလ၌ အားနည်းသောကြောင့် အာရုံ နှင့် ပသာဒ အဆင်သင့် ရှေ့ရှု ကြုံကြိုက်ဆုံစည်းနေသော်လည်း စိတ္တက္ခဏ တချက်စာ ခန့်လောက် အချိန်လွန်ပြီးမှသာ ပသာဒပေါ်မှာ ထင်လာနိုင်ပေသည်၊ ထို့ကြောင့် ပသာဒ အာရုံ အာလောက ဟူသော အကြောင်းတရား အပေါင်း၏ အညီညွတ်ဆုံး ဖြစ်၍ အားအကောင်းဆုံး ရူပါရုံသည် စိတ္တက္ခဏ တချက်စာ လွန်ပြီး ဌီအခိုက် ကျမှသာ ပသာဒ၌ ထင်လာရပေသည်၊ ထိုသို့ ပဉ္စာရုံများက ပသာဒပေါ်မှာ ထင်ရာ၌ ဌက်သည့် သစ်ပင်မှာ နားလာရာ အခါ အကိုင်းကို ထိခြင်း နှင့် မြေ၌ အရိပ်ထင်ခြင်း ၂–မျိုးသည် မရှေးမနှောင်း တပြိုင်တည်း ဖြစ်သကဲ့သို့ ပသာဒရုပ်ရ နှင့် မနောဒွါရ ၂–ပါးလုံး အပေါ်မှာ တပြိုင်တည်း ထင်လေသည်၊ ဤသို့ မနောဒွါရ ခေါ်သော ဘဝင်၌

ပဉ္စာရုံ ထ ကြောင့် ဘဝင် အစဉ်မှာ လှုပ်ရှားလေသည်၊
**ကေကံ အာရမ္မဏံ ဒွိသု ဒွိသု ဒွါရေသု အာပါတမာဂစ္ဆတိ၊**

**ဋီကာကျော်၌ကား–** စက္ခုပသာဒ မဟာဘုတ်နှင့် ဘဝင်၏ မှီရာ ဟဒယဝတ္ထု၏ မဟာဘုတ်တို့ ဆက်စပ်နေကြောင့် စည်မျက်နှာ

တဖက်က ထုလိုက်သော အခါ အခြားတဖက်က သကာခဲ အပေါ်မှာ နားနေသော ယင်ကောင်သည် ပန်းကုံးမှ ဆက်ပေါ်ကာ တဖက် မျက်နှာ လှုပ်သဖြင့် ပျံကကဲ့သို့ ဘဝင်မှာ လှုပ်ရလေသည် ဟု ဆို၏၊ အာရုံ ထင်ရာ ကာလကို လွန်သွား၍ တတိတဘဝင် ပေါ်သည်။

စက္ခုပ္ပသာဒ၌ ရူပါရုံ ထင်ခြင်းသည် စက္ခုဝိညာဏ်၏ ဖြစ်ကြောင်း ဖြစ်၏၊ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ကြောင်းကား မဟုတ်၊ မနောဒွါရ၌ ထင်ခြင်းသည်ကား ဘဝင်လှုပ်ကြောင်း၊ ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ကြောင်း၊ လည်းဟုတ်၏၊ စက္ခုဝိညာဏ် ဖြစ်ကြောင်းလည်းဟုတ်၏။

**ဘဝင်လှုပ်ပုံ။** ။ ဘဝင်သည် မိမိ ယူနေကျရိုးရာ နိမိတ် အာရုံ ၃-မျိုးမှ တပါးတခြား အသစ်အဆန်းဖြစ်သော မနောဒွါရ ဘဝင်မှာ ထိခိုက်လာသော အာရုံသစ်ကို ယူတော့မယောင် တိမ်းညွတ်၍ သွားသော အမူရာထူးသည် ဘဝင် လှုပ်သည် မည်၏၊ ဘဝင် ၂-ကြိမ် လှုပ်သည့် အနက် နောက်က ဘဝင်သည် ပြတ်တောက်သော ဘဝင် ဖြစ်၍ ဥပစ္ဆေဒ ပြတ်သော၊ ဘဝင်-ဘဝင်၊ ဘဝင်ုပစ္ဆေဒ ခေါ်ကြ၏၊ အဟုန်နှင့် ပြေးသူကဲ့သို့ အာရုံ ကျသော်လည်း ဘဝင်အဟုန်မပြတ်ဘဲ တကြိမ်အနဲ့ဆိုး လွန်ရလေသည်။

အာရုံ ငါးပါးသည် ပဉ္စဒွါရ၌ သမ္ပတ္တ အသမ္ပတ္တ အနေဖြင့် ထင်သော်လည်း မနောဒွါရမှာ ထင်သော အခါ၌ကား အသမ္ပတ္တ အနေအားဖြင့် ချည်းသာ ထင်ကြလေသည်။

**လဒ္ဓပစ္စယ။** ။ ဇောခေါ်သော ကုသိုလ် အကုသိုလ်၏ ဖြစ်ကြောင်းကား ယောနိသော မနသိကာရ အကြောင်းကိုရလျှင် ကုသိုလ် ဇောစော၏၊ စောသောအခါ အများဆုံး ၇-ကြိမ်၊ အနည်းငယ် အားဖြင့် ၆-ကြိမ်၅-ကြိမ်လည်းစောသေး၏။ မန္ဒကာလ ၆-ကြိမ်၊ မရဏာသန္နကာလ၅-ကြိမ်ယူ။

**ဇဝနာနုဗန္ဓ။** ။ လှေ မော်တော်ဖို့နောက်သို ရေယာဉ်သည် ဝေ့ကာ အတန်ငယ် လိုက်သကဲ့သို့ တဒါရုံ ၂-ကြိမ်သည် ထို ဇော၏ အာရုံကို အနံ့ခံလိုက်၍ အာရုံပြုလေသည်၊ တ-အာရမ္မဏ-အာရမ္မဏ

တ–ထို ဓော၏၊ အာရမ္မဏ–အာရုံကိုပင်၊ အာရမ္မဏံ–အာရုံပြုခြင်း ရှိသောစိတ်သည် တ–အာရမ္မဏ–အာရမ္မဏ ဆိုလိုလျက် အာရမ္မဏ တပုဒ်ကျေနေသဖြင့် တဒါရမ္မဏ မည်လေသည်၊ တဒါရုံ ဆိုရာ၌ အမှန်မှာ ပဋိသန္ဓေ ဘဝင်စုတိကိစ္စ တပ်နေကျဖြစ်သော မဟာဝိပါက် နှင့် ဥပေက္ခာ သန္တီရဏတို့သည် ရိုးရာ အာရုံ ၃–မျိုးကို အာရုံ ပြုကာ ဘဝင် ကိစ္စတပ်လျက် ဓောနောက်မှာ ကျခွင့် ကျသင့် ကျချိန် တော်နေပြီ၊ သို့သော် အာရုံကိုက ကာမအငွေ့ ကာမအစော် ကာမ အနံ့ လှိုင်လွန်းလှ၍၎င်း၊ ကာမဓော၏ အတုမြင် အတတ်သင်ကာ ကာမ အဆက်ချင်း ဖြစ်နေ၍၎င်း ဘဝင် ဖြစ်ထိုက်နေလျက် တဒါရုံ တပ်ဦး တစခန်း တဇောတ် ထွက်နေကြရလေသည်။

**ဘဝင်္ဂပါတ။** ။ဘဝင် အစဉ်မှ ဝိထိစိတ်စဉ်များ တတ်ကြွထွက်ပေါ် ဖြစ်ထွန်းလာခြင်းသည် မြင့်မောက်သော စိတ်စဉ် တမျိုးဖြစ်ပြီး မူလ ဘဝင်သို့ ငြိမ်သကစွာ ပြန်၍ ဆင်းသက် လျောကျသွားခြင်း ကဲ့သို့ ဖြစ်၍ ဘဝင်္ဂပါတ မည်၏။

**အတိမဟန္တာရမ္မဏ။** ။ ဝိတ္တက္ခဏ တချက်စာလွန်ပြီးမှ တင်လာ သော အာရုံသက်မှာ ဝိတ္တက္ခဏ ၁၆–ချက်ခန့် အသက်ရှည်ပြီး သက် တမ်း အများဆုံးအာရုံဖြစ်၍ ဤ အာရုံစားကို အတိမဟန္တာရုံ ခေါ်၏၊ ထို အာရုံကို အာရုံပြုကာ ဖြစ်သော စိတ်စဉ်ကို အတိမဟန္တာရုံ ဝိထိ ခေါ်၏၊ တဒါရုံ အဆုံးရှိသော စိတ်အလှည့် ဖြစ်သောကြောင့် တဒါ ရမ္မဏ ဝါရလည်း ခေါ်၏။

**အာရုံ နှင့် ဝတ္ထု။** ။ စက္ခုဒွါရိကစိတ် အားလုံးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏၊ စက္ခုဝိညာဏ်သည် စက္ခုပသာဒကို၊ ကျန်စိတ် များမှာ ဟဒယ ဝတ္ထုကို မှီ၏၊ ရှေ့နောက် ဘဝင်များက ဟဒယ ဝတ္ထုကိုမှီ၍ ကံ ကမ္မနိမိတ်ကို အာရုံပြု၏။

ဝွေ့ာဝတာ – ပြခဲ့ပြီးသော စကားရပ်ဖြင့် ဝိထိ ဝိတ္တုပ္ပါဒ် ၁၃–ကြိမ်, ဘာဂဝလန ဘဝင်္ဂုပစ္ဆေဒ ၂– ကြိမ်နှင့် အတိတဘဝင် တကြိမ် အားဖြင့် ရူပါရုံသည်

စိတ္တက္ခဏ ၁၇-ချက်ခန့် အသက် စေ့ကာ ချုပ်သွား၏၊ ဤ အာရုံသည် စိတ္တက္ခဏ သက်တမ်း အများဆုံး ကြာရှည်စွာ ထင်နေသောကြောင့် အတိမဟန္တာရုံ မည်၏။

## ဤ အတိမဟန္တာရုံ ဝီထိ၌—

ဝီထိစိတ္တာဝန် သင်္ခေပ-ကိုးအားဖြင့် ၇
စိတ္တုပ္ပါဒ စတုဒ္ဒသ-စိတ္တက္ခဏအားဖြင့် ၁၄
× × × စက္ခုဒွါရိကစိတ် ၄၆
ကာယဒွါရိကစိတ် ၄၆

စတုပညာသ ဝိတ္ထာရ-သရုပ်ကျယ်အားဖြင့် ၅၄
ပဉ္စဒွါရေ ယထာရဟံ-ငါးဒွါရ၌ သင့်သလို ဖြစ်၏။

**မှတ်သားရန်။** ။ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်း ဤ ၄၄-ပါးသည် ဒွါရ ငါးပါးလုံး ဖြစ်၏၊ ပဉ္စဝိညာဏ် ၁၀-မှာ မိမိတို့ ဆိုင်ရာ ဒွါရ အသီးသီး၌သာ ဖြစ်ကြသည်။

---

## ဝီထိစိတ်စဉ် ဖြစ်ပုံ မှတ်စရာ ဥပမာ—

သရက်ပင် အောက်၌ လူအိပ်မှု .... ဘဝင်
သရက်သီး ကြွေကျမှု .... အာရုံထင်မှု
သရက်သီး ကြွေသံဖြင့် လူနိုးမှု .... အာဝဇ္ဇန်း
မျက်စေ့ ဖွင့်၍ ကြည့်ရှုမှု .... စက္ခုဝိညာဏ်
သရက်သီးကို ကောက်ယူမှု .... သမ္ပဋိစ္ဆန်း
သရက်သီးကို နှိပ်နယ်မှု .... သန္တီရဏ
သရက်သီးကို နမ်းရှုပ်ဆုံးဖြတ်မှု ... ဝုဋ္ဌော

သရက်သီးကို စားသုံးမှု .... ဇော
အကာပ်အသပ်ကို စုပ်၍ မျိုချမှု .... တဒါရုံ
နောက်တဖန် ပြန်၍ လှဲအိပ်မှု .... ဘဝင်

---

## မဟန္တာရုံ စက္ခုဒွါရဝီထိ

တီ တီ န ဒ ပ စ သံ ဏ် ဝု ဇ ------ ဘဝင်
တီ တီ တီ န ဒ ပ စ သံ ဏ် ဝု ဇ------

တဒါရုံ ၂-ကြိမ်စာ ကျလောက်အောင် သက်တမ်း မရှိဘဲ ရှေ့သို့ ဘဝင် ၂-ကြိမ် သို့မဟုတ် ၃-ကြိမ်စာ လောက် အချိန်ကို လွန်ရာအခါမှာ ထင်သော အာရုံသည် မဟန္တာရုံ မည်၏၊ ဤ ဝါရ၌ ဇောအဆုံးမှာ ဘဝင်သာ ကျတော့၏၊ တဒါရုံ ဖြစ်ခွင့် မရှိတော့ပြီ။

## ဤ မဟန္တာရုံ ဝီထိ၌

| | | |
|---|---|---|
| ကိစ္စ သာမည အားဖြင့်— | .... | ၆ |
| စိတ္တက္ခဏ အကြိမ် အသီးသီး | .... | ၁၂ |
| စိတ်သရုပ် လုံးရေမှာ စက္ခုဒွါရ၌ | .... | ၃၀ |
| × × × ကာယဒွါရ၌ | .... | ၃၀ |
| မဟာဝိပါက် တဒါရုံ မပါ ဝုဋ္ဌပေါင်း ငါးဒွါရလုံး၌ | | ၄၆ |

**မှတ်သားရန်။** ။ဤ ဝီထိ၌ရှုပါရုံသည် စက္ခုပသာဒနှင့် တိုက်ဆိုင် ကြိုကြိုက်ပါလျက် ပသာဒ, အာရုံ, အာလောက, တို့၏ အကြောင်း အတန်ငယ် ချို့တဲ့ မှုကြောင့် ဘဝင် ၂-ကြိမ် ၃-ကြိမ်စာလောက် အချိန်ကို လွန်ပြီးမှ ထင်လာသဖြင့် တဒါရုံ ၂-ကြိမ် ဖြစ်နိုင်လောက် အောင် အာရုံ၏ သက်တမ်းမှာ မရှိတော့၍ ဇောလောက်သာ ဖြစ်ခွင့်ရှိသဖြင့် အတိ မဟန္တာရုံလောက် အာရုံသက်တမ်း မရှည်

မများလှ၍ မဟန္တာရုံ ခေါ်သည်၊ ဘဝင် ၂-ချက်စာ လွန်သော ပဉ္စမ မဟန္တာရုံသည် ၁၅-ချက် အသက်ရှည်သဖြင့် တဒါရုံ တကြိမ် ဖြစ်နိုင်လောက်သော်လည်း တဒါရုံ ၂-ကြိမ် ကျမြဲ ဖြစ်၍ တကြိမ် တောင် မကျတော့ချေ၊ ၃-ချက်စာလွန်သွားသော ဒုတိယ မဟန္တာရုံ ဝိထိ၌ ဝိုဋ္ဌကဇ္ဇာ ၁၄-ချက်နှင့် အသက်ရှည်၍ ဇော၏ ဘဝင်နှင့် ရုပါရုံမှာ ပြိုင်တူချုပ်သွားတော့၏၊ ဇောဆုံးသော အကြိမ်ဖြစ်သော ကြောင့် ဇဝနဝါရ ဝိထိ ခေါ်၏။

---

# ပရိတ္တာရုံ ဝုဋ္ဌဒ္ဒါရဝိထိ

ဇော ၇-ကြိမ်အထိ ဖြစ်ခွင့်တိုင်အောင် အသက်တမ်း မလောက် မရှည်တော့ဘဲ ဘဝင် ၄-၅-၆-၇-၈-၉ကြိမ် အထိလောက်ကို လွန်ပြီးသော အခါမှ ထင်လာသော အာရုံသည် နည်းသော ဝိထိဖတ်ရှိသောကြောင့်ပရိတ္တာရုံ မည်၏၊ ဤ ဝိထိ၌ ဇော မဖြစ်သောကြောင့် ဝုဋ္ဌောသည် ဇော၏ကိုယ်စား ၂-ကြိမ် ၃-ကြိမ် ဖြစ်ပြီးနောက် ဘဝင် ကျတော့သည်။

တီ တီ တီ တီ န ဒ ပ စ သံ ဏ် ဝု ဝု ဝု ဘင် ဘင် ဘင်
တီ - - - - - - - - တီ န ဒ ပ စ သံ ဏ် ဝု ဝု

## ဤ ဝိထိ၌—

စိတ်သာမည အားဖြင့် .... ၅
ဝိုဋ္ဌကဇ္ဇာ အကြိမ်အားဖြင့် .... ၇
စိတ်ကျယ် သရုပ်အားဖြင့် .... ၉

**မှတ်သားရန်။** ။ အာရုံ ပသာဒ အာလောကတို့၏ ချို့တဲ့မှု အကြောင်းကြောင့် ဝိုဋ္ဌကဇ္ဇာ ၄-ကြိမ်မှ ၉-ကြိမ်လောက်အထိ

လွန်ပြီး၍ ထင်လာသော အာရုံသည် ဇော ၇-ကြိမ် ဖြစ်နိုင်အောင် သက်တမ်း မရှိဘဲ အနည်းငယ်သော ဝီထိစိတ်များ၏ အာရုံ ဖြစ်၍ ပရိတ္တာရုံ ခေါ်၏၊ ဝုဋ္ဌော အဆုံးရှိ၍ ဝေါဋ္ဌဗ္ဗနဝါရ ခေါ်၏၊ ဇော၏ ကိုယ်စား ဖြစ်သောကြောင့် ဝုဋ္ဌောမှာ ၂-ကြိမ် ၃-ကြိမ် ဖြစ်ရ၏၊ ဤ ဝီထိစားမှာ ၆-မျိုး ဖြစ်၏။

## အတိ ပရိတ္တာရုံ ဝီထိ

တိ----------တိ န န ဘွင်

ပိ---------------တိ န န ဘွင်

ဝုဋ္ဌော ဖြစ်ချိန်တိုင်အောင် သက်တမ်း မလောက် မရှည်ဘဲ ဘဝင် ၁၀-ကြိမ်မှ ၁၅-ကြိမ်အထိ လွန်ပြီး၍ ထင်လာသော အာရုံသည် အလွန် နဲသော ဝီထိစိတ် ရှိသောကြောင့် အတိ ပရိတ္တာရုံ မည်၏၊ ဤ ဝါရမှာ ဘဝင် လှုပ်ခြင်းမျှသာ ဖြစ်ပြီး ဝီထိစိတ် လုံးဝ မကျ မရှိတော့၍ မောဃဝါရ မည်၏။

ဤသို့ ပြခဲ့ပြီးသော စက္ခုဒွါရ နည်းအတိုင်း သောတ စသော ကျန်ဒွါရတို့၌ သိရ၍ ငါးဒွါရလုံးမှာ-

| | | |
|---|---|---|
| တဒါရုံ ဆုံးသော | တဒါရမ္မဏဝါရ | ၅-ဝီထိ |
| ဇော ဆုံးသော | ဇဝနဝါရ | ၁၀-ဝီထိ |
| ဝုဋ္ဌော ဆုံးသော | ဝေါဋ္ဌဗ္ဗနဝါရ | ၃၀-ဝီထိ |
| မောဃ ဝါရ | .... .... | ၃၀-ဝီထိ |

ဟူသော ၄-ဝါရတို့၏ အစဉ်အားဖြင့် ဝိသယပဝတ္တိ အာရုံ ၄-မျိုး ဝီထိပေါင်း ၇၅ ရှိ၏ ဟု သိအပ်၏။

**မှတ်သားရန်။** ။ ဝီထိစိတ် ဖြစ်ချိန်မှာ တည်ရှိနေသော အာရုံ၏ သက်တမ်း အများအနဲကို စွဲ၍ **အတိမဟန္တာရုံ** စသည်ဖြင့် မှည့်ခေါ်ထားသည်၊ ထိုသက်တမ်း အများအနဲကို အာရုံပြုကြသော စိတ်စဉ်ကို စွဲ၍ အတိမဟန္တာရုံ ဝီထိ တဒါရုမ္မဏဝါရ ဝီထိ စသည်မှည့်ခေါ်ထားသည်၊ နောက်ဆုံး မောဃဝါရဝီထိ ၃၀ ဆိုရာမှာ ဝီထိစိတ်လုံး၀ မဖြစ်၊ ထို အတိပရိတ္တာရုံ ငါးပါးကို ဘယ်စိတ်ကမှ အာရုံမပြုမခံစားလိုက်ရပေ၊ ပသာဒပေါ်မှာ အာရုံက ထင်လာ ထိခိုက်လာသဖြင့် ဘဝင်စိတ်က အာရုံပြုတော့မယောင် လှုပ်ရှားလာ၍ တင်စားကာ မိန်းမဖြူ၏ သွားဟူသော အခေါ်မျိုး ဖြစ်သည်။

ကာမ ၁၁-ဘုံ၌ ပဉ္စဒွါရဝီထိ ၇၅-ပါးလုံး ရအပ်၏၊
ရူပ ၁၅-ဘုံ၌ အတိမဟန္တာရုံ ၂-ဝီထိ ကြဉ်သော
စက္ခုဒွါရဝီထိ ၁၄, သောတဒွါရ ၁၄, ပေါင်း ၂၈-ရ၏။
အရူပဘုံ၌ ပဉ္စဒွါရဝီထိကို မရ၊မနောဒွါရဝီထိသာ ရ၏။

**ကာမ ၁၁-ဘုံ၊ဝီထိ စုံ၊အကုန် ရသည်သာ၊**
**စက္ခု သောတ်၊ တိမဟန်၊ ၂-တန် ကြဉ်အပ်စွာ၊**
**ကြွင်း နှစ်ဆဲ့ရှစ်၊ ဝီတိ စစ်၊ ရလစ် ရူပမှာ၊**
**အရူပမှာ၊ မနော သာ၊ ပဉ္စာ မရရှာ။**

---

## နိယမ ငါးပါး

ဥတု ဗီဇ နိယာမော စ, ကမ္မဓမ္မ နိယာမတာ၊
စိတ္တဉ္စ နိယာမောတိ, ဧဉေယျာ ပဉ္စနိယာမတာ။

ဥတု .... အချိန် ရာသီအလိုက် အပွင့် အသီး ပွင့်-သီးခြင်း၊
ဗီဇ .... သစ်ကြက်သီး၏ ချိုခြင်း, တမာ၏ ခါးခြင်း၊
ကမ္မ .... အကုသိုလ်၏ အကျိုးဆိုးမှု, ကုသိုလ်၏ အကျိုးကောင်း၊
ဓမ္မ .... အလောင်းတော်များ၏ ဖြစ်နေကြ ဓမ္မတာများ၊
စိတ္တ .... ပဋ္ဌာန်းရောင်ခြည်နှင့် စက္ခုဝိညာဏ်သည် ဖြစ်ခြင်း၊

ပုပ္ဖါဒိ ဖေရတံ တုလျ, ဖလုပ္ပါဒေါ ဝိပါကဒေါ၊
မဟိကမ္ပေါ စိတ္တုပ္ပတ္တိ, နိဒဿန ဝိဒ္ဒံ ကမာ။

ပုပ္ဖါဒိ ခေရဏံ–သစ်ပင်တို့၏ တချိန်တည်းမှာ တပြိုင်နက် ပွင့်–သီး ခြင်း၊ တုလျ ဖလုပ္ပါဒေါ– မျိုးစေ့နှင့် တူသော အသီး သီးခြင်း၊ ဝိပါကဒေါ–ကံက မိမိနှင့် သင့်လျော်သော သုခဝိပါက ဒုက္ခဝိပါက အကျိုးကို ပေးခြင်း၊ မဟီ ကမ္ပေါ–အလောင်းတော်များအတွက် မြေ တုန်လှုပ်ခြင်း (စသော ဓမ္မတာဘော်များ)၊ စိတ္တနိယာမ–စိတ်တို့၏ ရှေ့စဉ် နောက်စဉ် ဖြစ်ခြင်း၊ ဇာဒိ ကမာနိဒဿနံ–ဤကား အစဉ် အတိုင်း ထုတ်ပြအပ်သော ပုံစံတည်း။

ဆိုရိုး။ ။ စက္ခုဒွါရိက အတိမဟန္တာရုံ ဖြစ်ဟန်ကား–
ရူပါရုံသည် စက္ခုပသာဒသို့ ရှေးရှု ထင်သည် ရှိသော် အတီတဘဝင် တချက်လွန်ပြီး အခါ၌သာ စက္ခုပသာဒ၌ ထင်ခြင်းသို့ ရောက်၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်သမ္ပဋိစ္ဆိုန်း သန္တီရဏ ဝုဋ္ဌော ဇော ၇–ကြိမ် တဒါရုံ ၂–ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံ နှင့် စက္ခုပသာဒတို့သည် စိတ္တက္ခဏ ၁၇–ချက်ခန့် သက်တမ်း စေ့ ရကား ဒုတိယ တဒါရုံ၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်း ရှိသော ဝီထိသည် စက္ခုဒွါရိက အတိမဟန္တာရုံ ဝီထိ မည်၏၊ ထို့နောင် ဘဝင် ဖြစ်ထိုက် သရွေ့ ဖြစ်၏၊ တဒါရုံအဆုံးရှိ၍ တဒါရမ္မဏဝါရ ဟူ၍လည်း ခေါ်၏။

---

အာယုက သုံးမျိုး

ဘွင် င င င င င င င င င င င င တီ န ဒ ပ ဓ

အတိမဟန္တာရုံ ဝီထိစိတ်စဉ် ဖြစ်သောအခါ စက္ခုပသာဒ နှင့် ရူပါရုံသည် ရှေးရှု ထင်နေ ဟပ်မိနေ၏၊ ထိုသို့ ဟပ်မိနေသော ရူပါရုံ သည် အတီတ ဘဝင်၏ ဥပါဒ်က စ၍ ပြိုင်ဖြစ်လာပြီးလျှင် ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ သက်တမ်း ၁၇–ချက် ပြည့်သဖြင့် ချုပ်သွား၏၊

စက္ခုပသာဒသည်ကား အတီတဘဝင်၏ ဥပါဒ်အခိုက်၌ ဖြစ်သော ပသာဒ, ဌီ အခိုက်၌ ဖြစ်သော ပသာဒ, ဘင် အခိုက်၌ ဖြစ်သော ပသာဒ စသဖြင့် ‘ခဏေ ခဏေ သမုဋ္ဌာပေတိ’ အရ ဘယ်စိတ်၏ အခိုက်မှာ မဆို ကမ္မဇ ပသာဒများ ဖြစ်လျက် ဖြစ်လျက် ရှိနေပြီး စိတ္တက္ခဏ ၁၇–ချက်ခန့် အသက် စေ့မှ ချုပ်သွားကြလေသည်၊

ထို့ကြောင့် စက္ခုဝိညာဏ ဖြစ်ပေါ် လာသောအခါ ထိုထို ဝိညာဏ်၏ အမှီခံနိုင်သော အနေနှင့် လက်ရှိစက္ခုပသာဒ လုံးပေါင်း ကို ရေတွက်ယူလျှင် အတိတ ဘဝင်၏ ရှေ့ရှေ့က ၁၃-ချက်မြောက် ဘဝင်၏ ဘင် အခိုက်မှ စ၍ ဖြစ်ပေါ်လာသော ပသာဒ, ၁၂-ချက် မြောက် ဘဝင်၏ ဥပါဒ် အခိုက်မှာ ဖြစ်သော ပသာဒ, ဌီ အခိုက်မှာ ဖြစ်ပေါ်လာသော ပသာဒ, ဘင် အခိုက်မှာ ဖြစ်ပေါ် လာသော ပသာဒ စသဖြင့် ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင် အခိုက်မှာ ဖြစ်သော ပသာဒ အထိ စက္ခုပသာဒပေါင်း ၄၉-ပါးသည် စက္ခုဝိညာဏ် ဖြစ်ခိုက်မှာ ဌီ အနေဖြင့် တည်ကာ ရှိနေကြသဖြင့် စက္ခုဝိညာဏ်၏ အမှီကို ခံယူနိုင်သော အခြေအနေ ရှိနေကြ၍ ဘယ်ပသာဒကို စက္ခုဝိညာဏ် က မှီပါသလဲ ဟု စိစစ်ခဲ့သော် အတိတ ဘဝင်၏ ဥပါဒ် အခိုက်မှာ ဖြစ်သော စက္ခုပသာဒ တခုကိုသာလျှင် စက္ခုဝိညာဏ်သည် မှီ၏ ဟု မှတ်အပ်၏၊ ဤ ပသာဒ နှင့် ဤ အာရုံ ၂-ပါး၏ သက်တမ်းမှာ လည်း ဖြစ်တူ ချုပ်တူ ညီမျှနေ၏။

တဖန် အတိတဘဝင်၏ ဥပါဒ်နှင့် ပြိုင်ဖြစ်လာသော ပသာဒသည် ရူပါရုံနှင့် ညီမျှသော သက်တမ်း ရှိ၍ မဇ္ဈိမာယုက ပသာဒ မည်၏၊ အတိတ ဘဝင်၏ ရှေ့ရှေ့က တေရသမ ဘဝင်၏ ဘင်မှစ၍ ဖြစ်ပေါ် လာသော စက္ခုပသာဒပေါင်း ၃၇-ပါးသည် ရူပါရုံလောက် အသက် မရှည်တော့၍ မန္ဒာယုက ပသာဒ မည်၏၊ အတိတ ဘဝင်၏ ဌီအခါ၌ ဖြစ်သော ပသာဒ, ဘင် အခါ၌ ဖြစ်သော ပသာဒ န-ဒ-ပ-တို့၏ ဥပါဒ် ဌီ ဘင် အခိုက်မှာ ဖြစ်ပေါ်ကြသော ပသာဒအားဖြင့် ပသာဒ လုံးရေပေါင်း ၁၁-ပါးသည် ရူပါရုံထက် အသက် ရှည်ကြသဖြင့် အန္ဓမာယုက ပသာဒများ မည်ကြလေသည်၊ အာရုံ သင်နေခိုက် ဖြစ်ရှိလာကြသော ပသာဒ အသီးသီးတို့၏ သက်တမ်း နှင့် အာရုံ၏ သက်တမ်းကို နှိုင်းယှဉ် တိုင်းတာပြသော စကားဖြစ်သည်။

ပဉ္စဒွါရဝီထိ ပြီးပြီ

## မနောဒွါရ ဝိဘူတာရုံ

အကာယ်၍ ထင်ရှားသော အာရုံသည် မနောဒွါရ၌ ထင်လာခဲ့သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော ၇-ကြိမ် တဒါရုံ ၂-ကြိမ်တို့သည် အစဉ်အတိုင်း ဖြစ်ပြီး၍ ချုပ်၏၊ ထို့နောင် ဘဝင် ကျ၏၊

အဝိဘူတာရုံ၌ ဇော ၇-ကြိမ်၏ အဆုံးမှာ ဘဝင် ကျ၏၊ တဒါရုံ ဖြစ်ခွင့် မရှိပြီ၊

န ဒ မ ဇ - - - - - ဇ ရုံ ရုံ ဘွင် ( ဝိဘူ )
န ဒ မ ဇ - - - - - ဇ ဘွင် ( အဝိဘူ )

ဝီထိဝိမုတ္တာနိ တီဏော .... ကိစ္စအားဖြင့် ၃
စိတ္တုပ္ပါဒါ ဒသေရိကာ .... စိတ္တုပ္ပါဒ်အကြိမ် ၁၀
ဝိတ္ထာရေန ပနေတ္ထေက .... အကျယ်သရုပ်
စတ္တာလီသ ဝိဘာဝယေ .... လုံးရေအားဖြင့် ၄၁

**မှတ်သားရန်။** ။ ဒွိပဉ္စဝိညာဏ်နှင့် မနောဓာတ် ၃ ဤစိတ် ၁၃-ပါးသည် ပဉ္စဒွါရ၌သာ ဖြစ်သောကြောင့် မနောဒွါရိက စိတ်မှာ ကာမစိတ် ၅၄-ပါးအနက် ၄၁-ပါးသာရှိလေသည်။

**မနောဒွါရ နှင့် အတီတဘဝင်။** ။ အတိတ် အနာဂတ်ဖြစ် ရုပ်များ စိ-စေ နိဗ္ဗာန် ပညတ် တရားများသည် မနောဒွါရမှာ ထင်လာရာတွင် စိတ္တက္ခဏ တချက်စာ နှစ်ချက်စာ လွန်နေချိန် မရှိသောကြောင့် အတီတ ဘဝင် မရှိ၊ မှန်၏-မနောဒွါရခေါ် ဘဝင် ပစ္ဆေဒမှာ အာရုံ တခုခု ထင်ထင်ပြင်းပင် ဘဝင် လှုပ်ကာ မနောဒွါရာဝဇ္ဇန်းစသော စိတ်များ ဖြစ်လာလေသည်၊ အာရုံ မထင်မီ ဖြစ်ရှိနေသော ဘဝင်များကား ရှေးရာ ဘဝင်များ ဖြစ်၍ အာရုံနှင့် နှိုင်းချိန် ယှဉ်စက်ပြနေစရာ ဘာမှမလိုတော့သဖြင့် အတီတ ဘဝင် မရှိနိုင်တော့ပြီဟူလို။

**ဝိဘူတ အဝိဘူတ။** ။ မနောဒွါရ၌ အာရုံများ ထင်လာရာမှာ နှလုံးသွင်း ဆင်ခြင်မှု မနသိကာရ နှင့် ဉာဏ်ပညာတို့ အလျောက်

ထင်ရှား ပြတ်သားစွာ ထင်လာလျှင် ဝိဘူတာရုံ မည်၏၊ မထင်မရှား မှုံမွားစွာ ထင်လာလျှင် အဝိဘူတာရုံ မည်၏၊ လုံးဝ မထင်၍ အဝိဘူတာရုံ ခေါ်သည် မဟုတ်။

ကာမဇော မနောဒွါရ ဝီထိ ပြီး၏

---

## အပ္ပနာဇော ဝါရ

အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ အဝိဘူတာရုံ အသွား အပြား မရှိ၊ ထို့အတူ တဒါရုံ ဖြစ်မှုလည်း မရှိတော့ပြီ။

**မှတ်သားရန်။** ။ ကသိုဏ်း စသော အာရုံ၏ ထင်ရှား ပြတ်သားစွာ စေ့သားကိုက်အောင် ထင်သော အခါမှသာလျှင် အပ္ပနာဇော ဖြစ်နိုင်သောကြောင့် ဤ ဝါရ၌ ဝိဘူတာရုံ တမျိုးတည်း ကိုသာ ရအပ်၏၊ အာရုံနှင့် စိတ်တို့၏ စရွေးကိုက် အန်ကျအောင် စွပ်ထား သကဲ့သို့ ချပ်ချပ်ရပ်ရပ် တွဲစပ် ကာ ငြိမ်းစွာ ဖြစ်နေခြင်းကို အပ္ပနာ ဇောသည်ဟု ခေါ်ရ၏၊ ငြိမ်းငြိမ် ဗသောင်းဗလဲ ငင်လှသော တဒါရုံများသည် အလွန် ချေမ်း တည်ငြိမ်လှသော အပ္ပနာဇောသို့ နောက်ရောင်ခံလိုက်ပြီး မဖြစ်နိုင်၊ ကာမကိုသာ အာရုံ ပြုနေကျ တဒါရုံသည်။ အပ္ပနာဇော၏ အာရုံ ဖြစ်သော မဟဂ္ဂုတ် ပညတ် နိဗ္ဗာန် အာရုံနားသို့ သိကုံ မသိနိုင် အာရုံ မပြုနိုင် သောကြောင့် အပ္ပနာ ဇောနောင်တွင် တဒါရုံ မကျနိုင်၊

---

ထို အပ္ပနာဇော ဝါရ၌ ဥာဏသမ္ပယုတ် ကာမာဝစရ မဟာကု ကြိ ၈-ပါးတို့အနက် တခုခုသော ဇောသည် ပရိ ဥပ အနု ဂေါတြဘုအမည်ဖြင့် မန္ဒပုဂ္ဂိုလ်၌ ၄-ကြိမ် တိက္ခ ပုဂ္ဂိုလ်၌ ၃-ကြိမ် တိုင်တိုင် အစဉ်တိုင် ဖြစ်ပြီး ချုပ်သွားသည်၏ အခြားမဲ့၌ ထိုက်သည်အား လျော်စွာ

တိက္ခ ပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်မှာ, မန္ဒ ပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်မှာ မဟဂ္ဂုတ် လောကုတ္တရာ ဟူသော အပ္ပနာဇော ၂၆-ပါးတို့ အနက် အဘိနီဟာရ၏ အစွမ်းအားဖြင့် ဇောတခုခုသည် အပ္ပနာ ဝိထိသို့ သက်ရောက်လာ၏၊ ထို့နောင် အပ္ပနာဇော၏ အဆုံး၌ ဘဝင် ကျတော့သည်သာတည်း၊ (တဒါရုံကား မကျပေ၊)

**မှတ်သားရန်။** ။ ပရိကမ္မ-အပ္ပနာဈာန် ရရေးအတွက် ပြုလုပ်စီမံပေးတတ်သော ကြောင့် ပရိကံ မည်၏၊ ဥပစာရ-အပ္ပနာနှင့် မနီးမဝေး ဖြစ်သောကြောင့်၎င်း, အပ္ပနာသို့ ရှေ့ရှု ကပ်ရောက်တတ်သော ကြောင့်၎င်း ဥပစာရ မည်၏၊ အိမ်၏ အနီး အပါးက နေရာကို ဥပစာခေါ်သကဲ့သို့မှတ်၊ အနုလောမ-ရှေ့အောက်နားက ပရိကံ ဥပစာတို့နှင့်၎င်း, နောက်အထက်နားက အပ္ပနာဇောနှင့်၎င်း အလျော်အားဖြင့် ဖြစ်တတ်သောကြောင့် အနုလုံ မည်၏၊ ဂေါတြဘု-ကာမ အနွယ် ပုထုဇဉ် အနွယ်ကို လွှမ်းမိုး ဖြတ်တောက်တတ်သောကြောင့်၎င်း, မဟဂ္ဂုတ် အနွယ် လောကုတ္တရာ အနွယ်ကို တိုးပွါး စေတတ်သော ကြောင့်၎င်း ဂေါတြဘု မည်သည်၊ မန္ဒပုဂ္ဂိုလ်အတွက် ၄-ကြိမ် ကျသော အခါမှသာ ဤ အမည် ၄-မျိုးမှာ အစဉ်အတိုင်း ရ၏၊ တိက္ခ ပုဂ္ဂိုလ်အတွက် ၃-ကြိမ် ကျသော အခါ ပရိကံ တခု ပြတ်၍ ၃-မည်သာ ရတော့၏၊ အဋ္ဌကထာကြီး၌ ဇောတခုစီ တခုစီသည် ဤ အမည် ၄-မျိုး လုံးကို ရ၏ ဟု မိန့်၏၊ အခေါ်ရ လွယ်အောင် ရှင်အနုရုဒ္ဓါသည် ဇော ၄-ကြိမ်နှင့် နာမည် ၄-မျိုးကို အစဉ်အတိုင်း တပ်မှည့်၍ ပေးထားပုံ ရ၏၊ သကဒါဂါမိ အနာဂါမိ ရဟန္တာများ အတွက် ဂေါတြဘုအစား ဝေါဒါန် ဟု ခေါ်၏၊ ဖြူစင်သောကြောင့် ဝေါဒါန် ခေါ်၏။

## စတုက္ကဇ္ဈာနံ တိကဇ္ဈာနံ နှင့် စတုတ္ထံ ဝါ ပဉ္စမံ ဝါ

ပရိကံ စသော အမည် ၄-မျိုးလုံးကို ရနိုင်သရွေ့ ရှေ့ဦးစွာ ပါပြီး၏ တိက္ခအတွက် ပရိကံလျော့ကာ ၃-ကြိမ် ကျပုံကို ပြခြင်းငှါ

စတုက္ကဇ္ဈာန်၊ တိကဇ္ဈာန် ဆိုသည်၊ အပ္ပနာဇော ကျရာ၌ မူကား အကြိမ် ရေတွက်စဉ်ကို ပြဋ္ဌင်း၍ စတုတ္ထံ ပဉ္စမံ ဟု ဆိုထားသည်။

တိက္ခ ပုဂ္ဂိုလ်မှာ ကာမဇော ၃-ကြိမ်နောင် ၄-ကြိမ်မြောက်၌
မန္ဒ ပုဂ္ဂိုလ်မှာ ကာမဇော ၄-ကြိမ်နောင် ၅-ကြိမ်မြောက်၌
အပ္ပနာဇော ကျပုံကို သတိမူ ရေတွက်လေ။

**ယထာဘိ နီဟာရ။ ။** ရူပ အရူပနှင့် သင့်လျော်သော သမထ အာရုံသို့ စိတ်ကိုရှေ့ရှု ဆောင်ခြင်း, မဂ်-ဖိုလ်နှင့် သင့်တော်ရာ ဝိပဿနာ ဘာဝနာ အာရုံသို့ စိတ်ကို ရှေ့ရှု ဆောင်းခြင်း၏ အစွမ်း ဖြင့် အပ္ပနာဇော တခုခု ဖြစ်ရသည်၊ အပ္ပနာဇော အစဉ်သည် အပ္ပနာ ဝီထိ မည်၏။

---

**ကာမဇော နှင့် အပ္ပနာ**

ဤ အပ္ပနာဇော ဝါရ၌၊ တနည်း- ဉာဏသမ္ပယုတ်ဇော ၈-ခုတို့ အနက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင် သောမနဿ အပ္ပနာကို အလိုရှိအပ်၏၊ ဥပေက္ခာနောင်လည်း ဥပေက္ခာ အပ္ပနာ ကိုသာ လိုအပ်၏၊ ထိုတွင် ကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောင် ကုသိုလ် အပ္ပနာဇော နှင့် ဟေဋ္ဌိမ ဖိုလ်ဇော သုံးပါးသည် ဇော၏၊ ကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါး နောင် ကြိယာ အပ္ပနာ ဇောနှင့် အရဟတ္တဖိုလ်ဇော ကျ၏။

**မှတ်သားရန်။ ။** ပရိကံ စသော အမည်ဖြင့် ဖြစ်ကြသော မဟာ ကု-ကြိ ဉာဏသမ္ပယုတ် ၈-ပါးတို့အနက် သောမနဿ နောင်မှာ ပ-ဒု-တ-စ ဈာန်ဟူသော သောမနဿ အပ္ပနာများသာ ကျနိုင်သည်၊ ဥပေက္ခာ အပ္ပနာမှာ ရှေ့က သောမနဿ ကာမဇော နှင့် ဝေဒနာ ဇာတ်ချင်း မတူသဖြင့် အာသေဝန ပစ္စည်း မတပ်နိုင်သောကြောင့် သောမနဿ နောင် ဥပေက္ခာ အပ္ပနာ မကျနိုင်၊ ကုသိုလ် ဉာဏ

သမ္မယုတ် ၄-ပါးနောင် ကုသိုလ် နှင့် ဝိပါက် အပ္ပနာများသာ စော နိုင်၏၊ မဟာကု-နောင် ကြိ-အပ္ပနာ မကျနိုင်၊ အောက်ဖိုလ် ၃-ပါး ကျနိုင်သည် ဆိုရာမှာ ဖလသမာပတ် အတွက်ကို ဆိုလိုသည်။

---

ဒွတ္တိံသ သုခ ပုညာမှာ, ဒွါဒသော ပေက္ခကာ ပရံ၊
သုခိတ ကြိယတော အဋ္ဌ, ဆသမ္ဘောန္တိ ဥပေက္ခကာ။

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | သော | ကု | ဉာ | ၂-ပါးနောင် | အပ္ပနာ | ၃၂ |
| ၂။ | ဥ | ကု | ဉာ | ၂-ပါးနောင် | အပ္ပနာ | ၁၂ |
| ၃။ | သော | ကြိ | ဉာ | ၂-ပါးနောင် | အပ္ပနာ | ၈ |
| ၄။ | ဥ | ကြိ | ဉာ | ၂-ပါးနောင် | အပ္ပနာ | ၆ |

ဒွတ္တိံသ သုခ ပုညမှာအရ....
သောမနဿ တိဟိတ် မဟာကုသိုလ် ၂-ပါးနောင်-

ရူပ ပ-ဒု-တ-စ ကု-သော ........ ၄
သော ပ-ဒု-တ-စ ကု-သော ........ ၁၆
လော ပ-ဒု-တ-စ ဇဒဆံဝိ-သော ၁၂-၃၂

ဒွါဒသော ပေက္ခကာ ပရံ အရ....
ဥပေက္ခာ တိဟိတ် မဟာကုသိုလ် ၂-ပါးနောင်-

ရူပ ကုသိုလ် ပဉ္စမဈာန် ........ ၁
အရူပ ကုသိုလ် ပဉ္စမဈာန် ........ ၄
မဂ် ကုသိုလ် ပဉ္စမဈာန် ........ ၄
အောက်ဖိုလ် ၃-၏ ပဉ္စမဈာန် ........ ၃-၁၂

သုခိတ ကြိယတော အဋ္ဌ အရ ....
သောမနဿ တိဟိတ် ကြိယာ ၂-ပါးနောင်-
ရူပကြိယာ ပ-ဒု-တ-စ ........ ၄
အရဟတ္တဖိုလ် ပ-ဒု-တ-စ ........ ၄-၈

**ဆ သဒ္ဓေါတ္တိ ဥပေက္ခကာ အရ ....**
**ဥပေက္ခာ တိဟိတ် ကြိယာ ၂-ပါးနှောင်–**

ရူပ် ကြိယာ ပဥ္စမဈာန် ........ ၁
အရူပ ကြိယာ ပဥ္စမဈာန် ........ ၄
အရဟတ္တ ဖလ ပဥ္စမဈာန် ........ ၁–၆

---

**ပုထုဇ္ဇနာန သေက္ခာနံ, ကာမပုည တိဟေတုတော၊**
**တိဟေတု ကာမ ကြိယာတော, ဝီတရာဂါန မပ္ပနာ။**

တိဟိတ် ပုထုဇဉ် သေက္ခများမှာ အပ္ပနာ ၄၄-ပါး
ရဟန္တာများမှာ အပ္ပနာ ၁၄-ပါး ရနိုင်သည်၊

**မှတ်သားရန်။** ။ဒွတ္တိံသ နှင့် ဒွါဒသ ပေါင်းလျှင် ၄၄-ဖြစ်၏၊ အဋ္ဌ နှင့် ဆကို ပေါင်းလျှင် ၁၄ ဖြစ်၏၊ မဟဂ္ဂုတ်ဇော ၁၈-နှင့် လောကုတ္တရာ အကျယ် ၄၀ ပေါင်းလျှင်အပ္ပနာဇောပေါင်း ၅၈-ပါး အကျယ် ဖြစ်လာ၏၊ ဉာဏဝိပ္ပယုတ် မဟာ ကု-ကြိ ဇောနှောင်မှာ အပ္ပနာ မကျနိုင်ခြင်း၏ အကြောင်းကား

**ဉာဏရဟိတံ ဒွိဟေတုက ဇဝနံ အထိရုသဘာဝတ္တာ**
**အပ္ပနာယ အနန္တရူပ နိဿယော နဟောတိ၊**

ဉာဏ်ကင်းသော မဟာ ကု-ကြိ ဉာဏဝိပ္ပယုတ် ဇောများသည် တည်တန့် ခိုင်ခံ့သော သဘော မရှိသောကြောင့် အပ္ပနာ ဖြစ်လာနိုင်အောင် မစွမ်းဆောင် နိုင်၍ ထိုဇောများနောင် အပ္ပနာ မကျနိုင်။

**သေက္ခာနံ။** ။ သေက္ခ ၇-ယောက် ရှိသော်လည်း ဤ အရာ၌ မဂ္ဂဋ္ဌာန် ၄-ယောက်မှာ မိမိ ဆိုင်ရာ မဂ်စိတ် တပါးစီသာ ရကြ၏၊ ကျန် သေက္ခ ၃-ယောက် အတွက်သာ ဒွတ္တိံသ အရသင့်သလို အပ္ပနာ စိတ် ၃၂-ပါး ဖြစ်ကြရသည်၊

## တဒါရုမ္မဏ နိယမ

တဒါရုံ အမှတ်အသားသည် အာရုံအားဖြင့်၎င်း ဇောအားဖြင့်၎င်း အမှတ်အသား ၂-စားရ၏၊ ထို ၂-ပါးတို့အနက်

## (က) အာရုံ၌ တဒါရုံ မှတ်ပုံများ

ပဉ္စဒွါရ မနောဒွါရ အားလုံးမှာ အလိုမရှိအပ်သော မစင် ခွေးကောင်ပုပ် စသော အနိဋ္ဌာရုံ ထင်လာခဲ့သော် အကုသလ ဝိပါက်ချည်းသာ ဖြစ်ကုန်သော သန္တီရဏ နှင့် မဟာဝိပါက်များ ကျကြသည်၊

အလိုရှိအပ်သော ထမင်းအဖျော် စသော ဣဋ္ဌာရုံနှင့် ကြုံတွေ့လာခဲ့သော် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ နှင့် မဟာဝိပါက် တဒါရုံများ ဖြစ်ကြ၏၊

အလွန် အလိုရှိအပ်သော ဘုရားစသော အတိဣဋ္ဌာရုံ နှင့် ကြုံတွေ့ခဲ့သော် သောမနဿ သန္တီရဏ နှင့် မဟာ ဝိပါက် တဒါရုံများ ဖြစ်ကြ၏၊

**မှတ်သားရန်။** ။ သဘော မတိုက်ဆိုင်သော အာရုံသည် အနိဋ္ဌာရုံ မည်၏၊ မစင် ခွေးကောင်ပုပ် စသော အာရုံများကို ရ၏၊ ထို အနိဋ္ဌာရုံ ကြုံလာရခြင်းသည် မကောင်းမှု အကုသိုလ်၏ အကျိုး ဝိပါက် ဖြစ်၍ အကုသလဝိပါက် ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏတွေ ဖြစ်ရ၏၊ အတော် အသင့် သဘောနှင့် တိုက်ဆိုင်သော အဝတ် အစား ထမင်း အဖျော် စသော အာရုံသည် ဣဋ္ဌာရုံ မည်၏၊ အတိ ဣဋ္ဌာရုံကို တဆင့် သီးခြား ပြထားသဖြင့် ဣဋ္ဌာရုံ ဆိုရာ၌ ဣဋ္ဌ မဇ္ဈတ္တာရုံလောက်ကိုသာ ယူရ၏၊ အလွန် အလိုရှိအပ်သော ဘုရား တရား သံဃာ စသော အာရုံသည် အတိဣဋ္ဌာရုံ မည်၏၊ ဣဋ္ဌ အတိ ဣဋ္ဌ အာရုံများနှင့်ကြုံလျှင် ကုသလဝိပါက် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း

သန္တီရဏ မဟာဝိပါက် တဒါရုံများ ဖြစ်ကြ၏၊ သို့ရာတွင် ဣဋ္ဌာရုံ၌ ဥ-သန္တီ ဥ-တဒါရုံ ဖြစ်ရ၏၊ အတိ ဣဋ္ဌာရုံ၌ကား သော-သန္တီ သော-မဟာဝိပါက် တဒါရုံများ ဖြစ်ရ၏၊

အထူးအားဖြင့် ကံ၏ အကြောင်းကျေးဇူးကို ခံယူကာ ဖြစ်ပေါ်၍ လာကြသော ဝိပါက်စိတ်များမှာ ထူးထွေ ဆန်းကြယ်စွာ ကြံဆ၍ အာရုံကို ယူနိုင်သော စွမ်းရည် သတ္တိ မရှိသောကြောင့် မျက်နှာရိပ်ကဲ့သို့ ထင်လာသော အာရုံနှင့် အံကိုက်အောင် ဝေဒနာ ယှဉ်မှု ဖြစ်ရသည်၊ အာရုံက ဝေဒနာကို စီမံခွဲဝေ ပေးနေ၏ ဟူလို၊ ကုသိုလ် အကုသိုလ်တို့မှာ ဝိပ္ပလ္လာသ မပယ်ရသေးသော ပုထုဇဉ်တို့ သန္တာန်၌ ဖြစ်သောအခါ အလွန်လိုလားသော အတိ ဣဋ္ဌာရုံမှာလည်း ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံ အနေအားဖြင့် ဖြစ်တတ်၏၊ အနိဋ္ဌာရုံမှာလည်း ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရုံ အနေဖြင့် ယူတတ်၏၊ ထို့ကြောင့် သဒ္ဓါတရား ရှားပါး ကင်းမဲ့သော သူတို့အား ဘုရားစသော အတိဣဋ္ဌာရုံ ကြုံလာသော်လည်း ဥပေက္ခာဇော ဖြစ်တတ်၏၊ တိတ္ထိ စသူတို့မှာ ဒေါသဇောတောင် ဖြစ်တတ်သေး၏၊ နက်နဲသော သဘော ရှိသူများမှာ မစင် ခွေးကောင်ပုပ် ပိုးလောက် စသော ရွံရှာဘွယ် အာရုံနှင့် ကြုံသော်လည်း ဥပေက္ခာဇော ကျတတ်၏၊ အနိဋ္ဌာရုံ မစင် စသည်ကို မြင်သော အခါ ခွေးစသည်တို့မှာ သောမနဿ ဝေဒနာ ဇောကြ၏၊

ဣဋ္ဌာရုံ အနိဋ္ဌာရုံ ဖြစ်ပုံကို-
အလတ်တန်းစား ပုဂ္ဂိုလ်အားဖြင့်၎င်း
ဝိပါက်စိတ်အားဖြင့်၎င်း၊
ဒွါရကာလ အဆုံး စသဖြင့်၎င်း သိရ၏။

---

## (ခ) ဇောနောင် တဒါရုံ မှတ်ပုံ

**သောမနဿ ကြိယာဇော ၅-နောင်**

| | |
|---|---|
| မဟာဝိပါက် သောမနဿ တဒါရုံ | ၄ |
| သောမနဿ သန္တီရဏ တဒါရုံ | ၁-၅ |

ဥပေက္ခာ မဟာကြိယာဇော ၄-နှောင်

မဟာဝိပါက် ဥပေက္ခာ တဒါရုံ ၄
ဥပေက္ခာ သန္တီရဏ တဒါရုံ ၂-၆

ဒေါသဇော ၂-ပါးနှောင်

မဟာဝိပါက် ဥပေက္ခာ တဒါရုံ ၄
ဥပေက္ခာ သန္တီရဏ တဒါရုံ ၂-၆

ကျန်သော အကုသိုလ် ၁၁, မဟာကုသိုလ် ၈-ပါး နှောင် တဒါရုံ ၁၁-ပါးသုံး သင့်လျော်သလိုဖြစ်နိုင်၏၊

ထို့ကြောင့် သောမနဿပဋိသန္ဓေနေခဲ့သူ တိတ္ထိမှာ ဘုရားစသော အတိဣဋ္ဌာရုံကြီးကို တွေ့ကြုံပါလျက် ဒေါသဇော ကျပြီးနောင် တဒါရုံ ကျခွင့်မရှိ၊ ထို အခါ အလေ့အထ များခဲ့သော ကာမအာရုံ တခုခုကို အာရုံပြုလျက် ဥပေက္ခာ သန္တီရဏ တခုသည် အာဂန္တုက ဘဝင် အဖြစ်ဖြင့် ဖြစ်လာရ၏၊ထို စိတ်၏ အခြားမဲ့မှာ ရိုးရာဘဝင် ကျလေ၏ ဟု ဆရာများ မိန့်ကြ၏။

မှတ်သားရန် ။ ။ မဟာကြိယာ သောမနဿ ဇော ၄-ပါး နှင့် ဟသိတုပ္ပါဒ် ၁ ၌ ငါးပါးကို သောမနဿ သဟဂုတ်ဇော ၅-ပါးအရ ယူ၊ ရဟန္တာများမှာ ဝိပ္ပလ္လာသ ကင်းပြီးသောကြောင့် အာရုံအားလျော်စွာ ကြိယာဇောများ ကျရလေသည်။

အာရုံ နှင့် တဒါရုံ။ ။ သောမနဿ နှင့် ပဋိသန္ဓေ နေခဲ့သူ မိစ္ဆာဒိဋ္ဌိ တဦးသည် ဘုရားဟူသော အတိဣဋ္ဌာရုံ နှင့် ကြုံကြိုက်၍ နေပါလျက် ဒေါသဇော ကျသည် ဆိုကြပါစို့၊

ဒေါသဇောနှောင် ဥ-တဒါရုံသာ ကျ၍ သော-တဒါရုံ မကျနိုင်၊
အတိဣဋ္ဌာရုံ၌ သော-တဒါရုံသာ ကျ၍ ဥ-တဒါရုံ မကျနိုင်
ဒေါသဇောနှောင် မူလ သောမနဿ ဘဝင် မကျနိုင်၊

ဤသို့ ဇောအာရုံ နှင့် မူလဘဝင်တို့သည် သုံးဦး သုံးဖလယ် အချိုးမတဲ့ ဖြစ်နေသောကြောင့် ဒေါသဇောနောင် ဥ-တဒါရုံ ကျသင့်သော်လည်း အတိဣဋ္ဌာရုံကြီး ဖြစ်နေ၍ သော-တဒါရုံ ကျသင့်နေပြန်၏၊ ဒေါသဇောနောင် မှာလည်း မူလ သောမနဿ ဘဝင်မကျနိုင် ရှိနေပြန်၍ အဆင်ပြေအောင် အလေ့အထ အသုံးပြု များခဲ့သော ကာမ အာရုံ တခုခုကို အာရုံပြုလျက် ဥပေက္ခာ သန္တီရဏတခုခုသည်အာဂန္တုက ဘဝင်ကိစ္စ တပ်ကာ ဖြစ်လာရ၏၊ ထို အာဂန္တုက ဘဝင်၏ အခြားမဲ့၌ မူလ ဘဝင် ကျသွားတော့၏၊အကုရ္ခင်္ဂကာ၌ မဟာဝိပါက် ဥပေက္ခာ ၄-ပါးကိုပါ အာဂန္တုက ဘဝင် အဖြစ် ယူ၏အရေးပေါ် ဘဝင် ၆ ပါးရ၏ဟူလို။

အထူးအားဖြင့် ဤ အာဂန္တုက ဘဝင်သည် ဇော၏ အာရုံကို မယူနိုင်သောကြောင့် တဒါရုံကိစ္စမတပ်နိုင်၊ အာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းယူပေးအပ်သော အာရုံကို အာရုံ မပြုသောကြောင့် သန္တီရဏကိစ္စလည်း မတပ်နိုင်၊ မူလဘဝင် စုတိ ပဋိသန္ဓေ ကိစ္စ တပ်၍လည်း မဖြစ်နိုင်၊ ယာယီအရေးပေါ် ဘဝင်ကိစ္စကိုသာ ဆောင်ရွက်နိုင်သည်၊

ရင်း အာဂန္တုက ဘဝင်၆-ခု၏ အာရုံသည်ရင်း·
မဂ္ဂ ဝီထိ၌ ဂေါတြဘု နှင့် ဝေါဒါန်၏အာရုံသည်ရင်း
ဖလသမာပတ္တိ ဝီထိအခါ၌ ဖိုလ်ဇော၏အာရုံသည်ရင်း
နိရောဓ သမာပတ်မှ ထသောအခါ ဇောသော
ဖိုလ်ဇော ၂-ပါး၏ အာရုံသည်ရင်း အာဝဇ္ဇန်း စုံစမ်းပေးသော အာရုံမဟုတ်၊ အာဝဇ္ဇန်း ကင်းသော အာရုံသစ်ကို အာရုံပြုကြသည်၊ အာဝဇ္ဇန်းကင်း၍ အာရုံယူသော စိတ်များကို သေချာစွာ မှတ်ကြလေ၊

နိရာဝဇ္ဇံ ကထံ စိတ္တံ, ဟောတိ နေတံ ဟိ သမ္ဘဝံ၊
နဝယမောက ဝိနာဝဇ္ဇံ, နိရောဓ ဖလ ဒဿနာ။

နိရာဝဇ္ဇံ-အာဝဇ္ဇန်း ကင်းသော၊ စိတ္တံ-စိတ်သည်၊ ကထံ ဟောတိ-အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်း၊ ဟိ-မှန်၏-ဧတံ-ဤအာဝဇ္ဇန်း ကင်း၍ ဖြစ်သော စိတ်ကို၊ န သမ္ဘဝံ-ထင်ရှား ဖြစ်သားစွာ မသိအပ်သည် မဟုတ်ပါလော၊ ဣတိ-ဤကား မေးခွန်းတည်း၊ ဝိနာဝဇ္ဇံ-အာဝဇ္ဇန်း

ကင်းလျက်၊နိရောဓ ဖလဒဿနာ–နိရောဓ သမာပတ်နောင်ဖိုလ်ဇော ကျပုံကို ပြထားသောကြောင့်၊ နိယမော–အာဝဇ္ဇန်း ရှိမှ ဖြစ်ရမည်၊ အာဝဇ္ဇန်း ကင်း၍ မဖြစ်ကောင်းဟူသော မှတ်တမ်းကို၊န ကာတဗ္ဗော–မပြုအပ်၊ ဣတိ–ဤကား အဖြေတည်း၊

**အာရုံတူ** ပ–ဘ–စု သုံးပါးသည် အာရုံတူရမြဲ ဟူသော မှတ်တမ်းကို ဖြစ်ရိုးဖြစ်စဉ် ပ–ဘ–စု သုံးပါးကိုသာ ရည်ရွယ်၍ ယေဘုယျအားဖြင့် ဆိုထားခြင်း ဖြစ်၏၊ ဤအာဂန္တုကဘဝင်ထူးသည် ရိုးရာ ပ–ဘ–စုတို့၏ ယူနေကြ အာရုံသုံးမျိုးမဟုတ်ဘဲ အလေ့အထများခဲ့သော ကာမအာရုံ တခုခုကို အာရုံပြုလေသည်၊ ထို အာရုံသည်လည်း အာဝဇ္ဇန်း ကင်းသော အာရုံ ဖြစ်၏။

———

ထို့တူ ကာမဇောနောင် ကာမ သတ္တဝါတို့အား ကာမအာရုံတို့၌သာ တဒါရုံကို လိုလားကုန်၏။

**ကာမေ ဇဝန သတ္တာ, လမ္ဗဏာနံ့ နိယမေ သတိ၊**
**ဝိဘူတေ တိမဟန္တေ စ, တဒါရမ္မဏ မီရိတံ။**

ကာမေ–ကာမဘုံ၌၊ ဇဝန သတ္တာ လမ္ဗဏာနံ–ကာမဇော ကာမ သတ္တဝါ ကာမအာရုံတို့၏၊နိယမေ–အမှတ်အသားသည်၊ ဝါ–အင်္ဂါ လက္ခဏာ ၃–ပါးသည်၊ သတိ–ပြည့်ပြည့်စုံစုံ ဖြစ်ခဲ့သော်၊ဝိဘူတေ စ–ဝိဘူတာရုံမှာ ဖြစ်စေ၊ အတိမဟန္တေ စ–အတိမဟန္တာရုံမှာ ဖြစ်စေ၊ တဒါရမ္မဏံ–တဒါရုံကို၊ ဤရိတံ–အလို၍အပ်၏။

**မှတ်သားရန်။** ။ ဝိဘူတေ အတိမဟန္တေစဟူသော ၂–ပုဒ်ကား တဒါရုံ ဖြစ်ရာ ဝိထိကို ကန့်သပ် ပြခြင်းဖြစ်၍ အင်္ဂါလက္ခဏာ မဟုတ်၊ ကာမဇော ကာမသတ္တဝါ ကာမအာရုံ ဤအင်္ဂါ ၃–ပါးသာလျှင် တဒါရုံ ဖြစ်ကြောင်း လက္ခဏာ မည်၏။

**ကာမ ဇောနောင်မှာသာ ဘာ့ကြောင့် တဒါရုံ ကျပါသလဲ၊**

တဒါရုံ ဝိပါက်သည် ကာမတဏှာကို အကြောင်းခံကာ ဖြစ်လာ

ရသောကြောင့် ကာမ ဇောနောင်မှာသာ တဒါရုံကျ၍ပါသည်၊ မျိုးနွယ်တူ၍ ကြောင်း-ကျိုး ဆက်နေသောကြောင့် ဟူလို။

**မဟဂ္ဂုတ် လောကုတ္တရာ ဇောနောင်မှာ ဘာ့ကြောင့် တဒါရုံ မကျပါသနည်း၊**

ကာမတဏှာလျှင် အကြောင်းရင်းရှိနေသော ကာမကံ မိခင်က မွေးထုတ်လိုက်သော ကာမဝိပါက် တဒါရုံကို မဟဂ္ဂုတ် ကံက မဖြစ်ထွန်းစေနိုင်သောကြောင့် ၎င်းဇောနောင် တဒါရုံ မကျပါ၊ ကာမဇောနှင့် မဟဂ္ဂုတ် ဇောများမှာ မျိုးဇာတ်ချင်း မတူသောကြောင့် မဟဂ္ဂုတ်ဇောနောင် တဒါရုံ မကျ ဟူ၍လည်း မှတ်လေ၊

ဥပမာ–ဒိဗ်အပြင် ထွက်လိုသော သူငယ်သည် မိဘကို ဖြစ်စေ, မိဘနှင့် တူသူကို ဖြစ်စေ လက်ကို ဆွဲကိုင်၍ နောက်ကလိုက်ပြီး တခြားသူ၏ နောက်သို့ မလိုက်ကဲ့သို့ တဒါရုံသည် မိဘဖြစ်သော ကာမကံနှင့်မိဘလို ကာဇာတ်ချင်း တူသောကာမကြိယာဇောနောင် မှာသာ ကျလေသည်၊ မဆိ မဆိုင်လှသော မဟဂ္ဂုတ် အပ္ပနာဇော နောင်မှာ တဒါရုံ ကျနိုင်ခွင့်မရှိ ဟူ၏။

**တဒါရုံသည် ကာမ သတ္တဝါ များမှာသာ ကျနိုင်ပြီး ဗြဟ္မာများ သန္တာန်မှာ ဘာ့ကြောင့် မကျပါသနည်း၊**

ဗြဟ္မာများ သန္တာန်မှာ တဒါရုံ ကာမဝိပါက်များ ဖြစ်လာနိုင်လောက်အောင် ကျေးဇူး ပြုပေးနိုင်သော ကာမမျိုးစေ့ မရှိသောကြောင့် ဗြဟ္မာများမှာတဒါရုံ မကျနိုင်ဘဲ ကာမအိုးကြီး ကာမမျိုးခင်းကြီးဖြစ်သော ကာမ သတ္တဝါများ မှာသာ တဒါရုံ ကျနိုင်၏။

**ဘာ့ကြောင့် ကာမအာရုံ၌သာ တဒါရုံ ကျ၍ မဟဂ္ဂုတ် လောကုတ် အာရုံ၌ မကျပါသနည်း။**

တဒါရုံသည် ထို မဟဂ္ဂုတ် လောကုတ္တရာ အာရုံများကို အာရုံပြုနေကျ အလေ့အထ မရှိသောကြောင့် ထို အာရုံများ၌ တဒါရုံ မကျနိုင်ပါ၊ မိမိ လေ့လာ ကျက်စားနေကျ ဖြစ်၍ လက်လယ်ပြီးသား ကာမအာရုံ၌သာ တဒါရုံ ဖြစ်နိုင်သည်။

ဥပမာ-သူငယ်သည် မိဘနောက်သို့ လက်ဆွဲ လိုက်သော်လည်း သွားနေကြ လာနေကျ အိမ်နှင့် အိမ်ဥပစာ အတွင်းလောက်သာ လိုက်၍ မသွားမရောက်ဘူးသေးသောတောတောင် သမုဒ္ဒရာစသော အရပ် ဒေသများသို့ မလိုက်သကဲ့သို့ ရူပ အရူပ လောကုတ္တရာကို အာရုံပြုကာ ဖြစ်ကြသော ကာမ ဇောနောင်မှာ တဒါရုံ မကျနိုင်ပါ၊ တနည်း-ကာမ တဏှာနှင့် ဆက်စပ်နေသော ကာမကံသည် ဖြစ်စေ အပ်သောကြောင့် တဒါရုံသည် ကာမ အာရုံ၌သာဖြစ်ရ၏ ဟူ၍လည်း မှတ်လေ။

**ဇနကကံ မဟုတ်၍ အပ္ပနာဇောနောင်တဒါရုံမကျ၊**

**ကာမမျိုးစေ့ မရှိ၍ ဗြဟ္မာများမှာတဒါရုံမကျ၊**

**ရူပစသောအာရုံများကို တခါမှ အာရုံ မပြုခဲ့သောကြောင့်**

**ထို အာရုံ များနောင် တဒါရုံ မကျပေ။**

ဗြဟ္မာများတွင် ကာမဗီဇ မရှိ၍ တဒါရုံကို မဖြစ်စေနိုင်လျှင် စက္ခုဝိညာဏ်စသည်ကိုလည်းမဖြစ်စေသင့်သည်မဟုတ်ပါလော

ရုပ်ကို ဖြစ်စေနိုင်သော ကံ၏ စွမ်းရည် သတ္တိကြောင့်၎င်း ဒွါရဝိထိ အပြား၌ စိတ္တနိယမ အစွမ်းကြောင့်၎င်း စက္ခုဝိညာဏ် စသော ကာမ ဝိပါက်များ ဖြစ်ခွင့် ရကြပါသည်။

တဒါရုမ္မဏ နိယမ ပြီး

---

## ဇဝန နိယမ

ကာမဇော ဝါရ၌ ကာမ ဇောတို့သည် ၇-ကြိမ် သို့မဟုတ် ၆-ကြိမ် ဇောတတ်ကြကုန်၏။

အားနည်းလှသော မရဏာသန္န အခါ စသည်တို့၌ ၅-ကြိမ် သာလျှင် ဇောကြ၏၊ ဘုရားများ၏ ယမက ပါဋိဟာရိယ တန်ခိုးတော်ကို ပြရာ စသော အခါများ၌ကား

လျင်မြန်ခွာ ဖြစ်ခြင်းကြောင့် ပဋ္ဌာဝကျယာ ဇောများသည် ၄-ကြိမ်ဖြစ်စေ ၅-ကြိမ်ဖြစ်စေ စော၏ ဟု မိန့်ကြ၏

**မှတ်သားရန်။** ။ ကာမဇောတို့သည် အားအရှိဆုံး ဖြစ်လျှင် ၇-ကြိမ်, အားနဲ့လျှင် ပကတိ ရှိုးရာအခါမှာပင် ၆-ကြိမ် စော၏၊ ဝေ-သဒ္ဒါဖြင့် ကာမ ဇောများ ၇-ကြိမ်ထက် အလွန် ဖြစ်ခြင်းကို တားမြစ်၏။

**မန္ဒပဝတ္တိ။** ။ သေခါနီးမှာ ဟဒယဝတ္ထု ဟူသော ကမ္မဇရုပ်သည် အားနဲ့လာကြသဖြင့် သုဉ္ဓ မှိသော မရဏာသန္န ဇောသည်လည်း အားနဲ့လာသောကြောင့် ၅ကြိမ်သာ စောတော့၏၊ မရဏကာလာဒီသုဉ္ဓ အာဒိဖြင့် တွေ့ဝေ မိန်းမောသော အခါကိုယူ၊ ဘဂဝတော ပန စသော စကားကို ထောက်ဆကာ လျင်မြန်လှ သဖြင့်ဘုရား ရဟန္တာများ၏ ၄-ကြိမ် ၅ကြိမ် စောင်း ကိုလည်း ယူကြသေး၏ ဤသို့ ဝတ္ထုဒုဗ္ဗလဖြစ်နေသော မရဏာသန္နအခါ ဒုဗ္ဗလ အခါများမှာ ဆင့်ခါရိက ဝိထိ များသည် ဝုဋ္ဌောချည်းသာ ၂-ကြိမ် ၃-ကြိမ်လောက် ဖြစ်ရုံနှင့် ကိစ္စပြီးရသည်လည်း ရှိသေး၏ ဟု အဋ္ဌ ကထာ၌ မိန့်၏၊ မရဏာသန္နအခါ ဝေါဋ္ဌဗ္ဗန ဝါရ ဝိထိလည်း ရှိ၏ ဟူလို၊ မူလဋီကာ၌ မရဏာသန္န အခါ ဇောများ ၄-ကြိမ် ၅-ကြိမ် စော၏ ဟု မိန့်ကြသေး၏၊

---

အာဒိကမ္မိက ပုဂ္ဂိုလ်အား ပဌမ အပ္ပနာဇော စောရာ၌ မဟဂ္ဂုတ် ဇောများသည် တကြိမ်စီသာ စောကြ၏၊ အဘိညာဏ် ဇောများကား ဘယ်ခါမဆို တကြိမ်စီသာ စော၏၊ ထို့နောင် ဘဝင်ကျ၏။

**မှတ်သားရန်။** ။ အစဆုံး ကမ္မဋ္ဌာန်း စီးဖြန်းမှု၌ အားထုတ် လုပ်ကိုင်နေသော သူသည် အာဒိကမ္မိက ပုဂ္ဂိုလ် မည်၏၊ ဤ ပုဂ္ဂိုလ်

များမှာ မရဘူးသေးသော ရှာန် မင် ဖိုလ်တရားတို့ကို အစဆုံး ရစ ဖြစ်၍ အားနဲလှ (မလယ် မပယ်လှ)သေးသောကြောင့် အာဒိကမ္မိက ပုဂ္ဂိုလ်အား ရစ ဇောသည် တကြိမ်သာဖြစ်ရ၏၊ သမာပတ္တိဝင်စားရာ အခါ၌ကား တနေ့လုံး တညလုံး ထိအောင်တောင် ဇောနိုင်သည်။

အဘိညာဏ် ဇောများကား ရခါစ အာဒိကမ္မိက အခါမှာ ဖြစ်စေ, အလေ့အလ ပြုရာ ဝသီကရဏ အခါမှာ ဖြစ်စေ တကြိမ် ဖြစ်ရုံနှင့် ဣဒ္ဓိဝိကုဗ္ဗန ကိစ္စကြီးမှာ ပြီးမြောက် သွားသောကြောင့် အကြိမ်ကြိမ် ထပ်၍ ဖြစ်ဘွယ် မလိုချေ၊ ထို့ကြောင့် အဘိညာဏ် ဇောမှာ သဗ္ဗဒါ ဘယ်အခါမဆို အခါခပ်သိမ်း တကြိမ်သာ ဖြစ်ထုံး ရှိရ၏၊ ဤသို့ အဘိညာဏ် ဇောမှာတကြိမ်သာ ဖြစ်ရသဖြင့် အာသေဝန ပစ္စည်းမရ၍ အားနဲလှသောကြောင့် ပဋိသန္ဓေကျိုးကို မပေး ဟု ကျမ်းဂန်များ၌ မိန့်ကြ၏၊ လယ်တီ ဆရာတော်ကား အလွန် ကြီးလေးသော ဣဒ္ဓိဝိကုဗ္ဗန ကိစ္စကြီးကို မီးကုန် ယမ်းကုန် အစွမ်းဟုန် ရှိသမျှ ဆောင်ရွက်လိုက်ရသောကြောင့် ပဋိသန္ဓေကျိုး ပေးနိုင်သော အားအင်သတ္တိ ကုန်ခမ်းသွား၍ ပဋိသန္ဓေကျိုးကို မပေး ဟု မိန့်တော်မူ၏၊ အဘိညာဏ် ကံသည် ထူးသော ဉာဏ်အမြင်ဖြင့် ထူးသော လုပ်ငန်း ကိစ္စကြီးကို ဆောင်ရွက်မှုဖြစ်သောကြောင့် ပဋိသန္ဓေကျိုးကို မပေးသည် ဟု ယူဆနိုင်သေး၏၊ မှန်၏–လူနတ် စည်းစိမ် ဗြဟ္မာ စည်းစိမ်တို့ကို ချိန်ရွယ်ပြီး ကာမ ရူပ အရူပ ကံများကို ပြုကြ၏၊ အဘိညာဏ် ကံကို ပြုရာ၌ကား ဤလို ဘဝတဏှာဖြင့် တောင့်တ ရည်ရွယ်ချက် မရှိကြောင်း ထင်ရှားလှ၏၊ မူလ ဋီကာ အလိုအားဖြင့် အဘိညာဏ်သည် နေဝသညာ ဇော၏၊ အကျိုးအရာ၌ တည်နေ သောကြောင့် အကျိုးမပေးဟု မိန့်၏။

---

မဂ်ဖိုလ် ၄–ပါးတို့၏ ဖြစ်မှုမှာ ဓိတ္တက္ခဏ တကြိမ် စီသာ ဖြစ်၏၊ ထို့နောင် ဖိုလ်ဇော ၂–ကြိမ်သော်၎င်း ၃–ကြိမ်သော်၎င်း ထိုက်သလို ဖြစ်ပြီးနောင် ဘဝင်ကျ၏။

**မဂ္ဂုပ္ပါဒါ။** ။ ဥပ္ပန္နန္တိ ဥပ္ပါဒါ၊ မဂ္ဂါယေဝ ဥပ္ပါဒါ မဂ္ဂုပ္ပါဒါ၊ ဖြစ်သော မဂ်စိတ် ရ၏။ ယထာရဟာ အရ တိက္ခ ပုဂ္ဂိုလ်အား စတုတ္ထမြောက် ကျသော မဂ်နောင် ဖိုလ်ဇော ၃-ကြိမ်ကျ၏၊ မန္ဒ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ကျသော မဂ်နောင် ဖိုလ်ဇော ၂-ကြိမ် ကျ၏၊ မန္ဒအား ၂-ကြိမ်, တိက္ခအား ၃-ကြိမ် စော၏ ဟူလို။

---

နိရောဓ သမာပတ် ဝင်စားရာ အခါ၌ စတုတ္ထာရုပ္ပ ဇောသည် ၂-ကြိမ် ဖြစ်ပြီးနောင် စိတ်စေတသိက် စိတ္တဇ ရုပ်များ ချုပ်သွား၏၊ နိရောဓ သမာပတ်မှ ထသော အခါ အနာဂါမိဖိုလ် သို့မဟုတ် အရဟတ္တဖိုလ် ဇောသည် ထိုက်သလို ကြိမ် စောပြီးနောင် ဘဝင် ကျလေ၏။

**နိရောဓ သမာပတ္တိကာလ။** ။ ချုပ်နေဆဲ အခါမဟုတ်၊ ထို မချုပ်မီ ရှေ့နားက ကပ်နေသော အချိန်ကိုယူ၊ လောကီ ချမ်းသာကို ခံစားခြင်း အကျိုးငှါ သမာပတ် ၈-ပါး ရပြီး၍ သမာဓိဓာတ်ခံ အရင့်သံ အခိုင်ခံ့ဆုံး ဖြစ်ကြသော အနာဂါမ် နှင့် ရဟန္တာများသာ ဝင်စားတော် မူနိုင်ကြသည်၊ သောတာပန် နှင့် သကဒါဂါမ်များ သမာဓိဓာတ်ခံ နုနယ်ကြသေး၍ ဤသို့ချုပ်သွားအောင် မစွမ်းနိုင်ကြ သောကြောင့် ဤသမာပတ်ကို မဝင်စားနိုင်ကြကုန်။

**ယထာရဟံ။** ။ အနာဂါမ်အားကုသိုလ် နေဝသညာ နာသညာ ယတနဇော နှင့် အနာဂါမိ ဖိုလ်ဇော ကျ၏၊ ရဟန္တာအား ကြိယာ နေဝသညာ နာသညာယတန ဇောနှင့် အရဟတ္တဖိုလ်ဇော ကျ၏၊ ဤသို့ ထိုက်သလို ဖြစ်ပုံကို ယူ၊ အနာဂါမိ ဖလံ=အနာဂါမိဖလေ-အနာဂါမိ ဖိုလ်ဇောသည်၊ နိရုဒ္ဓေ-ချုပ်ပြီးသည် ရှိသော် ဟု လက္ခဏ လက္ခဏဝန္တ အနက်ပေး။

အားလုံးသော ဈာနသမာပတ္တိ ဝီထိ ဖလသမာပတ္တိ ဝီထိများ၌ ဘဝင် အလျဉ် ကဲ့သို့ ဝီထိအကြိမ် အမှတ် အသား အရေအတွက် မရှိ၊ ထို့ကြောင့် ဝီထိပေါင်း မြောက်များစွာတို့ကို အလိုရှိအပ်ကုန်၏ ဟု မှတ်လေ။

**သဒ္ဒထာပိ။ ။** ဈာနသမာပတ္တိ နှင့် ဖလသမာပတ္တိ ၂-ပါးကို သဒ္ဒထာ အရယူ၊ နိရောဓ သမာပတ်၌ကား ဇောမကျဘဲ စိတ် စေတသိက် ရုပ်များ ချုပ်နေပုံကို သတိပြု၊ နိရောဓ သမာပတ်ကား အချုပ် ဖြစ်၍ တသော အခါမှ ဇောစိတ်ပေါ်လာ၏၊ ဈာနသမာပတ္တိ နှင့် ဖလ သမာပတ္တိ ဝင်စားရာ အချိန်မှာ ဈာန်ဇော ဖိုလ်ဇောများသည် တသွင်သွင် တဖွါးဖွါး ဖြစ်ပေါ်နေ၏၊ ထသောအခါ ထို ဇောများ ချုပ်ပျောက် သွားရ၏၊ အပိ-သဒ္ဒါဖြင့် အစိတ်စိတ် သမာပတ်ကို ပေါင်းဆည်းသည်။

---

**သတ္တက္ခတ္တုံ ပရိတ္တာနိ, မဂ္ဂ ဘိညာ သကိံ မတာ၊**
**အဝသေသာနိ လဗ္ဘန္တိ, ဇဝနာနိ ဗဟူနိ ပိ။**

ပရိတ္တာနိ-ကာမ ဇောတို့ကို၊ သတ္တက္ခတ္တုံ- အများဆုံး ၇-ကြိမ်၊ မတာနိ-သိအပ်ကုန်၏၊ မဂ္ဂဘိညာ-မဂ်ဇော အဘိညာဏ် ဇောတို့ကို၊ သကိံ-တကြိမ်စီ၊မတာ-သိအပ် ကုန်၏၊ အဝသေသာနိ ဇဝနာနိ-မဂ်ဇော အဘိညာဏ် ဇောမှ ကြွင်းကုန်သော မဟဂ္ဂုတ် လောကုတ္တရာ ဇော တို့ကို၊ ဗဟူနိ ပိ-အကြိမ် များစွာတို့ကိုလည်း၊ လဗ္ဘန္တိ- ရအပ်ကုန်၏။

**မှတ်သားရန်။ ။** သတ္တက္ခတ္တုံ ဆိုသည်မှာ အများဆုံး အဖြစ် နိုင်ဆုံးကို ဆိုထားခြင်း ဖြစ်၏၊ ၄-၅-၆ ကြိမ်လည်း စောသေး၏၊ ဈာန ဖလ သမာပတ်များကို နေ့ရက်များစွာ ဆက်လက် ဝင်စားနိုင်

သောကြောင့် ဇဝနာနိဗဟူနိပိ ဟု ဆိုထားသည်၊ ဤ၌ အပိ- သဒ္ဒါဖြင့် အာဒိကမ္မိက ဇောတကြိမ် မဂ်နောင် ဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ် နိရောဓ သမာပတ်မှ ထရာအခါ အနာဂါမိ ဖိုလ်ဇော အရဟတ္တဖိုလ်ဇောများ တကြိမ်စီ အနဲငယ်လည်း ဇောသေး၏၊ အမြဲတန်း ဗဟူနိ မဟုတ် ဟု ပြ၏၊ ဗဟူနိပိ-များတာလည်းရှိ,နဲ တာလည်းရှိ သေး၏ ဟူလို။

---

## ဇော အကြိမ်မှတ်ပုံ

ကာမ ဇောတို့သည် အများအားဖြင့် ........ ၇-ကြိမ်
မိန်းမော တွေဝေသော အခါများ၌ ........ ၆-ကြိမ်
ဝတ္ထုဒုဗ္ဗလ ဖြစ်သော သေခါနီးမှာ ........ ၅-ကြိမ်
ဘုရားရှင် တန်ခိုး ပြသော အခါ ........ ၄-၅-ကြိမ်
(ဘုရားရှင်အား ၄-ကြိမ်, သာရိပုတ္တရာ စသည်အား ၅-ကြိမ်)

ပရိကံ စသည် ကိစ္စတပ်ရာ အခါ ........ ၃-၄-ကြိမ်
မဟဂ္ဂုတ်ဇောများ အစဆုံး ဖြစ်ခါစမှာ ........ ၁-ကြိမ်
အဘိညာဏ် ဇောများ အမြဲတန်း ........ ၁-ကြိမ်
နိရောဓ သမာပတ်၏ ရှေ့အဘို့မှာ ........ ၂-ကြိမ်
ဈာန သမာပတ် ဝင်စားရာ အခါမှာ အကြိမ်များစွာ

မဂ္ဂါနန္တရ ဖိုလ်ဇောများသည် ........ ၂-၃-ကြိမ်
မဂ်ဇော ၄-ပါးတို့သည် ........ ၁-ကြိမ်
ဖလသမာပတ် ဝင်စားရာ အခါမှာ အကြိမ်များစွာ
နိရောဓ သမာပတ်မှ ထသောအခါ ........ ၁-ကြိမ်

ဤသို့ အကြောင်းအားလျော်စွာ ဇောကြသည်။

## အချုပ် မှတ်ပုံ

| | | | |
|---|---|---|---|
| ၁—ကြိမ်သာ | စောသော | စော | ၄-ဌာန |
| ၂—ကြိမ်သာ | စောသော | စော | ၁-ဌာန |
| ၂—၃-ကြိမ်သာ | စောသော | စော | ၁-ဌာန |
| ၃—၄—ကြိမ်သာ | စောသော | စော | ၂-ဌာန |
| ၅—ကြိမ်သာ | စောသော | စော | ၁-ဌာန |
| ၄—၅—ကြိမ်သာ | စောသော | စော | ၂-ဌာန |
| ၆—ကြိမ် ၁-ဌာန, | ၇-ကြိမ် | | ၁-ဌာန |

ဇဝန နိယမ ပြီးပြီး

---

## ပုဂ္ဂိုလ် အပြား

ဒု-သု-ဒွိ-ဟိ၊ ဌ အရိ၊ ပေါင်းဘိ ဒွါဒသာ၊
အပါယ် ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိ တယောက်သာ၊
လူ မဟာရာဇ်၊ ဘုံ နှစ်ဆစ်၊ ကြည့်ပစ် ဒုဂ္ဂတာ၊
ဒု-သု မဝင်၊ တကျိပ်လျှင်၊ ထက်ခွင် ငါးဘုံမှာ၊
တိဟိတ်အရိယံ၊ ကိုးယောက်စုံ၊ ဆယ်တန် ဗြဟ္မရွာ၊
သုဂတိ တစ်၊ ရဝိ လစ်၊ ရုပ် ပစ် အသညာ၊
အနာဂါမ်၊ ဖိုလ် စဘိ၊ ၄၏ သုဒ္ဓမှာ၊
မဂ်သောတ ဖျောက်၊ တိဟိတ်လှောက်၊ ရှစ်ယောက်အရုပ္ပါ။

ဒွိဟိတ် နှင့် တိဟိတ် ပုဂ္ဂိုလ်တို့အား ကာမ ကြိယာ ဇော နှင့် အဘိညာဇောများကို မရကြကုန်၊

ထို့အတူ သုဂတိ အဟိတ်အား ဉာဏ သမ္ပယုတ် မဟာဝိပါက်တို့ကိုရင်း ဒုဂ္ဂတိ အဟိတ်အား မဟာဝိပါက်အားလုံးတို့ကိုရင်း မရကုန်၊

**မှတ်သားရန်။** ။ အလောဘ အဒေါသ ဟိတ် ၂ - ပါး နှင့် ယှဉ်သော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးတို့ အနက် တပါး ပါးဖြင့် ပဋိသန္ဓေ နေခဲ့သူသည် ဒွိဟိတ် ပုဂ္ဂိုလ် မည်၏၊ သူ၏ ပဋိသန္ဓေ စိတ်မှာ ဟိတ် ၂-ပါး ယှဉ်၍ ဒွိဟိတ် မည်၏ ဟူလို၊ ဟိတ်နှင့် လုံးဝ မယှဉ်သော အဟိတ် ပဋိသန္ဓေ ဥပေက္ခာ သန္တီရဏ ၂-ပါး တို့အနက် တပါးပါးဖြင့် ပဋိသန္ဓေ နေခဲ့သော သူသည် အဟိတ် ပုဂ္ဂိုလ် မည်၏၊ ၎င်းအရာ၌ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏနှင့် ပဋိသန္ဓေ နေခဲ့သူသည် သုဂတိ အဟိတ် ပုဂ္ဂိုလ် မည်၏၊ ၎င်း ပုဂ္ဂိုလ် စားကို လူ့ဘုံ နှင့် စတုမဟာရာဇ် ၂-ဘုံ၌သာ ရကောင်း၏၊ အကု သလ ဝိပါက သန္တီရဏနှင့် ပဋိသန္ဓေ နေခဲ့သူသည် ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ် မည်၏၊ အပါယ် ဘုံသား အားလုံးသည် ၎င်းစိတ် တမျိုး တည်း ဖြင့်သာ ပဋိသန္ဓေ နေကြရ၏၊ အသညသတ် ဘုံမှာ ပဋိသန္ဓေ အစွမ်းဖြင့် ဖြစ်သော ဇီဝိတ နဝက ကလာပ် ရုပ်သည်လည်း သုဂတိ အဟိတ် ပဋိသန္ဓေ မည်သေး၏၊ ပုဂ္ဂိုလ်ကိုလည်း သုဂတိ အဟိတ် ပုဂ္ဂိုလ် ဟုခေါ်၏၊ ဉာဏသမ္ပယုတ် မဟာ ဝိပါက်စိတ် ၄-ပါးတို့ အနက် တပါးပါးဖြင့် ပဋိသန္ဓေ နေခဲ့သူသည် ဟိတ် ၃ -ပါး နှင့် ယှဉ်သော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူ ဖြစ်သောကြောင့် တိဟိတ် ပုဂ္ဂိုလ် မည်သည်၊ ဘုရားမြတ်သည် သောမနဿ ဉာဏ သမ္ပယုတ် အသင်္ခါရိက စိတ်ဖြင့် ပဋိသန္ဓေ နေတော်မူခဲ့၏၊ ပဋိသန္ဓေ နေစဉ်က ဉာဏ်ယှဉ်ကာ ပါလာသောကြောင့် ၎င်း တိဟိတ် ပဋိသန္ဓေ နေခဲ့သူမှ သာ ဈာန် မဂ် ဖိုလ် တရားများကို ရနိုင် ပေသည်၊ ကာမ အရိယာများသည်လည်း ၎င်း ဉာဏသမ္ပယုတ် မဟာဝိပါက် ၄-ပါး တို့အနက် တမျိုးမျိုးဖြင့် ပဋိသန္ဓေ နေခဲ့သော တိဟိတ် ပုဂ္ဂိုလ်တွေ ချည်းသာ ဖြစ်ကြသည်၊ ထို့ကြောင့် မဂ္ဂဋ္ဌာန် ၄, ဖလဋ္ဌာန် ၄, ပုထုဇဉ် တိဟိတ် ၁-အားဖြင့် တိ-ဟိတ် ၉-ယောက် ရှိလေသည်။

ဒွိဟိတ် ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေ ဝိပါက်ကိုက ဉာဏ်မပါသဖြင့် ထို ပဋိသန္ဓေ ဝိပါက်က တားမြစ် ထားသောကြောင့် အပ္ပနာဇော တို့ကို မရနိုင်၊အပ္ပနာ ဇောကို မရသောကြောင့်လည်း ရဟန္တာ မဖြစ်နိုင်၍ ကြိယာ ဇောများ ကိုပါ မရတော့ပေ၊ ပဋိသန္ဓေဉာဏ်

မပါလာသောကြောင့် အပ္ပနာပေါက်အောင် အားမထုတ်နိုင်၊ အပ္ပနာ မပေါက် မဂ် – ဖိုလ် မရောက်နိုင် သောကြောင့်လည်း (ရဟန္တာ အစေ်မနံ၍) ကြိယာ ဇောများကိုပါ မရကြပြီဟူ၏။

အဟိတ် ပုဂ္ဂိုလ်အား အထူးထူးသော ကံ၏ အစွမ်းကြောင့် ဉာဏဝိပ္ပယုတ် တဒါရုံ ကျနိုင်သည်၊ ဋ္ဌကထာများမှာ ပြောဘွယ်မလို၊ ထို အဟိတ် ပုဂ္ဂိုလ် ၂–မျိုး၏ ပဋိသန္ဓေ ဝိညာဏ်မှာ ဉာဏ်မပါသောကြောင့် ဉာဏသမ္ပယုတ် တဒါရုံကို ထိုပုဂ္ဂိုလ်များ မရကြ။

ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဝါ–ပုဂ္ဂိုလ်နှင့် စပ်သောအားဖြင့်စိတ် ဖြစ်ပုံ အထူးအပြားကို ပြသော စကားရပ်သည် ပုဂ္ဂလဘေဒ မည်၏။

---

တိဟိတ် ကိုးယောက်တို့ အနက် ရဟန္တာများမှာ ကုသိုလ် အကုသိုလ် ဇောများကို မရကြကုန်၊

ထို့အတူ သေက္ခနှင့် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ကြိယာ ဇောများကို မရကြကုန်။

**မှတ်သားရန်။** ။ အလောဘ အဒေါသ အမောဟ ဟူသော ဟိတ်သုံးပါးနှင့် ယှဉ်သော မဟာဝိပါက် ဉာဏသမ္ပယုတ် ၄, ရူပ အရူပ ဝိပါက် ၉–ပါး ပေါင်း ၁၇–ပါးတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေ နေသူသည် တိဟိတ် ပုဂ္ဂိုလ် မည်၏၊ ပုထုဇဉ် ၁–ယောက် အရိယာ ၈–ယောက်အားဖြင့် တိဟိတ် ပုဂ္ဂိုလ် ၉–ယောက် ရှိ၏၊ ဤ၌ သေက္ခ အရ သိက္ခာ ၃–ပါးကို ကျင့်ဆဲ အောက် ဖလဋ္ဌာန် ၃–ဦးကိုသာ ယူ။

---

သေက္ခ သုံးယောက်မှာ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် နှင့် ဝိစိကိစ္ဆာသဟဂုတ် စိတ်များကိုလည်း မရအပ်၊

အနာဂါမ်အား ဒေါသဇော ကိုလည်း မရအပ်။

**မှတ်သားရန်။** ။ ဒိဋ္ဌိ နှင့် ဝိစိ ကိစ္စာကို မဂ်ဖြင့် ပယ်အပ်ပြီး သောကြောင့် သေက္ခ သုံးယောက်မှာ ထိုစိတ်များကို မ ရအပ်၊ အနာဂါမ်အား ဒေါသဇောကို ပယ်ထား ပြီးသောကြောင့် မရနိုင်၊ ရဟန္တာပိုင်သက်သက်ဖြစ်သော ကြိယာဇောများကိုလည်း တဏှာကို ကုန်စင်အောင် မပယ်နိုင်သေးသောကြောင့် ဝါ-ဝဋ်မြစ် မကုန်သေး သောကြောင့် ပုထုဇဉ်နှင့် သေက္ခများမှာ မရနိုင်ကုန်၊ ရဟန္တာများမှာ မူကား ဝဋ်မြစ် တဏှာကို အကြွင်းမဲ့ ပယ်ထား ပြီးသောကြောင့် ကြိယာ ဇောများကို ရကြသည်။

---

လောကုတ္တရာ ဇောများကိုမူကား အရိယာတို့အားသာ ထိုက်သလို (ကိုယ်ပိုင် တခုစီ)ရကြသည်၊

**မှတ်သားရန်။** ။ လောကုတ္တရာစိတ် ရှစ်ပါးကို အရိယာ ရှစ် ယောက်အား တယောက် တခုစီသာ ရကြသည်၊ အထူးအားဖြင့် မဂ္ဂဋ္ဌာန် လေးယောက်မှာ စိတ္တက္ခဏ တချက်စာသာ အသက်ရှည် ကြ၍ မဂ်စိတ် တခုစီကိုသာ အသီးသီး ရကြသည်၊ တခြား ဘာစိတ် ကိုမှ မရကြ၊ ထို မဂ္ဂဋ္ဌာန် ၄-ယောက်တို့သည် ပဋိသန္ဓေလည်း မနေကြ၊ သေလည်း မသေကြ၊ သူ့ဆိုင်ရာ မဂ်စိတ္တက္ခဏ တချက် လောက်သာ အသက်ရှည် အမည်ရပြီး ချက်ခြင်း ဖလဋ္ဌာန် ပုဂ္ဂိုလ် ဘဝသို့ ပြောင်းသွားရလေသည်။

ဖိုလ်စိတ်များမှာ အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ်များက အထက် ဖလ သမာပတ်ကို မဝင်စားနိုင်သောကြောင့်၎င်း, အထက် ဖလဋ္ဌာန်များ ကလည်း အောက်ဖိုလ်စိတ်ကို အသုံးချစရာ မရှိတော့သဖြင့် မဝင်စား ကြသောကြောင့်၎င်း, ပုဂ္ဂိုလ်၏ အဆင့်အတန်း ပြောင်းသွားသော ကြောင့်၎င်း မိမိဆိုင်ရာ ဖိုလ်စိတ် ကိုသာ အသီးသီး ရကြသည်၊ ဥပမာ–သောတာပတ္တိ ဖလဋ္ဌာန် အဖြစ်မှ သကဒါဂါမိ ဖလဋ္ဌာန် အဖြစ် ရောက်သွားလျှင် မူလ သောတာပန် ပုဂ္ဂိုလ်၏ အဖြစ် မရှိပုံ၊ မွေခေါ်ရပုံမှာ သာမဏေ အဖြစ်မှ ရဟန်း အဖြစ် ရောက်သွားရာ၌

သာမဏော မခေါ်ရတော့ဘဲ သမဏ ဘိက္ခု အဖြစ်ဖြင့် ခေါ်ရ သကဲ့သို့ ပုဂ္ဂိုလ်၏ အဆင့်အတန်း ပြောင်းလဲပုံကို မှတ်ရာ၏၊

---

အသေက္ခာနံ့ စတုစတ္တာ, လီသ သေက္ခာန မုဒ္ဒိသေ၊
ဆပ္ပညာသာ ဝသေသာနံ, စတုပ္ပညာသ သမ္ဘဝါ။

အသေက္ခ ပုဂ္ဂိုလ်များမှာ စိတ် ၄၄-ပါး ရ၏၊
သေက္ခ ပုဂ္ဂိုလ်များမှာ စိတ် ၅၆-ပါး ရ၏၊
ကျန်သော ပုဂ္ဂိုလ်များမှာ စိတ် ၅၄-ပါး ရ၏၊

## ပုဂ္ဂိုလ် စိတ်ရ အကျယ်

ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်မှာ-

| | | |
|---|---|---|
| အကုသိုလ် စိတ် | .... | ၁၂ |
| ဟသိတုပ္ပါဒ် အဟိတ် | .... | ၁၇ |
| မဟာကုသိုလ် စိတ် | .... | ၈-၃၇ |

သုဂတိ အဟိတ်, ဒွိဟိတ်တို့မှာ-

| | | |
|---|---|---|
| အကုသိုလ် စိတ် | .... | ၁၂ |
| ဟသိတုပ္ပါဒ် အဟိတ် | .... | ၁၇ |
| မဟာကုသိုလ် စိတ် | .... | ၈ |
| မဟာဝိ ဉာဏဝိပ္ပယုတ် | .... | ၄-၄၁ |

ဈာန်မရ တိဟိတ်မှာ-

| | | |
|---|---|---|
| အကုသိုလ် စိတ် | .... | ၁၂ |
| ဟသိတုပ္ပါဒ် အဟိတ် | .... | ၁၇ |
| မဟာကုသိုလ် စိတ် | .... | ၈ |
| မဟာဝိပါက် စိတ် | .... | ၈-၄၅ |

**ဈာန်ရ တိဟိတ်မှာ–**

ဈာန်မရ ပုဂ္ဂိုလ်၏ ၄၅–ပါးသော စိတ်တွင် မဟာဂ္ဂုတ် ကုသိုလ် ၉–ပါးထည့် ၅၄–ပါး ရ၏။

**ဈာန်မရ ကာမ သောတာပန်မှာ–**

| | | |
|---|---|---|
| ဒွိဋ္ဌိဂတဝိပ္ပ ၄၊ ဒေါ ၂၊ ဥဒ္ဓစ္စ ၁၊ | | ၇ |
| ဟသိတ္တုပ္ပါဒ် အဟိတ် | .... | ၁၇ |
| မဟာ ကု–၈၊ ကြိ–၈ | .... | ၁၆ |
| သောတာပတ္တိ ဖိုလ်စိတ် | .... | ၁–၄၁ |

**ဈာန်ရ ကာမ သောတာပန်မှာ–**

မဟာဂ္ဂုတ် ကုသိုလ် ၉–ထည့်လျှင် ၅၀–ရ၏။

**မှတ်သားရန်။** ။ သကဒါဂါမိ ပုဂ္ဂိုလ် ၂–မျိုးတို့ အတွက် သောတာပန် ၂–မျိုးအတိုင်း ဖိုလ်ပြောင်းထည့်၍ ဈာန်မရ ၄၁၊ ဈာန်ရ ၅၀ ရ၏ဟု ရေတွက်လေ၊

**ဈာန်မရ ကာမ အနာဂါမ်မှာ–**

| | | |
|---|---|---|
| ဒွိဋ္ဌိဂတ ဝိပ္ပ ၄၊ ဥဒ္ဓစ္စ ၁၊ | .... | ၅ |
| ဟသိတ္တုပ္ပါဒ် အဟိတ် | .... | ၁၇ |
| မဟာ ကု ၈၊ ကြိ ၈၊ | .... | ၁၆ |
| အနာဂါမိ ဖိုလ်စိတ် | .... | ၁–၃၉ |
| ဈာန်ရ အတွက် မဟာဂ္ဂုတ် ကု ၉–ထည့် | | ၄၈ |

**ဈာန်မရ ကာမ ရဟန္တာမှာ–**

| | | |
|---|---|---|
| အဟိတ်စိတ် | .... | ၁၈ |
| မဟာဝိ ၈၊ ကြိ ၈၊ | .... | ၁၆ |
| အရဟတ္တ ဖိုလ်စိတ် | .... | ၁–၃၅ |

ဈာန်ရ အတွက် မဟဂ္ဂုတ် ကြိ ၉-ထည့် ၄၄
အသေကျွာနံ့ စတုစတ္တာလီသ အရ သတိပြုခဲ့၊

---

## ရူပ ပုဂ္ဂိုလ်များ

ရူပ တိဟိတ် ပုဂ္ဂိုလ် မှာ-

လောဘ ၈၊ မောဟ ၂၊ .... ၁၀
စက္ခု ၂၊ သောတ ၂၊ .... ၄
သမ္ပဋိ ၂၊ သန္တီ ၃၊ .... ၅
အာဝဇ္ဇန်း ၂၊ မဟာကု ၈၊ .... ၁၀
မဟာဂ္ဂုတ် ကုသိုလ်စိတ် .... ၉-၃၈

ရူပ သောတာပန်မှာ-

ဒိဋ္ဌိဂတဝိပ္ပ ၄၊ ဥဒ္ဓစ္စ ၁၊ ....
စက္ခု ၂၊ သောတ ၂၊ .... ၄
သမ္ပဋိ ၂၊ သန္တီ ၃၊ .... ၅
အာဝဇ္ဇန်း ၂၊ မဟာကု ၈ .... ၁၀
မဟာဂ္ဂုတ် ကုသိုလ် .... ၉
သောတာပတ္တိဖိုလ်စိတ် .... ၁-၃၄

သကဒါဂါမ်မှာ သကဒါဂါမိ ဖိုလ်ပြောင်းထည့် ၃၄
အနာဂါမ်မှာ အနာဂါမိ ဖိုလ်ပြောင်းထည့် ၃၄

ရူပ ရဟန္တာ ပုဂ္ဂိုလ်မှာ -

စက္ခု ၂၊ သောတ ၂၊ .... ၄
သမ္ပဋိ ၂၊ သန္တီ ၃၊ .... ၅
အဟိတ် ကြိယာစိတ် .... ၃

| | | |
|---|---|---|
| ဟော ကြိယာစိတ် | .... | ၈ |
| မဟာဂုတ် ကြိယာ | .... | ၉ |
| အရဟတ္တ ဖိုလ် | .... | ၁–၃၀ |

---

## အရူပ ပုဂ္ဂိုလ်များ

**အရူပ တိဟိတ် ပုဂ္ဂိုလ်မှာ**

| | | |
|---|---|---|
| လောဘ– ၈၊ မောဟ– ၂၊ | ........ | ၁၀ |
| မနောဒွါရာဝဇ္ဇန်း | ........ | ၁ |
| မဟာကု ၈၊ အရူကု ၄၊ | ........ | ၁၂–၂၃ |

**အရူပ သောတာပန်မှာ**

| | | |
|---|---|---|
| ဒိဋ္ဌိဂတဝိပ္ပ ၄၊ ဥဒ္ဓစ္စ ၁၊ | ........ | ၅ |
| မနောဒွါရာဝဇ္ဇန်း | ........ | ၁ |
| မဟာကု ၈၊ အရူကု ၄၊ | ........ | ၁၂ |
| သောတာပတ္တိ ဖိုလ်စိတ် | ........ | ၁–၁၈ |

**သကဒါဂါမိမှာ သကဒါဂါမိ ဖိုလ်ထည့် = ၁၈**

**အနာဂါမိမှာ အနာဂါမိ ဖိုလ်ထည့် = ၁၈**

**အရူပ ရဟန္တာမှာ**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | ........ | ၁ |
| မဟာကြိ ၈၊ အရူကြိ ၄၊ | ........ | ၁၂ |
| အရဟတ္တဖိုလ်စိတ် | .... | ၁–၁၄ |

**မှတ်သားရန်။** ။ ရူပ အရူပ ပုဂ္ဂိုလ်များမှာ ဈာန်ကို မရသူ မရှိ၊ မိမိ ဆိုင်ရာ မဟဂ္ဂုတ် ပဋိသန္ဓေ (ဝိပါက်)ကို ရကြသော်လည်း ထို ဝိပါက်ကို ဒွါရဝိမုတ် ဖြစ်၍ မရေတွက်အပ်ပေ။

---

## ပုဂ္ဂိုလ် စိတ်ရ အချုပ်

| | | | | |
|---|---|---|---|---|
| ဒုဂ္ဂတိ | အဟိတ် | ၃၇၊ | သု အဟိတ် | ၄၁၊ |
| ဈာန်မရ | တိဟိတ် | ၄၅၊ | ဈာန်ရ | ၅၄၊ |
| ဈာန်မရ | သောတာပန် | ၄၁၊ | ဈာန်ရ | ၅၀၊ |
| ဈာန်မရ | သကဒါဂါမ် | ၄၁၊ | ဈာန်ရ | ၅၀၊ |
| ဈာန်မရ | အနာဂါမ် | ၃၉၊ | ဈာန်ရ | ၄၈၊ |
| ဈာန်မရ | ရဟန္တာ | ၃၅၊ | ဈာန်ရ | ၄၄၊ |

---

| | | | |
|---|---|---|---|
| ရူပတိဟိတ် | ၃၈၊ | သောတာပန် | ၃၄၊ |
| သကဒါဂါမ် | ၃၄၊ | အနာဂါမ် | ၃၄၊ |

ရူပ ရဟန္တာ ၃၀၊

---

| | | | |
|---|---|---|---|
| အရူပ တိဟိတ် | ၂၃၊ | သောတာပန် | ၁၉၊ |
| သကဒါဂါမ် | ၁၉၊ | အနာဂါမ် | ၁၉၊ |

အရူပ ရဟန္တာ ၁၄၊

---

**မှတ်သားရန်။** ။ သကဒါဂါမ်သည် သောတာပန် နှင့် စိတ်ရချင်း အတူအမျှပင်၊ အနာဂါမ် ကျမှ ဒေါသမူဒွေးကို ပယ်လိုက်သောကြောင့် စိတ် ၂-ပါး လျော့သွားရ၏၊ ရူပ အရူပ ဘုံများ၌ကား ဘုံကိုက ဒေါသမူဒွေးကို ပယ်ထားပြီး ဖြစ်သောကြောင့် တိဟိတ်မှာ ဖြစ်စေ သောတာပန်မှာ ဖြစ်စေ ဒေါသမူဒွေးကို မရသဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ် ၃-ဦးတို့မှာ စိတ်ရချင်း တူကြရလေသည်။

ပုဂ္ဂိုလ် စိတ်ရ ပြီးပြီ

# ဘုံ၌ စိတ်ရပုံ

**အသိတိ ဝီထိ စိတ္တာနိ ကာမေ**

ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉-ပါးကြဉ်သော ဝီထိ စိတ် ၈၀-ဆယ်လုံးကို ထိုက်သလို ရကြသည်။

**မှတ်သားရန်။** ။ မဟဂ္ဂုတ် ဝိပါက် ၉-ပါးသည် ဖ-ဒွါရမှ အမြဲ လွတ်နေ၍ ဝီထိစိတ်တွင် မပါဝင်၊ သို့အတွက် ဝီထိစိတ်တို့၏ အရေအတွက်ကိုသာ ရေတွက်ပြရာ ဖြစ်သော ပုဂ္ဂိုလ်စိတ်ရ ဘုံစိတ်ရ အခဏ်း၌ ရူပ အရူပ ဘုံများတွင် ထို မဟဂ္ဂုတ်ဝိပါက် ၉-ပါးမှာ ဘုံအားဖြင့်၎င်း ပုဂ္ဂိုလ်အားဖြင့်၎င်း ရရှိနေသော်လည်း အရေအတွက် မသွင်းချေ၊ (ဒွါရဝိမုတ် ဝီထိမုတ် ဖြစ်နေလို့ဟူ၏၊) ကာမပဋိသန္ဓေ ၁၀-မှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်နေခိုက် ဖ-ဒွါရမှ လွတ်သော်လည်း သန္တီရဏကိစ္စ တဒါရုံ ကိစ္စများ တပ်သော အခါ ခြောက်ဒွါရမှာ လာဖြစ်ရသဖြင့် ဝီထိ စိတ်တွင် ပါဝင်နေပြန်၏၊ ကာမဘုံ၌ ဒွါရ ဖ-ပါးလုံး ပုဂ္ဂိုလ် ၁၂-ယောက်လုံး ရနိုင်သောကြောင့် ဝီထိစိတ် ၈၀-ဆယ် လုံးကို ရအပ်၏။

---

စိတ်ကို ရှုံမုန်းသော ဘာဝနာဖြင့် စီးဖြန်းကာ ပယ်ခဲ့သောကြောင့် အသညာဘ် ဘုံ၌ စိတ်တခုကိုမျှ မရအပ်

**ရူပေ စတုသဋ္ဌိ=ကျန်သော ရူပ ၁၅-ဘုံ၌**

| | | | | |
|---|---|---|---|---|
| လောဘ | ၈၊ | ဒေါသ | ၂၊ .... | ၁၀ |
| စက္ခု | ၂၊ | သောတ | ၂၊ .... | ၄ |
| သမ္ပဋိ | ၂၊ | သန္တီ | ၃၊အပိတ်ကြိ | ၆ |
| မဟာကု | ၈၊ | ကြိ | ၈၊ .... | ၁၆ |

| | | | | |
|---|---|---|---|---|
| မဟာဂ္ဂုတ်ကု ၉၊ ကြိ | ၉ | .... | ၁၈ | |
| လောကုတ္တရာစိတ် | | .... | ၈—၄၀ | |

---

**အရူပေ ဒွေ စတ္တာလီသ=အရူပ ၄-ဘုံ၌**

| | | | |
|---|---|---|---|
| လောဘ ၈၊ မောဟ ၂၊ | .... | ၁၀ |
| မနောဒွါရာဝဇ္ဇန်း စိတ် | .... | ၁ |
| မဟာကု ၈၊ ကြိ ၈၊ | .... | ၁၆ |
| အရူကု ၄၊ ကြိ ၄၊ | .... | ၈ |
| သောတာပတ္တိ မဂ်ကြဉ် လောကုတ္တရာ | | ၇—၄၂ |

ဘုံ စိတ်ရ ပြီး၏

---

**သန္တီရဏ။** ။ တဒါရုံ၏ အရာ၌ဘန မဟုတ်သောကြောင့် တဒါရုံကို ရူပဘုံ၌ မရအပ်၊ သန္တီရဏ ကိစ္စ တပ်သောအခါ သန္တီရဏ သုံးပါးကို ရသေး၏၊ တဒါရုံ အဖြစ်ဖြင့်ကား မရအပ်။

**အကုသလ ဝိပါက်။** ။ဗြဟ္မာ့ဘုံမှာ အနိဋ္ဌာရုံ မရှိသောကြောင့် ဣဋ္ဌာရုံကိုသာ အာရုံပြုကြသော ကုသလ ဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဘို့ကို မုချ ရအပ်ပေ၏၊ ဗြဟ္မာ့ဘုံက နေ၍ လူ့ဘုံသို့ လှမ်းကြည့်ရာ နားထောင်ရာ အခါ လူ့ဘုံက အနိဋ္ဌာရုံကို အာရုံ ပြုနိုင်သောကြောင့် အကုသလ ဝိပါက် ၄-ပါးကိုလည်း ရလေသည်။

**ဝီထိစိတ် ဖြစ်ပုံ။** ။ ပဋိသန္ဓေနောင် ဘဝနိကန္တိက လောဘဇော မနောဒွါရ ဝီထိမှ စ၍ စုတိတိုင်အောင် နိရောဓ သမာပတ် မရှိခဲ့သော် ဘဝင်ခြားလျက် ခြားလျက် ခြောက်ဒွါရမှာ ဝီထိစိတ်များ ဖြစ်ကြသည်။

**ဝီထိပိုင်း ပြီးပြီ**

# ဘုံပိုင်း

## အနုသန္ဓေ နှင့် ပဋိညာဉ်

**ဝီထိစိတ္တ ဝသေနေဝံ, ပဝတ္တိယံ မုဒီရိတော၊**
**ပဝတ္တိ သင်္ဂဟော နာမ, သန္ဓိယံ ဒါနိ ဝုစ္စတိ။**

ဇဝံ–ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့်၊ ဝီထိ စိတ္တဝသေန– ဝီထိ စိတ်တို့၏ အစွမ်းအားဖြင့်၊ ပဝတ္တိယံ–ပဝတ္တိ အခါ၌၊ ပဝတ္တိ သင်္ဂဟော နာမ–ပဝတ္တိ သင်္ဂဟ မည်သော ဝီထိ ပိုင်းကို၊ (မယာ–ငါသည်၊) ဥဒီရိတော–ထုတ်ဆို ပြအပ် ခဲ့ပြီ၊ ဒါနိ – ယခု၊ သန္ဓိယံ – ပဋိသန္ဓေ အခါ၌၊ ပဝတ္တိ သင်္ဂဟောနာမ–ဖြစ်နည်းကိုပြ၊ ပဝတ္တိ သင်္ဂဟ မည်သော ဝီထိမုတ္တ သင်္ဂဟကို၊ ဝါ–ဘုံပိုင်းကို၊ ဝုစ္စတေ–ပြဆိုဦးအံ့။

**အနုသန္ဓေ နှင့် ပဋိညာဉ်** ‘ဝီထိစိတ္တ....မုဒီရိတော’ ဟူသော စကား ရပ်ဖြင့် ရှေ့စကား အဆက် အနုသန္ဓေကို ပြ၏၊ ‘ပဝတ္တိ သင်္ဂဟော နာမ, သန္ဓိယံ ဒါနိ ဝုစ္စတိ’ ဟူသော နောက် စကားရပ်ဖြင့်–ပဋိညာဉ် ဝန်ခံချက်ကို ပြသည်၊ ပဝတ္တိ အခါ၌ စိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို ပြသော ပဝတ္တိယံ ပဝတ္တိ သင်္ဂဟခေါ် ဝီထိပိုင်းကို ဝီထိစိတ် နှင့် စပ်ကာ ပြဆိုပြီး၍ ယခု တဖန် ပဋိသန္ဓေ အခါ၌ စိတ်တို့၏ ဖြစ်နည်းကို ပြသော သန္ဓိယံ ပဝတ္တိ သင်္ဂဟခေါ် ဝီထိမုတ္တ သင်္ဂဟကို ပဋိသန္ဓေ စိတ်နှင့် ဆက် စပ်၍ ပြဦးမည် ဟူလို။

**ပဝတ္တိ နှင့် ပဋိသန္ဓေ။** ။တခြား နေရာများ၌ ပဋိသန္ဓေစိတ် အခိုက်, တနဲ့–ဝမ်းတွင်း ဥခွံတွင်းမှ အောင်း၍ နေခိုက်ကို ပဋိသန္ဓေ အခါဟု ခေါ်၏၊ ဤအရာ၌ ပဋိသန္ဓေစိတ္တုပ္ပါဒ် အခိုက်ကို ပဋိသန္ဓေ အခါခေါ်၏၊ပဋိသန္ဓေ အခိုက်မှနောက်သေသည်အထိ ပဝတ္တိ ခေါ်၏။

**ဘုံပိုင်း နှင့် ဝီထိမုတ်**

ပဋိသန္ဓေစိတ် ၁၉-ပါးသည် ဝီထိစိတ် အဖြစ်မှ လွတ်နေ၍ ဝီထိမုတ်စိတ် မည်လေသည်၊ ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို ပြသော အပိုင်း ဖြစ်သောကြောင့် ဝီထိမုတ်ပိုင်း ခေါ်သည်၊ ဘုံစဉ် ဘုံနန်းကို တခန်းတနား ပြရာ ဖြစ်သောကြောင့် ဘုံပိုင်းလည်းခေါ်၏၊ သန္ဓိယံ ပဝတ္တိ သင်္ဂဟော နာမ ဆိုသည်နှင့် အညီ ပဋိသန္ဓေ အခန်းကို ပြရာ ဖြစ်သောကြောင့် သန္ဓိယံ ပဝတ္တိ သင်္ဂဟ ဝါ-ပဋိသန္ဓေခန်း ဟူ၍လည်း ခေါ်၏၊ ပဋိသန္ဓေ၏ ရှေ့နားက စုတိစိတ်နှင့် ပဋိသန္ဓေ နောက်နားက ဘဝင် စိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်း ကိုလည်း တပါတည်း ပြသည်ဟု ဆိုရ၏၊ ပ-ဘ-စု စိတ်များသည် အမျိုး အစား အားဖြင့်၎င်း အာရုံအားဖြင့်၎င်း တူမျှနေသောကြောင့် ဤစိတ် ၃ မျိုးလုံးကို ပြ၏ဟု မှတ်ရ၏၊ တနည်း-'မင်းလာ၏' ဆိုရာ၌ မင်း တပါးတည်းသာ လာသည်မဟုတ်၊ မင်း၏ အခြွေအရံ ပရိသတ် များလည်း မင်းနှင့် ထပ်ဘူ တပါတည်း ပါလာကြ၏ ဟု သိရသကဲ့သို့ ပဓာနနည်း စကားအသုံး ဖြစ်၍ ဘဝင်အခါ ၊စုတိ အခါများ၌ စိတ်များ၏ ဖြစ်ပုံ ဖြစ်နည်းကိုလည်း ဤအပိုင်းမှာ ပြထားသေး၏ ဟု မှတ်ရ၏၊ ဤ အပိုင်းမှာ ပဋိသန္ဓေ, ဘဝင် စုတိတို့ကို ပြ၏ ဟူလို။

---

## အခြေခံ စတုက္က ၄-မျိုး

၁။ စတဿော ဘူမိယော .... ဘုံ ၄-မျိုး
၂။ စတုဗ္ဗိဓာ ပဋိသန္ဓိ .... ပဋိသန္ဓေ ၄-မျိုး
၃။ စတ္တာရိ ကမ္မာနိ .... ကံ ၄-မျိုး
၄။ စတုဗ္ဗိဓာ မရဏုပ္ပတ္တိ .... သေခြင်း ၄-မျိုး

**မှတ်သားရန်။** ။ဤ စတုက္က ၄-မျိုးသည် ဝီထိမုတ် ပိုင်း၏ အခြေခံ မာတိကာ ခေါင်းစဉ် စကားရပ်များ ဖြစ်၍ ဤ အစဉ်အတိုင်း ဘုံ ၄-မျိုး စသဖြင့် အကျယ် ဝေဘန်ပြလိမ့်မည်။

## ၁။ ဘူမိ စတုက္က ဘုံ ၄-မျိုး

(က) အပါယ ဘူမိ .... အပါယ် ၄-ဘုံ
(ခ) ကာမသုဂတိ ဘူမိ .... ကာမသုဂတိ ၇-ဘုံ
(ဂ) ရူပါဝစရ ဘူမိ .... ရူပါဝစရ ၁၆-ဘုံ
(ဃ) အရူပါဝစရ ဘူမိ .... အရူပဝစရ ၄-ဘုံ

### (က) အပါယ် ၄-ဘုံ

(၁) နိရယ ဘူမိ .... ငရဲ ဘုံ
(၂) တိရစ္ဆာန ယောနိ .... တိရစ္ဆာန် ဘုံ
(၃) ပေတ္တိ ဝိသယ .... ပြိတ္တာ ဘုံ
(၄) အသုရ ကာယ .... အသုရကာယ်ဘုံ

### (ခ) ကာမသုဂတိ ၇-ဘုံ

(၁) မနုဿ ........ လူ့ဘုံ
(၂) စာတုမဟာရာဇိက........ စာတုမဟာရာဇ်ဘုံ
(၃) တာဝတိံသာ ........ တာဝတိံသာဘုံ
(၄) ယာမာ ........ ယာမာဘုံ
(၅) တုသိတာ ...... တုသိတာဘုံ
(၆) နိမ္မာနရတိ ........ နိမ္မာနရတိဘုံ
(၇) ပရနိမ္မိတ ဝသဝတ္တီ ........ ပရနိမ္မိတဝသဝတ္တီဘုံ

**မှတ်သားရန်။** ။ဤ အပါယ် ၄-ဘုံနှင့်ကာမသုဂတိ ၇-ဘုံကို ကာမ ၁၁-ဘုံဟု ခေါ်သည်။

**သုဂတိ သတ်၊ ပါယ်လေးရပ်၊ ကော်ဒသ် ကာဘူမိ**

**အပါယဘူမိ။** ။အပ+အယ၊ကုသိုလ် ပုညကို အယခေါ်သည်၊ အပ-ကင်းကွာခြင်း၊ ကုသိုလ်ပုည များများကြီး ပြုနိုင် မရှိ အယ

ဟူသော ကောင်းမှုမှ ကင်းသော ဘုံသည် အပါယ်ဘုံ မည်၏။ သတ္တဝါတို့၏ ဖြစ်ရာ ဌာနသည် ဘုံ မည်၏၊

ပုညသမ္မတာအယာ ယေျာဟုယော့နုအပဂတောတိအပါယော၊
ဘဝန္တိ ဧတ္ထ သတ္တာတိ ဘူမိ။

**နိရယ။** ။ နိ-+ အယ၊ အယ-ချမ်းသာ သုခ၊ နိ-မရှိ၊ ချမ်းသာ ကင်းဝေး ဒုက္ခဘေးတွေ များသောကြောင့် နိရယ မည်၏၊ နိရဲ ငရဲ ဟူ၍ ခေါ်၏၊ အပါယ်၌ အယကား ကုသိုလ် ပုညကို ဟောသည်။

## ငရဲကြီး ရှစ်ထပ်

သိဉ္ဇိုဝ်း ကာဠ၊ သင်္ဃာတ၊ ဒွယ ရောရုဝ၊
တာပန္န ဒွိ၊ အဝိစိ၊ တည်ရှိ ငရဲရွာ၊
သိဉ္ဇိုဝ်း ကာဠသုတ် သင်္ဃာတ ရောရုဝ
မဟာရောရုဝ တာပန္န မဟာတာပန္န အဝိစိ

## ဘုံချင်း အကွာအဝေး

လူ့ဘုံမှ အဝီစိ ငရဲထိ ဘုံပေါင်း ၉-ဘုံရှိရာ အကြားပေါင်း ရှစ်ခု ရှိ၍ တဘုံ နှင့် တဘုံ အကြားမှာ အညီအမျှ ယူဇနာပေါင်း တသောင်း ငါးထောင် (၁၅၀၀၀)စီ ဝေးကွာ၍ နေသောကြောင့် အကြား ရှစ်ခုအတွက် ၁၅၀၀၀×၈=၁၂၀၀၀၀ ယူဇနာရှိလေသည်၊ လူ့ဘုံမှ အဝီစိ ငရဲသို့ ယူဇနာ တသိန်းနှစ်သောင်း ဝေး၏ဟု မှတ်၊

သောင်း ငါးထောင်စီ၊ သချာညီ၊ ရှစ်လီ ခြားကွာ၊ ငရဲရွာ၊
ယူဇနာပေါင်း၊ သိန်းနှစ်သောင်း၊ ဝေးကြောင်း လူ ဝီမှာ။

## အရံ ဥဿဒ ငရဲငယ်

ဘင်ပုပ် ငရဲ, ပြာပူ ငရဲ, လက်ပံတော ငရဲ, သံလျက် အရွက် ရှိသော ငရဲအားဖြင့် ငရဲကြီး၏ အရပ်မျက်နှာ တဘက် တဘက်မှာ ၄-ခုစီ ရှိသောကြောင့် ငရဲကြီး တခု၏ အရပ် ၄-မျက်နှာမှာ ၁၆-ခုစီ ရှိ၍ အရံ ငရဲငယ်ပေါင်း ၁၆+၈=၁၂၈ ရှိ၏၊

ဘင် ပြာ လက် သန်၊ အစဥ် ရံ၊ လေးတန် ဥဿဒါ၊

တနည်း-တမျက်နှာလျှင် သံပုရာ ကြေးပုရာတို့ဖြင့် ပြည့်သော ဝေတြရဏီ ငရဲနှင့်တကွ ငရဲငယ် ၅-ခုစီ ရှိသောကြောင့် ငရဲတခု၏ အရပ် လေးမျက်နှာမှာ ၂၀-စီ ရှိသဖြင့် ငရဲငယ်ပေါင်း ၂၀×၈=၁၆၀ခြံရံချက်ရှိလေသည်၊ ဤသို့လျှင် ငရဲငယ် ၁၂၈ နှင့် ၁၆၀-ရှိပုံကို မှတ်လေ။

ဘင် ပြာ လက် သန်၊ မြစ် အရုံ၊ ငါးတန် တနည်းမှာ။

**တိရစ္ဆာန ယောနိ။** ။ တိရော+အစ္ဆာန၊ တိရော-ဘီလာ အလျားလိုက်၊ အစ္ဆန္တိ-သွားတတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ တိရစ္ဆာနာ-တိရစ္ဆာန် မည်၏၊ ပိုးကို ကျောပေးကာ အလျားလိုက်သွားသော သတ္တဝါစုသည် တိရစ္ဆာန် မည်၏၊ တနည်း-မဂ်-ဖိုလ် နှင့် ဘီလာ ဆန့်ကျင်သောကြောင့်လည်း တိရစ္ဆာန် မည်၏၊ ကန့်လန့်ကောင် ၄စာ ဆိုသော စကားသည် တိရစ္ဆာန ပုဒ်၏ အနက်များ ဖြစ်၏၊ ရောနှောကြောင်း ဇာတ်သည် ယောနိ မည်၏၊ တိရစ္ဆာန်တို့၏ တူသော အနေအနေ အခြင်းအရာ ဟူသော ဇာတ်သည် တိရစ္ဆာန ယောနိ မည်၏၊ ဇာတ်ဆိုသည်မှာ ငင်းတို့၏ လက်ရှိ ခန္ဓာ အစဉ်ကို ရ၏၊ သူတို့မှာ နေရာဌာန ဘုံသီးခြား မရှိသောကြောင့် တိရစ္ဆာန ဘူမိ ဟု မဟောဘဲ တိရစ္ဆာန ယောနိ ဟု ဟောတော်မူ၏၊ တမျိုးအားဖြင့် သူတို့၏ ဖြစ်နေရာ ဌာနကိုပင် တိရစ္ဆာန်ဘုံ ဟု ခေါ်ရ၏၊ သီးခြား ကန့်သတ် ထားအပ်သော ဘုံကား မရှိပေ၊ လူများ နေရာ အိမ်တို့ ရွာတို့၌လည်း တောတောင် ရေပြင် ကောင်းကင် စသည်၌ငင်း နေတတ်ကြ၏။

**ပေတ္တိ ဝိသယ။** ။ ပေတ္တိ ပြိတ္တာတို့၏၊ ဝိသယ-ဖြစ်ရာ နေရာသည် ပေတ္တိ ဝိသယ မည်၏၊ အိမ်ကြို အိမ်ကြား တောကြို တောကြား ပင်လယ် ကမ်းနား သင်္ချိုင်း စသော အရပ်၌ နေတတ်ကြ၏၊ သီးခြား သတ်မှတ်ထားအပ်သော ဘုံကား မရှိပေ၊ တနည်းအားဖြင့် ပြိတ္တာတို့၏ ဖြစ်မှုသည် ပေတ္တိ ဝိသယ မည်၏၊ ဤနည်း၌ ပြိတ္တာဇာတ် ပြိတ္တာတို့၏ ခန္ဓာ အစဉ်ကိုပင် ပေတ္တိ ဝိသယ ခေါ်၏၊ တိရစ္ဆာန်

ဇာတ်သည် တိရစ္ဆာနယောနိ၊ ပြိတ္တာ ဇာတ်သည် ပေတ္တိဝိသယ မည်ကြ၏။

**အသုရကာယ။** ။န+သုရ+ကာယ၊သုရ-ပျော်ရွှင် မြူးတူးခြင်း၊ န-မရှိသော သူတို့၏၊ ကာယ-အပေါင်း၊ နတ်များ ကဲ့သို့ စည်းစိမ် ခံစား ပျော်ပါးမြူးတူး ခွင့် မရရှာကြသော သတ္တဝါ အပေါင်းသည် အသုရကာယ မည်၏။

**အသုရာ သုံးမျိုး**

| | | |
|---|---|---|
| ဒေဝအသုရာ | မြင့်မိုရ်အောက်၌ နေကြသော | နတ်အသုရာ |
| ဝိနိပါတိက | ဝိနိပါတိက နတ်မျိုး ဖြစ်သော | အသုရာ |
| ပေတအသုရာ | ပြိတ္တာ အမျိုးအစား ဖြစ်သော | အသုရာ |

**ယင်ရှားစေအံ့။** ။(က) တာဝတိံသာ နတ်များ နှင့် စစ်တိုက်ရာတွင် စစ်ရှုံး၍ မြင့်မိုရ်တောင် အောက်ခြေမှာ ဆင်းနေကြရသော အသုရာ တစုသည် တာဝတိံသာ နတ်စာရင်းဝင် ဖြစ်သောကြောင့် နတ်အသုရာ မည်၏၊ သုရ-တာဝတိံသာ နတ်များနှင့်၊ အ-အဆင့်အတန်း တူသော၊ ဝါ-ဆန့်ကျင်ဘက် ဖြစ်သော နတ်များသည် ဒေဝ အသုရာ မည်၏၊ ဝေပစိတ္တ အသုရကာယ် ဟူ၍လည်း ခေါ်ကြလေသည်။

(ခ) ဝိနိပါတိက အသုရာမျိုးမှာ စတုမဟာရာဇ် နတ်မျိုး၌ ပါဝင်၏၊ အဟိတ် ဒွိဟိတ် တိဟိတ် အားဖြင့် ပဋိသန္ဓေ အမျိုးမျိုး ရှိကြ၍ မဂ်တရား ဖိုလ်တရားအထိ ရနိုင်ကြသည်၊ ဝေမာနိကာ ပြိတ္တာ ကိုလည်း အသုရကာယ် ခေါ်သေး၏။

(ဂ) ပေတ အသုရာကား တောကြီး တောင်ကြီး သမုဒ္ဒရာ ကမ်းခြေ ပင်လယ် ကမ်းခြေ စသည်တို့၌၎င်း လောကန္တရိက် နေရာများ၌၎င်း ဒုက္ခအမျိုးမျိုး ခံစားကာ ဖြစ်နေကြရရှာ၏၊ အစာ ရေစာ အငြတ်ငြတ် အငတ်ငတ်နှင့် ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်ရှိ နေကြရသည်၊ ဤ အရာ၌ ပေတ အသုရာကို အလိုရှိအပ်၏၊ ချမ်းသာ ကင်းစဲ့ အလွန် ဆင်းရဲသောကြောင့် ပိတ္တာ ဟူ၍၎င်း ပြိတ္တာဟူ၍၎င်း ခေါ်၏။

**ဒုဂ္ဂတိ သုဂတိ။** ။ဒု-မကောင်းသော၊ ဂတိ-အလားရှိသော၊ ဘူမိ-ဘုံသည် ဒုဂ္ဂတိဘုံ မည်၏၊ ချမ်းသာသုခ ကုသိုလ်ပုည နဲပါး၍ ဆင်းရဲ ဒုက္ခ ဟူသော မကောင်းသော အလားရှိသော အပါယ် ၄-ဘုံသည် ဒုဂ္ဂတိဘုံ မည်၏၊ ကောင်းမွန် ချမ်းသာသော အလား ရှိသော ဘုံသည် သုဂတိဘုံ မည်၏၊ ကျန် ၂၇-ဘုံ ရ၏၊

အပါယ၌ အယသည် ကုသိုလ် ပုညကို ဟော၏၊
နိရယ၌ အယသည် ချမ်းသာ သုခကို ဟော၏၊

**မနုဿာ။** ။ မန+ဥဿန္န၊ ဥဿန္နံ မနော ယေသန္တိ မနုဿာ၊ ဥဿန္နံ-ထက်မျက်သော၊မနော-စိတ်သည်၊ ယေသံ-အကြင်သူတို့အား၊ အတ္ထိ-ရှိ၏၊ ဣတိ - မနုဿာ-တို့ကြောင့် မနုဿ မည်ကြကုန်၏။ ဥဿန္န၌ 'န္န ' ခေျနေသည်၊

သတိတရား ရှိခြင်း ရဲရင့် စွန့်စားခြင်း အကျင့်မြတ်ကိုကျင့် သုံးခြင်း ဤသို့ ထက်သန်သော ဥဿန္နဓာတ် ၃ ပါးနှင့်ပြည့်စုံသော စိတ်ဓာတ် ရှိသော ကြောင့် မနုဿ မည်၏၊ မှန်၏ ပစ္စေကဗုဒ္ဓါနဂ္ဂရိယ ကံကြီးများ ဖြစ်မြောက်ရေး၌ရှင်း ...ရား အဖြစ် ရောက်သည်အထိ ကျင့်ကြံ အားထုတ်မှု ကုသိုလ် ကိစ္စကြီးများ၌ပင်း ထမြောက်အောင် ဆောင်ရွက်နိုင်သော ဥဿန္နဓာတ် ရှိသောကြောင့် တောင်ကျွန်း သားများသာလျှင် မနုဿ အစစ် မည်ကြ၏၊ အရံ ကျွန်းငယ် နှင့် တကွ ကျန်သော ကျွန်းကြီး ၃ ကျွန်းရှိ လူများကိုမူ တောင်ကျွန်း သားများနှင့် အတူပြုကာ သဒိသူပစာအားဖြင့် မနုဿဟု ခေါ်ရ၏။

**တနည်း**-မနု ခေါ်သော ကမ္ဘာ အစ မဟာ သမ္မတ၏ အဆက် အနွယ်များ ဖြစ်သောကြောင့်လည်း မနုဿ မည်၏၊ ဤအရာ၌ မနုဿာနံ နိဝါသာ ဘူမိ လူတို့၏ နေရာ ဌာနကို မနုဿ ဘူမိဟု ဆိုလိုလျှက် ဘူမိပုဒ် ကျေနေ၍ မနုဿာဟု ခေါ်ထားသည်၊ ဘုံကို ငဲ့၍ မနုဿာဟု ဣတ္ထိလိင် ဖြစ်နေသည်။

**စာတုမဟာရာဇိကာ။** ။ စတု+မဟာရာဇ+ဣက၊ စတု- လေးဦးသော၊ မဟာရာဇာနံ-နတ်မင်းကြီးတို့၏၊ ဣက-နေရာသည်၊ စာတု မဟာရာဇ်ဘုံ မည်၏၊ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ,

ဟူသော နတ်မင်းကြီး ၄-ဦးတို့၏ အုပ်စိုး နေထိုင်ရာ ဘုံတည်း၊ ဤဘုံကား မြင့်မိုရ်တောင်၏ အမြင့် ထက်ဝက်၌ တည်ရှိ၏၊ စတု မဟာရာဇ အရ နတ်မင်းကြီး ၄-ဦး ရ၏၊ စာတု မဟာရာဇိကာ အရ သူတို့၏နယ်ဘုံကို ရ၏၊ မြင့်မိုရ်အောက်ပိုင်း နေရာ အနှံ့အပြား၌လည်း စတု မဟာရာဇ် နတ်မျိုး အပါအဝင် ဇာတ်နိမ့်သော နတ်များ နေထိုင်ကြသည်၊ မြေကို မှီနေလျှင် ဘူမဇိုဝ်း, သစ်ပင်ကို မှီနေလျှင် ရုက္ခဇိုး ခေါ်၏၊ ရုက္ခဇိုးမျိုးတို့တွင် ဂန္ဓဗ္ဗ ခေါ်သော နတ်တမျိုးကား အစွဲ အလန်း ကြီးလှ၍ သူ၏နေရာ သစ်ပင် သေ၍ လူများ သုံးစွဲသော အခါတိုင်အောင် ပါလာကြသဖြင့် ယခုကာလ သစ်ချောက်ကောင်ဟု ထင်ရှားနေ၏၊ မိန်းမများ ကိုယ်၌ ပူးဝင်၍ နိုင်းတိုင်း ဆောင်ရွက် ပေးနေသော ဂန္ဓဗ္ဗ နတ်မတမျိုးကို ယောဂိနီ ဇော်ဂနီ ဟူ၍၎င်း တောက်စားတတ်သောကြောင့် ဇုဏှ ဇုဏ်း စုန်း ဟူ၍၎င်း ခေါ်ကြ၏၊ တစ္ဆေ မှင်စာကလေးများ သူရဲ သဘက်များ ကား ပြိတ္တာမျိုး ဖြစ်ကြသည်။

**တာဝတိံသ။** ။ တေတ္တိံသ ပုဂ္ဂလာ ဧတ္ထ နိဗ္ဗတ္တာတိ တာဝတိံသာ၊ မာဃနှင့် တကွ ၃၃-ယောက်သော ကောင်းမှုရှင်တို့၏ ဖြစ်ရာ ဘုံသည် တာဝတိံသာ မည်၏၊ တေတ္တိံသ၌ တေ-ကို တာဝ-ပြု၊ တ္တိံ-၌ တ-တလုံးခြေ၍ တာဝတိံသာ ပြီးသည်၊ တခြား စကြဝဠာများမှာလည်း နတ်ပြည် ၆-ထပ် အသီးသီး ရှိကြသောကြောင့် ဤ တာဝတိံသာ ဟူသော အမည် နာမယ်မှာ တော်စွာ တင်စား၍ ခေါ်ထားသော သာမည အမည် ဖြစ်သည်၊ ၃၃-ယောက် ဝစနတ် ပြုပြွတ်ရှိသောနာမည်မျိုး မဟုတ် ဟူ၍လည်း မှတ်။

**ယာမာ။** ။ ဒုက္ခတော ယာတာ အပယာတာတိ ယာမာ၊ ဆင်းရဲ ကင်းသော(ချမ်းသာ၍ ဇိမ်ရှိကြကုန်သော)နတ်များ၏ နေရာ ဘုံသည် ယာမာဘုံ မည်၏။

**တုသိတာ။** ။ အတ္တနော သိရိသမ္ပတ္တိယာ တုသံ ဣတိံ ဂတာတိ တုသိတာ၊ မိမိ လက်ရှိစည်းစိမ် ချမ်းသာဖြင့် နှစ်သက် ရွှင်ပြုံနေကြသော နတ်များသည် တုသိတာ မည်ကြ၏၊ သူတို့၏ ဘုံကိုလည်း

တုသိတာ ဘုံဟုခေါ်၏၊ ဘုရားအလောင်းတော်များသည် ဤ ဘုံ၌ အများအားဖြင့် ဖြစ်ကြ၏။

**နိမ္မာန ရတိ။** ။နိမ္မာနေရတိ ဧတေသန္တိ နိမ္မာန ရတိနော၊ ဧတေသံ-ထို နတ်တို့အား၊ နိမ္မာနေ - သူတို့ ကိုယ်တိုင် ဖန်ဆင်းအပ်သော အာရုံ၌၊ ရတိ-မွေ့လျော်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ နိမ္မာန ရတိနော- နိမ္မာန ရတိ မည် ကုန်၏၊ ထို သူတို့၏နေရာ ဘုံကိုလည်း နိမ္မာန ရတိ ဘုံ ဟု တင်စား ခေါ်၏၊ ဤဘုံမှာ ကိုယ်ကြိုက်သလို အလိုရှိတိုင်း အာရုံ အမျိုးမျိုးတို့ကို ဖန်ဆင်း၍ မွေ့လျော် ပျော်ပါး နေကြသောကြောင့် အောက်နတ် ဘုံများကဲ့သို့ သားပိုင် မယားပိုင် အတည်တကျ မရှိချေ၊ လိုတဲ့ အခါမှ သဘောကျသလို ထင်တိုင်း ဖန်ဆင်း မွေ့လျော်ကြသည်။

**ပရနိမ္မိတ ဝသဝတ္တီ။** ။ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတ ဝသဝတ္တိနော၊ သူတပါးက ဖန်ဆင်း ပေးအပ်သော စည်းစိမ်၌ မိမိ အလိုကျအတိုင်း ဖြစ်စေတတ်သောကြောင့် ပရနိမ္မိတ ဝသဝတ္တီ မည်၏၊ ဘုံကိုလည်း သူတို့၏ နာမည်အတိုင်း တင်စားခါ ပရနိမ္မိတဝသဝတ္တီဘုံဟု ခေါ်၏၊ ဒိမိ၏ အလိုကျ အလိုက်သိစွာ သူတပါး ဖန်ဆင်းပေးသော စည်းစိမ်ကို ခံစားနေကြသည်။

---

## (ဂ) ရူပါဝစရ ၁၆-ဘုံ

### ပဌမဈာန် ၃-ဘုံ

| | |
|---|---|
| ဗြဟ္မပါရိသဇ္ဇာ | အခြွေအရံ ဗြဟ္မာ့ဘုံ |
| ဗြဟ္မ ပုရောဟိတာ | အတိုင်ပင်ခံ ဗြဟ္မာ့ဘုံ |
| မဟာဗြဟ္မာ | မဟာ ဗြဟ္မာမင်းကြီးဘုံ |

**ဗြဟ္မပါရိသဇ္ဇာ။** ။ ဗြဟ္မာနံ ပရိသာသု ဇာတာတိ ဗြဟ္မာပါရိသဇ္ဇာ၊ မဟာ ဗြဟ္မာကြီးတို့၏ အခြွေ အရံ အစေခံ ပရိသတ်များဖြစ်သောကြောင့် ဗြဟ္မပါရိ သဇ္ဇာ မည်၏၊ ထို ဗြဟ္မာတို့၏ နေရာ

ဘုံကိုလည်း ပုဂ္ဂိုလ်၏ အမည်အတိုင်း တင်စားကာ ဗြဟ္မပါရိသဇ္ဇာ ဘုံ ဟု ခေါ်လေသည်။

**ဗြဟ္မပုရောဟိတာ။** ။ မဟာဗြဟ္မာနံ ပုရေ ဩဒဟန္တိ ဟိဋ္ဌန္တီတိ ဗြဟ္မပုရောဟိတာ-ဗြဟ္မာမင်းကြီးတို့၏ ရှေ့ဆောင်ရှေ့ရွက် အတိုင်ပင်ခံ အရာ၌ ဖြစ်သောကြောင့် ဗြဟ္မ ပုရောဟိတ် မည်၏၊ ဘုံကိုလည်း ပုဂ္ဂိုလ်၏ အမည်အတိုင်း တင်စား ခေါ်ရ၏။

**မဟာဗြဟ္မာ။** ။ဗြူဟန္တိ ဝဍ္ဎန္တီတိ ဗြဟ္မာနော၊ ဈာန်အဘိညာဏ် စသည်တို့၏ အစွမ်းဖြင့် အသက်ရှည်ခြင်း အဆင်းလှခြင်း စသော ကောင်းကျိုး ချမ်းသာများ တိုးပွါးခြင်းရှိသောကြောင့် ဗြဟ္မာ မည်၏၊ မဟန္တော ဗြဟ္မာနော၊ မဟာဗြဟ္မာနော၊ အောက်တန်းဗြဟ္မာ ၂-းမျိုးတို့ထက် မြင့်မြတ်သောကြောင့် မဟာ ဗြဟ္မာ မည်၏။

**မှတ်သားရန်။** ။ ဤ ပထမဈာန် ၃-ဘုံမှာ တဖြိုင်တည်း တည်၍ မဟာဗြဟ္မာကြီးများက အုပ်ချုပ် နေပေသည်၊ ဤ ၃-ဘုံမှာ ရူပါဝစရ ပထမဈာန် ဝိပါက် စိတ်တပါးတည်းကို ဟီန မဇ္ဈိမ ပဏီတ အားဖြင့် ပွါးများကာ ပဋိသန္ဓေ နေကြသည်၊ ဗြဟ္မာ ဘုံတိုင်းမှာ အစေခံ အတိုင်ပင်ခံ အုပ်ချုပ်သူ ဟု ၃-မျိုးရှိကြသည်၊ ဤ သုံးဘုံမှာ ဟီန မဇ္ဈိမ ပဏီတအားဖြင့် ကံ-အမျိုးအစား ကွဲပြားလာကြသောကြောင့် သက်တမ်းမှာလည်း မတူဘဲ အသင်္ချေယျကပ်၏ သုံးပုံ့တပုံ, အသင်္ချေယျကပ်ထက်ဝက်, အသင်္ချေယျ တကပ်စသဖြင့် သက်တမ်းချင်း မတူဘဲ ရှိကြလေသည်။

အထူးအားဖြင့် ကပ္ပဿ တတိယောဘာဂေါ ဟု သာမည ဆိုသော်လည်း မီး ရေ လေတို့ဖြင့် ဖျက်တိုင်းပင်၍ ၃-ဘုံမှာ ပါ၍ ပါ၍ သွားသောကြောင့် အသင်္ချေယျကပ်ကိုသာ ယူး မဟာကပ်ကို မယူရပါ၊

ကပ္ပဿာတိ အသင်္ချေယျကပ္ပဿ၊ နပဟိ ဗြဟ္မပါရိသဇ္ဇာ ဒီနံ
တိဏ္ဏံ မဟာကပ္ပဝသေန အာယုပရိစ္ဆေဒေါ သမ္ဘဝတိ၊

## ဒုတိယရျာန် ၃-ဘုံ

ပရိတ္တာဘာ အရောင် အဆင်း နဲသော ဘုံ
အပ္ပမာဏာဘာ အတိုင်းမသိ အရောင်ရှိသော ဘုံ
အာဘဿရာ တလျှပ်လျှပ် အရောင်ရှိသော ဘုံ

**ပရိတ္တာဘာ။** ။ပရိတ္တာ အာဘာ ဧတေသန္တိ ပရိတ္တာဘာ၊ နဲသော အရောင်အဆင်းရှိသော ပရိတ္တာဘာဘုံ မည်၏။

**အပ္ပမာဏာဘာ။** ။အပ္ပမာဏာ အာဘာ ဧတေသန္တိအပ္ပမာဏာဘာ၊အတိုင်းမရှိသော အရောင်အလင်း ရှိသော ဘုံသည်အပ္ပမာဏာဘာဘုံ မည်၏

**အာဘဿရာ။** ။ အာဘာ သရန္တိ နိစ္ဆရန္တိ ဧတေသူတိ အာဘဿရာ၊အရောင်း တဝင်းဝင်း လျှပ်ပျက်သကဲ့သို့ ထွက်နေသော ဗြဟ္မာများ၏ နေရာဘုံသည် အာဘဿရာ ဘုံမည်၏၊ ဤ သုံးဘုံမှာ တပြင်တည်း အညီအမျှ တည်နေ၏၊ ဒုတိယ သို့မဟုတ် တတိယရျာန် ဝိပါက် တမျိုးမျိုးဖြင့်ပဋိသန္ဓေ နေကြသည်၊ ဟီန မဇ္ဈိမ ပဏီတ အစွမ်းဖြင့် ပွါးလျှင်၍ဘုံ ၃-ပါးမှာ အစဉ်အတိုင်း ဖြစ်ရ၏၊ သက်တမ်းမှာ မဟာကပ်ခေါ်သော ကမ္ဘာအားဖြင့် ၂-ကမ္ဘာ ၄-ကမ္ဘာ ၈-ကမ္ဘာ ရှည်သည်၊မီး ၇ ကြိမ် ဖျက်ရာတွင် ဤ၃-ဘုံ မပါပေ၊ ရှစ်ကြိမ်မြောက်ရေဖြင့် ဖျက်သော အခါမှသာ ဤဘုံများ ပါသွားရသည်၊ထို့ကြောင့်သက်တမ်း အရှည်ဆုံး အာဘဿရာဘုံမှာ ၈ကမ္ဘာ အသက် ရှည်လေသည်၊ အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊ အဂ္ဂိနာ-မီးဖြင့်၊ အာဘဿရာ-အာဘဿရာ ဘုံမှ၊ ဟေဋ္ဌာ-အောက်ဘုံများ၊ဝိနဿတိ ပျက်၏ဆိုရာ၌ ဤ ၃ဘုံလုံး ကျန်၍ အောက်ဘုံများသာ ပျက်လေသည်။

## တတိယရျာန် ၃-ဘုံ

ပရိတ္တသုဘာ နဲသော တခဲနက် အရောင်ရှိ၊
အပ္ပမာဏသုဘာ အတိုင်းမရှိ တခဲနက် အရောင်ရှိ၊
သုဘကိဏှာ ကောင်းမြတ်သော အရောင်ရှိဗြဟ္မာဘုံ

**မှတ်သားရန်။** ။ပရိတ္တာ—သုဘာ၊မလှပ်မရှက်တခဲနက် တည် ရှိသော ကိုယ်ရောင် ကိုယ်ဝါသည် သုဘာ မည်၏၊အထက် ဗြဟ္မာ များအောက် နဲသော ကိုယ်ရောင် ရှိသောကြောင့် ပရိတ္တာ သုဘာ ဗြဟ္မာများ မည်ကြ၏၊အပ္ပမာဏာ—ဟုဘာ၊အတိုင်းမရှိအောင် များ သော ကိုယ်ရောင် ကိုယ်ဝါ ရှိကြသောကြောင့်အပ္ပမာဏာ သုဘာ ဗြဟ္မာ မည်ကြ၏၊ သုဘာ—ကိဏ္ဏာ၊ အရောင်ပေါင်းဟုဆိုအပ်သော (သုဘတို့)ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့်တဖြတ်ဖြတ် တလျှပ်လျှပ် ပြိုးပျက် ခြင်း ရှိကြသောကြောင့်သုဘာကိဏ္ဏ ဟု ဆိုအပ် ဆိုသင့်လျက်ဘာ၏ အာကို အ-ပြု၊ကိဏ္ဏ၌ အောက်က ဏတလုံးကို ဟထိုးပြု၍သုဘာကိဏှာ ဟုခေါ်ထားသည်

အထူးအားဖြင့် ဤ ပ-ဈာန် ၃-ဘုံ,ဒု-ဈာန် ၃-ဘုံ,တ-ဈာန် ၃-ဘုံတို့မှာ ပန်းသတ်ဘုံ အတိုင်ပင်ခံ ပုရောဟိတ အမတ်များဘုံ မဟာ ဗြဟ္မ ကြီးများ ဘုံဟူ၍ သုံးမျိုးစီ ရှိကြ၏၊ ထိုသုံးမျိုးတို့ အနက် ဗြဟ္မပါရိသဇ္ဇာဘုံက ဗြဟ္မာများသည် ပုရောဟိတ်ဘုံနှင့် ဗြဟ္မာမင်း ကြီးများ၏ ကိုယ်ခန္ဓာကိုယ်ငြင်း ဘုံကိုငြင်း မမြင်ကြရဘဲနတ်ကို လူများက ဘယ်နေရာမှာ နေမှန်း မသိဘဲ ကိုးကွယ်ကြ သကဲ့သို့တည်း၊ ပုရော ဟိတ်ဗြဟ္မာများဗြဟ္မာမင်းကြီးများက သူတို့ကို မြင်နိုင်အောင် အထင် အရှား ကိုယ်ရောင် ပြမှ မြင်ကြရ၏၊ဗြဟ္မာမင်းကြီးများ၏ ပကတိ ခန္ဓာကိုယ်ကား မရှိ မဟုတ်၊ ရှိပါ၏၊ နှုံးညံ့လှ၍ အောက်ဗြဟ္မာ များက မမြင်ကြရခြင်း ဖြစ်လေသည်၊ ဤ တတိယ ဈာန် ၃-ဘုံမှာ စတုတ္ထ ရူပဝိပါက် ဈာန်ကို ဟိန မဇ္ဈိမ ပဏီတအားဖြင့် ပွါးကာ စတုတ္ထရူပဝိပါက် ဈာန်စိတ်ဖြင့် ပဋိသန္ဓေနေကြသည်၊ စတုတ္ထနည်းကို သတိပြု၊တပြင်တည်း အသီ အမျှ ဗိုခနောက်ဆိုင် တည်နေကြသည်။

---

စတုတ္ထဈာန် ၇ဘုံ

ဝေဟပ္ဖိုလ် ဘုံ ၁၊ အသညသတ်ဘုံ ၁၊

သုဒ္ဓါဝါသ ၅-ဘုံ = ပေါင်း ၇-ဘုံ။

**ဝေဟပ္ဖလာ**။ ။ဝိပုလံ ဖလံ ဧတေသန္တိ ဝေဟပ္ဖလာ၊ ဈာန်၏ အကျိုးဆက်အားဖြင့် ကြီးကျယ် ပြန့်ပြောသော အကျိုးပေးခြင်း ရှိသောကြောင့် ဝေဟပ္ဖလ မည်၏၊ 'ဝိပုလ+ဖလ' ပုဒ်၌ ဝိပုလကို ဝေဟ-ပြု၊ ဖလကို ပ္ဖလ ပြု၍ ဝေဟပ္ဖလ ဝေဟပ္ဖိုလ် ဘုံ ဟု ခေါ်ထားသည်။

**အသညသတ္တာ**။ ။နတ္ထိ သညာ ဧတေသန္တိ အသညာ၊ သညာ (စိတ်)ကို ရွံ့မုန်းသော သညာဝိရာဂ ဘာဝနာဖြင့် ပယ်ခဲ့၍ သညာ (အမှူးရှိသော နာမ် ခန္ဓာ)အားလုံး မရှိသောကြောင့် အသည မည်၏၊ ထို အသည မည်သော သူတို့သည်ပင် သတ္တဝါမျိုး ဖြစ်သောကြောင့် အသည သတ္တ မည်ကြ၏၊ ဤ ဝေဟပ္ဖိုလ်ဘုံ နှင့် အသညသတ် ဘုံတို့သည် တညီတညွတ်ထည်း တည်ရှိကြလေသည်၊ သုဒ္ဓါဝါသ ငါးဘုံကား ဤ ၂-ဘုံ၏ အထက်မှာ တဘုံစီ တဘုံစီ ယက်-အောက် နိမ့်-မြင့် အဆင့်ဆင့် တည်ရှိကြလေသည်၊ စိတ်မရှိ၍ သတ္တဝါ မခေါ်ရဘူး ထင်မည်စိုး၍ အသညသတ္တဟု ဆိုထားသည်။

အထူးအားဖြင့် ပထမဈာန် သုံးဘုံမှာ ဗိုခနောက်ဆိုင် သို့မဟုတ် ရောပြွမ်း၍ တည်၏ ဟု ၂-မျိုး ယူဆကြ၏၊ ဒုတိယဈာန် ၃-ဘုံ တတိယဈာန် ၃-ဘုံနှင့် ဝေဟပ္ဖိုလ် အသညသတ် တို့ကိုလည်း သီးခြားပီ တည်၏ ဟူ၍၎င်း, ရောပြွမ်း၍ တည်၏ ဟူ၍၎င်း ငြင်းကြ၏၊ စကြဝဠာ အနန္တမှာ နတ်ဘုံ ဗြဟ္မာဘုံတို့သည် သူ့စကြဝဠာနှင့် သူ့ဘုံများ အနန္တပင် ရှိကြသည်။

**သုဒ္ဓါဝါသ**။ ။သုဒ္ဓ+အာဝါသ၊ သုဒ္ဓါနံ-စင်ကြယ်ကုန်သော အနာဂါမ် နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ အာဝါသော-နေရာ ဘုံသည်၊ သုဒ္ဓါဝါသဘုံ မည်၏၊ ကိလေသာ အတောင်များများကြီး ကုန်ခမ်း စင်ကြယ်သွားသော အနာဂါမ်နှင့် လုံးဝစင်ကြယ်ပြီး ရဟန္တာများ၏ နေရာ ဖြစ်သော ဘုံသည် သုဒ္ဓါဝါသဘုံ မည်၏ ဟူလို။

**အဝိဟာ**။ ။ နဝိဟန္တိ နဝိဇဟန္တီတိ အဝိဟာ၊ မိမိ နေရာ ဘုံဌာနမှ တခဏမျှမစွန့် မခွါကြသောကြောင့် အဝိဟ ဗြဟ္မာ မည်၏၊ ကိစ္စ ဗျာပါဒ ဘာတခုမှ မရှိသဖြင့် ရွှေ့ရှား သွားလာဘွယ် မလို၊

ခိုင်ခံ့ ကြီးမားသော သမာဓိ ရှိကြသဖြင့် ဖလသမာပတ် ဈာန
သမာပတ်များနှင့်သာ မွေ့လျော် နေကြသောကြောင့် ဘယ်စိုကိုမှ
ရွေ့ရှား သွားလာမှု မရှိကြ ဟူလို။

**အတပ္ပါ**။ ။ န တပ္ပန္တီတိ အတပ္ပါ၊ ဘာတခုမှ ကြောင့်ကြ
ပူပန်စရာ မရှိသောကြောင့် အတပ္ပ မည်ကြ၏၊ အပူ အပင် မရှိ
ချမ်းသာ အတိ ပြီးနေကြသည် ဟူလို။

**သုဒဿာ**။ ။ သုခေန ဒိဿန္တီတိ သုဒဿာ၊ ချမ်းသာစွာရှု
အပ်သောကြောင့် သုဒဿ မည်၏၊ အလွန် ကောင်းမြတ် တင့်တယ်
ကြ၍ ကြည့်ရှု တွေ့မြင်ရမှာ စိတ်ချမ်းသာစရာ ဗြဟ္မာများဟူ၏။

**သုဒဿီ**။ ။ သုခေန ပဿန္တီတိ သုဒဿီ၊ စင်ကြယ် ကောင်း
မြတ်သော ဥာဏစက္ခု၊ မံသစက္ခုဖြင့် သူတပါးကို ရှုတတ်ကြည့်
တတ်သောကြောင့် သုဒဿီ မည်၏၊ သုဒဿာကား သူတပါးက
ချမ်းသာစွါ ရှုစားအပ် ကြည့်အပ်၏၊ သုဒဿီကား သူတပါးကို
ကောင်းစွ ချမ်းသာစွာ ကြည့်ရှုတတ်ကြသည်။

**အကနိဋ္ဌ**။ ။နတ္ထိ ကနိဋ္ဌော ဧတေသန္တိ အကနိဋ္ဌာ၊ အောက်
တန်းစား နုံချာသော စည်းစိမ်ဟူ၍ မရှိ၊ ကြီးကျယ် မြင့်မြတ်၍ အ
ထက်တန်းစား စည်းစိမ် ကြီးများနှင့်သာ ပြည့်စုံကြရသောကြောင့်
အကနိဋ္ဌ မည်ကြသည်၊ ဤ ငါးဘုံသည် တဘုံနှင့် တဘုံ ထက်အောက်
ယူဇနာ ငါးသန်း ငါးသိန်း ရှစ်သောင်းစီ ကွာခြား၍ တည်နေ၏။

---

## အရူပ ၄–ဘုံ

အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ၊
အာကိဉ္စညာယတနဘုံ, နေဝသညာ နာသညာယတနဘုံ၊
ဤကား အရူပ ၄–ဘုံတည်း၊

**မှတ်သားရန်**။ ။ ဤ အရူပ ၄-ဘုံသည် အကနိဋ္ဌ ဘုံမှ
အထက် ယူဇနာ ငါးသန်း ငါးသိန်း ရှစ်သောင်းစီ ကွာဝေးသော

ကောင်းကင်ပြင်၌ အဆင့်ဆင့် တည်နေကြလေသည်၊ အလင်းရောင်မရှိ၊ မှောင်အတိ ပြီးနေ၏၊ မိမိဘုံ၏ ဘုံမှာ မိမိ ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာကို အရင်းတည်လျက် ပဝတ္တိအခါ သင့်လျော်ရာ စိတ်များရကြပြီး သမ္ပယုတ္တ နာမ် တရားစု သက်သက် မျှသာ ဖြစ်ရှိကာမဟာကမ္ဘာပေါင်း ၂၀၀၀၀၊ စသည် အသက် ရှည်ကြ၏။

---

ပုထုဇ္ဇနာ န လဗ္ဘန္တိ, သုဒ္ဓါဝါသေသု သဗ္ဗထာ၊
သောတာပန္နာစ သကဒါဂါမိနော စာပိ ပုဂ္ဂလာ။
အရိယာ နောပ လဗ္ဘန္တိ, အသညာပါယ ဘူမိသု၊
သေသာဌာနေသု လဗ္ဘန္တိ, အရိယာ နရိယာပိ စ။

သုဒ္ဓါဝါသ ငါးဘုံ၌ ပုထုဇဉ် သောတာပန် နှင့် သကဒါဂါမ်တို့ကို မရ၊ အနာဂါမိ ဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ၃-ယောက်သာ ရ၏၊

အသညသတ်ဘုံ အပါယ်ဘုံ၌ အရိယာကို မရအပ်၊ ကျန်ဘုံများမှာ အရိယာရော ပုထုဇဉ်ပါ ရ၏၊

---

## ဘုံတည်ပုံ နှင့် အကွာအဝေး

ကိုးသိန်း ကိုးသောင်း၊ အထုပေါင်း၊ တည်ရှောင်း အောက်ခံ လေ
လေးသိန်း ရှစ်သောင်း၊ အထုပေါင်း၊ တည်ရှောင်း လေထက် ရေ
နှစ်သိန်း လေးသောင်း၊အထုပေါင်း၊ တည်ရှောင်း ရေထက် မြေ

သိလာ ပံသု၊ မြေ နှစ်ခု၊ အစုံ ထက်ဝက် ဝေ၊
ပံသု မြေမှာ၊ ရေရွှာ၊ တည်ပါ ဆင့်ဆင့် ပေ၊
အောက်ဆုံး လေထုမှာ ယူဇနာ ကိုးသိန်း ခြောက်သောင်း
အလယ်က ရေထုမှာ ယူဇနာ လေးသိန်း ရှစ်သောင်း,
အပေါ်က မြေထုမှာ နှစ်သိန်း လေးသောင်း ထုရှိ၏၊

မြေထုကို တသိန်း နှစ်သောင်းပြီး နှစ်စု နှစ်ပုံ ခွဲထားခဲ့၊
လူ့ဘုံ၏ တည်ရာ ပံသုမြေမှာ တသိန်း နှစ်သောင်း ထုရှိ၏၊
ပံသုအောက်က သီလာမြေမှာ တသိန်း နှစ်သောင်းပင် ထူ၏၊
ငရဲကြီး ရှစ်ထပ်သည် အကျယ် အဝန်း အမြင့် ယူဇနာ တသောင်းစီရှိ၍ ပံသုပထဝီ အတွင်းမှာ အဆင့်ဆင့် တည်၏၊

အထူးအားဖြင့် မဟာမြင့်မိုရ်တောင်မင်းသည် လူ့ပြည်မှအထက် တာဝတိံသာ ဘုံထိပ်အထိ ယူဇနာ ရှစ်သောင်း နှင့် လေးထောင် မြင့်၍လူ့ပြည်မှအောက်သို့လည်း ယူဇနာ ရှစ်သောင်းလေးထောင်ပင် စူးဝင် နစ်မြုပ်နေ၏၊ ထို့ကြောင့် နှစ်သိန်း လေးသောင်း အထုရှိသော မြေထု နှစ်ခု၏ အောက်က ရေထု၏ ထက်ဝက် နှစ်သိန်း လေးသောင်း ထိအောင် စူးဝင် နစ်မြုပ် နေပေသည်၊ မြင့်မိုရ် တတောင်လုံးကို ခွဲချုတ်၍ တိုင်းတာလျှင် ယူဇနာ ကိုးသိန်း နှင့် ခြောက်သောင်း (လေထု နှင့် အညီ) ရှိလေသည်။

## သံဝေဂ ရဘွယ်

**သိနေရုံ ဘိန္ဒိတုံ သက္ကာ, ဝိသိတုံစ မဟာမဟိံ၊**
**သောသေတု အဏ္ဏဝေ တောယံ, န သက္ကာ အတ္တ မညနံ။**

သိနေရုံ–မြင့်မိုရ်တောင်မင် ကို၊ ဘိန္ဒိတုံ စ–ဖြိုခွဲ၊ ဖျက်ဆီးဘို့ရာရင်း၊ မဟာမဟိံ–နှစ်သိန်းလေးသောင်း ထုရှိသည့် မဟာပထဝီ မြေကြီးကို၊ ဝိသိတုံ စ–အနှံ့ကြိတ်ဘို့ရာရင်း၊ အဏ္ဏဝေ–သမုဒ္ဒရာကြီး လေးစင်း၌၊ တောယံ–ရှိသမျှ ရေတွေကို၊ သောသေတုံ စ–ခမ်းခြောက်ပျောက်ပျက် သွားဘို့ရာရင်း၊ သက္ကာ–စွမ်းဆောင်နိုင်ပါသေး၏၊ အတ္တမညံ့–ငါဘဲ သူဘဲ အထင်လွဲလာသည့် အတ္တာကြီးကို ငါစွဲကြီးကို၊ ဘိန္ဒိတုံ–ဖျက်ဆီးချေမှုန်း၊ အစတုံးဘို့ အခါမှာ၊ နသက္ကာ–တတ်နိုင်ဘို့ ဝေးပါရဲ့၊ အရှုံးပေး လက်မှိုင်ချကာ ယခုထက်တိုင် ငေးမှိုင်၍သာ နေခဲ့ကြရပါပြီ တကား၊

သံသရာ စခန်း သံသရာ့ ဝန်ထမ်း မှုကြီးသည် ကြောက်ဘွယ် လန့်ဘွယ် ကောင်းပေစွ၊ တဘဝတသက်စာ့လျှပ်တပြက် အခါကြာလေး မငဲ့ညာ မထောက်သာ ကြောက်စရာကြီး ပါတကား။

လေးသောင်း နှစ်ထောင်၊ အကွာဆောင်၊
လူ့ဘောင် နတ်ခြောက်ရွာ၊
နှစ်သိန်း ငါးသောင်း၊ နှစ်ထောင်ပေါင်း၊
ဝေးကြောင်း လူ-ဝဿာ။

လူ့ဘုံမှ အဝီစိသို့ .... ၁၅၀၀၀ × ၈ = ၁၂၀၀၀၀
လူ့ဘုံမှ ဝသဝတ္တီသို့ .... ၄၂၀၀၀ × ၆ = ၂၅၂၀၀၀
အဝီစိမှ ဝသဝတ္တီသို့ .... နှစ်ရပ်ပေါင်း = ၃၇၂၀၀၀
လူ့ဘုံမှ အောက်ဘုံများ ၁၅၀၀၀စီ၊ အထက်ဘုံများ ၄၂၀၀၀စီ၊

## ဗြဟ္မာ ဘုံချင်း အကွာ အဝေး

ဝသဝတ္တီမှ ပ-ဈာန်ဘုံသို့ (၁)၊ ၎င်းမှ ဒု-ဈာန်ဘုံသို့ (၂)
၎င်းမှ တ-ဈာန်ဘုံသို့ (၃)၊ ၎င်းမှ ဝေ-အသညသို့ (၄)
၎င်းမှ အဝိဟာသို့ (၅)၊ ၎င်းမှ အတပ္ပါသို့ (၆)
၎င်းမှ သုဒဿာသို့ (၇)၊ ၎င်းမှ သုဒဿီသို့ (၈)
၎င်းမှ အကနိဋ္ဌာသို့ (၉)၊ ၎င်းမှ အာကာသသို့ (၁၀)
၎င်းမှ ဝိညာဏသို့ (၁၁)၊ ၎င်းမှ အာကိဉ္စသို့ (၁၂)
၎င်းမှ နေဝသညာသို့ (၁၃)၊ ငါးသန်း ငါးသိန်း နှစ်ထောင်စီ
ထို့ကြောင့် ဝသဝတ္တီမှ နေဝသညာသို့ ငါးသန်း ငါးသိန်း နှစ်ထောင် ၁၃-ပြန် (၅၅၀၈၀၀၀ × ၁၃ = ၇၁၆၀၄၀၀၀) ဝေးသည်၊

လူ့ဘုံမှ နေဝသညာသို့ ၂၅၂၀၀၀ + ၇၁၆၀၄၀၀၀ = ၇၁၈၅၆၀၀၀
အဝီစိမှ နေဝသညာသို့ ၃၇၂၀၀၀ + ၇၁၆၀၄၀၀၀ = ၇၁၉၇၆၀၀၀

အဝီစိမှ လူ့ဘုံသို့ ၁၅၀၀၀ ရှစ်ပြန် = ၁၂၀၀၀၀
လူ့ဘုံမှ ဝသဝတ္တီသို့ ၄၂၀၀၀ ခြောက်ပြန် = ၂၅၂၀၀၀
ဝသမှ နေဝသို့ ၅၅၀၈၀၀၀ ဆယ့်သုံးပြန် = ၇၁၆၀၄၀၀၀

ကုဋေ ခုနစ်၊ သန်းမှာ တစ်၊ သိန်းရှစ် သောင်း ပဉ္စာ၊
ထောင်မှာကား ဆ၊ လူ-နေဝ၊ ဝေးလှ ယူဇနာ။

ဘူမိ စတုက္က ပြီး၏

## ၂။ ပဋိသန္ဓိ စတုက္က

(က) အပါယ ပဋိသန္ဓိ ....အပါယ် ပဋိသန္ဓေ
(ခ) ကာမသုဂတိ ပဋိသန္ဓိ ....ကာမသုဂတိပဋိသန္ဓေ
(ဂ) ရူပါဝစရ ပဋိသန္ဓိ ....ရူပါဝစရ ပဋိသန္ဓေ
(ဃ) အရူပါဝစရ ပဋိသန္ဓိ ....အရူပါဝစရ ပဋိသန္ဓေ

### (က) အပါယ် ပဋိသန္ဓေ

အကုသလဝိပါက် ဥ-သန္တီရဏစိတ်သည် အပါယ် ဘုံ၌ ပဋိသန္ဓေ အခါမှာ ပဋိသန္ဓေကိစ္စ တစ်၌ ထို့နောင် ဘဝင်ကိစ္စ တစ်လျှက်နောက်ဆုံးမှာ စုတိကိစ္စ တစ်ကာ ဘာပြတ်သွား၏၊ ဤကား အပါယ်ပဋိသန္ဓေ တပါးတည်း။

### (ခ) ကာမသုဂတိ ပဋိသန္ဓေ

ကုသလဝိပါက် ဥ-သန္တီရဏ စိတ်သည် လူ့ဘုံ နှင့် စာတုမဟာရာဇ်ဟူသော ကာမသုဂတိ ၂-ဘုံ၌ ဇစ္စန္ဓ အစရှိသောလူပုဂ္ဂိုလ်များ နှင့် ဘုမ္မသိတ ဝိနိပါတိက အသုရကာယ်တို့မှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတို့၏ အစွမ်းဖြင့်ဖြစ်၏။

မဟာဝိပါက်စိတ် ၈-ပါးတို့သည်ကား ကာမသုဂတိ ၇-ဘုံလုံးမှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ အစွမ်း အားဖြင့် ဖြစ်ကြသည်၊

ကာမသုဂတိ ပဋိသန္ဓေ ကိုးပါး နှင့် ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေ တပါး ပေါင်း ကာမပဋိသန္ဓေ ၁၀-ဖြစ်၏။

**မှတ်သားရန်။** ။အပါယ် လေးဘုံသည် မကောင်းသောအခြေ အနေ အလားအလာ ရှိသောကြောင့် ဒုဂ္ဂတိဘုံ ခေါ်သည်၊ ထို

အပါယ်ဘုံသား အားလုံးသည် အကုသလဝိပါက် ဥ-သန္တီရဏစိတ် တခုဖြင့်သာပဋိသန္ဓေ နေသောကြောင့် အပါယ်ဘုံမှာ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်ဘယောက်သာ ရ၏ဟု ဆိုရ၏၊ လူနှင့် စာတုမဟာရာဇ် ၂ဘုံ၌ ကုသလဝိပါက် ဉ-သန္တီရဏဖြင့် ပဋိသန္ဓေ နေသော ဇစ္စန္ဓ စသည့် ပုဂ္ဂိုလ်များကို သုဂတိ အဟိတ် ပုဂ္ဂိုလ်ဟု ခေါ်သည်၊ ရုပ်ပဋိသန္ဓေ နေသော အသညသတ် ပုဂ္ဂိုလ်ကိုလည်း သုဂတိ အဟိတ် ပုဂ္ဂိုလ်ဟု ခေါ်၏၊လူ့ဘုံနှင့် နတ် ၆-ဘုံကိုကောင်းသော အလားရှိသောကြောင့် ကာမသုဂတိဘုံဟု ခေါ်သည်၊ထိုဘုံများ၌ မဟာဝိပါက် ရှစ်ပါးဖြင့် ပဋိသန္ဓေ နေကြသည်။

**ဇစ္စန္ဓာဒိနံ**။ ။ဇာတိ+အန္ဓ၊ပဋိသန္ဓေအားဖြင့်ကန်းသူသည် ဇစ္စန္ဓ မည်၏၊ဇစ္စဗဓိရ-ပဋိသန္ဓေက ထိုင်းသူ၊ဇစ္စမူဂ-ကံမပါခဲ့၍ ပဋိသန္ဓေက ဆွံ့အသူ၊ ဇစ္စဠေ-တောင်မြောက် မှူးပဲ့ စသည်ကို မသိအောင် ထိုင်း အသောသူ၊ဇစ္စုမ္မတ္တက-ဝမ်းတွင်းရူး၊ပဏ္ဍက-နပုံး စသော ပဏ္ဍုက် ငါးမျိုး၊ဥဘတောဗျဉ္စနက-လိင် ၂-မျိုးပါလာသော ဥဘတောဗျည်း၊ မမ္မ-စကား ထစ်အသော သူ၊ စကား အသံ ထွက်အောင် ရံရွဲကာ အတော်ကြိုးအားထုတ် ပြောရသူ မမ်းစွဲသူ ဟူ၍လည်း ခေါ်၏၊ဤသို့ စသော ပုဂ္ဂိုလ်များသည် သုဂတိ အဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

**ဘုမ္မဿိတ ဝိနိပါတိက**။ ။ ဘူမိယံ ဇာတာ ဘုမ္မာ၊မြေကြီး၊ သစ်ပင် တောတောင် စသော ပိမာန်ကို မှီ၍ ဖြစ်ရသည် သာတ ဂိရိ ဟေမဝတ စသော တံခိုးရှင် ဘုန်းရှင် နတ်ကြီးများကို ကောက်ရ၏၊ ဘုမ္မေ သိတာ ဘုမ္မဿိတာ၊ ထိုဘုံပိုင်ရှင် နတ်ကြီးများကို မှီခို ကပ်ရပ် ဖြစ်ရသော အောက်တန်းစား နတ်များသည် ဘုမ္မဿိတ မည်၏၊ချမ်းသာ အပေါင်းမှ ကင်းဝေး၍ ဘောက်ပြန်သော အခြေအနေအားဖြင့် ကျရောက်ဖြစ်နေကြရသောကြောင့် ဝိနိပါတိကလည်း မည်ကြပြန်သည်။

**သုခသမုဿယတော ဝိဂတာ ဝိရုပါဝါ ဟုတွာ ဘဝန္တရေ နိပတန္တိတိ ဝိနိပါတိကာ၊**

ထို ဘုမ္မဿိတတို့မှာကိုယ်ပိုင်ဘုံသီးခြားမရှိဘဲ သစ်ပင်လိုဏ်ခေါင်း သုသာန် စသော နေရာများမှာဖြစ်နေကြရ၍အောက်တန်းစား တစ္ဆေ

မြေဘုတ် ပြိတ္တာ အသုရကာယ်များ ဖြစ်ကြသည်၊ ထိုအောက်တန်းစား များမှာ ဤ အကုသလဝိပါက် ဥ-သန္တီရဏ အဟိတ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေ နေကြရ၏၊ အထက်တန်း ကျသော ဝိနိပါတိက နတ်များမှာ ဒွိဟိတ်ကုသိုလ်ဖြင့် ပဋိသန္ဓေနေကြသဖြင့် မဂ်တရား ဖိုလ်တရား အထိ ရနိုင်၍ အတော်အတန် အခြေအနေ ကောင်းပေသည်။

---

ထိုအပါယ်ဘုံ စသည့်တို့တွင် အပါယ် ၄-ဘုံသား လူများဝိနိပါတိက အသုရာများမှာ သက်တမ်း အမြဲမရှိ

**မှတ်သားရန်။** ။အပါယ်ဘုံမှ ကံသာ ပမာဏ ဖြစ်၏၊မှန်၏· အပါယ်ဘုံသားများမှာ ကံမကုန်မချင်း မသေနိုင်သောကြောင့် ကံသာ လျှင် ပမာဏ ရှိချေသည်၊ ဘုမ္မစိုး နတ်များမှာလည်းဤအတိုင်းပင်၊ အချို့နတ်မှာ ၇-ရက်နှင့် အချို့မှာ တကပ်လောက် အသက်ရှည်ကြ၏၊ လူများလည်း ခေါ်ဆယ်နှစ်မှအသင်္ချေအထိ သက်တမ်းမမြဲဘဲရှိကြ၏။

လူ ဘုမ္မစိုး၊ ပါယ်လေးမျိုး၊ သက်ပိုင်း ငြမရှိ။
အရှေ့ကျွန်းမှာ၊ ခုနှစ်ရာ၊ နောက်မှာ ငါးရာတိ၊
မြောက်ကျွန်း တထောင်၊ အငြဲဆောင်၊ တောင်မှာ ငြမရှိ၊

---

စတုမဟာရာဇ် ဘုံသား နတ်တို့၏ အသက်တမ်းမှာ နတ်တို့၏ နှစ်အားဖြင့် ၅၀၀ ရှည်၏၊ လူတို့၏ နှစ်အရေ အတွက်အားဖြင့် အနှစ် ကိုးသန်း အသက် ရှည်၏၊

| | | | | |
|---|---|---|---|---|
| ထို | ၄-ဆသည့် | တာဝတိံသာ | နတ်သက် | ၁၀၀၀ |
| ထို | ၄-ဆသည့် | ယာမာ | နတ်သက် | ၂၀၀၀ |
| ထို | ၄-ဆသည့် | တုသိတာ | နတ်သက် | ၄၀၀၀ |
| ထို | ၄-ဆသည့် | နိမ္မာနရတိ | နတ်သက် | ၈၀၀၀ |
| ထို | ၄-ဆသည့် | ပရနိမ္မိတ | နတ်သက် | ၁၆၀၀၀ |

ပရနိမ္မိတ ဝသဝတ္တီ နတ်သက်မှာ လူ့နှစ်အားဖြင့် ကိုးရာနှစ်ဆဲ့တကုဋေ ခြောက်သန်း (၉၂၁၆၁၀၀၁၁)ရှိ၏။

## နတ်သက်တမ်း

| ဘုံအမည် | နတ်သက် | လူ့နှစ်အရေအတွက် |
|---|---|---|
| စတု | ၅၀၀ | ၉၀၀၀၀၀၀ |
| တာဝ | ၁၀၀၀ | ၃၆၀၀၀၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄၀၀၀၀၀၀ |
| တုသိ | ၄၀၀၀ | ၅၇၆၀၀၀၀၀၀ |
| နိမ္မာ | ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ |
| ပရ | ၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ |

## နတ်သက် နှင့် လူ့နှစ်

| ဘုံ | ရက် | လ | နှစ် |
|---|---|---|---|
| စတု | ၁ | ၁ | ၁ |
| လူ | ၅၀ | ၁၅၀၀ | ၁၈၀၀၀ |
| တာဝ | ၁ | ၁ | ၁ |
| လူ | ၁၀၀ | ၃၀၀၀ | ၃၆၀၀၀ |
| ယာမာ | ၁ | ၁ | ၁ |
| လူ | ၂၀၀ | ၆၀၀၀ | ၇၂၀၀၀ |
| တုသိ | ၁ | ၁ | ၁ |
| လူ | ၄၀၀ | ၁၂၀၀၀ | ၁၄၄၀၀၀ |
| နိမ္မာ | ၁ | ၁ | ၁ |
| လူ | ၈၀၀ | ၂၄၀၀၀ | ၂၈၈၀၀၀ |
| ပရ | ၁ | ၁ | ၁ |
| လူ | ၁၆၀၀ | ၄၈၀၀၀ | ၅၇၆၀၀၀ |

ယာနိ ပညာသ ဝဿာနိ, မနုဿာနံ ဒိနော တဟိံ၊
တိံသ ရတ္တိ-ဒိဝေါ မာသော, မာသာ ဒွါဒသ သံဝစ္ဆရော၊
တေန သံဝစ္ဆရေနာ ယု, ဒိဗ္ဗံ ပဉ္စသတံ မတံ။

မနုဿသာနံ–လူတို့၏၊ ယာနိ ပဉ္စာသဝဿာနိ–အနှစ် ၅၀–တို့သည်၊ တဟိ–ထို စတုမဟာရာဇ်နတ်ဘုံ၌၊ ဒိနော–တရက်စာတည်း၊ တိံသ ရတ္တိ ဒိဝေါ–ညဥ့် နေ့ (ရက်ပေါင်း) ၃၀–သည်၊ မာသော–တလ တည်း၊ (ရက်မစုံပရှိ) ဒွါဒသ မာသာ–၁၂–လတို့သည်၊ သံဝစ္ဆရော–တနှစ်တည်း၊ တေန သံဝစ္ဆရေန–ထိုနတ်ဘို့၏ နှစ်အားဖြင့်၊ ဒိဗ္ဗံ ပဉ္စ သတံ– နတ်တို့၏ အနှစ် ငါးရာကို၊ အာယု– စတုမဟာရာဇ် နတ်၏ အသက် ဟူ၍၊ မတံ–သိအပ်၏။

**တစတောစတုဂုဏ်။** ။တာဝတိံသာ၏ ၁၀၀၀–သည် စတုမဟာရာဇ် ၅၀၀နှင့် ထောက်စာပါလျှင် ၁၀၀၀–က ၅၀၀–ထက် နှစ်ဆ ပိုနေသည်ကို တွေ့ရ၏၊ သို့သော် စတုမဟာရာဇ်တို့၏ တရက် အချိန်မှာ လူ့အနှစ် ၅၀–ခန့် ရှိ၍ တာဝတိံသာ၏ တရက်မှာ လူ့ အနှစ် ၁၀၀ ခန့် ကြာရှိပုံကို တွေ့ရ၍ ရက် အားဖြင့် တဆင့်ထက် တဆင့် အချိန် နှစ်ဆ နှစ်ဆ ပိုနေနှုန်းသောကြောင့် ရက်နှစ်ဆ နှစ် နှစ်ဆ အားဖြင့် ၄–ဆစီ ပို၍ အသက်ရှည်ကြပုံကို သိရ၏၊ ဥပမာ– ပြားငါးဆယ်တန် ငါးမူးပြား ငါးဆယ်နှင့် ပြားတရာတန် ကျပ်ပြား တထောင်တို့၏ ပမာဏကို နှိုင်းချိန်ရာတွင် ကျပ်ရေအားဖြင့် နှစ်ဆ ပြားရေအားဖြင့် နှစ်ဆ အားဖြင့် လေးဆ ပိုနေကြောင်း တွေ့ရှိရသကဲ့ သို့တည်း၊ နတ်သက်မှာ ၅၀၀ မှ ၁၀၀၀ ကို ထောက်လျှင်နှစ်ဆ ပင်ဟု ခပ်လွယ်လွယ် ပြောကြခြင်းကား အပျင်းကြိုက် ပြီးစလွယ်သာ ဖြစ်၍ မမှတ်အပ်၊ ဥပမာ၌ ငါးမူးပြား ၅၀၀–၏ လေးဆသည် ကျပ်ပြား ၁၀၀၀ ဖြစ်ရပုံကို ပြန်၍ နိုင်းနှိုင်းကြည့်ပါ၊ ငါးမူးပြား ငါးရာ၏ နှစ်ဆမှာ ကျပ်ပြား ၅၀၀–သာ ဖြစ်၍ ၁၀၀၀ မဖြစ်နိုင်၊ လေးဆ တိုးမှသာ တထောင် ဖြစ်နိုင်သောကြောင့်တည်း။

**ရက်နှစ်နှင့် ၄–ဆ။** ။စာတုမဟာရာဇ် နတ် ပြည်မှာ တရက် စာသည် လူ့အနှစ် ၅၀ ကြာ၏၊ တာဝတိံသာမှာ ၁၀၀ ကြာ၏၊ ယာမာ မှာ ၂၀၀၊ တုသိတာမှာ ၄၀၀၊ နိမ္မာနမှာ ၈၀၀၊ ပရနိမ္မိတမှာ ၁၆၀၀ ကြာ၏၊ ရက်အားဖြင့် ၂–ဆစီ ကြာ၍ နှစ်အားဖြင့် ၂–ဆစီ အားဖြင့် ၄–ဆစီ ပို၍အသက်ရှည်၏၊ ထို့ကြောင့် –

စတုမဟာရာဇ် ၌ လူ့နှစ်အားဖြင့် ကိုးသန်း
တာဝတိံသာ ၌ ကိုးသန်း လေးလီ သုံးကုဋေ ခြောက်သန်း
ယာမာ၌ ငါးဆဲ့လေးကုဋေ နှင့် လေးသန်း
တုသိတာ၌ ငါးဆဲ့ ခုနစ်ကုဋေ ခြောက်သန်း
နိမ္မာနရတိ၌ နှစ်ရာ့သုံးဆယ်ကုဋေ လေးသန်း
ပရနိမ္မိတ၌ ကိုးရာ နှစ်ဆဲ့တကုဋေ ခြောက်သန်းကြာ၏။

နဝသတဉ္စေက ဝီသ,ဝဿာနံ ကောဋိယော တထာ၊
ဝဿ သတ သဟဿာနိ, သဋ္ဌိစ ဝသဝတ္တိသု။

ဝဿာနံ-လူ့နှစ်တို့၏၊ နဝသတံ ကောဝိသတိ ကောဋိယောစ-ကိုးရာ နှစ်ဆဲ့ တစ်ကုဋေတို့သည်၎င်း၊ တထာ-ထို့ပြင်၊ သဋ္ဌိဝဿ သတ သဟဿာနိစ- အနှစ် ခြောက်သန်းတို့သည်၎င်း၊ ဝသဝတ္တိသု-ဝသဝတ္တိ နတ်တို့၏၊ အယုပ္ပမာဏံ-သက်တမ်း ပမာဏတည်း၊ ဤသို့ သင်္ဂြိုဟ်၌ အစကိုးသန်းနှင့် အဆုံးသန်းခြောက်သာ ပြထားပေသည်။

---

## (ဂ) ရူပ ပဋိသန္ဓေ ၆-မျိုး

ရူပ ပဉ္စမဈာန် ဝိပါက်သည် ပဉ္စမဈာန် ၃-ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တာ၍ ဖြစ်၏၊

ဒု-ဈာန် တ-ဈာန် ဝိပါက်သည် ဒုဈာန် သုံးဘုံ၌.......
စတုတ္ထဈာန် ဝိပါက်သည် တတိယဈာန် သုံးဘုံ၌.......
ပဉ္စမဈာန် ဝိပါက်သည် စတုတ္ထဈာန် ခြောက်ဘုံ၌.......

အသညသတ် ပုဂ္ဂိုလ်များမှာ ဇီဝိတနဝက ရုပ်စုသည် ပင် ပဋိသန္ဓေ စုတိ ကိစ္စ တာ၍၏၊ ဤ ရူပ ဝိပါက် ငါးပါး နှင့် ဇီဝိတ ရုပ်စုသည် ရူပ ပဋိသန္ဓေ ၆-ပါး မည်၏။

**မှတ်သားရန်။** ။ ရူပါဝစရ ဈာန်ကို စတုက္ကနည်း အရ ၄-မျိုး သာခွဲ၍ ဘုံ ဌာနကိုလည်း ၄-မျိုး ခေါ်ထားသည်၊ ဤ ပဋိသန္ဓေ

အခန်းမှာ ရူပ ဝိပါက်ကို စတုက္က နည်းသာ ယူရပုံကို သေချာစွာ မှတ်လေ၊ ဓာတ်ကြီး ၄-ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ ဟူသော ဤ ဇီဝိတ နဝက ကလာပ်စုမှ ဂန္ဓ, ရသ, ဩဇာ သုံးပါးကို နှုတ်လျှင် ဇီဝိတ ဆဋ္ဌက ကလာပ် ဖြစ်လာ၏၊ ဂန္ဓ, ရသ, ဩဇာ သုံးမျိုးကို မရနိုင်သောကြောင့် ဇီဝိတ ဆဋ္ဌက ရုပ်စုဖြင့်သာ အသညသတ် ဘုံမှာ ပဋိသန္ဓေ နေရ၏ ဟု မူလဋီကာဆရာ မိန့်တော်မူသည်။

---

## (ဃ) အရူပ ပဋိသန္ဓေ ၄-ပါး

ပဌမဈာန် ဝိပါက်သည် ပဌမဈာန် ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်၍ ဖြစ်၏၊

ဒုတိယဈာန် ဝိပါက်သည် ဒုတိယဈာန် ဘုံ၌....

တတိယဈာန် ဝိပါက်သည် တတိယဈာန် ဘုံ၌...

စတုတ္ထဈာန် ဝိပါက်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်၍ ဖြစ်၏။

**မှတ်သားရန်။** ။အရူပဝိပါက် ၄-ပါးသည် အရူပ ၄-ဘုံမှာ အစဉ်အတိုင်း ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်၍ ဖြစ်ကြသည်၊ ဤကား အရူပ ပဋိသန္ဓေ ၄-ပါးတည်း။

## ဖြဟ္မာတို့ သက်တမ်း

ဗြဟ္မပါရိသဇ္ဇာဘုံမှာ အသင်္ချေယျကပ်၏ သုံးပုံ့တပုံ ဗြဟ္မ ပုရောဟိတာဘုံမှာ အသင်္ချေယျကပ် ထက်ဝက် မဟာ ဗြဟ္မာ ဘုံမှာ အသင်္ချေယျကပ် တကပ် ရှည်၏၊

| | | | |
|---|---|---|---|
| ပရိတ္တာဘာဘုံမှာ | .... | မဟာကပ် | ၂-ကပ်(၂-ကမ္ဘာ) |
| အပ္ပမာဏာဘာ | .... | မဟာကပ် | ၄-ကပ် |
| အာဘဿရာ | .... | မဟာကပ် | ၈-ကပ် |

| | | | |
|---|---|---|---|
| ပရိတ္တာသုဘာ | .... | မဟာကပ် | ၁၆-ကပ် |
| အပ္ပမာဏာသုဘာ | .... | မဟာကပ် | ၃၂-ကပ် |
| သုဘကိဏှာ | .... | မဟာကပ် | ၆၄-ကပ် |
| ဝေဟပ္ဖိုလ် နှင့် အသညသတ်မှာ | | မဟာကပ် | ၅၀၀-စီ |
| အဝိဟာဘုံမှာ | .... | မဟာကပ် | ၁၀၀၀ |
| အတပ္ပါ ဘုံမှာ | .... | မဟာကပ် | ၂၀၀၀ |
| သုဒဿာမှာ | .... | မဟာကပ် | ၄၀၀၀ |
| သုဒဿီမှာ | .... | မဟာကပ် | ၈၀၀၀ |
| အကနိဋ္ဌမှာ | ... | မဟာကပ် | ၁၆၀၀၀ |
| အာကာသာနဉ္စာမှာ | ... | မဟာကပ် | ၂၀၀၀၀ |
| ဝိညာဏဉ္စာမှာ | .... | မဟာကပ် | ၄၀၀၀၀ |
| အာကိဉ္စညမှာ | .... | မဟာကပ် | ၆၀၀၀၀ |
| နေဝသညာမှာ | .... | မဟာကပ် | ၈၄၀၀၀ |

---

**ပဋိသန္ဓိ ဘဝင်္ဂ, တထာ စဝန မာနသံ၊**
**ကေမေဝ တထေဝေက, ဝိသယဉ္စေက ဂေါ်စရိယံ။**

ကေဇာတိယံ-တခုသော ဘဝ၌၊ ပဋိသန္ဓိ စ-ပဋိသန္ဓေ စိတ်သည်၎င်း၊ ဘဝင်္ဂဉ္စ-ဘဝင် စိတ်သည်၎င်း၊ စဝန မာနသဉ္စ-စုတိ စိတ်သည်၎င်း၊ ကေမေဝ-တခုထည်း တူ၍ဖြစ်ပါတည်း၊ တထာ-ထို့အတူ၊ ဧကဝိသယဉ္စ-တူသော အာရုံကို အာရုံပြုခြင်း ရှိသည်လည်း၊ ဟောတိ-ဖြစ်ရ၏၊

**မှတ်သားရန်။** ။ကေမေဝါတိ ဘူမိတော ဇာတိတော သမ္ပယုတ္တ ဓမ္မတော သင်္ခါရတောစ သမာနမေဝ၊ ဘုံ-ဇာတ်-သမ္ပယုတ်-သင်္ခါရအားဖြင့် တမျိုး တစား တသားတည်း တူခြင်းသည် ကေ

မည်၏၊ စိတ်တခုတည်းကပင် တဘဝတွက်မှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်ကာ ဖြစ်လာသောကြောင့် ဘုံဇာတ် သမ္ဘယုတ် သန်ရှ္မ အာရုံအားဖြင့် တူရခြံ ဓမ္မတာ ဟူလို။

ဘဝ တခု၊ သံ ဘွင် ၃ု၊ သုံးခု ထပ်စခြေ၊
ဘုံ ဇာတ် သံ သင်၊ အာ ငါးအင်၊ သံ ဘွင် ၃ု မကွဲ။

---

## ကမ္ဘာကြီး အလှဲ့ကျ ပျက်ရပုံ

မီး ခုနှစ်တန်၊ ရေ တတန်၊ ရှစ်ပြန် ဆုံး လေခတ်၊

သတ္တ သတ္တ ဂ္ဂိနာ ဝါရာ, အဋ္ဌမေ အဋ္ဌမေ ဒကာ၊
စတုသဋ္ဌိ ယဒါပုဏ္ဏာ, ဧကော ဝါယု ဝရော သိယာ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | ရေ |
| မီး | မီး | မီး | မီး | မီး | မီး | မီး | လေ |

မီး ၇-ကြိမ်စီ ရှစ်ကြိမ်မြောက်မှာ ရေတကြိမ် ၆၄-ကြိမ်မြောက်မှာ လေတကြိမ် ဤသို့ ကမ္ဘာကြီးသည် မီး ရေ လေသို့ဖြင့်အလှဲ့ကျ ပျက်ရ၏

---

အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ, အာပေန သုဘကိဏှတော၊
ဝေဟပ္ဖလ တော ဝါတေန, ဧဝံ လောကော ဝိနဿတိ၊
ပ-သု-တ-ဝေ၊ ချာန်ဘုံနှင့်ဇွဲ၊ မီး-ရေ-လေနယ်မှတ်၊

မိးဖြင့် .... ပဌမဈာန် သုံးဘုံနှင့် တကွ အောက်ဘုံများ....
ရေဖြင့် .... ဒုတိယဈာန် သုံးဘုံနှင့် တကွအောက်ဘုံများ....
လေဖြင့်.... တတိယဈာန် ဘုံနှင့် တကွအောက်ဘုံများအကုန်ပျက်၏

ဇာတိ အာဏာ၊ ဝိသယာ၊ သုံးဖြာ လောကခေတ်၊
သောင်း သိန်း ကုဋေ၊ အသင်္ချေ၊ သုံးထွေ အစဉ်ဟပ်၊
ဖြစ်-ပျက် နှစ်ဖြာ၊ အတူမှာ၊ အာဏာခေတ်ဟု မှတ်။

စကြဝဠာ တသောင်းကို ဇာတိခေတ် ခေါ်၏၊
စကြဝဠာ ကုဋေတသိန်းကို အာဏာ ခေတ်ခေါ်၏၊
စကြဝဠာ အနန္တကို ဝိသယခေတ် ခေါ်၏၊

အာဏာခေတ် ခေါ်သော စကြဝဠာ ကုဋေတသိန်းထိအောင် မိး ရေ လေဖြင့် ဖျက်ရာ၌ ပျက်တူ ဖြစ်တူတည်း၊ အထူးအားဖြင့် ဘာဖြင့် ဖျက်ဖျက် စတုတ္ထဈာန် ၇-ဘုံ နှင့် အရူပ ၄-ဘုံသည် မည်သည့်အခါမှ မပျက်စီးပေ၊ အမြဲ တည်နေပေသည်။

ပဋိသန္ဓိစတုက္ကပြီး၏

---

## အချိန် ကပ် ၄-မျိုး

အာယု အန္တရ၊ အသင်္ချ၊ မဟာကပ် လေးမျိုး၊

၁။ သက်တမ်း တခုသည် အာယုကပ် တခု
၂။ တက်ကပ် ဆုတ်ကပ် တစုံသည် အန္တရကပ်တခု၊
၃။ အန္တရကပ် ၆၄-သည် အသင်္ချေယျ တကပ်၊
၄။ အသင်္ချေယျ ၄-ကပ်သည် မဟာကပ်တခု မည်၏။

**မှတ်သားရန်။** ။မည်သည့်ဘုံ မည်သည့် သတ္တဝါမျိုးမှာမဆို သက်တမ်း တခုသည် အာယုကပ် တကပ် မည်၏၊ ၁၀-နှစ်တမ်းမှာ ၁၀-နှစ်အချိန်သည်ပင်း, တရာတမ်းမှာ တရာအချိန်, အသင်္ချေယျ

ဘမ်းမှာ အသင်္ချေယျ အချိန်သည် အာယုကပ် မည်၏၊ အယု-အသက် ကပ္ပ-ရှည်ခံ့ တည်နေသော အချိန်အခါ သက်တမ်းကို အာယုကပ် ခေါ်သည်၊ အာယုကပ္ပ အရာ၌လည်း ဤအာယုကပ်ကို သုံးလိမ့်မည် ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်ကပ်ကို အာရောဟဏ ကပ်ဟု ခေါ်၏၊ အသင်္ချေတမ်းမှ ၁၀နှစ်တမ်းအထိလျော့ကျဆုတ်ယုတ် လာသော အခါကို ဩရောဟဏ ကပ်ဟု ခေါ်၏၊ ထို အတက်အကျ အာယုကပ် တစုံကို အန္တရကပ် တခု ခေါ်သည်၊ အန္တရ ကပ်ပေါင်း ၆၄ကပ်ကို အသင်္ချေယျ တကပ် ခေါ်သည်၊ ထိုအသင်္ချေယျ ၄-ကပ်ကို မဟာကပ် တခု ဝါ-တကမ္ဘာ ခေါ်သည်။

## အသင်္ချေယျကပ် ၄-မျိုးမှာ

(က) သံဝဋ္ဋ ကမ္ဘာကြီးပျက်စီးနေဆဲ အချိန်၊
(ခ) သံဝဋ္ဋဋ္ဌာယီ ကမ္ဘာ ပျက်ကြီးအတိုင်း တည်နေချိန်၊
(ဂ) ဝိဝဋ္ဋ ကမ္ဘာကြီးအသစ် တည်ဆောက်နေချိန်၊
(ဃ) ဝိဝဋ္ဋဋ္ဌာယီ တည်ဆောက်ပြီး၍ သတ္တဝါတွေ နေချိန်။

**သံ ဝိ ဝဋ္ဋ်တွင်၊ ဌာယီ ယှဉ်၊ သင်္ချေ လေးလီ မှတ်၊**
**ပျက်,တည်,ဖြစ် တည်၊ အစဉ်လည်၊ လေးမည် အနက်ဟပ်၊**
**သင်္ချေ လေးဖြာ၊ အပေါင်းမှာ၊ မဟာကမ္ဘာ မှတ်။**

အသင်္ချေယျ ဟုကပ်၌ အန္တရကပ်ပေါင်း ၆၄-ကပ်ရှိ၍ ပဌမဈာန် သုံးဘုံမှာ အသင်္ချေယျ ကပ်၏ သုံးပုံ့တပုံ ထက်ဝက်၊ အသင်္ချေယျ တကပ်ဟု သက်တမ်းကိုရေတွက်ရ၏၊ မီး ၇ကြိမ် ဖျက်ရာတွင်ပထမဈာန် သုံးဘုံ ပါသွားသောကြောင့် ပဌမဈာန် သုံးဘုံသည်မဟာကပ်ခေါ် တကမ္ဘာ အသက် မရှည်နိုင်၊ ဒုတိယဈာန် သုံးဘုံမှစ၍ မဟာကပ် ခေါ် မဟာ ကမ္ဘာဖြင့် အသက်တမ်းကို ရေတွက်ရ၏ ထို့ကြောင့် ကပ္ပသဒ္ဒါကို အသင်္ချေယျကပ္ပဟု ဋီကာ ဖွင့်၏၊ မီး ရေ လေတို့ အနက် ဘာနှင့် ဖျက်ဖျက် ပဌမဈာန် သုံးဘုံမှာ အမြဲတန်းပါသွား သဖြင့်အသင်္ချေယျ တကပ်ထက်ပို၍ အသက်မရှည်ကြ။

# ကမ္မ စတုက္က ကံ ၄-မျိုး

## ၁။ ကိစ္စအားဖြင့် ကံ ၄-မျိုး

ဇနကကံ ....ပဋိသန္ဓေကျိုး ပဝတ္တိကျိုးပေးသောကံ
ဥပတ္ထမ္ဘက ....ကံတပါးကို ထောက်ပံ့ပေးသောကံ
ဥပပီဠက ....ကပ်၍ နှိပ်စက်တတ်သောကံ
ဥပဃာတက....ကပ်၍ သတ်ဖြတ်တတ်သောကံ

ဇနက။ ။ဇနေတီတိ ဇနကံ၊ ပဋိသန္ဓေအခါ ပဝတ္တိ အခါတို့၌ နာမ်အကျိုး ဝိပါက် နှင့် ကမ္မဇရုပ် အကျိုးတို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံ စေတနာသည် ဇနကကံ မည်၏။

ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက် ကဋတ္တာ၊
ဖြစ်ပွါးစေမှု၊ ကျေးဇူးပြု၊ ကု-ကု ဇနကာ။

ဥပတ္ထမ္ဘက။ ။ ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ၊ မိမိ ကိုယ်တိုင်က အကျိုး တရားတခု ဖြစ်လားအောင် မစွမ်းဆောင်နိုင်၊ အကျိုး ပေးနေဆဲ ကံကို ဖြစ်စေ, အကျိုး ဝိပါက်တို့ကို ဖြစ်စေ အားပေး ထောက်ခံ၍ ပေးနေသော ကံ သည် ဥပတ္ထမ္ဘကကံ မည်၏။

ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။

ဥပပီဠက။ ။ဥပဂန္တွာ ပီဠေတီတိ ဥပပီဠကံ၊ ကံ တမျိုးမျိုးက ဖြစ်စေသော အကျိုးကို နှိပ်စက်သော ကံသည် ဥပပီဠကကံ မည်၏၊ ကုသိုလ်ကသည်း အကုသိုလ်အကျိုးကို, အကုသိုလ်ကလည်း ကုသိုလ် အကျိုးကို အပြန် အလှန် ညှဉ်းဆဲလေသည်။

နှိပ်စက် ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဘိစီးပြု၊ ဥပပီဠကာ။

ဥပဃာတက။ ။ဥပဂန္တွာ ဃာတေ တီတိ ဥပဃာတကံ၊ အားနဲ့သော ကံ တပါးကို ဖြတ်၍ ထိုကံ၏ အကျိုးကိုပါ ဖြတ်တောက်ကာ အကျိုးဝင်ပေးသော ကံသည် ဥပဃာတကကံ မည်၏၊

ဖြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

ဇနကကံနှင့် ဥပတ္ထမ္ဘကကံ အသို ထူးပါသနည်း။

(က) ဇနကကံသည် တခြားကံကို မနှောင့် မယှက်ဘဲ သူ၏အကျိုးကို လွတ်လွတ် ကျွတ်ကျွတ် အကျိုးပေးသည်၊
(ခ) ဥပထမ္ဘကကံသည် တခြားကံ၏ အကျိုးတို့ကို ဖြတ်တောက်ပြီးမှ အကျိုးကိုပေးသည်၊ ဖြတ်ရုံသာ ဖြတ်၏ဟု မမှတ်အပ်၊

ဥပပီဠကကံ နှင့် ဥပဃာတကကံ အသို ထူးပါသနည်း၊

ဥပပီဠကကံသည် အနာ ရောဂါ ဖြစ်ရန် အကြောင်းကို ယူဆောင်လာကာ ရံခါ ရံခါ ကံ တပါး၏ အကျိုးကို နှိပ်စက်သည်၊

ဥပဃာတကကံသည် ကံတပါး၏ အကျိုးကို ကုန်စင်အောင် ပယ်သတ်ပြီးမှ ကံ တပါး၏ အကျိုးပေးခွင့်ကို ဆောင်ရွက်ပေးသည်း ကိုယ်တိုင်ကား အကျိုးမပေး၊ ဤကား အပရေ ဝါဒ ဖြစ်၏၊ ဇနကကံသည် မိမိ ကိုယ်တိုင်ကိုက အကျိုးပေး၏၊ ဥပဃာတကကံကား ကိုယ်တိုင် အကျိုးမပေး၊ ကံ တခုကို ပယ်သတ်၍ ကံ တခု၏ အကျိုးပေးခွင့်ကို သာ ပြုပေး၏ ဟု ဇနကနှင့် ဥပဃာတက အထူးကိုလည်း အပရေဆရာ သိစေတော်မူ၏၊ ဖြစ်စေမှု ထောက်ပံ့မှု နှိပ်စက်မှု ကပ်ဖြတ်မှု ဟူသော ကိစ္စ ၄-မျိုးဖြင့် ဝေဘန်ပြရာ ဖြစ်၍ ကိစ္စ အစွမ်းဖြင့် ကမ္မစတုက္က မည်၏။

၂။ အကျိုးပေးစဉ် ကံ၄-မျိုး

ဂရုကံ .... ကြီးလေးထက်သန်သော ကံ
အာသန္နကံ .... အမြဲ သေ ကျင့်အပ်သော ကံ
အာစိဏ္ဏကံ .... သေခါနီး ပြုအပ် သတိရအပ်သော ကံ
ကဋတ္တာကံ .... ပြုအပ်ပြီးသော ကံ သာမည

ဂရုကံ။ ။ဘယ်ကံ ကမှ မတားနိုင်လောက်အောင် ကြီးလေးပြင်းထန်သော ကံသည် ဂရုကံ မည်၏၊ ကုသိုလ် အရာ၌ မဟဂ္ဂုတ်ကံ ရ၏၊ အကုသိုလ်ကံ အရာ၌ ပဉ္စာနန္တရိယကံ နှင့် နိယတ မိစ္ဆာဒိဋ္ဌိ ကံကြီးကို ရ၏၊

ပဉ္စာနန္တရိယကံ ငါးပါး

မိ-ဘ အရဟံ၊ လောဟိတံ၊ ဘေဒံ နန္တရိ၊

မာတုဃာတက .... အမိကို သတ်ခြင်း၊
ပိတုဃာတက .... အဖကို သတ်ခြင်း၊
အရဟန္တဃာတက .... ရဟန္တာကို သတ်ခြင်း
လောဟိတုပ္ပါဒက .... ဘုရားအား သွေးစိမ်းတည်စေခြင်း၊
သံဃဘေဒက ...... သံဃာကို ဂိုဏ်းခွဲခြင်း၊

သံဃဘေဒက ကံကို သံဃာသာ ပြုနိုင်၏၊ လူ သာမဏေများ မပြုနိုင်၊ မှန်၏-သံဃာ ၂-စုသည် ၂-တောင့်ထွာခြားကာ တသိမ်ထည်းမှာ ကံကိုခွဲ၍ ဆောင်လိုက်လျှင် ထိုသံဃာမှာ သံဃဘေဒကကံ ထိုက်သွားလေသည်၊ တဂိုဏ်းဝင် တဂိုဏ်းထွက် ကံဆောင်ခြင်း, ဆွမ်းခွဲဘုန်းပေးခြင်း, ပရိတ်ခွဲရွတ်ခြင်း စသည်ကား သံဃဘေဒက မထိုက်ပေ။

နိယတ မိစ္ဆာဒိဋ္ဌိ ၃-ပါး

အကြိယ .... ကုသိုလ် အကုသိုလ်ကံ မရှိ ဟု ပယ်ခြင်း၊
နတ္ထိက .... ကံ၏ အကျိုးမရှိ ဟု ပယ်ခြင်း၊
အဟေတုက.... ကံနှင့် ကံ၏ အကျိုး ၂-ပါးကို ပယ်ခြင်း၊

ကံတပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာ ဂရုက၊

**အာစိဏ္ဏကံ**။ ။မပြတ် လေ့ကျက် လိုက်စားနေသော ကံနှင့် တကြိမ် ပြုပြီး အဖန်ဖန် သတိရ အောက်မေ့နေသော ကံသည် အာစိဏ္ဏကံ မည်၏။

နေ့ရှည် လေ့ကျက်၊ ရက်ရှည် စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲအာစိဏ္ဏ၊

**အာသန္နကံ**။ ။သေခါနီးမှာ အသစ်ပြုအပ်သော ကံသည်၎င်း ရှေးတုံးက ပြုပြီးသား ကံ ဟောင်းကိုပင် သေခါနီးမှာ သတိရ အောက်မေ့အပ်သော ကံသည်၎င်း အာသန္နကံ မည်၏၊

သေဆုံးလုမှ၊ ပြုသော်၎င်း၊ အဟောင်း ပေါ်လာ၊
ကံ နှစ်ဖြာ၊ သညာ အာသန္န၊

ကဋတ္တာကံ။ ။ထိုကံ သုံးမျိုး အဆင့်အတန်းတွင် မပါဝင်ဘဲ ပြုဘူးကာမတ္တ ကံ သာမညသည် ကဋတ္တာကံ မည်၏၊ ဤကံ ကား ဂရုကံထူးမရှိ၊ အမည် မှည့်ရန်လည်း မဖြစ်သဖြင့် ကဋတ္တာကံ ဟု အမည် သိရုံ သာမည ပေးမှည့်ထားရလေသည် ဟူ၏၊

ကံသာမည၊ ပြုကာမျှ၊ ခေါ်ရ ကဋတ္တာ၊

ဂရုကံ မရှိလျှင် အာသန္နကံ၊ သူမရှိလျှင် အာစိဏ္ဏကံ၊ သူမရှိလျှင် ကဋတ္တာကံက သူ့အခွင့် အလှည့်ကျ၍ ယာယီ အစဉ်အတိုင်း အကျိုး ပေးသော ကံ ၄-မျိုးကို ပဋိသန္ဓေ ကမ္မစတုက္က ခေါ်၏။

---

## ၃။ ပါကကာလကံ ၄-မျိုး

၁။ ဒိဋ္ဌဓမ္မ ဝေဒနီယ ချဘဝ ခံစားရသောကံ
၂။ ဥပပဇ္ဇ ဝေဒနီယ ဒုတိယဘဝ ခံစားရသောကံ
၃။ အပရာ ပရိယ တတိယဘဝမှ စ၍ ခံစားရသောကံ
၄ အဟောသိ ကမ္မ ပြုကာမျှ ဖြစ်သော ကံ

ဒိဋ္ဌဓမ္မ ဝေဒနီယ။ ။ ဒိဋ္ဌ-ယခု မျက်မြင် လက်ရှိရထားသော ဓမ္မ-ခန္ဓာကိုယ် အဖြစ် ဘဝမှာ၊ ဝေဒနီယံ-အကျိုး ခံစားရသော ကံသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံ မည်၏၊ ကုသိုလ် အကုသိုလ် ပဌမဇော စေတနာ ကံကို ရ၏၊ ၇-ရက် အတွင်း အကျိုးပေးလျှင် ပရိပက္ကကံ ဟု ခေါ်သေး၏၊

မျက်မှောက် ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဇောဦးသာ၊

အပရာပရိယ။ ။ဘတိယ ဘဝမှ နိဗ္ဗာန်ရသည့် ဘဝ ထိအောင် သံသရာ ဘဝ အဆက်ဆက် အခွင့် သာတိုင်း အကျိုး ပေးသော ကံသည် အပရာပရိယကံ မည်၏၊ အလယ်ဇော ၅-ချက် ကောက်ရ၏။

ပရမ္ပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊
အလယ် ဇော ငါးဖြာ၊

**အဟောသိကံ**။ ။ အဟောသိ ဝေ—ပြုပြီး ဖြစ်ပြီးရုံ မျှသာ ဖြစ်သော၊ ကမ္မ-ကံသည် အဟောသိကံ မည်၏၊ သူ၏ အကျိုးကား ဖြစ်ဘူး ဖြစ်ဆဲ ဖြစ်လတံ့ မဟုတ်၊ ပြုကာ ဖြစ်ကာမျှ အနေဖြင့် ကံ ဟူ၍ ခေါ်ဆိုကာ စတ္တ ဖြစ်သော ကံတည်း၊ ပွင့်ရုံ ပွင့်၍ အသီး မသီးသော လေပန်းပွင့် နှင့် တူ၏။

ကံ အဟောသိ၊ ကျိုးမရှိ၊ တြိ စေတနာ၊

ကဋတ္တာကံ နှင့် အဟောသိကံ အသို ထူးပါသနည်း၊

(က) ကဋတ္တာ ကံသည် ဂရုကံ စသော အမည်ထူး ဘွဲ့ထူးကို မရရှိသာ ရှိ၏၊ အာသေဝန အထုံ ရှလျှင် အကျိုး ပေးသေး၏၊

(ခ) အဟောသိ ကံကား လုံးဝ အကျိုး မပေးပါ။

ရှုဦးအံ့—ပဌမဇော သတ္တမဇော အလယ်ဇော ငါးချက်အားဖြင့် ဇော ၇—ချက်ကို သတ္တိ အလျောက် အကျိုးပေးရာ အချိန်ကာလ အားဖြင့် သတ်မှတ်ပြီး ရှေ့ကံ ၃—ပါးကို ဂရုကံ စသဖြင့် ပေးမှည့် ထားလေသည်၊ ထိုကံ ၃—မျိုးသည် မိမိ အကျိုးပေးချိန်မှာ အကျိုး မပေးဘဲ ဟုန်သွားသောအခါ အဟောသိကံ ဟူသော အမည်ကို ရလေသည်၊ ပဌမဇောသည် ခုဘဝမှာ အကျိုး ပေးလျှင် ဒိဋ္ဌဓမ္မ ဝေဒနီယကံ အမည်ရ၏၊ အကျိုးမပေးဘဲ ဟုန်သွားပါက ထို ဒိဋ္ဌဓမ္မ ဝေဒနီယ ခေါ်သည့် ပဌမ ဇောသည်ပင် အဟောသိကံ ဟူသော အမည်ကို ပြောင်း၍ ရရှိသွားသည် ဟူလို၊ ဥပပဇ္ဇ ဝေဒနီယ ကံ သည်လည်း အကျိုးပေးခွင့် မရသော အခါမှာ ဖြစ်စေ, အကျိုးပေးချိန် ကုန်သွားသော အခါမှာ ဖြစ်စေ အဟောသိကံ ဖြစ်သွားရ၏၊ အပရာ ပရိယ ကံမှာလည်း သံသရာ ဆုံးသွားသော ပြတ်သွားသော အခါ ကျမှသာ အဟောသိကံ အမည်သို့ ပြောင်းသွားလေသည်။

အထူးအားဖြင့် ဥပပဇ္ဇ ဝေဒနီယ ကံသည် ဒုတိယဘဝမှာ ပဋိ သန္ဓေ အကျိုးကို ပေးဘူးမှ သာလျှင် ပဝတ္တိကျိုးကို ဘဝ ရာ—ထောင် လိုက်၍ ပေးနိုင်သည်၊ ပဋိသန္ဓေကျိုးကို မပေးဘူးဘဲ ပဝတ္တိ အကျိုး သက်သက်ကို သာမူကား မပေးနိုင် ဟု ဆိုကြ၍၊ သက်မှတ်၍

ထားအပ်သော အကျိုးပေးချိန်ကာလ၏ အစွမ်းအားဖြင့်၎င်း, အကျိုးပေးမည့် ကာလကို လွန်သော အစွမ်းအားဖြင့်၎င်း ကံကို ၄-မျိုး ၄-စား ခွဲခြား ပြရာ စကားရပ်သည် ပါက ကာလ စတုက္က မည်၏။

---

ပါကဌာနကံ ၄-မျိုး

၁။ အကုသိုလ်ကံ — အကုသိုလ် စေတနာ — ၁၂
၂။ ကာမာဝစရကုသိုလ် — မဟာကုသိုလ် စေတနာ — ၈
၃။ ရူပါဝစရ ကုသိုလ် — ရူပကုသိုလ် စေတနာ — ၅
၄။ အရူပါဝစရ ကုသိုလ် — အရူပ ကုသိုလ် စေတနာ — ၄

မှတ်သားရန်။ ။ပါက-အကျိုး ပေးရာ၊ ဌာန-ဘုံ အားဖြင့် ကံလေးမျိုးကို ဝေဘန်ပြရာ စကားရပ်သည် ပါကဌာန စတုက္က မည်၏၊ အပါယ်ဘုံ ကာမ သုဂတိဘုံ ရူပါဝစရဘုံ အရူပါဝစရဘုံ ဟူသော အကျိုးပေးရာ ဘုံဌာန ၄-မျိုးနှင့် စပ်၍ ကံ ၄-ပါးကို ဝေဘန်ပြသော အကျဉ်းသည် ပါကဌာန စတုက္က မည်၏။

ဒွါရဘေဒ အကုသိုလ်ကံ ၃-မျိုး

၁။ ကာယကမ္မ — ကာယဒွါရ၌ ဖြစ်သော အမှု
၂။ ဝစီကမ္မ — ဝစီဒွါရ၌ ဖြစ်သော အမှု
၃။ မနောကမ္မ — မနောဒွါရ၌ ဖြစ်သော အမှု

၁။ ကာယကံ ၃-ပါး

(က) ပါဏာတိပါတ — သူ့အသက် သတ်ဖြတ်မှု
(ခ) အဒိန္နာဒါန — သူ့တပါးပိုင် ပစ္စည်းခိုးမှု
(ဂ) ကာမေသု မိစ္ဆာစာရ — သူ့သားမယားကျူးလွန်မှု

၂။ ဝစီကံ ၄-ပါး

(က) မုသာဝါဒ — မဟုတ် မမှန် ပြောဆိုခြင်း
(ခ) ပိသုဏဝါစာ — ချောပစ် ကုန်းတိုက်ခြင်း

( ဂ ) ဖရုသဝါစာ ကြမ်းတမ်းစွာ ပြောဆိုခြင်း
(ဃ) သမ္ဖပလာပ သိမ်ဖျင်းသော စကားကို ဆိုခြင်း

၃။ မနောကံ ၃-ပါး

(က) အဘိဇ္ဈာ သူတပါးပစ္စည်းကို ရှေ့ရှု လိုချင်မှု
(ခ) ဗျာပါဒ သူတပါးကို ပျက်စီးအောင် ကြံစီမှု
(ဂ) မိစ္ဆာဒိဋ္ဌိ မှားသော အယူကို ယူဆခြင်း

**ကာယကမ္မ။** ။ကိုယ်အင်္ဂါ လှုပ်ရှားမှု ဟူသော စောပန ကာယဖြင့် သိစေတတ်သော, ဝါ-သိအပ်သော အမှု အရာသည် ကာယဝိညတ် မည်၏၊ စိတ္တဇ ဝါယောဓါတ် လွန်ကဲသော ရုပ် ကလာပ်၏ ထူးသော အမှုအရာကို အရ ကောက်ရ၏၊ ထို ကာယ ဝိညတ်သည် ကံ၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကာယဒွါရ မည်၏၊ ထို ဒွါရ၌ အဖြစ်များသော ကံ ၃-ပါးသည် ကာယကံ မည်၏၊ ရသ ကာမချင်း တူမျှနေသောကြောင့် သုရာမေရယ ကံကို ကာမေသု မိစ္ဆာစာရ၌ သွင်းရ၏၊ တနည်း-ဒု-စရိုက် အားလုံး၏ ရှေ့ပြေးဖြစ်သောကြောင့် ၁၀-ပါးလုံး၌ အကျုံးဝင်၏ဟု မိန့်သေး၏။ ပါဏာတိပါတ၌ ပါဏအရ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထ အားဖြင့် ဇီဝိတိန္ဒြေကို ကောက်ရ၏။

**ဝစီကမ္မ။** ။နှုတ်၏ လှုပ်ရှားမှု စောပန ဝါစာဖြင့် သိစေ တတ်သော, ဝါ-သိအပ်သော အမှုအရာသည် ဝစီဝိညတ် မည်၏၊ ကံ၏ ဖြစ်ကြောင်း ဖြစ်၍ ဝစီဒွါရ မည်၏၊ အသံနှင့် တကွ ဖြစ်သော ဝစီဝိညတ်ကို အရ ကောက်ရ၏။

**မနောဒွါရ။** ။အကုသိုလ် ၁၂, လောကီ ကုသိုလ် ၁၇-ပါး အားဖြင့် မနောဒွါရ အရကို ကောက်လေ။

**ကမ္မပထ နှင့် ကမ္မ။** ။အပါယ်သို့ လားရောက် စေတတ်သော ကံသည် ကမ္မပထ မည်၏၊ အပါယ်ကျိုး ပေးသောကံ ဟူလို၊ အပါယ် ကျိုးကို မပေးဘဲ ကံမည်ကာမျှသည် ကမ္မ မည်၏၊

ပြင်ရှားစေအံ့–သူတပါး အကျိုး ပျက်သော မုသာဝါဒသည် အပါယ် လားကြောင်း ကမ္မပထ မြောက်၏၊ သူတပါး အကျိုးကို မထိခိုက်သော မုသားသည် ကံမျှသာ မည်၏၊ ကမ္မပထ မမည်။

ချစ်သူ နှစ်ဦးကို အချစ်ပြယ်စေနိုင်သော ကုန်းတိုက်မှုသည် ပိသုဏ ဝါစာ ကမ္မပထ မည်၏၊ ကုန်းတိုက် ပါလျက် အချစ် မပြယ်လျှင် ကံ မျှသာထိုက်၏၊ ကမ္မပထ မမြောက်။

စေတနာ ကြမ်းသော ဝါစာသည် ဖရုသ ဝါစာ ကမ္မပထ မြောက်၏၊ စေတနာ မကြမ်းသော မိ–ဘ ဆရာသမားတို့၏ မြည်တွန် တောက်တီး ကြိမ်းမောင်းခြင်းသည် ဖရုသဝါစာကံ မျှသာ မည်၏၊ ကမ္မပထ မမြောက်ပေ၊

သူတပါးပိုင်ကို ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွ ဟု မိမိပိုင်ဆိုင်ဘို့ အထိ ညွတ်လျှင် အဘိဇ္ဈာ ကမ္မပထ မြောက်၏၊ လိုချင်ကာ မတ္တသည် အဘိဇ္ဈာကံ မျှသာ မည်၏၊ ကောင်း၍ လှ၍ တခြားမှာ ဒါမျိုးရှာ၍ ရလျှင် ကောင်းလေစွ ဟု ကြံစည်ခြင်းကား အဘိဇ္ဈာ မဖြစ်ပေ၊ နတ္ထိက စသော ဒိဋ္ဌိကြီး ၃–ပါးသည် မိစ္ဆာဒိဋ္ဌိကမ္မပထ မြောက်၏၊ သက္ကာယ ဒိဋ္ဌိ စသည်ကား ကမ္မပထ မမြောက်၊ မိစ္ဆာဒိဋ္ဌိ ကံမျှသာ မည်၏။

ဗာဟုလ္လ။ ။သူ့အသက်သတ်ခြင်း သူ့ဥစ္စာကိုခိုးခြင်း စသည်ကို နှုတ်ဖြင့် ခိုင်းသော အခါ ကာယကံသည် ဝစီဒွါရ၌ အပွက အားဖြင့် ဖြစ်သေး၏၊ လိမ်လည်ခြင်း စသည်ကို နှုတ်ဖြင့် မပြောမဆိုဘဲ ကိုယ် အမူအရာဖြင့် အရိပ် နိမိတ် လုပ်ပြလျှင် ဝစီကံသည် ကာယဒွါရ၌ အနဲငယ် ရံခါ ဖြစ်သေး၏ ဟု ဗာဟုလ္လ သဒ္ဒါဖြင့် ပြ၏၊ ကာယကံ ဝစီကံ ၂–ပါးသည် မနောဒွါရ၌ကား မဖြစ်၊ ကာယကံများ ကာယ ဒွါရမှာ ဖြစ်ကြသောအခါ ထို အကုသိုလ် စေတနာ နှင့် အတူ ပါလာသော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ၃–ပါးသည် မနောကံ ခေါ်လောက်ဘဲ ကာယကံ၏ အသင်းသားများ ဖြစ်၍ ကာယ ကံ မှုးအင် မည်လေသည်၊ ဥပမာ–သူ့အသက် သတ်မှု၌ ဗျာပါဒ၊ သူ့ ဥစ္စာ ခိုးမှု၌ ရှေ့သွား အဘိဇ္ဈာတို့သည် ပါဏာတိပါတနှင့် အဒိန္နာ ဒါန ဟူသော အမည်ကို မရဘဲ ကာယကံ ဟူသော အမည်ကို ရှိသွား ကြသည်၊ မနောကံ မခေါ်လောက်တော့ချေ ဟူလို။

အထူးအားဖြင့် လောကုတ္တရာ ကံသည် ကံတပါးကို ကုန်သွားအောင် ပြုပေး တတ်သောကြောင့် မနောဒွါရ အမည်ကို မရပြီ

ဤကံ ၁၀-ပါးကို မကောင်းသော· အမူအရာ ဖြစ်သောကြောင့် ဒုစရိုက် ဟူ၍၎င်း, အပါယ်လားကြောင်း မကောင်းမှုကြီးများ ဖြစ်၍ အကုသလ ကမ္မပထ ဟူ၍၎င်း ခေါ်၏၊ အပြား ၄၀-ရှိ၏၊

ကိုယ်တိုင်း တိုက်တွန်း၊ ချီးမွမ်း စိတ်တူ၊
ပွါးပြန်မူ၊ မှတ်ယူ လေးဆယ်ကံ။

---

## သုစရိုက် ၁၀-ပါး

(၁) ပါဏာတိပါတာ ဝေရမဏီ
(၂) အဒိန္နာဒါနာ ဝေရမဏီ
(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ

ကာ-ဒု သုံးပါး၊ ရှောင်ကြည်ငြား၊ သုံးပါး ကာယကံ။

(၁) မုသာ ဝါဒါ ဝေရမဏီ
(၂) ပိသုဏာဝါစာ ဝေရမဏီ
(၃) ဖရုသဝါစာ ဝေရမဏီ
(၄) သမ္ဖပလာပါ ဝေရမဏီ

နှုတ်-ဒု လေးပါး၊ ရှောင်ကြဉ်ငြား၊လေးပါး ဝစီကံ

(၁) အနဘိဇ္ဈာ (အလောဘ)
(၂) အဗျာပါဒ (အဒေါသ)
(၃) သမ္မာ ဒိဋ္ဌိ (အမောဟ)

အနဘိဇ္ဈာ၊အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ဖြောင့်မှန်သိ၊ ဤမနောကံ၊

---

ဒေါသ အရင်းခံ၍ ဖြစ်သော ကံ-၃ပါး
ပါဏာ ဖရု၊ ဗျာပါဒု၊ဒေါ-ဒု အရင်းခံ၊
ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ။

လောဘ အရင်းခံ၍ ဖြစ်သော ကံ၃-ပါး၊
ကာမေ မိစ္ဆာ၊အဘိဇ္ဈာ၊ လောဘာ အရင်းခံ၊
ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ။
လော-ဒေါ အရင်းခံ၍ ဖြစ်သော ကံ-၃-ပါး
အဒိန် မုသာ၊ပိ သမ္ပာ၊ လောဘာ ဒေါ နှစ်တန်။
အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသ။

မောဟသည် ကံ ၁၀-ပါးလုံး၏ အရင်းခံ ဖြစ်သောကြောင့် သီးခြားထုတ်၍ မပြခြင်း ဖြစ်သည်၊ မောဟကင်း၍ ဘယ် အကုသိုလ် ကံမှ မဖြစ်ပေ၊ အကုသလ သာဓာရဏ ၄-လုံးကို သတိပြုလေ။

၍ အကုသလ ကမ္မပထ ဆယ်ပါး တို့၏ တရားကိုယ် အရကောက်မှာ အကုသိုလ် စိတ္တုပ္ပါဒ် ၁၂-ပါးကို ရ၏။ ထိုတွင် ပဉ္စာနန္တရိယ ကံသည် အကြီးလေးဆုံး ဖြစ်၏၊ ထို့ နောက်မိစ္ဆာဒိဋ္ဌိ ကံက သာ၍ အပြစ် ကြီးလှပေသည့်

အကုသိုလ်ကံ ၁၀-ပါး ပြီး၏

---

## ကာမာဝစရ ကုသိုလ်

၁။ ကာယကမ္မ ကာယဒွါရ၌ ဖြစ်သော အမှု
၂။ ဝစီကမ္မ ဝစီဒွါရ၌ ဖြစ်သော အမှု
၃။ မနောကမ္မ မနောဒွါရ၌ ဖြစ်သော အမှု

၁။ ဒါနကုသိုလ်
၂။ သီလကုသိုလ်
၃။ ဘာဝနာ ကုသိုလ် ပေါင်း ၃-ပါး

# ပုညကြိယာ ဝတ္ထု ၁၀–ပါး

၁။ ဒါန ၂။ သီလ ၃။ ဘာဝနာ

၄။ အပစာယန ၅။ ဝေယျာဝစ္စ

၆။ ပတ္တိဒါန ၇။ ပတ္တာနုမောဒန

၈။ ဓမ္မဿဝန ၉။ ဓမ္မဒေသနာ ၁၀။ ဒိဋ္ဌိဇုကမ္မ

| | | |
|---|---|---|
| ၁။ | ဒါန | ပေးကမ်း လှူတန်းခြင်း |
| ၂။ | သီလ | သီလ ဆောက်တည်ခြင်း |
| ၃။ | ဘာဝနာ | ကမ္မဋ္ဌာန်း ပွါးများခြင်း |
| ၄။ | အပစာယန | ကြီးသူကို ရိုသေ လေးစားခြင်း |
| ၅။ | ဝေယျာဝစ္စ | အမှုကြီးငယ်ကို ဆောင်ရွက်ပေးခြင်း |
| ၆။ | ပတ္တိဒါန | ကုသိုလ် ဖို့အကိုပေးဝေခြင်း |
| ၇။ | ပတ္တာနုမော | သူများ ကုသိုလ်ကိုဝမ်းသာခြင်း |
| ၈။ | ဓမ္မဿဝန | သူတော်ကောင်း တရားကို နာကြားခြင်း |
| ၉။ | ဓမ္မဒေသနာ | သူတော်ကောင်း တရားကို ဟောခြင်း |
| ၁၀။ | ဒိဋ္ဌိဇုကမ္မ | အယူမှန်ကို ယူဆခြင်း |

ပုညကြိယဝတ္ထု။ ။ပုည-ဖြစ်စင်သော၊ ကြိယာ-အမှုအရာ၊ ဝတ္ထု-ကောင်းကျိုး၏ တည်ရာ၊ ကောင်ကျိုးချမ်းသာ၏ တည်ရာ ဖြစ်၍ ဖြစ်စင်သော အမှုအရာ ၁၀-ပါးသည် ပုညကြိယာဝတ္ထု မည်၏၊ တရားကိုယ်အားဖြင့် မဟာကုသိုလ် စေတနာ ရှစ်ပါး ရ၏၊ ကိုယ်တိုင်, ဘိုက်တွန်း,ချီးမွမ်း,ဝမ်းမြောက်လျှင် လေးဆယ်ပြား၏။

ဒါန စသည်၌ သွင်းပုံ

| | | |
|---|---|---|
| ဒါန | သီလ | ဘာဝနာ |
| ပတ္တိဒါ | အယစာယန | ဓမ္မဿဝန |
| ပတ္တာနု | ဝေယျာဝစ္စ | ဓမ္မဒေသနာ, ဒိဋ္ဌိ |

ပတ္တိ ဒါနာ၊ နုမောဒါ၊ နှစ်ဖြာ ဒါန၌သွင်း၊
ပစာယန၊ ဝေ ဝစ္စ၊ သွင်းရ သီလတွင်း၊
ဓမ္မ နှစ်ခု၊ ဒိဋ္ဌိ ဇု၊ သွင်းရှု ဘာဝ အတွင်း။

ပုဗ္ဗစေတနာ .... ရှေးအဖို့က ဖြစ်သော စေတနာ
မုဉ္စစေတနာ .... ပြုဆဲမှာ ဖြစ်သော စေတနာ
အပရစေတနာ .... နောက်အခါ ဖြစ်သော စေတနာ

ဤ စေတနာ ၃-မျိုးဖြင့် ပုည ကြိယာ ၁၀-ပါးကို မြှောက်လျှင် ၃၀-အပြား ရှိပြန်သည်၊

ပုဗ္ဗမုဉ္စ၊ ပရ ကြဉ်ဖွာ၊ စေတနာ၊ သုံးဖြာ သီးသီးဘန်။

အကုသိုလ်ကံ ၁၂-ပါး ကာမာဝစရ ကုသိုလ်ကံ ၈-ပါးအားဖြင့် ကာမာဝစရကံ ၂၀-ဖြစ်၏။

သဘောတူ သွင်းပုံ-

ပတ္တိဒါန ပတ္တာနုမောဒန ၂-ပါးမှာ ဒါန နှင့် ဇူဿာ မစ္ဆရိယ ဟူသော သန္တာန်ကျင်ဘက်ချင်း တူသောကြောင့် ဒါန၌ သွင်းယူရ၏၊

အပစာယန ဝေယျာဝစ္စ ၂-မျိုးမှာ စာရိတ္တ သီလမျိုးချင်း တူသောကြောင့် ထို ၂-ပါးကို သီလ၌ သွင်းရ၏၊

ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့မှာ ကုသိုလ်တရား တိုးပွါးစေပုံချင်း တူသောကြောင့် ဒါန၌ သွင်းရ၏။ တနည်း-ဒိဋ္ဌိဇုကမ္မကို ပုညကြိယာ ဝတ္ထုတို့၏ အကြောင်းရင်းအခြေခံကြီး ဖြစ်သောကြောင့် ပုညကြိယာ ဆယ်ပါးလုံး၌၎င်း ဒါ သီ ဘာ ဘုံးမျိုးလုံး၌၎င်း သွင်း၍ ယူသေး၏။

ကံသုံးပါးဖြင့် ဝေဘန်ပုံ

ဒါန အပစာယန ဝေယျာဝစ္စမှာ ကာယကံတည်း၊
ဘာဝနာ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဒေသနာမှာ ဝစီကံ၊
သီလ ဓမ္မသဝန ဒိဋ္ဌိဇုကမ္မမှာ မနောကံတည်း။

အကုသိုလ်ကံ ၁၂-ပါးနှင့် ကာမာဝစရ ကုသိုလ်ကံ ၈-ပါးအားဖြင့် ကာမာဝစရကံ ၂၀-ပြီး၏။

ကာမာဝစရကံ ပြီးပြီ

**ရူပါဝစရ ကုသိုလ်ကံသည်-**

မနောကံ တမျိုး တစားတည်း သာလျှင် ဖြစ်၍၊
ဘာဝနာမှုဖြင့် ပြီး၍၊ အပ္ပနာ ဈာန်သို့ ရောက်၍၊
ပဌမ စသော ဈာန်အားဖြင့် ငါးပါး အပြား ရှိ၍၊

**အရူပါဝစရ ကုသိုလ်ကံသည်-**

မနောကံ တမျိုး တစားတည်း သာလျှင် ဖြစ်၍၊
ဘာဝနာမှုဖြင့် ပြီး၍၊ အပ္ပနာ ဈာန်သို့ ရောက်၍၊
ဘောင်းကင် ပညတ် စသောအာရုံအားဖြင့်၄-ပါးရှိ၍၊

**မှတ်သားရန်။** ။ မဟဂ္ဂုတ်ကံသည် အလွန် နူးညံ့ သိမ်မွေ့ ငြိမ်သက်လှသဖြင့် ဘာ ဝိညတ်ကိုမှ မဖြစ်စေနိုင်၍ ကာယဒွါရ ဝစီဒွါရတို့၌ မဖြစ်၊ ထို့ကြောင့် မနောကံသာဖြစ်ရလေသည်၊ ဒါနမှု သီလမှုဖြင့် မပြီးနိုင် (ဘာဝနာမှုဖြင့်သာလျှင် ဖြစ်ပေါ်လာနိုင်) သောကြောင့် ဘာဝနာမယသာ ဖြစ်ရသည်၊ သူ့ရှေ့က ကံများမှာ ကာမာဝစရတွေ ဖြစ်သောကြောင့်ရင်း အာရုံ၌ စူးစိုက် တည်တန့်စွာ သက်ဝင်နေသော ကြောင့်ရင်း အပ္ပနာပတ္တ ချည်းသာ ဖြစ်ရလေသည်။

မဟဂ္ဂုတ်ကံ ပြီးပြီ

---

## ကာမကံ အကျိုးပေးပုံ

**ဥဒ္ဓစ္စ စေတနာ ကြဉ်သော အကုသိုလ်ကံ ၁၁-ပါးသည်-**

အပါယ်ဘုံတွင် ပဋိသန္ဓေ အကျိုးကို ပေး၍၊ ပဝတ္တိ အခါမှာ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမဘုံ၌ရင်း ရူပဘုံ၌ရင်း အကုသလ ဝိပါက် ၇-ပါး တည်းဟူသော အကျိုးကို ထိုက်သလို ပေးလေသည်။

**မှတ်သားရန်။** ။ ဥဒ္ဓစ္စ စေတနာသည် ပဝတ္တိအကျိုးကိုသာ ပေး၏၊ ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ကျန် ၁၁-ပါးသည်ကား ပဋိသန္ဓေ အခါ ပဝတ္တိအခါ ၂-ပါးလုံး၌ အကျိုးကို ပေးလေသည်၊

**ဥဒ္ဓစ္စ စေတနာမှာ ဘာ့ကြောင့်ပဋိသန္ဓေကျိုး မပေးသလဲ၊**

သောတာပတ္တိ မဂ်ဖြင့် ပယ်အပ်သော တရားတခု 'အနေနှင့် ဟောတော်မမူသောကြောင့် (ပဋိသန္ဓေကျိုးကို မပေးနိုင်၍) ဥဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေကျိုးကို မပေးပါ။

ပဝတ္တိ အခါ ကာမဘုံ၌ အကုသလဝိပါက် ၇-ပါးလုံးကိုရင်း အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ စက္ခု၊ သောတ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဟူသော ဝိပါက် ၄-ပါးကိုရင်း အကုသိုလ်ကံ ၁၂-ပါး လုံးက ပေးလေသည်၊ ဗြဟ္မာဘုံ၌ ဃာန ဇိဝှါ ကာယ ပသာဒများ မရှိသောကြောင့် ဃာန ဇိဝှါ ကာယ ဝိညာဉ် သုံးပါးကို မရအပ်၊ အသညသတ် နှင့် အရူပ ၄-ဘုံ၌ ပဉ္စပသာဒ မရှိသောကြောင့် ပဉ္စ ဝိညာဉ် နှင့် တကွ ရှေ့တော်ပြေး သမ္ပဋိစ္ဆိုင်း သန္တီရဏ ပေါင်း ဝိညာဉ် ၇-ပါးလုံးကို မရပါ၊ ကာမဘုံမှာ ၇-ပါး၊ ရူပဘုံမှာ ၄-ပါး စီသာသင့်သလို ရကြ၏ ဟူလို၊ ဥပေက္ခာသန္တီရဏသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုး ၂-မျိုး ရ၏၊ ကျန် ဝိညာဉ် ခြောက်ပါးမှာ ပဝတ္တိကျိုး တမျိုးတွေသာ ဖြစ်ကြသည်။

---

**ကာမာဝစရ ကုသိုလ် ကံသည်-**

ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေကျိုးကို ပေး၏၊ ပဝတ္တိ အခါတွင် မဟာဝိပါက် ၈-ပါးဟူသော အကျိုးကို ကာမသုဂတိ ဘုံ၌ သာလျှင် အကျိုး ပေး၏၊ အဟိတ် ကုသလ ဝိပါက် ၈-ပါးဟူသော အကျိုးကိုကား ကာမဘုံ ရူပဘုံတို့၌ ထိုက်သလို အကျိုး ပေးလေသည်။

**မှတ်သားရန်။** ။မဟာကုသိုလ်၏ အကျိုး ဝိပါက်မှာ အဟိတ် ကုသလ ဝိပါက် ၈-ပါး, သဟိတ် ကုသလဝိပါက် ၈-ပါး အားဖြင့် ၁၆-ပါးရှိ၏၊ ဥပေက္ခာ သန္တီရဏနှင့် မဟာ ဝိပါက်စိတ် ရှစ်ပါး ဟူသော ပဋိသန္ဓေ ကျိုးကို ကာမ သုဂတိ ၇-ဘုံ၌သာ ပေး၏၊ ထိုတွင် လူ့ဘုံနှင့် စတုမဟာရာဇ် ၂-ဘုံ၌သာ ဥ-သန္တီရဏ အဟိတ် ပဋိသန္ဓေ ကျိုးကို ပေး၏၊ တာဝတိံသာ စသော အထက် နတ်ပြည် ၅-ဘုံမှာ အဟိတ် ပုဂ္ဂိုလ် မရှိသောကြောင့် မဟာဝိပါက် ပဋိသန္ဓေ အကျိုးကို ပေး၏၊ မဟာ ဝိပါက် ရှစ်ပါး ဟူသော ပဝတ္တိကျိုးကို လည်း ကာမ သုဂတိ ၇-ဘုံ မှာသာ အကျိုးပေး၏၊ အဟိတ် ကုသလ ဝိပါက် ၈-ပါး ဟူသော ပဝတ္တိ အကျိုးကို ကာမ ၁၁-ဘုံ ရူပ (အသညသတ်ကြဉ်)၁၅-ဘုံတို့၌ သာလျှင် ပေး၏၊ အသညသတ် နှင့် အရူပ ဘုံတို့၌ကား ပဉ္စဒွါရ မရှိသောကြောင့် အဟိတ် ကုသလ ဝိပါက် ရှစ်ပါးလုံးကို မရပေ၊ ရူပ ဘုံ၌ စက္ခု သောတ သမ္ပဋိစ္ဆိုင်း သန္တီရဏ ၂-ပါး အားဖြင့် အဟိတ် ကုသလ ဝိပါက် ၅-ပါးကို အကျိုးပေး၏၊ ဃာန ဇိဝှါ ကာယ ဝိညာဉ် ၃-ပါးမှာ ဃာန စသော ဆိုင်ရာ ပသာဒ မရှိသောကြောင့် မရအပ်၊ ဝါ-အကျိုး မပေးချေ။

**ကာ-ကု ရှစ်မှာ၊ ကာ-သုမှာ၊ ကိုးဖြာ သု-သန္တိ၊**
**ဝိပါက် မဟာ၊ ကာ-သုမှာ၊ ကာ ရူ ရှစ် ကု-ဝိ၊**

ကာမာဝစရ ကုသိုလ် ၈-ပါးသည် ကာမသုဂတိ ၇-ဘုံမှာသာ ကာမ သုဂတိ ပဋိသန္ဓေ ၉-ခု ဟူသော အကျိုးကို ဖြစ်စေ၏၊

ပဝတ္တိ အခါ၌ကား မဟာ ဝိပါက် ရှစ်ပါး ဟူသော ပဝတ္တိ ကျိုးကို ကာမ သုဂတိ ၇-ဘုံ၌သာ ပေး၏၊

'ကာ ရူ ရှစ် ကု-ဝိ' အဟိတ် ကုသလ ဝိပါက် ရှစ်ပါး ကိုမူ ကာမ ၁၁-ဘုံ နှင့် ရူပ ၁၅-ဘုံမှာ အကျိုးပေး၏။

## ပဋ္ဌာနသဒ္ဒေ အမျိုးအစား

တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် ကံသည် တိဟိတ် ပဋိသန္ဓေ အကျိုးကို ပေး၏၊ ပဝတ္တိ အခါ၌ မဟာဝိပါက် ရှစ်ပါးနှင့် အဟိတ် ကုသလ ဝိပါက် ရှစ်ပါး အားဖြင့် ၁၆–ပါးကို ပေးလေသည်၊

**မှတ်သားရန်။** ။တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် ဉာဏ သမ္ပယုတ် ၄–ပါးတို့ အနက် တပါးပါးသည် တိဟိတ် မဟာ ဝိပါက် ၄–ပါး ဟူသော ပဋိသန္ဓေ ကျိုးကို ပဋိသန္ဓေ အခါမှာ ဖြစ်စေ၏၊ ပဝတ္တိ အခါ၌ မဟာဝိပါက် ရှစ်ပါးနှင့် အဟိတ် ကုသလ ဝိပါက် ရှစ်ပါး အားဖြင့် ၁၆–ပါးသော ဝိပါက်ကို ဖြစ်စေ၏၊

**တိ–ဥက် တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲ့ခြောက်သာ၊**

---

တိဟိတ် ဩမကာ ကုသိုလ်ကံ ၄–ပါးသည်၎င်း,ဥက္ကဋ္ဌ ကုသိုလ်ကံ ၄–ပါးသည်၎င်း ဒွိဟိတ် ပဋိသန္ဓေကို ပေး၏၊ ပဝတ္တိ အခါ ဒွိဟိတ် ဝိပါက် ၄–ပါးနှင့် အဟိတ် ကုသလ ဝိပါက် ရှစ်ပါး အားဖြင့် ၁၂–ပါးကို ပေး၏။

**မှတ်သားရန်။** ။တိဟိတ် ဩမကကံ ၄–ပါး နှင့် ဒွိဟိတ် ဥက္ကဋ္ဌကံ ၄–ပါး အားဖြင့် ဤရှစ်ပါးတို့ အနက် တပါးပါးသည် ပဋိသန္ဓေ အခါ၌ ဒွိဟိတ် ဝိပါက် ၄–ပါးကို ပေး၏၊ ပဝတ္တိ အခါ၌ကား ဒွိဟိတ် ဝိပါက် ၄·ပါးနှင့် အဟိတ် ကုသလ ဝိပါက် ၈–ပါးအားဖြင့် ၁၂–ပါးကို ပေး၏၊

**တိ–ဩ ဒွိ–ဝိ၊ လေး သန္ဓိ၊ ပဝတ္တိ ဆဲ့နှစ်သာ၊**
**ဒွိ–ဥက် ဒွိ–ဝိ၊ လေး သန္ဓိ၊ ပဝတ္တိ ဆဲ့နှစ်သာ**

တိ–ဩ=တိဟိတ် ဩမက၊ ဒွိ–ဥက်=ဒွိဟိတ် ဥက္ကဋ္ဌ ၄–ပါးကို ယူ၊ ဒွိ–ဝိ=ဒွိဟိတ် မဟာဝိပါက် ၄–ပါးကို ယူ၊ ခွဲ၍ စပ်ဆိုထားသည်။

ဒွိဟိတ် ဩမက ကုသိုလ်ကံ ၄-ပါးသည် သုဂတိ အဟိတ် ပဋိသန္ဓေကျိုး ကမျိုးကိုသာ ပေး၏၊ ပဝတ္တိ အခါ၌ အဟိတ် ကုသလဝိပါက် ရှစ်ပါးကိုပေး၏၊ မဟာဝိပါက်ကျိုးကို မပေးတော့ချေ။

ဒွိ-ဩ ကု-ဝိ၊ သန် သန္ဓိ၊ ပဝတ္တိ ကုရှစ်သာ၊

| ကံအမည် | ပဋိသန္ဓေကျိုး | ပဝတ္တိကျိုး |
|---|---|---|
| တိဟိတ်-ဉက် | .... ၄ | .... ၁၆ |
| တိ-ဩ၊ ဒွိ-ဉက် | .... ၄ | .... ၁၂ |
| ဒွိ-ဩမက | .... ၁ | .... ၈ |

## ဥက္ကဋ္ဌ နှင့် ဩမက

သု ကုသလ်၊ ရှေ့နောက်ရန်၊ ထက်သန် ဥက္ကဋ္ဌ၊
အကုသလ်၊ ရှေ့နောက်ရန်၊ ထုတ်ပြန် ဩမက၊
တိဟိတ် ဥက္ကဋ္ဌံ၊ ဩမကံ၊ အမှန် ခွဲဝေသိ၊

ကာမာပစရ ရှစ်ပါး၌ ဒွိဟိတ် ၄-တိဟိတ် ၄-ရှိ၏၊ တိဟိတ်၌ ဥက္ကဋ္ဌ ၄-ပါး, ဩမကံ ၄-ပါးရှိ၏၊ ဒွိဟိတ်၌ ဥက္ကဋ္ဌ ၄-ပါး ဩမက ၄-ပါးစီရှိပြန်၏၊ တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌမှာ အကျိုးပေးတူကြသည်၊ ရှေ့နောက် ကုသိုလ်ချည်း ခြံရံ ပြုလျှင် ဥက္ကဋ္ဌ ဖြစ်၏၊ ရှေ့နောက် အကုသိုလ် ခြံရံ ပြုလျှင် ဩမကကံ ဖြစ်၏။

အထူးအားဖြင့် ကံတချို့သည် ပဋိသန္ဓေကျိုးကို တကြိမ်သာ ပေးနိုင်သည်၊ ကံ တချက်ထည်းက ပဋိသန္ဓေကျိုးကို အကြိမ်ကြိမ် အထပ်ထပ် မပေးနိုင်၊ ပဝတ္တိကျိုးကိုမူ စေတနာကံ တချက်ထည်းက ဘဝ အသိန်း အသန်း တိုင်အောင် အထပ်ထပ် ပေးနိုင်၏။

**ကေစိဝါဒ**

အသင်္ခါရိက ကံသည် သသင်္ခါရိကကျိုးကို မပေး၊
သသင်္ခါရိက ကံသည် အသင်္ခါရိကကျိုးကို မပေး၊

ထို့ကြောင့် တိဟိတ် ဥက္ကဋ္ဌ အသင်္ခါရိက ၂-ပါးသည် မဟာဝိပါက် အသင်္ခါရိက ၄-ပါး နှင့် အဟိတ်ကုသလ ဝိပါက် ၈-ပါးအားဖြင့် ၁၂-ပါးကိုသာ ပေး၏၊

တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိက ၂-ပါးသည် မဟာဝိပါက် သသင်္ခါရိက ၄-ပါး နှင့် အဟိတ် ကုသလဝိပါက် ၈-ပါး အားဖြင့် ဝိပါက် ၁၂-ပါးကိုပေး၏၊

---

## ကေစိဝါဒ အကျဉ်းချုပ်

| ကုသိုလ်ကံ | | .... | ပဋိသန္ဓေကျိုး | .... | ပဝတ္တိကျိုး |
|---|---|---|---|---|---|
| တိ-ဥ | အသင် ၂ | .... | ၂ | .... | ၁၂ |
| တိ-ဥ | သသင် ၂ | .... | ၂ | .... | ၁၂ |
| တိ-ဩ | အသင် ၂ | .... | ၂ | .... | ၁၀ |
| တိ-ဩ | သသင် ၂ | .... | ၂ | .... | ၁၀ |
| ဒွိ-ဥ | အသင် ၂ | .... | ၂ | .... | ၁၀ |
| ဒွိ-ဥ | သသင် ၂ | .... | ၂ | .... | ၁၀ |
| ဒွိ-ဩ | အသင် ၂ | .... | ၂ | .... | ၈ |
| ဒွိ-ဩ | သသင် ၂ | .... | ၂ | .... | ၈ |

ဤသို့ ကံနှင့် ဝိပါက် သင်္ခါရချင်း တူ၏ဟု မိန့်ကြ၏၊

ကံ-၈ နှစ်ဆူ၊အ-သမူ၊အတူ ကေစိဝါ၊

| ကုသိုလ် | .... | သမနာ ဝါဒ | .... | ကေစိဝါဒ |
|---|---|---|---|---|
| တိ-ဥက္ကဋ္ဌ အသင်္ခါ | .... | ၁၆ | .... | ၁၂ |
| တိ-ဥက္ကဋ္ဌ သသင်္ခါ | .... | ၁၆ | .... | ၁၂ |
| တိ-ဩ၊ဒွိ-ဥ အသင်္ခါ | .... | ၁၂ | .... | ၁၀ |
| တိ-ဩ၊ဒွိ-ဥ သသင်္ခါ | .... | ၁၂ | .... | ၁၀ |
| ဒွိ-ဩ အသင်္ခါ | .... | ၈ | .... | ၈ |
| ဒွိ-ဩ သသင်္ခါ | .... | ၈ | .... | ၈ |

သင်္ခါရဘေဒ မရှိ၍ အဟိတ် ဝိပါက်၌ ဝါဒချင်း မကွဲပေ။

## ရူပါဝစရကံ အကျိုးပေးပုံ

အညံ့စား ပဉ္စမဈာန် ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌,
အလတ်စား ပ–ဈာန် ကံသည် ဗြဟ္မပုရောဟိတာဘုံ၌,
အမြတ်ဆုံး ကံသည် မဟာဗြဟ္မာဘုံ၌ အကျိုးပေး၏၊

**ဟီနံ မဇ္ဈိမံ၊ ပဏီတံ၊ သုံးဈာန် ကိုယ်စီ ပြု၊**
**ဆန် ဝီ စိတ် မံ၊သုံးမျိုးဘန်၊သုံးဈာန် ကွဲပြားမှု၊**

ယုတ်လျော့သော အဓိပတိနှင့် ယှဉ်လျှင် ဟီန,
အလတ်တန်းစား အဓိပတိနှင့် ယှဉ်လျှင် မဇ္ဈိမ,
ထက်သန်သော အဓိပတိနှင့် ယှဉ်လျှင် ပဏီတ ဖြစ်၏၊
တနည်း အလေ့ဝသီ ညံ့၊ လတ်၊ မြတ်အားဖြင့်လည်း ရူပါဝစရကံ၏ ဟီန ပဏီတ အဖြင့်ကို ခွဲလေ။

ဟီန ဒု–တဈာန်ကံသည် ပရိတ္တာဘာဘုံ၌,
မဇ္ဈိမ ဒု–တဈာန် ကံသည် အပ္ပမာဏာဘာဘုံ၌,
ပဏီတ ကံသည် အာဘဿရာဘုံ၌ အကျိုးပေး၏၊

ဟီန စတုတ္ထဈာန် ကံသည် ပရိတ္တသုဘာ ဘုံ၌
မဇ္ဈိမ စတုတ္ထဈာန် ကံသည် အပ္ပမာဏသုဘာဘုံ၌
ပဏီတ ကံသည် သုဘကိဏှာ ဘုံ၌ အကျိုးပေး၏,

သာမည ဖြစ်သော ပဉ္စမဈာန် ကုသိုလ် ကံသည်
ဝေဟပ္ဖိုလ် ဘုံမှာ ပဉ္စမဈာန် ဝိပါက်ကို ဖြစ်စေ၏၊

နာမ်တရားကို ပျောက်ကင်းအောင် ပွါးသော ဘာဝနာနှင့် ယှဉ်သော ပဉ္စမဈာန် ကုသိုလ်သည် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကို ဖြစ်စေသည်၊

**နာမ် ပျောက်ကင်းစေ၊ ဆုပန်ထွေ၊ သညေ ရုပ်အစု၊**

သဒ္ဓိန္ဒြေ လွန်သော ပဉ္စမဈာန် ကံသည် အဝိဟာ ဘုံ၌–
ဝီရိယိန္ဒြေ လွန်သော ပဉ္စမဈာန် ကံသည် အာတပ္ပါဘုံ၌–
သတိန္ဒြေ လွန်သော ပဉ္စမဈာန် ကံသည် သုဒဿာဘုံ၌–
သမာဓိန္ဒြေ လွန်သော ပဉ္စမဈာန် ကံသည် သုဒဿီဘုံ၌–
ပညိန္ဒြေ လွန်သော ပဉ္စမဈာန် ကံသည် အကနိဋ္ဌာ
ဘုံ၌ ဣန္ဒြေ အလိုက် အကျိုးကို ဖြစ်စေ၏၊

**ဣန္ဒြေ ငါးတန်၊ အစဉ် လွန်၊ ငါးတန် သုဒ္ဓါစု။**

**မှတ်သားရန်။** ။အနာဂါမိ ဖလဋ္ဌာန် အရဟတ္တ မဂ္ဂဋ္ဌာန် အရဟတ္တ ဖလဋ္ဌာန် အားဖြင့် ဤ အရိယာ သုံးယောက်ကို သုဒ္ဓါဝါသ ငါးဘုံမှာ ရ၏၊ သို့ရာတွင် အရဟတ္တ မဂ္ဂဋ္ဌာန် နှင့် အရဟတ္တ ဖလဋ္ဌာန် ၂–ယောက်မှာ ပဋိသန္ဓေ မနေသောကြောင့် အနာဂါမိ ဖလဋ္ဌာန် တယောက်သာ ပဋိသန္ဓေ နေသူ အဖြစ်ဖြင့် ရအပ်ပေသည်၊ သုဒ္ဓါဝါသရောက် ပုဂ္ဂိုလ်များသည် တခြား ဗြဟ္မာဘုံသို့ မပြောင်းကြဘဲ မိမိတို့ သုဒ္ဓါဝါသ ဘုံမှာပင် ဘဝတိုးကာ အဆုံးသတ် ကြရသည်၊

အကယ်၍ အောက်ဘုံမှာ ရဟန္တာ မဖြစ်ဘဲ စုံတေလျှင် အထက် အထက် ဘုံသို့သာ ပြောင်းကြရ၏၊ အကနိဋ္ဌ ဘုံသားများကား ဘယ်ကိုမှ မပြောင်းဘဲ ထို ဘုံမှာပင် ဘဝအဆုံး သတ်ကာ ပရိနိဗ္ဗာန် စံဝင်ကြရသည်၊ ထို့ကြောင့် အကနိဋ္ဌ ဘုံကို အရိယ ဘဝဂ်ဟု ခေါ်သည်၊ ဘာ–ဘုံ၊ အဂ္ဂ–အဆုံး၊ သုဒ္ဓါဝါသကား အရိယာ သက်သက် ရသော ဘုံတည်း၊ ပုထုဇဉ် သက်သက် ရသော ဘုံကား အပါယ အသညသတ် ဘုံများတည်း၊

ဘဝဂ် သုံးမျိုး

ဝေဟပ္ဖိုလ် ဘုံသည် ပုထုဇ္ဇန ဘဝဂ် မည်၏၊
အကနိဋ္ဌ ဘုံသည် အရိယာ ဘဝဂ် မည်၏၊
နေဝသညာ ဘုံသည် သဗ္ဗ ဘဝဂ် မည်၏၊

## အရူပါဝစရကံ အကျိုးပေးပုံ

**အရူပါဝစရ ကုသလဉ္စ ယထာက္ကမံ ဘာဝေတွာ**
**အာရုပ္ပေ သု ဥပ္ပဇ္ဇန္တိ၊**

အာကာသာနဉ္စာ ယတန ကုသိုလ် ကံသည် ၎င်းဘုံ၌-
အာကိဉ္စညာ ယတန ကုသိုလ် ကံသည် ၎င်းဘုံ၌-
ဝိညာဏာနဉ္စာ ယတန ကုသိုလ် ကံသည် ၎င်းဘုံ၌-
နေဝသညာ နာသညာ ကုသိုလ် ကံသည် ၎င်းဘုံ၌-
ဤသို့ အစဉ်အတိုင်း အကျိုး ဝိပါက်ကို ဖြစ်စေ၏။

**ဣစ္စုံ မဟဂ္ဂတံ ပုညံ, ယထာဘူမိ ဝဝတ္ထိတံ၊**
**ဇနေတိ သဒိသံ ပါကံ, ပဋိသန္ဓိ ပဝတ္တိယံ။**

ဣစ္စံ-ဤသို့ ဆိုခဲ့သည့် အတိုင်း၊ မဟဂ္ဂတံ ပုညံ-မဟဂ္ဂုတ် ကုသိုလ် ကံသည်၊ ယထာဘူမိ ဝဝတ္ထိတံ-ပိုင်းခြား သတ်မှတ်၍ ထားအပ်သော ဘုံအတိုင်း၊ သဒိသံ ပါကံ-တူသော အကျိုးကို၊ ပဋိသန္ဓိ ပဝတ္တိယံ-ပဋိသန္ဓေ ပဝတ္တိ အခါ ၂-ပါးလုံး၌၊ ဇနေတိ-ဖြစ်စေ၏။

**မှတ်သားရန်။** ။ပ-ဈာန်ကံသည် ပ-ဈာန် သုံးဘုံ၌.... နေဝသညာ ကံသည် နေဝသညာ ဘုံ၌ အကျိုးတူ ဝိပါက်ကို ဖြစ်စေခြင်းသည် ယထာဘူမိ ဝဝတ္ထိတ မည်၏၊ 'သဒိသံ' အရ ပ-ဈာန် ကုသိုလ်ကံသည် ပ-ဈာန် ဘုံ၌ ပ-ဈာန် ဝိပါက်ကျိုးကို, ဒု-တ ဈာန် ကံသည် ဒု-တ ဝိပါက်ကျိုးကို ပေး၏၊.....နေဝသညာ ကံသည် နေဝသညာ ဝိပါက်ကျိုးကို ပေး၏၊ ဤသို့ တူမျှသော အကျိုးကို ပေး၏။

သမာပတ် ၈-ပါးလုံးရပြီးသော ပုထုဇဉ်သောတာပန် သကဒါဂါမ်တို့သည် သုဒ္ဓါဝါသ ကြဉ်သော ရူပ အရူပ ဘုံများဘုင် ဖြစ်လိုရာ ဘုံမှာ ဖြစ်နိုင်ပါ၏၊ ဖြစ်လိုသော ဆန္ဒ ရှိပါက ပုထုဇဉ် သောတာပန်နှင့် သကဒါဂါမ် ၃-ယောက်သည် ဈာန်ကို လျောချပြီးလျှင် ကာမဘုံမှာ ဖြစ်နိုင်ကြ သေး၏၊ ကာမ ဘုံမှာ ဖြစ်သော အခါ၌ ဥပစာရ ကာမာဝစရ သမာဓိ ကံကြောင့် ဖြစ်ရ၏၊

ကာမရာဂကို ပယ်ထားသောကြောင့် အနာဂါမ်များသည် ကာမ ဘုံ၌ ပဋိသန္ဓေ နေသောအားဖြင့် မဖြစ်ကြကုန်၊ ဈာန်မရသေးသော အနာဂါမ်ကို အကယ်၍ မားနှင့် လည်ပင်းပိုင်းကာ သတ်လိုက်စေကာမူ သမာဓိဓာတ် တည်တန့် ခိုင်ခံ့လှသောကြောင့် မသေမီ အကြားမှာပင် ပဉ္စမဈာန် အထိ ပေါက်ရောက် ရရှိပြီးမှ သုဒ္ဓါဝါသ ဗြဟ္မာ့ ဘုံသို့ ဖြစ်စေ ဝေဟပ္ဖိုလ်ဗြဟ္မာ့ ဘုံသို့ ဖြစ်စေ လားရလေသည်၊

မိန်းမများ သမာပတ် ရှစ်ပါး ရကာ သေသော်လည်း မဟာဗြဟ္မာ အဆင့်အတန်း၌ မဖြစ်နိုင်ကြ၊ ဗြဟ္မပါရိသဇ္ဇ ဗြဟ္မပုရောဟိတ အဖြစ်၌သာ ဖြစ်ကြပါသည်၊ [illegible]ဘုံသို့ ရောက်စေကာမူ သဘောထား ဖယ်ထားသောကြောင့် [illegible] ရာထူးကို မရနိုင်ကြကုန်။

ဘဝသေ၌ ဘဝသီသ ဘဝမြတ် ဘဝထွဋ် ခေါ်သော ဝေဟပ္ဖိုလ် အကနိဋ္ဌနေဝသညာ ဘုံသို့ ရောက်ပြီးသော အရိယာများသည်တခြား ဘုံသို့ မပြောင်းကြဘဲ မိမိရောက်ရာ ဘုံမှာပင် ဘဝ အဆုံးသတ်ကြ၏၊ ထိုတွင် အကနိဋ္ဌဘုံ၌ ထပ်မဖြစ်တော့ချေ၊ ဝေဟပ္ဖိုလ် နှင့်နေဝသညာ ၂-ဘုံ၌ကား ကိစ္စ မပြီးသေးလျှင် မိမိဘုံမှာ ထပ်၍ ဖြစ်နိုင်ကြသေး၏၊ ဗြဟ္မာ့ဘုံရောက် အရိယာများ အောက်ဘုံသို့ ပြန်၍ မဆင်းတော့ပြီ။

ဝေဟပ္ဖလေ အကနိဋ္ဌေ, ဘဝဂ္ဂေ စ ပတိဋ္ဌိတာ၊
န ပုနာညတ္ထ ဇာယန္တိ, သဗ္ဗေ အရိယ ပုဂ္ဂလာ၊
ဗြဟ္မလောက ဂတာ ဟေဋ္ဌာ, အရိယာ နောပပဇ္ဇရေ။

ဝေဟပ္ဖလေ-ဝေဟပ္ဖိုလ် ဘုံ၌၎င်း၊ အကနိဋ္ဌေ-အကနိဋ္ဌ ဘုံ၌၎င်း၊ ဘဝဂ္ဂေ စ-နေဝသညာ ဘုံ၌၎င်း၊ ပတိဋ္ဌိတာ-ရောက်ရှိတည်နေကြကုန်သော၊ သဗ္ဗေ အရိယ ပုဂ္ဂလာ-အရိယာ ပုဂ္ဂိုလ် အားလုံးတို့သည်၊ အညတ္ထ-တခြားဘုံ၌၊ န ပုနဇာယန္တိ-တဖန်ထပ်၍ မဖြစ်ကြကုန်၊ ဗြဟ္မလောကဂတာ-ဗြဟ္မာ့ဘုံရောက်၊ အရိယာ-အရိယာတို့သည်၊ ဟေဋ္ဌာ-အောက်အောက်ဘုံသို့၊ နောပပဇ္ဇရေ-မဆင်းလာကြတော့ကုန်။

ပဋိသန္ဓေ ၄-မျိုး ပြီး၏

# မရဏုပ္ပတ္တိ ၄-မျိုး

၁။ အာယုက္ခယ ....အသက်တမ်း စေ့ကုန်ခြင်း,

၂။ ကမ္မက္ခယ ....အကြောင်းကံ ကုန်ခမ်းခြင်း,

၃။ ဥဘယက္ခယ....သက်တမ်း ကံ ၂-ပါးကုန်ခြင်း

၄။ ဥပစ္ဆေဒက ....ကံတပါးက ကပ်၍ဖြတ်ခြင်း၊

**မှတ်သားရန်။** ။မရဏုပ္ပတ္တိ၊ မရဏာ-သေခြင်း၏၊ ဥပ္ပတ္တိ-ဖြစ်ခြင်း၊ ထို အကြောင်းအရာ ၄-မျိုးကို ပြရာ အခန်းဖြစ်၍ မရဏုပ္ပတ္တိ စတုက္က မည်၏၊ အာယု အရ ဇီဝိတိန္ဒြေကို မှ၍ ယူ၊ ဤ နေရာ၌ တည်ရာ အချိန်ကာလ သက်တမ်းကို ဌာနူပစာရ အားဖြင့် အာယု ဟု ကောက်ရ၏၊ ဆိုင်ရာ ဘုံဘ၏ သက်တမ်း ကုန်ခမ်းမှုကြောင့် သေခြင်းမျိုးသည် အာယုက္ခယမရဏုပ္ပတ္တိ မည်၏၊ ဘုရားတို့ ဓမ္မတာမှာ သက်တော် ၅-ပုံ့တပုံ လျော့ရမြဲ ဖြစ်၍ ဂေါတမ ဘုရား၏ ပရိနိဗ္ဗာန် စံတော်မူရခြင်းသည် အာယုက္ခယ မရဏာမျိုး ဖြစ်၏ဟု မှတ်၊ ကမ္မက္ခယ၌ ကမ္မ အရ ဇနက ကံကို ယူ၊ သက်တမ်း [illegible] နေသေးသော်လည်း ဇနက ကံကုန်၍ သေခြင်းမျိုးကို ကမ္မက္ခယမရဏာ ဟု ယူ၊ အသက်တမ်း နှင့် ကံများ ရှိနေသေးသော်လည်း ရှေးက ပြုခဲ့ဘူးသော ဥပစ္ဆေဒက ကံက အခွင့်သာ၍ရှင်း ခုဘဝဂုဏ်ကြီး အသက်ကြီးသူများ အပေါ် စော်ကား ပစ်မှားခဲ့သော ဥပစ္ဆေဒက ကံကြီးများက ကပ်ဖြတ်၍ရှင်း ဓါး လက်နက် သည်နှင့် သတ်ဖြတ် ခံရခြင်း မြေမျိုခြင်း စသော အားဖြင့် သေခြင်းမျိုးသည် ဥပစ္ဆေဒက မရဏာမျိုး မည်၏၊ ငရဲသား မြောက်ကုရုကျွန်းသား ဘုမ္မစိုး နတ်အချို့မှ တခြားသော နတ်များ၌ ဥပစ္ဆေဒက မရဏာမျိုး မရှိ၊

ဥပမာ၊ ဆီကုန်သောကြောင့်ရှင်း မီးစာ ကုန်သောကြောင့်ရှင်း ဆီမီးစာနှစ်ပါးစုံ ကုန်သောကြောင့်ရှင်း လေတိုက်သောကြောင့်ရှင်း ဆီမီးငြိမ်းသကဲ့သို့ အာယုက္ခယ မရဏာ စသော ၄-မျိုးကိုသိအပ်၏။

ထိုအကြောင်း ၄-မျိုးတို့ဖြင့် သေကြရသောသတ္တဝါများအား သေခါနီး အခါ၌ ရှေ့ရှု ဖြစ်လာသော ဘဝတပါးမှာ ပဋိသန္ဓေကို ဖြစ်စေသော ကံသော်၎င်း,ထိုကံကို ပြုစဉ်အခါ ရှုပါခဲ့ရ သော ဥပကရဏ ကံမှန်ယ်ကာသော်၎င်း,အခြားမဲ့ ဖြစ်ရမည့် ဒုတိယ ဘဝ၌ဥပလဘိတဗ္ဗ ဥပဘောဂ ဂတိနိမိတ်သော်၎င်း ကံ၏အစွမ်းကြောင့် ၆-ဒွါရတို့အနက် တပါးပါးသော ဒွါရမှာသင့်သလိုတရစ် ပဲ ရှေ့ရှု ထင်နေတော့၏၊

## ဤ သုံးပါးတွင်၊ တအင်အင်၊ ထင်မြဲ ထုံးအမှန်၊

## သေခါနီး စိတ်အစဉ်ဖြစ်နေပုံ

ထို့နောင် ရှေ့ရှု ထင်နေသောနိမိတ် တမျိုးမျိုးကို ခွဲမြဲ ပိုက်၍ကပ် အာရုံပြုလျက် အကျိုးပေးမည့် ကံအား လျော်စွာ ကုသိုလ်ကျိုးပေး လျှင် ဖြူဖြူစင်စင်အားကုသိုလ်ကျိုးပေးလျှင် ညစ်နွမ်းစွာ စိတ်အစဉ်သည် ရှေ့လာမည့် ဘဝသစ်ကို လှမ်းညွှတ် သက်ဝင်ကာ အာရုံပြု ဘျက်စားရင်း အများ အားဖြင့် မပြတ်မလပ် အထပ်တပ် ဖြစ်နေလေတော့၏၊ တနည်းအားဖြင့် သာသစ်မှာ ပဋိသန္ဓေနေ အကျိုးပေးမည့် ကံသင့်ရည်ပင်လျှင် မူလ ပြုကာစ အသစ်စက်စက် အနေဖြင့် ဘူတကာသ ဒွါရမှာ ထင်လာလေ၏။

မှတ်သားရန်။ ။မရဏ ကာလေ အရ သေခါနီး တဝိထိ သာသာ၏ ဟိုဘက် ဒေါ်တော် အမျိုး များများကိုသူ အဘိဓာ်ကို တောက်ပါ၊ တဝိထိ သာသာလောက်သာ အသက်ကြွင်းကျန်သော အခါကို ပစ္စာသန္နမရဏာသဿဟု မိန့်လိုခဲ့ဦးမည်၊ သေဘို့ရန်အတော်ကို နီးနေ၍ တဝိထိ နှစ်ဝီထိစာသာ အသက် ကြွင်းကျန်သူဟူလို၊

**ယထာရဟံ။** ။နိမိတ်၃-ပါးထင်ထိုက်သူမှာသာ ထင်၏၊မထင်ထိုက်သော ဘယ်ဘုံဘယ်ဘဝမှာမှ ထပ်မဖြစ်တော့သော ရဟန္တာ၏ သန္တာန်မှာ သေကာနီး ဇောဉ္စ နိမိတ် ၃-ပါးမထင်၊ အာရုံပြုအသုံးသတ် များခဲ့သော ရုပ်နာမ် ဓမ္မ သင်္ခါရ အာရုံများသာ လျှာထင်၏ဟု မှတ်၊သို့သော် ရဟန္တာ၏ စုတိစိတ်ကား သူ့ဘဝ၏ အစမှာ ပဋိသန္ဓေစိတ်က ယူခဲ့သော နိမိတ် ၃-ပါးကိုပင် အာရုံပြုလေသည်ဟု သေချာစွာ ခွဲမှတ်ပါ၊ ဤကား ယထာရဟံကို ပစ္စုပ္ပန္နာတိဉ္စ စပ်၍ ယူဆပုံတည်း၊ တနည်း ကမ္မံဝါ ကမ္မနိမိတ္တံဝါ ဂတိနိမိတ္တံဝါဉ္စ စပ်လျှင်ကား ထို နိမိတ် ၃-ပါးအနက် ထင်အပ် ထင်ထိုက်သော၊ နိမိတ်တမျိုးမျိုးသာလျှင် ထင်၏၊၂-ပါး ၃-ပါးမထင်ဟု ယူဆရ၏၊

အကျိုး ပေးမည့် ကုသိုလ် အကုသိုလ် ကံသည်ပင် ကံနိမိတ် အတိတ် ဓမ္မာရုံဖြင့်၍ မနော့ဒွါရမှာ ထင်လာလေသည်၊

အကုသိုလ်နှင့်၊ကုသိုလ် ကမ္မ၊ဇနက ခွင့်ရ ရှေ့ရှုကံ၊
ကံအာရုံမှာ၊ တိတ် ဓမ္မာ၊ထင်ရာ မနောတည်း။

**ကမ္မနိမိတ်။** ။ကံမြောက်ကြောင်းအာရုံသည် ကမ္မနိမိတ်မည်၏၊ ထို နိမိတ်သည် ဥပလဒ္ဓ အာရုံ ဥပကရဏ အာရုံ ဟု ၂-မျိုး ရှိ၏၊ ထို ၂-မျိုးအနက် ကုသိုလ်ရေးအတွက် ဘုရားတည်ဖူး၍ ပဓာန ဖြစ်သော ဘုရားပုံတော် ဖြစ်သည့် ပဓာန တိုက်အောင် ဖြစ်သောကြောင့် ဥပလဒ္ဓ ကမ္မနိမိတ် အာရုံမည်၏၊ထိုး တံခွန် ပန်း ဆီမီး စသော အပဓာန အခြံအရံ အာရုံသည် ဥပကရဏကမ္မနိမိတ်မည်၏၊အကုသိုလ် ပြုရာတွင် သတ်အပ်သော သတ္တဝါ ဖြစ်သည် ပဓာနအနေ ဖြစ်သော ကြောင့် ဥပလဒ္ဓ ကမ္မနိမိတ် မည်၏၊ ဒုတ် လှံတံ လေး မြှားစသော အပဓာန အခြံ အရံ အာရုံသည် ဥပကရဏ ကမ္မနိမိတ်မည်၏။

ကံမြောက်ကြောင်းဟူ၊ဆောက်အဦ၊မှတ်ယူ နိမိတ်ဟို
အာရုံ ပဓာန၊နိမိတ္တ၊ဥပလဒ္ဓ သာ၊
အပဓာန၊ခြံရံမျှ၊ဥပကရဏာ။

ကမ္မနိမိတ်မှာ အာရုံ ၆-မျိုး ရှိ၏၊ အတိတ်လည်း ရှိ၏၊ ပစ္စုပ္ပန်လည်းရှိ၏၊ ၆-ဒွါရ၌ ဖြစ်၏၊အထူးအားဖြင့် အတိတ်ဖြစ်လျှင် အာရုံ

၆-ပါးလုံး ရ၏၊ မနောဒွါရမှာချည်းသာ ထင်၏၊ ပစ္စုပ္ပန် မဟုတ်သော ကြောင့် ပဉ္စဒွါရ၌မထင်နိုင်၊ ပစ္စုပ္ပန် အာရုံ ဖြစ်လျှင် အာရုံ ၆-ပါး ရ၏၊ ၆-ဒွါရ၌ တိုက်ရိုက်သလို ထင်လာ၏၊

**ကမ္မနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်တွေ၊ ထင်လေမနောဒွါ ယင်း နိမိတ္တံ၊ ပစ္စုပ္ပန်၊ ခြောက်တန် ဆဒွါရ၊**

**ဂတိနိမိတ်။** ။ဘုံအားလျော်စွာ လားရောက်ရမည့် သတ္တဝါ ရောက် ခံစားရမည့် အာရုံသည် ဂတိနိမိတ်မည်၏၊သုဂတိအတွက် နတ်သမီး ဗိမာန် ပဒေသာပင် ဥယျာဉ် သည်ကို ယူ၊ ဒုဂ္ဂတိအတွက် ငရဲအိုး ငရဲထိမ်း ခွေးနက်ကြီး တောကြီး တောင်ကြီးစသည်ကိုယူ၊ ထို ဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ ရူပါရုံသာဟု ဋီကာကျော်မိန့်၏၊ မဟာဋီကာ သစ္စသံခိပ် လယ်တီ ဋီကာ အလိုအားဖြင့် အတိတ် ပစ္စုပ္ပန် ၂-စား၊ အာရုံ ၆-ပါး၊ ၆-ဒွါရ၌ဖြစ်၏ဟု မိန့်ကြ၏၊ 'ဆဒွါရဂဟိတံ ကမ္မ နိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္န မတီတာရမ္မဏံ ဥပလဗ္ဘတိ' ဟု တဝါကျ တည်းထားသော သင်္ဂြိုဟ် အသွားမှာလည်း ကမ္မနိမိတ်နှင့် ဂတိနိမိတ် ၂-ပါးကို ဆဒွါရဂဟိတ ပစ္စုပ္ပန် အတိတ် ကာလ ၂-ပါးဟူ၍ပင် ဆိုလိုသည်၊ ဋီကာကျော် ဆရာကား အဘော်ကြီး တွေကောက်စွာ ကြံကာ ဖွင့်ထားသည်၊ ဒုဂ္ဂတိဘုံသို့ ကပ်ရောက်ကာ ရရှိအပ်သော အာရုံသည် ဥပလဗ္ဘိတဗ္ဗ၊ သုဂတိဘုံသို့ ကပ်ရောက် ခံစားအပ်သော အာရုံသည် ဥပဘောဂမည်၏၊တနည်း-ကိုယ်နှင့်စပ်၍ ရအပ်သော ငရဲဘုံ နတ်ဗိမာန် စသည်ကား ဥပလဗ္ဘိတဗ္ဗ၊ကိုယ်နှင့် မစပ်ဘဲ အခြံ အရံ အာရုံများ ဖြစ်ကြသော ငရဲအိုး ငရဲထိမ်း နတ်သမီး နတ်သား စသည်ကား ဥပဘောဂ ဂတိနိမိတ်မည်၏။

လားရာဂတိ၊ ထိုဌာရှိ၊ ဂတိနိမိတ္တံ၊
ရူပါရုံမှန်၊ ပစ္စုပ္ပန်၊ ထင်ရန် မနောဒွါ၊
တနဲ့ မှတ်ရန်၊ တိတ် နှင့် ပန်၊ ထင်ရန် ခြောက်ဒွါရာ၊

ဂတိငါးပါး-

ဒေဝဂတိမှာ .... နတ်သမီးဗိမာန် ပဒေသာပင် စသည် ထင်၏၊
မနုဿဂတိမှာ .... အမိဝမ်းရေ ကမ္ဗလာနီ ဆးဆင်း ထင်၏၊

နိရယဂတိမှာ ....ငရဲအိုး ငရဲမီးလျှံ စသည် ထင်၏၊
တိရစ္ဆာနဂတိမှာ....တောရိပ် တောင်ခြေ စသည် ထင်၏၊
ပေတ ဂတိမှာ ....အခြောင်တိုက်ကြီးများ စသည် ထင်၏။

| နိမိတ် | | ကာလ | | အာရုံ | | ဒွါရ |
|---|---|---|---|---|---|---|
| ကံ | .... | အတိတ် | .... | ဓမ္မာရုံ | .... | မနော |
| ကမ္မ | .... | တီ-ပန် | .... | ၆-ပါး | .... | ၆-ဒွါရ |
| ဂတိ | .... | ပစ္စုပ္ပန် | .... | ရူပါရုံ | .... | မနော |
| တနဲ | .... | တီ-ပန် | .... | ၆-ပါး | .... | ၆-ဒွါရ |

မဟာဋီကာ လယ်တီဋီကာတို့ အလိုအားဖြင့် ဂတိနိမိတ်သည် ကမ္မနိမိတ်အတိုင်း အတိတ် ပစ္စုပ္ပန် အာရုံ ၆-ပါး ၆-ဒွါရ ဟူ၏။ ထို နိမိတ် ၃-မျိုးသည် ကံ၏ အစွမ်းကြောင့် ဆိုင်ရာ ပုဂ္ဂိုလ် ဆိုင်ရာ ဒွါရမှာ လာ၍ ထင်ကြ၏။

---

အာရုံ ထင်ပြီးနောင် သေခါနီး စိတ်များ ဆက်လက်၍ဖြစ်ခဲ့နေရပုံမှာ အကုသိုလ်ကံ အကျိုး ပေးတော့မည် ဖြစ်လျှင် မကောင်းသော နိမိတ် အာရုံထင်လာသောကြောင့် ထိုအာရုံကိုပင် အာရုံပြုလျက် မကြည် မလင် ညစ်နွမ်းသော စိတ်အစဉ်သည် ဖြစ်နေ၏၊ ကုသိုလ်ကျိုးကို ပေးတော့မှာဖြစ်လျှင် ကောင်းသော အာရုံ နိမိတ်များ ထင်လာသဖြင့် ထို ပရိသုဒ္ဓ အာရုံကောင်းကို အာရုံ ပြုလျက် ဖြူစင် ကြည်လင်သော ကုသိုလ်စိတ် အစဉ်သည် ဖြစ်နေလေတော့၏၊သေခါနီး နိမိတ်ကောင်း ထင်ဘို့ စိတ်ကောင်း ဝင်စားလာဘို့ မိတ်ကောင်း ဆွေကောင်းနှင့် အသိဉာဏ် ရှိကြဘို့ အရေးကြီး၏။

တဏ္ဌော ဏာတံ ၀။ ။ထိုစိတ်အစဉ်သည် လားရောက်ရမည့် အာသစ်သို့ လှမ်းညွတ် တိမ်းယိမ်း ကိုင်းရှိုင်းလာ အများအားဖြင့် မပြတ် ဖြစ်နေလေသည်၊တဏ္ဌောဏာတံ၀ ဆိုသော စကား အရ ဥပမာအားဖြင့်‘ယောက်လန်းသဖွယ် ဝိညာဏ်တွယ်’ဟုမိန့်ကြ၏၊ဤစိတ်သည် ဘ၀ အသစ်သို့ သွားဖြစ်သည် မဟုတ်၊ညွတ်ရုံမျှ ညွတ်နေ၏၊ ဘ၀သစ်မှာ

ဤဘာဝမှ အကြောင်းခံ ကံတရားကြောင့် အကျိုးဝိပါက်သည် ဥပပတ်ဘော စ၍ ပြန်လည် ထူထောင်ကာ သတ္တဝါတခု အဖြစ်ဖြင့် ပေါ်ပေါက် လာရပြန်သည်၊ ဥပမာ-တံဆိပ်တုံးဖြင့် ထန်းရွက်ပေါ် စက္ကူပေါ်တွင် ထုလိုက်သော အခါ တံဆိပ်ထင်ရာ၌ မူလတံဆိပ်တုံး မဟုတ်၊ တံဆိပ် တုံးမှ အကြောင်းဆက်ပေးလိုက်သော အကျိုးတံဆိပ်ရာသာ ဖြစ်သကဲ့ သို့တည်း၊ ပဲ့တင်သံ ဟိန်းသံ ဆီမီး ကူး၍ ညှိထွန်းခြင်းအားဖြင့်လည်း သိအပ်၏၊

ဗာဟုလ္လေန။ ။သေခါနီး စိတ်အစဉ် အတော်ကြီးကြာအောင် ဖြစ်နေရခြင်းမှာ ဖြေးဖြေး သေကြရသော သူ၌သာ ဖြစ်နိုင်၏၊ ရှေ့က လျှောက်သွားသူကို နောက်က ဓားဖြင့် ခုတ်ပိုင်း သတ်ဖြတ်သောအခါ ယင်ကောင်ကို တူဖြင့် ထုလိုက်သောအခါစသည်တို့၌ အဘိဏှ-စိတ် အစဉ် အထပ်ထပ် မပြတ်မစဲ တရစ် တဝဲဝဲ ဖြစ်နေချိန် မရှိ၍ ဖြုန်းကနဲ ပြတ်သွားရ၏၊ ထို့ကြောင့် အများအားဖြင့်သာ စိတ်အစဉ် မပြတ် ဖြစ်၏ဟု မိန့်လေသည်၊ ဗာဟုလ္လ ဖြင့် အသညသတ်မှ စုတေမည့်သူကို နှစ်စေသည်ဟု တနည်း မှတ်။

တမေဝ ဝါပန ဇနကဘူတံ ကမ္မံ-၌ ထို ဇနကကံသည် သာလျှင် ပြုသစ်စ အသွင်ဖြင့် ဒွါရသို့ရောက်လာ၏၊ ကမ္မနိမိတ်နှင့် ဂတိနိမိတ် ၂-ပါး၏ အဘိနဝကရဏကို ဝေ-သဒ္ဒါဖြင့် တားမြစ်၏၊ တနည်း-ကံ နိမိတ်တခုတည်းသာ မိမိ၏ အစွမ်းကြောင့်ထင်၏၊ ကမ္မနိမိတ်နှင့် ဂတိ နိမိတ်တို့မှာ မိမိ၏ စွမ်းရည်ကြောင့် ထင်လာသည် မဟုတ်ဟု ဝေဖြင့် ကန့်၏၊ ကံ၏ အစွမ်းကြောင့်ချည်းသာ ထင်ကြရ၏ ဟူလို။

ကံ၏ အစွမ်းကြောင့် ကမ္မနိမိတ် ဂတိနိမိတ်များထင်၏ ဆိုရာ၌ ယေဘုယျအားဖြင့်သာ ကံကြောင့် ထင်၏ဟု ဆိုသည်၊ မိမိ ကိုယ်တိုင် ဆင်ခြင် အောက်မေ့သော အားဖြင့်၎င်း ဆွေမျိုး သင်္ဂဟတို့ကလှူဆော် သောအားဖြင့်၎င်း ထင်နိုင်ပေသေးသည်၊ ကမ္မနိမိတ်နှင့် ဂတိနိမိတ်မှာ ပစ္စုပ္ပန်ထင်ရှား ပြတ်သားနေသဖြင့် ပြုသစ်စ အနေဖြင့် ထင်၏ဟု ဆို ဘွယ်မလိုဘဲ ကံအတွက်သာ အဘိနဝကရဏ သဘောကို ထပ်၍ ဆိုထားရပေသည်ဟု မှတ်လေ။

## စုတိ နှင့် ပဋိသန္ဓေ

ထို သေခါနီးလှသော ပုဂ္ဂိုလ်မှာ ဝိထိစိတ်၏ အဆုံး၌ ဖြစ်စေ ဘဝင်၏ အဆုံး၌ ဖြစ်စေ ဘဝတပါးသို့ ပြောင်းရွှေ့ ရွှေ့လျောသော အားဖြင့် လက်ရှိ ပစ္စုပ္ပန် ဘဝ၏ အဆုံးသတ် ဖြစ်သော စုတိ စိတ်သည် ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ်ပေါ်လာကာ ချုပ်ဆုံး သွားတော့၏။(စုတိ စိတ်လည်း ချုပ်သွားရော လက်ရှိ ပစ္စုပ္ပန် ဘဝလည်း ကုန်ဆုံးသွားရော ဟူ၏။)

စုတိစိတ် ချုပ်ပြီးပြီးခြင်း အချိန်အခါမခြားဘဲ (ဤ စကား ဖြင့် သေပြီးနောက် အိမ်မှာ ၇-ရက်မျှ နေကြရသေးသည် ဟု ပြောဆိုကြသော အယူဝါဒကို ပယ်ကြလေ၊)ထိုယူထား အပ်၍ ထင်နေဆဲ ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံကို အာရုံ ပြုလျက် သဝတ္ထုက အဝတ္ထုက အားလျော်စွာ-

အဝိဇ္ဇာ အနုသယလျှင် အခြံ အရံ ရှိသော
တဏှာ အနုသယလျှင် အခြေခံ ရှိသော
ကံ သင်္ခါရသည် ပစ်ချ ပေးအပ်သော

သမ္ပယုတ် တရားတို့နှင့် အတူတကွ ဖြစ်ပေါ် ဖြစ်ဘက် တရားတို့၏ ထောက်တည်ရာ ဖြစ်၍ ရှေ့ဆောင် ရှေ့ရွက် ဖြစ်သော ပဋိသန္ဓေ စိတ်သည် ဘဝ နှစ်ရပ်ကိုဆက်စပ် ပေးသော အားဖြင့် ဥပါဒ်က စ၍ ဘဝသစ် တပါး၌ ဖြစ်ပေါ်လာလေသည်။

**မှတ်သားရန်။** တဝီထိ ကျော်ကျော်လောက် သာလျှင်အသက် ကြွင်းရှိ၍ သေဘို့ရန် အလွန်နီးကပ်နေသော သူသည် ပစ္စာသန္နမရဏာ ပုဂ္ဂိုလ် မည်၏၊ ပဋိသန္ဓေ၏ ဥပါဒ်မှ စုတိ၏ ဘင်အထိ အချိန်သည် လက်ရှိဘဝ မည်၏၊ ထို ဘဝ၏ အဆုံးသတ် ဖြစ်သော စုတိသည်-

ဇောနောင် စုကိ, ဇော-ဘဝင်နောင် စုကိ,
တဒါရုံနောင် စုကိ, တဒါရုံ-ဘဝင်နောင် စုကိ အားဖြင့် စုကိပုံ ၄-မျိုး ရှိလေသည်။

## မရဏာသန္န ဝီထိကျပုံ

**တီ န ဒ ပ စ သံ ဏ ဝု ဇ---ဇံ စု**
**ပ ဘွင် ၁၅, ၁၆ န ဒ မ ဇ------ ဇ ဘွင်**

ဆိုရိုး။ အတီတ ဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ငါးကြိမ် ထို့နောင် စုကိကျ၏ ထို့နောင် ဘဝသစ်၌ ပဋိသန္ဓေ တကြိမ်, ထို့နောင် ဘဝင် ၁၅-ချက် ၁၆-ချက်, ထို့နောင် ဘဝင် စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဘဝနိကန္တိက လောဘဇော ၇-ကြိမ်, ထို့နောင် ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်ကာ ချုပ်၏၊ ဇော-ဘဝင်နောင် စုကိ ကျပုံ, တဒါရုံနောင် စုကိ ကျပုံ, တဒါရုံ ဘဝင်နောင် စုကိ ကျပုံတို့ကိုလည်း နည်းမှီး၍ မရဏာ သန္န ဝီထိ ၄-မျိုးကို ချပါလေ။ ပဉ္စဝေါကာရ ပဋိသန္ဓေသည် မှီရာဝတ္ထု ရှိ၍ သဝတ္ထုက၊ စတုဝေါကာရ၌ အဝတ္ထုက မည်၏။

အဝိဇ္ဇာ တဏှာ အားဖြင့် မူလ ၂-ပါး ရှိသော်လည်း တဏှာကသာ သုဂတိ ဒုဂ္ဂတိ ဘဝကို တောင့်တကာ ကံကို ပြုသောကြောင့် တဏှာသည်သာ ကံ၏ အကြောင်းရင်း မူလ မည်သည်၊ အဝိဇ္ဇာကား ကံပြုရာ၌ အခြံအရံမျှသာ ဖြစ်လေသည်၊ မရဏာသန္န ဇောနှင့် အတူ ပါလာသော အဝိဇ္ဇာ နှင့် တဏှာတို့သည် အနုသယအနိုက်ကို လွန်နေကြသော်လည်း အဘူပြုကာ အနုသယဟု သဒ္ဒီသူ ခေါ်ထားသည်။

သင်္ခါရေန ဇနိယမာနံ၌ ဇနန သင်္ခါရ ဥပန သင်္ခါရဟု ၂-မျိုး ရှိ၏၊ ပဋိသန္ဓေကျိုး ပေးခဲ့သည့် ကံစေတနာ (စိတ္တုပ္ပါဒ်)သည် ဇနန သင်္ခါရ မည်၏၊ မရဏာ သန္နဇော စေတနာ(စိတ္တုပ္ပါဒ်)သည်ဥပန သင်္ခါရ မည်၏၊ ဤအရာ၌ ဇနိယ မာနာနံဟု ဆိုသောကြောင့် ဇနန သင်္ခါရကို ယူရ၏၊ မူလ ဋီကာ၌ ဥပန သင်္ခါရကို ယူ၏။ ၂-မျိုးလုံးကို ယူလျှင်လည်း သင့်ပါ၏။

ဤသို့ ကံ-သဒ်ါရ အကြောင်းခံ ဟိတ်ခင်ပေးမှုကြောင့် ဘဝသစ် အမျိုး ပဋိသန္ဓေကို ပေးရာ၌ ဘဝင်နှင့် အပိစိ, အထိ ဝေးကွာစေ ကာမူ အချိန်မဝိုဖြင့် ကြာသည် မရှိ၊ အနီးအပါးမှာ ပဋိသန္ဓေ နေရ၍ အချိန် တိုတောင်း လျှင်မြန်သည့် မရှိ၊ ဝုတိနောင် ပဋိသန္ဓေ အချိန်ချင်း အညီအမျှပင် ကြာလေသည်၊ အပိဋ္ဌာ တဘော သဒ်ါရတို့က ပဋိသန္ဓေ သင်ကို ဖန်းတီးပေးလေသည်၊

အပြစ်မှု ကော၊ အဝိဋ္ဌာ၊ တဏှာ ညွှတ်စေမှု၊
ကံ သဒ်ါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု၊
အကြောင်း သုံးပေါ်၊ ညီစေသော်၊ ဖြစ်ပေါ် သန္ဓေမှု၊

---

မရဏာသန္န ဝိထိ၌ ဝတ္ထုရုပ် အားနည်းသောကြောင့် စေတနာများလည်း အားနည်း လာကြရကား မရဏာသန္န ဇောတို့ ငါးကြိမ် သာလျှင် အလိုရှိအပ်၏၊ ထို့ကြောင့် ပဋ္ဌုပ္ပန် အာရုံများ ထင်ရှားရှိနေဆဲမှာ သေသွားကြရ၏၊ ထိုအခါ ပဋိသန္ဓေ ဘဝင်သစ်တို့၏လည်း ပစ္စုပ္ပန်အာရုံကို အာရုံပြုကြရသောကြောင့် ကာမာဝစရ ပဋိသန္ဓေ စိတ်၏ အာရုံမှာ ဆဋ္ဌါရဂ္ဂဟိတ ပစ္စုပ္ပန် အတိတ် ကမ္မနိမိတ် သော်ရင်း မနောဒွါရဂ္ဂဟိတ အတိတ် ဂတိနိမိတ်သော်ရင်း ဖြစ်ရ၏၊ ထိုအာရုံမှာ အဘိတ် မနော ဒွါရဂ္ဂဟိတ ဖြစ်၏၊ ထို နိဒါန်းသုံး မျိုးလုံးမှာ ကာမအာရုံ တွေချည်းသာတည်း၊

---

## ရူပါဝစရ ပဋိသန္ဓေ၏ အာရုံ

ရူပါဝစရ ပဋိသန္ဓေ၏ အာရုံသည် ကသိုဏ်း ပညတ် စသော ကမ္မနိမိတ် အာရုံသာ ဖြစ်၏၊

## အရူပ ပဋိသန္ဓေ၏ အာရုံ

အရူပ ပဋိသန္ဓေ၏ အာရုံသည် မဟဂ္ဂုတ်, သို့မဟုတ် ပညတ် ဖြစ်သော ကမ္မနိမိတ်သာ ထိုက်သလို ဖြစ်၏၊

**မှတ်သားရန်။** ။ယထာရဟံ၊ အရူပါဝစရ ပဋိသန္ဓေ၏အာရုံမှာ မဟဂ္ဂုတ် ကမ္မနိမိတ်, ပညတ် ကမ္မနိမိတ်ဟု ၂-မျိုး ရှိသည့် အနက် ပဌမ,တတိယ အာရုပ္ပပဋိသန္ဓေ၏ အာရုံမှာအစဉ်အတိုင်းကောင်းကင် ပညတ် နှင့် ပဌမာရုပ္ပ ဝိညာဏ်၏ နတ္ထိဘော ပညတ် ဖြစ်၏၊ ဒုတိယ, စတုတ္ထ အာရုပ္ပ ပဋိသန္ဓေ၏ အာရုံမှာ အစဉ်အတိုင်း ပဌမာရုပ္ပ ဝိညာဏ် နှင့် တတိယာရုပ္ပ ဝိညာဏ် ဟူသော ကမ္မနိမိတ် ဖြစ်သည်။

ဤသို့လျှင် ပညတ်နှင့် တော်လျှင် ပညတ် အာရုံကို, မဟဂ္ဂုတ်နှင့် တော်လျှင် မဟဂ္ဂုတ်ကို အာရုပ္ပ ပဋိသန္ဓေများက အာရုံပြုလေသည်။

---

အသညသတ် သတ္တဝါတို့၏ ပဋိသန္ဓေမှာ ဇီဝိတနဝက ရုပ်သာ ဖြစ်၏၊ ထို့ကြောင့် အသညသတ် ဘုံသားများသည် ရုပ်ဖြင့် ပဋိသန္ဓေ နေကြ၏၊

အရူပ ဘုံသားများမှာ နာမ်ဖြင့်သာ ပဋိသန္ဓေ နေ၏၊

အသညသတ်နှင့် အရူပဘုံသားများမှ တခြားဘုံသား တို့သည် ရုပ်-နာမ် ၂-ပါးလုံးဖြင့် ပဋိသန္ဓေ နေကြကုန်၏။

**မှတ်သားရန်။** ။အသညသတ် ဘုံမှာ ရူပက္ခန္ဓာ တမျိုးတည်းသာ ရှိသောကြောင့် ဧကဝေါကာရဘုံ မည်၏၊ အရူပ ၄-ဘုံမှာ နာမ်ခန္ဓာ ၄-ပါးသာ ရှိသောကြောင့် စတုဝေါကာရဘုံ ခေါ်၏၊ ကျန် ၁၂-ဘုံမှာ ခန္ဓာ ငါးပါး ရှိသောကြောင့် ပဉ္စဝေါကာရဘုံ မည်၏၊ ဝေါကာရ နှင့် ခန္ဓသဒ္ဒါ အနက် တူ၏။

## စုတိနှောင် ပဋိသန္ဓေ နှောင်းပုံ

| | | |
|---|---|---|
| အရူပ စုတိနောင်.... | အရူပ ပဋိသန္ဓေ | ၄ |
| | ကာမ တိဟိတ် | ၄-၀ |
| ရူပါဝစရ စုတိနောင်.... | ကာမ တိဟိတ် ပဋိ | ၄ |
| | ဒွိဟိတ် ပဋိသန္ဓေ | ၄ |
| | ရူပ ပဋိသန္ဓေ | ၅ |
| | အရူပ ပဋိသန္ဓေ | ၄-၁၇ |
| အသညသတ်နောင်.... | ဒွိဟိတ် ပဋိသန္ဓေ | ၄ |
| | တိဟိတ် ပဋိသန္ဓေ | ၄-၀ |
| ကာမ တိ-စုတိ ၄-နောင်.... | ပဋိသန္ဓေ | ၂၀-လုံး |
| ဒွိဟိတ် စုတိ ၄-နောင်.... | ကာမ ပဋိသန္ဓေ | ၁၀ |
| အဟိတ် စုတိ ၂-နောင်.... | ကာမ ပဋိသန္ဓေ | ၁၁ |

---

## ဂါထာချုပ်

အာရုပ္ပ စုတိယာ ဟောန္တိ, ဟေဋ္ဌိမာ ရူပ္ပ ဝဇ္ဇိတာ၊
ပရမာ ရုပ္ပသန္ဓိ စ, တထာ ကာမ တိဟေတုကာ။

ရူပါဝစရ စုတိယာ, အဟေတု ရဟိတာ သိယုံ၊
သဗ္ဗာ ကာမ တိဟေတုမှာ, ကာမေ သွေဝ ပနေတရာ။

အာရုပ္ပ စုတိယာ-အရူပ စုတိ ၄-ခုမှ၊ ပရံ-နောက်သာ၌၊ ဟေဋ္ဌိမာ ရုပ္ပ ဝဇ္ဇိတာ-အောက်အောက် အရူပ ပဋိသန္ဓေ ကြဉ်အပ်သော၊ အာရုပ္ပသန္ဓိ စ-အရူပ ပဋိသန္ဓေ ၄-ပါးသည်၎င်း၊ တထာ-ထိုမှတပါး၊ ကာမ တိဟေတုကာ-ကာမ တိဟိတ် ပဋိသန္ဓေ ၄-ပါးတို့သည်၎င်း၊ ဟောန္တိ-ဖြစ်ကုန်၏။ ။ရူပါဝစရ စုတိယာ-ရူပါဝစရစုတိ ၆-ပါးမှ၊ ပရံ-နောက်၌၊ အဟေတု ရဟိတာ-အဟိတ် ပဋိသန္ဓေ ၂-ပါးသည် ကြဉ်အပ်သော ပဋိသန္ဓေ ၁၇-ပါးတို့သည်၊ သိယုံ-

ဖြစ်ကုန်၏၊ ကာမ တိဟေတုမှာ-ကာမ တိဟိတ် စုတိ ၄-ပါးနောင်။ သဇ္ဈာ-ပဋိသန္ဓေ ၂၀-လုံးတို့သည်၊ သိယံ-ဖြစ်ကုန်၏၊ ရှုတရာ ပန-ဆိုခဲ့ပြီးသည်မှ တပါးသော ကာမ အဟိတ် ဒွိဟိတ် ၆-ပါးမှ၊ ပရံ-နောက်၌၊ ကာမသေသ၀-ကာမ ၁၁-ဘုံတို့၌ သာလျှင်၊ ကာမ ပဋိသန္ဓယော-ကာမပဋိသန္ဓေ ၁၀-တို့သည်၊ သိယံ-ဖြစ်ကုန်၏၊ အရူပ-နောင် ဒွိဟိတ် အဟိတ် မနှောင်း၊ ရူပနောင် အဟိတ် မနှောင်း၊ ထို့ကြောင့် ဖြဟ္မာဘုံမှ အပါယ် ၄-ဘုံ တိုက်ရိုက် မကျ။

---

## ဘ၀င် နှင့် စုတိ

ဤသို့ ပဋိသန္ဓေယူနေကြသော သတ္တ၀ါအပေါင်းအား ပဋိသန္ဓေ၏ အခြားမဲ့မှ၌ ထိုပဋိသန္ဓေ၏ အာရုံ ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် တပါးပါးကို အာရုံ ပြုလျက် ပြုလျက် ပဋိသန္ဓေ စိတ်သည်ပင် ဘ၀၏ အကြောင်းခံ အဖြစ်ဖြင့် ဘ၀င်ကိစ္စ တပ်ကာ ၀ိထိစိတ်များ မဖြစ်သည့် အခါ ၀ါ-၀ိထိ စိတ်တို့၏ အကြား အကြား၌ ဘ၀င် စိတ် အစဉ်သည် မြစ်ရေ အလျှင်ကဲ့သို့ တသွင်သွင် မပြတ် မလပ် အထပ်ထပ် ဖြစ်လေ၏၊ လက်ရှိ ဘ၀ဇာတ် အဆုံး သတ်သော အခါ၌လည်း စုတိကိစ္စ တပ်ကာ ချုပ်သွား၏၊ ထို စုတိစိတ် ဖြစ်-ချုပ်ပြီးနောင် ၀ါ-လက်ရှိ ဘ၀ကြီး ယုတ်သိမ်းပြီးနောင် အခြားမဲ့ ဘ၀သစ် တခု၌ ပဋိသန္ဓေ စသော စိတ်တို့သည် အစဉ်အတိုင်း ရထား လှည်းဘီး လိမ့်လည် သကဲ့သို့ တပတ်လည်ကာ ဖြစ်ပေါ်လာရပြန်၏။

ထို စုတိစိတ် ချုပ်ပြီးနောင် ပဋိသန္ဓေ ဘ၀င်က စ၍ ရထားလှည်း ဘီးကြီး လည်လိမ့် သကဲ့သို့ ဘ၀ဇာတ် မသိမ်းသေး သရွေ့ ၀ါ-ရဟန္တာ မဖြစ်သေး သရွေ့ စိတ် အစဉ်သည် အဖန်ဖန် ဆက်ကာ ဆက်ကာ ခြားလယ် ရစ်ပတ် အစဉ် မပြတ် ဖြစ်ရပြန်တော့ သတည်း။

**ပဋိသန္ဓိ ဘဝင် ဝိထိယော, စုတိ စေဟ တထာ ဘဝန္တရေ**
**ပုန သန္ဓိ ဘဝင်မိစ္စယံ, ပရိဝတ္တတိ စိတ္တသန္တတိ။**

ဣဟ-ဤ ပဋိသန္ဓိ ဘဝ၌၊ ပဋိသန္ဓိ ဘဝင် ဝိထိယောစ-ပဋိသန္ဓေ ဘဝင် ဝိထိ စိတ်တို့သည်၎င်း၊စုတိစ-စုတိ စိတ်သည်၎င်း၊ပရိဝတ္တတိ ယထာ-အဆက်မပြတ် လှည့်ပတ်၍ဖြစ်ကဲ့ရသကဲ့သို့၊တထာ-ထို့အတူ၊ ဘဝန္တရေ-အခြားမဲ့ နောက် သဝသစ်၌၊ ပဋိသန္ဓိ ဘဝင်ံ ဣတိ-ပဋိသန္ဓေ ဘဝင် အစရှိသော၊အယံ စိတ္တသန္တတိ-ဤစိတ် အစဉ်သည်၊ ပရိဝတ္တတိ-အဆက်မပြတ် တလှဲ တပတ်လည်ကာ ဖြစ်ပေါ်လာကြရ ပြန်ပါသတည်း။

**ဘဝင် နှင့် စုတိ။** ။ပဋိသန္ဓေ နေကြရသော သူတို့မှာ ပဋိသန္ဓေ စိတ် ချုပ်သည်၏ အခြားမဲ့ ဘဝင် ၁၅-ကြိမ် ၁၆-ကြိမ်မျှ ဆက်လက်၍ ဖြစ်ရ၏၊ ၎င်း ဘဝင် စိတ်သည် ပဋိသန္ဓေ၏ အာရုံကိုပင် ထပ်ယူကာ ဖြစ်လာ၏၊ ဤသို့ အာရုံအားဖြင့်၎င်း, စိတ်အမျိုးအစား အားဖြင့်၎င်း တူသောကြောင့် ပဋိသန္ဓေ စိတ်ကိုပင် သဒိသူပစာ နည်းအားဖြင့် အတူပြုကာ ဘဝင် စိတ်ဟု သုံးစွဲ၍ ခေါ်ရ၏၊ ဥပမာ-မနေ့က စားသုံး ပြီးသော ဟင်းမျိုးကို ယနေ့ထပ်၍ စားရာ၌ မနေ့က ဟင်းပင် ဟူသော အခေါ် အသုံးမျိုး ဖြစ်သည်။

**ဘဝဿ အင်္ဂဘာဝ။** ။ဘဝဿ-ဘဝ၏၊ အင်္ဂ-အကြောင်း ဟူသော စကားဖြင့် ဘဝ၏ အကြောင်းဆက် ကိစ္စသည် ဘဝင် ကိစ္စမည်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်၊ဝိထိစိတ်၏အဆုံးမှာ ဘဝင် စိတ်များက အကြောင်း ဆက်ကာ မဖြစ် မပေါ်လာပါက လက်ရှိ ဘဝကြီး ပြတ်စဲ ယုတ်သိမ်း သွားရ ပေလိမ့်မည်၊ ဤသို့ ဘဝ အဆက် မပြတ် မစဲရအောင် အကြောင်းဆက် ပေးနေသော ဘဝင် စိတ်သည် နိဒြာ သမာပတ် နှင့် ဝိထိ စိတ်တို့ မဖြစ်သော အခါ ဆီးမိုး အသွင် မြစ်ရေ အယဉ်ကဲ့သို့ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်ရ၏၊ဘဝ၏ အဆုံး၌ လည်း ထို ပဋိသန္ဓေ စိတ်သည်ပင် ဝါ-ပဋိသန္ဓေ နှင့် အဆင့် အတန်း တူသော စိတ်သည် စုတိ ကိစ္စကို ဆောင်ရွက်ကာ ချုပ်သွား၏၊ ထို့ကြောင့် ပ-ဘ-စု စိတ်သုံးပါးမှာ ဇာတိ ဘူမိ သမ္ပယုတ် သင်္ခါရ အာရုံအားဖြင့် တူမျှရလေသည်၊

## တိုက်တွန်းချက်

ပဋိသမ္ဘိဒါယ ပနေတ မဗ္ဗုဒံ,
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓော၊
သု သမုစ္ဆိန္န သိနေဟ ဗန္ဓနာ,
သမ မေဿန္တိ စိရာယ သုဗ္ဗတာ။

ပန—သံသရာ စက်ရဟတ်၊ အဆက်ပြတ်ပုံကို ပြဆို၊ လိုက်ဦးအံ့။ ဗုဓော—တိဟိတ် ပဋိသန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်မြင်သိ ပညာရှိတို့သည်။ စိရာယ—ကုဋေ ကုဋာ၊ ရှည်ကြာ လှစွာသော ကာလပတ်လုံး။ သုဗ္ဗတာ—သီလ သမာဓိ ပညာပါသည့်၊ ကောင်းသောအကျင့်ရှိကြကုန်သည် ဖြစ်၍။ ဧတံ—စိတ်,စေတသိက်,ရုပ်၊ပေါင်းတုပ်တည်ထွင်၊ ဤသို့သော အစီ အစဉ်ကို၊ အဗ္ဗုဒံ—ဖြစ်ပျက် တခေ၊ အမြဲမနေသောကာလ ဟူ၍၊ ပဋိသမ္ဘိဒါယ—အထူး သိဘတ်၊ ဝိပဿနာ ပညာမြတ်ဖြင့်၊ အသပ်သပ်၊ ရှုဆင်ခြင်ကြ ကုန်သည်ရှိသော်။ အစ္စုတံ—စုတိ ပျက်ကျေ၊ သေရခြင်း သဘော မရှိသော။ ပဒံ—ကြောင်း-ကျိုး ဆက်ပြတ်၊ နိဗ္ဗာန် ဓာတ်ကို။ အဓိဂန္တွာ—မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အခွန်တိတိ၊ ဧကန် သိရှိခြင်းကြောင့်။ သုသမုစ္ဆိန္နသိနေဟ ဗန္ဓနာ—ကောင်းစွာ ကင်းပျောက်၊ ဖြတ်တောက် အပ်ပြီး၊ ချစ်ခြင်း တည်းဟူသော အနှောင်အဖွဲ့ ရှိကြကုန်သည်ဖြစ်၍။ သမံ—ငြိမ်းဖြစ် ဓာတ်သိမ်း၊ ပြတ်ငြိမ်းရာမှန်၊ အေးနိဗ္ဗာန်သို့။ ဧဿန္တိ—ဧကန်ထုတ် ခြောက် မဖေါက် မသွေ၊ ဧည်.... ရောက်ကြရလေကုန်သတည်း၊

ဘုံပိုင်း ပြီးပြီ

# ရုပ်ပိုင်း

## အနုသန္ဓေ နှင့် ပဋိညာဉ်

**ဧတ္တာဝတာ ဝိဘတ္တာ ဟိ, သပ္ပဘေဒ ပ္ပဝတ္တိကာ၊**
**စိတ္တ စေတသိကာ ဓမ္မာ, ရူပံ ဒါနိ ပဝုစ္စတိ။**

ဧတ္တာဝတာ—ဤမျှ အတိုင်းအရှည် ရှိသော ငါးပိုင်းတို့ဖြင့်၊ သပ္ပဘေဒပ္ပဝတ္တိကာ—ပဘေဒလည်းရှိ ပဝတ္တိလည်း ရှိကုန်သော၊ စိတ္တ စေတသိကာ—စိတ် စေတသိက် ဖြစ်ကုန်သော၊ ဓမ္မာ—သဘော တရားတို့ကို၊ ဟိ ယသ္မာ—အကြင့်ကြောင့်၊ ဝိဘတ္တာ—ဝေဘန်အပ်ခဲ့ကုန်ပြီ၊ ဒါနိ—ယခု အခါ၌၊ ရူပံ—ရုပ်ကို၊ ပဝုစ္စတိ—အပြား အားဖြင့် ပြဆိုဦးအံ့၊

'ဧတ္တာဝတာ....ဓမ္မာ' ဟူသော စကားဖြင့် စိတ် စေတသိက် ပကိဏ်း ဝီထိ ဘုံဟူသော ငါးပိုင်းတို့ဖြင့် ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသ ပဝတ္တိ သင်္ဂဟ ပဋိသန္ဓိ သင်္ဂဟတို့ကို ကောင်းလျက် ပြအပ်ပြီဟု ရှေ့စကားဆက် အနုသန္ဓေကို ပြ၍၊ 'ရူပံ ဒါနိ ပဝုစ္စတိ'ဖြင့် ယခု တဖန် ရုပ်ကို ပြဦးမည် ဟူသော ပဋိညာဉ် ဝန်ခံချက်ကိုပြသည်။

**သပ္ပဘေဒ။** ။အပြားနှင့်, ဝါ-အပြားနှင့် တကွ ဖြစ်ခြင်းသည် သပ္ပဘေဒ မည်၏၊ စိတ်ပိုင်း စေတသိက်ပိုင်း ပကိဏ်းပိုင်း ဟူသော ၃-ပိုင်းကို ရ၏၊ မှန်၏၊ 'စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာန မိတိ'ဖြင့် အကျဉ်းဥဒ္ဒေသဘေဒကို ပြ၍၊ 'တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ'မှ စိတ်ပိုင်း အဆုံး အထိ စိတ္တဘေဒကို အကျယ် နိဒ္ဒေသဘေဒ အားဖြင့် ပြ၍၊ စိတ်ပိုင်း အတွင်းမှာပင် ဥဒ္ဒေသ နိဒ္ဒေသ ၂-မျိုး ရပုံကို သိပြီ၊ စေတသိက်ပိုင်း တပိုင်းလုံးမှာ စေတသိက် အကျယ်ကို ညွှန်ပြသော နိဒ္ဒေသ ပ္ပဘေဒပိုင်း မည်၏၊ ပကိဏ်းပိုင်းကား စိတ် စေတသိက် နှစ်မျိုးလုံးကိုပင် သင်္ဂဟ ၆-နည်းဖြင့် တနည်းတဖုံ ထပ်လောင်း၍ ပြသောကြောင့် ပဋိနိဒ္ဒေသ ပ္ပဘေဒ မည်၏။

ပဝတ္တိက။ ။စိတ် စေတသိက်တို့၏ ဖြစ်ပုံ ဖြစ်နည်းသည် ပဝတ္တိမည်၏၊ ထိုဖြစ်နည်း ပဝတ္တိသည် ဝီထိကျသော အခါ၌ ဖြစ်ပုံ ပဝတ္တိယံ ပဝတ္တိ နှင့် ပဋိသန္ဓေ (ဘဝင် စုတိ) အခါ၌ ဖြစ်ပုံ သန္ဓိယံ ပဝတ္တိ ဟု ၂-မျိုး ရှိပြန်၏၊ ဝီထိပိုင်းဖြင့် ပဝတ္တိယံ ပဝတ္တိ နည်းကိုင်း,ဘုံပိုင်းဖြင့် သန္ဓိယံ ပဝတ္တိ နည်းကိုင်း ပြအပ်ခဲ့ပြီ၊ ဤသို့လျှင် အောက်ငါးပိုင်းဖြင့် စိတ် စေတသိက်တို့ကို ပြပြီး၍ ယခုတဖန် ကျန်သေးသော ရုပ် အကျယ်ကို ပြဦးမည် ဟု ဤဂါထာ၌ ဆိုလိုသည်။

# အကျဉ်းချုပ် ခေါင်းစဉ်

သမုဒ္ဒေသာ ဝိဘာဂါစ, သမုဋ္ဌာနာ ကလာပတော၊
ပဝတ္တိက္ကမတော စေတိ, ပဉ္စဓာ တတ္ထ သင်္ဂဟော။

၁။ ရူပသမုဒ္ဒေသ ရုပ်ကို အကျဉ်းချုပ် ပြခြင်း
၂။ ရူပဝိဘာဂ ရုပ်တို့ကို အကျယ် ဝေဘန်ခြင်း
၃။ ရူပသမုဋ္ဌာန ရုပ်တို့၏ ဖြစ်ကြောင်း
၄။ ရူပကလာပ ရုပ်တို့၏ အပေါင်း အစည်း
၅။ ရူပပဝတ္တိက္ကမ ရုပ်တို့၏ ဖြစ်စဉ်၊

## ၁။ ရူပသမုဒ္ဒေသ

မဟာဘူတ .... အခြေခံ ရုပ်ကြီး
ဥပါဒါရုပ် .... မှီ၍ ဖြစ်သောရုပ်

မှတ်သားရန်။ ။မဟာ-အကြီးအကျယ်၊ဘူတ-ထင်ရှားသော ရုပ်ကြီးများသည် တခြား ရုပ်များထက်သာသောလက္ခဏာ အားဖြင့်ရင်း အသည်ဖြင့်အားဖြင့်ရင်း ကြီးမားလှသောကြောင့် မဟာဘုတ်မည်၏။ တနည်း-များစွာသော အံ့ဘွယ်တွေ မဟုတ်မမှန်တာတွေကို ပြတတ်သော မျက်လှည့် ဆရာကဲ့သို့ အညို အရွှေ စသော အံ့ဩဘွယ်တွေ မဟုတ်မမှန်တာတွေကို ပြတတ်သောကြောင့်ရင်း အဆင်း သဏ္ဌာန် အမျိုးမျိုး အားဖြင့် သာဘဝါတိကို လဲစား တက်သော ဘီလူးနတ်နှင့်တူသော

ခြောင့်ရှင်း ကြီးစွာသော မဟာဘုတ် ဥပါဒါ ရုပ်တို့၏ တည်ရှိရာ ဖြစ်သောကြောင့်ရှင်း မဟာဘုတ် မည်၏၊

မဟာဘုတ် ၄-ပါးကို မှီတွယ် ဖြစ်ကြရသော မဟာဘုတ်ကို အမှန်းတင် ခြယ်လှယ် ပေးနေကြသည့် ကျန်ရုပ် ၂၄-ပါးသည် ဥပါဒါရုပ် မည်၏၊ မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် မည်၏ဟူလို။

မဟာဘုတ် ၄-ပါး

ပထဝီဓာတ် .... ခက်မာခြင်း သဘော,
အာပေါဓာတ် .... ဖွဲ့စေးခြင်း သဘော,
တေဇောဓာတ် .... ပူ-အေးငွေ့ သဘော,
ဝါယောဓာတ် .... ထောက်ကန်မှု သဘော၊

ပ အာ တေ ဝါ တော၊မြေ ရေ လေ မီး၊ လွန် ပွါးစီး၊ဘုတ်ကြီး စတုက္က၊ ခက်မာ ဖွဲ့စေး၊ ပူအေး ထောက်ကန်၊ ညီလေးတန်၊ မှတ်ရန် လက္ခဏာ။

**ပထဝီ**။ ။ဖြစ်ဘက် သဟဇာတ် ရုပ်တို့၏ တည်ရာ ဖြစ်၍ ပထဝီ မည်၏၊ ကထိနတ္တ လက္ခဏာ ခက်မာခြင်း လက္ခဏာ ရှိ၏၊

**အာပေါ**။ ။ဖြစ်ဘက် ရုပ်များကို ပျံ့နှံ့ တတ် ပွါးစီးစေတတ် သောကြောင့် အာပေါ မည်၏၊ဒဝတ္တလက္ခဏာ စွတ်စို ဖွဲ့စေးခြင်း လက္ခဏာ ရှိ၏၊ပထဝီကား မြေ(အဖတ်)ဓာတ်၊အာပေါကား အရည် ဓာတ်တည်း၊ပျောင်းအိယိုစီးခြင်း သဘော ရှ၏၊

**တေဇော**။ ။ရင့်ကျက်စေ ထက်စေ ပူစေတတ်သောကြောင့် တေဇော မည်၏၊ဥဏှတ္တလက္ခဏာ ရင့်ကျက်ခြင်း ပူခြင်း လက္ခဏာ ရှိ၏၊အပူငွေ့ အအေးငွေ့ ဟူသောအခိုးဓာတ်ကို တေဇော အရ ယူ၊

**ဝါယော**။ ။ဘူတရုပ် အပေါင်းကို အရပ်တပါးသို့ လွင့်ပါး စေတတ်သော ထောက်ကန် လှုပ်ရှားမှုသည် ဝါယောဓာတ် မည်၏၊ ဝိတ္ထမ္ဘနတ္တ လက္ခဏာ ထောက်ကန်ခြင်း လှုပ်ရှား စေခြင်း လက္ခဏာ ရှိ၏၊ မိမိ မှီရာ ဟူသော သဘာဝ လက္ခဏာကို ဆောင်တတ် သောကြောင့် ဓာတ် မည်၏၊

## ပသာဒရုပ် ၅-ပါး

စက္ခုပသာဒ .... မျက်စိ အကြည်ဓာတ်
သောတပသာဒ .... နား အကြည်ဓာတ်
ဃာနပသာဒ .... နှာခေါင်း အကြည်ဓာတ်
ဇိဝှါပသာဒ .... လျှာ အကြည်ဓာတ်
ကာယပသာဒ .... ကိုယ် အကြည်ဓာတ်

စက္ခုပသာဒသည် မျက်နက်ဝန်း အလယ် သူငယ်အိမ် အတွင်း သန်းဦးခေါင်း ပမာဏ ရှိသော အရပ်မှာ ပျံ့နှံ့၍ တည်၏၊

သောတပသာဒသည် နားအတွင်း လက်စွပ်ကွင်း သဏ္ဌာန်ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သ

ဃာနပသာဒသည် နှာခေါင်းအတွင်း ဆိတ်ခွါ သဏ္ဌာန် ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သည်၊

ဇိဝှါပသာဒသည် လျှာအလယ် ကြာရွက်ဖျား အပြတ် သဏ္ဌာန် ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သည်၊

ကာယပသာဒသည် ခြောက်သွေ့သော အသားစွန်း အသားမာ ခြေသည်း လက်သည်း ဆံပင်မှ တပါး တကိုယ်လုံး ပျံ့နှံ့ တည်၏၊

ပသာဒငါးပါးသည် အစဉ်အတိုင်း ရှုလိုသူ၏ အဖြစ်, ကြားလိုသူ၏ အဖြစ်, နမ်းလိုသူ၏ အဖြစ်, လျက်လိုသူ၏ အဖြစ်, တွေ့ထိလိုသူ၏ အဖြစ်ဟူသော ကာမ တဏှာကြောင့် ဖြစ်လာကြသော မဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာ ရှိ၏၊ ထင်ရှားစေအံ့-ရူပါရုံကို ကြည့်ရှုလိုသော သူတယောက်မှာ ကြည့်ရှုချင်သော တဏှာသည် အကြောင်းရင်းဖြစ်၏၊ ဝါ-ကြည့်ရှုလိုသော ကြည့်ရှုချင်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းမည်၏၊ ရူပါရုံကို မက်မောသော တဏှာကို ကော့က်။ ထို ရူပတဏှာကြောင့် ပုဂ္ဂိုလ်၏ သန္တာန်မှာ စက္ခုပသာဒ ဟူသော ကမ္မဇရုပ်နှင့် ဘုတ်ရုပ်များ ဖြစ်လာရ၏၊ စက္ခုပသာဒသည် ထိုကြည့်ချင်သော တဏှာလျှင် အခြေခံ အကြောင်းရင်း ရှိသော ကမ္မဇမဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာရှိ၏၊ စက္ခုပသာဒသည် ထိုရူပ

ဘာကျော်ကြောင့် ဖြစ်လာသော ကမ္မဇမဟာဘုတ် ရပ်ကလာပ်၌ မှီနေ၏၊ အခြား မဟာဘုတ်ကို မမှီပေ။

ဤသို့ ပသာဒရုပ် ငါးပါးသည် ကျော်ငါးပါးလျှင် အကြောင်း အခြေခံ ရှိသော ဘုတ်ငါးမျိုးကို မှီ၍ ဆိုင်ရာ မှီရာ မဟာဘုတ်ကို ကြည်လင်စေ၏၊ ထို့ကြောင့် ရူပ တကျော်ကြောင့် ဖြစ်သော စက္ခု ပသာဒသည် သဒ္ဒ တကျော စသည်ကြောင့် ဖြစ်လာသော မဟာ ဘုတ်ကို မကြည်လင်စေနိုင် မရှိနိုင်ဟု မှတ်အပ်၏၊ ဤသို့ ပသာဒ ရုပ် ငါးပါး၏ မှီရာ ဘုတ်ချင်း ကွဲပြားပုံကို သိလေ။

လက္ခဏာ အားဖြင့်လည်း မိမိဆိုင်ရာ မှီရာ မဟာဘုတ်ကို သာလျှင် ကြည်စေနိုင်၏၊ မိမိ၏ မှီရာမဟုတ်၍ မိမိနှင့် မဆိုင်သောမဟာဘုတ်ကို မကြည်လင်စေနိုင်၊ ဤသို့ မှီရာနိဿယအားဖြင့်၎င်း သဘောလက္ခဏာ အားဖြင့်၎င်း မတူထူးခြား ကွဲပြား နေသောကြောင့်ပင်လျှင် ကာယ ပသာဒသည် တကိုယ်လုံးမှာ အနှံ့အပြား တည်သော်လည်း ဖောဋ္ဌဗ္ဗ တကျော်လျှင် အကြောင်းရင်း အခြေခံ ရှိသည့် ကာယ မဟာဘုတ်၌ သာလျှင် မှီ၍ သူ့ဆိုင်ရာ မှီရာ မဟာဘုတ်ကို ကြည်လင်စေနိုင်၏၊ မဆိုင်သော စက္ခု ပသာဒ စသည်တို့၏ မှီရာ မဟာဘုတ်များ၌ သွား၍ မမှီနိုင် မကြည်စေနိုင်ဟု မှတ်၊ ထမ်ဒွေ့လှ၍ ဆွေးနွေးကြကုန်။

လိုရင်းမှာ အဋ္ဌကလာပ်ရုပ် ရှစ်ပါးသည် တပေါင်းတည်း ဖြစ်ကြ ရာတွင် ဥပါဒါရုပ် ၄-ပါးသည် မဟာဘုတ် ၅-ပါးကို အတူ တကွ မှီ၍ ဖြစ်ကြရ၏၊ သို့ပင် မှီဘူတူ ဖြစ်ကြသော်လည်း ရူပါရုံ သဒ္ဒါရုံ စသည်တို့မှာ သဘော လက္ခဏာချင်း မတူကြသောကြောင့် မရော မယှက်ကြပေ၊ မှီရာချင်းလည်း မတူ လက္ခဏာချင်းလည်း မတူသော ပသာဒများ၏ ရောယှက်မှုသည် ဘယ်မှာဖြစ်နိုင်ပါတော့ အံ့နည်း။

## ဂေါစရရုပ် ၇-ပါး

ရူပါရုံ ....... မြင်ရသော အဆင်း
သဒ္ဒါရုံ ...... ကြားရသော အသံ
ဂန္ဓာရုံ ...... နမ်းရသော အနံ့

ရသာရုံ .... လျက်ရသော အရသာ
ဖောဋ္ဌဗ္ဗာရုံ.... အတွေ့ အထိ အာရုံ

**မှတ်သားရန်။** ။အာရုံပြုရာ ကျက်စားရာ ဖြစ်သောကြောင့် ဝိသယရုပ် ဟူ၍၎င်း ဂေါစရရုပ် ဟူ၍၎င်း ခေါ်၏၊ ဂေါစရ ဘာဝ လက္ခဏာ-စက္ခုဝိညာဉ် စသည်တို့၏ အာရုံ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာ ရှိ၏၊ ပသာဒ ဃဋ္ဋန လက္ခဏာ ပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ ရှိ၏ဟု မှတ်လေ။

အာပေါဓာတ်သည် နူးညံ့ သိမ်မွေ့လှသဖြင့် တွေ့ထိခြင်းငှါ မတတ်ကောင်းသောကြောင့် ဖေါဋ္ဌဗ္ဗာရုံတွင် မပါဝင်နိုင်ပေ၊ ပထဝီ တေဇော ဝါယော ၃-ပါးကိုသာ ဖေါဋ္ဌဗ္ဗာရုံ အရ ကောက်၏။

အာပေါဓာတ်နှင့် တကွ ဖြစ်သော ဘုတ် ၃-ပါးကို စမ်းမိသော သူများက နူးညံ့သော အာပေါဓာတ်ကို ငါ စမ်းမိ၏ဟု အထင်မှား နေကြ၏၊ ဥပမာ-ပုံသဏ္ဌာန် တခုကို ကိုင်တွယ်၍စမ်းသတ်ရာ၌ ဓာတ် ၃-ပါးကိုသာ စမ်းမိပြီး ပုံသဏ္ဌာန်ကိုကား တွေ့ထိ၍ မရဘဲ ဉာဏ် စက္ခုဖြင့်သာ ယူကြရသကဲ့သို့တည်း၊ ဤသို့ သိမ်မွေ့လှသောကြောင့် အာပေါဓာတ်ကို ဖေါဋ္ဌဗ္ဗရုံမှာ မထည့် မသွင်းရပေ။ရေကို လက်ဖြင့် ထိ၍ သိရသော လက်တွေ့ အအေး ဓာတ်ကား သီတ တေဇောသာ ဖြစ်၏၊ အာပေါဓာတ် မဟုတ်။

---

ဣတ္ထတ္တံ မိမ္မ၏ ဖြစ်ကြောင်း သိကြောင်း အမှတ် ပုရိသတ္တံ ယောကျ်ား၏ ဖြစ်ကြောင်း သိကြောင်း အမှတ်

**ဘာဝရုပ် ၂-ပါး**

**မှတ်သားရန်။** ။ဤသူကား ယောကျ်ားဘဲ မိမ္မဘဲဟု အမည် နာမနှင့် အသိဉာဏ်တို့၏ ဖြစ်ပေါ်လာရာ အခြေခံ အကြောင်းသည် ဘာဝရုပ် မည်၏၊ ထို ဘာဝရုပ်၏ အကျိုး တရားများကား-

လိင်္ဂံ ဟတ္ထာဒိ သဏ္ဌာနံ နိမိတ္တံ မိဟိတာဒိကံ၊
ကုတ္တံ သုပ္ပါဒိနှာ ကီဠာ, အာကပ္ပေါ ဂမနာဒိကံ။

လက်ခြေ စသော ဘဏ္ဍာနသည် သိစေတတ်သော လိင် မည်၏၊
ပြုံးရယ်ခြင်း စသည်ကား သိကြောင်း အမှတ် နိမိတ် မည်၏၊
ဘန်းငယ် စသည်ဖြင့် ကစားခြင်း အလေ့အထသည် ကုတ္တမည်၏၊
သွားပုံ လာပုံ ပြောဆိုပုံ အမူအရာကား အာကပ္ပ မည်၏၊

အထူးအားဖြင့် ဤ လိင် နိမိတ္တ ကုတ္တ အာကပ္ပတို့သည် ဘာဝရုပ် မဟုတ်, ဘာဝရုပ်၏ အကျိုးဆက်များ သာ ဖြစ်၏၊ မှန်၏-ဟတ္ထာဒိ သဏ္ဌာန်စသည်ကိုမျက်စေ့ဖြင့် မြင်ရ၏၊နိမိတ်မှာသဒ္ဒါရုံဖြစ်၍သောတ ဝိညာဏ်ဖြင့် သိရ၏၊ ထိုလိင် နိမိတ္တကို ထောက်ဆ၍ ဣတ္ထိဘာဝ ပုမ္ဘာဝ ဟူသော ရုပ်ကို မနောဝိညာဏ်ဖြင့် သိရပေသည်၊ ဘာဝ ရုပ်သည် အကြောင်း, လိင် စသော ၄-ပါးမှာ အကျိုးတရားဖြစ်၏၊

ဘာဝရုပ်သည် အကြောင်း မျိုးစေ့နှင့် တူ၏။
လိင် စသည်ကား အကျိုး သစ်ပင်နှင့် တူ၏။
ဘာဝရုပ်သည် ကာယပသာဒ ကဲ့သို့ တကိုယ်လုံး ပျံ့နှံ့ တည်၏၊

**တံပနေတံ ကာယိန္ဒြိယံ ဝိယ သကလ သရီရံ ဖရိတွာ တိဋ္ဌတိ။**

ဤ ဘာဝရုပ် ၂-ပါးသည် ကမ္ဘာဦး သူတို့မှာ ပဋိသန္ဓေ အခါ၌ မဖြစ် မပါခဲ့ကြပေ၊ ပဝတ္တိ အခါမှ ဖြစ်ကြသည်၊ နောင်သော အခါ ကျမှ ပဋိသန္ဓေ ကကည်းက စ၍ ဖြစ်ပေါ် ပါလာကြသည်၊ ပဝတ္တိ အခါမှာ လိင် အပြောင်းအလဲ ဖြစ်တတ်သည်။

---

## ဟဒယဝတ္ထု

ဟဒယ ဝတ္ထုသည် ဟဒယရုပ် မည်၏။

**မှတ်သားရန်။** ။ဟဒယ ဝတ္ထုသည် တလက်ဆွမ်းမျှ ရှိသော နှစ်လုံးသွေးကို ပျံ့နှံ့ တည်နေလေသည်၊ မနောဓာတ် မနောဝိညာဏ ဓာတ် ၂-ပါးတို့၏ တည်ရာ ဟူသော အမှတ် လက္ခဏာ ရှိ၏၊ မနောဓာတ် မနော ဝိညာဏဓာတ် ၂-ပါးတို့၏ တည်ရာ ဝတ္ထု ဖြစ်သောကြောင့် ဟဒယသည်ပင် ဝတ္ထု ဟူသော အမည်ကို ရ၏။

အထူးအားဖြင့် ဤနေရာမှာ "ဦးကျောက် ခြောက်သည့်ဦးကျောက် ရှုပ်သည့်" ဆိုသော ဆရာတို့သည် ငါတ်၏ မိရာဌာနကို မသိရှာကြဘဲ နားမလည် သူများ၏ ပေါ်ပင်သုံး စကားမျှသာ ဖြစ်၍ သတိပြုသင့်ကြသည်၊ တနေကုန် အာရုံ ခံနေကြသော အသုံးများနေကြ ပသာဒများကား ဦးခေါင်းပိုင်း၌ စက္ခု သောတ ဃာန ဇိဝှါ ပသာဒ ချည်းသာ ဖြစ်ကြ၍ တွေ့ကြုံပြီး အာရုံကို ပြန်ပြောင်း သတိရ စဉ်းစားကြရာ၌ နား မျက်စိစသော အထက်ပိုင်း ပသာဒများမှာ ဓာတ်ပြား သွင်းထားခဲ့သော အာရုံများကိုပင် မြင်သေး သယောင် ကြားရသေး သယောင် ထပ်ခါ သုံးသပ် ဆင်ခြင်ကြရသောကြောင့် ဦးကျောက်က သိသည် ဦးကျောက်မှာ စိတ်ရှိသည် ထင်နေကြခြင်း ဖြစ်၏၊ အချို့ကား ဘာမှ မသိ နားမလည်ဘဲ ရမ်းသုံးနေကြ၏၊

---

## ဇီဝိတဝိဂြေ

ရုပ်တို့၏ အစောင့် အသက်သည် ဇီဝိတရုပ် မည်၏၊

မှတ်သားရန်။ ။ဖြစ်ဘက် ကမ္မဇ ရုပ်တို့ကို စောင့်ရှောက်သော အားဖြင့် အသက်ကို ဆက်ပေးနေသော ရုပ်သည် ဇီဝိတရုပ် မည်၏၊

ထို အသက် ဇီဝိတသည်ပင် ဖြစ်ဘက် ရုပ်များကို စိုးအုပ် စီမံစောင့် ရှောက် ပေးနေ သောကြောင့် ဣန္ဒြေလည်း မည်၍ ဇီဝိတိန္ဒြေ မည်၏၊ ကံကြောင့် ဖြစ်သော ကမ္မဇ ရုပ်များတို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏၊ ကာယ ပသာဒတို့ ဘာဝရုပ်တို့ ကဲ့သို့ တကိုယ်လုံး ပျံ့နှံ့၍ တည်၏၊အာပေါဓာတ် လွှမ်းကဲသော သွေးကြောများ သည်းခြေများလည်း တကိုယ်လုံး ပျံ့နှံ့ တည်လေသည်၊

ကာယ ပသာဒကား ပါစက ဓာတ်၌မတည်၊
ကျန် ဓာတ်များကား ပါစကဓာတ် အတွင်းကိုပါ ပျံ့နှံ့ တည်၏။

**ဘာဝ ပသာဒ၊ လောဟိတ၊ ဇီဝ သည်းခြေ သုက်၊**
**ကိုယ်လုံး နှံ့ပြာ၊ တည်လေပါ၊ ကျမ်းလာ မှန် သမုတ်။**

**ဇီဝိတိန္ဒြေသည် ဘဲ့ကြောင့် ကမ္မဇကိုရုပ်သာ စောင့်သလဲ၊**

စတုဇ ရုပ်တို့အနက် ကံတရားများသည် ဆိုင်ရာ ရုပ်ကို ဖြစ်စေပြီး ချုပ်ပျောက်သွားသောကြောင့် ထိုကမ္မဇ ရုပ်များ ဆက်လက်ပြီးသျှင် အသက်ရှည်ရေး တည်တံ့ရေး အတွက် ဇီဝိတိန္ဒြေက ဆက်လက်၍ စောင့်ရှောက်သွားလေသည်၊ မှန်၏-ဇီဝိတ စောင့်ရှောက်မှု ကင်းကွာသွားသောအခါ ဝါ-ချုပ်ပျောက် သွားသော အခါ ကိုယ်ကြီးသည် လည်း ပုပ်ပွ ကျေမွကာ ပျက်စီးသွားရ၏၊ စိတ္တဇ **ရုပ်** ဖြစ်တိုင်း တည်ရှိတိုင်း ချုပ်တိုင်း စိတ်လည်း အမြဲတည်၍ စောင့်ကြပ်ပေးနေ၏၊ ဥတုဇ အာဟာရဇ ရုပ်များ ဖြစ်တိုင်း တည်တိုင်း မှာလည်း ဥတု အာဟာရ တို့က ထက်ချပ်မကွာ ရပ်တည် စောင့်ကြပ်ပေးနေကြ၏၊ ထို့ကြောင့် ကမ္မဇရုပ် အတွက်သာ အစောင့် အရှောက် ဇီဝိတိန္ဒြေကို အလိုရှိ အပ်၍ တခြား ရုပ်များအတွက် ဇီဝိတ၏ တာဝန် ထမ်းဆောင်ဘွယ် ဝတ္တရား မရှိတော့ကြောင်း ကောင်းစွာ သိမှတ်ရာ၏၊

အာယုခေါ် ဇီဝိတ ဥသ္မာခေါ် ပါစက ဓာတ်နှင့် စိတ် ဝိညာဏ် ကင်းကွာလျှင် ဤ ခန္ဓာကိုယ်ကြီး သေသွားလေ၏၊

ဥပမာ-မိဘဲ့ ကလေးကို နို့ထိန်းများက စောင့်ရှောက် ရ၍ မိဘစုံသော ကလေးအဖို့ မိဘတို့က စောင့်သဖြင့် တခြား အစောင့် အရှောက် မလိုတော့သကဲ့သို့တည်း၊ မင်းမျိုး သူကြွယ်မျိုးနှင့် ခေတ်ဆန် သူများ နို့ထိန်း ငှါးထားခြင်းကို မလိုအပ်၊ တနည်း-မူလ မျိုးစေ့နှင့် ကင်းကွာ၍ နေသော ကြာပင် သစ်ပင်တို့ကို ရေဓာတ် မြေဓာတ်များက ဆက်လက် စောင့်ရှောက်နေသကဲ့သို့လည်း မှတ်လေ၊

## အာဟာရရုပ်

အစာ၌ ပါသော ဩဇာဓာတ်သည် အာဟာရရုပ် မည်၏၊

**မှတ်သားရန်။** ။အစား အစာတို့၌ ပါလာသော အဆီ အစေး ဩဇာဓာတ်သည် အာဟာရရုပ် မည်၏၊ ဇူန္ဒြိယရုပ် ၈-ပါးနှင့် တကွ ဖြစ်သော ရုပ်အပေါင်းကို ခိုင်မာစေခြင်း လက္ခဏာ ရှိ၏၊ တနည်း-ဩဇာဋ္ဌမက ရုပ်ကို စောင့်ခြင်း လက္ခဏာ ရှိ၏။

မုချ ဥပစာ။ ။ဆွမ်း ခဲဘွယ် စသော အစား အစာတို့သည် အလုပ် အလွေးကို ပြုကာ ခံတွင်းသို့ ဆောင်အပ်သောကြောင့် မုချ အာဟာရ မည်၏၊ ထို အစား အစာ အာဟာရ၌ တည်ရှိပါလာသော အဆီ အစေး ဩဇာ ဓာတ်သည် အလုပ် အလွေ ပြုကာ ဆောင်၍ မရ အပ်သော်လည်း ရအပ်သဖြင့် တင်စားကာ ဥပစာအားဖြင့် အာဟာရ မည်လေသည်။

ဤ မဟာဘုတ် ၄, ပသာဒရုပ် ၅,
အာခံရုပ် ၇, ဘာဝရုပ် ၂,
ဟဒယဝတ္ထု ၁, ဇီဝိတရုပ် ၁,

အာဟာရရုပ် ၁,အားဖြင့် ၁၈–ပါးသော ရုပ်သည် ကိုယ်ပိုင် သဘာဝ အသီးသီး ရှိကြ၍ သဘာဝရုပ်, ကိုယ်ပိုင် လက္ခဏာ အသီးသီး ရှိကြ၍ သလက္ခဏာရုပ်, အကြောင်း ၄–ပါးကြောင့် ဖြစ်တတ်သောကြောင့် နိပ္ဖန္နရုပ် ထင်ရှားစွာ ဖောက်ပြန်တတ်သောကြောင့် ရူပရုပ်, လက္ခဏာတင် ရှုအပ်သောကြောင့် သမ္မသနရုပ် မည်၏၊

ကျန် ၁၀–ပါးသော ရုပ်သည် အသဘာဝ ရုပ် အလက္ခဏာရုပ် အနိပ္ဖန္နရုပ် အရူပရုပ် အသမ္မသနရုပ် မည်ကြ၏၊

ကြောင်းစတုကြောင့်၊ဖြစ်မှ ပေါ်လော၊ သဘောသီးသီး
ကိုယ်စီ မှီး၊ရုပ်ကြီး နိပ္ဖန္န။

၍အနိပ္ဖန္နရုပ် ၁၈–ပါး ရေတွက်ရာတွင် ပထဝီ တေဇော ဝါယော သုံးပါးသည် မဟာဘုတ် နှင့် အာခံ ရုပ်တို့၌ ၂–ထပ် ပါနေသဖြင့် လုံးရေအားဖြင့် နိပ္ဖန္နရုပ် ၁၈–ပါးသာ ရှိလေသည်၊မျက်မြင် ၂၁–ပါးကို နှုတ်လေ။

**မှတ်သားရန်။** ။ကလာပ်စည်း တခုတွင် ပါဝင်သောရုပ် ၈-ပါး ၉-ပါး စသည်ကို တခုနှင့် တခု ခွဲခြားပေးစရာ မလို၊ ခွဲခြားရှုလည်းမရ၊ သဟဇာတ် ဖြစ်နေကြ သောကြောင့်တည်း၊ ဤစကားဖြင့် သဟဇာတ်သည် ကလာပ် လက္ခဏာ ဖြစ်ကြောင်း ထင်ရှားနေပေ၏ သတိပြုနဲ့၊ များစွာသော ကလာပ်စည်းတို့ အသီးသီး ပြိုင်၍ဖြစ်နေကြရာ၌ ကလာပ် တစည်းနှင့် တခြားကလာပ် တစည်းကို မရောမယှက်ရအောင် ပိုင်းခြား ကန့်သင်သော သဘောကို အာကာသဓာတ်ဟု ခေါ်လေသည်။

ပိုင်းခြားတတ်သော ကဏ္ဍုဗျာပါရ မရှိသော်လည်း ပိုင်းခြားပေးတတ်သယောင်ဖြစ်၍ ဥပရိက္ခ၂၁ အားဖြင့် ပရိစ္ဆေဒရုပ် ဟု ခေါ်ထားလေသည်၊ ကလာပ် နှစ်စည်းတို့ နီးကပ် လုံးထွေး ဖြစ်နေစေကာမူ အာကာသဓာတ်၏ အစွမ်းအားဖြင့် ကလာပ် ရုပ် သဘော လက္ခဏာချင်း မထိပါ၊ ပိုင်းခြားကြောင်း အကာသသည်လည်း ဘယ်ကလာပ်ရုပ်နှင့်မှမထိကောင်းပါ၊ အကယ်၍ ထိနေလျှင် ကလာပ်ချင်း ကွဲပြားမှုမရှိဘဲ ရောထွေး သွားဘွယ်ရာ ရှိ၏၊ ဥပမာ-လက်နှစ်ချောင်း ခွဲ၍ ဖောင်ကြည့်ပါ၊ အကြား အာကာသအတွက် လက်နှစ်ချောင်းသည် အချင်းချင်း မထိနိုင်ပေ၊ အကြားသည်လည်း ဘယ်နှင့်မှ မထိမစပ်ဘဲ သီးခြားပင် တည်ရှိ၍နေသကဲ့သို့ဘည်း၊

---

## ဝိသယရုပ် ၂-ပါး

ရူပဿ ဥပစယော ရုပ်၏ အစဆုံး အသစ် ဖြစ်စ
ရူပဿ သန္တတိ ရုပ်၏ နောက်နောက် ထပ်ဖြစ်စ
ရူပဿ ဇရတာ ရုပ်၏ ရင့်ရော်မှု
ရူပဿ အနိစ္စတာ ရုပ်၏ မမြဲမှု ပျက်မှု
ဇာတိ ရုပ် တခုတည်းကို ဥပစယ သန္တတိ ဟု နာမည်
၂-မျိုး မှည့်ခေါ် ထားလေသည်။

**မှတ်သားရန်**။ ။ဝိညတ္တိ၊ မိမိ အလိုကို သူတပါးအား သိစေတတ်သော, ဝါ-သိစေနိုင်သော အမူ အရာထူးသည် ဝိညတ် မည်၏၊

လက်ယပ်ခေါ်ရာ၌ လက်သည် ရူပါရုံ ဖြစ်၏၊ ''လာခဲ့ပါ'' ခေါ်ရာ၌ အသံသည် သဒ္ဒါရုံမျှသာ ဖြစ်၏၊ ထို ကိုယ်အမူရာ နှုတ်အမူအရာထူးဖြင့် လာစေလိုသော အလိုဆန္ဒကို သိကြောင်း အမူ အရာထူးသည် သာ ဝိညတ် မည်၏၊ သစ်ပင်လှုပ်ရာ မိုးချုန်းသံ ထွက်လာရာ၌ကား ဘာအလိုကိုမျှ မသိစေနိုင် သောကြောင့် ထို လှုပ်ရှားမှု နှင့် ဥတုဇ အသံတို့မှာ ဝိညတ် မပါချေ။

**ဝိကာရ**။ ။ဝိ-ထူးသော ကာရ-အမူ အရာတို့သည် ဝိကာရရုပ် မည်၏၊ စိတ်ကြည်လင်ရာ အခါ ဥတု သာသာယာယာ ရှိသည့်အခါ အစာအာဟာရ မှတသောအခါတို့၌ တိဇရုပ်တို့၏ ပေါ့ပါးမှု နူးညံ့မှု အမှု၌ ခံ့ညားမှု ဟူသော အမူအရာထူးများ ဖြစ်လာတတ်၏၊ ဤအမူ အရာ ၃-ပါးမှာ တပေါင်းတည်း ဖြစ်ပေါ်လာ စေကာမူ အမူအရာ တခု တခု၏ ထူးခြားလွန်ကဲသောအားဖြင့် အသီးသီး ထင်ရှားပါသည်၊ ပစ္စုပ္ပန် စိတ် ဥတု အဟာရ ဟူသော အကြောင်းများကသာ ဤအမူ အရာထူးများကို ဖြစ်နိုင်သောကြောင့် အတိတ် ကံကြောင့် ဖြစ်၍ လာသော ကမ္မဇ ရုပ်များ၌ လဟုတာ စသော သဘောကို မရ။

**လက္ခဏ**။ ။ဖြစ် တည် ချုပ် သဘောများသည် နိပ္ဖန္န ရုပ်တို့၏ အခြေအနေကို သိမှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏရုပ် မည်၏။

**ဥပစယ**။ ။ဥပ-သဒ္ဒါသည် အစ ဟူသော အနက်, အထက် ဟူသော အနက်ကို ဟော၏၊ စယ-သဒ္ဒါ ဖြစ်ခြင်း အနက်ကို ဟော၏၊ ပဋိသန္ဓေ နေရာမှာ ရုပ်များ၏ အစဆုံး ဖြစ်ခြင်းနှင့် နောက်နောက် အထက် အထက် အခါမှာ ရုပ်များ၏ အသစ် ဖြစ်စသည် ဥပစယ မည်၏၊ ပဋိသန္ဓေ အခါက စ၍ စက္ခုပသာဒ စသည်တို့၏ အစုံအလင် ဖြစ်ချိန် အတွင်းမှာ ရုပ်တို့၏ဖြစ်စသည် ဥပစယ၊ ထိုမှ အထက်အထက် ရုပ်တို့၏ ဖြစ်စသည် သန္တတိ ဟု အထူးမှတ်။

သန္တတိ။ ။သံ-တဖန်ထပ်၍၊ တတိ-ကျယ်ပွါး များလာခြင်းကို သန္တတိ ခေါ်၏၊ ဤတဘ၀တည်းမှာ ရုပ်တမျိုးသည် မူလစ၍ ဖြစ်ပြီး နောက် ထပ်၍ ထပ်၍ ဖြစ်စ ဖြစ်စသည် သန္တတိ မည်၏၊ အချုပ်မှာ ရုပ်၏ ဖြစ်စ ဉပါဒ်ကိုပင် ရ၏၊ ဒေသနာစဉ် အားဖြင့်ရင်း ဝေနေယျ တို့၏ အလိုအားဖြင့်ရင်း အခိုက်ကာလ အားလျော်စွာ ဉပါဒ် ဖြစ်စ တခုတည်းကိုပင် ဉပစယ သန္တတိ ဟူ၍ ၂-မျိုး ဟောထားခြင်း ဖြစ်၏၊ ဇရတာကား ရင့်ရော်မှု၊ အနိစ္စတာကား ပျက်စီးမှု ဘင်ကို ရ၏၊

အနိပ္ဖန္န။ ။နိပ္ဖန္န ရုပ်တို့၏ ဘောက်ပြန်မှု ပိုင်းခြားမှု စသော သဘောမျှ ဖြစ်ကာ အကြောင်း တရားတို့သည် သီးခြား ပြုပြင် စီရင် အပ်သော သဘော မရှိသောကြောင့် အနိပ္ဖန္နရုပ် မည်၏၊ သဘော လက္ခဏာ သီးခြား မရှိသောကြောင့်လည်း အလက္ခဏရုပ် မည်၏၊ ဤစကားကို ထောက်သော် အနိပ္ဖန္နရုပ်သည် တိုက်ရိုက် သီးခြား ရကောင်းသော မုချ ပရမတ် မဟုတ်၊ အမုချတ္တ ပရမတ်များ မည်၏၊

ဤခန္ဓာကိုယ်မှာ အောက် အလယ် အထက် ဟု သုံးပိုင်းခွဲ၊ချက်မှ အောက်ကို ဟေဋ္ဌိမကာယ အောက်ပိုင်းကိုယ် ဟု ခေါ်၏၊ထိုအောက် ပိုင်း၌ ကာယဒသက ဘာဝဒသက ကလာပ် ၂-စည်းနှင့်-အာဟာရ သမုဋ္ဌာန် ဥတုသမုဋ္ဌာန် စိတ္တသမုဋ္ဌာန် ဖြစ်သော အဋ္ဌကကလာပ် ၃-စည်း ပေါင်း ကလာပ် ၅-စည်း ရုပ် ၄၄-ပါးကို ရအပ်၏၊

ချက်နှင့် လည်မျို အတွင်းကို အလယ်ပိုင်းကိုယ် ခေါ်၏၊ထိုအပိုင်း၌ ကာယ ဘာဝ ဝတ္ထု ဒသက ကလာပ် သုံးစည်းနှင့်အဟာရ သမုဋ္ဌာန် စသောအဋ္ဌကကလာပ် သုံးစည်း ပေါင်းကလာပ် ၆-စည်း ရုပ် ၅၄-ရ၏၊

လည်မျို၏ အထက်ကို အထက်ပိုင်းကိုယ် ဟု ခေါ်၏၊ ထိုအပိုင်း၌ စက် သော ဃာ ဇိ ကာ ဘာဝဒသကအားဖြင့် ဒသက ကလာပ် ၆-စည်းနှင့် အာဟာရ သမုဋ္ဌာန် စသော အဋ္ဌကလာပ် သုံးစည်း ပေါင်း ကလာပ် ၉-စည်း ရုပ် ၈၄-ပါးကို ရ၏၊

ဉပရိမကာယ၌ .... ကလာပ် ၅-စည်း ရုပ်-၄၄
မဇ္ဈိမကာယ၌ .... ကလာပ် ၆-စည်း ရုပ်-၅၄
ဟေဋ္ဌိမကာယ၌ .... ကလာပ် ၉-စည်း ရုပ်-၈၄

## ဂါထာချုပ်

ဘူတ ပသာဒ ဝိသယာ, ဘာဝေါ ဟဒယ မိစ္စပိ၊
ဇီဝိတာ ဟာရ ရူပေဟိ, အဋ္ဌာရသ ဝိဓံ တထာ၊
ပရိစ္ဆေဒေါစ ဝိညတ္တိ, ဝိကာရော လက္ခဏန္တိစ၊
အနိပ္ဖန္နာ ဒသစေတိ, အဋ္ဌဝီသတိဝိဓံ ဘဝေ။

ရူပ သမုဒ္ဒေသခဏ်း ပြီးပြီ

---

## ၂။ ရုပ်ကို ဝေဘန်ခဏ်း

| | |
|---|---|
| ယှဉ်ဘက် သမ္ပယုတ် ဟိတ်မရှိ၍ | အဟေတုက |
| အကြောင်းတရား ရှိသောကြောင့် | သပစ္စယ |
| အာသဝေါတို့၏ အာရုံ ဖြစ်ကြ၍ | သာသဝ |
| အကြောင်းတရားတို့ ပြုပြင်ရင်အပ်၍ | သင်္ခတ |
| ကာမ တဏှာ၏ စားကျက် ဖြစ်၍ | ကာမာဝစရ |
| အာရုံ၏ အရသာကို မယူတတ်၍ | အနာရမ္မဏ |
| မဂ်ဖြင့် မပယ်အပ်ကောင်း၍ | အပ္ပဟာတဗ္ဗ |

ဟူသော နာမည် တမျိုးစီကို ရလေသည်။

**မှတ်သားရန်။** ။ရုပ်ကို အမည်တမျိုး ၂-မျိုး စသဖြင့် ဝေဘန်ပြရာ စကားရပ်သည် ရူပ ဝိဘာဂ အခဏ်း မည်၏၊ 'အဘယ့်ကြောင့် အဟေတုက မည်သနည်း' ဟု မေး၍ 'ယှဉ်ဘက် သမ္ပယုတ် ဟိတ် မရှိသောကြောင့် (ဟိတ် ၆-ပါးနှင့် မယှဉ်သောကြောင့်) အဟိတ် မည်၏' စသဖြင့် ကြောင်း-ကျိုး စပ်ကာ မေးခွန်းနှင့် အဖြေများ စီရင်လေ။

---

**အဇ္ဈတ္တိက စသည်ဖြင့် ဝေဘန်ပုံ**

ပသာဒရုပ် ၅-ပါးသည် အဇ္ဈတ္တိကအတွင်းရုပ်၊ ကျန် ၂၃-ပါးသည် ဗာဟိရ အပြင်ရုပ် မည်၏၊

**အဇ္ဈတ္တိကော၊ ပသာဒေါ၊ ကြွင်းလေ ဗဟိဒ္ဓါ၊**
**ခန္ဓာ ကိုယ်အစုး၊ ကျေးဇူးများ၊ ခေါ်ပြား အဇ္ဈတ္တ၊**

**မှတ်သားရန်။** ။ အဓိ + အတ္တ + ဣက၊ အတ္တ-ခန္ဓာကိုယ် အတ္တဘော နှင့် စိတ်ကို အတ္တ ခေါ်၏၊ ထို အတ္တဘောကို၊ အဓိ-စွဲ၍ ဖြစ်တတ် သောကြောင့်၎င်း, အတ္တဘောအား ကျေးဇူး များလှသော ကြောင့်၎င်း, စိတ်၏ တံခါးပေါက် ဖြစ်၍ စိတ်-ဟူသော အတ္တကို စွဲကာ ဖြစ်တတ်သောကြောင့်၎င်း ပသာဒရုပ် ငါးပါးသည် အဇ္ဈတ္တိက ရုပ် မည်၏၊ ကျန် ၂၃-ပါးသည် အပြန်အားဖြင့် ဗာဟိရရုပ် မည်၏၊

---

ပသာဒ,ဟဒယ ဤ ၆-ပါးသည် တည်ရာ ဝတ္ထုရုပ်၊
ကျန် ၂၂-ပါးသည် ထိုရာမဟုတ် အဝတ္ထုရုပ် မည်၏၊

**ပသာဒ-ဟမူ၊ ဝတ္ထု ယူ၊ ကြွင်းမူ အဝတ္ထု၊**

---

ပသာဒ, ဝိညတ် ဤ ၇-ပါးသည် ဒွါရရုပ် မည်၏၊
ကျန် ၂၁-ပါးသော ရုပ်သည် အဒွါရရုပ် မည်၏၊

**ပသာ ဝိညတ်၊ ဒွါရမှတ်၊ ကြွင်းလတ် အဒွါရ၊**

**မှတ်သားရန်။** ။ပသာဒရုပ် ငါးပါးသည် စက္ခုဒွါရ ဝိထိ စသော ပဉ္စဒွါရ ဝိထိတို့၏ ဖြစ်ကြောင်း ဖြစ်၍ ဥပ္ပတ္တိ ဒွါရ မည်၏၊ ဝိညတ်ဒွေးသည် ကာယကံ ဝစီကံတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကမ္မဒွါရ မည်၏၊ စိတ် စေတသိက်တို့၏(အာရုံတို့၏၎င်း)ဝင်ထွက်ရာ တံခါးပေါက် သဖွယ် ဖြစ်သောကြောင့် ဒွါရရုပ် မည်ပုံကိုလည်း မှတ်ရာ၏၊

---

ပသာဒ ဘာဝ ဇီဝိတ ဤ ၈ပါးသည် ဣန္ဒြိယရုပ်၊
ကျန် ၂၀-သည် အနိန္ဒြိယရုပ် မည်၏။

**မှတ်သားရန်။** ။ပသာဒရုပ် ငါးပါးသည် ဆိုင်ရာ ပဉ္စဝိညာဏ်တို့ကို အစိုးရ၏၊ မှန်၏-ပသာဒ ကြည်လင်၍ အားကောင်းလျှင် ဝိညာဏ်သည်း အားရှိ၏၊ ပသာဒ အားနဲလျှင် ဝိညာဏ်လည်း အားနဲ၏၊ ဤသို့ ပသာဒ ငါးပါးသည် ဝိညာဏ် ငါးပါးကို ချယ်လှယ် အုပ်စိုးလေသည်၊ ဘာဝရုပ် ၂-ခုသည် ဣတ္ထိလိင် စသော ၄-မျိုးကို အုပ်စိုးသည်၊ ဘာဝရုပ်ကို အခြေခံ၍ လိင် နိမိတ္တ စသော ၄-ပါး ဖြစ်ပေါ်လာရပုံကို ထောက်ပါ၊ သို့သော် လိင် စသည်တို့မှာ ပဋိသန္ဓေ အခိုက်မှာ ထင်ထင်ရှားရှား မရှိကြသေးသောကြောင့် ဘာဝရုပ်က ဣန္ဒြိယ ပစ္စည်း မတပ်နိုင်ပေ၊ ဇီဝိတသည် ဖြစ်ဘက် ကမ္မဇ ရုပ်ကို အရှည်ခံ၍ တည်တန့်အောင် အုပ်စိုးစောင့်ရှောက် ပေး၏၊ မိမိ ဟူသော ဇီဝိတ၏ ကိုယ်တိုင် အသက်ရှည်ရေး အတွက်မှာ ဖြစ်ဘက် ကမ္မဇ ရုပ်များနှင့် ဆက်သွယ်ကာ မိမိကိုယ်ကို အသက်ရှည်အောင် မိမိသည်ပင် ပြန်၍ စောင့်ရှောက် ပေးလေသည်၊ ဥပမာ—လှေဖြင့် လူရှစ်ယောက်ကို ဟိုဘက် ကမ်းသို့ ပို့ပေးရာ၌ ပို့သူပါ ဟိုဘက် ကမ်းသို့ တပါတည်း ရောက်သွား သကဲ့သို့ သူတပါးကို စောင့်ရှောက်ရင်း မိမိ အတွက် အသက်ရှည်မှု အခင်းမှာ အလိုလို ပြီးသွားသည် ဟူ၏။

---

ပသာဒရုပ် ၅-ပါး ဂေါစရရုပ် ၇-ပါးအားဖြင့် ၁၂-ပါးသည် ဩဠာရိကရုပ်, သန္တိကေရုပ်, သပ္ပဋိဃရုပ်, ကျန်ရုပ် ၁၆-ပါးသည် သုခုမရုပ် ဒူရေရုပ် အပ္ပဋိဃရုပ်,

**မှတ်သားရန်။** ။ဉာဏ် စက္ခုအား ထင်လွယ် မြင်လွယ်သဖြင့် ကြမ်းတမ်း သောကြောင့် ဩဠာရိက ရုပ် မည်၏၊ ကြမ်းတမ်း လှ၍ ဉာဏ်အား ထင်မြင်လွယ် သဖြင့် ဉာဏ်အမြင် နီးစပ် သောကြောင့် သန္တိကေရုပ် မည်၏၊ ခတ်သဘာဝချင်း ထိခိုက် တတ်သောကြောင့် သပ္ပဋိဃရုပ် မည်၏၊ ဉာဏ်အား ထင်နိုင် မြင်နိုင် ခဲလှ သဖြင့် နူးညံ့ သိမ်မွေ့လှ သောကြောင့် သုခုမရုပ် မည်၏၊ ဉာဏ် အမြင်အား ထင်နိုင် ခဲသဖြင့် ဝေးလှ သောကြောင့် ဒူရေရုပ် မည်၏၊ မထိခိုက် တတ်သောကြောင့် အပ္ပဋိဃရုပ် မည်၏၊

ကံ၏ အကျိုး ဖြစ်သော ကမ္မဇရုပ် ၁၈-ပါးသည် ဥပါဒိန္နရုပ် မည်၏၊ စိတ် ဥတု အာဟာရ သုံးပါးကြောင့် ဖြစ်သော တိဇ ရုပ်သည် အနုပါဒိန္နရုပ် မည်၏။

**မှတ်သားရန်။** ။ဥပါဒိန္န၊ ဥပ + အာဒိန္န၊ ဥပ-တဏှာ ဒိဋ္ဌိ တို့က အာရုံ ပြုသော အားဖြင့် ကပ်အပ်သော လောကီ ကံသည် အာဒိန္န-ငါ၏ အကျိုး တွေ့ဘဲ ဟု ယူအပ်သော ကမ္မဇရုပ် ၁၈-ပါးသည် ဥပါဒိန္နရုပ် မည်၏၊ကျန် တိဇ ရုပ်သည် အနုပါဒိန္နရုပ် မည်၏၊ ဥပါဒိန္နရုပ်ကို အဋ္ဌကထာတို့က သန္တာန်၌သာ ရအပ်၏၊ ဗဟိဒ္ဓ၌ မရအပ်၊ သတ္တဝါတို့၏ ခန္ဓာကိုယ်အတွင်းရှိ ဥတုဇရုပ် အားလုံးသည်ပင် လွန်းစွာ ယူအပ်သော သဘောရှိ၍ ဥပါဒိန္နရုပ် မည်၏ ဟု အဋ္ဌသာလိနီ၌မိန့်၏၊

**ရုပ် ကမ္မဇ၊ ဌာရသ၊ ဥပါဒိန္နပေ။**

---

စက္ခုဝိညာဏ်ဖြင့် မြင်ရသော ရူပါရုံသည် မြင်ခြင်းနှင့် တကွ ဖြစ်သောကြောင့် သနိဒဿနရုပ် မည်၏၊ကျန် ၂၇-ပါးသည် မြင်မှုနှင့် တကွ မဖြစ်သောကြောင့် အနိဒဿန ရုပ် မည်၏။

**မှတ်သားရန်။** ။နိဒဿနရုပ် နှင့် ရူပါရုံ အရ မြင်ထိုက်သော ရူပါရုံကို ဝါ-အာရမ္မဏ သတ္တိကို ရ၍ အရချင်း တူ၏၊ သို့ရာတွင် မြင်အပ်သည်၏ အဖြစ်နှင့် တကွ ဖြစ်သောကြောင့် ရူပါရုံသည် သနိဒဿန မည်၏ ဟု ဆိုရာ၌ တခြား ရုပ်တရားများ နှင့် ထူးခြား ကွဲပြားအောင် အဘေဒ ဘေဒူပစာ အားဖြင့် ဆိုထားသည်။

---

ပသာဒရုပ် ငါးပါးသည် ဆိုင်ရာ အာရုံကို ဆွဲငင် ယူ တတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်၏၊ ကျန် ၂၃-ပါးသည် အာရုံ ကို ဆွဲငင်၍ မယူတတ်သောကြောင့် အဂေါစရဂ္ဂါဟိကရုပ် မည်၏။

**မှတ်သားရန်။** ။အာရုံကို မြင်သည် သိသည် ဆိုရာ၌ နာမ်ဝိညာဏ်ကို ရ၏၊ ရုပ်ကား အာရုံ၏ အရသာကိုမသိတတ်၊ ထို့ကြောင့် ရုပ်တရားသည် အာရုံတခုကို အာရုံ မပြုနိုင် မသိနိုင်၍ ရုပ် မှန်သမျှ အနာရမ္မဏတွေချည်းသာ ဟု အစ၌ မိန့်ခဲ့၏၊ ပသာဒရုပ် ၅ ပါးသည် အာရုံကို ထင်လာရာ အနေအားဖြင့် လက်ခံ ယူငင်သိမ်းပိုက်နိုင်သော ကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်ပြန်သည်၊ ဒွါနီ ဝိညာဏ်၏ သိမှု ယူမှု ကိစ္စကို ဒွါရ ပသာဒပေါ်မှာ တင်စားကာ ဥပစာ နည်း အားဖြင့် ဂေါစရဂ္ဂါဟိကရုပ်ခေါ်၏ ဟု ဋီကာ၌ မိန့်၏၊ အနာရမ္မဏ ဆိုရာ မှုချ၍ ဤ၌ ဒွါရဥပစာအားဖြင့် ထူး၏။

စက္ခု သောတ ၂-ပါးသည် မိမိထံသို့ ဝင်ခိုက်ဆိုက် ရောက် ကပ်ငြိမလာသော အာရုံကို ယူတတ်သောကြောင့် အသမ္ပတ္တဂ္ဂါဟရုပ် မည်၏၊ ဃာန ဇိဝှါ ကာယ ၃-ပါးမှာ မိမိထံ ထိခိုက် ဆိုက်ရောက် ကပ်ငြိ၍ လာသော အာရုံကို ယူ တတ်သောကြောင့် သမ္ပတ္တဂ္ဂါဟရုပ် မည်၏၊

**အသမ္ပတ္တ၊ ဂါဟက၊ သောတ စက္ခု ယူ၊**
**ရုပ် သမ္ပတ္တ၊ ဂါဟက၊ ဃာန ဇိ ကာ ယူ။**

မဟာဘုတ် ၄-ပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤရုပ် ၈-ပါးသည် ခွဲခွါ၍ ရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏၊ကျန်ရုပ် ၂၀-သည် ခွဲခွါ၍ ရကောင်းသောကြောင့် ဝိနိဗ္ဘောဂ ရုပ် မည်၏။

**ရသ နှင့် ဩဇာ။** ။ဇိဝှါပသာဒဖြင့် ယူအပ်သော ချို ချဉ် စပ် ဖန် ငံ ခါး ဟူသော အရသာ ၆-ပါးသည် ရသာရုံ မည်၏၊ ဇိဝှါ ဝိညာဏ်ဖြင့် သိအပ်၏၊ ထို ရသာရုံတွင် ပါဝင်သော အဆီ အစေး ဓာတ်သည် ဩဇာ မည်၏၊မနောဝိညာဏ်ဓာတ်ဖြင့် သိအပ်၏၊

ရူပဝိဘာဂ အခဏ်း ပြီးပြီ

## ၃။ ရူပသမုဋ္ဌာန် အခန်း

### အကြောင်း ၄-ပါး

ကမ္မ .... ကာမကံ ရူပကံ ၂၅-ပါး
စိတ္တ .... စိတ်ပေါင်း ၇၅-ပါး
ဥတု .... အပူ အအေး အခိုးငွေ့
အာဟာရ .... အစား အစာ၌ ပါသော အဆီဩဇာ၊

**ကံ စိတ် ဥ ဟာ၊ ကြောင်း လေးဖြာ၊ မှတ်ပါ သမုဋ္ဌာန်။**

**မှတ်သားရန်။** ။ရုပ်ကို ဖြစ်စေတတ်၍ ရူပသမုဋ္ဌာန် မည်၏၊ ထိုသမုဋ္ဌာန်များကိုင်း သမုဋ္ဌာန်များကြောင့် ရုပ်များဖြစ်လာ ပုံကိုင်း ပြသော စကားရပ်သည် ရူပ သမုဋ္ဌာန် အခန်း မည်၏။

---

ထို ၄-မျိုးတို့အနက် အကုသိုလ်ကံ ၁၂-ပါး၊ ကာမ ကုသိုလ်ကံ ၈-ပါး နှင့် ရူပါဝစရ ကုသိုလ်ကံ ၅-ပါး အားဖြင့် ၂၅-ပါးသော အတိတ်သန္တာန်၌ ကံသည် ကံကြောင့် ဖြစ်သော ရုပ်ကို အဇ္ဈတ္တ သန္တာန်၌ ပဋိသန္ဓေ၏ ဥပါဒ်မှ စ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်စေ၏။

**သန္ဓိ ဥမှ၊ ခဏ မစဲ၊ တစဉ်ထဲ၊ အဖြဲ ရုပ်ဖြစ်စေ၊**
**ကာရူ ကုကု၊ တိတ် စေစု၊ ကံဟု မှတ်ယူလေ။**

**မှတ်သားရန်။** ။အကုသိုလ် စေတနာ ၁၂၊ မဟာကုသိုလ် စေတနာ ၈၊ ရူပကုသိုလ် စေတနာ ၅-အားဖြင့် ဤ အတိတ် စေတနာကံ ၂၅-ပါးသည် ပဋိသန္ဓေ စိတ်၏ ဥပါဒ် အခိုက်မှ စ၍ စိတ်၏ ဥပါဒ်တိုင်း ဌီတိုင်း ဘင်တိုင်း ကံရှင်၏အဇ္ဈတ္တ သန္တာန်မှာ ကမ္မ-ကံကြောင့်၊ ဇ-ဖြစ်သော ရုပ်ကို ဖြစ်စေလေသည်၊ ကံ ၂၅-ပါးမှာ ဟိုရှေ့က ပြုဆည်းပူးခဲ့သော အတိတ် ကံဟု မှတ်၊ ဥဒ္ဓစ္စ စေတနာသည် ပဝတ္တိ ကမ္မဇရုပ်သာ ဖြစ်စေ၏၊ ဤစကားဖြင့် သတ္တဝါကို ကံကသာ ပြုပြင် စီရင်ပေးသည်၊ ဘယ် ထာဝရကမှ ဖန်တီး၍ မပေးနိုင် ဟု မှတ်၊ ကံသာအမိ ကံသာအဖ ဟူ၏၊ ကျန်ကံ ၂၄-ပါးကား ပဋိသန္ဓေ ပဝတ္တိ

ဂ ၂၃ ၂--မျိုးလုံးကို ဖြစ်စေ၏၊ အရူပ ဘုံမှာ ရုပ်၌ တပ်မက်ခြင်း ဂ င်းသောကြောင့် ဝါ-ရုပ် မရှိသောကြောင့် အရူပ ကုသိုလ်ကံသည် ရုပ်ကို မဖြစ်စေနိုင်ပါ၊ လောကုတ္တရာ ကုသိုလ်သည် ဘဝ သုံးပါးကို ထ ်ုင်း ကင်းသော ဘာဝနာဖြင့် ဖြစ်လာ၍ ပဋိသန္ဓေကျိုးကို မပေး သောကြောင့် ကမ္မဇ ရုပ်ကို မဖြစ်စေနိုင်ပါ၊

---

အရူပ ဝိပါက် ၄, ဒွိပဉ္စဝိညာဏ် ၁၀ ပေါင်း ၍ ၁၄-ပါးသော စိတ်မှ ကြွင်းကျန်သော စိတ် ၇၅-ပါးသည် ပဋိသန္ဓေနောင် ပဌမ ဘဝင်၏ ဥပါဒ်မှ စ၍ စိတ်ကြောင့် ဖြစ်သော ရုပ်ကို ဖြစ်စေ၏၊

**ပဌမ ဘဝင်၊ အစပေါင်းလျက်၊ အစဉ်မစဲ၊ ဥပါဒ်ဆဲ၊ အငြိ ရုပ်ဖြစ်စေ၊**

**မှတ်သားရန်။** ။အရူပ ဘုံ၌ ရုပ် မရှိသောကြောင့် အရူပ ဝိပါက် ၄-ခုနှင့် တကွ အရူပ ဘုံ၌ ဖြစ်သမျှ စိတ် ၄၂-ပါးလုံးသည် ရုပ်ကို မဖြစ်စေနိုင်ပါ၊ ဒွိပဉ္စ ဝိညာဏ် ၁၀-သည် ရုပ်ကို ဖြစ်စေနိုင် လောက်အောင် စွမ်းရည် သတ္တိထူး ဖြစ်လုန်သော ဟိတ် ဈာနင် မဂ္ဂင် တို့နှင့် မယှဉ်ရသောကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ၊ အထူးအားဖြင့် ပဋိသန္ဓေစိတ်သည် ဘဝသစ်ဖြစ်၍ အားနည်းလှသော ဟဒယဝတ္ထုကို မှီရသဖြင့် သူသည်လည်း အားနည်းလှသေးသောကြောင့်၎င်း, မိမိက ဖြစ်ခါစ အာဂန္တုက ဖြစ်နေသောကြောင့်၎င်း ကမ္မဇ ရုပ်များက စ ဉ္စဇရုပ် အရာမှာ တည်နေသောကြောင့်၎င်း ဘယ် ပဋိသန္ဓေ စိတ်မှ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါ၊ အားလုံးသော စုတိ စိတ်များလည်း ပဋိ သန္ဓေ ဘဝင် စိတ်နှင့် အလားတူပင် ရုပ်ကို မဖြစ်စေနိုင်၊ သို့သော် ပုတုဇဉ် နှင့် သေ က္ခတို့၏ စုတိ စိတ်ကား ရုပ်ကို ဖြစ်စေနိုင်၏၊ ဝဋ်မြစ် ပြတ်ပြီး ဖြစ်သောကြောင့် ရဟန္တာ၏ စုတိစိတ် တမျိုးတည်း ကသာ ရုပ်ကို မဖြစ်စေနိုင် ဟု ခွဲမှတ်ပါ၊ စိတ်သည် ဥပါဒ် အခိုက်မှာ အား အင်ရှိဆုံး ဖြစ်သောကြောင့် ဥပါဒ်က စကာ ရုပ်ကို ဖြစ်စေနိုင်သည်၊

# စိတ္တဇရုပ်ကို ဖြစ်စေပုံ

အပ္ပနာဇော ၂၆-သည် ဣရိယာပုထ်ကို ခိုင်စေ၏၊ ဝုဋ္ဌော ကာမဇောနှင့် အဘိညာဉ်ဇော ၂-ပေါင်း ၃၂-ပါးသော စိတ်သည် ဝိညတ် ၂-ပါးကိုလည်း ဖြစ်စေ၏၊ (ဣရိယာပုထ်ကိုလည်း ထောက်ပံ့ ခိုင်ခံ့စေ၏၊)

လောဘမူ သောမနဿ ၄, ဟသိတုပ္ပါဒ် ၁, မဟာကုသိုလ် ကြိယာ၊ သောမနဿ ၄-ပါးစီ ပေါင်း ၁၃-ပါးသော သောမနဿ ဇောသည် ရယ်ခြင်းကို ဖြစ်စေ၏၊ (ဝိညတ်နှင့်ဣရိယာပုထ်တို့ကိုလည်း ဖြစ်စေ၏၊ဒေါသဇော ၂-ပါးသည် ငိုခြင်းကို ဖြစ်စေ၏၊)

ဆဲ့သုံး သောမနဿ်၊ ပြုံးရယ်တတ်၊ ငိုတတ် ဒေါသဇော၊
လော-ကု ရှစ်အင်၊ ပုထုဇဉ်၊ ရယ်ရွှင်ကြသည်သာ၊
ဟသိတုပ္ပံ၊ မဟာကြိယံ၊ ရယ်ရန် ရဟန္တာ၊
လော-ဝိပ် ၂-စား၊ ကု ၄-ပါး၊ ရယ်ပြား သတ် သေက္ခာ၊

**မှတ်သားရန်။** ။လောဘမူ သောမနဿ ၄, မဟာကုသိုလ် သောမနဿ ၄, ဤ ၈-ပါးဖြင့် ပုထုဇဉ်များ ရယ်ကြ၏၊ ဟသိတုပ္ပါဒ် ၁,မဟာကြိယာ သောမနဿ ၄ ဤငါးပါးဖြင့် ရဟန္တာများ ပြုံးကြ၏၊ လောဘမူ ဝိပ္ပယုတ် သောမနဿ ၂, မဟာကုသိုလ် သောမနဿ ၄ ဤ ၆-ပါးဖြင့် သေက္ခ ပုဂ္ဂိုလ်များ ရယ်ကြ၏၊ သေက္ခ အရ မဂ္ဂဋ္ဌာန် ၄-ဦးမှာ စိတ္တက္ခဏ တချက်ခန့်သာ အသက် ရှည်ကြသောကြောင့် ပြုံးရယ်ဘွယ် မရှိ၊ အောက် ဖလဋ္ဌာန် သေက္ခ ၃-ယောက်ကိုသာ ပြုံးရယ်သော ပုဂ္ဂိုလ် အဖြစ်ဖြင့် ယူရ၏၊

အထူးအားဖြင့် အပ္ပနာ မရသေးသော သူတို့၏ ဣရိယာ ပုထ်ကို ကာမဇော အဘိညာဏ်ဇော ဝုဋ္ဌောတို့က ထောက်ပံ့ ခိုင်စေ၏ ဟု မှတ်၊ ဝိညတ်တို့မှိ ဟသနမှိဖြင့် ဣရိယာ ပထမှိကိုပါ ပေါင်းနည်း၏။

စိတ္တဇရုပ် တမျိုးကိုသာ ဖြစ်စေသော စိတ် ၁၉- မနောဓာတ် ၃, တဒါရုံ ၁၁, ရူပဝိပါက် ၅-ပါးတည်း၊

ရုပ် နှင့် ဣရိယာပုထ်ကို ဖြစ်စေသော 'စိတ် ၂၆- မဟဂ္ဂုတ်ဇော ၁၈, လောကုတ္တရာ ၈ ၌ ၂၆-ပါးတည်း၊

ရုပ် ဣရိယာ ဝိညတ်ကို ဖြစ်စေသောစိတ် ၃၂- ဝုဋ္ဌော ၁, ကာမဇော ၂၉, အဘိညာဉ် ၂-ပါးတည်း၊

ရုပ် ဣရိယာ ဝိညတ် ရယ်ခြင်းကို ဖြစ်စေသော စိတ် ၁၃- လော-သော ၄, ဟသိ ၁, မဟာ ကု-ကြိ သော ၈ ၌ ၁၃-ပါးတည်း၊

---

ပု—အေး ဘဇော ခေါက်သည့် ဋ္ဌီ ခဏသို့ ရောက်မှ သာလျှင် အဇ္ဈတ္တိက သန္တာန် ဗဟိဒ္ဓ သန္တာန် ၂-ပါးတို့၌ ယထာရဟံ ထိုက်သလို ရုပ်ကို ဖြစ်စေ၏၊

မှတ်သားရန်။ ။ရင့်ကျက်စေတတ်သော အခိုးအငွေ့ တေဇောဓာတ်သည် ဋ္ဌီ-အခိုက် ကျခဲ့သော ပစ္ဆာဇာတ ဝိပ္ပယုတ္တ စသော အကြောင်း အထောက် အပံ့ ပစ္စည်း ဆက်မှုကို ရသဖြင့် အားရှိလာသောကြောင့် ဆိုင်ရာ ရုပ်ကို ဖြစ်စေနိုင်သည်၊ ဝေ သဒ္ဒါဖြင့် ဥပါဒ် အခိုက်၌ အားမရှိသေး၍ ရုပ်ကို မဖြစ်စေနိုင်သေးဟု ပြ၏၊

ယထာရဟံ။ ။အဇ္ဈတ္တ ဥတုသည် အဇ္ဈတ္တိက သန္တာန်၌ ဥတုဇကလာပ် ၄-စည်းကို, ဗဟိဒ္ဓ ဥတုသည် ဗဟိဒ္ဓ သန္တာန်၌ ဥတုဇကလာပ် ၂-စည်းကို ထိုက်သလို ဖြစ်စေ၏ ဟု ပြ၏၊ ပဋိသန္ဓေ ဋ္ဌီ-အခိုက်တွင် ဥတုသည်လည်း ဋ္ဌီသို့ ရောက်ပြီ ဖြစ်၍ ရုပ်ကို ဖြစ်စေနိုင်တော့၏၊ ဖြစ်တိုင်းသော ဥတု၏ ဋ္ဌီခဏတိုင်းမှာ အသစ် အသစ် ရုပ်ကို ဖြစ်စေ၏၊ ရုပ် ဋ္ဌီမှာ တချက်သာ ရှိပုံကို သတိပြု၊

အချမ်း အပူ၊ နှစ်ဆူ အဂ္ဂိ၊ တေဇော ဒွိ၊ မှတ်ဘိ ဥတုပေ၊
သန္တိ ဋ္ဌီမှ၊ စ၍ ခိစဉ်၊ မိမိ ဋ္ဌီတိုင်း၊ ခဏ တိုင်းလျှင်၊ အစဉ် မပြတ်၊
အဇ္ဈတ် ဗဟိတ်၊ မဆိတ် မစဲ၊ တသဲသဲ၊ အမြဲ ရုပ်ဖြစ်စေ၊

သြဇာ ခေါ်သော အဆီ အစေး အာဟာရ ဓာတ်သည် မျိုချသော အခါ၌ ဋ္ဌီအခိုက်က စ၍ ရုပ်ကို ဖြစ်စေ၏။

**မှတ်သားရန်။** ။အာဟာရ ဓာတ်သည် မျိုချသော အခါ၌ ဌီအခိုက်က စ၍ အဇ္ဈတ္တ သန္တာန်၌ ရုပ်ကို ဖြစ်စေ၏၊ ဗဟိဒ္ဓ၌ မဖြစ်၊ ပဋိသန္ဓေ အခါ၌ ဂဗ္ဘသေယျက ပုဂ္ဂိုလ်များမှာ အမိ၏ စားသော အာဟာရများ ပျံ့နှံ့သော အခါမှ သားကောင်၏ သန္တာန်မှာ ရုပ်ကို ဖြစ်စေသည်၊ သံသေဒဇ သြပပါတိကတို့မှာ အနဲဆုံး မိမိ၏ တံတွေးကို မျိုချကာ ပျံ့နှံ့ရာ အခါမှာ ဌီခဏတိုင်း ရုပ်ကို ဖြစ်စေသည်၊ သြဇာ ဖရဏာဆိုသောကြောင့် အပြင်ပက သုတ်လိမ်း၍ ပျံ့နှံ့ သွားလျှင်လည်း ရုပ်ကို ဖြစ်စေနိုင်သည် သာ။

အထူးအားဖြင့် ဥတုနှင့် အာဟာရ အကြောင်း ၂-ပါးသည် ဥပါဒ် အခိုက်မှာ ရုပ်ကို မဖြစ်စေနိုင်ဘဲ အိုမင်း ဟောင်းနွမ်းလာသော ဌီ အခိုက်ကျမှသာ ရုပ်ကို ဖြစ်စေနိုင်၍ ဌီအခိုက်ကျမှ အထောက် အပံ့ ပေးနိုင်သော ဥတုနှင့် အာဟာရတို့၏ အထောက်အပံ့ကို အများဆုံး ခံယူနေကြရသော သတ္တဝါများမှာ တစ တစ အိုမင်း ရင့်ရော်လာ၏။

---

## ကမ္မဇစသည် ခွဲပုံ

ဟဒယဝတ္ထု ၁, ဇီဝိတနဝကရုပ် ဂ-အားဖြင့် ဤရုပ် ၉-ပါးသည် ကံကြောင့် သာလျှင် ဖြစ်၏၊ (ကမ္မဇ ကေန် ၉)

**ပသာ ဘာဝ၊ ဇီ နှင့် ဟ၊ နဝ ကမ္မဇာ။**

ဝိညတ် နွေးမှာ စိတ်ကြောင့်သာ ဖြစ်၏၊(စိတ္တဇ ကေ၂)

သဒ္ဒသည် စိတ်-ဥတု ၂-ပါးကြောင့် ဖြစ်၏၊ (ဒွိဇ)

**ဝိညတ် ဒွယ၊ စိတ္တဇ၊ သဒ္ဒ စိတ် ဥ-ဇာ၊**

လဟုတာ စသော ရုပ်သုံးပါးတို့သည် ဥတု စိတ်နှင့် အာဟာရတို့ကြောင့် ဖြစ်၏၊ (တိဇ)

**လဟုတာ စု၊ ရုပ်သုံးခု၊ စိတ် ဥ သြဇ-ဇာ၊**

အဝိနိဗ္ဘောဂရုပ် ၈–ပါးနှင့် အာကာသဓာတ် ၏ ၉–ပါးသည် အကြောင်း ၄–ပါးကြောင့် ဖြစ်၏၊ (စတုဇ)

အဝိနိဗ္ဘုံ၊ အာကာသံ၊ ကံ စိတ် ဥ ဩ ဇာ၊

လက္ခဏာရုပ် ၄–ပါးသည် အလိုလို ပြီးပြည့်စုံလာ၍ အကြောင်း ၄–ပါးကို စွဲကာ ဖြစ်သောရုပ် မဟုတ်။

လက္ခဏာစု၊ ရုပ်လေးခု၊ စတု ဝိမုတ် သာ၊

## ဂါထာချုပ်

အဋ္ဌာရသ ပန္နရသ, တေရသ ဒွါဒသာတိ စ၊
ကမ္မ စိတ္တောတုကာ ဟာရ, ဇာနိ ဟောန္တိ ယထာက္ကမံ။

စတ္တဇ ပန္နရသ–

ဝိညတ်ရုပ် ၂–ပါး ........ (စိတ္တဇ ကေန် ၂)

သဒ္ဒ ၁၊ လဟုတာဒိ ၃၊ အဝိနိဗ်·၈၊အာကာ ၁ (အနေ ၁၃)

ကမ္မဇ အဋ္ဌာရသ–

ဟာဒယဝတ္ထု ၁, ဣန္ဒြိယရုပ် ၈–ပါး (ကေန် ၉)

အဝိနိဗ် ၈, အာကာသဓာတ် ၁–ပါး (အနေကန် ၉)

ဥတုဇ တေရသ–

ဗိတ္တဇ အနေကံ ၁၃–ပါးကိုပင် ရ၏၊ (ကေန် မရှိ)

အာဟာရဇ ဒွါဒသ–

လဟုတာဒိ ၃၊ အဝိနိဗ် ၈၊ အာကာသ ၁ ၏ တိဇရုပ် ၁၂–ပါး (သဒ္ဒ မပါ)ကို ရ၏၊ (ကေန် မရှိ)

ကေဇ .... ၁၁– ဟာဒယ ဣန္ဒြိယ ဝိညတ်
ဒွိဇ .... ၁– သဒ္ဒရုပ် တပါး
တိဇ .... ၃– လဟုတာဒိ ၃–ပါး
စတုဇ .... ၉– အဝိနိဗ်, အာကာသ
နကုတောစိ .... ၄– လက္ခဏာရုပ် ၄–ပါး

**ဇာယမာနာဒိ ရူပါနံ, သဘာဝတ္တာ ဟိ ကေဝလံ၊**
**လက္ခဏာနိ န ဇာယန္တိ, ကေဟိစိတိ ပကာသိတံ။**

လဟုတာဒိ ၃–ပါးသည် အဇ္ဈတ္တိကဥ္သာ ဖြစ်၍ ဗဟိဒ္ဓ၌ မဖြစ်၊ ဗဟိဒ္ဓ ကလာပ် ၂–စည်း၌ လဟုတာဒိကလာပ် မရပုံကိုထောက်၊ ထို့ကြောင့် ဝါဂွမ်းစသည်၏ ပေါ့ပါးမှုသည် ပထဝီနဲပြီး ဝါယောဓာတ် လွန်ကဲမှုသာ ဖြစ်၍ လဟုတာဒိ၏ သတ္တိမဟုတ်, ဝါဂွမ်း စသည်၌ လဟုတာဒိ မရှိ ဟူလို။

**မှတ်သားရန်။** ။ဖြစ်ဆဲ ဖြစ်စ တည်ဆဲ ချုပ်ဆဲ ဖြစ်သော ရုပ်တို့၏ ဖြစ်ခိုက် တည်ခိုက် ချုပ်ခိုက် ဟူသော အခိုက်အတန့် အမူအရာ သဘောမျှသာ ဖြစ်သောကြောင့် လက္ခဏာရုပ် လေးပါးမှာ သီးခြား ပြုပြင် ဖန်တီးပေးနေဘွယ် မလို၍ နကုတော့စ် သမုဋ္ဌာန် မည်လေသည်၊ ဤလက္ခဏာကား ဖြစ် တည် ချုပ် ဟူသော အခိုက်အတန့် အမှတ်အသား ရသည်၊ သလက္ခဏာရုပ် ဆိုရာ၌ ကက္ခဋ စသော သဘာဝ အသီးသီးကို လက္ခဏာ ဟု ကောက်ရ၏။

အဋ္ဌကထာ၌ ဥပစယနှင့် သန္တတိ ဟူသော ဇာတိရုပ်သည် ပြုပြင် အပ်သောကြောင့်သာ ဝါ–ပြုပြင် စီရင်ပေးသော အကြောင်းရှိ၍သာ ဖြစ်လာရသောကြောင့် ဥပစယ သန္တတိ ၂-ပါးကို စတုဇရုပ် ဟု ပါဠိ အကျိုးပြု၍ မိန့်၏၊ ဤ အလိုအားဖြင့်–

ကမ္မဇ ၂၀၊ စိတ္တဇ ၁၇၊ ဥတုဇ ၁၅၊ အာဟာရဇ ၁၄–စီ ဖြစ်၏။

ဂပသမုဋ္ဌာန်ခဏ်း ပြီး၏

---

## ၄။ ရူပ ကလာပခဏ်း

| | ကလာပ် လက္ခဏာ |
|---|---|
| ဧကုပ္ပါဒ | ဥပါဒ် တခုတည်း ရှိခြင်း |
| ဧကနိရောဓ | ဘင် တခုတည်း ရှိခြင်း |
| ဧကနိဿယ | မှီရာတူ ရှိကြခြင်း |
| သဟဝုတ္တိ | တပေါင်းတည်း ဖြစ်ခြင်း |

မှတ်သားရန်။ ။အဋ္ဌ ကလာပ် ဆိုကြပါစို့၊ ထို ရုပ် ၈–ခုမှာ ဥပါဒ် ဟုခုတည်း ဘင် အခုဘည်း ရှိခြင်းသည် ကေပ္ပါဒ ကေနိရောဓ မည်၏၊ ကေ သဒ္ဒါ တခု ဟူသော အနက်ကို ဟော၏၊ တနည်း–ရုပ် ၈–ခု ဥပါဒ် ဘင်အသီးသီး ပြိုင်၍ ဖြစ်မှု ချုပ်မှုသည် ကေပ္ပါဒ ကေနိရောဓ မည်၏၊ ဤ အလို ကေသဒ္ဒါ အတူတကွ တပြိုင်နက် ဟူသော အနက်ကို ဟော၏၊ ဥပါဒါရုပ် မဟာဘုတ်များ၏ မှီရာမဟာဘုတ်ချင်း တူခြင်းသည် ကေနိဿယ မည်၏၊ စေတသိက် ကေနိဿယကား စိတ် စေတသိက်တို့၏ ဝတ္ထုရုပ် တခုတည်းမှာ အတူ မှီခြင်းကို ယူရ၏။

## ရုပ်ရှစ်ခုမှာ ဘာ့ကြောင့် ဥပါဒ် တခုသာ ရှိပါသလဲ၊

ကလာပ်စည်း အားဖြင့် ဥပါဒ် တခု ဘင်တခုတည်းသာ ရှိကြပါသည်၊ ဥပမာ–ချည်မြှင် ရှစ်ချောင်း ကျစ်ထားသောအားဖြင့် ကြိုး၏ အစ အဆုံးမှာ တခုဟူ၍သာ ခေါ်ရသကဲ့သို့တည်း၊

သဟဝုတ္တိ။ ။ကေပ္ပါဒါ ကေနိရောဓ ကေနိဿယ ဤ အင်္ဂါ သုံးပါးအားဖြင့် အတူ တကွ ဝါ–တညီ တညွတ်တည်း ဖြစ်မှုသည် ကလာပ မည်၏ ဟု ကလာပ၏ သဘာဝကို သဟဝုတ္တိ ပုဒ်က ပြသော ကြောင့် ကလာပ အင်္ဂါ ၃–ပါးသာ ရှိ၏၊သဟဝုတ္တိကား အင်္ဂါမဟုတ်၊ ကလာပ၏ သဘာဝ ပြသော ပုဒ်ဖြစ်သည် ဟူ၏၊

တနည်း–ဝိညတ္တိ နဝက ကလာပ်၌ အဋ္ဌကလာပ်ရုပ်၏ သက်တမ်းကို ၁၇–ချက် အပြေးအလွှား လိုက်ကာ ဖြစ်–ချုပ် နေရသော ဝိညတ် ဒွေးမှာ နာနုပ္ပါဒ နာနာ နိရောဓ ဖြစ်သော်လည်း ကလာပ်ဖေါ် ဖြစ်ဖက်ချင်း သဟဝုတ္တိ အနေအားဖြင့် ယူရသောကြောင့်သာ ကေပ္ပါဒ ကေနိရောဓ ဟူ၍ပင် ဆိုရ၏၊ ဤသို့ သဟဝုတ္တိကို သီးခြား အင်္ဂါ တပါးအားဖြင့် ယူ၍ ကလာပ် အင်္ဂါ ၄–ပါးဟူ၍လည်း မှတ်၊ဤ သဟ ဝုတ္တိ လက္ခဏာဖြင့် မြိုင်တူ ဖြစ်ကြသော ကလာပ်ချင်း အတူ တကွ ဖြစ်မှု သဟဝုတ္တိကို နစ်စေသည်၊

ဥပမာ–

အမွှာပူး ၂–ယောက် တပြိုင်တည်း မွေးခြင်းသည် ကေပ္ပါဒ၊
ထို ၂–ယောက် အဘူ အိပ် အတူနေခြင်းသည် သဟဝုတ္တိ။

## ကမ္မဇ ကလာပ် ၉–စည်း

၁။ ဇီဝိတ နဝက ကလာပ်
၂။ စက္ခု ဒသက ကလာပ်
၃။ သောတ ဒသက ကလာပ်
၄။ ဃာန ဒသက ကလာပ်
၅။ ဇိဝှါ ဒသက ကလာပ်
၆။ ကာယ ဒသက ကလာပ်
၇။ ဣတ္ထိဘာဝ ဒသက ကလာပ်
၈။ ပုမ္ဘာဝ ဒသက ကလာပ်
၉။ ဝတ္ထု ဒသက ကလာပ်

**ဇီဝိတ နဝက။** ။ဇီဝိတ ၁၊ အဝိနိဗ္ဗောဂရုပ် ၈ ဤ ၉–ပါးကို ဇီဝိတ ခေါင်းဆောင်သောကြောင့် ဇီဝိတ နဝက ကလာပ် ဟု ခေါ်၏၊ ဇီဝိတ ခေါင်းဆောင်သော ရုပ် ၉–ပါး ဟူလို၊

ဇီဝိတ နဝက ကလာပ်ကို ပါစက တေဇောခေါ် ဝမ်းမီး၌ ရအပ်လေသည် ဟု ဝိသုဒ္ဓိမဂ်၌ မိန့်၏၊ ဝိဘင် အဋ္ဌကထာ၌ကား ဉည့်ခါခေါ် ပကတိ ဝမ်းမီးတေဇော်၏ အစွမ်းဖြင့် အပူ ဒီဂရီ တိုးတက်လာသော အခါ တကိုယ်လုံးမှာ ဇီဝိတ နဝက သီးခြားရကောင်း၏ ဟု မိန့်၏၊

၄င်းအနက်ရှစ်ခွဲ၍ အလိုမှာ ကာမ ဘုံ၌ ဇီဝိတ နဝက ကလာပ်ကို သီးခြားရကောင်း၏ဟု အလိုရှိတော် မမူ။

### ဝိနိဗ္ဘောဂ အဋ္ဌ၊ ဇီဝိတ၊ ဇီဝ နဝကာ

**စက္ခုဒသက။** ။စက္ခုပသာဒ ခေါင်းဆောင် ရုပ် ၁၀–ပါးသည် စက္ခု ဒသက ကလာပ် မည်၏၊ သောတ ဒသက စသည်ကိုလည်း ဤအတိုင်း မှတ်လေ၊ ဇီဝိတ နဝက ကလာပ်၌ စက္ခုပသာဒ စသည်ကို ပြောင်း၍ ပြောင်း၍ ထည့်ကာ ရေတွက်ယူလေ။

## ဝိတ္တဇ ကလာပ် ၆–စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်
၂။ ကာယဝိညတ္တိ နဝက ကလာပ်
၃။ ဝစီဝိညတ္တိ ဒသက ကလာပ်
၄။ လဟုတာဒိ ဧကာဒသက ကလာပ်
၅။ ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်
၆။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်

**သုဒ္ဓဋ္ဌက။** ။ကာယ ဝိညတ်စသည်နှင့် မရောမယှက် သက်သက် သီးသန့် ဖြစ်သော မျိုးရှစ်ပါးအပေါင်းသည် သုဒ္ဓဋ္ဌကကလာပ်မည်၏၊

**ကာယဝိညတ္တိ နဝက။** ။ထို သုဒ္ဓဋ္ဌက ခေါ်သောအဝိနိဗ္ဘောဂ ရုပ် ၈–ပါးကို မူတည်၍ ကာယ ဝိညတ် ထည့်လျှင် ကာယဝိညတ္တိ နဝက ကလာပ် ဖြစ်၏၊ဝစီဝိညတ်နှင့် သဒ္ဒကို ထည့်လျှင် ဝစီဝိညတ္တိ ဒသက ကလာပ် ဖြစ်၏၊ ဤ၌ ဝစီဝိညတ် ဖြဲလျှင် သဒ္ဒရုပ်လည်းမ ကွေ မကွာ ဖြစ်ပါလာတတ်သောကြောင့် ဝစီဝိညတ္တိ နဝက ကလာပ် ဟု မရကောင်းဘဲ ဝစီဝိညတ္တိ ဒသက ကလာပ်ကိုသာ ရအပ်လေသည်၊ ဝစီဝိညတ်ဆိုရုံနှင့် သဒ္ဒပါဝင်ပြီးဖြစ်နေသောကြောင့် ဝစီဝိညတ္တိ သဒ္ဒ ဒသက ကလာပ်ဟူ၍ သဒ္ဒကို သီးခြား ထည့်ခေါ်ရာ မလို၊လဟုတာဒိ ၃–ပါးကိုထည့်၍၎င်း ကာယဝိညတ် နှင့် လဟုတာဒိကို ထည့်၍၎င်း ဝစီဝိညတ် သဒ္ဒနှင့် လဟုတာဒိကို ထည့်၍၎င်း ကျန် ကလာပ်များကို ရေတွက်ပါလေ၊ နောက်ဆုံး ကလာပ်၌ သဒ္ဒကိုထင်ရှားစေရန် သီးခြား ဖော်ပြရေတွက်ထားသည်။

ဝိတ္တဇ၌ သဒ္ဒ နဝက ကလာပ် နှင့် သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ် ၂–စည်းကို ရကောင်း၏၊ အသက်ရှူသံ ချောင်းဆိုးသံ ချီသံ တံတွေးထွေးသံ နှာချေသံ စသည်၌ ဝိညတ် ကင်းသော သဒ္ဒနဝက ကလာပ်ကို သိအပ်၏၊ ထို့ကြောင့် ဝိတ္တဇ ကလာပ်ကို ရှစ်စည်း ဟု တ်ရာ၏၊

**ဥတုဇ ကလာပ် ၄–စည်း**

၁။ သုဒ္ဓဋ္ဌက ကလာပ်

၂။ သဒ္ဒနဝက ကလာပ်

၃။ လဟုတာ ဒေကာ ဒသက ကလာပ်

၄။ သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ်

**အာဟာရဇ ကလာပ် ၂–စည်း**

၁။ သုဒ္ဓဋ္ဌက ကလာပ်

၂။ လဟုတာ ဒေကာ ဒသက ကလာပ်

သုဒ္ဓဋ္ဌက သဒ္ဒနဝက ဟူသော ဥတုသမုဋ္ဌာန ကလာပ် ၂–စည်းကို အဇ္ဈတ္တ ဗဟိဒ္ဓ ၂–ပါးလုံး၌ ရအပ်၏၊ ကျန် ကလာပ် ၁၉–စည်းကို အဇ္ဈတ္တ သန္တာန်၌သာ ရအပ်၏၊

---

## ဂါထာချုပ်

**ကမ္မ စိတ္တောတုကာ ဟာရ, သမုဋ္ဌာနာ ယထာက္ကမံ၊**
**နဝ ဆ စတုရော ဒွေတိ, ကလာပါ ဧကဝီသတိ။**

| | | |
|---|---|---|
| ကမ္မသမုဋ္ဌာန ကလာပ် | .... | ၉–စည်း |
| စိတ္တသမုဋ္ဌာန ကလာပ် | .... | ၆–စည်း |
| ဥတုသမုဋ္ဌာန ကလာပ် | .... | ၄–စည်း |
| အာဟာရသမုဋ္ဌာန ကလာပ် | .... | ၂–စည်း |

အာကာသသည် မည်သည့် ရုပ်နှင့် ကလာပ်နှင့်မှ ထိစပ်မှုစည်းလုံးမှု မရှိဘဲ အပိုင်းအခြားသဘောဖြစ်သောကြောင့်ကလာပ်၌ ဝါ–ကလာပ် အင်္ဂါ၌ မပါနိုင်၊ ဥပမာ–ခြိစီးရိုး ၂–ခု၏ အလယ်က လမ်းကြား ကလေးသည် ဘယ်ခြံဘက်ကိုမှ မပါသကဲ့သို့တည်း၊

ရူပကလာပ အခန်း ပြီး၏

## ၄။ ရူပ ပဝတ္တိက္ကမ အခန်း

အလုံးစုံသော ရုပ် ၂၈-ပါးကို ကာမဘုံ၌ ပဝတ္တိ အခါ အထိုက်အလျောက် အပြည့် အစုံ ရကောင်း၏။

**မှတ်သားရန်။** ။ မိန်းမမှာ ပုမ္ဘာဝ မရ၊ ယောကျ်ားမှာ ဣတ္ထိဘာဝရုပ်မရ၊ ဘုံရှိပုဂ္ဂိုလ် ထီး-မ အားလုံး စုံပေါင်း၍ ရေတွက်လျှင်သာ ရုပ် ၂၈-ပါးလုံး ကလာပ် ၂၁-စည်းလုံး အလုံ အယုတ် မရှိ ရနိုင်သည်၊ စက္ခု သောတ ဃာန ချို့ငဲ့လျှင်လည်း ထိုသူမှာ ချို့ငဲ့သော ပသာဒများ မရနိုင်၊ ထို့ကြောင့် ယထာရဟံ အထိုက် အလျောက်သာ ရ၏ ဟု မှတ်လေ။

---

ပဋိသန္ဓေအခါ၌ သံသေဒဇနှင့် ဥပပါတ် ပုဂ္ဂိုလ်တို့မှာ စက် သော ဃာ ဇိ ကာ ဘာ ဝတ္ထု ဒသက ကလာပ် ၇-မျိုးတို့ကို အများဆုံး အနေဖြင့် ရနိုင်၏၊ သို့ရာတွင် စက္ခု သောတ ဃာန ဘာဝဒသက ၄-စည်းတို့တွင် တစည်းသော်ရင်း နှစ်စည်းသော်ရင်း တရံတခါ မဖြစ်ဘဲ ယုတ်လျော့ ချို့ငဲ့တတ်သေး၏၊ ထို့ကြောင့် စက္ခု သောတ ဃာန ဘာဝဒသကတို့နှင့် စပ်၍ ယုတ်လျော့ တတ်သော ကလာပ် ၄-စည်းတို့ကို မှတ်သားအပ်ကုန်၏။

**မှတ်သားရန်။** ။ပဋိသန္ဓေအခါ သံသေဒဇနှင့် ဥပပါတ်တို့မှာ ကလာပ် ၇-မျိုး တပြိုင်တည်း ရကောင်း၏၊ စက် သော ဃာ ဘာ ၄-စည်းကား တစည်းသော်ရင်း ၂-စည်းသော်ရင်း ယုတ်လျော့ ချို့ငဲ့တတ်၏၊ ဘဝ တခု ထူထောင်ကာစ ပဋိသန္ဓေ ဝိညာဏ်၏ ဥပါဒ် ဌီ ဘင် အခိုက်ကို ပဋိသန္ဓေ အခါဟု ယူ၊ ပဌမ ဘဝင်က စ၍ စုတိ၏ ဘင်အထိ ပဝတ္တိ အခါဟု ယူ။

**စက် သော ဃာ ဘာ၊ ၎င်း လေးဖြာ၊ ရံခါ ချို့ကောင်းစွာ**

ဂဗ္ဘသေယျက သတ္တဝါတို့မှာ ကာယ ဘာဝ ဝတ္ထု ဒသက ကလာပ် သုံးစည်းတို့သည် ပဋိသန္ဓေ အခါ၌ အထင် အရှား ပါလာကုန်၏၊ ထို ကလာပ် သုံးစည်း တို့တွင် ဘာဝဒသကသည် ရံခါချို့ငဲ့တတ်၏၊ ပဋိသန္ဓေ နေပြီး၍ ၇၇-ရက် (၄၉-ရက်) ကြာပြီးသော အခါ၌ စက္ခု သောတ ဒသက ဃာနဒသာ ကလာပ်စည်းတို့သည် အစဉ် အတိုင်း ဝါ-တပြိုင်နက် ဖြစ်ပေါ် လာကြကုန်၏။

**ကာယ ဘာဝ၊ ဟဒယ၊ ဂဗ္ဘ သန္ဓိမှာ၊**
**နပုံး ဖြစ်လျှင်၊ ဘာဝကြဉ်၊ နှစ်ပင် ရသည်သာ၊**

**မှတ်သားရန်။** ။ဂဗ္ဘသေယျကတို့၏ ဤကလာပ် သုံးစည်း ရုပ် သုံးဆယ်ကို ကလလ ရေကြည်ဟူ၍ ခေါ်၏၊ ထို့နောင် ၇-ရက် ကျော်သောအခါ ပေသိ-သားတစ်ကလေး ဖြစ်လာ၏၊ ထို့နောင် ၇-ရက် ကျော်သောအခါ ဃန-အတုံး အခဲကလေး ဖြစ်လာ၏၊ ထို့နောင် ၇-ရက်ကျော်သောအခါ ပဉ္စသာခ-ခက်မငါးဖြာ ခြေ ၂-ဘက်, လက် ၂-ဘက်နှင့် ဦးခေါင်း ကလေးများ နေရာ အဖု အထစ် ကလေးတွေ ထွက်လာ၏၊ လိပ်ရုပ် ကလေးနှင့် တူလာ၏၊ အချိန်ကား ကလလ သတ္တာဟ, အဗ္ဗုဒသတ္တာဟ, ပေသိသတ္တာဟ, ဃနသတ္တာဟ, ပသာခ သတ္တာဟ အားဖြင့် ၇ × ၅= ၃၅-ရက် ရှိသွားပြီ၊ ထို့နောင် ၇ × ၆=၄၂-ရက် တိုင်တိုင် ဒီအတိုင်း ရင့် ကျက် ကြာညောင်းလာသော အခါ ဝါ-၇ × ၁၁=၇၇-ရက်ရှိသော အခါ စက္ခုပသာဒ သောတပသာဒ ဃာနပသာဒ ဇိဝှါပသာဒ ၄-ပါးသည် ကမ္မနု-ကံကြောင့် တပြိုင်နက်တည်း ဆိုင်ရာ ဆိုင်ရာ မဟာဘုတ်၌ မှီတွယ်ဖြစ်ပေါ်လာကြ၏၊ဤကား မူလဋီကာအလိုတည်း။

**ရေ-မြှုပ်-ခဲ-တစ်၊ ခက်မ ဖြစ်၊ ရင့်လစ် ခြောက်သတ္တာ၊**
**စက် သော ဃာ ဇိ၊ ဤ လေးလီ၊ ဖြစ်ပြီ ဆဲ့တစ်မှာ၊**

ဋီကာကျော် အဆိုမှာ ခက်မငါးဖြာအထိ ငါးသတ္တာဟနောင် ၂-သတ္တာဟ ရင့်ကျက်ပြီး ၇ × ၇=၄၉-ရက် စေ့သော အခါမှ စက္ခု ဒသက ၄-ရက်, သောတ ဒသက ၇-ရက်, ဇိဝှါဒသက ၇-ရက်,

ကာယဒသက ၇-ရက်စီ ဖြစ်၍ ဟု မိန့်၏၊ ထို ၄၉-ရက်နှောင် ပသာဒ ၄-ခု တသတ္တာဟစီ ဖြစ်ကြ၏ ဟု ယူ၏၊ အဆို ၂-ရပ်မှာ ၇၇-ရက် ကျလျှင် ပသာဒအစုံချင်း တူမျှနေ၏၊ကမေန-အစဉ်အတိုင်းဟု ယူ၏၊

ကလာပ် သုံးစည်း ရုပ် သုံးထယ်ဆိုရာ၌ အမှန်မှာ အဝိနိဗ္ဘောဂ ရှစ်ပါး ဇီဝိတ ကာယ ဟဒယဝတ္ထု ဘာဝရုပ်အားဖြင့် ၁၂-ပါးရှိ၏၊

ကြွက် နှင့် ဆင်။ ။ပဋိသန္ဓေ အခါ ကလာပ် ၃-စည်း ရုပ် ၃၀-ချင်း တူသော်လည်း ဥတု အာဟာရ၏ အစွမ်း ကံ၏ အစွမ်း ကြောင့်သာ ကြွက်ခန္ဓာမှာ ငယ်၍ ဆင်ခန္ဓာမှာ ကြီးမားရလေသည်။

### ပဋိသန္ဓေ ၄-မျိုး

သံသေဒဇ .... အညစ်၌ ကပ်ငြိ၍ ဖြစ်သော သန္ဓေ,
ဩပပါတိက .... ကောင်းကင်မှ ကျသလို ဘွားကနဲ ဖြစ်သော **သန္ဓေ,**
အဏ္ဍဇ .... ကြက်ဥ စသည်၌ ဖြစ်သော သန္ဓေ,
ဇလာဗုဇ .... အမိ သားအိမ်၌ ဖြစ်သော သန္ဓေ,

**ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍ ဥပပါတ်၊**

**သံသေဒဇ။** ။သံသေဒေ ဇာတော သံသေဒဇော ငြိကပ် တွယ်တာရာ သစ်ပင် ဝါးပင် ကြာရုံ ရေညှိ ရေပုပ် ငါးပုပ် စသည်၌ မှီ၍ ဖြစ်ရသော လူ ပိုးလောက် ချင် ယင် ဘောက်ဖတ် ခူကောင် စသော သတ္တဝါကို ယူ၊ ပဒုမ္မဝတီ အာသာဝတီ ပေါက္ခရ သာတိ ပုဏ္ဏားဝေဠုဝတီ စိဉ္စမာန် စသော လူပုဂ္ဂိုလ်များကား သံသေဒဇတွေသာဘည်း၊ငရဲသား နတ် ဗြဟ္မာမှတပါး ကျန် ပုဂ္ဂိုလ် အားလုံးမှာ သံသေဒဇ ပဋိသန္ဓေ နေနိုင်၏။

**ဩပပါတိက။** ။ဥပ-ပါတ-ဏွက၊ဥပ-ခုန်လွှားကာ၊ ပါတ- ကျရောက်လာသကဲ့သို့၊ ဏွက-ဖြစ်ခြင်း ရှိသူသည် ဩပပါတိကပုဂ္ဂိုလ် မည်၏၊ငရဲသား ကမ္ဘာဦးသူများ နတ် ဗြဟ္မာများမှာ အားလုံး ဩပပါတိကတွေချည်းသာတည်း၊ ယောက်ျား ဖြစ်လျှင် ၁၈-နှစ် ,မိန်းမ ဖြစ်လျှင် ၁၆-နှစ်အယွယ်ရှိ၍ အင်္ဂါအစုံအလင် ပါလာသည်၊

**အဏ္ဍဇ။** ။ကြက် ငှက် စသည်တို့သည်ဥခွံတွင်း၌၊ဇာ-ဖြစ်သော သတ္တဝါတို့သည် အဏ္ဍဇ မည်၏၊လူ အဏ္ဍဇလည်း ရှိသေး၏

ဇလာဗုဇ။ ။ဇလန္ဗုမှိ ဇာတာ ဇလာဗုဇာ ဇလာဗုံ၌-သား အိမ်၌၊ ဇာတာ-ဖြစ်ကြသော သတ္တဝါတို့သည် ဇလာဗုဇ မည်၏ လူ နွား ကြွက် ငှက် စသော အဏ္ဍဇ ဇလာဗုဇ နှစ်မျိုးကို ကောက် ထို အဏ္ဍဇ ဇလာဗုဇ ၂-မျိုးကို ဂဗ္ဘသေယျက အရ ယူ၊

ဘုမ္မဝိုဝ်းနတ်မှ ကြွင်းသော နတ်များ ပြိတ္တာများ နိဇ္ဈာမ တဏှိကာဒိ ပြိတ္တာများ ငရဲသားများသည် ဥပပါတ် ပဋိသန္ဓေ တမျိုးဖြင့်သာ ပဋိသန္ဓေ နေကြ၏၊ ကျန်သော ဂတိ လားကြသော ပြိတ္တာ တိရစ္ဆာန်၊ လူနှင့် ဘုမ္မဝိုဝ်း နတ်များမှာ ပဋိသန္ဓေ လေးမျိုးလုံးကို ရအပ်၏၊ **ဘုမ္မဝိုဝ်း ပြိတ်၊ ကြွင်းနတ် နိဇ္ဈာ၊ ငရဲရွာ၊ တစ်သာ ဥပပါတ်၊ အကြွင်း ဂတိ၊ လေး ယောနိ၊ ရဘိပုံသေ မှတ်။**

ချို့ကောင်း။ ။အဏ္ဍဇ ဇလာဗုဇ ခေါ်သော ဂဗ္ဘသေယျကနှင့် သံသေဒဇတို့မှာ စက္ခု သောတ ဃာန ဘာဝ ၄-စည်း ချို့ကောင်း၏၊
အပါယ် ဥပပါတ်မှာ စက် သော ဘာ သုံးစည်း ချို့ကောင်း၏၊
သုဂတိ ကမ္ဘာဦး ဥပပါတ်မှာ ဘာဝ တစည်းသာ ချို့ကောင်း၏၊

---

## စတုဇရုပ်များ ဖြစ်စဉ်

ပဋိသန္ဓေ၏ ဥပါဒ်က စ၍ ကမ္မဇရုပ်များ
ပဌမ ဘဝင်၏ ဥပါဒ်က စ၍ စိတ္တဇရုပ်များ
ပဋိသန္ဓေ စိတ်၏ ဌီမှ စ၍ ဥတုဇ ရုပ်များ
ဩဇာပျံ့နှံ့ရာ အခါမှစ၍ အာဟာရဇရုပ်များ ဖြစ်လာ ကြပြီး ဤ စတု သမုဋ္ဌာန်က ရုပ်စဉ် ရုပ်တန်းကြီးသည် ကာမဘုံ၌ ဆီမီး အသွင် မြစ်ရေ ယဉ်ကဲ့သို့ အသက် ထက်ဆုံး အစဉ်မပြတ် အထပ်ထပ် ဖြစ်နေလေ၏၊

**သန္ဓိ ဥ-မှာ၊ကမ္မဇာ၊ဌီမှာ ဥတုဇ၊**
**ပဘဝင် ဥ-မှာ၊စိတ္တ ဇာ၊ဟာရ စိမ့်မျိုမှ၊**
**စ၍ ဖြစ်ပြီး၊ မီးလျှံ ရေယဉ်၊ ကဲ့အသွင်၊အစဉ် သွားလေးက**

ဩဇာဋ္ဌမကရုပ်။ ။ဂဗ္ဘသေယျကတို့မှာ တသတ္တာဟ နှစ်သတ္တာဟ ကြာလျှင် အမိစားသော အာဟာရများ စိမ့်ဝင်ပြီး အာဟာရဇရုပ်ဖြစ်၏၊ ဗဟိဒ္ဓအာဟာရ နှင့် အဇ္ဈတ္တိက အာဟာရ ၂-မျိုး ပေါင်းမိပြီးမှ အာဟာရ တခုတခုက ရုပ်ကလာပ် တခုစီကို ဖြစ်စေသည်၊ သံသေဒဇ ဩပပါတိကတို့မှာ မိမိ တံတွေးကို မျိုရာ အခါမှ စ၍ အာဟာရဇ ရုပ်များ ဖြစ်လာကြသည်။

## ရုပ်တို့၏ ချုပ်စဉ်

သေခါနီးမှာ စုတိစိတ်၏ အထက် ၁၇-ချက်မြောက် စိတ်၏ ဌီအခါမှ စ၍ ကမ္မဇရုပ်များ မဖြစ်လာတော့ပြီ၊ ထိုရှေး ၁၇-ချက်ခန့် စိတ်၏ ဥပါဒ် ခဏာလောက်မှာ နောက်ဆုံး ဖြစ်ခဲ့သော ရုပ်သည် စုတိစိတ်၏ ဘင်နှင့် ပြိုင်၍ လာချုပ်၏၊

ထိုကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ပြီးနောင် စိတ္တဇရုပ် နှင့် အာဟာရဇ ရုပ်များလည်း ချုပ်ကြ၏၊ ဥတုဇ ရုပ်မှာမူ သေပြီးနောက် အကောင်ပုပ် ဖြစ်သည် တိုင်အောင် ဆက်လက် ဖြစ်နိုင်သေး၏။

မှတ်သားရန်။ ။စိတ္တဇ အာဟာရဇ ရုပ်များသည် အသက် မရှိသော သန္တာန်မှာ မဖြစ်နိုင်သောကြောင့် ကမ္မဇရုပ် ချုပ်ပြီးနောင် ဝါ-သေပြီးနောင် စိတ္တက္ခဏ ၁၅-ချက် ၁၆-ချက်ခန့် ကြာသော ကာလ အနည်းငယ် အတွင်း ချုပ်ကြလေသည်၊ "ဥတုဇ ရုပ်မှာ အကောင်ပုပ် ဖြစ်သည်တိုင်အောင်ဖြစ်သေး၏" ဆိုရာ၌ အသေကောင် မပျက်စီးမီ ဖြစ်နေသေး၏ဟု ယူ၊ ထို့ထက် အဆက်ဆက်ကို ဆိုပါက အရိုးဆွေးသည်အထိ ယူဆနိုင်၏၊ ကမ္မဇရုပ်၌ ရုပ်ဇီဝိတ, စုတိစိတ်၌ နာမ်ဇီဝိတ ပါ၏၊ ထို ဇီဝိတ ၂-ပါး ချုပ်လျှင် သေသွားတော့၏။

ဤ ချုပ်စဉ်မှာ သံသေဒဇ ဂဗ္ဘသေယျကတို့ အတွက်သာလျှင် ဖြစ်၏၊ ဥပပါတ် ပဋိသန္ဓေ နေကြသော ကမ္ဘာဦးသူ နတ် ဗြဟ္မာ ငရဲသား ပြိတ္တာ စသည်တို့၏ ခန္ဓာ ကိုယ်မှာ ကမ္မဇရုပ်၏ အင်အား ကြီးမားလှသောကြောင့် ဥတုဇ အာဟာရဇရုပ်တို့လည်း ကမ္မဇနောက် လိုက်ကာ တလက်စတည်း ချုပ်ပျောက်သွား၍ ဆိုခဲ့တဲ့ ဥပပါတ်များ သေလျှင် အလောင်းကောင် အကြွင်းအကျန် မရှိ၊ မသာပို့စရာ မလိုပြီ။

ဥပပါတ်မှာ၊ စုတေခါ၊ ခန္ဓာ ကြွင်းမရှိ၊

**မှတ်သားရန်။** ။ပုထုဇဉ် သေက္ခတို့၏ စုတိစိတ်သည် အားရှိလျှင် စိတ္တဇ ရုပ်ကို ဖြစ်စေနိုင်၏၊ အားမရှိလျှင် ရုပ်ကို မဖြစ်စေနိုင်၊

---

## ရူပဘုံ၌ ရုပ်ဖြစ်ပုံ—

ရူပဘုံ၌ ဃာန ဇိဝှါ ကာယ ဘာဝ ဒသက ကလာပ် အာဟာရဇ ကလာပ်တို့ကို မရအပ်၊ ထို့ကြောင့် ထိုဘုံသားများမှာ ပဋိသန္ဓေ အခါ၌ စက္ခု သောတ ဝတ္ထု ကလာပ် ၃-စည်းနှင့် ဇီဝိတ နဝက ကလာပ် တစည်း အားဖြင့် ကလာပ် ၄-စည်းကိုသာ ရတော့၏၊ ပဝတ္တိ အခါ၌ စိတ္တဇ ဥတုဇ ကလာပ်တို့ကိုလည်း ရအပ်၏။

**မှတ်သားရန်။** ။ရူပဘုံ၌ ပဋိသန္ဓေအခါ ဃာန ဇိဝှါ ကာယ ဘာဝ ဒသက ၂-စည်း အာဟာရ သမုဋ္ဌာန ကလာပ် ၂-စည်း အားဖြင့် ၇-စည်း မရ၊ စက္ခု သောတ ဝတ္ထု ဒသက ဇီဝိတနဝက ပေါင်း ၄-စည်း ရ၏၊ ပဝတ္တိ အခါ စိတ္တဇကလာပ် ၆-စည်း ဥတုဇ ကလာပ် ၄-စည်းအားဖြင့် ၁၀-စည်းထပ်ရ၏၊ ပေါင်း ၁၄-စည်း ရ၏၊ ရုပ်အားဖြင့် ဃာန ဇိဝှါ ကာယ ဣတ္ထိဘော ပုမ္ဘော ကြဉ် ကျန် ၂၃-ပါး ရ၏၊ ပဋိသန္ဓေ အခါ၌ သဒ္ဒ ဝိညတ် လဟုတာဒိ ဇရတာ အနိစ္စတာ ၈-ပါး ထပ်နုတ် ၂၃-၈=၁၅-ပါးသာ ရတော့၏။ သို့ရာတွင် ဗြဟ္မာများ သန္တာန်မှာ အဇ္ဈတ္တိက အာဟာရ ရုပ် ရှိမေ သောကြောင့် ၂၃-ပါးတွင် အာဟာရရုပ် ပြန်၍ ပါနေသည်၊ ကာဒိ

ဘုံတွင် အထည်ခံ ဃာယ ဘာဝ ဟဒယ ဒသက ကလာပ်များကို ပဋိသန္ဓေ အခါမှာ ရနေကြသောကြောင့် ဇီဝိတ နဝက ကလာပ် သီးခြား ရှအွယ် ဝါ–ထုတ်ပြစရာ မလို၊ ဗြဟ္မာ့ ဘုံ၌ကား ဇီဝိတ နဝက ကလာပ်သည် ကာယ ဒသက ကလာပ် မရှိတော့၍ ထို ကလာပ်၏ ကိုယ်စား အထည်ခံ အမာခံ ကလာပ် တခု အနေဖြင့် သီးခြား ရအပ် လေသည်၊ အကယ်၍ ဇီဝိတ နဝက ကလာပ်မှ မရှိလျှင် ဗြဟ္မာကိုယ် ဟူ၍ မရှိတော့ ရာ၊ ထို့ကြောင့် ဇီဝိတ နဝက ကလာပ်ကို ရူပ ဘုံမှာ ပဋိသန္ဓေက စ၍ အခြေခံ အမာခံ အနေဖြင့် ရကြသည်၊ ကာမဘုံမှာ ဇီဝိတ နဝက ကလာပ် သီးခြား မရအပ်။

---

## အသညသတ်၌ ရုပ်ဖြစ်ပုံ

အသညသတ် ပုဂ္ဂိုလ်များမှာ စက္ခု သောတ ဃာန ဒသက ကလာပ်တို့ကိုလည်း မရအပ်ကုန်၊ (ဃာန ဇိဝှါ ကာယ ဘာဝ ဒသက အပြားရတို့ကိုပါ ရေပေါ့ပေါင်း) စိတ္တဇ ကလာပ်များ ကိုလည်း မရအပ်၊ ထို့ကြောင့် အသညသတ် ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေ အခါ၌ ဇီဝိတ နဝက ကလာပ် တစည်းသာ ဖြစ်၏၊ ပဝတ္တိ အခါ၌ သဒ္ဒ ကြဉ်သော ဥတုသမုဋ္ဌာန ကလာပ် ၂–စည်းကို ထပ်၍ ရအပ်၏၊ ဤသို့လျှင် ကာမ ရူပ အသညသတ် ဘုံတို့၌ ပဋိသန္ဓေ အခါ ပဝတ္တိ အခါ ရုပ်ဖြစ်ပုံကို သိအပ်၏။

မှတ်သားရန်။ ။အသညသတ် ဗြဟ္မာများမှာ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဝတ္ထု ဒသက ဘာဝဒသက ၂–အားဖြင့် ကလာပ် ၈–စည်းကို ပဋိသန္ဓေ အခါ မရအပ်၊ စိတ္တဇ ၆–စည်းကိုလည်း မရအပ်၊ ဇီဝိတ နဝက (ဇီဝိတနဝက)တစည်းကိုသာ ရအပ်၏၊ ဤ ဇီဝိတ နဝက ကလာပ်ရုပ်မှာ ပဋိသန္ဓေ ကိစ္စကို ဆောင်ရွက်သဖြင့် ရုပ် ပဋိသန္ဓေ တပါးဟု ခေါ်ရ၏၊ ပဝတ္တိ အခါ၌ သုဒ္ဓဋ္ဌက လဟုတာဒေက ဒသက

ဤ ဥတုဇ ကလာပ် ၂-စည်းကို ထပ်ရ၏၊ ပဋိသန္ဓေ အခါ တစည်း၊ ပဝတ္တိ အခါ ၃-စည်း ရ၏၊

ပဝတ္တိအခါ ပသာဒ ၅၊ ဘာဝ ၂၊ဝိညတ် ၂၊ဟဒယ ၁၊ သဒ္ဒ ၁ ဤ ၁၁-ပါးမှ ကျန်သော ဇီဝိတ နဝက ၉၊ ပရိစ္ဆေဒ ၁၊ လဟုတာဒိ ၃၊ လက္ခဏ ၄-အားဖြင့် ၁၇-ပါးရ၏၊ ပဋိသန္ဓေအခါ ထို၁၇-ပါးမှ လဟုတာဒိ ၃၊ဇရတာ အနိစ္စတာ၅-ပါး ထပ်ကြည့် ၁၂-ပါးသာရ၏။

## ဂါထာချုပ်

အဋ္ဌဝီသတိ ကာမေသု, ဟောန္တိ တေဝီသ ရူပိသု၊
သတ္တရ သေဝ သညီနံ, အရူပေ နတ္ထိ ကိဉ္စိပိ။

ကာမဘုံမှာ ရုပ် ၂၈-ပါးလုံး အကုန် ရလေသည်၊
ရူပဘုံမှာ ဃာ ဇိ ကာ ဘာဝ ၂-ကြဉ် ၂၃-ပါး ရ၏၊
အသညသတ် ဘုံမှာ ရုပ် ၁၇-ပါးကို ရ၏၊
အရူပ ဘုံမှာ ရုပ်ကို တခုမျှ မရအပ်။

သဒ္ဒေါ ဝိကာရော ဇရတာ, မရဏဉ္စောပ ပတ္တိယံ၊
န လဗ္ဘန္တိ ပဝတ္တေ တု, န ကိဉ္စိပိ န လဗ္ဘတိ၊

ဥပပတ္တိယံ-ပဋိသန္ဓေ အခါ၌၊သဒ္ဒေါ-သဒ္ဒရုပ်ကိုငှင်း၊ဝိကာရော-ဝိကာရရုပ် ၅-ပါးကိုငှင်း၊ ဇရတာ-ကိုငှင်း၊ မရဏဉ္စ-ကိုငှင်း၊ န လဗ္ဘန္တိ-မရအပ်ကောင်းကုန်၊ပဝတ္တေတု-ပဝတ္တိ အခါ၌ကား၊ကိဉ္စိပိ-ဘယ်ရုပ်ကို မဆို၊ နန လဗ္ဘတိ-ရကောင်းသည်သာတည်း၊

မှတ်သားရန်။ ။ဘယ် ပဋိသန္ဓေ အခါမဆို ဤ ရုပ် ၈-ပါးကို ဘယ် နည်းနှင့်မှ မရကောင်း၊ ဤ စကား၌ မရဏတာကိုကမ္မဇ ရုပ်၏ ၁၇-ချက်အသက်စေ့မှ ရကောင်းသောကြောင့် ပဋိသန္ဓေ အခါမှ စ၍ စိတ္တက္ခဏ ၁၇-ချက် အတွင်း မည်သည့် ဘုံ မည်သည့် သတ္တဝါမှာ မည်သည့် နည်းနှင့်မှ မသေနိုင်ဟု မှတ်လေ။

ရူပ ပစ္စတ္တိက္ကမခဏ်း ပြီးပြီ

## နိဗ္ဗာန်ခဏ်း

လောကသုံးပါးမှထွက်မြောက်ရာဟု ခေါ်ဆိုအပ်သော မဂ်ဉာဏ် ၄-ပါးဖြင့် အာရုံပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကို ဝါနခေါ် တဏှာမှလွတ်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်၏၊

**မှတ်သားရန်။** ။"မဂ်ဉာဏ် ၄-ပါးဖြင့် အာရုံပြု"ဆိုသော စကားဖြင့် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် လက်တွေ့ တပ်အပ် အသေအချာ မျက်စေ့ဖြင့် မြင်သလို တွေ့ရ၏ဟု မှတ်၊

မဂ်ဖိုလ်တို့၏ အာရုံ" ဟူသော စကားဖြင့် ကလျာဏ ပုထုဇဉ်များ (အလောင်းတော်လို ပုဂ္ဂိုလ်စားများ) သည် အပူရှိလျှင် အအေး ရှိရမည် စသဖြင့် အနုမာန အားဖြင့် မှန်းဆ တွေးတောသိနိုင်ပုံကိုပြ၏၊

**နိဗ္ဗာန်။** ။ နိ + ဝါန၊ ဝါန အစရှိသော သဒ္ဒါရ တရားတို့ကို ထက်အောက် ရှေ့နောက် ဆက်စပ် မေးယှက်ကာ ပေးတတ်သော ကြောင့် ဝါန မည်၏၊တဏှာ လေဘ ရာ၏၊ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ၊ ဝါနခေါ် တဏှာမှ လွတ်မြောက်အေးချမ်းရာ သန္တိ သီတိ အအေးဓာတ် တမျိုးသည် နိဗ္ဗာန် မည်၏၊ နိ + ဝါန၌ ဝ-ကို ဗွန္ဒစ်လုံးပွါး၍ နိဗ္ဗာန် ဟု ပြီးသည်၊

တဏှာယ နိက္ခန္တတ္တာ ဝိသံယောဂကမ္မ နုပသေန ဒေတိတတ္တာ တဏှာ၏ အာရုံပြု လက်လှမ်း၍ မမှီခြင်း တဏှာ၏ အာရုံ စားကျက် နယ်ပယ်မှ အလွတ် ပြင်ပ ဖြစ်နေခြင်းသည် တဏှာမှ ထွက်မြောက်သည် မည်၏၊တဏှာကို ခေါင်းတပ် ဆိုထားသည်၊ အမှန်မှာ အားလုံးသော ကိလေသာ ခန္ဓာတို့မှ လွတ်နေပြီ။

ပရိနိဗ္ဗာန်ကား ခန္ဓ အဘာဝ ပညတ်တည်း၊
နိဗ္ဗာန်ကား ပရမတ် အစစ်တည်း၊
ဤ ၂-မျိုးတို့၏ ထူးခြား ကွဲပြားပုံကို သေချာစွာ ခွဲမှတ်ကြ။

နိဗ္ဗာန်သည် အေးငြိမ်းသော သန္တိလက္ခဏာအားဖြင့် တခုတည်း ဖြစ်သော်လည်း ကာရဏ ပရိယာယ်အားဖြင့်

ခန္ဓာကြွင်း ရှိလျက် အေးငြိမ်းမှု သဉပါဒိသေသ
ခန္ဓာကြွင်း မရှိဘဲ အေးငြိမ်းမှု အနုပါဒိသေသ
နိဗ္ဗာန် ဟု ၂—မျိုး ၂—စား ပြားပြန်သည်။

**မှတ်သားရန်။** ။ဉပါဒိ + သေသ၊ ကာမုပါဒါန် စသည်တို့က စွဲလန်း ယူအပ်သော ဝိပါက် နာမက္ခန္ဓာ နှင့် ကမ္မဇရုပ်သည် ဉပါဒိ မည်၏၊ ရဟန္တာ ဖြစ်သွားသော အခါ ကိလေသာ ကုန်ခမ်း သွား တော့၏၊ ကိလေသာတို့နောက် အတူ လိုက်ပါကာ ကုန်ခမ်း မသွား သေးဘဲ ထို ကိလေသာတို့မှ ကြွင်းကျန်နေခဲ့သော လက်ရှိ ခန္ဓာကိုယ် ဟူသော ဝိပါက် ကမ္မဇရုပ်သည် သေသ မည်၏၊ရဟန္တာ၏ လက်ကျန် ခန္ဓာကိုယ် ရ၏၊ ထို ရဟန္တာ၏ ဉပါဒိသေသ ခန္ဓာကိုယ်နှင့် အာရုံပြု သောအားဖြင့် အတူတကွ ဖြစ်ခြင်းရှိသော နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန် မည်၏၊ရဟန္တာ အဖြစ်၌ ခံစားအပ် အာရုံ ပြုအပ်သော ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို ရ၏၊ခန္ဓာကြွင်း မရှိဘဲ ပရိနိဗ္ဗာန် စံပြီးနောက် ရသော နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန် မည်၏၊သမ္ပရာယိက နိဗ္ဗာန် ခေါ်၏၊ ရဟန္တာခန္ဓာ အဆုံးသတ် စုတိ ဘဝင်သည် ပရိနိဗ္ဗာန မည်၏၊ ထိုပရိ နိဗ္ဗာန်၏ ဟိုဘက်က အအေးဓာတ် သန္တိ ဓာတ်သည် နိဗ္ဗာန် မည်၏၊

**ကာရဏ ပရိယာယ။** ။အကြောင်း ပရိယာယ် သွယ်ဝိုက်ခြင်း သဘောသည် ပရိယာယ မည်၏၊ နိဗ္ဗာန်ဓာတ်သည် မှတ်အပ်သော အကျိုး၊ သဉပါဒိ၊ အနုပါဒိ နာမည် ၂—မျိုးသည် မှတ်သားကြောင်း အကြောင်း တရား၊ ဤသို့ အကြောင်း နာမည် ၂-စား ကွဲပြားမှုကို အကျိုး နိဗ္ဗာန်ပေါ် ကာရဏူပစာ အားဖြင့် တင်စားကာ ကာရဏ ပရိယာယ်အားဖြင့် အမည် နှစ်ပါး ခေါ်ထားခြင်း ဖြစ်၏၊

**သ ဉပါဒိ၊ သေသ နိ၊ ကြွင်းရှိ၊ ငါးရပ် ခန်၊**
**အနုပါဒိ၊ သေသနိ၊ မရှိ ငါးရပ်ခန်။**

တနည်း—

ကိလေသာမှ ကင်းဆိတ်သော သုညတနိဗ္ဗာန်
ကိလေသာ အကြောင်း ကင်းသောအနိမိတ္တနိဗ္ဗာန်
တဏှာတောင့်တမှု ကင်းသော အပ္ပဏိဟိတနိဗ္ဗာန်

ဤသို့ အခြင်းအရာ အာကာရဘေဒအားဖြင့် ၃-ပါးရှိ၏။

**မှတ်သားရန်။** ။သုညတ၊ အာရုံအားဖြင့်၎င်း သမ္ပယုတ်အားဖြင့်၎င်း ရာဂ ဒေါသ ပလိဗောဓ သင်္ခါရအဝဝတို့မှ ကင်းဆိတ်သော သတ္တိကြောင့် သုညတမည်၏၊

**ပလိဗောဓ၊ကြောင့်ကျ သညံ၊ကင်းဆိတ်ညံ၊နိဗ္ဗာန် သုညတ၊**

**အနိမိတ္တ။** ။ရာဂတည်း ဟူသော အကြောင်း နိမိတ်မှ၎င်း ဘေးအပေါင်းမှ၎င်း ကင်းသောကြောင့် အနိမိတ္တ မည်၏၊

**ဘေးပေါင်း တရုံ၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ၊**

**အပ္ပဏိဟိတ။** ။ရာဂ စသော တောင့်တမှုတို့မှ လွတ်ကင်း၍ နေသောကြောင့် အပ္ပဏိဟိတ နိဗ္ဗာန် မည်၏၊ ဤ အခြင်းအရာ အခြေအနေ သုံးမျိုးကို ခွဲကာ နိဗ္ဗာန် ၃-မျိုး ပြားရပြန်သည်။

**တောင့်တ ပူပန်၊ မဆက်ဆံ။နိဗ္ဗာန် ပဏိဟိတ၊**

ဤသို့လျှင် ပရမတ္ထ သဘော တရားတို့ကို စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟု ၄-မျိုးအားဖြင့် ဘုရားမြတ်တို့သည် မိန့်တော်မူကြကုန်၏။

**နိဗ္ဗာန် အခန်း ပြီး၏**

**ရုပ်ပိုင်း ပြီးပြီ**

ဆဋ္ဌ သင်္ဂါယနာ ပါဠိ ပဋိဝိသောဓက ဥပဇ္ဈာယ်က အယ်ဒီတာ
သီရိပဝရ ဦးကံသာ
၏

# အဘိဓမ္မာသင်တန်း

## တတိယ ဆင့်

အဘိဓမ္မာ ဆိုင်ရာ
ဋီကာကျော် သင်တန်း
အစိုးရ ပထမပြန် စာမေးပွဲ
ယူနီဗာစီတီ အဘိဓမ္မာ ဂုဏ်ထူးတန်း
သကျသီဟ နှင့် စေတီယင်္ဂဏ စာပြန်ပွဲ
စသော အဘိဓမ္မာ စာမေးပွဲများ အတွက် တာဝန် ယူသည်

---

ကံသာ ဝတီ–စာပုံနှိပ်တိုက်
၃၉ ၊ ခေမာသုခ၊ အလုံ စာတိုက်၊ ရန်ကုန်မြို့
၁၃၁၈–ခု ဝါဆိုလ အဘိုး–၃၊ ၅၀–ပြား

# အမှန် ပြင်ဆင်ချက်

| မျက်နှာ | | စာကြောင်း | အမှန် |
|---|---|---|---|
| ၃၄ | .... | ၁၁ | ဝိနိမုတ္တော |
| ၃၄ | .... | ၁၇ | သံသရာ |
| ၄၅ | .... | ၁ | ရဟန္တာတို့၏ |
| ၅၂ | .... | ၁၅ | တို့အားရင်း |
| ၅၅ | .... | ၃ | အညမည |
| ၅၇ | .... | ၁၄ | သဘော |
| ၆၁ | .... | ၁၉ | မည်၏။ |
| ၆၁ | .... | ၁၂ | ရှေရှုနေ |
| ၆၂ | .... | ၁၇ | တစတော် ပင့်။ |
| ၇၂ | .... | ၃ | ပဝိသိတွာ |
| ၈၆ | .... | ၂၂ | ၁၈-ပါးတို့တွင် |
| ၈၈ | .... | ၁ | ဝိညာဏာဘာဝံပန နတ္ထိကိဉ္စိတိ |
| ၉၄ | .... | ၁ | စင်ကြယ်စွာ ရရှိ |
| ၉၆ | .... | ၃ | လက္ခဏာယာဉ် |

## မာတိကာ

### ၇။ သမုစ္စည်းပိုင်း


| | | | |
|---|---|---|---|
| ၁။ ဒွါသတ္တတိ ဂါထာ | .... | .... | ၁ |
| ၂။ ခေါင်းစဉ် သင်္ဂဟ ၄–ပါး | .... | .... | ၁ |
| ၃။ အကုသလ သင်္ဂဟ | .... | .... | ၃ |
| ၄။ မိဿက သင်္ဂဟ | .... | .... | ၁၄ |
| ၅။ ဗောဓိပက္ခိယ သင်္ဂဟ | .... | .... | ၂၃ |
| ၆။ သဗ္ဗ သင်္ဂဟ | .... | .... | ၂၉ |


---

### ၈။ ပစ္စည်းပိုင်း


| | | | |
|---|---|---|---|
| ၇။ ပဋိစ္စသမုပ္ပါဒ်နည်း | .... | .... | ၃၅ |
| ၈။ အင်္ဂါ ဆဲ့နှစ်ပါး | .... | .... | ၄၀ |
| ၉။ ပဋ္ဌာန်းနည်း | .... | .... | ၄၄ |
| ၁၀။ ဆဗ္ဗ နာမ်တု | .... | .... | ၄၄ |
| ၁၁။ ပဉ္စဗ္ဗ နာမ ရူပိန့် | .... | .... | ၄၅ |
| ၁၂။ ဧကဗ္ဗ ပုန ရူပဿ | .... | .... | ၄၆ |
| ၁၃။ ရူပံ နာမဿ ဧကဓ္ဗ | .... | .... | ၄၆ |
| ၁၄။ ပညတ္တိ နာမ ရူပါနိ | .... | .... | ၄၇ |
| ၁၅။ ဒွယံ ဒွယဿ ၀ဓ္ဗ | .... | .... | ၄၈ |
| ၁၆။ ပစ္စယ သင်္ဂြဟော | .... | .... | ၅၄ |
| ၁၇။ ပညတ် အခဏ်း | .... | .... | ၅၆ |
| ၁၈။ အတ္ထ ပညတ် အပြား | .... | .... | ၅၆ |
| ၁၉။ သဒ္ဒ ပညတ် အပြား | .... | .... | ၆၃ |
| ၂၀။ နာမပညတ် ၆–မျိုး | .... | .... | ၆၁ |

## ၉။ ကမ္မဋ္ဌာန်းပိုင်း


| | | |
|---|---|---|
| ၂၁။ | သမထ ဝိပဿနာ ဂါထာ .... .... | ၆၅ |
| ၂၂။ | သမထ ကမ္မဋ္ဌာန်း ၄၀ .... .... | ၆၆ |
| ၂၃။ | စရိုက် ၆–မျိုး .... .... | ၆၆ |
| ၂၄။ | နိမိတ် ၃–ပါး .... .... | ၆၇ |
| ၂၅။ | ဆင်ခြင်ဘွယ် ၁၀–ပါး .... .... | ၇၁ |
| ၂၆။ | သပ္ပါယ အပြား .... .... | ၇၃ |
| ၂၇။ | ဘာဝနာ ဘေဒ .... .... | ၇၆ |
| ၂၈။ | ကမ္မဋ္ဌာန်း နှင့် ဈာန် .... .... | ၇၈ |
| ၂၉။ | အာရုံ အပြား .... .... | ၈၀ |
| ၃၀။ | ဘာဝနာ နှင့် နိမိတ် .... .... | ၈၃ |
| ၃၁။ | ရူပဈာန် .... .... | ၈၅ |
| ၃၂။ | ဝသီဘော် ၅–ပါး .... .... | ၈၅ |
| ၃၃။ | အာရုပ္ပ ကမ္မဋ္ဌာန်း ၄–ပါး ....... ....... | ၈၇ |
| ၃၄။ | ဝိပဿနာ ကမ္မဋ္ဌာန်း ....... ....... | ၉၂ |
| ၃၅။ | ဝိပဿနာ ညစ်ညူးကြောင်း ....... ....... | ၉၈ |
| ၃၆။ | မဂ္ဂဝီထိ ပုံစံ ....... ....... | ၁၀၅ |
| ၃၇။ | ဝိမောက္ခ အပြား ....... ....... | ၁၀၇ |
| ၃၈။ | ပုဂ္ဂိုလ် အပြား ....... ....... | ၁၁၁ |
| ၃၉။ | သမာပတ် အပြား ....... ....... | ၁၁၄ |
| ၄၀။ | နိရောဓ ဝင်စားပုံ ....... ....... | ၁၁၇ |
| ၄၁။ | ဥယျောဇဉ် ....... ....... | ၁၁၈ |
| ၄၂။ | ပဋိစ္စ သမုပ္ပါဒ် လက်ာ ....... ....... | ၁၁၉ |
| ၄၃။ | ပဋ္ဌာန်း ၂–ချက်စုံ ....... ....... | ၁၂၇ |

တတိယဆင့်

# အဘိဓမ္မာသင်တန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သမုစ္စည်းပိုင်း

ဒွါသတ္တတိ ဝိဓာ ဝုတ္တာ, ဝတ္ထုဓမ္မာ သလက္ခဏာ၊
တေသံ ဒါနိ ယထာယောဂံ, ပဝက္ခာမိ သမုစ္စယံ။

ဒွါသတ္တတိ ဝိဓာ-ခုနစ်ဆယ့် နှစ်ပါး အပြားရှိကုန်သော၊ သလက္ခဏာ-ကိုယ်ပိုင် ဆိုင်ရာ လက္ခဏာ အသီးသီး ရှိကြကုန်သော၊ ဝတ္ထု ဓမ္မာ-ဝတ္ထု တရားကိုယ် ရအပ် ကောင်းသော သဘော တရားတို့ကို၊ ဝုတ္တာ-ဆိုအပ်ခဲ့ ကုန်ပြီ၊ ဒါနိ-ယခု အခါ၌၊ တေသံ-ထို တရားတို့၏၊ သမုစ္စယံ-သဘောတူရာချင်း စုပေါင်း၍ ပြရာ သမုစ္စယ သင်္ဂဟကို၊ ပဝက္ခာမိ-အပြားအားဖြင့် ပြဆိုဦးအံ့။

**သမုစ္စယ။** ။သံ-သဘောတူရာချင်း၊ ဥစ္စယ-စုပေါင်းရေတွက် ပြရာသည့် သမုစ္စယ သင်္ဂဟ မည်၏၊ အာသဝစု သြဃစု စသဖြင့် သဘောတူရာ တရားချင်း စုပေါင်း ရေတွက်၍ ပြထားသည် ဟူ၏၊ တနည်း-သင်္ဂဟနည်း ၄-မျိုးဖြင့် ပရမတ် (ပညတ်) တရားများကို ပေါင်းစည်း စုရုံး ပြထားသောကြောင့် သမုစ္စည်းပိုင်း မည်လေသည်။

**ဒွါသတ္တတိ။** ။စိတ် ၈၉-ပါး ရှိသော်လည်း အာရမ္မဏ ဝိဇာနန လက္ခဏာအားဖြင့် တပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန်အားဖြင့် ၇၂-ပါး ဖြစ်၏၊

**နာမ် တေပညံ၊ ရုပ် နိပ္ဖန်၊ နိဗ္ဗာန်ယူဘိ ဒွါသတ္တိ၊**

**ဝဋ္ဋ၊ဓမ္မ**။ ။ကိုယ်ပိုင် လက္ခဏာ အသီးသီးရှိ၍ သလက္ခဏာ၊ ပရမတ် အထည်တွေ ထင်ထင်ရှားရှား ရှိနေသောကြောင့် ဝဋ္ဋ၊ဓမ္မ မည်၏၊ ဤ စကားဖြင့် အနိပ္ဖန္န ရုပ်များကို ပယ်လေသည်၊

**အထူးအားဖြင့်**–အကုသလ သင်္ဂဟ၌ အကုသိုလ် စေတသိက် ၁၄–လုံးကိုသာ ဝေဘန်၍ တခြား စေတသိက်နှင့် စိတ်တို့ ရုပ်–နိဗ္ဗာန်တို့ မပါချေ၊ မိဿက သင်္ဂဟ၌ စိ–စေ ရုပ်ကိုသာ ဝေဘန်၍ နိဗ္ဗာန်ကို မဝေဘန်၊ ဗောဓိ ပက္ခိယ သင်္ဂဟ၌လည်း စိ–စေကိုသာ ဝေဘန်၏၊ ရုပ်–နိဗ္ဗာန် မပါ၊ နောက်ဆုံး သဗ္ဗ သင်္ဂဟ၌ ပရမတ္ထ အားလုံးနှင့် ပညတ်ကိုပါ ဝေဘန်ထား၏၊ မှန်၏–ဓမ္မာယတန ဓမ္မဓာတ်၌ အနိပ္ဖန္န ရုပ်နှင့် ပညတ် ပါဝင်နေပုံကို သတိပြုကြ၊ ထို့ကြောင့် ဤ အပိုင်းတွင် ပရမတ် ပညတ် အကုန်လုံးကို ဝေဘန်၏ ဟု မှတ်ရာ၏၊ သို့ရာတွင် တရားကိုယ် ရကောင်းသော ဝဋ္ဋ၊ဓမ္မ ၇၂–ပါး၏ အတွင်း၌ အဝဋ္ဋ၊ ဓမ္မ အလက္ခဏာ ဖြစ်ကြသော အနိပ္ဖန္နရုပ်နှင့် ပညတ်ကို ထည့်သွင်းပြီး ဥပါသတ္တတိ ဟူ၍ မိန့်ထားပုံရ၏၊ ရုပ်ပိုင်းအထိ ပြခဲ့ပြီးသော တရား အပေါင်းမှ ဝဋ္ဋ၊ ဓမ္မကိုသာရည်ရွယ်၍ ဥပါသတ္တတိ ဆိုထားသည်၊ ဝဋ္ဋ၊ဓမ္မ မဟုတ်သောကြောင့် အနိပ္ဖန္နနှင့် ပညတ်ကို မယူရဟူလို။

---

## ခေါင်းစဉ် သင်္ဂဟ ၄–မျိုး

၁။ အကုသလ သင်္ဂဟ
၂။ မိဿက သင်္ဂဟ
၃။ ဗောဓိပက္ခိယ သင်္ဂဟ
၄။ မိဿက သင်္ဂဟ

အကုသိုလ် တရားစုကို ရေတွက်ပြရာ ဖြစ်သောကြောင့် **အကုသလ သင်္ဂဟ** မည်၏၊ ကု–အကု အဗျာကတတို့ကို ရောနှော ရေတွက်ပြရာ ဖြစ်သောကြောင့် **မိဿက သင်္ဂဟ** မည်၏၊ ဗောဓိပက္ခိယ ခေါ် တရားစုကို ရေတွက်ပြရာ ဖြစ်၍ **ဗောဓိပက္ခိယ သင်္ဂဟ** မည်၏၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန်(ပညတ်) ရှိသမျှ အားလုံးကို သိမ်းကြုံး၍ ရေတွက်ပြရာ ဖြစ်သောကြောင့် **သဗ္ဗ သင်္ဂဟ** မည်၏၊

---

# ၁။ အကုသလ သင်္ဂဟ

၁။ ကာမာသဝ, ၃။ ဒိဋ္ဌာသဝ,
၂။ ဘဝါသဝ, ၄။ အဝိဇ္ဇာသဝ,

အာသဝေါ တရား ၄-ပါး

မှတ်ရန်။ ။ရှေးအစွန်း မထင်၍ ကြာမြင့်စွာ ထုံတတ်သော အနက်ကြောင့် အာသဝ မည်၏၊ တနည်း–အနာမှ ယိုထွက်သော သွေးပြည်ကဲ့သို့ စက္ခုစသည်မှ အာရုံတို့၌ ယိုစီးလာတတ်သော အနက်ကြောင့် အာသဝ မည်၏၊ တနည်း–ဘုံအားဖြင့် ဘဝဂ် တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘု တိုင်အောင် ပျံ့နှံ့၍ ဖြစ်တတ် သောကြောင့် အာသဝ မည်၏၊

အာသဝ၌ အာ–အက္ခရာသည် ပိုင်းခြားခြင်း အဝဓိ အနက်ရှိ၏၊ အဝဓိသည် ကန့်သတ်ခြင်း မရိယာဒ, ပျံ့နှံ့ခြင်း အဘိဝိဓိ အားဖြင့် ၂-စားရှိ၏၊ ရန်ကုန်ထိအောင် မိုးရွာ၏ ဆိုရာ၌ ရန်ကုန်ဆိုက်ရုံသာ ပိုင်းခြား ယူရ၍ မရိယာဒ မည်၏၊ ရန်ကုန်တိုင်အောင် ရန်ကုန် တမြို့လုံး ပျံ့နှံ့အောင် ရွာလျှင် အဘိဝိဓိ မည်၏၊

တခြား ယိုစီးတတ်သော ဒေါသ မာနစသော တရားများ ရှိစေ ကာမူ လောဘစသော တရားသုံးပါးက တခြား တရားများထက် ပိုမို လွန်ကဲစွာ ယိုစီးတတ်သောကြောင့် ထို ၃-ပါး အပေါ်၌သာ အာသဝ အမည်ကို တင်စားခေါ်ထားသည်၊ ဩဃ ယောဂ စသည် ခေါ်ရာ၌လည်း ဤနည်း အတိုင်းပင်။

ကာမာသဝ ဘဝါသဝ၌ ကာမ အရ ဝတ္ထုကာမကို ဘဝ အရ ကမ္မဘဝ နှင့် ဥပပတ္တိဘဝကို ရ၏၊ သို့သော် အာသဝေါ နှင့် အရ တူအောင် ထို ဌာန အာရုံ၏ ကာမဟူသော ဘဝဟူသော အမည်ကို ဌာနီ အာရမ္မဏိက တဏှာအပေါ်၌ ဌာနူပစာအားဖြင့် တင်စား၍ ကာမတဏှာ ဘဝတဏှာကို ကောက်ယူရ၏။

၁။ ဝတ္ထုကာမကို နှစ်သက် တတ်သော လောဘမူစိတ် ရှစ်ခု၌ ရှိသော လောဘ (တဏှာ)စေတသိက်သည် ကာမာသဝ မည်၏။

၂။ ရူပ အရူပ ကုသိုလ်နှင့် အကျိုးဝိပါက်ကို ဘဝ အရ ယူရ၏၊ ၎င်း ရူပဘဝ အရူပဘဝကို နှစ်သက်တတ်သော လောဘမူစိတ် ရှစ်ခု၌ ရှိသော (တဏှာ) လောဘ စေတသိက်သည် ဘဝါသဝ မည်၏။

၃။ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၌ ရှိသော ဒိဋ္ဌိ စေတသိက်သည် ဒိဋ္ဌာသဝ မည်၏။

၄။ အကုသိုလ်စိတ် ၁၂-ပါး၌ ရှိသော မောဟသည် အဝိဇ္ဇာသဝ မည်၏၊ ထို့ကြောင့် တရားကိုယ်မှာ လောဘ ဒိဋ္ဌိ မောဟ ရ၏။

**ဘဝါသဝ၌ ရာဂ ၃-မျိုး-**

ဥပပတ္တိ ဘဝ၌ ဖြစ်သော ရာဂသည် ဆန္ဒရာဂ၊
ကမ္မဘဝ၌ ဖြစ်သော ရာဂသည် ဈာနနိကန္တိ ရာဂ၊
ဘဝဒိဋ္ဌိ ရာဂသည် သဿတ ဒိဋ္ဌိ သဟဂတရာဂ မည်၏။

---

၁။ ကာမောဃ, ၃။ ဒိဋ္ဌောဃ,
၂။ ဘဝေါဃ, ၄။ အဝိဇ္ဇောဃ,

**ဩဃ တရား ၄ ပါး**

**မှတ်သားရန်။** ။သတ္တဝါတို့ကို နစ်မွန်း မျောပါးစေတတ်သောကြောင့်၎င်း, လွှမ်းမိုး ဖိစီးတတ်သောကြောင့်၎င်း ဝဲဩဃ ရေအယဉ်နှင့် တူသောကြောင့်၎င်း ဩဃ မည်၏။

---

၁။ ကာမယောဂ, ၃။ ဒိဋ္ဌိယောဂ,
၂။ ဘဝယောဂ, ၄။ အဝိဇ္ဇာယောဂ,

**ယောဂ တရား ၄-ပါး**

**မှတ်သားရန်။** ။သတ္တဝါတို့ကို သံသရာ ဝဋ္ဋဒုက္ခ အမျိုးမျိုးတို့နှင့် (မလွတ်နိုင် မကျွတ်နိုင်ကြရအောင်) ဖွဲ့နှောင် ယှဉ်တွဲ၍ပေးတတ်သောကြောင့် ယောဂ မည်၏၊ အဓိပ္ပါယ် သဘောနှင့် တရားကိုယ် အရကောက်မှာ အာသဝေါ အတိုင်း မှတ်။

၁။ အဘိဇ္ဈာကာယဂန္ထ,
၂။ ဗျာပါဒ ကာယဂန္ထ,
၃။ သီလဗ္ဗတ ပရာမာသ ကာယဂန္ထ,
၄။ ဣဒံ သစ္စာဘိနိဝေသ ကာယဂန္ထ,

ဂန္ထ တရား ၄-ပါး

**မှတ်သားရန်။** ။ကာယ-နာမ်စုရုပ်စု၊ ဂန္ထ-ထုံးဖွဲ့ပေးတတ်သော တရား၊ သဘ္ဗဝါ ခေါ်သော နာမ်စု ရုပ်စုကို ပဋိသန္ဓေမှ စုတိ, စုတိမှ ပဋိသန္ဓေ ရောက်အောင် ထုံးနှောင် ဖွဲ့ချီ၍ ပေးတတ်သောကြောင့် ကာယ ဂန္ထ မည်၏။

**၁။ အဘိဇ္ဈာ။** ။အဘိ-သူတပါးပိုင် ပစ္စည်းသို့ ရှေးရှု၍၊ ဈာ-လိုချင်ရမ္မက် နှစ် သက် ကြံစီမှု၊၌ဟာသည် ငါ့ဟာဖြစ်မူ ကောင်းလေစွ ဟု သူတပါးပိုင်ကို ကိုယ်ပိုင် ဖြစ်လိုသော အားဖြင့် ကြံစီမှု လောဘ စေတသိက် ရ၏၊ သူတပါးပိုင်ကို တွေ့သောအခါ အလားတူ ရှာဖွေ ရယူပိုင်ဆိုင်ပါမူ ကောင်းလေစွဟု ကြံစီခြင်းသည် အဘိဇ္ဈာ မမည်။

**၂။ ဗျာပါဒ။** ။ဝိ-ဖေါက်ပြန်ခြင်းသို့၊အာပါဒ-ရောက်သော သဘောတရား၊ စိတ်တို စိတ်ဆိုးသော ဒေါသ စေတသိက် ရ၏၊ ထို ဒေါသကို စိတ်ရိုးစိတ်ကောင်း စိတ်ဖြောင့်မှ ဖေါက်လွဲဖေါက်ပြန် သော စိတ်တို စိတ်ကောက် စိတ်ဆိုးခြင်း အားဖြင့် ဖြစ်တတ်သော ကြောင့် ဗျာပါဒဟု ခေါ်သည်။

**၃။ သီလဗ္ဗတ။** ။သီလ-အလေ့အထ၊ ဝတ-အကျင့်၊ ပရာမာသ-သုံးသပ်ဆင်ခြင်မှု နွားလို ခွေးလို ကျင့်ကြံ ကျိုးကုတ် အားတုငါ်မှ သံသရာ ဝဋ်မှ လွတ်လပ် စင်ကြယ် ထွက်မြောက်ဘွယ် ဖြစ်၏ဟု နှလုံးသွင်းဆင်ခြင် ကျင့်ကြံ အားထုတ်မှုမျိုးသည် သီလဗ္ဗတ ပရာမာသ မည်၏၊ ဒိဋ္ဌိစေတသိက် ရ၏

**အလေ့ သီလ၊ ဝတ ကျင့်မှု၊ နွား ခွေးတူ၊ အယူ ဝဋ်သုဒ္ဓိ။**

**၄။ ဣဒံသစ္စာ ဘိနိဝေသ။** ။ဣဒံ-ဤ ငါ့အယူသာ၊ သစ္စံ-အမှန်ဆုံးဟု၊ အဘိနိဝေသ-နှလုံးသွင်း ဆင်ခြင်ယူဆခြင်း၊ ငါ့အယူသာ

အမှန်ဆုံး ကျန်တာ အားလုံးကား အသကာဏ်း ယူဆသော ဒိဋ္ဌိ စေတသိက် ရ၏၊ ဤနေရာ၌ အယူမှန် ယူထားသူများက "တခြား အယူများမှာ (တကယ်မှားနေ၍) အမှားတွေဘဲ"ဟု ပြောဆိုကြရာ၌ ဣဒံသစ္စာဘိနိဝေသ ပရာမာသ မဖြစ်ပေ၊ဣဒံသစ္စာ ဘိနိဝေသကား သီလဗ္ဗတ ပရာမာသကိုပင် တင်းတင်းကြပ်ကြပ် ထပ်မံ၍ ခွဲလန်းချက် ဖြစ်သည်။

လောဘ ဒေါသ ဒိဋ္ဌိ ရ၏၊ အာသဝေါ အရနှင့် သတိပြု။
ဤသာ မှန်လှ၊ ဤမှ တပါး၊ အကုန်မှား၊ ခွဲပြား ဣဒံဘိ။

---

၁။ ကာမုပါဒါန်, ၃။ သီလဗ္ဗတုပါဒါန်,
၂။ ဒိဋ္ဌုပါဒါန်, ၄။ အတ္တဝါဒုပါဒါန်,

ဥပါဒါန် တရား ၄-ပါး

ဖါးကို မြွေခဲ၊ အယူစွဲ၊ ခေါ်မြဲ ဥပါဒါန်။

**မှတ်သားရန်။** ။ဥပ-ပြင်းပြင်း ထန်ထန် လွန်လွန် ကဲကဲ၊ အာဒါန-စွဲယူမှု၊ ဘားကို မြွေခဲ သကဲ့သို့အယူသီး၍ စွဲလန်းမှု ဒိဋ္ဌိ စေတသိက် ရ၏။

၁။ ကာမဂုဏ်၌ စွဲလန်းမှု လောဘ စေတသိက်၊
၂။ သီလဗ္ဗတ အတ္တဝါဒမှ ကျန် ဒိဋ္ဌိ ၆၂-ပါး၊
၃။ သီလဗ္ဗတ ပရာမာသနှင့် စပ်သော ဒိဋ္ဌိ၊
၄။ အတ္တဝါဒ ဒိဋ္ဌိ (သက္ကာယဒိဋ္ဌိ) ၂၀-ရ၏။

---

၁။ ကာမစ္ဆန္ဒနီဝရဏ, ၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ,
၂။ ဗျာပါဒ နီဝရဏ, ၅။ ဝိစိကိစ္ဆာ နီဝရဏ,
၃။ ထိန-မိဒ္ဓ နီဝရဏ, ၆။ အဝိဇ္ဇာ နီဝရဏ,

နီဝရဏ တရား ၆-ပါး

ကုသိုလ် မဂ်ချာန်၊ တားဆီးပြန်၊ ခေါ်ရန် နီဝရဏ။
ကိစ္စ ဗျာပါ၊ ဆန့်ကျင်မှု၊ ဥဒ်-ကု ထိ-မိဒ်တူ။

မှတ်သားရန်။ ။ကုသိုလ်တရား, ရှာန်တရား, မဂ်တရားတို့ကို တားဆီးပိတ်ပင်တတ်သောကြောင့် နီဝရဏ မည်၏၊ ဥဒ္ဓနှင့် ကုက္ကုစ္စ ၂-ပါးကို ပူလောင်မှု ကိစ္စချင်း, ဉာတိဗျသန စသည်နှင့် တွေ့ကြုံမှု အကြောင်း ဟေတုချင်း, သမထ၏ ဆန့်ကျင်ဘက် ပဋိပက္ခချင်းတူသောကြောင့် နီဝရဏ တခုတည်း တမျိုးတည်း အားဖြင့် ဟော၍ ထားလေသည်။ ။ဥပမာ-အလုပ်သမား ခေါ်ရာ၌ ကုလားတရုတ် ဗမာအားဖြင့် လူမျိုး ကွဲပြားကြသော်လည်း အလုပ် ကိစ္စတူအားဖြင့် အလုပ်သမား အဖြစ်ဖြင့် တမျိုးတစားတည်း ဖြစ်ကြသကဲ့သို့ ကိစ္စချင်း တူပုံကို မှတ်လေ၊ ထိန နှင့် မိဒ္ဓ ၂-ပါးကို တွန့်တိုမှု ကိစ္စချင်း, ပျင်းရိခြင်း ဟူသော အကြောင်းဟေတုချင်း, ဝီရိယ၏ ဆန့်ကျင့်ဘက် ဟူသော ပဋိပက္ခချင်း တူကြ၍ နီဝရဏ တပါးတည်း အဖြစ်ဖြင့် ဟောထားသည်။

---

၁။ ကာမရာဂါနုသယ, ၅။ ဒိဋ္ဌာနုသယ,
၂။ ဘဝရာဂါနုသယ, ၆။ ဝိစိကိစ္ဆာနုသယ,
၃။ ပဋိဃာနုသယ, ၇။ အဝိဇ္ဇာနုသယ,
၄။ မာနာနုသယ,

အနုသယ ၇-ပါး

အပဉ် စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ် နုသယ။

မှတ်သားရန်။ ။အနု-အဖန်ဖန် (အစဉ် တစိုက်)၊ သယ-ကိန်းနေသော ဓာတ်နုမျိုးစေ့ တမျိုး၊ ဥပါဒ် ဌီဘင် အခိုက်အတန့်သို့ ဝါ-ဖြစ်ပေါ်မှု ခဏတ္တယသို့မပေါ်ပေါက်မရောက်ရှိသေးဘဲသတ္တဝါတို့ ခန္ဓာ အစဉ်မှာ ကိန်းအောင်းနေသော ဓာတ်နု ဓာတ်ငွေ့ မျိုးစေ့ ဓာတ်တမျိုးကို အနုသယ ခေါ်သည်။

ဥပမာ။ ။မီး အဖြစ်သို့ မရောက်သေးသော မီးချစ် ယမ်း၏ အတွင်း၌ အစဉ် ကိန်းဝပ်နေသော အပူ တေဇောဓာတ် တမျိုး ကဲ့သို့၎င်း မျိုးစေ့ဗီဇဓာတ် တမျိုးကဲ့သို့၎င်း မှတ်လေ၊

အမှန်အားဖြင့်အားအင် ဗလရှိလှသော မဂ်ဖြင့် မပယ်ရသေးသည့် အနာဂတ် ကိလေသာ တမျိုးသာ မုချ အနုသယ မည်၏၊ အတိတ် ပစ္စုပ္ပန် အနုသယများကား အနုသယ သဘော ရှိသောကြောင့် အနာဂတ် ကိလေသာနှင့် တူစွာ သဒိသူပစာအားဖြင့် အနုသယ မည်ကြလေသည်၊စင်စစ်အားဖြင့် ဧကာတ္တယ မရှိ၍ ကာလထူး မရ။

## မည်သည့်ကာလ၌ တည်ရှိသော အနုသယကိုမဂ်ဖြင့် ပယ်သနည်း

အသီး မရှိသော သရက်ပင်ကို ခုတ်လှဲရာ၌ မည်သည့် အသီးကို ဖျက်ဆီးရာ ကျသနည်း ဟု မေးခဲ့သော် အတိတ်က အသီးမှာ မရှိ တော့၍၎င်း၊ ပစ္စုပ္ပန်လက်ရှိအနေအားဖြင့်လည်းအသီးမရှိသေး၍၎င်း အတိတ်အသီးနှင့် ပစ္စုပ္ပန်အသီးတို့ကို မဖျက်ဆီးနိုင်၊နောင်အနာဂါတ် သီးမည့် အသီးကိုသာ ဖျက်ဆီးရာရောက်သကဲ့သို့ အတိတ် ပစ္စုပ္ပန် အနုသယများမှာ ထင်ရှားမရှိ၍ မဂ်ဖြင့် မပယ်နိုင်၊ ပေါက်ပွားစေ လတံ့သောအနာဂါတ်အနုသယ ကိလေသာကိုမဂ်ဖြင့်ပယ်နိုင်ပါသည်၊

အမှန်အားဖြင့် အနုသယ ဓာတ်မှာ ကာလ ၃–ပါး၌ မရနိုင်ပေ။ ကာလဝိမုတ် ဖြစ်၏၊ သို့ရာတွင် အတိတ်၌ ဖြစ်ဘူးပြီးသော ဧကာတ္တယ ရောက်ပြီးသော ပရိယုဋ္ဌာန ကိလေလာ၏ မျိုးစေ့ ဗီဇဓာတ်နှုကို အတိတ်အနုသယဟူ၍၎င်း၊ပစ္စုပ္ပန် ဧကာတ္တယရောက်ဆဲ ကိလေသာ၏ ဓာတ်နှု ဗီဇဓာတ်ကို ပစ္စုပ္ပန် အနုသယယူ၍၎င်း, နောင် အနာဂါတ် ဧကာတ္တယရောက်လတံ့သော ကိလေသာ၏ ဓာတ်ငွေ့ဗီဇကို အနာဂတ် အနုသယ ဟူ၍၎င်း ထောက်ဆ တင်စား၍ ခေါ်ရသည်။

အထူးမှတ်စရာတရပ်မှာ''ကုသိုလ်ရသည်, အကုသိုလ်ဖြစ်သည်' ဆိုသော စကား၌ ပစ္စုပ္ပန် စေတနာ ဖြစ်–ချုပ်ပြီးနောက်, နာနာ– အထူးထူး အသီးသီးသော၊ခဏ–ရုပ်ခဏ နာမ်ခဏ အခိုက်အတန့်၌၊ ဇုက–ယှဉ်တတ် ကိန်းဝပ်လိုက်ပါတတ်သော သဘော၊သတ္တိဝါတို့၏ ရုပ်နာမ် ခန္ဓာစဉ်ကြီး တလျှောက်လုံး အနုသယ ဓာတ်ကဲ့သို့ ထုံ၍ ကိန်း၍ ငုပ်၍ လိုက်ပါသွားသော နာနာက္ခဏိက ကမ္မသတ္တိရရှိသွား သည်ကိုပင် ''ကုသိုလ်ရသည်, အကုသိုလ်ဖြစ်သည်''ဟု ခေါ်ရသည်။

တဏှာအမြစ်က ဆက်သွယ်ဆက်သွယ်၍ ဆင့်ကဲဆင့်ကဲ သယ်ပိုးသွားသည်၊ ထိုကြောင့် အကြင်အခါ အကြင်ဘဝမှာ တဏှာပြတ်လျှင် ''ကုသလံ ကုသလံဇဟံ''ဖြစ်လေတော့၏၊ နက်နဲသိမ်မွေ့သော အရာဌာနဖြစ်၍ အထူးလေ့လာကြံဆ မှတ်သားကြလေ။

---

၁။ ကာမရာဂ သံယောဇဉ် ၆။ ဒိဋ္ဌိ
၂၊ ရူပရာဂ ။ ၇။ သီလဗ္ဗတ ပရာမာသ
၃။ အရူပရာဂ ။ ၈။ ဝိစိကိစ္ဆာ
၄။ ပဋိဃ ။ ၉။ ဥဒ္ဓစ္စ
၅။ မာန ။ ၁၀။ အဝိဇ္ဇာ

သုတ္တန်နည်း သံယောဇဉ် ၁၀-ပါး

ထိပ် ထောင် နှောင်ကြိုး၊ အမွဲမျိုး၊ ဘွင့်ရှိုးသံယောဇဉ်၊
ကာမ ပဋိ၊ ဒိဋ္ဌိ သီ ဝိ၊ ခေါ်ဘိ ဣဿ မစ္ဆာ၊
ရူ အရူ မာန်၊ ဥဒ် ဝိဇ္ဇာ၊ ဥဒ္ဒံဘာဂိယာ။

**မှတ်သားရန်၊** ။သတ္တဝါတို့ကို ထိုထို သံသရာ ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သောကြောင့် သံယောဇဉ်မည်၏။

သားသမီး သံယောဇဉ် စသဖြင့် သုံးစွဲနေကြရာ၌ သားသမီးကို အစွဲပြု၍ ဖြစ်သော ချစ်ခင်မှုတဏှာ လောဘစသော အာရမ္မဏိကသံယောဇဉ်၏ အမည်ကို သားသမီးစသော အာရုံတရားပေါ်တင်စားခေါ်ထားသော ( ဥပစာ စကားမျိုး )ဖြစ်သည်၊ အမှန်မှာ သားသမီးစသည်ရှိစေကာမူ ၎င်းတို့အပေါ်မှာ တာတွယ်မှု တဏှာကင်းလျှင် သံယောဇဉ်၏အကြောင်း ဖြစ်သော ထိုသားသမီးစသော အာရုံတရားများသည် သံယောဇဉ်မမည်နိုင်၊ မောင်မဃက ခေါ် သောရေယျ ရဟန်းကြီးဝတ္ထုစသည်ကို ထောက်ကြည့်လေ၊ ''**သစ္စေတ ဝစနံ သစ္စံ၊ လောကသမုတိ ကာရဏံ**''ဟူသည်နှင့်အညီ သုတ္တန်ဒေသနာနည်းအရ တင်စားထား၍ လောကသုံးအားဖြင့် သားသမီးသံယောဇဉ်ဆိုသော အခေါ် အသုံးသည်လည်း အမှန်ပင်ဖြစ်၏။

တရားကိုယ်မှာ-- အစ ၃-ပါး အရ လောဘစေတသိက် ရ၏၊ ဒိဋ္ဌိသံယောဇဉ်နှင့် သီလဗ္ဗတ ၂-ပါးအရ ဒိဋ္ဌိစေတသိက် ရ၏၊ ကျန်၅-ပါးမှာ သူ့အမည်အတိုင်း စေတသိက် ၅-လုံးအသီးသီး ရ၍ ဤသုတ္တန်နည်း၌ သံယောဇဉ်တရားကိုယ် ၇-ပါးသာ ရ၏။

ဩရ--အောက်တန်းစား၊ ဘာဂ-အဘို့ ဖြစ်သော ကာမဘုံ၌ ဣယ-ဖြစ်တတ်၊ အောက်တန်းစား အဘို့၌ဖြစ်သော ကာမဘုံမှာ ဖြစ်တတ် ကျင်လည်တတ် ကျက်စားတတ်သော သံယောဇဉ်ငါးမျိုးကို ဩရမ္ဘာဂိယ ခေါ်ခလသည်။ ဥဒ္ဓံ-အထက်တန်းစား၊ ဘာဂ အဘို့ ဖြစ်သော ရူပ အရူပ ဘုံဘို့၌၊ ဣယ-ဖြစ်တတ်သော သံယောဇဉ် ငါးမျိုးကို ဥဒ္ဓံဘာဂိယ သံယောဇဉ်ခေါ်သည်၊

၁။ ကာမရာဂ,
၂။ ဘာဝရာဂ,
၃၊ ပဋိဃ,
၄။ မာန,
၅။ ဒိဋ္ဌိ,
၆။ သီလဗ္ဗတပရာမာသ,
၇။ ဝိစိကိစ္ဆာ,
၈။ ဣဿာ,
၉။ မစ္ဆရိယ,
၁၀။ အဝိဇ္ဇာ,

**အဘိဓမ္မာနည်း သံယောဇဉ် ၁၀-ပါး။**

**မှတ်သားရန်။** ။တရားကိုယ် အရမှာ-ကာမရာဂနှင့် ဘဝရာဂ ၂ ပါးအရ လောဘ စေတသိက် ရ၏၊ ဒိဋ္ဌိ နှင့် သီလဗ္ဗတ ၂ ပါးမှာ ဒိဋ္ဌိစေတသိက် ရ၏၊ကျန် ၆- ပါးမှာ သူ့အမည် အတိုင်းစေတသိက် အသီး အသီး ရ၏၊ အဘိဓမ္မာ နည်း၌ စုစုပေါင်း တရားကိုယ် ၈-ပါးရ၏၊ နည်း ၂--မျိုးလုံး၌ တရားကိုယ်မှာ ၉--ပါး ရ၏။ ဥဒ္ဓစ္စသည် သုတ္တန်နည်း၌ သာလျှင် ပါ၍ အဘိဓမ္မာ နည်း၌ မပါ၊ ဣဿာ နှင့် မစ္ဆေရ ၂-ပါး သည် အဘိဓမ္မာ နည်း၌သာ ပါ၍ သုတ္တန်နည်း၌ မပါ၊လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ မောဟ ဤ ၆-ပါးသည် နည်း ၂--ပါးလုံး၌ ပါဝင်လေသည်။

၁။ လောဘ,
၂။ ဒေါသ,
၆။ ဝိစိကိစ္ဆာ,
၇။ ထိန,

၃။ မောဟ,
၄။ မာန
၅။ ဒိဋ္ဌိ,
၈။ ဥဒ္ဓစ္စ,
၉။ အဟိရိက,
၁၀။ အနောတ္တပ္ပ,

ကိလေသာ ၁၀--ပါး

ပူပန် ညစ်ကျုံ၊ နှိပ်စက်မှု၊ ဆယ်ခု ကိလေသာ။
နာမ် တေပညာ၊နိပ္ဖန္နာ၊ တည်ပါ လက္ခဏာ။
သဏ္ဌာန် နှစ်ဖြာ၊မြှောက်ပွါးကာ၊ တရာငါးဆယ်ရ။
ယင်းကို တခါ၊ ကိလေသာ၊ဆယ်ဖြာမြှောက်ပြန်ချ။
တထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါဖြစ်သည်ပ။

နာမ် တေပညာသ ၅၃
နိပ္ဖန္နရုပ် အဋ္ဌာရသ ၁၈
လက္ခဏ ရုပ် ၄
ပေါင်း ၇၅--ပါးကိုတည်၊
အဇ္ဈတ္တ ဗဟိဒ္ဓ သဏ္ဌာန် ၂—ပါး နှင့် မြှောက်
ရင်းကို ကိလေသာ ၁၀--ပါး နှင့် မြှောက်
ထိုအခါ ၁၅၀၀—ကိလေသာ ဖြစ်၏။

တဏှာသုံးတန်၊တည်ထားခံ၊အာ,ကာ,သန်နှင့် မြှောက်၊
တဏှာ အစစ်၊တရာ့ရှစ်၊ ဖြစ်၏ လူမှာရောက်။

**တဏှာ သုံးတန်**—ကာမ တဏှာ ဘဝ တဏှာ ဝိဘဝ တဏှာ ပေါင်းတဏှာ ၃-ပါး စ၍တည်၊

**အာ**—ရူပါရုံ စသော အာရုံ ၆-ပါး၊

**ကာ**—အတိတ် စသော ကာလ ၃—ပါး၊

**သန်**—အဇ္ဈတ္တ ဗဟိဒ္ဓ သဏ္ဌာန် ၂-ပါးနှင့် မြှောက်၊

၃×၆=၁၈×၃=၅၄×၂=၁၀၈ ဖြစ်၏။

အာသဝဩဃယောဂ ဂန္ထတရားကိုယ်၃ပါး—စီ
ဥပါဒါန်၏ တရားကိုယ်မှာ ၂—ပါး ရ၏။
နီဝရဏ၏ တရားကိုယ်မှာ ၈—ပါး ရ၏။
အနုသယ၏ တရားကိုယ်မှာ ၆—ပါး ရ၏။
သံယောဇဉ်၏ တရားကိုယ်မှာ ၉—ပါး ရ၏။
ကိလေသာ၏ တရားကိုယ်မှာ ၁၀—ပါး ရ၏။
ဤသို့ အကုသလ သင်္ဂဟကို ၉—မျိုး ရေတွက်ရ၏။

---

အာ ဩ ယော ဂန်၊ ဥ နီမှန်၊ နု သံ ကိ ကိုးပါး။
လောဘ နဝ၊ ဒိဋ္ဌိ အဋ္ဌ၊ သတ္တ အဝိဇ္ဇာ၊
ဒေါမှာ ပဉ္စ၊ ဝိကိစ္ဆ၊ ဖြစ်ကြ စတုမာ၊
မာနုဒ္ဓစ္စ၊ သုံးဌာန၊ ထိန နှစ်ဌာနာ၊
ကုက် မိဒ္ဓ ဟိ နော၊ ဣဿာ ရော၊ ဧကော တစ်ဌာနာ။
(ကုက္ကုစ္စ၊ မိဒ္ဓ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဣဿာ)

လော ကိုးမည်ရှိ၊ ဒိဋ္ဌိ ရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသာ၊ ကင်္ခါ လေးထုတ်၊ မာနုဒ္ဓစ္စ၊ သုံးမည် ရ၏၊ ထိန နှစ်မည်၊ ကြွင်းသည် ခြောက်ဝ၊ တမည်ရ၊ ပေါင်းက ရုဒ္ဒသ

၁-အကုသလ သင်္ဂဟပြီး၏

# လေ့ကျင့်ခန်း

အဘယ်ကြောင့် သမုစ္စယ သင်္ဂဟ ခေါ်သနည်း?
ဒွါသတ္တတိ အရကို ကောက်ပြခဲ့ပါ။
စိတ် ၈၉-ပါးကို အဘယ်ကြောင့် တခုတည်း ယူရသနည်း?
အနိပ္ဖန္နရုပ် ၁၀-ပါးကို အဘယ်ကြောင့် ချန်ထားသနည်း?
သင်္ဂဟ ၄-ပါး၏ အမည်နှင့် အဓိပ္ပါယ် အကျဉ်းကို ရေးပါ။
အဘယ်ကြောင့် အာသဝေါ ခေါ်သနည်း?
ကာမာသဝ နှင့် ဘဝါသဝ တို့၏ အဓိပ္ပါယ်ကို ရေးပါ။
အာသဝေါ ၄-ပါး၏ တရားကိုယ် အသီးသီးကိုပြပါ။
ဩဃ၏ အဓိပ္ပါယ်ကို ရေးပါ။
ဩဃ ၄-ပါး၏ အရကောက်ကို ရေးပါ။
ယောဂ၏ အဓိပ္ပါယ်ကို ရေးပါ။
ယောဂ ၄ ပါး၏ တရားကိုယ်ကို ကောက်ပြပါ။
ဂန္ထ၏ အဓိပ္ပါယ်ကို ရေးပါ။
နောက်ဂန္ထ ၂-ပါး၏ အဓိပ္ပါယ်ကို ရေးပါ။
အယူမှန်သူက အယူမှားသူများကို ဒင်းတို့ဟာတွေ အမှားတွေ
ဟု ပြောရာ ဣဒံသစ္စာ ဘိနိဝေသ ဖြစ်သလော?
ဂန္ထလေးပါး၏ တရားကိုယ်ကို အရကောက်ပြပါ၊
ဥပါဒါန် ၄-ပါး၏ တရားကိုယ်ကို အရကောက်ပြပါ။
နီဝရဏ၏ အဓိပ္ပါယ်ကို ရေးပါ။
ဥဒ္ဓစ္စ ကုက္ကုစ္စ ၂-ပါးကို အဘယ်ကြောင့် ပေါင်းဟောသလဲ?
နီဝရဏ၏ တရားကိုယ်ကို အရကောက်ပြပါ။
အနုသယ၏ အဓိပ္ပါယ်ကို ရေးပါ။
မဂ်သည် ဘယ် (ကာလ၌ရှိသော) အနုသယကို ပယ်သနည်း?
အနုသယ၌ ကာလ ၃-ပါး ရနိုင် မရနိုင်ပြပါ။
ကုသိုလ် အကုသိုလ် ကံများလိုက်လာပုံကို ရေးပါ။
၄င်းကံ ၂-ပါးကို မည်သူက ယူဆောင်လာသနည်း?
သံယောဇဉ်၏ အဓိပ္ပါယ်ကို ရေးပါ။

သံယောဇဉ်၏ အရကောက်တရားကိုယ်ကို ရေးပါ။
ဩရမ္ဘာဂိယ ဥဒ္ဓံဘာဂိယ ၂-မျိုးကို ခွဲပြပါ။
ဤ ၂-မျိုးတွင် မပါဝင်သော သံယောဇဉ်ကိုပြပါ။
သားသမီးသံယောဇဉ်ဆိုတာ မှုချလား? ဥပစာလား?
သုတ္တန်, အဘိဓမ္မာတို့၏ တရားကိုယ်ကို ခွဲကောက်ပါ။
၂-နည်းလုံး၌ပါသော အမည်, မပါသော အမည်ကို ခွဲပြပါ။
ကိလေသာ၏ အဓိပ္ပါယ်ကို ရေးပါ။
၁၅၀၀ ကိလေသာကို ရေတွက်ပြပါ။
တဏှာအစစ် ၁၀၈-ကို ရေတွက်ပြပါ။
လောဘ ဒိဋ္ဌိတို့၏ ဖြစ်ရာဌာန အသီးသီးကို ပြပါ။
အဝိဇ္ဇာဒေါသတို့၏ ဖြစ်ရာဌာန အသီးသီးကိုပြပါ။

မှာထားချက်။ ။ဤလေ့ကျင့်ခန်းမျိုးကို အချင်း ချင်း ဖြစ်စေ ဆရာကဖြစ်စေ ထုတ်နုတ်၍ လေ့ကျင့်ကြပါစေကုန်၊ အကျယ်အားဖြင့် မရေးသာ သေး၍ အမြွက်မျှ နည်းပြလိုက်သည်။

## ၂—မိဿက သင်္ဂဟ

၁၊ လောဘ, ၄၊ အလောဘ,
၂၊ ဒေါသ, ၅။ အဒေါသ,
၃။ မောဟ, ၆။ အမောဟ,

**ဟိတ်တရား ၆-ပါး**

**မှတ်သားရန်။** ။ကုသိုလ် အကုသိုလ် အဗျာကတတရားများကို ဆိုင်ရာ ရောနှော၍ ရေတွက် ပြခြင်းကို မိဿက သင်္ဂဟ ခေါ်သည်၊ ထို့ကြောင့် ရှေ့ဟိတ် ၃-ပါးသည် အကုသိုလ် စိတ်နှင့် ယှဉ်၍ အကုသိုလ် ဟိတ်မည်၏၊ နောက် ဟိတ် ၃-ပါးသည် ကုသိုလ်စိတ်နှင့် ယှဉ်ခိုက် ကုသိုလ် ဟိတ် မည်၏၊ ဝိပါက် ကြိယာ တို့နှင့် ယှဉ်ခိုက် အဗျာကတ ဟိတ် မည်၏။

၁။ ဝိတက်, ၅။ သောမနဿ,
၂၊ ဝိစာရ, ၆။ ဒေါမနဿ,
၃။ ပီတိ, ၇။ ဥပေက္ခာ,
၄။ ဧကဂ္ဂတာ,

**ဈာနင် တရား ၇-ပါး**

**မှတ်သားရန်။** ။**အကုသိုလ်** အတွက် အာရုံကို ကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။

**ကာမကုသိုလ်** အတွက် ဆန့်ကျင်ဘက် အကုသိုလ် တရားတို့ကို လောင်မြိုက်စေတတ်၍ ဈာန်မည်၏။

**မဟဂ္ဂုတ်** အတွက် ကသိုဏ်းစသည်ကို ရှုတတ်သောကြောင့်၎င်း ဆန့်ကျင်ဘက် နီဝရဏ တရားကို လောင်မြိုက်တတ်သောကြောင့်၎င်း ဈာန် မည်၏။

**လောကုတ္တရာ** အတွက် ကိလေသာတို့ကို လောင်မြိုက်တတ်သော ကြောင့် ဈာန်မည်၏၊ **အထူးအားဖြင့်** အကုသိုလ်ကို ဈာန် ခေါ်ရာ၌ လောဘ စိတ္တုပ္ပါဒ်တို့သည် **သက်ဆိုင်ရာ** အာရုံကို စေ့စေ့ ရှုပုံကို

အစွဲပြုကာ ဈာန် ဟု အမည်ရကြ၏၊ မြင့်မြတ်လှ၍ အထက်တန်း ကျ၍ ခေါ်ထားသော အမည်မျိုး မဟုတ်ပေ၊ ဒေါသ ထွက်၍ စေ့စေ့ကြီး ကြည့်ပုံကို သတိမူလေ၊ ဈာန် ဟူသော အမည်၏၊ မူရင်း အနယ်ကျ သဘာဝ အမည်ရင်းမှာ ဧကဂ္ဂတာ၏ သာလျှင်အမည်ဖြစ်၏၊ သို့ရာတွင် သက်ဆိုင် နိုင်သရွေ့ ဖြစ်သင့်သရွေ့ ရောပြွမ်း သိမ်းကျုံးလျက် ဈာန်ဟု ခေါ်နိုင်သော တရားမှာ ၇-ပါးရှိ၏-ဟု ပြထားသည်။

အရကောက်မှာ--

| | | | |
|---|---|---|---|
| သဝိတက္ကစိတ် | ၅၅-ပါး၌ | ရှိသော | ဝိတက်, |
| သဝိစာရစိတ် | ၆၆-ပါး၌ | ။ | ဝိစာရ, |
| ပီတိ သဟဂုတ်စိတ် | ၅၁-ပါး၌ | ။ | ပီတိ, |
| ဒွိပဉ္စဝိညာဏ်မှကြွင်း | ၇၉-ပါး၌ | ။ | ဧကဂ္ဂတာ, |
| သောမနဿသဟဂုတ် | ၆၂-ပါး၌ | ။ | သောမနဿ ဝေဒနာ, |
| ဒေါသမူ | ၂-ပါး၌ | ။ | ဒေါမနဿ ဝေဒနာ, |

စက္ခု သောတ ဃာန ဇိဝှါ ငါးဉ ဥပေက္ခာ စတုဝိညာဏ်မှ ကြွင်းသော ဥပေက္ခာသဟဂုတ် ၄၇-ပါး၌ ရှိသော ဥပေက္ခာဝေဒနာ ၄၇-ပါး လုံးသည် ဥပေက္ခာ ဈာနင် မည်၏။

ပဉ္စဝိညာဏ် ၁၀-ပါး၌ ရှိသော သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ များသည် ဥပနိဇ္ဈာနကိစ္စ မရှိ၍ ဈာနင် မမည်ပေ။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ ရှိ၏၊

၁။ သမ္မာဒိဋ္ဌိ,
၂။ သမ္မာသင်္ကပ္ပ,
၃။ သမ္မာဝါစာ,
၄။ သမ္မာကမ္မန္တ,
၅။ သမ္မာအာဇီဝ,
၆။ သမ္မာဝါယာမ,
၇။ သမ္မာသတိ,
၈။ သမ္မာသမာဓိ,
၉။ မိစ္ဆာဒိဋ္ဌိ,
၁၀။ မိစ္ဆာသင်္ကပ္ပ,
၁၁။ မိစ္ဆာဝါယာမ,
၁၂။ မိစ္ဆာသမာဓိ,

မဂ္ဂင် တရား ၁၂-ပါး

**မှတ်သားရန်။** ။သုဂတိ ဘဝသို့ရင်း နိဗ္ဗာန်သို့ရင်း ဒုဂ္ဂတိဘဝသို့ရင်း သွားရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂ မည်၏၊ ထိုမဂ်၏ အစိတ်အပိုင်း ၁၂-ပါးကို မဂ္ဂင် ခေါ်သည်၊ မဂ္ဂင် အစိတ်အပိုင်းတို့၏ အစုအပေါင်းသည် မဂ္ဂ မည်၏၊ အစိတ် နှင့် အပေါင်း မျှသာ ထူး၍ သဘော အရမှာ အတူတူပင်။

ဈာန ဈာနင် နှင့် ဗောဇ္ဈ ဗောဇ္ဈင် တရားများကဲ့သို့တည်း၊

သမ္မာ သင်္ကပ္ပ မိစ္ဆာသင်္ကပ္ပ အရ ဝိတက် ယူ၊
သမ္မာ ဝါယာမ မိစ္ဆာဝါယာမ အရ ဝီရိယ ယူ၊
သမ္မာ သမာဓိ မိစ္ဆာသမာဓိ အရ ဧကဂ္ဂတာ ယူ၊
ကျန် ၆-ပါးကို သူ့အတိုင်း အသီးသီး ယူလေ၊
ထို့ကြောင့် အရ တရားကိုယ်မှာ ၉-ပါး ရ၏။

---

| | | | |
|---|---|---|---|
| ၁။ | စက္ခုန္ဒြေ | ၁၂။ | သောမနဿိန္ဒြေ |
| ၂။ | သောတိန္ဒြေ | ၁၃။ | ဒေါမနဿိန္ဒြေ |
| ၃။ | ဃာနိန္ဒြေ | ၁၄။ | ဥပေက္ခိန္ဒြေ |
| ၄။ | ဇိဝှိန္ဒြေ | ၁၅။ | သဒ္ဓိန္ဒြေ |
| ၅။ | ကာယိန္ဒြေ | ၁၆။ | ဝီရိယိန္ဒြေ |
| ၆။ | ဣတ္ထိန္ဒြေ | ၁၇။ | သတိန္ဒြေ |
| ၇။ | ပုရိသိန္ဒြေ | ၁၈။ | သမာဓိန္ဒြေ |
| ၈။ | ဇီဝိတိန္ဒြေ | ၁၉။ | ပညိန္ဒြေ |
| ၉။ | မနိန္ဒြေ | ၂၀။ | အနညာတညဿာမီတိန္ဒြေ |
| ၁၀။ | သုခိန္ဒြေ | ၂၁။ | အညိန္ဒြေ |
| ၁၁။ | ဒုက္ခိန္ဒြေ | ၂၂။ | အညာတာဝိန္ဒြေ |

ဣန္ဒြေ ၂၂-ပါး

**မှတ်သားရန်။** ။အုပ်စိုးခြင်း, လွှမ်းမိုးခြင်းကို ပြုတတ်သော သဘောတရားသည် ဣန္ဒြေ မည်၏။

စက္ခုန္ဒြေ အစ ပုရိသိန္ဒြေ အဆုံးရှိသော ဣန္ဒြေ ၇-ပါးသည် ရုပ်ကို ကောက်ရ၍ ရုပ် ဣန္ဒြေများ မည်၏။

ရုပ် ဇီဝိတ နှင့် ဇီဝိတိန္ဒြေ စေတသိက်အားဖြင့် ရုပ်-နာမ် ၂-ပါးသည် ဇီဝိတိန္ဒြေ မည်၏။

မနိန္ဒြေ စသော ကျန် ဣန္ဒြေ ၁၄-ပါးသည် နာမ်ကို အရကောက်ရ၍ နာမ် ဣန္ဒြေများ မည်ကြ၏။

ထိုနာမ် ဣန္ဒြေ ၁၄-ပါးတို့တွင် ဝေဒနိန္ဒြေ ငါးပါး အရ ဝေဒနာ စေတသိက် တခုသာ ရ၏၊ ပညိန္ဒြေ စသော ၄-ပါးမှာ ကိစ္စအားဖြင့် ခွဲထားသော်လည်း အမောဟ တခုကိုသာ ကောက်ရ၏၊ ထို့ကြောင့် ဤနာမ် ဣန္ဒြေ ၁၄-ပါး၏ တရားကိုယ် အရမှာ စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ အားဖြင့် ၇-ပါးကိုသာ ကောက်ရ၏၊ ရုပ် သက်သက် အရ ၇-ပါးနှင့် နာမ် သက်သက် တရားကိုယ် အရ ၇-ပါး, ဇီဝိတိန္ဒြေ အရ ၂-မျိုးအားဖြင့် ဣန္ဒြေ တရားကိုယ်မှာ ၁၆-ပါး ရ၏။

ဝေဒနာ ငါးဌာန, ပညာ လေးဌာန ပါသောကြောင့်၎င်း ဇီဝိ တိန္ဒြေက ရုပ် နှင့် နာမ် ၂-မျိုး ကွဲသောကြောင့်၎င်း ဣန္ဒြေ ၂၂-ပါး တရားကိုယ်မှာ ၁၆-ပါး ရ၏ ဟူလို။

မနိန္ဒြေ-စိတ် ၈၉-ပါး ကောက်ရ၏။
သုခိန္ဒြေ-သုခ သဟဂုတ် ကာယဝိညာဏ်၌ ဝေဒနာ၊
ဒုက္ခိန္ဒြေ-ဒုက္ခ သဟဂုတ် ကာယဝိညာဏ်၌ ဝေဒနာ၊
သောမနဿိန္ဒြေ-သောမနဿ သဟဂုတ် ၆၂-ပါး၌ ဝေဒနာ၊
ဒေါမနဿိန္ဒြေ-ဒေါသမူ ၂၌ ဝေဒနာ၊
ဥပေက္ခိန္ဒြေ-ဥပေက္ခာ သဟဂုတ် ၅၅-၌ ဝေဒနာ၊
သဒ္ဓိန္ဒြေ-သောဘဏစိတ် ၅၉-၌ သဒ္ဓါ၊
ဝီရိယိန္ဒြေ-ဝီရိယ ယှဉ်သောစိတ် ၇၃-၌ ဝီရိယ၊
သတိန္ဒြေ-သောဘဏစိတ် ၅၉-၌ သတိ၊

သမာဓိ ဣန္ဒြေ-ဣန္ဒြိယနှင့် မယှဉ်သော စိတ် ၁၆-ပါးနှင့် ဝိစိကိစ္ဆာ သဟဂုတ်စိတ်ကို ၁၇-ပါးမှ ကျန် ၇၂-ပါး၌ ဧကဂ္ဂတာ၊

ပညိန္ဒြေ-လောကီတိဟိတ် ၃၉-၌ရှိသော အမောဟ (တနဲ) တိဟိတ်စိတ် ၄၇-ပါး၌ အမောဟ။

အနညာတညဿာမီတိန္ဒြေ-သောတာပတ္တိမဂ်စိတ်၌ ပညာ၊
အညိန္ဒြေ-အထက်မဂ် ၃၊ အောက်ဖိုလ် ၃-၌ ပညာ၊
အညာတာဝိန္ဒြေ-အရဟတ္တဖိုလ်စိတ်၌ ပညာ ရ၏၊

---

| | |
|---|---|
| ၁။ သဒ္ဓါဗိုလ် | ၆၊ ဟိရီဗိုလ် |
| ၂။ ဝီရိယဗိုလ် | ၇။ ဩတ္တပ္ပဗိုလ် |
| ၃။ သတိဗိုလ် | ၈။ အဟိရိကဗိုလ် |
| ၄။ သမာဓိဗိုလ် | ၉။ အနောတ္တပ္ပဗိုလ် |
| ၅။ ပညာဗိုလ် | |

ဗိုလ် ၉-ပါး

မှတ်သားရန်။ ။ဆန့်ကျင်ဘက်ကြောင့်မတုန်လှုပ်တတ်၍ ဗိုလ်မည်၏၊ တနည်း-သမ္ပယုတ်တရားများ၌ အနိုင်ခံ့ဆုံး ဖြစ်၍ ဗိုလ်မည်၏၊ ယင်း ၂-နည်းတွင် ရှေ့နည်း အရ ရှေ့ဗိုလ် ၇-ပါး ရ၏၊ နောက်နည်း အရ နောက်ဆုံး ဗိုလ် ၂-ပါး ရ၏။

သဒ္ဓါဗိုလ်သည် မသဒ္ဓါမှု အသဒ္ဓိယကြောင့် မတုန်လှုပ်၊
ဝီရိယဗိုလ်သည် ပျင်းရိခြင်း ကောသဇ္ဇကြောင့်၊
သတိဗိုလ်သည် မေ့လျော့မှု ပမာဒကြောင့်၊
သမာဓိဗိုလ်သည် ပျံ့လွင့်မှု ဥဒ္ဓစ္စကြောင့်၊
ပညာဗိုလ်သည် မသိခြင်း အဝိဇ္ဇာကြောင့်၊
ဟိရီဗိုလ်သည် မရှက်ခြင်း အဟိရိကကြောင့်၊
ဩတ္တပ္ပဗိုလ်သည် မလန့်ခြင်း အနောတ္တပ္ပကြောင့် မတုန်လှုပ်၊

အဟိရိကနှင့် အနောတ္တပ္ပ အကုသိုလ်ဗိုလ် ၂-ပါးသည် ယှဉ်ဘက်တရား အပေါင်းတို့တွင် အနိုင်ခံ့ဆုံး ဖြစ်သောကြောင့် ဗိုလ်မည်၏၊

ဤဗိုလ် ၂-ပါးသည် ဆန္ဒကျင်ဘက်ကြောင့် မတုန်လှုပ်တတ်၍ ဗိုလ်မည်၏ ဟူသော ရှေ့ဗိုလ်များ၏ သတ္တိနှင့် မတူချေ။

---

၁။ ဆန္ဒာဓိပတိ ၃။ စိတ္တာဓိပတိ
၂။ ဝီရိယာဓိပတိ ၄။ ဝီမံသာဓိပတိ

**အဓိပတိ တရား ၄-ပါး**

**မှတ်သားရန်။** ။မိမိနှင့် စပ်ယှဉ်ဖြစ်ကုန်သော တရားတို့၏ အရှင်သခင် အကြီးအမှူးသည် အဓိပတိ မည်၏။

စိတ္တာဓိပတိမှာ ဒွိဟိတ်ဇော ၁၈, တိဟိတ်ဇော ၃၄-ပါး ရ၏။
ဆန္ဒာဓိပတိမှာ ဒွိဟိတ် တိဟိတ်ဇော ၅၂-ပါး၌ ဆန္ဒ၊
ဝီရိယာဓိပတိမှာ ၎င်းဇော ၅၂-ပါး၌ ဝီရိယ၊
ဝီမံသာဓိပတိမှာ တိဟိတ်ဇော ၃၄-ပါး၌ အမောဟ ရ၏။

**ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ**
**အဓိပတိ ကောဝလဗ္ဘတိ။**
**ဒွိဟေ တိဟေ၊ ဇော နှစ်ထွေ၊ ရလေ ဓိပတိ။**

## ဣန္ဒြိယ နှင့် အဓိပတိ အုပ်ချုပ်ပုံ အထူးမှာ၊

သူတပါး အလိုနှင့် လိုက်လျော ညီညွတ်စွာ (မိမိ ကိစ္စ သတ္တိ အလျောက်) အသီးသီး စင်ပြိုင် ပဒေသရာဇာကဲ့သို့ အုပ်စိုးခြင်းသည် ဣန္ဒြေ မည်၏၊ ဝီရိယ အုပ်စိုးခိုက် တပါးသော ဝီမံသ, မန စသည်တို့သည် ဆိုင်ရာ ဆိုင်ရာ ကိစ္စအားဖြင့် မိမိဘာသာ အလျောက် အင်အား ရှိသရွေ့ အသီးသီး စင်ပြိုင် အုပ်စိုးခွင့် ရကြသည်၊ အဓိပတိ သဘောမှာ စကြဝတေးမင်းကဲ့သို့ စင်ပြိုင် မရှိ, တဦးတည်းစိုးအုပ်ခြင်း သဘော အားဖြင့် ဣန္ဒြေ ကိစ္စနှင့် အဓိပတိ ကိစ္စ ထူးကြ၏။

**ဆိုင်ရာဌာန၊ ဣန္ဒြိယ၊ စိုးကြအပြိုင်ပြိုင်၊**
**ဆန် ဝီ စိတ် ဝီ၊ဓိပတိ၊ မရှိ ထူယှဉ်ပြိုင်။**

၁။ ကဗဠီကာရော ဟာရ .... ဩဇာရုပ်
၂။ ဖဿာဟာရ .... ဖဿ
၃။ မနောသဥ္စေတနာဟာရ .... စေတနာ
၄။ ဝိညာဏာဟာရ .... စိတ်အားလုံး

**အာဟာရ တရား ၄-ပါး**

**လွန်စွာ ဆောင်မှု၊ ကျေးဇူးပြု၊ လေးခု အာဟာရ၊**

**မှတ်သားရန်။** ။ဆောင်တတ်သောကြောင့် အာဟာရမည်၏၊
ကဗဠီကာရသည် ဩဇာနှင့်တကွ ရုပ် ၈-ပါးကို၊
ဖဿာဟာရသည် ဝေဒနာကို၊
စေတနာဟာရသည် ပဋိသန္ဓေ ဝိညာဏ်ကို၊
ဝိညာဏာဟာရသည် ဖြစ်ဘက် နာမ်ရုပ်ကို ဆောင်၏၊

**ဩဇဋ္ဌမကံ ရူပံ ယေ, ဝေဒနံ ပဋိသန္ဓိကံ၊**
**နာမရူပံ အာဟာရန္တိ, တသ္မာ ဟာရာတိ ဝုစ္စရေ။**

ယေ-အကြင်တရားတို့သည်၊ (ယထာက္ကမံ-အစဉ်အတိုင်း) ဩဇဋ္ဌမကံ ရူပံ-ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကိုငင်း၊ဝေဒနံ-ဝေဒနာကိုငင်း၊ ပဋိသန္ဓိကံ-ပဋိသန္ဓေ ဝိညာဏ်ကိုငင်း၊ နာမ ရူပံ-အတူ ဖြစ်ဘက် နာမ်ရုပ်ကိုငင်း။ အာဟာရန္တိ-ကိုယ်စီကိုယ်ငှ ဆောင်ရွက်တတ်ကြကုန်၏၊တသ္မာ-ထို့ကြောင့်၊ တေ-ထို တရား ၄-ပါးတို့ကို၊ အာဟာရာတိ-အာဟာရတို့ဟူ၍၊ ဝုစ္စရေ-ခေါ်ဆိုအပ်ကုန်၏။

ဤအာဟာရ ၄-ပါးမှတပါးသော သဘောတရားများသည်လည်း မိမိတို့သက်ဆိုင်ရာ အကျိုးတရားများအား အထောက်အပံ့ ကျေးဇူးပြုသော အကြောင်းခံ အနေအားဖြင့် ဆောင်ကြ ကျေးဇူးပြုကြပါလျက် အဘဲ့ကြောင့် ဤ ၄-ပါးကိုသာ ဆောင်တတ်ကျေးဇူးပြုတတ်သော တရားများဟု ခေါ်ရသနည်း မေးခဲ့သော် ဤတရား ၄-ပါးသည်သာ သတ္တဝါတို့၏ အဇ္ဈတ္တိက သန္တာန်မှာ ဖြစ်သော တရာ

အပေါင်းထက် ထူးသော အကြောင်း၏ အဖြစ်ကြောင့် အာဟာရမည်၏ဟု ဖြေရာ၏။

အဋ္ဌာရသိက သန္တတိယာ ပန ဝိသေသပစ္စယတ္တာ
ရူမေယေဝ စတ္တာရော အာဟာရာတိ ၎တ္တာ။

ပဉ္စဝိညာဉ်၊ ဈာန်င ကြဉ်၊ ဝိုလ်ကြဉ် အဝီရေ၊
အဟိတ်တွင် မဂ်၊ ဝိုလ် ရှုနဲ့ မဂ်၊ ကောဂ် ၀ိစိကေ။

ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ–ပဉ္စဝိညာဉ်၊ဈာန်င ကြဉ်၊

ပဉ္စဝိညာဏ်၌ ရှိသော ဝေဒနာနှင့် ေကဂ္ဂတာ စေတသိက် ၂–လုံးသည့် အာရုံသို့ တင်ပို့ဆောင်ကြည်းပေးတတ်သော ရှေးဆောင်ဝိတက်၏ မရှိသောကြောင့် သူ့ဘာသာ အာရုံသို့ ငှေးရှု ကျရောက်ကာမျှဖြင်ကြ၍ ဈာန်င ကိစ္စ မတပ်နိုင်၊ ဈာန်ကိစ္စကို မဆောင်ရွက်နိုင်ကြကုန်၊

အဝီရိယေသု ဗလာနိ–ဝိုလ်ကြဉ် အဝီရေ–

ဝီရိယနှင့် မယှဉ်ကုန်သော အဝီရိယစိတ် (ဒွိပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃–အားဖြင့်) တဆဲ့ခြောက်ပါးတို့၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည့် ဝီရိယ (အားထုတ်မှု) မရှိခြင်းကြောင့် ဗိုလ်ကိစ္စကို မဆောင်ရွက်နိုင်ပေ။

အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ–အဟိတ်တွင် မဂ်–

အဟိတ်စိတ်၌ ယှဉ်သော ဝိတက် ဝီရိယ ဧကဂ္ဂတာ စေတသိက် ၃–လုံးသည် ဟိတ်ကင်းသောကြောင့် ရင်းအားနည်းလှ၍ရင်း မဂ္ဂင်ကိစ္စ မတပ်နိုင်ပေ။

တထာ ဝိစိကိစ္ဆာ စိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ နဂစ္ဆတိ၊ ဗိုလ် ဣန် မဂ်၊ ကေဂ် ဝိစိကေ–

ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် အာရုံကို အဆုံး အဖြတ် ပေးတတ်သော အဓိမောက္ခ၏ မယှဉ်သောကြောင့် မိစ္ဆာမဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ် ကိစ္စများ မတတ်နိုင်ချေ။

ဆ ဟေတူ ပဉ္စ ဈာနင်္ဂါ, မဂ္ဂင်္ဂါ နဝ ဝတ္ထုတော၊
သောဠသိန္ဒြိယ ဓမ္မာစ, ဗလဓမ္မာ နဝေရိတာ။
စတ္တာရောဓိပတိ ဝုတ္တာ, တထာဟာရာတိ သတ္တဓာ၊
ကုသလာဒိ သမာကိဏ္ဏော, ဝုတ္တော မိဿကသင်္ဂဟော။

ဟေ ဈာ မဂ္ဂ၊ ဣန် ဗလ၊ ဓိ ဟ ခုနှစ်မည်၊
ဟေတု ခြောက်လျှင်၊ ငါးဈာနင်၊ မဂ္ဂင် ကိုးခုသိ၊
ဆဲ့ခြောက် ဣန္ဒြေ၊ ဗိုလ် ကိုးထွေ၊ လေးထွေ ဟာ ဓိပတိ။

မိဿကသင်္ဂဟ ပြီး၏

---

## မောဓိပက္ခိယ သင်္ဂဟ

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

သတိပဋ္ဌာန် တရား ၄–ပါး

ပ–လွန်ကဲစွဲမြဲစွာ၊ ဌာန–သက်ဝင်တည်နေခြင်း၊စွဲမြဲစွာ သက်ဝင်နေသော သတိ စေတသိက်သည် သတိပဋ္ဌာန် မည်၏။

မှတ်သားရန်။ ။ဗုဒ္ဓုတိတိ ဗောဓိ၊ မဂ်ဉာဏ် ၄-ပါး ရ၏။ ဗောဓိယာ ပက္ခော ဗောဓိပက္ခော၊ မဂ်ဉာဏ်၏ အဘို့ မဂ်ဉာဏ်၏ ဘက်တော်သား ဖြစ်သော တရား ရ၏၊ ဗောဓိပက္ခေ ဘဝါ ဗောဓိပက္ခိယာ၊ မဂ်ဉာဏ်၏ ဘက်တော်သား တရားစု၌ ပါဝင်သော တရားသည် ဗောဓိပက္ခိယ မည်၏၊ ထို့ကြောင့် မဂ်ဉာဏ်အား ကျေးဇူးပြုတတ်သည့် မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာ ၂၆ ပေါင်း ၄၂-ပါး၌ ယှဉ်သော စေတသိက် ၁၄-ပါးကို အရကောက်။

ဗောဓိပက္ခိ အရ ဗောဓိသမ္ဘာရကို ကောက်ရ၏၊
ဗောဓိပက္ခိယ အရ ၃၇-ပါးကို ရ၏၊

**သတိစေတသိက် တပါးတည်း ဖြစ်ပါလျက် အဘယ့်ကြောင့် သတိပဋ္ဌာန် တရားကို ၄-ပါး ဟောတော်မူပါသနည်း?**

ကာယဝေဒနာ စိတ္တဓမ္မအားဖြင့် အာရုံ ၄-ပါးရှိ၍၎င်း, အသုဘ ဒုက္ခ အနိစ္စ အနတ္တအားဖြင့် ယူပုံ အခြင်းအရာ ၄-မျိုး ၄-စုး ၄-ပါး ပြားသောကြောင့်၎င်း, သုဘ သုခ နိစ္စ အတ္တ အားဖြင့် ဝိပလ္လာသ ၄-ပါး ဟူသော ပယ်အပ် ပယ်သင့်သော ကိစ္စ အပြား ၄-ပါးရှိ၍၎င်း, သတိစေတသိက် တမျိုး တပါးတည်းကိုသာ အရ ကောက်ရသော်လည်း သတိပဋ္ဌာန်ကို ၄-ပါး ဟောထားသည်၊ အာရုံ ၄-မျိုးအားဖြင့်၎င်း, ယူပုံ (နှလုံးသွင်းပုံ) ၄-မျိုးအားဖြင့်၎င်း ပယ်ပုံပယ်နည်း ကိစ္စ ၄-မျိုးအားဖြင့်၎င်း ဟောထားသည်။

---

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊
ဖြစ်ပြီးအကုသိုလ်တို့ကို ပယ်ခြင်း၌ အားထုတ်ခြင်း။၊

အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊
မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်အောင်၊

အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊
မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင်၊

## ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ၊ ဖြစ်ပြီး ကုသိုလ်တို့ကို တိုးပွါးအောင် အားထုတ်ခြင်း။

### သမ္မပ္ပဓာန် တရား ၄-ပါး

**မှတ်သားရန်။** ။သမ္မာ ပဒဟန္တိ ဧတေနာတိ သမ္မပ္ပဓာနံ၊ ကောင်းစွန် မှန်ကန်စွာ အားထုတ်ကြောင်း ဝီရိယသည် သမ္မပ္ပဓာန် မည်၏၊ သမ္မပ္ပဓာန် အရ ကုသိုလ်စိတ် ၂၁-ပါး ရှိသော ဝီရိယ စေတသိက် တပါးတည်း ကောက်ယူရသော်လည်း ဖြစ်ပြီး အကုသိုလ်တို့ကို မဖြစ်စေအောင် အားထုတ်ခြင်း စသော အားထုတ် လုပ်ကိုင်ပုံ အမှုကိစ္စ အားလျော်စွာ ၄-မျိုး ၄-စား ၄-ပါး ဟောသားသည်။

ဥပမာ-လူတယောက်သည် လယ်လုပ်, ကုန်သွယ်, လှေထိုး လှတိုက် ၄-က်စ္စ အလုပ် ၄-မျိုးကို လုပ်တတ်လျှင် လယ်သမား ဟူ၍၎င်း ကုန်သည် ဟူ၍၎င်း ဤသို့စသည်လေးမည်ရသကဲ့သို့တည်း။

### ဖြစ်ပြီး အကုသိုလ်ကို အဘယ်သို့ ပယ်နိုင်ပါသနည်း?

သူတပါးအသက် သတ်မိလျှင်နောင်မသတ်တော့ပါဟု အလားတူ အကုသိုလ် အမျိုးအစားတို့ကို နောက်ထပ် မပြုခြင်းသည် ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ရအောင် အားထုတ်ခြင်း သမ္မပ္ပဓာန် မည်၏၊ ပြုမိပြီးသော အကုသိုလ်ကို နောင်တ တဖန် ပူပန်သော အားဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်းမပြုဘဲ မေ့ပျောက်အောင် အခြားကုသိုလ်များကို အားထုတ်ခြင်းသည်လည်း ဖြစ်ပြီး ကုသိုလ်ကို ပယ်သည် မည်၏၊ မဖြစ်ဘူးသေးသော အကုသိုလ်ကို မဖြစ်ဘို့ အားထုတ်ခြင်း ဆိုရာ၌ ဘဝများစွာ သံသရာမှာ မဖြစ်ဘူးသော အကုသိုလ် မည်သည် မရှိ စေကာမူယခုဘဝတွင်မဖြစ်ဘူး မပြုဘူးသေးသောန္တားသတ် မြင်းသတ် ဆင်သတ် လူသတ်ခြင်း စသော အကုသိုလ် အသစ်မျိုးကို ယူလေ၊ မဖြစ်ဘူး ဖြစ်ဘူး ကုသိုလ်တို့ကိုလည်း ဤနည်း အတိုင်းမှတ်။

**ကြောခြင်း ရိုးရေ၊ ကြွင်းလေစေ၊ ကုန်စေသား အသွေး၊ အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန် လေး၊**

၁။ အကြော အချဉ်မျှ ကြွင်းကျန်ပေစေ၊
၂။ အရိုး အရေမျှ ကြွင်းကျန်ပေစေ၊
၃။ အသားတွေ အကုန် ကုန်ခမ်းသွားပေစေ၊
၄။ အသွေးတွေ ရှိသမျှ ကုန်ခမ်းသွားပေစေ–ဟူ၍အင်္ဂါ ၄–ပါးနှင့် အညီ အသက်ကိုသော်မှ မငဲ့မညှာဘဲ အားထုတ် ကြိုးစားမှု ဝီရိယ အမျိုးအစားသည်သာ သမ္မပ္ပဓာန် မည်နိုင်သည်။

———

၁၊ ဆန္ဒိဒ္ဓိပါဒ် ၃။ စိတ္တိဒ္ဓိပါဒ်
၂။ ဝီရိယိဒ္ဓိပါဒ် ၄။ ဝီမံသိဒ္ဓိပါဒ်

ဣဒ္ဓိပါဒ် တရား ၄–ပါး

မှတ်သားရန်။ ။ဣဇ္ဈတီတိ ဣဒ္ဓိ၊ ဈာန် မဂ် ဖိုလ် ရအောင် အားထုတ်ရာ၌ ဈာန် မဂ် ဖိုလ် ဖြစ်လာခြင်း (ရရှိခြင်း) ပြည့်စုံလာခြင်းသည် ဣဒ္ဓိ မည်၏၊ ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ၊ ထို ဈာန် မဂ် ဖိုလ်တို့ကိုရဖို့ရန် အခြေခံဖြစ်သော ဆန္ဒစသည်ကား ဣဒ္ဓိပါဒ မည်၏၊ ကာမာဝစရကုသိုလ် မဟဂ္ဂုတ်ကုသိုလ် မဂ်ကုသိုလ် ပေါင်း ကုသိုလ် ၂၁–ပါး၌ ရှိသော ဆန္ဒ ဝီရိယ ဝီမံသ (ပညာ)နှင့် ထို ကုသိုလ်စိတ် ၂၁–ပါးကို ဣဒ္ဓိပါဒ်၄–ပါး အရ ကောက်ရ၏။

———

၁။ သဒ္ဓိန္ဒြေ ၄။ သမာဓိန္ဒြေ
၂။ ဝီရိယိန္ဒြေ ၅။ ပညိန္ဒြေ
၃။ သတိန္ဒြေ

ဣန္ဒြေ ၅–ပါး

———

၁။ သဒ္ဒါဗိုလ် ၄။ သမာဓိဗိုလ်
၂။ ဝီရိယဗိုလ် ၅။ ပညာဗိုလ်
၃။ သတိဗိုလ်

ဗိုလ် ငါးပါး

၁။ သတိသမ္ဗောဇ္ဈင်
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်
၃။ ဝီရိယသမ္ဗောဇ္ဈင်
၄။ ပီတိသမ္ဗောဇ္ဈင်
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်
၆။ သမာဓိ သမ္ဗောဇ္ဈင်
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်

ဗောဇ္ဈင် ၇-ပါး

**မှတ်သားရန်။** ။ဗုဇ္ဈတိ ဧတာယာတိ ဗောဓိ၊ ယောဂီ ပုဂ္ဂိုလ်တို့၏ သစ္စာလေးပါးကို သိရကြောင်း သတိစသော တရား ၇-ပါး အပေါင်း ရ၏။

ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ၊ ဗော ဇ္ဈင် တရား အပေါင်းတွင် ပါဝင်သော အစိတ်အင်္ဂါသော တရားများသည် ဗောဇ္ဈင်္ဂ-ဗောဇ္ဈင် မည်၏၊ အစဆုံး ဗောဓိပက္ခိယ၌ ပါသော ဗောဓိသဒ္ဒါ၏ အနက် အရကောက်မှာ မဂ်ဉာဏ်ကို ကောက်ရ၏၊ ဤ ဗောဇ္ဈင်္ဂပုဒ်၌ ဗောဓိ သဒ္ဒါ၏ အနက် အရကောက်မှာ သတိ ပညာ စသော တရား ၇-ပါးကို အရကောက် ယူရ၏။

---

၁။ သမ္မာဒိဋ္ဌိ
၂။ သမ္မာသင်္ကပ္ပ
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
၆။ သမ္မာဝါယာမ
၇။ သမ္မာသတိ
၈။ သမ္မာသမာဓိ

မဂ္ဂင်တရား ၈-ပါး

**မဂ္ဂင် အဌ၊ ထင်ရှားလှ၊ ဝဋ်မှ ထွက်ကြောင်းသိ။**

**မှတ်သားရန်။** ။သတိပဋ္ဌာန် ဣဒ္ဓိပါဒ် ဗောဇ္ဈင် မဂ္ဂင်တို့၏ တရားကိုယ်ကောက်ရာ ဌာနဝိတ်များမှာ မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောပေါင်း ၄၂-ပါး ဖြစ်၏၊ သမ္မပ္ပဓာန် နှင့် ဣဒ္ဓိပါဒ် ကောက်ရာ စိတ်ကား ကုသိုလ် ၂၁-ပါးတည်း။

ဆန္ဒော စိတ္တ မုပေက္ခာ စ, သဒ္ဓါပဿဒ္ဓိ ပီတိယော၊
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ, ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ, စုဒ္ဒသေတေ သဘာဝတော၊
သတ္တတိံသ ပဘေဒေန, သတ္တဓာ တတ္ထ သင်္ဂဟော။

စိတ္တ–မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော ၄၂–ပါး၊
ဥပေက္ခာ–တတြမဇ္ဈတ္တတာ စေတသိက်၊
ပဿဒ္ဓိ–ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ၂–ပါးလုံး။

မှတ်သားရန်။ ။စုဒ္ဒသေတေ သဘာဝတော–ဖြင့် ဗောဓိပက္ခိယ တရားတို့၏ တရားကိုယ် ၁၄–ပါး ပြ၏။ (ပဿဒ္ဓိကို ၂–မျိုး ခွဲယူလျှင် ၁၅–ပါး ဖြစ်၏)

သတိ ဝီရိယ ဆန္ဒ စိတ္တ ပညာ သဒ္ဓါ သမာဓိ ပီတိ၊
ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တတြမဇ္ဈတ္တတာ ဝိတက် ဝိရတိ၊
သ ဝီ ဆန် စိ၊ ပဉ် သဒ် ဓိ၊ ပီ ပယ် တတ် ဝိ တို့။

သတ္တတိံသ ပဘေဒေန–ဖြင့် ဗောဓိပက္ခိယ တရားတို့၏ အသီးအသီး နာမည် အရေအတွက် ၃၇–ပါးကို ပြ၏၊သတိပဋ္ဌာန် ၄–ပါး စသည်ရေတွက်ယူ၊သတ္တဓာ တတ္ထသင်္ဂဟော–ဖြင့်သင်္ဂဟ ၇–ပါးပြ၏။

ကိုးမည် ဝီရိ၊ ရှစ် သတိနှင့်၊ မှတ်သီ ဥာဏ်ငါး၊ လေးပါး ကဂ္ဂတာ၊ ဒွေ သဒ္ဓါတည်း၊ ပေက္ခာ သင်္ကပ်၊ ပဿဒ် ပီတိ၊ ဝိရတိ ဆန္ဒ၊စိတ္တကိုးပါး၊တမည်ခြားသည်၊ဌာန်ပြား သုံးဆဲ့ခုနှစ်တည်း။

သံဝေ လောကုတ္တရေ ဟောန္တိ, န ဝါသင်္ကပ္ပ ပီတိယော။
ပဌမဈာန်၌ ဗောဓိပက္ခိယ ၃၇–ပါးလုံး ဖြစ်ကုန်၏၊
ဒု–တဈာန်၌ သင်္ကပ္ပ ဝိတက် မဖြစ်၍ ၃၆–သာ ဖြစ်၏၊
စတုတ္ထဈာန်၌ ပီတိ မဖြစ်၍ ၃၅–ပါးသာ ဖြစ်၏။
(သင်္ကပ္ပကို ဒု–တ၌, ပီတိကို စ–၌ မရအပ် ဟူလို)

လောကိ ယေပိ ယထာယောဂံ, ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ၊
ဗောဓိ အရ၊ ဆတ္တိံသ၊ ဘယ် ပုဂ္ဂလတွင် ဖြစ်သနည်း။
ဗောဓိ အရ၊ သတ္တိံသ၊ အရိယပုဂ္ဂလတွင် ဖြစ်သတည်း။

သီလ စိတ္တ ဒိဋ္ဌိ ကင်္ခါ မဂ္ဂါ ပဋိ ဉာ် ဆဝိသုဒ္ဓိ တရားများဖြစ်စေတို့ရာ လောကီ ကုသိုလ် ကြိယာ စိတ်များဖြင့် အားထုတ်ရာ၌ သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယ တရားများသည် လောကီ ကုသိုလ် ကြိယာ စိတ်များ၌ လျော်သလို ရကြသေးသည်။

ဗောဓိပက္ခိယ သင်္ဂဟ ပြီး၏

---

## ၄—သဗ္ဗသင်္ဂဟ

၁။ ရူပက္ခန္ဓာ, ၄။ သင်္ခါရက္ခာ,
၂။ ဝေဒနက္ခန္ဓာ, ၅။ ဝိညာဏက္ခန္ဓာ,
၃။ သညာက္ခန္ဓာ,

ခန္ဓာ ငါးပါး

**သဗ္ဗသင်္ဂဟ**။ ။စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသော ပရမတ္ထ တရားအားလုံးကို သိမ်းကြုံးရေတွက်ရာသည် သဗ္ဗသင်္ဂဟ မည်၏။

**မှတ်သားရန်**။ ။ခန္ဓ-အစု အပုံ၊ရုပ်တွေ လုံးရေ များစွာတဖြုံးကြီး စုဝေးလုံးထွေး နေသည်ကို ခန္ဓာ ဟု မဆိုလို၊ပထဝီ ဓာတ် တခုသည် ကာလသုံးပါးအားဖြင့်ရင်း သန္တာန်-၂ပါး ဩဠာရိက သုခုမ-၂ ပါး ဟီန ပဏီတ ၂-ပါး, ဒူရ သန္တိက ၂-ပါး အားဖြင့် ကွဲပြားခဲ့ရာ ဉာဏ်ဖြင့် ထိုအပြားကို စု၍စု၍ ရှုအပ်သောကြောင့် ခန္ဓာ မည်ရလေသည်၊ ဝေဒနာ သညာတို့လည်း လုံးရေ အရ ကောက် တခုစီသာ ရှိစေကာမူ ဆိုအပ်ပြီးသော အပြားများကို စုပေါင်းသော အားဖြင့် ခန္ဓာ မည်လေသည်၊ဉာဏ်ဖြင့်သာ စု၍ ရကောင်း၏၊ လုံးကောက်ချင်း ပူးပေါင်း စု၍ မရပေ၊အတိတ် ပစ္စုပ္ပန် နှင့် အနာဂတ် တရားများ ကာလခြားကာ ထင်ရှား မရကောင်းသောကြောင့်တည်း၊ဉာဏ်အား မြင်လွယ် သိလွယ်ခဲ့လျှင် သန္တိက ဩဠာရိက, ဉာဏ်အား အမြင် မလွယ်လျှင် ဒူရ-သုခုမ မည်ပေ၏၊နိဗ္ဗာန် သည်ကား ဗဟိဒ္ဓ သုခုမ ပဏီတ ဒူရ တမျိုးတစားတည်းသာ ဖြစ်သောကြောင့် ခန္ဓာ မမည်ချေ။

သုံးတွေ့ ကာလ၊ သန္တာန ဒွိ၊ ဩဠာရိက၊ သုခုမ နှင့်၊ ဟီန
ပဏီတေ၊ ဒူရေ သန္တိ၊ အပြားရှိ၊ ခေါ်ဘိ ခန္ဓာ မှန်၊
ဗဟိ သုခ၊ ဒူရပဏီ၊ တမျိုးစီရ၊ နိဗ္ဗာန၊ ခန္ဓဝိမုတ္တံ၊
ဘေဒါ ဘာဝေန နိဗ္ဗာနံ, ခန္ဓ သင်္ဂဟ နိဿဋ္ဌ။

---

၁။ ရူပုပါဒါနက္ခန္ဓာ, ၄။ သင်္ခါရုပါဒါနက္ခန္ဓာ,
၂။ ဝေဒနုပါဒါနက္ခန္ဓာ, ၅။ ဝိညာဏုပါဒါနက္ခန္ဓာ,
၃။ သညုပါဒါနက္ခန္ဓာ,

ဥပါဒါနက္ခန္ဓာငါးပါး

**မှတ်သားရန်။** ။ ခန္ဓာ ငါးပါး၌ လောကီ လောကုတ္တရာ အားလုံးကို ရ၏။ ဥပါဒါ နက္ခန္ဓာ၌ ဥပါဒါန် တရားတို့၏ အာရုံ ဖြစ်သော လောကီစိတ် စေတသိက် ရုပ် တရားစုကိုသာ (ဝိပဿနာ ရှုရန်အတွက် ဟောထားသောကြောင့်) အရကောက်ယူရသည်။

ရုပ် အနိစ္စစသဖြင့် ဝိပဿနာရှုရာ၌ အသုံးဝင်၍ ဥပါဒါန်တို့၏ အာရုံဖြစ်သော လောကီစိတ် စေတသိက် ရုပ် စုကိုသာ အရကောက် ယူရသည်ဟူလို၊ မူလခန္ဓာငါးပါးမှာ ပရမတ္ထ သဘာဝ၏ သဘော အရ ဖြစ်သင့်သမျှကို ပြခြင်းကြောင့် လောကီ လောကုတ္တရာအားလုံး ကောက်ရ၏၊ ထိုကြောင့် ဝိပဿနာ ရှုရာတွင် လောကီခန္ဓာကိုသာ ရှုရ၏၊ လောကုတ္တရာစိတ္တုပ္ပါဒ် ဟူသော ခန္ဓာကိုကား မရှုအပ်။

ခန္ဓာနှစ်ထပ်၊ ဟောပေလတ်၊ တရပ်ဘယ်ကြောင့် ဟောသနည်း?
ခန္ဓာနှစ်တန်၊ ဟောပေရန်၊ ဥပါဒါန်ကြောင့် ဟောသတည်း၊
ခန္ဓာနှစ်ဝ၊ ဟောဘော်ပြ၊ ဝေနေယျကြောင့် ဟောသတည်း၊
ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေ မှာရေပွက်ဟန်၊
တံလျှပ် ပမာ၊ မှတ်သညာ၊ သင်္ခါ ငှက်ပျော စံ၊
မျက်လှည့် အသွင်၊ စိတ် ဝိညာဉ်၊ ငါးအင် နှစ်မဲ့ခန်၊

ရူပက္ခန္ဓာသည် စားခွက်နှင့် တူ၏၊
ဝေဒနာက္ခန္ဓာသည် ထမင်း စားဘွယ်နှင့် တူ၏၊

သညာက္ခန္ဓာသည် ဟင်းလျာ (အရသာ) နှင့် တူ၏၊
သင်္ခါရက္ခန္ဓာသည် ချက်ပြုတ်ပေးသူ နှင့် တူ၏။
ဝိညာဏက္ခန္ဓာသည် စားသောက်သူ နှင့် တူ၏။

စေတနာ စေတသိက် သည် သင်္ခါရ မည်၏၊ ထိုသင်္ခါရခေါ် စေတနာ စေတသိက် ခေါင်းဆောင်သော စေတသိက်စု၌ ကျန်ရှိသမျှ စေတသိက် ၅၀-ပါးလုံး သိမ်းကြုံးပူငင်၍ သင်္ခါရက္ခန္ဓာ၌ ထည့်သွင်း ဟောကြား သင့်ပါလျက် အဘယ်ကြောင့် ဝေဒနာ နှင့် သညာ ၂-ပါးကို သီးခြား ခန္ဓာ ဖွဲ့၍ဟောပါသနည်း?

သံသရာ တွင်၌ သာယာမှုနှင့် သာယာမှု ဖြစ်ပေါ်လာအောင် ဖန်တီးပေးမှု၌ ဝေဒနာနှင့် သညာ ၂-ပါးသည် အချယ်လှယ်နိုင်ဆုံး ခေါင်းဆောင်များ ဖြစ်ကြ၍ (အလွန် အရေးကြီး ထင်ရှားသော တရား ၂-ပါးဖြစ် သဖြင့်) ၎င်း ၂-ပါးကို သီးခြား ခန္ဓာ ဖွဲ့၍ ဟောရပါသည်။

ဝဋ္ဋမေမွသု အဿာဒံ, တဒဿာဒုပသေစနံ၊
ဝိနိဗ္ဘုဇ္ဇ နိဒဿေတုံ, ခန္ဓဒွယ မုဒါဟဋံ။

ဝဋ္ဋမေမွသု-ဝဋ်တရားတို့၌၊ အဿာဒံ-သာယာအပ်သော တရား ကိုင်း၊ တဒဿာဒုပသေစနံ-ထိုသာယာမှုကို ထပ်လောင်း မွမ်းမံ (စီမံဖန်တီး ထောက်ခံ) ပေးတတ်သော တရားကိုင်း၊ ဝိနိဗ္ဘုဇ္ဇ- သီးခြား ခွဲထုတ်၍၊ နိဒဿေတုံ- ပြခြင်းငှါ၊ ခန္ဓာဒွယံ- ဝေဒနာက္ခာ သညာက္ခန္ဓာ ၂-ပါးကို၊ ဥဒါဟဋံ-ထုတ်ပြထားတော် မူအပ်၏။

---

| | |
|---|---|
| ၁။ စက္ခာယတနံ, | ၇။ ရူပါယတနံ, |
| ၂။ သောတာယတနံ, | ၈။ သဒ္ဒါယတနံ, |
| ၃။ ဃာနာယတနံ, | ၉။ ဂန္ဓာယတနံ, |
| ၄။ ဇိဝှါယတနံ, | ၁၀။ ရသာယတနံ, |
| ၅။ ကာယာယတနံ, | ၁၁။ ဖောဋ္ဌဗ္ဗာယတနံ, |
| ၆။ မနာယတနံ, | ၁၂။ ဓမ္မာယတ, |

အာယတန ၁၂-ပါး

**မှတ်သားရန်။** ။ထိုထိုဒွါရ ထိုထိုအာရုံတို့၌ စိတ်စေတသိက်တို့၏ မိမိဆိုင်ရာ ကိစ္စကို အားထုတ်ရာဖြစ်၍၎င်း, စိတ်စေတသိက်တို့ကို ချဲ့ဘတ်သောကြောင့်၎င်း, သံသရာဝဋ်ကို ချဲ့တတ်သောကြောင့်၎င်း အာယတန မည်၏။

ဒွါရ ၆–ပါး အာရုံ ၆–ပါးပြားသောကြောင့် အာယတန ၁၂–ပါး၊ ဒွါရ အာရုံ ဝိညာဏ် ၆–ပါးစီ ပြား၍ဓာတ် ၁၈–ပါး ပြား၏။

စက္ခုပသာဒ စသော ပသာဒရုပ် ၅–ပါးနှင့် စိတ်အားလုံးသည် စက္ခာယတန စသည်မည်၏၊ ၎င်းအာယတန ၆–ပါးကို ဒွါရာယတန ဟူ၍၎င်း, အဇ္ဈတ္တိကာယတနဟူ၍၎င်း ခေါ်၏။ ရူပါရုံစသော အာရုံ ၅–ပါးနှင့် စေတသိက် ၅၂, သုခုမရုပ် ၁၆, နိဗ္ဗာန်တို့သည် ရူပါယတန စသည် မည်၏၊၎င်းနောက် အာယတန ၆–ပါးကို အာရမ္မဏာယတန ဟူ၍၎င်း ဗာဟိရာယတန ဟူ၍၎င်း ခေါ်သည်။

ရူပါယတန အစ ဖောဋ္ဌဗ္ဗာယတန အဆုံးရှိသော အာယတန ၁၀–ပါးသည် ရုပ်အာယတန မည်၏၊ ဩဠာရိကာ ယတနလည်း မည်၏၊ မနာယတနသည် နာမ်အာယတန မည်၏၊ ဓမ္မာယတနသည် ရုပ်–နာမ် ၂–ပါးရောသော အာယတန မည်၏။

စက္ခာယတန အစ ရသာယတန အဆုံးရှိသော ၅ာအာယတန ၉–ပါးသည် သုဒ္ဓါယတန မည်၏၊(ဘာနဲ့မှ မရောရဘဲ တရားကိုယ်တခုစီသာ ရှိ၍ သုဒ္ဓါယတန မည်၏ ဟူလို၊)မနာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန ၃–မျိုးသည် တရား အမျိုးမျိုးကို ရောနှောဖွဲ့အပ်သောကြောင့် မိဿကာယတန မည်၏။

မနာယတန၌ ကု–အကု–ဝိ–ကြိ ၄–မျိုးရောသည်၊
ဖောဋ္ဌဗ္ဗာယတန၌ ပထဝီ တေဇော ဝါယော ၃–မျိုး ရောနေ၏။
ဓမ္မာယတန၌ စေ ၅၂, သုခုမရုပ် ၁၆, နိဗ္ဗာန်, ရောဖွဲ့ထားသည်။

**စေ သုခုမ်၊ မြတ်နိဗ္ဗာန်၊ သုံးတန် "ဓမ်"အရ။**
**ရွာပျက်ကြီးနှယ်၊ ရွှေခြောက်သွယ်၊ နောက်ဝယ်တစ်ထားပြ၊**

| ပသာဒဓာတ် | အာရုံဓာတ် | ဝိညာဏ်ဓာတ် |
|---|---|---|
| စက္ခု | ရူပ | စက္ခုဝိညာဏ |
| သောတ | သဒ္ဒ | သောတဝိညာဏ |
| ဃာန | ဂန္ဓ | ဃာနဝိညာဏ |
| ဇိဝှါ | ရသ | ဇိဝှါဝိညာဏ |
| ကာယ | ဖောဋ္ဌဗ္ဗ | ကာယဝိညာဏ |
| မန | ဓမ္မ | မနောဝိညာဏ |

**ဓာတ်တရား ၁၈-ပါး**

**မှတ်သားရန်။** ။ဤမိ သဘောကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏၊ မနာသတနသည် ဝိညာဏဓာတ် ၇-ပါး ပြားလာ၏၊ ပဉ္စဝိညာဏ်သည် ပဉ္စဝိညာဏဓာတ်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း ၃-ပါးသည် မနောဓာတ်၊ ကျန်စိတ် ၇၆-ပါးသည် မနောဝိညာဏ ဓာတ် မည်ကြ၏၊ ဓမ္မဓာတ်သည် ဓမ္မာယတနနှင့် တူ၏။

**သတ္တ ဇီဝ၊ ကင်းစင်ပ၊ ဘာဝ ဓာတ်တိုင်းဖြစ်၊**
**စိတ်မနော ၊ ဓာတ်ခွန်စေ၊ တွက်ရေဓာတ်ဆဲ့ရှစ်။**

စက္ခု အစ ဖောဋ္ဌဗ္ဗ အဆုံး ရှိသော ဓာတ်၁၀-ပါးသည် ရုပ်ဓာတ် (ဩဠာရိကဓာတ်) မည်၏၊ ဝိညာဏဓာတ် ၇-ပါးသည် နာမ်ဓာတ် မည်၏။ ဓမ္မဓာတ်သည် ရုပ်နာမ် ရောသော မိဿက ဓာတ် မည်၏။ (ရုပ် သက်သက် ၁၀၊ နာမ် သက်သက် ၇၊ မိဿက-၁ =၁၈ ) တနည်း ပသာဒဓာတ် ၅-ပါး, အာရုံဓာတ် အစ ၄-ပါး ဤ ၉-ပါးသည် သုဒ္ဓဓာတ် မည်၏၊ ကျန်၉-ပါးသည် မိဿကဓာတ် မည်၏။

---

၁။ ဒုက္ခသစ္စာ　　၃။ နိရောဓသစ္စာ
၂။ သမုဒယ သစ္စာ　　၄။ မဂ္ဂသစ္စာ

**သစ္စာ တရား ၄-ပါး**

**မှတ်သားရန်။** ။အရိယသစ္စာ၊အရိယာနှိ သစ္စာနိ အရိယသစ္စာနိ၊ အရိယာ၏ အဖြစ်ကို ပြုတတ်ကုန်သော အမှန်တရားများသည် အရိယ

သစ္စာ မည်၏၊ တနည်း-အရိယာနံ သစ္စာနိ အရိယ သစ္စာနိ၊အရိယာ-တို့၏ မြင်အပ် သိအပ်သော အမှန်တရားသည် အရိယာသစ္စာမည်၏၊ တနည်း-အရိယသသစ္စာနိ အရိယသစ္စာနိ၊အရိယာဖြစ်တော်မူသော၊ ဘုရားမြတ်၏ အမှန်တရားများသည် အရိယသစ္စာ မည်၏။

လောကီစိတ် ၈၁, လောဘမှ ကြွင်းသော စေတသိက် ၅၁ ရုပ် ၂၈, ဤတရားစုသည် ဒုက္ခသစ္စာ မည်၏၊ လောဘသည် သမုဒယ သစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓ သစ္စာ မည်၏၊ မဂ်စိတ် ၄-၌ ရှိသော မဂ္ဂင်တရားကိုယ် ၈ပါးသည် မဂ္ဂ သစ္စာမည်၊

မဂ် စိတ္တုပ္ပါဒ်-၂၉, ဖိုလ်စိတ္တုပ္ပါဒ် ၃၇-သည်သစ္စာ ဟူသော အရေ အတွက်၌ မပါ၍ ဝိမုတ္တိ မည်၏။

စတုသစ္စဝိနိမ္မုတ္တာ ဥပေက္ခာ နာမ နတ္ထိ။ ။သစ္စာ ၄-ပါးမှ လွတ်သော တရား မရှိ ဆိုသော ကြောင့် ပရမတ္ထ တရားအားလုံးကို သစ္စာ၌ သွင်းလိုသော် ဖိုလ်စိတ်နှင့် ယှဉ်သော မဂ္ဂင် တရားကိုယ် ၈-ပါးကိုမဂ္ဂသစ္စာ၌ သွင်း၍မဂ္ဂင်တရားကိုယ်၈ပါးမှကြွင်းကျန်သော မဂ်စိတ္တုပ္ပါဒ် ၂၉-နှင့် ဖိုလ်စိတ္တုပ္ပါဒ် ၂၉-တို့ကိုဒုက္ခ သစ္စာ၌ သွင်းပါ။

သစ္စာကို အဘယ့်ကြောင့် ၄-ပါးသာ ဟောပါသနည်း?

သံသရာ အဘန် တလဲလဲ ဖြစ်မှု ဒုက္ခ(ပဝတ္တိ)သဘော,သံသရာမှ ထွက်မြောက်ကြောင်း နိရောဓ(နိဝတ္တိ)သဘော,၎င်းတို့၏ အကြောင်း သမုဒယ နှင့် မဂ္ဂ သဘော ဤသို့လျှင် အရင်းခံ အမှန် တရားများကို အမြင်မှန်နှင့် စစ်ဆေး ဝေဘန်လိုက်သော အခါ ဤ လေးမျိုးထက် အသုတ် အလွန် ၅-မရ, ဤ ၄-မျိုးမျှသာ ဖြစ်သောကြောင့် သစ္စာ တရားကို ၄-ပါးသာ ဟောပါသည်။

သမုဒယ နိရောဓ မဂ္ဂ သုံးပါးသည် နာမ်သက်သက်ရ၍နာမ်သစ္စာ ဒုက္ခ သစ္စာသည် ရုပ် နာမ်နှစ်ပါး ရောသော သစ္စာ မည်၏။
သမုဒယ နိရောဓ ၂-ပါးမှာ တရားကိုယ် တပါးစီ ရ၍ သုဒ္ဓသစ္စာ ဒုက္ခ-မဂ္ဂ ၂-ပါးမှာ တရားကိုယ် အများရ၍ ဝိသဘာ မည်၏

သမုစ္စည်းပိုင်း ပြီး၏

# ပစ္စည်းပိုင်း

## ပဋိစ္စသမုပ္ပါဒ်နည်း

ပစ္စယ။ ပတိ+အယ။ ။ပတိ-အစွဲပြု၍၊ အယ-ဖြစ်ပေါ်ကြောင်း၊ အကျိုး တရား၏ ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်း အကြောင်း တရားသည် ပစ္စယ မည်၏၊ ထိုအကြောင်းပစ္စယ တရားများကို သိမ်းကြုံးရေတွက် ပြရာ ဖြစ်သော သင်္ဂဟသည် ပစ္စယ သင်္ဂဟ၊ ဝါ- ပစ္စည်းပိုင်း မည်၏၊

အကြောင်းနှင့် အကျိုးဘို့ကို ပြသော နည်းသည် ပဋိစ္စ သမုပ္ပါဒ် နည်းမည်၏၊ မည်သည့်အကြောင်းက မည်သည့် အကျိုး တရားအား မည်သို့သော သတ္တိအင်္ဂါ အရာအားဖြင့် ကျေးဇူးပြု၏ဟု ပြသော နည်းသည် ပဋ္ဌာန်းနည်း မည်၏၊ ကျေးဇူးပြုပုံ သတ္တိ အခြင်းအရာမပါ သောနည်း, ပါသောနည်း အားဖြင့် ထူး၏ဟု မှတ်လေ။

## အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

ဝိဇ္ဇာ-အသိဉာဏ်နှင့်၊ အ-ဆန့်ကျင်ဘက်၊ ထက်၏ ဆန့်ကျင် ဘက် မောဟသည် အဝိဇ္ဇာ မည်၏၊ မသိ ဆိုသည်ကား တရား သဘော၏ မှန်ကန် တိကျသော အခြေ အနေကို ကျနပိုင်နိုင်စွာ မသိခြင်းကိုသာ ဆိုလိုသည်၊ အာရုံ ပြုကာ မတ္တ အနေ အားဖြင့်ကား သိနိုင်သေး၏ အာရမ္မဏ ဝိဇာနန လက္ခဏာတော့ ရှိ၏၊ ထိုကြောင့် သစ္စာ ၄-ပါး, ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက် အစွန်း (ရှေ့အကြောင်း နောင်းအဖြစ်) နှင့် ပဋိစ္စ သမုပ္ပါဒ် သဘော ၈ ရပ်ဌာန၏ သဘောမှန် အခြင်း အရာကို ကျနမှန်ကန်စွာ မသိနိုင်တာ အဝိဇ္ဇာ။

သင်္ခါရ-အရ။ ။ပုညာပုည၊ အာနဥ္ဇ၊ သုံးဝခွဲ စိတ်ဖြာ၊

ပုညာဘိသင်္ခါရ။ ။မဟာ ကုသိုလ်-၈, ရူပ ကုသိုလ် ၅- ၌ ၁၃-ပါးသော စိတ်၌ရှိသော စေတနာ ၁၃ ရ၏။

အပုညာဘိ သင်္ခါရ။ ။အကုသိုလ်စိတ် ၁၂-ပါး၌ ရှိသော အကုသိုလ် စေတနာ ၁၂ပါးသည် အပုညာဘိ သင်္ခါရ မည်၏။

**အာနဉ္စာဘိ သင်္ဂြိုဟ်။** ။အရူပ ကုသိုလ် ၄-ပါး၌ရှိသော အရူပ ကုသိုလ်စေတနာ ၄-ပါးသည် အာနဉ္စာဘိသင်္ခါရ မည်၏၊မဂ်ကုသိုလ် စေတနာ ၄-ပါးသည် သံသရာဝဋ် လည်ပုံကို ပြသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အတွင်း၌ မပါဝင်၍ ဘာ သင်္ခါရမှ မမည်။

## သင်္ခါရပစ္စယာဝိညာဏံ

**သန္ဓိပဝတ္တိ၊ ၂-မျိုးရှိ၊ဝိပါက် ဝိညာဏ၊**

ပဋိသန္ဓေ ဝိညာဏ်မှာ ပဋိသန္ဓေစိတ် ၁၉-ပါးကောက်ရ၏၊
ပဝတ္တိ ဝိညာဏ်မှာ ပဝတ္တိလောကီ ဝိပါက် ၃၂-ပါးရ၏။
(လောကုတ္တရာ ဝိပါက်မှာ သံသရာဝဋ်နှင့် မဆိုင်၍ မပါဝင်)

## သက်ဆိုင်ရာ ဝိပါက် အသီးသီး ဖြစ်ပေါ်လာစေပုံ

| | | |
|---|---|---|
| **ပုညာဘိကြောင့်** | အဟိတ် ကုသလဝိပါက် | ၈ |
| | မဟာဝိပါက် | ၈ |
| | ရူပဝိပါက | ၅ |
| **အပုညာဘိကြောင့်** | အဟိတ်အကုသလဝိပါက် | ၇ |
| **အာနဉ္စာဘိကြောင့်** | အရူပ ဝိပါက် | ၄ |

ဤသို့ လောကီ ဝိပါက် ဝိညာဏ် ၃၂-ပါးအသီးသီးဖြစ်ပေါ်လာ၏။

## ဝိညာဏပစ္စယာ နာမရူပံ

**ဝိညာဏ ပစ္စယာ-အရ။** ။ရှေးဌေး ဘဝကပြုခဲ့ဘူး၍စေတနာ ကံနှင့် ယှဉ်သော ကမ္မဝိညာဏ်(လောကီ ကုသိုလ် အကုသိုလ်) နှင့် ယခုဘဝမှာဖြစ်ပေါ်လာသောဝိပါက် ဝိညာဏ်ကိုကောက်ရ၏၊သင်္ခါရ ပစ္စယာဝိညာဏံ တုန်းက လောကီဝိပါက် ၃၂-ပါးကိုသာ ကောက်ရပုံ သတိပြုလေ)

**သန္ဓိ စေမှု၊နာမ်ဟုယူ၊ ရုပ်မှု ကမ္မဇာ။**

**နာမ-အရ။** ။ပဋိသန္ဓေ ၁၉-ပါး၌ ရှိသောစေတသိက် ၃၅-ပါး သည် နာမ မည်၏။

ရူပ-အရ။ ။ကမ္မဇရုပ် ၉သကို ကောက်ရ၏။
တနည်း ။ ။ဝိညာဏ် အရ လောကီစိတ် အားလုံးယူ၊
နာမ အရ စေတသိက် ၅၂-ပါးယူ၊
ရူပ အရ စတုဇရုပ် ၂၈-ပါးလုံး ယူလေ။

## နာမရူပ ပစ္စယာ သဠာယတနံ

နာမ-အရ။ ။ဝိပါက်၌ ယှဉ်သော စေတသိက် ၃၅-ရ၏၊
ရူပ-အရ ၊ ။ကမ္မဇ မဟာဘုတ် ၄ ပါး, ဝတ္ထုရုပ် ၆-ပါး ဇီဝိတရုပ် နှင့် ဩဇာ ၅၌ ၁၂-ပါး ရ၏၊

သဠာယတန-အရ။ ။အဇ္ဈတ္တိကာယတန ၆-ပါး ရ၏၊ သဠာယတန၌ ပါသော မနာယတန အရမှာ လောကီဝိပါက် ၃၂-ပါးကို ရ၏၊တနည်း-ဘဝင် ၁၉-ပါးကို ရ၏။ တနည်း-စိတ် ၈၉-ပါးလုံး လုံးရ၏၊ဤသို့ မနာယတန အရ ၃-မျိုး ယူပုံကို သတိပြုမှတ်သားလေ။

## သဠာယတန ပစ္စယာ ဖဿော

သဠာယတန-အရ။ ။အဇ္ဈတ္တိကာယတန ၆-ပါး, တနည်း-ဗာဟိရာယတန ၆-ပါးကို အရကောက်ရ၏။

ဖဿ-အရ။ ။လောကီ ဝိပါက် ၃၂-ပါး၌ ရှိသော ဖဿ စေတသိက်ကို အရကောက်ရ၏။

စက္ခာယတနကြောင့် ဖြစ်၍ စက္ခုဝိညာဏ်၌ယှဉ်သော ဖဿသည် စက္ခု သမ္ဖဿ မည်၏ စသည် ကောက်လေ။

ဒွေပဉ္စဝိညာဏ်မှ ကြွင်းသော လောကီ ဝိပါက် ၂၂-၌ ရှိသော ဖဿသည် မနောသမ္ဖဿ မည်၏။

## ဖဿ ပစ္စယာ ဝေဒနာ

စက္ခုဝိညာဏ်ဒွေ၌ဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏၊ ဤသို့စသည်ဖြင့် ကာယ သမ္ဖဿဇာ ဝေဒနာ အထိ၌ယူ၊ မနော

သမ္ဗန္ဓသညာ ဇွေဒနာ အရကား ဒွိပဉ္စဝိညာဏ် ၁၀-မှ ကြွင်းသော စိတ် ၇၉-ပါး၌ ရှိသော ဝေဒနာ ရ၏၊ တနည်း-မနော ဒွါရိကစိတ် ၆၇-ပါး၌ဝေဒနာ စေတသိက်ကို မနောဖဿသဇ္ဇာ ဝေဒနာ အရယူ၊

## ဝေဒနာ ပစ္စယာ တဏှာ

**ဝေဒနာ**-အရ။ ။လောကီစိတ် ၈၁-ပါး၌ ရှိသော ဝေဒနာရ၏ **တဏှာ**-အရ။ ။ရူပါရုံ-ဓမ္မာရုံဟူသော အာရုံ ၆- ပါး၌သာယာ တတ်သော ရူပတဏှာ-ဓမ္မတဏှာအားဖြင့် တဏှာ ၆-ပါးရ၏။

**တနည်း**။ ။ကာမတဏှာ-ကာမဘဝကို တပ်မက်မှု
ဘဝတဏှာ-သဿတနှင့် စပ်၍ ဘဝ၌ တပ်မက်မှု
ဝိဘဝတဏှာ-ဥစ္ဆေဒနှင့်စပ်၍ ဘဝ၌ တပ်မက်မှု

ဤ ၃-ပါးကို အာ,ကာ,သံနှင့်မြှောက်၊ တဏှာ ၁၀၈-ဖြစ်၏။

## တဏှာ ပစ္စယာ ဥပါဒါနံ

သမုစ္စည်းပိုင်း အတိုင်း ဥပါဒါန် ၄-ပါး ကောက်ရ၏။
**အားနည်းလျှင် တဏှာ၊ အားကြီးပြင်းထန်လျှင် ဥပါဒါန်**။
**ထေ စ ဒုဗ္ဗလဏှာ တဏှာ နာမ၊ ဗလဝတီ ဥပါဒါနံ**

## ဥပါဒါန ပစ္စယာ ဘဝေါ

ဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝ ဟု ၂-ပါး ရှိ၏၊

**ကမ္မဘဝ**-အရ၊ ။အကုသိုလ် စေတနာ ၁၂-ပါးမဟာကုသိုလ် စေတနာ ၈-ပါး,မဟဂ္ဂုတ်ကုသိုလ်စေတနာ ၉-ပါးအားဖြင့် လောကီ ကုသိုလ်အကုသိုလ် စေတနာ ၂၉-ပါးကောက်ယူရ၏။

**ဥပပတ္တိဘဝ**-အရ။ ။လောကီဝိပါက် ၃၂-ပါး,စေတသိက် ၃၅-ပါး,ကမ္မဇရုပ် ဝီသကို ကောက်ယူရ၏။

**ယခုဘဝအကျိုးပေးရန်အတိတ်ဘဝ စေတနာသည် သင်္ခါရ၊ နောင်ဘဝ အကျိုးပေးရန် ယခုဘဝစေတနာသည် ကမ္မဘဝ၊**

## ဘဝကြီး ၉-ပါး

၁။ ကာမ ဘဝ　၄။ သညီဘဝ　၇။ ဧကဝေါကာရ
၂။ ရူပ　၅။ အသညီ　၈။ စတုဝေါကာရ
၃။ အရူပ　၆။ နေဝသညီနာသညီ　၉။ ပဉ္စ ဝေါကာရ

## ဘဝပစ္စယာ ဇာတိ

ဘဝ-အရ။ ။ကမ္မဘဝကို, တနည်း-ဥပပတ္တိ ဘဝကို ယူ၊
ဇာတိ-အရ။ ။လောကီဝိပါက် ၃၂, စေတသိက် ၃၅-ပါးတို့၏ ဥပါဒ် ခဏနှင့် ကမ္မဇရုပ်ဝိသတို့၏ဖြစ်ပေါ်လာစ ဥပါဒ်ခဏကိုယူ။

---

## ဇာတိပစ္စယာ ဇရာမရဏ

ဇရာ-အရ။ ။လောကီ ဝိပါက် ၃၂, စေတသိက် ၃၅, ကမ္မဇရုပ် ဝိသတို့၏ ရင့်ခြင်း ဌီခဏကိုယူ၊

မရဏ-အရ။ ။ငင်းရုပ်နာမ်များ၏ ပျက်မှု ဘင်ခဏကိုယူ။

## သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

**သောက**-စိုးရိမ်ကြောင့်ကြခြင်း (ဒေါမနဿဝေဒနာ)
**ပရိဒေဝ**-ငိုကြွေးခြင်း (စိတ္တဇ ဝိပလ္လာသ သဒ္ဒ)
**ဒုက္ခ**-ကိုယ်ဆင်းရဲခြင်း (ကာယိက ဒုက္ခ)
**ဒေါမနဿ**- စိတ်ဆင်းရဲမှု (စေတသိက ဒုက္ခ)
**ဥပါယာသ**-ပြင်းထန်စွာ ပူပန်ခြင်း (ဒေါသစေတသိက်)

ဆီချက်ရာ၌ ဆီ၏ ပူလောင် (ကျက်) ခြင်းသည် သောက၊
ငင်း၏ အိုးအတွင်းမှ ဆူဝေ၍တက်လျှံလာခြင်းသည် ပရိဒေဝ၊
ဆူဝေပြီး ဆီကျန်၏အိုးတွင်း၌ တငွေ့ငွေ့ပူခြင်းသည် ဥပါယာသ။

**အိုးတွင်းဆီပူ၊ သောကတူ၊ လျှံမူ ပရိဒေဝ၊**
**ဆီကျန်ကုန်အောင်၊ ဆူပူလောင်၊ ဆောင်လေ ဥပါယာသ**

အင်္ဂါဆဲ့နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ် အလွှာ၊
ချင်းရာနှစ်ဆယ်၊ ဝဋ်သုံးသွယ်၊ မှတ်ဖွယ် မူလ ခွေး၊

## အင်္ဂါ ၁၂-ပါး

| | | | |
|---|---|---|---|
| အဝိဇ္ဇာ | သင်္ခါရ | ဝိညာဏ် | နာမ်ရုပ် |
| သဠာယတန | ဖဿ | ဝေဒနာ | တဏှာ |
| ဥပါဒါန် | ဘဝ | ဇာတိ | ဇရာမရဏ။ |

## သုံးဆစ်ကာလ

**အတိတ် အခွန့်။** ။အဝိဇ္ဇာ နှင့် သင်္ခါရ ၂-ပါး၊
**ပစ္စုပ္ပန် အခွန့်။** ။ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ၈-ပါး။
**အနာဂါတ် အခွန့်။** ။ဇာတိ ဇရာ-မရဏ ၂-ပါး။

## သုံးဝ အစပ်

သင်္ခါရနှင့် ဝိညာဏ်ကြားသည် ကြောင်းကျိုး တစပ်၊ (တိ-ပ)
ဝေဒနာနှင့် တဏှာကြားသည် ကျိုးကြောင်း တစပ်၊ (ပ-ပ)
ဘဝနှင့် ဇာတိ ကြားသည် ကြောင်းကျိုး တစပ်၊ (ပ-နာ)

အစပ် ၃-ပါးကို ဆက်စပ်ရာ၌ အလွှာ ၄-ပါး၏ အဆက်ကို ကြည့်လျှင် လုံးလယ် လိုက်နေမည်၊ အခွန့် သုံးပါးကိုလည်း ကြည့်၍ ဆက်စပ်ယူရသည်၊ ပစ္စုပ္ပန် ကျိုး-ကြောင်း အစပ်ကို သတိပြုလေ၊ အစပ်အလွှာတို့ကို စာမေးပွဲတိုင်း မေးလေ့ ရှိသဖြင့် သဘော ပေါက် အောင် သေချာစွာ အထူး လေ့ကျင့် မှတ်သားကြပါလေ။

## လေးရပ် အလွှာ

အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ (တိ-ကြောင်း)
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ (ပ-ကျိုး)
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ (ပ-ကြောင်း)
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ (နာ-ကျိုး)

## ချင်းရာ နှစ်ဆယ်

အတိတ်ကြောင်း အလွှာ၌ အချင်း အရာ ၅၊
ပစ္စုပ္ပန် ကျိုး အလွှာ၌ အချင်း အရာ ၅၊
ပစ္စုပ္ပန် ကြောင်း အလွှာ၌ အချင်း အရာ ၅၊
အနာဂတ်ကျိုး အလွှာ၌ အချင်း အရာ ၅၊
ပေါင်း အချင်း အရာ· (အပြားဘေဒ) ၂၀= ဖြစ်၏။

**အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဖလ ပဉ္စကံ၊**
**ဣဒါနိ ဟေတဝေါ ပဉ္စ, အာယတိံ ဖလ ပဉ္စကံ။**

## ဝဋ်သုံးသွယ်

ကိလေသဝဋ်....အဝိဇ္ဇာ တဏှာ ဥပါဒါန်၊
ကမ္မဝဋ်.... သင်္ခါရ ကမ္မဘဝ၊
ဝိပါကဝဋ်.... ဝိညာဏမှ-ဇရာ-မရဏ အထိ။

## မှတ်ဖွယ် မူလ ၂ ဦး

အဝိဇ္ဇာသည် ရှေ့အဘို့၏မူလ၊ တဏှာသည် နောက်အဘို့၏ မူလ၊

**မှတ်သားရန်။** ။ထိုဝဋ်မြစ် မူလ ၂-ပါးကို အရဟတ္တ မဂ်ဖြင့် အကြွင်းမဲ့ဖြတ်ပစ်နိုင်မှသာလျှင် ပဋိစ္စသမုပ္ပါဒ်ဝဋ်ဒုက္ခ ဓာတ်သိမ်းနိုင် ချုပ်ငြိမ်းနိုင်၏၊ အိုခြင်း နာခြင်း တွေဝေမိန်းမောခြင်း ဟူသောသောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ဖြင့် မပြတ် မလပ် အထပ်ထပ် အနှိပ်စက် ခံကြရကုန်သော သတ္တဝါတို့ သန္တာန်မှာ အာသဝေါ တရားတို့ ဖြစ်သောကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်လာပြန်၏၊ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသဖြင့် တပတ် လည်လာရပြန်သည် ) ဤသို့ မပြတ်ဖွဲ့စပ် လည်တတ်သော ဘုံသုံးပါးတွင် အကြီးဝင်၍အစမထင်သော ဝဋ်စက် ကြီးကို"**ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး**"ဟုသုံးလူ့ထွဋ်တင် ဘုရား ရှင်သည် ထင်ရှားစွာ ဟောကြားထားတော်မူခဲ့ပြီ၊ တခု နှင့် တခု အကြောင်းအကျိုးဆက်စပ်ကာ လှည့်လည်၍ ဖြစ် တည် ချုပ်နေသော သဘောကိုသံသရာစက်ရဟတ်ကြီးဟူ၍ငှင်းသံသရာလည်သည်ဟူ၍ငှင်း ခေါ်ဆိုကြရသည်၊

ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကား အဝိဇ္ဇာ .... ဝေဒနာ အထိ ယူရ၏၊ နောက်ပိုင်းမှာကား တဏှာ ဥပါဒါန် .... မရဏ အထိ ယူရ၏၊

**အဝိဇ္ဇာ ဘာ့ကြောင့် ဖြစ်သလဲ?**

ဇရာမရဏနှင့်တွေ့ကြုံလျှင် သောက ပရိဒေဝစသော အကျိုးဆက် ငါးပါးဖြစ်၏၊ ထိုအကျိုးဆက် ငါးအင်တွင် ပါဝင်သော ကာမသဝ စသော အာသဝေါ တရားများ ဖြစ်၍လာလျှင် အဝိဇ္ဇာ စသော စက်ရဟတ်ကြီး လည်ပြန်တော့၏။ ဤစကားဖြင့် သောက ပရိဒေဝ ကာမာသဝ စသည်ကြောင့် အဝိဇ္ဇာဖြစ်၏ ဟူသော အဝိဇ္ဇာ၏ အကြောင်းကိုပြလေသည်၊

**ဇရာမရဏ မုစ္ဆာယ, ပီဠိတာန မဘိဏှသော၊**
**အာသဝါနံ သမုပ္ပါဒါ, အဝိဇ္ဇာစ ပဝတ္တတိ။**

အဝိဇ္ဇာ သင်္ခါရတို့ကို ယူရုံနှင့် အဘ့ကြောင့် တဏှာ ဥပါဒါန် ဘဝတို့ကို ယူနိုင်ပါသနည်း?

(က) ကိလေသာ သဘောချင်း တူသောကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာ ဥပါဒါန်တို့ကိုလည်း ယူရပါသည်၊

(ခ) ကမ္မဘဝချင်း တူသောကြောင့် သင်္ခါရကို ယူသဖြင့် ကမ္မဘဝကိုလည်း ယူရပါသည်၊ တဏှာ ဥပါဒါန် တရားတို့ကို ယူသဖြင့် အဝိဇ္ဇာနှင့် သင်္ခါရတို့ကို ယူရာ၌လည်း ဤ သဘော အတိုင်းပင် မှတ်။

ဇာတိ ဇရာ မရဏကား သီးခြား မရှိပေ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲ အခိုက် အတန့်သာ ဖြစ်သောကြောင့် ဇာတိ ဇရာ မရဏကို ယူလျှင် အခြေခံ ဖြစ်သော ဝိညာဏ်စသည့် တရားငါးပါးကိုပင် ကောက်ယူရပြန်သည်၊

အဒ္ဓါ–အတိတ်က ဖြစ်ခဲ့သော တရားအပေါင်း၏ အကြောင်း ဖြစ်သောကြောင့် အဝိဇ္ဇာ နှင့် သင်္ခါရတို့ကို အတိတ် ကာလဟု ဟောထားသည်၊ ကာလ အစစ်သည် သီးခြား မရှိ၊ တရားတို့၏ ဖြစ်ဆဲစသော အမူအရာ အခိုက်မျှသာ ဖြစ်၍ ကာလအရမှာ ကာလ ဝဏ္ဏ ဖြစ်သော ပရမတ္ထ သဘာဝကိုပင် ရ၏။

အတိတ်ကာလ အဖြစ် ယူခဲ့သော အဝိဇ္ဇာ နှင့် သင်္ခါရတို့ကို အဘယ့်ကြောင့် ပစ္စုပ္ပန် အကျိုး ငါးပါး၌ ထည့်ပြန်ပါသနည်း?

ပစ္စုပ္ပန် ဘဝ၏ အကြောင်း တရား ဖြစ်ပြန်သောကြောင့် ပစ္စုပ္ပန် အကြောင်း ၅-ပါး၌ ထို ၂-ပါးကို ထည့်ရပြန်ပါသည်။

ဇာတိ ဇရာ မရဏသည် ပစ္စုပ္ပန် အကျိုးတရားများ ဖြစ်သင့်လျက် အဘယ့်ကြောင့် အနာဂတ် ကာလတရား အဖြစ်ဖြင့် ဟောပါသနည်း?

ပစ္စုပ္ပန် အကြောင်း ကမ္မ ဘဝနှင့် စပ်နေသဖြင့် ထို ၃-ပါးကို အကျိုး အနာဂတ်ကာလ တရားအဖြစ်မှာသာ ဟောရပါသည်။

အဝိဇ္ဇာ သင်္ခါရ ဟူသော အတိတ် အကြောင်းနှင့် စပ်၍ ပစ္စုပ္ပန် ဖြစ်နေဆဲ အကျိုး ဖြစ်သောကြောင့်၎င်း အနာဂတ် အကျိုးတို့၏ ဖြစ်ပေါ်ရန် ပစ္စုပ္ပန် တည်ရှိဆဲ အကြောင်း ဖြစ်သောကြောင့်၎င်း ဝိညာဏ် အစ ကမ္မဘဝ အဆုံးရှိသော ၈-ပါးသည် ပစ္စုပ္ပန် မည်၏။

အတိတ် အကြောင်း ပြသဖြင့် အဟေတုက ဒိဋ္ဌိကို ပယ်သည်၊
အနာဂတ် အကျိုးကို ပြသဖြင့် ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်သည်၊
၍ ကာလ ၂-ပါးကို ပြသဖြင့် သဿတ ဒိဋ္ဌိကို ပယ်သည်၊

**မုချအကျိုး နှင့် အကျိုးဆက်။** ။ဇာတိ ရှိလျှင် ဇရာ မရဏ အမှန် ဖြစ်ရသောကြောင့် မုချအကျိုး မည်၏၊ ဇရာ မရဏ ဖြစ်တိုင်း သောက ပရိဒေဝကား ဖြစ်ခြင်မှ ဖြစ်သည်၊ ရူပ အရူပ ဘုံများ၌ ဇရာ မရဏ ဖြစ်သော်လည်း သောက ပရိဒေဝ မဖြစ်၊ ဤသို့လျှင် တိုက်ရိုက်အကျိုး မဟုတ်ဘဲ ဖြစ်ချင်မှ ဖြစ်သော အကျိုးများသည် နိဿန္ဒဖလ အကျိုးဆက် မည်၏။

## သောက နှင့် ဒေါမနဿ

စိုးရိမ်သောအားဖြင့် ဖြစ်သော ဒေါ-ဝေဒနာသည် သောက၊
တပြင်းသောအားဖြင့် ဖြစ်သော ဒေါ-ဝေဒနာသည် ဒေါမနဿ၊

ပဋိစ္စ သမုပ္ပါဒ်နည်း ပြီး၏

## ပဋ္ဌာန်းနည်း

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယောတိ

ပဋ္ဌာန်း ပစ္စည်း ၂၄-ပါး

ဆဓာ နာမံ တု နာမဿ, ပဉ္စဓာ နာမရူပိနံ၊
ဧကဓာ ပုန ရူပဿ, ရူပံ နာမဿ စေကဓာ။
ပညတ္တိ နာမရူပါနိ, နာမဿ ဒုဝိဓာ ဒွယံ၊
ဒွယဿ နဝဓာ စေ, ဆဗ္ဗိဓာ ပစ္စယာ ကထံ။

### ၁။ ဆဓာနာမံ တု နာမဿ

နာမ်သည် နာမ်အား အနန္တရ သမနန္တရ နတ္ထိ ဝိဂတ အာသေဝန အညမည ၆-ပါးသော သတ္တိဖြင့် ကျေးဇူးပြု၏။

(က) ရှေ့ နားက ဖြစ်ပြီး ချုပ်သွားကြကုန်သော ရဟန္တာတို့၏ စုတိ စိတ်မှ တပါးကုန်သော စိတ် ၈၉ စေတသိက် ၅၂-ပါး နာမ်တရားများသည် နောက်နားက

လိုက်၍ ဖြစ်ပေါ်လာကုန်သော ရဟန္တာတို့၏ စုတိစိတ်ပါ စိတ် ၈၉,—စေတသိက် ၅၂—ပါးတို့အား အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ၄—ပါးသော သတ္တိဖြင့် ကျေးဇူးပြု၏၊ (ရဟန္တာတို့၏ စုတိ ဆိုသည်မှာ မဟာ ဝိပါက် မဟဂ္ဂုတ် ဝိပါက် တခုခုဖြင့် ရဟန္တာ မဖြစ်မီက ပဋိသန္ဓေ နေခဲ့သဖြင့် ၎င်းစိတ် တခုခုသည့် စုတိကိစ္စ တပ်ခိုက် ရဟန္တာတို့၏ စုတိစိတ် အမည် ရလေသည်)

(ခ) အဆုံးဇော မဂ်ဇော ဖိုလ်ဇော ကြဉ်သော ရှေးရှေးဇော ၄၇—ပါးသည် ပထမဇော နှင့် ဖိုလ်ဇော ကြဉ်သော နောက်နောက်ဇော ၅၁—စေတသိက် ၅၂—ပါးအား အာသေဝန သတ္တိဖြင့် ကျေးဇူးပြု၏။

မှတ်သားရန်။ ။ဇော ၅၅—အနက် မဂ်ဇော ၄, ဖိုလ်ဇော ၄ ကြဉ် ၄၇—ပါးကျန်၏၊ ဖိုလ်ဇော ၄—ပါးကြဉ်လျှင် ၅၁—ပါးကျန်၏၊ အစဇော အဆုံးဇော အမည်နှင့် ကြဉ်ထုတ်ပယ်ရှား ပစ်သော်လည်း အလယ်က ဇောများ ကျန်နေသေး၍ လုံးရေမလျော့ပေ။

(ဂ) စိတ် ၈၉—စေတသိက် ၅၂—ပါးသည် မိမိတို့ အချင်းချင်း အပြန်အလှန် ယှဉ်ဘက် သမ္ပယုတ္တအားဖြင့် ကျေးဇူးပြု၏။

## ၂။ ပဥ္စမ နာမရူပိန္နံ

နာမ်သည်ရုပ်—နာမ် ၂—မျိုးအားဟေတု, ဈာန, မဂ္ဂ, ကမ္မ ဝိပါကအားဖြင့် ၅—ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(က) ဟိတ် ၆—ပါးနှင့် မဂ္ဂင် တပါးတို့သည် ဖြစ်ဘက် နာမ်ရုပ် တပါးတို့အား ဟေတု ဈာန မဂ္ဂ သတ္တိဖြင့် ကျေးဇူးပြု၏။

(၁) စေတနာ ၈၉—ပါးသည့် စိတ် ၈၉, စေတနာ ကြဉ်သော စေတသိက် ၅၁—ပါး, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတကမ္မ သတ္တိဖြင့် ကျေးဇူး ပြု၏၊ အတိတ်ကုသိုလ် အကုသိုလ် စေတနာ ၃၃—သည် ဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇ အသညသတ် ကမ္မဇ ပဝတ္တိ ကမ္မဇရုပ်တို့အား ကမ္မ သတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ဝိပါက် နာမက္ခန္ဓာတို့သည် အချင်းချင်းအား၎င်း စိတ္တဇ ကမ္မဇရုပ်အား၎င်း ဝိပါက သတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏

## ၃။ ဧကဓာ ပုန ရူပဿ

နာမ်သည် ရုပ်အား ပစ္ဆာဇာတ ၁-ပါးဖြင့် ကျေးဇူးပြု၏။

ပဉ္စဝေါကာရ ဘုံ၌ ဖြစ်ခိုက် အရူပဝိပါက်ကြဉ်သော ပဌမ ဘဝင် အစရှိသော နောက်နောက် စိတ် ၈၅-ခု စေတသိက် ၅၂—နာမက္ခန္ဓာတို့သည် ပဋိသန္ဓေ စသော ရှေးရှေး စိတ် နှင့် အတူ ဥပါဒ်၍ ဌီသို့ ရောက်သော ဧကဇ ဒွိဇ တိဇ စတုဇ ကာယ (ရုပ်ပုံ)အား ပစ္ဆာဇာတ သတ္တိ တပါးအားဖြင့် ကျေးဇူးပြု၏။

## ၄။ ရူပံ နာမဿ ဧကဓာ

ဝတ္ထုရုပ် ၆-ပါးတို့သည် ဝိညာဏ် ၇-မျိုးအား၎င်း၊ ပဉ္စာရုံသည် ပဉ္စဝိညာဏ် အား၎င်း ပုရေဇာတသာမည, အာရမ္မဏ ပုရေဇာတ အားဖြင့် ရုပ်သည် နာမ်အား ပုရေဇာတ (တမျိုးအားဖြင့်) ကျေးဇူးပြု၏။

## ၅။ ပညတ္တိနာမရူပါနိ နာမဿ ဒုဝိဓာ

၁။ အာရမ္မဏ အရ ရူပါရုံ × × × ဓမ္မာရုံ ဤ အာရုံ ၆-ပါး ရှိ၏၊

၂။ ဥပနိဿယ၌ (က) အာရမ္မဏူပနိဿယ
(ခ) အနန္တရူပနိဿယ
(ဂ) ပကတူပနိဿယ ၃-ပါး၊

### ၂။ (က) တဇ္ဇ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော။

အလေးအမြတ် ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် ၁၈၊ ဒေါသမူ၂ မောဟမူ၂ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် ၈၄၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇ နိဗ္ဗာန် ဤ တရားများသည် အာရမ္မဏူပ နိဿယ ပစ္စည်း မည်၏။

### (ခ) အနန္တရနိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ အနန္တရူပနိဿယော။

အခြားမဲ့၌ ဖြစ်ကုန်သော ရဟန္တာတို့၏ စုတိ-ကြဉ်သော စိတ် ၈၉, စေတသိက် ၅၂-ပါးသည် အနန္တရူပ နိဿယ ပစ္စည်း မည်၏။

### (ဂ) ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဉ္စ ယထာရဟ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ကုသလာဒိဓမ္မာနံ, ကမ္မံ ဝိပါကာနန္တိ စ ဗဟုဓာ ဟောတိ ပကတူပ နိဿယော၊

ရာဂ ဒေါသ မောဟ စသော တရားများ
သဒ္ဓါ သီလ သုတ စသော တရားများ
ကာယိကသုခ ကာယိကဒုက္ခ တရားများ
သူတော်ကောင်း သူမြတ်လောင်း ပုဂ္ဂိုလ်များ
သင့်တင့် လျောက်ပတ်သော အစာ ဘောဇဉ်
သင့်တင့်သော ဥတုနှင့် ကျောင်း အိပ်ရာများ

အဇ္ဈတ္တ ဗဟိဒ္ဓ ၂-ပါးလုံး ဖြစ်ကုန်သော ဤတရားများသည် ကုသိုလ် စသော တရားတို့အား ထိုက်သလို ကျေးဇူးပြု၏၊ အားရှိသော ကုသိုလ် အကုသိုလ်ကံသည် ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ တို့အား ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊

## ၆။ ဒွယံ ဒွယဿ နဝဓာ

နာမ်ရုပ် ၂-ပါးသည် နာမ်ရုပ် ၂-ပါးအား ထိုက်သလို
အဓိပတိ သဟဇာတ အညမည နိဿယ အာဟာရ ဣန္ဒြိယ
ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ အားဖြင့် ၉-မျိုးကျေးဇူးပြု၏။

၁။ (က) တတ္ထ ဂရုကတ မာရမ္မဏံ
အဓိပတိဝသေန နာမာနံ။

အလေးအမြတ် ပြုအပ်သော နိပ္ဖန္နရုပ် ၁၈၊ စိတ် ၈၄၊ စေတသိက် ၄၇၊ နိဗ္ဗာန်တရားတို့သည် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈၊ မဟာကုသိုလ် စိတ် ၈၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄၊ လောကုတ္တရာ ၈၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာ ကြဉ်သော စေတသိက် ၄၅-ပါးအား အာရမ္မဏာဓိပတိ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ သဟဇာတဝသေန
သဟဇာတာနံ နာမရူပါနန္တိ ဧ ဒုဝိဓော ဟောတိ
အဓိပတိ ပစ္စယော၊

အဓိပတိ တရားကိုယ် ၄-ပါးသည် အချင်းချင်း ဖြစ်ဘက် အဓိပတိ တရားကိုယ် ၃-ပါး ၂-ပါးတို့အားရင်း, ထို အဓိပတိ တရားကိုယ် ၃-ပါးနှင့် အတူ ဖြစ်ဘက် သာဓိပတိ စိတ္တဇရုပ် တို့အားရင်း, သဟဇာတာဓိပတိ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ အဓိပတိ ပစ္စည်းသည် ၂-ပါးပြား၏၊

၂။ (က) စိတ္တစေတသိကာ ဓမ္မာ အညမညံ
သဟဇာတ ရူပါနဥ္စ
(ခ) မဟာဘူတာ အညမညံ ဥပါဒါရူပါနဥ္စ
(ဂ) ပဋိသန္ဓိက္ခဏေ ဝတ္ထု ဝိပါကာ အညမညန္တိစ
တိဝိဓော ဟောတိ သဟဇာတ ပစ္စယော။

(က) စိတ်စေတသိက် တရားတို့သည် အချင်းချင်း အားရင်း အတူဖြစ်ဘက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အားရင်း၊

(ခ) မဟာဘုတ် တို့သည် အချင်းချင်း အားရင်း ဥပါဒါရုပ် တို့အားရင်း၊

(ဂ) ပဋိသန္ဓေ ဝါကာရ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် ဝိပါက်ဝိညာဏ်တို့သည် အချင်းချင်း ကျေးဇူးပြု၏၊ ဤသို့ သဟဇာတ ပစ္စည်းသည် ၃-ပါးပြား၏။

၃။ (က) စိတ္တစေတသိကာ ဓမ္မာ အညမညံ
(ခ) မဟာဘူတာ အညမညံ

(ဂ) ပဋိသန္ဓိကွဏော ဝတ္ထုဝိပါကာ အညမညန္တိ စ
တိဝိဓော ဟောတိ အညမည ပစ္စယော။

(က) စိတ် စေတသိက် တရား တို့သည် အချင်းချင်း အားရင်း,

(ခ) မဟာဘုတ်တို့သည် အချင်းချင်း အားရင်း,

(ဂ) ပဋိသန္ဓေကာလ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေဝိပါက် ဝိညာဏ်နှင့် ဟဒယဝတ္ထုတို့သည် အချင်းချင်း အားရင်း အညမည သတ္တိဖြင့် ကျေးဇူး ပြု၏၊ ဤသို့ အညမည ပစ္စည်းသည် ၃–ပါးပြား၏။

၄။ (က) စိတ္တစေတသိကာ ဓမ္မာ အညမညံ
သဟဇာတ ရူပါနဉ္စ

(ခ) မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ

(ဂ) ဆဝတ္ထူနိ သတ္တန္နံ ဝိညာဏဓာတူနန္တိ စ
တိဝိဓော ဟောတိ နိဿယ ပစ္စယော။

(က) နှင့် (ခ) မှာ အထက် သဟဇာတ အတိုင်းပင်

(ဂ) ဝတ္ထုရုပ် ၆–ပါးတို့သည် အရူပဝိပါက် ၄–ပါး ကြွင်းသော ဝိညာဏဓာတ် ၇–ပါးတို့အား နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ နိဿယ ပစ္စည်းသည် ၃–ပါးပြား၏။

၅။ (က) ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ

(ခ) အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနန္တိ စ ဒွိဝိဓော ဟောတိ အာဟာရ ပစ္စယော။

(က) အဇ္ဈတ္တိက သန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓ သန္တာန်၌ ရှိသော ဥတုဇ ဩဇာသည်

ကလာပ်တူ ဖြစ်ကြ ကြည်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိက ကာယအား ရုပ်အာဟာရ သတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) ဖဿ ဝေဒနာ နှင့် ဝိညာဏ် ဟူသော နာမ် အာဟာရ တရားကိုယ် ၃-ပါးသည် တကွ ဖြစ်ဘက် ဖြစ်ကုန်သော စိတ် ၈၉ စေတသိက် ၅၂ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား နာမ် အာဟာရ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ အာဟာရသည် ၂-ပါး ပြား၏။

၆။ (က) ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ၊

(ခ) ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ

(ဂ) အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနံ စ တိဝိဓော ဟောတိ ဣန္ဒြိယ ပစ္စယော။

(က) ငါးပါးသော ပသာဒရုပ်တို့သည် ငါးပါးသော ဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏၊

(ခ) ပဝတ္တိ ပဋိသန္ဓေ အားဖြင့် ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ ဖြစ်ကြသော ကလာပ်တူ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ်တို့အား ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏။

(ဂ) နာမ်ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟူသော နာမ် ဣန္ဒြေ တရား ၈-ပါး သည် တကွ ဖြစ်ဘက် စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ဣန္ဒြိယ ပစ္စည်းသည် ၃-ပါးပြား၏။

၇။(က) ဩက္ကန္တိက္ခဏေ ဝတ္ထုဝိပါကာနံ, စိတ္တစေတသိက ဓမ္မာ သဟဇာတာနံ · သဟဇာတ ဝသေန

(ခ) ပစ္ဆာ ဇာတာ စိတ္တ စေတသိကာ ဓမ္မာ ပုရေ ဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ဝသေန

(ဂ) ဆဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေ ဇာတ ဝသေနေတိ စ တိဝိဓော ဟောတိ ဝိပ္ပယုတ္တ ပစ္စယော။

(က) ပဋိသန္ဓေ ခဏ၌ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူဖြစ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအားရင်း ပဉ္စဝေါကာရ ဘုံ၌ ဖြစ်ဆိုက် ဖြစ်ဆဲ စိတ် စေတသိက် ဖြစ်ကုန်သော အရူပဝိပါက် ၄, ဒွိပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိ ကြဉ်သောစိတ် ၇၅-ခု နာမက္ခန္ဓာ တရားတို့သည် သဟဇာတ် ဖြစ်ကုန်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏။

(ခ) ပဉ္စဝေါကာရ ဘုံ၌ ဖြစ်ဆိုက် ဖြစ်ဆဲ နောက်နောက်၌ ဖြစ်ကြကုန်သော စိတ် စေတသိက် ဖြစ်ကုန်သော အရူပဝိပါက် ၄-ခု ကြဉ်သော ပထမ ဘဝင် အစရှိသော နောက် နောက်သော စိတ် ၈၅-ခု စေတသိက် ၅၂-ခု နာမက္ခန္ဓာ တရားတို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား ပစ္ဆာဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ဝိပ္ပယုတ္တပစ္စည်းသည် ၃-ပါး ပြား၏

( ဂ ) မဂ္ဂါရမဏက ဖြစ်သော စက္ခုဝိညာဏ်, × × × ကာသာဝိဉ္ဉာဏ်-ပဋိသန္ဓေ စသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု- မရဏာသန္န အခါ စုတိစိတ်မှ ဖြန့်၍ ရေသော် ၁၇- ချက် ဝေါက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု-ဟု ဆိုအပ်သော ဤ ၆-ပါးသော ဝတ္ထုရုပ်သည် ပဝတ္တိအခါ၌ ချုပ်ခြင်းသို့ ရောက်သော အရူပဝိပါက် ၄-ခု ကြဉ်သော ဝိညာဏ်တို့အား ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ ဝိပ္ပယုတ္တ ပစ္စည်းသည် ၃-ပါး ပြား၏ ။

ဂ။ ၉။ ။သဟဇာတ ပုရေဇာတံ ပစ္ဆာဇာတ အာဟာရ ဣန္ဒြိယ အားဖြင့် အတ္ထိ ပစ္စည်းသည်ရင်း အဝိဂတ ပစ္စည်းသည်ရင်း ၄ါးမျိုးစီပြား၏။

သဟဇာတံ ပုရေဇာတံ, ပစ္ဆာဇာတဉ္စ သဗ္ဗထာ၊
ကဗဠီကာရော အာဟာရော, ရူပဇီဝိတ မိစ္စယံတိ၊
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။

ဆဝဲ့နာမ်ဘာ စသော ဂါထာ၏
အကျယ် အဓိပ္ပါယ် ပြီး၏

## ပစ္စယ သင်္ဂဟ နယ

၂၄ -ပါးသော ပစ္စည်းတို့ကို သဘော တူ ကိစ္စ တူ အားဖြင့် အကျဉ်း ချုံ့၍ သိမ်းကြုံး သွင်းယူလျှင် ၄-မျိုးသာ ရနိုင်သည်။

> အာရမ္မဏူပ နိဿယ ကမ္မတ္ထိ ပစ္စယေသု စ သဗ္ဗေပိ
> ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။
> အာ ဥ ကံ အတ်၊ လေးရပ် ဤတွင်၊ အတွင်း ဝင်၊
> ကုန်စင် ခွဲစိတ်ဖြာ။

## ဘုံအားဖြင့် ဝေဘန်ပုံ

**ကာမာဝစရ** ဘုံ၌-သဘာဇာတ အညမည နိဿယ ကမ္မ ဈာနိယ အတ္ထိ အဝိဂတ ဤ ၇-ပစ္စည်း ဖြစ်၏။

**စတုဝေါကာရ** ဘုံ၌- ပုရေ ဇာတ ပစ္ဆာ ဇာတ ဝိပ္ပယုတ္တ ၃-ပစ္စည်းမှ ကြွင်းသော ၂၁-ပစ္စည်းကို ရ၏။

**ပဉ္စဝေါကာရ** ဘုံ၌ ၂၄-ပစ္စည်းလုံး ရ၏။

## တေကာလိက ဓမ္မာ,ကာလမုတ္တာ စ

အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ဤ ၅-ပါးသည် အတိတ်ကာလ၌ ဖြစ်သော ပစ္စည်း မည်၏၊

ကမ္မ ပစ္စည်းသည် အတိတ် ပစ္စုပ္ပန် ဒွိကာ လိက ပစ္စည်း မည်၏၊

အာရမ္မဏ အဓိပတိ ဥပနိဿယ ၃-ပစ္စည်းသည် အတိတ် ကာလ၌ ဖြစ်သော အတီတကာလိက ပစ္စည်း မည်၏၊ နိဗ္ဗာန် နှင့် ပညတ်သည် ကာလဝိမုတ် ပစ္စည်းဘည်း။

## အဇ္ဈတ္တ ဗဟိဒ္ဓါ စ

**တွင်းပ ပစ္စည်း**—အာရမ္မဏ အဓိပတိ သဟဇာတ အညမည နိဿယ ဥပနိဿယ အာဟာရ အတ္ထိ အဝိဂတ ၍ ၉-ပစ္စည်းတည်း။

**အဇ္ဈတ္တိက ပစ္စည်း**—ကြွင်း ၁၅-ပါးတည်း၊

### တနည်း

စက္ခုစသည် ရာဂစသည်ကား အဇ္ဈတ္တိကတည်း။

ပုဂ္ဂိုလ် ဥတု ဘောဇန အိပ်ရာ နေရာစသည်ကား ဗဟိဒ္ဓ ပစ္စည်းတည်း။

### သင်္ခတ အသင်္ခတ

ပစ္စုပ္ပန်တရား အားလုံးသည် **သင်္ခတ** မည်၏။
ပစ္စည်းတရား အားလုံးသည် **အသင်္ခတ** မည်၏။
ရုပ်-နာမ် တရားစုသည် **သင်္ခတ** မည်၏။
နိဗ္ဗာန် တရားသည် **အသင်္ခတ** မည်၏။

**ပညတ္တိ နာမ ရူပါနံ, ဝသေန တိဝိဓော၊**

**နာမ**—အရ—နာမက္ခန္ဓာ ၄-ပါး နိဗ္ဗာန်တည်း၊
**ရူပ**—အရ—ရုပ် ၂၈-ပါး ရူပက္ခန္ဓာတည်း။
**ပညတ်**—အရ—ဆိုလတ္တံ့ ၂—မျိုးကို ရ၏။

ပဋ္ဌာန်းနည်း ပြီး၏

## ပညတ် အခန်း

၁။ သိစေအပ်သော အတ္ထ ပညတ် တမျိုး၊
၂။ သိစေတတ်သော သဒ္ဒ ပညတ် တမျိုး၊

ဤသို့ ပညတ် ၂-ပါး ရှိ၏

နာမ်-နက် ပညတ်၊ ၂-ပါးမှတ်၊ ခေါ်အပ် ခေါ်ကြောင်းသိ။

( ၁ ) သူတပါး နားလည်အောင် ပြောပြအပ်သော စိတ်၌ ထင်မြင်အပ်သော အနက် ဒြဗ်ဝတ္ထု[ဟူသမျှသည် အတ္ထ ပညတ် မည်၏၊ (ပညာပိယတ္တာ—သိစေအပ်သော ကြောင့်၊ ပညတ္တိ-အတ္ထ ပညတ် မည်၏။)

( ၂ ) မည်သည့်ဘာသာ စကားသုံးမဆို အမည်နာမ ခေါ်ဝေါ်ရာ အားလုံးသည် အနက် ဒြပ်အဓိပ္ပါယ်ကို သိစေ တတ်သောကြောင့် ဝါ—သိကြောင်း ဖြစ်သောကြောင့် သဒ္ဒ ပညတ် မည်၏။ (ပညာပနတော—သိစေတတ်သော ကြောင့်၊ ဝါ—သိကြောင်းဖြစ်သောကြောင့်၊ ပညတ္တိ-သဒ္ဒ ပညတ် မည်၏၊)

ဥပမာ-လူ နွား စာအုပ်စသော နာမ်မည်များသည် အနက်ကို သိကြောင်းဖြစ်၍ သဒ္ဒ ပညတ် မည်၏၊ လူဒြပ် နွားဒြပ် စာအုပ်ဒြပ် စသည်ကား သိစေအပ်သောကြောင့် အတ္ထပညတ် မည်၏။

### ၁။ အတ္ထပညတ် အပြား

တံတံဘူတ ဝိပရိဏာမာကာရ မုပါဒါယ
တထာ တထာ ပညတ္တာ ဘူမိ ပဗ္ဗတာဒိကာ၊

**သဏ္ဌာနပညတ်။** ။ထိုထို ပထဝီ အစရှိသော မဟာဘုတ် ရုပ်ကြီးများ၏ အမျိုးမျိုး အဖုံဖုံ အထူးထူး

အထွေထွေ ထက်ဝန်းကျင် ညွှတ်ကိုင်းဆက်သွယ် စုံ တည်ရှိနေသော အခြင်းအရာကို အစွဲပြု ယူဆကာ ထိုထို ဘူမိ ပဗ္ဗတ နဒီ သမုဒ္ဒ စသဖြင့် ခေါ်ဝေါ် ပညတ် သမုတ်အပ်သော သဘောသည် သန္တာနပညတ် မည်၏၊ တခု နှင့် တခု ဆက်စပ် တည်ရှိနေခြင်းကို သန္တာန ပညတ်ခေါ်သည်၊ ၎င်းကိုပင် အပေါင်းအစု သဘော ဖြစ်နေပြန်၍ သမူဟပညတ်လည်း ခေါ်နိုင်သေးသည်။

သမ္ဘာရ သန္နိဝေသာကာရ မုပါဒါယ
ဂေဟ ရထ သကဋာဒိကာ၊

**သမူဟပညတ်။** ။အဆောက်အဦတို့၏ အထူးထူး အဖုံဖုံသော အခြင်းအရာ အားဖြင့် တပေါင်းတစည်း တစုတဝေးကြီး ဆက်စပ်တည်ရှိနေပုံ အခြင်းအရာကို အစွဲပြုကာ ဂျကား အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး၊ ဘော်၊ လေယာဉ် စသော ပညတ်မျိုးသည် သမူဟ ပညတ် မည်၏၊ ပုံပန်းသဏ္ဌာန်ကို အစွဲပြုကာ ခေါ်ထား သောကြောင့် သဏ္ဌာန ပညတ်လည်း ခေါ်၏၊ အစဉ် အတန်းကို သန္တာန သန္တတိ ခေါ်၏၊ ပုံပန်း သဏ္ဌာန်ကို သဏ္ဌာန ခေါ်၏။

ခန္ဓပဉ္စက မုပါဒါယ ပုရိသ ပုဂ္ဂလာဒိကာ၊

**သတ္တ ပညတ်။** ။ခန္ဓာ ငါးပါးကို စွဲ၍ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ခွေး နွား ဆင် မြင်း စသဖြင့် ခေါ်အပ်သော ပညတ်သည် သတ္တပညတ် မည်၏၊ (ခန္ဓာငါးပါးကို အစွဲပြုသော အားဖြင့် ပညတ် အပ်သောကြောင့် ဥပါဒါ ပညတ်လည်း ခေါ်၏၊)

### စန္ဒ ဝဋ္ဋနာဒိက မုပါဒါယ ဒိသာ ကာလာဒိကာ၊

**(က) ဒိသာပညတ်။** ။လ နေတို့၏ ရှေးဦးစွာ ထွက်ရာအရပ်ကို ပုဗ္ဗဒိသာ အရှေ့အရပ်, နောက်ဆုံး ကွယ်ပျောက်ရာ ဝင်ရာအရပ်ကို ပစ္ဆိမဒိသာ အနောက် အရပ်,လက်ျာဘက်အရပ်ကို ဒက္ခိဏဒိသာ တောင် အရပ်, လက်ဝဲဘက်အရပ်ကို ဥတ္တရဒိသာ မြောက်အရပ်,အထက် အရပ်ကို ဥပရိမဒိသာ အထက်အရပ်, အောက်အရပ်ကို ဟေဋ္ဌိမဒိသာ အောက်အရပ် စသဖြင့် ပညတ်ခြင်းသည် ဒိသာပညတ် မည်၏၊

**(ခ) ကာလပညတ်။** ။ပုဗ္ဗဏှ သမယ နံက်ခင်း,မဇ္ဈန္တိက နေ့လယ်, အပရဏှ ညနေခင်း,သာယဏှ သမယ ညချမ်းစသဖြင့် ပညတ်ခြင်းကို ကာလပညတ် ခေါ်သည်၊(နှစ်ဟူသော သံဝစ္ဆရ ပညတ်, ကပ္ပ ကမ္ဘာ) ဟူသော ပညတ် စသည်ကိုလည်း ယူလေ၊

### အသမ္ဖုဋ္ဌာကာရ မုပါဒါယ ကူပ ဂုဟာဒိကာ၊

**အကာသ ပညတ်။** ။တွင်း လိုဏ် ဂူ စသည် တို့၏ ပတ်ဝန်းကျင် အရပ်တို့ကာသာ မဟာဘုတ်ချင်း စပ်၍ အလယ်၌ အထိအခိုက်မရှိဘဲ ဟင်းလင်း ဟောင်း လောင်းဘည်ရှိနေပုံကို အစွဲပြုကာ ကူပ တွင်း, ဂုဟာ ဂူ, လေဏ လှိုဏ်, ဥမင် ဥမင်, ဝိဝရ ဟင်းလင်း ပေါက် ,ဆိဒ္ဒ ဝိဝရ အပေါက်, ဒွါရ တံခါး, ဝါတပါန လေသာပြူတင်း စသဖြင့် ပညတ်ခြင်းသည်အာကာသ ပညတ်မည်၏၊

တံတံ ဘူတ နိမိတ္တံ ဘာဝနာ ဝိသေသဥ္စ
ဥပါဒါယ ကသိဏ နိမိတ္တာ ဒိကာ၊

**နိမိတ္တပဉ္စတ်**။ ။ထိုထို ဒှိသော အချင်းအရာ အားဖြင့် ဖြစ်သော မဟာဘုတ်ကို အစွဲပြုကာ ပထဝီကသိဏ အာပေါကသိဏ တေဇောကသိဏ စသော ကသိုဏ်း ပဉ္စတ်သည်ရင်း၊ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် စသော ဘာဝနာစဉ်ကိုအစွဲပြုကာ ခေါ် အပ်သောပဉ္စတ်သည်ရင်း နိမိတ္တပဉ္စတ်မည်၏။

ဧဝမာဒိပ္ပ ဘေဒါ ဖြင့် နတ္ထိဘော ပဉ္စတ် အာနာပါနပဉ္စတ် ဝဏ္ဏကသိဏပဉ္စတ် စသော များစွာသောပဉ္စတ်တို့ကို သိအပ်၏၊ အထူးအားဖြင့် အတိုအရှည် အနိမ့် အမြင့် ပထမ ဒုတိယ တတိယ စဖြင့် တခုမှ တခုကို ထောက်ဆ၍ ခေါ်အပ်သော ဥပနိဓ ပဉ္စတ်များကိုလည်း မှတ်သားလေ။

ပရမတ္ထတော အဝိဇ္ဇာမာနာဝိ၊

ဤပဉ္စတ်စုများသည် ပရမတ္ထ ဓာတ်သား သဘာဝ အားဖြင့် ထင်ရှားမရှကောင်း၊ ရုဏ္ဏိ ပုဂ္ဂိုလ် ပဉ္စတ်ရာ မိန်းမ ယောကျ်ား ဟူသော အရာဝတ္ထုကို သီးခြားဓာတ်သားရှာ မရ၊ အမှန်မှာ ခန္ဓပဉ္စက ပရမတ္ထ တရားများကိုသာလျှင်ရ၏။ စာအုပ်ခေါ်ရာ၌ အရွက်လာပ်ရုပ် ဓာတ်သားများကို ယူပစ်လိုက်ပါက စာအုပ် ပဉ္စတ်သည် ဖြစ်ဝးဘုံ၊တခု အနေနှင့် ဘာမှမရှိနိုင်ပုံကိုသိလေ။

**အဇ္ဈတ္တာယာ ကာရေန ဇိဏ္ဏပ္ပါဒါနံ အာရမ္မဏဘူတာ၊**

ထိုပညတ်သည် ခေါ်သားသော်အားဖြင့် အကောင်အထည် မတည် မရှိသော်လည်း ပရမတ္ထ သဘာဝ တို့၏ အရေအချိပ် နိမိတ် အရောင်ကို ကပ်မြှောင် စွဲမှတ်၍ စိတ် စေတသိက် တို့၏ ထင်ယောင် မြင်ယောင် (ထင်မိ ယောင်မှား သဘောများ) အာရုံ တရားများကို ပညတ် ခေါ်ထားသည်။

**တံ တံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယ မာနာ၊**

ထိုထို အခြင်းအရာ အခြေအနေကို အစွဲပြုခြင်း အားဖြင့်၎င်း၊ ယှော်ဆခြင်း အားဖြင့်၎င်း၊ အကြောင်း ခံကာ ထိုထို အခြင်းအရာ အခြေအနေ အရယှော်ဆအပ်သော အတိုင်း ကြံဆအပ်သော (ထင်မိ ယောင်မှား) သဘော ပညတ်များကို ကောင်းစွာ အမှန်ဆိုအပ်, အများသဘော တူ ခေါ်ဆိုအပ် သုံးနှုန်းအပ် အပြားအားဖြင့် သိစေအပ် သော ပညတ်တရား မည်၏၊ မြေပြင်ကို ဘူမိ ခေါ်ရာ၌၎င်း၊ ခန္ဓာဖြင်ကို ယောက်ျား မိန်းမ ခေါ်ရာ၌၎င်း၊ သင်္ချာတိ၊ ကောင်းမွန် မှန်ကန်စွာ ခေါ်အပ်၏၊ သမညာ ယတိ- အများ သဘောတူ ညီတူညီမျှ ဆိုအပ်၏၊ ဝေါဟာရိယတိ- ဒ်အတိုင်း သုံးနှုန်း ခေါ်အပ်၏၊ ပညာပီယတိ- အပြား အားဖြင့် သိစေအပ်၏၊

**အဇ္ဈပညတ်အခ ဏ်းပြီး၏**

## သဒ္ဒပညတ်အခန်း

၁။ ဝိဇ္ဇမာန ပညတ္တိ — ရူပဝေဒနာ
၂။ အဝိဇ္ဇမာန ပညတ္တိ — ဘူမိ ပဗ္ဗတ
၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာန — ဆဠ-ဘိညော
၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာန — ဣတ္ထိ-သဒ္ဒေါ
၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန — စက္ခုဝိညာဏံ
၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန — ရာဇ-ပုတ္တော

### နာမပညတ် ၆-မျိုး

**နာမ။** ။**အတ္ထေ နမတီတိ နာမံ။** အနက်၌ အနက်သို့ ညွတ်တတ် အာရုံပြုတတ်သောကြောင့် နာမ် မးပထဝီ သဒ္ဒါသည် မြေကြီးဟူသော အနက်ဖြစ်သို့ ရှေးရှုနေ ညွတ်ကိုင်းနေ သကဲ့သို့ ဖြစ်၍ နာမ်မည်၏။

ဥပမာ။ ။ရှေ့လျားလျား ကြောင် ကျားကျား အကောင်ကြီးကို တွေ့တွင်း၌ ဖြုံးကနဲ မြင်လိုက်လျှင် ထို အနက်ဖြစ်ကြီးဆီသို့ ရှေ့ရှုကာ ဗျဿဗျဿ ကျားကျား ဟူသော အမည်နာမ ညွတ်ကိုင်း ပေါ်ထွက် လာပုံကို သိလေ။

**အတ္တနိ အတ္ထံ နာမေတီတိ နာမံ။** မိမိ(နာမည်) ဆီသို့ အနက် ဖြစ်ကို ညွှတ်လာ စေတတ်သောကြောင့် နာမ်မည်၏ ဥပမာ။ ။ကျားဟော့ ကျားဟော့ဟု အသံ (အမည် နာမ် နာမ)ကို ကြားရသောအခါ ရှေ့လျားလျား ကြောင်ကျားကျား အကောင် ဖြစ်ကြီး၏ ကြားရသူ သောတရှင်၏ စိတ်တွင် ဘွားကနဲ ပေါ်လာ ခြင်းသည် မိမိ (နာမ်) ဆီသို့ အနက်ကို ညွတ်လာ စေသည်-မည်၏။

**နာမကမ္မ။** ။ကမ္မ- ရှေးရှေး ပညာရှိများ ပြုထားအပ် (ဖန်တီးထားအပ်) သော နာမည် ဖြစ်သောကြောင့် နာမကမ္မ မည်၏။

**နာမဓေယျ။** ။ပညာရှင် အများက တင်စား၍ အတည် ပြုထားအပ်သော အမည် နာမ ဖြစ်သောကြောင့် နာမဓေယျ မည်၏။

**နာမနိရုတ္တိ။** ။တိမ်မြုပ်နေ၍ ပညာရှိများ ဖော်ထုတ် ရွတ်ဆိုအပ်သော အမည်နာမ ဖြစ်သောကြောင့် နာမနိရုတ္တိ မည်၏၊

**နာမဗျဉ္ဇန။** ။အမည်ကို ထင်ရှား ပြတတ်သော ကြောင့် နာမဗျဉ္ဇန မည်၏။ သဒ္ဒပညတ်ကို ဤ ၄-မျိုးဖြင့် ခေါ်ထားသည်၊ နာမပညတ် သဒ္ဒပညတ်၊ ဝေါဟာရ ပညတ်ဆိုသည်မှာ အတူတူပင်။

## ပညတ်ကိုသိပုံ နှင့် ပညတ်ပေါ်လာပုံ

**ဝစီ ဃောသာ နုသာရေန, သောတ ဝိညာဏ ဝီထိယာ၊**
**ပဝတ္တာ နန္တရုပ္ပန္န, မနောဒွါရဿ ဂေါစရာ။**
**အတ္ထာ ယဿာ နုသာရေန, ဝိညာယန္တိ တတော ပရံ၊**
**သာယံ ပညတ္တိ ဝိညေယျာ, လောက သင်္ကေတ နိမ္မိတာ။**

ဝစီဃောသာနုသာရေန- စကားသံကို အစဉ်လိုက် သဖြင့်၊ သောတဝိညာဏဝီထိယာ- သောတဝိညာဏ ဝီထိ, တဒနုဝတ္တက မနောဒွါရဝီထိ၏၊ ပဝတ္တာနန္တရုပ္ပန္န မနောဒွါရဿ- အခြားမဲ့၌ ဖြစ်သော မနောဒွါရ ဝီထိ၏၊

ဂေါစရာ-အာရုံ ဖြစ်သော၊ယသ-အကြောင်း နာမပညတ်ကို၊ အနုသာရေန-အစဥ် လိုက်သဖြင့်၊ ပရံ-နောက်၌၊ အတ္ထာ-အနက်ဖြစ် အတ္ထ ပညတ်တို့ကို၊ဝိညာယန္တိ-သိအပ်ကုန်၏၊ သာ အယံ ပညတ္တိ-ထိုနာမပညတ်ကို၊ လောကသင်္ကေတ နိမ္မိတာ- လောက လူများ အမှတ်အသားဖြင့် ဖန်ဆင်းထားအပ်၏ ဟူ၍၊ ဝိညေယျာ- သိအပ်၏။ (ဂေါစရာ သာ အယံ ပညတ္တိ ဟု စပ်လေ၊)

မှတ်သားရန်။ ။ဝစီဃောသာ နုသာရေန, သောတဝိညာဏ ဝီထိယာ၊

"ဂေါ" ဟူသော အသံကို ကြားသောအခါ ထိုအသံကို အာရုံပြု၍ သောတ ဝိညာဏ ဝီထိသည် ဖြစ်၏၊ ထို့နောင် ချုပ်ပြီးသော "ဂေါ" ဟူသောအသံကို ဆက်လက် အာရုံပြုကာ ၂-ကြိမ်မြောက် (တံ- ထိုချုပ်ပြီး အသံကို၊ အနုဂတ္တက- အစဥ်လိုက်၍ အာရုံပြုတတ်သော) တဒနုဝတ္တကမနောဒွါရ တဝီထိကျန်၏၊ အနုဗန္ဓက ဝီထိလည်း ခေါ်၏။

ပဝတ္တာ နန္တရုပ္ပန္န, မနောဒွါရဿ ဂေါစရာ၊

ထို ၂-ဝီထိဖြစ်ပြီးသည်၏ အခြားမဲ့၌ တတိယမြောက် မနောဒွါရ တဝီထိ ကျပြန်၏၊ ဤဝီထိဖြင့် "မနောဒွါရဿ ဂေါစရာ" ဆိုသည့် အတိုင်း အမည်နာမပညတ်ကို အာရုံပြု၏၊ နာမည်ကို သိမှတ်ရ၏ဟူလို နာမ ပညတ္တိဂ္ဂဟဏ ဝီထိခေါ်၏။

အတ္ထာ ယဿာနုသာရေန, ဝိညာယန္တိ တတော ပရံ။

ထိုအတ္ထပညတ် အမည်နာမကို အစဥ်မှီး၍ အာရုံပြုကာ ထို့နောက် အနက်ဖြစ် နွားကောင်ကြီးကို အာရုံပြုတတ်သော စတုတ္ထ မြောက် ဝီထိ တခု ဖြစ်ပေါ် လာပြန်၏၊ ဤ ဝီထိကို အတ္ထဂ္ဂဟဏ ဝီထိခေါ်၏၊ တသံသာ ထွက်သော နာမပညတ်ကို ကြားရတိုင်း ဤ ၄-ဝီထိစေ့မှ၊ ကိစ္စပြီးနိုင်သည်၊ဝါ-သဒ္ဒပညတ် အတ္ထပညတ် ၂-ပါးစုံကို သိရသည်။

**သဒ္ဒံ ပဌမ စိတ္တေန, တီတံ ဒုတိယ စေတသာ။**
**နာမံ တတိယစိတ္တေန, အတ္ထံ စတုတ္ထစေတသာ။**

သဒ္ဒံ – ပစ္စုပ္ပန် ကြားနေဆဲ သဒ္ဒါရုံကို၊ ပဌမ စိတ္တေန – ရှေးဦးသောတ ဝိညာဏ ဝီထိဖြင့်၊ အတီတံ – လွန်ပြီး ချုပ်ပြီးသော အတိတ်သဒ္ဒါရုံကို၊ ဒုတိယစေတသာ – ၂ ကြိမ်မြောက် တဒနုဝတ္တက မနောဒွါရိက ဝီထိစိတ်ဖြင့်၊ နာမံ – ဝေါဟာရသော နာမ ပညတ်ကို၊ တတိယ စိတ္တေန – သုံးဆင့်မြောက် နာမဂ္ဂဟဏဝီထိဖြင့်၊ ဝါ – ပညတ္တိဂ္ဂဟဏ ဝီထိစိတ်ဖြင့်၊ အတ္ထံ – နွားဖြစ် ဟူသော အတ္ထပညတ်ကို၊ စတုတ္ထ စေတသာ – လေးဆင့်မြောက် အတ္ထဂ္ဂဟဏ ဝီထိစိတ်ဖြင့်၊ ဇာနာတိ – တဆင့်တဆင့် အစဉ်သဖြင့် သိရ၏။

**သာယံပညတ္တိဝိညေယျာ, လောကသင်္ကေတ နိမ္မိတာ၊**

ထိုပထဝီ ဝေါ အသော ဣတ္ထိ ပုရိသ စသော လောကသုံး အမှတ်အသား သင်္ကေတ စကားလုံးများကို သူ့ ဘာသာရေးဆိုင်ရာ ပညာရှင် များသည် တစ တစ တည်ထွင် ဖန်ဆင်း ထားအပ်၏၊ ဘာသာတိုင်းမှာပညာရှင်များက တည်ထွင်ခေါ်ဆိုသုံးနှုံးထားသော အမည်နာမများကို လောက သင်္ကေတနိမ္မိတ တွေချည်းဟူ၍ မှတ်လေ။

ပစ္စည်းပိုင်းပြီး၏

---

## (၂)ကမ္မဋ္ဌာန်းပိုင်း

သမထဝိပဿနာနံ, ဘာဝနာန မိတော ပရံ၊
ကမ္မဋ္ဌာနံ ပဝက္ခာမိ,ဒုဝိဓမ္ပိ ယထာက္ကမံ။

ဣတော–ဤပစ္စည်းပိုင်းမှ။ ပရံ-နောက်၌။ သမထ ဝိပဿနာနံ-သမထ ဝိပဿနာဟုဆိုအပ်ကုန်သော၊ ဘာဝနာနံ–ဘာဝနာတို့၏။ ဒုဝိဓမ္ပိ-နှစ်ပါးအပြားရှိသည်လည်းဖြစ်သော၊ ကမ္မဋ္ဌာနံ-ကမ္မဋ္ဌာန်းကို။ ယထာက္ကမံ–အစီအစဉ်အတိုင်း။ ပဝက္ခာမိ–ဆိုပေအံ့၊

မှတ်သားရန်။ ။သမထဝိပဿနာနံ။ ။နီဝရဏာနိ သမေတိ ဝူပသမေတီတိ သမထော၊ နီဝရဏာနိ–နီဝရဏာတို့ကို၊ သမေတိဝူပသမေတိ–ငြိမ်းစေတတ်၏၊ ဣတိ–ထို့ကြောင့်၊ သမထော–သမထမည်၏၊ နီဝရဏတို့ကို ငြိမ်းအေးစေတတ်သော ဧကဂ္ဂတာစေ‌ေ သမာဓိသည် သမထမည်၏၊ မဟဂ္ဂုတ်ကုသိုလ်ကြီးယာဂိတ်၌ရှိသော အပ္ပနာသမာဓိ, ထိုမဟာဂ္ဂုတ်အပ္ပနာသမာဓိ၏ ရှေ့အဘို့၌ ဖြစ်သော မဟာကု–ကြီးစိတ်၌ ရှိသော ပရိကမ္မသမာဓိ ဥပစာရသမာဓိအားဖြင့် သမထသည် အမျိုးမျိုး ရှိ၏။ သမထအရ သမာဓိကောက်၊ ဈာန် ရစေတတ်၏၊

အနိစ္စာဒိနာဝိဝိဓေနအာကာရေန သင်္ခါရေ ပဿတီတိ ဝိပဿနာ၊ အနိစ္စအစရှိသော အထူးထူးသော အခြင်းအရာအားဖြင့် တေဘုမ္မက သင်္ခါရတရားတို့ကို ရှုဆင်ခြင်တတ်သောပညာသည် ဝိပဿနာမည်၏။ ဝိပဿနာအရ ပညာကောက် မဂ်ဖိုလ်ကိုရစေနိုင်၏၊

ဘာဝနာနံ။ ။ဘာဝေတဗ္ဗာတိဘာဝနာ၊မိမိသန္တာန်၌ မဖြစ်သေးသည်ကို ဖြစ်ပေါ်၍လာအောင်,ဖြစ်ပြီးသည်ကို တိုးပွါး၍လာအောင် အားထုတ်ခြင်းကို ဘာဝနာခေါ်သည်၊

ကမ္မဋ္ဌာနံ။ ။ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ၊သမထကံ သမထအလုပ် ဝိပဿနာကံ ဝိပဿနာအလုပ်၏ တည်ရာလုပ်ရာ ဌာနသည် ကမ္မဋ္ဌာန မည်၏၊ သမထဘာဝနာ ဝိပဿနာဘာဝနာ ၂–ပါး၏ လုပ်ကိုင်အားထုတ်ရာ တည်ရာ ဖြစ်သော ပထဝီကသိုဏ်း စသော အာရုံသည် သမထ ဘာဝနာ၏ တည်ရာအားထုတ်ရာ သမထ ကမ္မဋ္ဌာန်းမည်၏၊

တဘော်မှက နာမ်ရုပ် အားရုံသည်ကား ဝိပဿနာဘာဝနာ၏ တည်ရာ အားထုတ်ရာ ဝိပဿနာကမ္မဋ္ဌာန်းမည်၏။

သမထဘာဝနာအရ သမာဓိ ရ၏၊သမထကမ္မဋ္ဌာန်းအရ ကမ္မဋ္ဌာန်း ၄၀-ကို ရ၏၊ ဝိပဿနာ ဘာဝနာအရ ပညာကို ရ၏၊ ဝိပဿနာ ကမ္မဋ္ဌာန်းအရ ရုပ် နာမ် ဓမ္မ သင်္ခါရ ရ၏။

---

## သမထကမ္မဋ္ဌာန်း ၄၀

၁။ ကသိုဏ်း ၁၀-ပါး
၂။ အသုဘ ၁၀-ပါး
၃။ အနုဿတိ ၁၀-ပါး
၄။ အပ္ပမညာ ၄-ပါး
၅။ အာရုပ္ပ ၁-ပါး
၆။ ဓာတုဝဝတ္ထာန် ၁-ပါး
၇။ အာရုပ္ပ ၄-ပါး

ပေါင်း-၄၀

၁။ ရာဂစရိုက်,
၂။ ဒေါသစရိုက်,
၃။ မောဟစရိုက်,
၄။ သဒ္ဓါစရိုက်,
၅။ ဗုဒ္ဓိစရိုက်,
၆။ ဝိတက်စရိုက်,

ပေါင်း စရိုက် ၆-ပါး

၁။ ပရိကမ္မဘာဝနာ,
၂။ ဥပစာရဘာဝနာ,
၃။ အပ္ပနာဘာဝနာ,

ပေါင်း ဘာဝနာ ၃-ပါး

၁။ ပရိကမ္မနိမိတ်
၂။ ဥဂ္ဂဟနိမိတ်,
၃။ ပဋိဘာဂနိမိတ်,

ပေါင်း နိမိတ် ၃–ပါး

၁။ ပထဝီကသိုဏ်း,
၂။ အာပေါ,
၃။ တေဇော,
၄။ ဝါယော,
၅။ နီလ,
၆။ ပီတ,
၇။ လောဟိတ,
၈။ ဩဒါတ,
၉။ အာကာသ,
၁၀။ အာလောက,

ပေါင်း ကသိုဏ်း ၁၀–ပါး

၁။ ဥဒ္ဓုမာတက,
၂။ ဝိနီလက,
၃။ ဝိပုဗ္ဗက,
၄။ ဝိစ္ဆိဒ္ဒက,
၅။ ဝိက္ခာယိတက,
၆။ ဝိက္ခိတ္တက,
၇။ ဟတဝိက္ခိတ္တက
၈။ လောဟိတက,
၉။ ပုဠုဝက,
၁၀။ အဋ္ဌိက,

ပေါင်းအသုဘ ၁၀–ပါး

**၁။ ဥဒ္ဓုမာတကံ။** ။သေသည်အထက် နှစ်ရက် သုံးရက်ကျူး၍ ဖူးဖူး ယောင်ပုပ် စက်ဆုပ်ဘွယ်သော သူကောင်ပုပ်ရင်း၊

**၂။ ဝိနီလကံ။** ။အသားများရော၍နီ၊ ပြည်စုရော၍ ဖြူ၊ ယေဘုယျအားဖြင့် ညိုမည်း ယောင်ပုပ်လျက်၊ စက်ဆုပ် ရွံရှာဘွယ်သောသူကောင်ပုပ်ရင်း၊

၃။ **ဝိပုဗ္ဗကံ။** ။ပေါက်ပြဲ ကွဲအက်၊ ယိုထွက် ပြည်ပုပ်၊ စက်ဆုပ်ဘွယ်သော သူကောင်ပုပ်ရင်း၊

၄။ **ဝိစ္ဆိဒ္ဒကံ။** ။နှစ်ပိုင်း ဖြတ်ချ၊ စက်ဆုပ် ဘွယ်သော သူကောင်ပုပ်ရင်း၊

၅။ **ဝိက္ခာယိတကံ။** ။ခွေး ကျီး လင်းတ၊ သစ် ကျား စသည့်၊ ထိုမှ ဤလဲ၊ကိုက်ခဲ ဆိတ်ကုပ်၊ စက်ဆုပ် ဘွယ်သော သူကောင်ပုပ်ရင်း၊

၆။ **ဝိက္ခိတ္တကံ။** ။ခြေ လက် ခေါင်း ကိုယ်၊ ၊ဖရို ဖရဲ၊ တကွဲတပြား၊တခြားစီပစ်ပယ်၊ စက်ဆုပ်ဘွယ်သော သူကောင်ပုပ်ရင်း၊

၇။ **ဟတဝိက္ခိတ္တကံ။** ။ကျီးခြေမယွင်း၊ ဓားဖြင့် မွှင်းလျက်၊ ခြေ လက် ခေါင်း ကိုယ်၊ ဖရိုဖရဲ၊ တကွဲ တပြား၊ တခြားစီပစ်ပယ် စက်ဆုပ်ဘွယ်ကောင်းသော သူကောင်ပုပ်ရင်း၊

၈။ **လောဟိတကံ။** ။ထိုထို ဤဤ၊နီနီ တွေးတွေး သွေးရိုးလ်မ်းကျံသော သူကောင်ပုပ်ရင်း။

၉။ **ပုဠုဝကံ။** ။ဒိုးသောက် ဝင်ထွက်၊ ကျိကျိ တက် ပွမ်းသော သူကောင်ပုပ်ရင်း၊

၁၀။ **အဋ္ဌိကဋ္ဌ။** ။တ ချောင်း လည်း ကောင်း၊ ပေါင်းစည်း စပ်တွယ်၊ စက်ဆုပ်ဘွယ်သော အရိုးရင်း၊ (တချောင်းတည်း ဖြစ်စေ၊ အများ စုပေါင်း ဆက်တွယ် နေသည့် ဖြစ်စေ၊ အရိုးမှန်သမျှ အဋ္ဌိက မည်၏၊ )

ဇာတိဇရာမေ—ဤကမ္မဋ္ဌာန်းတို့သည်၊ ဒသအနုဿတိ— အသက် ကုန်ပျောက်၊ ခန္ဓာ ဘောဂကာ၊ ရောက်မြဲအသင့်၊ မဘင့် မတည်၊ ရှုရှာ စက်ဆုပ်ဘွယ် ဆာပ်ပါးတို့ မည်ကုန်၏။ (ဤ အနက်ကို ဆောင်ကာ၍ အမြဲမပြတ် ဆင်ခြင်ပွါးများကြပါကုန်)

၁။ ဗုဒ္ဓါနုဿတိ, ၆။ ဒေဝတာနုဿတိ,
၂။ ဓမ္မာနုဿတိ, ၇။ ဥပသမာနုဿတိ,
၃။ သံဃာနုဿတိ, ၈။ မရဏာနုဿတိ,
၄။ သီလာနုဿတိ, ၉။ ကာယဂတာသတိ,
၅။ စာဂါနုဿတိ, ၁၀။ အာနာပါနဿတိ,

ပေါင်းအနုဿတိ ၁၀–ပါး

၁။ **ဗုဒ္ဓါနုဿတိ။** ။ဘုရား၏ ဂုဏ်တော် တို့ကို အောက်မေ့ခြင်း၊

၂။ **ဓမ္မာနုဿတိ။** ။တရား၏ ဂုဏ်တော် တို့ကို အောက်မေ့ခြင်း၊

၃။ **သံဃာနုဿတိ။** ။သံဃာ၏ ဂုဏ်တော် တို့ကို အောက်မေ့ခြင်း၊

၄။ **သီလာနုဿတိ။** ။မိမိ စောင့်ထိန်း အပ်သော မကျိုး မပေါက် မပြောက် မကြားသော သီလကို အဖန်ဖန် အောက်မေ့ခြင်း

၅။ **စာဂါနုဿတိ။** ။ဂုဏ်ပကာသနနှင့် မဘက် ရက်ရက် ရောရော ပေးကမ်း လှူဒါန်းသမျှ အလှူ ဒါနကို အဖန်ဖန် အောက်မေ့ခြင်း၊

၆။ **ဒေဝတာနုဿတိ**။ ။နတ်များ ဗြဟ္မာများကို သက်သေထား၍ ထိုနတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း ကောင်းမှု ကုသိုလ်မျိုး ငါ၌ ရှိ၏ဟု အဖန်ဖန် အောက်မေ့ခြင်း၊

၇။ **ဥပသမာနုဿတိ**။ ။နိဗ္ဗာန် ခေါ်မြတ်ကြီး၏ ငြိမ်းအေးသော သဘောကို အဖန်ဖန် အောက်မေ့ခြင်း

၈။ **မရဏာ နုဿတိ**။ ။သေရခြင်း သဘောကို အဖန်ဖန် အောက်မေ့ခြင်း၊

၉။ **ကာယဂတာသတိ**။ ။အပေါင်း ဖြစ်သော ကိုယ်ခန္ဓာ၌ ဖြစ်နေသော ဆံပင် စသော ၃၂–စု ၃၂–ကောဋ္ဌာသတို့ကို အာရုံပြု၍ ဆင်ခြင်သုံးသပ်ခြင်း၊

၁၀။ **အာနာပါနဿတိ**။ ။ထွက်သက် ကို ၎င်း ဝင်သက်ကို၎င်း အောက်မေ့ဆင်ခြင်ခြင်း, (၅၅ အနက်များကို ဆောင်ထားကြပါကုန်)

**မှတ်သားရန်**။ ။ကာယဂတာသတိ နှင့် အာနာပါနဿတိ ၂–ပါး၌ အနု သဒ္ဒါ မပါရခြင်းမှာ ဆံပင် ဆံပင်, ဆံပင် ဆံပင်ဟု တခု တခုသော ကောဋ္ဌာသအစုကို အကြိမ်ကြိမ် ထပ်၍နှလုံး မသွင်းအပ်သည့် အဖြစ်ကို ပြလို၍ ဖြစ်သည်၊ ကေသာ, လောမာ, နခါ, ဒန္တာ, တစောဟု အနုလုံ ငါးပါးတစု ပြုပြီး ဆင်ခြင်အပ်သည်။ အာနာပါန အရာ၌လည်း အာန အာန, အာန အာန, ထွက်သက် ထွက်သက် ထွက်သက် ထွက်သက် ဟု တမျိုးတည်းကို အကြိမ်ကြိမ်အဖန်ဖန် မှတ်သားဆင်ခြင် အောက်မေ့ရန် မဖြစ်နိုင်၍ "အနု" သဒ္ဒါမပါဘဲ အာနာပါနဿတိ ဟုဟောတော်မူသည်။ ထို့ကြောင့်ထို ၂–ပုဒ်၌ အနုသဒ္ဒါ မပါချေ။

၁။ မေတ္တာ　　　　၃။ မုဒိတာ
၂။ ကရုဏာ　　　　၄။ ဥပေက္ခာ

## အပ္ပမညာ ဗြဟ္မဝိဟာရ ၄-ပါး

**မှတ်သားရန်။** ။စေတသိက်ပိုင်းတွင် အဒေါသစေတသိက်ဖြင့် မေတ္တာကို၊ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီးဖြစ်၍ ကရုဏာ မုဒိတာ နှစ်ပါးကိုသာ အပ္ပမညာ စေတသိက် အမည်ဖြင့် ပြထားသည်၊ ထို မေတ္တာ နှင့် ဥပေက္ခာ စေတသိက် ၂-မျိုးသည် ကရုဏာ မုဒိတာတို့ကဲ့သို့ စိတ်ယှဉ်ချင်း တူရာ အုပ်စု၌ ပြထား၏။

## ၁။ အာဟာရေ ပဋိကူလသညာ ကော သညာ နာမ

ခဲဘွယ် ဘောဇဉ်ဖြစ်သော အစာအာဟာရ၌ စက်ဆုပ် ရွံရှာဘွယ်ဟု ထင်မြင်လာအောင် ရှုဆင်ခြင်တတ်သော သညာသည် အာဟာရေ ပဋိကူလ သညာ မည်၏၊

**အာဟာရတွင်၊ ရွံဘွယ်လျှင်၊ မှတ်ထင် ၎င်း သညာ။**

## ဆင်ခြင်ဘွယ် ၁၀--ပါး

၁။ အစာ အာဟာရ ရှိရာ အရပ်သို့ သွားရခြင်း၊
၂။ ထိုထို အရပ်၌ လှည့်ပတ် ရှာမှီးရခြင်း၊
၃။ သုံးဆောင် စားသောက်ရခြင်း၊
၄။ အစာသစ် အိမ်၏ အထက်ဖြစ်သော သွေး ပြည် သလိပ် သည်းခြေစသော တည်ရာဌာန၊
၅။ အစာသစ်အိမ် ဟူသော တည်ရာ၊
၆၊ မကြေ မကျက်သေးသော အစာ၊
၇။ ကြေညက်ပြီးသော အစာ၊
၈။ ဆံပင်မွေးညင်း စသော မုချအကျိုး၊
၉။ ယိုထွက်သော ကျင်ကြီး ကျင်ငယ် ဟူသော အကျိုးဆက်၊
၁၀။ လက် နှုတ်ခမ်းတို့ကို လူးလည်း လိမ်းကျံခြင်း၊

**ဤ အခြင်းအရာဆယ်ပါးဖြင့် စက်ဆုပ် ဘွယ် ဟု ရှုအပ်၏။**

## တနည်းရှုဘွယ်

၁။ အန္တံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ဧက ဒွါရေန ပဝိသိတွာ, နာဝ ဒွါရေဟိ သန္ဒတိ။

၂။ အန္တံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ဘုဉ္စတေ သ-ပရိဝါရော, နိက္ခာ မေဧကော နိလီယတိ။

၃။ အန္နံ ပါနံ ခါဒနီယံ, ဘောဇနဥ္စ မဟာရဟံ၊
ကောရက္ခိ ပရိဝါသာ, သဗ္ဗံ ဘဝတိ ပူတိကံ။

၁၊ မဟာရဟံ-မြတ်သော သူတို့နှင့်သာ ထိုက်တန်သော၊ အန္နံစ-ထမင်းသည်၎င်း၊ ပါနံစ-အဖျော်သည်၎င်း၊ ခါဒနီယံစ- ခဲဘွယ်သည်၎င်း၊ ဘောဇနဥ္စ-ဘောဇဉ်သည်၎င်း၊ ဧကဒွါရေန-တပေါက်သော ဒွါရဖြင့်၊ ပဝိသိတွာ-ဝင်သွားပြီး၍၊ နဝဒွါရေဟိ-ကိုးပေါက်သော ဒွါရတို့မှ၊ သန္ဒတိ-တစိစိ တစက်စက် ယိုစီး၍ ထွက်လာရ၏။

၂။ အခြွေ အရံတွေနှင့် ဝန်းဝိုင်း စားသောက်ပြီး စွန့်ပစ်သော အခါ၌ ပုံးလျှိုး ကွယ်လျှိုး စွန့်ရ၏။

၃၊ တညဉ့်မျှ ဝမ်းတွင်း၌ သိပ်ပြီးပါက အားလုံးသော ခဲဘွယ် ဘောဇဉ် အစာ အာဟာရသည် ပုပ်သိုးသွားလေတော့၏။

**စတုဓာတု ဝဝတ္ထာန် ကော ဝဝတ္ထာန် နာမ။**

ဤခန္ဓာကိုယ်၌ ရှိသော ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီး လေးပါးကို ပိုင်းခြား မှတ်သားသော ဉာဏ်သည် စတုဓာတု ဝဝတ္ထာန် မည်၏။

**အာကာသာနဉ္စာ ယတနာဒယော စတ္တာရော အာရုပ္ပါနာမ**

အာကာသာနဉ္စာ ယတန စသော ၄-ပါးတို့သည် အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါး မည်၏။

**သမထနည်း ကမ္မဋ္ဌာန်း ၄၀-ပြီး၏**

## သပ္ပါယ အပြား

စရိတာသုပန ဒသအသုဘာ ကာယဂတာသတိ သင်္ခါတာ ကောဋ္ဌာသ ဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

**ရာဂစရိုက်**ရှိသူအား- အသုဘ ၁၀-ပါး၊
ကာယဂတာသတိ ၁-ပါး၊
ပေါင်း ၁၁-ပါး လျော်၏။

အသုဘ ကာယ၊ ဆဲ့တစ်ဝ၊ ရာဂလျော်လှစွာ။

စတဿော အပ္ပမညာယော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသ စရိတဿ။

**ဒေါသ စရိုက်**ရှိသူအား-အပ္ပမညာ ၄-ပါး၊
နီလာဒိကသိုဏ်း ၄-ပါး၊
ပေါင်း ၈-ပါး လျော်၏။

အဆင်းမည်၊ ရှစ်ဌာန၊ ဒေါသ လျော်လှစွာ၊

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

**မောဟစရိုက်** ရှိသူအားလည်း **ဝိတက်စရိုက်** ရှိသူ အားလည်း အာနာပါန ကမ္မဋ္ဌာန်းသည် လျော်၏။

အာနာပါန၊ အလျော်ကျ၊ မောဟ ဝိတက် သာ။

ဗုဒ္ဓါနုဿတိ အာဒယော ဆ သဒ္ဓါစရိတဿ။

**သဒ္ဓါစရိုက်** ရှိသူအား-ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဟူ၍ ၆-ပါး လျော်၏။

မရဏ ဥပသမ သညာဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။

**ဗုဒ္ဓိစရိုက်**ရှိသူအား- မရဏာနုဿတိ ဥပသမာနုဿတိ ဒိကာသညာ စတုဓာတုဝဝတ္ထာန် ဟူ၍ ၄-ပါး လျော်၏။

မရဏနှင့်၊ ဥပသမာ၊ သညာတတန်၊ ဝဝတ္ထာန်၊ လေးတန်ဗုဒ္ဓိသာ။

**သေသာနိပန သဒ္ဓါနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ၊**

ကျန်သော ကမ္မဋ္ဌာန်း ၁၀-ပါးတို့သည် စရိုက်မရွေး မည်သည့် စရိုက်ရှိသူမဆို ယောဂီ ပုဂ္ဂိုလ် အားလုံးနှင့် သင့်လျော်၏။

**ပထဝီ အာပေါတေဇောဝါယော အာကာသ အာလောက**
**အာရုပ္ပ ၄-ပါးပေါင်း ကမ္မဋ္ဌာန်း ၁၀-ပါးတည်း၊**

| ပုဂ္ဂိုလ် | ကိုယ်ပိုင် | အများဆိုင် |
|---|---|---|
| ရာဂ စရိတအား | ၁၁ | ၁၁=၂၁ |
| ဒေါသ စရိတအား | ၈ | ၁၀=၁၈ |
| မောဟ စရိတအား | ၁ | ၁၀=၁၁ |
| ဝိတက္က စရိတအား | ၁ | ၁၀=၁၁ |
| သဒ္ဓါ စရိတအား | ၆ | ၁၀=၁၆ |
| ဗုဒ္ဓိ စရိတအား | ၄ | ၁၀=၁၄ |

**တဋ္ဌာ ပိ ကသိဏေသု ပုထုလံ မောဟ စရိတဿ၊**
**ခုဒ္ဒကံ ဝိတက္က စရိတဿေဝါ တိ။**

မောဟ စရိုက်ရှိသူအား ကသိုဏ်းဝန်း သေးငယ်နေပါက တွေဝေစရာဖြစ်၍ ကောက်နယ် တလင်းခန့် အထိ ပြန့်ကျယ်သော ကသိုဏ်းဝန်းနှင့် လျော်၏၊

ဝိတက် စရိုက် ရှိသူအား ကသိုဏ်းဝန်း ပြန့်ကျယ်လျှင် ဝိတက်ကို အားပေးရာကျ၍ စိတ်ပြန့်လွင့်ဘွယ် ရှိသောကြောင့် ကသိုဏ်းဝန်း ခပ်ကျဉ်းကျဉ်း (အချဉ်း တထွာ ေလးသစ်ခန့်) ကသိုဏ်းဝန်းနှင့် လျော်၏။

**ကသိုဏ်းကြီးမှု၊ မောဟယူ၊ ငယ်မှုဝိတက်သာ။**

**၁။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမှာ မေတ္တာ, မရဏာဿတိ ၂-ပါး၊**
**၂။ ပါရိဟာရိယ ကမ္မဋ္ဌာန်းမှာ ကျန် ကမ္မဋ္ဌာန်း ၃၈-ပါး။**

၁။ **သဗ္ဗတ္ထ သဗ္ဗေသံ အတ္ထယိတဗ္ဗတ္တာ သဗ္ဗတ္ထကံ။** ။ မည်သည့်နေရာ၌မဆို အားလုံးသော ပုဂ္ဂိုလ်များအား အလိုရှိအပ်သောကြောင့် သဗ္ဗတ္ထက မည်၏။

၂။ **နိစ္စံ ပရိဟရိတဗ္ဗတ္တာ ပါရိဟာရိယံ။** ။စရိက်အား လျော်စွာ အမြဲမပြတ် ဆောင်အပ်သော (ပွားအပ်သော) ကြောင့် ပါရိဟာရိယ မည်၏ ပါရိဟာရိက လည်းခေါ်၏၊ အတူပင်။

**မှတ်သားရန်။** ။သပ္ပါယ သင့်လျော်လျောက်ပတ်သည်ဆိုရာ၌ ဆန့်ကျင်ဘက် အားဖြင့်ရင်း၊ ဓာတ်တူ သဘောတူ အားဖြင့်ရင်း သပ္ပါယ ဖြစ်သည်၊ ဥပမာ–ဤဆေးနှင့် သင့်၏ ဆိုရာ၌ ဝေဒနာကို နှိမ်နင်း ကင်းပျောက်စေသော အားဖြင့် ဝေဒနာနှင့် ဆန့်ကျင်ဘက် ဖြစ်၍ သပ္ပါယ ဖြစ်၏၊ ဤ အစာနှင့် သင့်၏ ဆိုရာ၌ အစာ နှင့် ဓာတ်သဘာဝတို့ သင့်တင့် လျောက်ပတ်၍ သပ္ပါယ ဖြစ်၏ ဟု ဆိုအပ်၏။

ထို့အတူ အသုဘ ၁၀–ပါး နှင့် ကာယဂတာ သတိတို့သည် ရာဂဿ ဥဇုဝိပစ္စနိက ဘာဝတော ရာဂနှင့် ဖြောင့်ဖြောင့် တန်းတန်း ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ရာဂစရိုက် ရှိသူအား သပ္ပါယ ဖြစ်၏၊ မေတ္တာအစရှိသော ၃–ပါးသည် ဒေါသကို ပယ်ခွါခြင်း၏ အကြောင်း ဖြစ်သောကြောင့်ရင်း မထိပါး မညှင်းဆဲသောအားဖြင့် အာရုံပြုခြင်း ရှိကြသောကြောင့်ရင်း ဒေါသနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ဒေါသစရိုက် ရှိသူအားသပ္ပါယဖြစ်၏၊အာနာပါနသည် မုဋ္ဌဝိသယ ဘာဝေန မောဟ ပဋိပက္ခတ္တာ ဝိတက္က သန္ဓာဝနဿ နိဝါရကတ္တာစ ပညာ၏အာရုံပြုရာ ကျက်စားရာ ဖြစ်သောကြောင့် မောဟနှင့် ဆန့်ကျင်ဘက် အားဖြင့် သပ္ပါယ ဖြစ်၏၊ ဝိတက်ဖြင့် ဒေါင်ခြာ စိုင်းနေခြင်းကို ထိမ်းအုပ်ပေး တတ်၍ ဝိတက်နှင့်လည်း ဆန့်ကျင်ဘက် အားဖြင့် သပ္ပါယ ဖြစ်၏။ ဗုဒ္ဓါနုဿတိစသော ၆–ပါးသည် သဒ္ဓါဗုဒ္ဓိ ဟေတုဘာဝတော သဒ္ဓါ တရားတိုးပွါးခြင်း၏ အကြောင်းဖြစ်၍ သဒ္ဓါစရိုက် ရှိသူအား သဘာဂ အားဖြင့် သပ္ပါယ ဖြစ်၏၊ မရဏ ဥပသမ စသော ၄–ပါးသည် ''ဂမ္ဘီရ ဘာဝတော ဗုဒ္ဓိယာ ဝေ ဝိသယတ္တာ'' နက်နဲလှ၍ ပညာ၏ အရာဖြစ်သောကြောင့် အသင့်အလျော် အားဖြင့် ဗုဒ္ဓိစရိုက် ရှိသူအား သပ္ပါယ ဖြစ်၏၊ဤသို့ ရှေ့ ၄–ပါး၏ ဆန့်ကျင်ဘက် အားဖြင့် သပ္ပါယ

ဖြစ်ပုံ, နောက် ၂-ပါး၏ အနုကူလ အလျော် အားဖြင့် သပ္ပါယ ဖြစ်ပုံကို မှတ်ပါ၊ ဘာဝနာ ကမ္မဋ္ဌာန်း ၄၀-လုံးသည် ရာဂ ဒေါသ မောဟဒိတက်တို့ကို ဆန့်ကျင်ဘက်အားဖြင့် ခွါနိုင်သည်ချည်း, သဒ္ဓါ ဗုဒ္ဓိတို့ကို တိုးပွါးစေနိုင်ကြသည်ချည်း ဖြစ်ကြကုန်သော်လည်း အလွန် သင့်မြတ် လျောက်ပတ်သော စရိုက် နှင့် ကမ္မဋ္ဌာန်းကို ဆက်စပ် ပြလိုသောကြောင့် ရာဂစရိုက်ရှိသူအား ဤ၍ ဤမျှသော ကမ္မဋ္ဌာန်းနှင့်သာ သင့်လျော်၏ စသဖြင့် ခွဲဝေ၍ ပြတော်မူလေသည်။

---

## ဘာဝနာ ဘေဒ

**ဘာဝနာသုပန သဗ္ဗတ္ထာပိ ပရိကမ္မ ဘာဝနာ လဗ္ဘတေဝ။**

ကမ္မဋ္ဌာန်း အားလုံးတို့၌ ပရိကမ္မ ဘာဝနာကို ရအပ်၏၊ ပရိကမ္မ ဘာဝနာ မရကောင်းသော ကမ္မဋ္ဌာန်း မရှိ။

**မှတ်သားရန်။** ။ပထဝီ ကသိုဏ်း အစရှိသောကမ္မဋ္ဌာန်း ၄၀-တို့၌ သက်ဆိုင်ရာ ကမ္မဋ္ဌာန်းကို မျက်စေ့ဖြင့် ကြည့်၍၎င်း, စိတ်ဖြင့် မှတ်၍၎င်း ရှေးဦးစွာ ပွားများ အားထုတ်ခြင်းသည် ပရိကမ္မ ဘာဝနာ မည်၏၊ ပရိကရောတီတိ ပရိကမ္မံ၊ ပရိကရောတိ-အထက် အထက် ဘာဝနာ အလို့ငှါ ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပရိကမ္မံ-ပရိကမ္မ မည်၏ အထက် အထက် ဘာဝနာ အလို့ငှါ မည်သည့် ကမ္မဋ္ဌာန်းမှာ မဆိုရှေးဦးစွာ အားထုတ်မှု ပရိကမ္မ ဘာဝနာကို ရနိုင်ကောင်းသည် ချည်းသာ။

**ဗုဒ္ဓါနုဿတိ အာဒိသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။**

ဗုဒ္ဓါနုဿတိ စသောအနုဿတိ၈ပါး, ဧကသညာ, စတုဓာတုဝဝတ္ထာန်အားဖြင့် ဤ ကမ္မဋ္ဌာန်း ၁၀-ပါး၌ ဥပစာရ ဘာဝနာသည်သာလျှင် ပြည့်စုံ၏၊ အပ္ပနာ

ဘာဝနာ ဟား မရှိပေ။ ဤ ၁၀—ပါးကို အားထုတ်လျှင် ဥပစာရ ဘာဝနာသာလျှင် ဖြစ်နိုင်၍ အပ္ပနာဈာန်ကိုကား မရနိုင်ဟူလို။

**မှတ်သားရန်။** ။ဥပသမီပေ စရတီတိ ဥပစာရော၊ဥပသမီပေ- အပ္ပနာ ဈာန်၏ အနီးအနားး၌၊ စရတိ-ဖြစ်တတ်၏၊ ဣတိ-ထို့ကြောင့်။ ဥပစာရော-ဥပစာရ မည်၏။ ရွာတို့ အိမ်တို့၏ အနီးအပါးအရပ်ကို ရွာ၏ ဥပစာ,အိမ်၏ ဥပစာဟု ခေါ်သကဲ့သို့ ဈာန် အပ္ပနာ၏ အနီး အနားး၌ဖြစ်သော ဘာဝနာသည်ဥပစာရဘာဝနာမည်၏။ဤကမ္မဋ္ဌာန်း ၁၀-ပါးသည် ဈာန် အပ္ပနာသို့ မရောက်စေနိုင်,ဈာန် ကိုမရနိုင်ပေ။

**သေသေသု ပန သမတိံသ ကမ္မဋ္ဌာနေသု အပ္ပနာ ဘာဝနာ ဝိ သမ္ပဇ္ဇတိ။**

ကျန် ကမ္မဋ္ဌာန်း ၃၀-တို့၌ အပ္ပနာ ဘာဝနာ သည် လည်း ပြည့်စုံ၏။ (ဈာန်တရားကို ရနိုင် ဖြစ်စေနိုင်သည် ဟူလို) ပရိကမ္မ ဘာဝနာ ဥပစာရ ဘာဝနာ နှစ်ပါး လည်း ပြည့်စုံနိုင်သည်။

**မှတ်သားရန်။** ။အပ္ပေတိ နိဝိသတီတိ အပ္ပနာ။ အပ္ပေတိ နိဝိသတိ-ဥပစာရ ဘာဝနာထက် လွန်ကဲ၍ အာရုံ၌ ခိုင်မြဲစွာ သက်ဝင် တည်နေတတ်၏။ဣတိ-ထို့ကြောင့်။အပ္ပနာ အပ္ပနာ မည်၏၊ မုချဆောက် ဆတ် အားဖြင့် ဝိတက်ကိုသာ အပ္ပနာ ခေါ်သည်။

ဈာန်အရာ၌ ကောဋ္ဌာသည် ပဓာန၊ အပ္ပနာအရာ၌ ဝိတက်သည် ပဓာန၊ အပ္ပနာအရ ဈာန် မဂ် ဖိုလ် တရားအားလုံးကို ရ၏၊

အပ္ပနာ၏ ရှေ့အဘို့၌ ကမ္မဋ္ဌာန် စီးဖြန်းသောအားဖြင့် ဖြစ်သော အစကံသည် ပရိကမ္မ ဘာဝနာမည်၏၊ နီဝရဏတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်သည်မှစ၍ ဂေါတြဘု အဆုံးထိအောင် ဖြစ်သော ဘာဝနာသည် ဥပစာရ ဘာဝနာမည်၏။

## ကမ္မဋ္ဌာန်းကို ဈာန်ဖြင့်ဝေခွဲပုံ

**တတ္ထာပိ ဒသကသိဏာနိ အာနာပါနဉ္စ ပဉ္စကဈာနိကာနိ ။**

ကသိုဏ်း ၁၀-ပါး, အာနာပါနဿတိပေါင်း ၁၁-ပါး သော ကမ္မဋ္ဌာန်းသည် ရူပါဝစရ ဈာန် ၅-ပါး အထိ ပေါက်ရောက်ရရှိနိုင်သည်။ (ဈာန် ၅-ပါး၏အာရုံဟူလို)

**ဒသ အသုဘာ ကာယဂတာ သတိ စ ပဌမဈာနိကာ။**

အသုဘ ၁၀ ပါး, ကာယဂတာသတိအားဖြင့် ၁၁-ပါး သော ကမ္မဋ္ဌာန်းသည် ပဌမဈာန်၏ အာရုံဖြစ်၏။ (ပဌမ ဈာန်ကို ဖြစ်စေနိုင်သည် ဟူလို။)

**မေတ္တာ ဒယော တယော စတုက္ကဈာနိကာ။**

မေတ္တာ ကရုဏာ မုဒိတာ ၃-ပါးသည် အောက် ဈာန် ၄-ပါး အပေါင်း၏ အာရုံဖြစ်၏။(စတုက္ကဈာန်အထိ ဈာန်၄-ပါး အပေါင်း ဈာနစတုက္ကကို ဖြစ်စေနိုင်သည်)။

**ဥပေက္ခာ ပဉ္စမဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရ ဈာနိကာနိ ကမ္မဋ္ဌာနာနိ။**

ဥပေက္ခာ ကမ္မဋ္ဌာန်းသည် ပဉ္စမဈာန်ကို ဖြစ်စေ၏။ (ပဉ္စမဈာန်၏အာရုံကား ဥပေက္ခာ ကမ္မဋ္ဌာန်းဖြစ်သည်)။

**မှတ်သားရန်။** ။ကသိုဏ်း ၁၀-ပါး, အနာပါနဿတိ ၁, ၌ ဥပေက္ခာ ၁ အားဖြင့် ပဉ္စမဈာန်၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် စုစုပေါင်း ၁၂ ပါးရှိသည်။

ကသိုဏ်း ၁၀-ပါး, အနာပါနဿတိ ၁-ပါး, မေတ္တာ စသော ၃-ပါး ၌ ၁၄-ပါးသည် ဒု-တ-စ ဈာန်များကို ဖြစ်စေနိုင်၏၊

အသုဘ ၁၀-ပါး, ကာယဂတာသတိ ၁, ၌ ၁၁-ပါးသည်ပဌမ ဈာန်ကိုဖြစ်စေနိုင်၏။

ဤသို့ ပဋ္ဌာချာန်၏ အာရုံ ကမ္မဋ္ဌာန်း ၁၂-ပါး ပ-ဒု-တ-စ-ဈာန်၏ အာရုံ ကမ္မဋ္ဌာန်း ၁၄-ပါးအားဖြင့် ရူပါ ဝစရ ဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် ဝါ-ရူပါ ဝစရ ဈာန်ကို ဖြစ်စေ ရစေနိုင်သော ကမ္မဋ္ဌာန်းသည် စုစုပေါင်း ၂၆-ပါးဖြစ်သတည်း။

စတ္တာရော ပန အာရုပ္ပါ အရူပဈာနိကာ။

၁။ အာကာသာနဉ္စာယတန အာရုပ္ပ ကမ္မဋ္ဌာန်း,

၂။ ဝိညာဏဉ္စာယတန အာရုပ္ပ ကမ္မဋ္ဌာန်း,

၃။ အာကိဉ္စညာယတန အာရုပ္ပ ကမ္မဋ္ဌာန်း,

၄။ နေဝသညာနာသညာယတန အာရုပ္ပကမ္မဋ္ဌာန်း အားဖြင့် ဤအာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါးသည် အာကာသာ နဉ္စာယတန စသော အရူပဈာန် ၄-ပါးကို အစဉ်အတိုင်း ဖြစ်စေနိုင်၏၊ ဝါ- အစဉ်အတိုင်း ဈာန်တို့၏ အာရုံဖြစ်ကုန် အာရုံ အပြု ခံရကုန်၏။

**မှတ်သားရန်။** ။အာကာသ ကသိုဏ်းမှတပါးကျန်သောကသိုဏ်း ပဋိဘာဂနိမိတ် ကိုးပါးတွင်တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင် ပညတ်သည် အာကာသာနဉ္စာယတနဈာန်၏ အာရုံဖြစ်၏၊ ထို့ကြောင့် ၎င်းပဋိဘာဂနိမိတ် ၉-ပါးဟူသော အာရုံကိုပင်အာကာသာနဉ္စာယတန ဟူသော အမည်ဖြင့် အာကာသာနဉ္စာ ယတန အာရုပ္ပ ကမ္မဋ္ဌာန်းဟု ခေါ်ထားသည်။ ဤအရာ၌ အာကာသာနဉ္စာယတနကိုပင် အရူပဈာန်၊ ၎င်းအာကာသာနဉ္စာယတနကိုပင်အာကာသာနဉ္စာယတန အာရုပ္ပ ဟု ခေါ်ရာ၌ အာရုံအာရုပ္ပကိုပင် ဈာန် အရူပ၏အမည်ပေါ်၌တင်စားသုံးစွဲ ခေါ်ထားပုံကို သေချာစွာ သဘောပေါက်အောင် ဆွေးနွေးကြလေ၊ အာကာသာနဉ္စာယတန ဈာန်စိတ်သည် ဝိညာဏဉ္စာယတန ဈာန်၏ အာရုံဖြစ်၍ ,၎င်းအာကာသာနဉ္စာယတန ဈာန်စိတ်ကို ဝိညာဏဉ္စာ ယတနအာရုပ္ပ ကမ္မဋ္ဌာန်းဟု ခေါ်ထားသည်၊ဝိညာဏဉ္စာယတန၏အာရုံ

ဖြစ်၍ ဝိညာဏဉ္စာယတန အာရုပ္ပ ကမ္မဋ္ဌာန်း ခေါ်ထား သည်ဟူလို။ အာကာသာနဉ္စာယတန ဈာန်စိတ်၏ မရှိခြင်း နတ္ထိဘာဝပညတ်သည် ဝိညာဏဉ္စာယတန ဈာန်စိတ်၏ အာရုံဖြစ်၍ ထိုနတ္ထိဘာဝပညတ်ကို ဝိညာဏဉ္စာယတန အာရုပ္ပ ကမ္မဋ္ဌာန်းဟု(ဈာန်၏အမည်ဖြင့်)တင်စား ခေါ်ထားသည်။ အာကိဉ္စညာယတန ဈာန်စိတ်သည် နေဝသညာ နာသညာယတန ဈာန်စိတ်၏ အာရုံဖြစ်၍နေဝသညာနာသညအာရုပ္ပ ကမ္မဋ္ဌာန်း၊(နေဝသညာနာသညာ အရူပဈာန်စိတ်၏အာရုံပြုအပ်သော ကမ္မဋ္ဌာန်း) ဟု ခေါ်ထားသည်။ ထို့ကြောင့် အာကာသာနဉ္စာယတန စသော အာရုပ္ပ ၄-ပါး, အာရုပ္ပ ကမ္မဋ္ဌာန်း ၄-မျိုး၏ အာရုပ္ပ ဟူသော အမည်နှင့် အရူပဈာန် ၄-ပါးဟူသော အမည်များသည် ထပ်ဘူကျလျက် ရှိသေသည်၊အရမှာ မူကား မတူကြပေ။ အာရုံနှင့် အာရမ္မဏိက အားဖြင့် ကွာခြားလျက်ရှိလေသည်။

ဘိညာ ကြဉ်မူ၊ ဆဲ့ငါးယူ၊ အရူပ-တ သိ၊
ပညတ်ကေစိ၊နှစ်ဆဲ့တစ်၊စင်စစ်အမှန်သိ၊
အရူ-ဒုမှာ၊ ပ-ကိုသာ၊ စ-မှာ-တ-ကိုသိ။
အရူပ ဈာန်များ၏ အာရုံပြုပုံပြန်၍ နှလုံးသွင်းပါ

ဘာဝနာ ဘေဒ ပြီး၏

---

## ဂေါစရ ဘေဒ အာရုံအပြား

နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။

နိမိတ် ၃-မျိုးတို့တွင် ပရိကမ္မ နိမိတ်နှင့် ဥဂ္ဂဟနိမိတ် ၂-ပါးကို အားလုံးသော ကမ္မဋ္ဌာန်း ၄၀-တို့၌ ထိုက်သင့် သလောက် ပရိယာယ် ဥပစာအားဖြင့် ရအပ် ကုန်၏။

မှတ်သားရန်။ ။ပရိကမ္မသာ နိမိတ္တံ ပရိကမ္မနိမိတ္တံ၊ ပရိကမ္မ ဘာဝနာ၏ အာရုံဖြစ်သော ရှေးဦးစွာ စီးဖြန်းအပ်သော ကမ္မဋ္ဌာန်း ရှ၏၊ ဥဂ္ဂဟေတဗ္ဗန္တိ ဥဂ္ဂဟံ၊ ဥဂ္ဂဟနိမိတ် ဆိုသည်မှာ မူလစီးဖြန်းရင်း

ဖြစ်သော ကသိုဏ်း မျက်မြင်အာရုံမှ စိတ်မှတ် သညာ၏ အားဖြင့် ခွဲခွါယူအပ်သော နိမိတ်တည်း၊ ဥပမာ–မီးခွက်က မီးတောက်သည် မူလပရိကမ္မနိမိတ် မည်၏၊ စေ့စေ့ကြည့်ကာ တဖက်သို့ မျက်နှာလွှဲလျက်သို့မဟုတ် မျက်စေ့ မှိတ်လျက် နေခိုက်တွင် ထင်သော နီဝါအငန်းကြီးကား ထိုမူလ မီးမှ ခွါအပ်သော နိမိတ်, ဝါ–ဥဂ္ဂဟ နိမိတ်မည်၏၊ ဤနိမိတ် ၂–ပါးကို အာရုံပြုလျက် ပွါးနေခိုက်မှာ ပရိကမ္မဘာဝနာ ပရိကမ္မ သမာဓိ တမျိုးသာ ဖြစ်နေသေးသည်၊ ဥဂ္ဂဟနိမိတ်ထင်သောအခါပရိကမ္မဘာဝနာသည် အတော်ကြီးတည်ကြည်လာ၏၊ ဤနိမိတ် အာရုံ ၂–ချိုးတွင် ပရိကမ္မနိမိတ်သည် ပရမတ်အာရုံ ဥဂ္ဂဟနိမိတ်သည် ပညတ်အာရုံ အားဖြင့် အထူးကို မှတ်လေ။

**ယထာရဟံ။** ။ပဋိဘာဂနိမိတ် ရကောင်းသော ကသိုဏ်း ၁၀, အသုဘ ၁၀, ကာဂတာသတိ(ကောဋ္ဌာသ ကမ္မဋ္ဌာန်းလည်းခေါ်၏) အာနာပါနဿတိ ဟူသော ဤ ၂၂–ပါးသော ကမ္မဋ္ဌာန်းတို့၌ အစအာရုံသည် ပရိကမ္မနိမိတ်, အတော်တည်ကြည်သောအခါ စိတ်ထင်အာရုံသည် ဥဂ္ဂဟ နိမိတ်ဟု အသေအခြာ ပိုင်းခြား၍ ရကောင်း၏၊ ကျန် ၁၈–ပါးသော ကမ္မဋ္ဌာန်း တို့၌ကား ထိုနိမိတ် ၂–မျိုးကို အတိအကျ ခွဲ၍မရနိုင်၊ ထိုက်သည် အားလျော်စွာ ရကောင်းသည် ဟု ဆိုလိုသည်။

**ပရိယာယေန။** ။ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း(၁၈–ပါး)ကို ပွါးရာ၌ မူလကိုက ဗုဒ္ဓါနုဿတိ၏ အာရုံဂုဏ်တော်များကိုစိတ်မှတ်ဖြင့် အာရုံပြုကာ ရှုဆင်ခြင်ရသဖြင့် ဤအချိန်မှာ ပရိကမ္မဘာဝနာ၏ အာရုံခေါ်သော ပရိကမ္မနိမိတ် အမည်ရ၏၊ ဤအခါကျတော့မှ ဥဂ္ဂဟနိမိတ်အမည်ရ၏ဟု ဤသို့အတိအကျ မုချခွဲမရနိုင်၍ ယော်ယမ်း မှန်းဆချက်အနေအားဖြင့် ဤမျှထင်သော အာရုံကား ပရိကမ္မ နိမိတ်တည်း၊ ဤ၍ထင်သော နိမိတ်မှာတော့ ဥဂ္ဂဟ နိမိတ်မည်နိုင် ခေါ်နိုင်၏ဟု တွေးဆပိုင်းခြားယူရသဖြင့် မုချမဟုတ်, ပရိယာယ် ဥပစာမှန်းဆချက်သာဟု "ပရိယာယေန"ဖြင့်ပြ၏၊ ဤနိမိတ် ၂–မျိုး၏ ဘာဝနာမှာ ပရိကမ္မဘာဝနာ တမျိုးသာ ရသေးကြောင်း သတိပြုလေ။

**ပဋိဘာဂနိမိတ္တံ ပန ကသိဏာ သုဘ ကောဋ္ဌာသ အာနာပါနေသွေဝ လဗ္ဘတိ၊ တတ္ထ ဟိ ပဋိဘာဂနိမိတ္တံ အာရဗ္ဘ ဥပစာရ သမာဓိ အပ္ပနာသမာဓိစ ပဝတ္တန္တိ။**

ပဋိဘာဂ နိမိတ်ကို ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကောဋ္ဌာသ ခေါ်သော ကာယဂတာ သတိ ၁-ပါး, အာနာပါန အားဖြင့် ဤ ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ သာလျှင် ရအပ်၏၊ကျန် ၁၈-ပါး၌မရအပ် ထို ၂၂-ပါးသော ကမ္မဋ္ဌာန်း တို့၌ ပဋိဘာဂ နိမိတ်ကို အာရုံပြုလျက် ဥပစာရ သမာဓိသည်၎င်း,အပ္ပနာ သမာဓိ သည်၎င်း ဖြစ်လာတတ်ကုန်၏။

**မှတ်သားရန်။** ။ပဋိသဒိသံ ဘာဂံ ပဋိဘာဂံ၊ ဥဂ္ဂဟနိမိတ် နှင့် တူမျှသောအဘို့ရ၏၊ ပဋိဘာဂံ နိမိတ္တံ ပဋိဘာဂနိမိတ္တံ အတူဖြစ်သော အာရုံ နိမိတ်သည် ပဋိဘာဂ နိမိတ်မည်၏၊ သံလျက်အိမ်နှင့် သံလျက်သည် ပုံစံချင်းတူကြ၏၊ သံလျက်အိမ်မှ သံလျက်ကို ဆွဲထုတ်သောအခါ ပုံသဏ္ဌာန် အားဖြင့် အိမ်နှင့် သံလျက်တို့သည် အတူ ဖြစ်သော်လည်း အိမ်နှင့် သံလျက်တို့၏ အရည်အချင်း အခြေအနေ အချိုး အစားမှာ ကွာခြားဘိသကဲ့သို့ ဥဂ္ဂဟနိမိတ်မှတဆင့် တက်ကာ ထွက်ပေါ်လာသော ပဋိဘာဂ နိမိတ်သည် အလွန်ကွာခြားသည်၊ ဥမျိုးအရိပ် နှင့် ဥမျိုး အကောင်ကဲ့သို့ တနည်းတွေးလေ၊ ကျွန်းဂုမ်တို့၌ တိမ်တိုက်မှထွက်သော ဥမျိုး ဥပမာနှင့် နှိုင်းယှဉ်ပြကြ၏၊ ဤ ပဋိဘာဂနိ မိတ် (ဥဂ္ဂဟ နိမိတ်မှ ခွဲထွက်လာသော နိမိတ်ထူးတမျိုး) သည် ဥပစာရ သမာဓိ အပ္ပနာ သမာဓိ ၂-ပါး၏ အာရုံဖြစ်သည်။

## ဘာဝနာ နှင့် နိမိတ် ယှဉ်စပ်ခြင်း

**ကထံ အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒိသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာလမ္ဗဏံ ပရိကမ္မ နိမိတ္တန္တိ ပဝုစ္စတိ၊ သာ စ ဘာဝနာ ပရိကမ္မ ဘာဝနာ နာမ။**

ရှေးဦးစွာ ကမ္မဋ္ဌာန်း အလုပ်အားထုတ်သော ပုဂ္ဂိုလ်အား ပထဝီ ကသိုဏ်းဝန်း စသည်တို့၌ နိမိတ် ယူစဉ် ထို ယူကာစ ကသိုဏ်းဝန်း အာရုံသည် ပရိကမ္မ နိမိတ် မည်၏၊ ထိုဘာဝနာသည်လည်း ပရိကမ္မ ဘာဝနာ မည်၏။

အကြင်အခါ၌ ထိုပရိကမ္မနိမိတ် ခေါ်သော ပထဝီ ကသိုဏ်းဝန်း စသော အာရုံသည် စိတ်ဖြင့် ကောင်းစွာ သူအပ်သည် ဖြစ်အံ့၊ စက္ခုပသာဒဖြင့် ကြည့်ရှုသော သူ၏ မျက်စေ့၌ မြင်သကဲ့သို့ မနေသွားရအား (စိတ်ထဲမှာ) ရှေ့ရှု ကျရောက် ထင်နေခြင်းသည် ဖြစ်၏၊ ထိုအခါ ထိုစိတ်ထင် အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏၊ ထို ဥဂ္ဂဟ နိမိတ်ကို အာရုံပြုသော ဘာဝနာသည် အတော်ကြီး တည်ကြည်နိုင်ခန့်လာ၏။

**မှတ်သားရန်။** ။ပကတိမျက်စေ့ဖြင့် မှိတ်ချီ ဖွင့်ချီ အလီလီ အဖုံဖုံ ကြည့်သောသူအား မျက်စေ့ထည်းမှာ ထင်ထင် ရှားရှား ပြတ်ပြတ် သားသား အကွင်းလိုက် အကွက်လိုက် မြင်ရသလို ကသိုဏ်းဝန်းနှင့် လွဲ၍ဆင်ခြင်သော ယောဂီ၏ စိတ်ထည်းမှာ ထင်းထင်းကြီး စွဲစွဲမြဲမြဲ ထင်မြင်လာသော အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏၊ ၎င်းနိမိတ်ကို အာရုံ ပြုကာ ပွါးနေသော ဘာဝနာသည်လည်း ပရိကမ္မဘာဝနာမည်၏၊ ထို ပရိကမ္မဘာဝနာသည် အစတုန်းကထက် အတော်ကြီး တည်လာပြီ၊ ထို့ကြောင့် “ သာ စ ဘာဝနာ သမာဓိယတိ ” ဟု မိန့်တော်မူပြီ၊ နိမိတ်ကား ၂-ပါး၊ ဘာဝနာကား ပရိကမ္မတမျိုးသာ။

ထို ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် တည်ကြည်သော ဈာန်ယောဂီ ပုဂ္ဂိုလ်သည် ထိုဥဂ္ဂဟနိမိတ် ထင်ပြီးသည့်နောက် ၎င်းဥဂ္ဂဟ နိမိတ်၌ ပရိကမ္မသမာဓိဖြင့် အဘန်ဘန်ပွါးများမှုကို ဆက်လက် အားထုတ် ခဲ့သော် အကြင်အခါ၌ ထိုဥဂ္ဂဟနိမိတ်နှင့် အလားတူသော ဝဏ္ဏဖြင့် ပရမတ် သဘောမှ လွတ်ထွက် လာသော ပညတ်သက်သက်ဖြစ်၍ ဘာဝနာကြောင့် ဖြစ်ပေါ် လာသော အာရုံတမျိုးသည် စိတ်၌ ငြိမ်သက်စွာတည်၍ စိတ်ထည်း၌ ကောင်းစွာ ထည့်သွင်း ထားအပ်သည် ဖြစ်၏၊ ထိုအခါ ထို ပဋိဘာဂနိမိတ် ဖြစ်ပြီ ဟူ၍ ဆိုအပ်၏၊

**မှတ်သားရန်။** ။အတော်သမာဓိ အရှိန် ထက်သန် ရှိပြီးသော ယောဂီသည် ဥဂ္ဂဟနိမိတ်ကို ပရိကမ္မ ဘာဝနာဖြင့် ဆက်လက်အားထုတ်ပွါးများသည် ရှိသော် အကြင်အခါဥဂ္ဂဟ နိမိတ်နှင့် ပုံသဏ္ဍာန်ဆင်တူအာရုံတမျိုးသည် ယောဂီ၏စိတ်ထည်း၌ ငြိမ်သက်စွာတည်နေ၏၊ စိတ်ထည်း၌ ထည့်သွင်းထား၍သလို ဖြစ်လာ၏၊ ထို အာရုံသည် အထည်ကိုယ် ဝဏ္ဏမမှ ပရမတ်သဘော မဟုတ်, ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသော ပညတ်တရားတမျိုးဖြစ်၏၊ အလွန်ကြည်နူးမွေ့လျော်ဘွယ်ဖြစ်၏၊ ဘာဝနာကား ပရိကမ္မ ဘာဝနာထက် ပိုပြီးရျာန်၏ အနီးအနားရောက်၍သာ၍ ဥပစာရ ဘာဝနာ ခေါ်၏၊ ရှေ့ဆက်ပြမည်။

ထို ပဋိဘာဂနိမိတ် ထင်ရာ အခါမှစ၍ သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏကို ပယ်ရှား တားမြစ်တတ်သော ကာမာဝစရ သမာဓိ ခေါ်ဆိုအပ်သော ဥပစာရဘာဝနာသည် ဖြစ်ပေါ်လာသည် မည်တော့၏။

**မှတ်သားရန်။** ။ပဋိဘာဂ နိမိတ်ကို အာရုံပြုကာ ဖြစ်ပေါ်၍လာသော ဥပစာရဘာဝနာဆိုသည်မှာ ကာမဇ္ဈာန စသော အနှောက်

အယှက် တရားတို့ကို ပယ်ဖျောက်၍ ဖြစ်ပေါ်လာသော ကာမာဝစရ သမာဓိပင် ရှိသေးသည်၊ အာရုံကား ပဋိဘာဂ နိမိတ်၊ ဘာဝနာကား ကာမာဝစရ ကုသိုလ်၌ ရှိသော သမာဓိဟူသော ဥပစာရ ဘာဝနာ ဖြစ်ကြောင်း သေချာစွာ မှတ်ခဲ့လေ။

## ရူပဈာန်

**တတော ပရ တမေဝ ပဋိဘာဂ နိမိတ္တံ ဥပစာရ သမာဓိနာ သမာသေဝန္တဿ ရူပါဝစရ ပဌမဈာန မပ္ပေတိ၊**

ထို ဥပစာရ ဘာဝနာ (ကာမာဝစရ သမာဓိ) ဖြစ်၍ ပြီးနောက် ၎င်းပဋိဘာဂ နိမိတ်ကို ဥပစာရ သမာဓိဖြင့် ကောင်းစွာ မှီဝဲ (ထပ်မနား အကြိမ်ကြိမ် အဖန်ဖန် ဆက်လက် အားထုတ်) သော ယောဂီအား ရူပါဝစရ ပဌမ ဈာန်သည် သက်ရောက်လာ၏၊

၁။ **ပရိကမ္မ သမာဓိသည်** ပဋိဘာဂ နိမိတ်မဖြစ်မီ ပရိကမ္မ နိမိတ် ဖြင့် ဥဂ္ဂဟ နိမိတ် ၂-ပါးကို အာရုံပြု၍ ပွါးများအပ်သော ကာမာဝစရ သမာဓိ ဖြစ်၏၊ ပရိကမ္မ ဘာဝနာလည်း ခေါ်သည်။

၂။ **ဥပစာရ သမာဓိသည်** ပဋိဘာဂ နိမိတ် ဖြစ်သည်မှ စ၍ ဂေါတြဘူ အထိ ဖြစ်သော ကာမာဝစရ ကုသိုလ် စိတ်၌ ရှိသော ကာမာဝစရ သမာဓိတည်း၊ ဥပစာရ ဘာဝနာလည်း ခေါ်သည်။

၃၊ **အပ္ပနာ သမာဓိသည်** ဈာန်၌ရှိသော သမာဓိတည်း၊ ၎င်းကို အပ္ပနာ ဘာဝနာဟူ၍၎င်း ခေါ်သည်။

ထို ပဌမဈာန်ကို ရပြီးခဲ့သော ၎င်း ပဌမဈာန်ကိုပင်

၁။ အာဝဇ္ဇန ဝသီဘော်
၂။ သမာပဇ္ဇန ဝသီဘော်
၃။ အဓိဋ္ဌာန် ဝသီဘော်
၄။ ဝုဋ္ဌာန ဝသီဘော်
၅။ ပစ္စဝေက္ခဏာ ဝသီဘော်

ဟူသော ဝသီဘော် ငါးပါးတို့ဖြင့် ကြိမ်ဖန်များစွာ အလေ့ အထပြု၍ ဝိတက် စသော ဈာန်ရင်းသော အင်္ဂါကို ပယ်၍ ဝိစာရ စသော သိမ်မွေ့သော ဈာန်အင်္ဂါများ ဖြစ်ပေါ်လာအောင် အစဉ်အတိုင်း အားထုတ်ပွါးများသည် ရှိသော် ဒုတိယ ဈာန် စသည် တို့သည် ထိုက်သလို ဖြစ်ပေါ်လာ၏၊ဝါ-သက်ရောက် လာကုန်၏။

**မှတ်သားရန်။** ။အလိုရှိသလို ပြုစွမ်းနိုင်သော အစွမ်းသတ္တိသည် (ဝသီဘာဝ) ဝသီဘော် မည်၏။

၁။ ဈာန် အင်္ဂါ အသီးအသီးကို ဆင်ခြင်နိုင်ခြင်း၊ (အာ)
၂။ ဈာန်ကို မြန်မြန် ထက်ထက် ဝင်စားနိုင်ခြင်း၊ (သ)
၃။ ဝင်စားလိုသလောက် ဝင်စားသာနိုင်ခြင်း၊ (အ)
၄။ ထချင်သော အခါ ထ စွမ်းနိုင်ခြင်း (ဝု)
၅။ ဈာန်အင်္ဂါကို အထပ်ထပ် ဆင်ခြင်နိုင်ခြင်း၊ (ပ)

မနောဒွါရာ ဝဇ္ဇန်းဖြင့် ဆင်ခြင် ခြင်းသည် အာဝဇ္ဇန ဝသီ မည်၏၊ ဇောဖြင့်ဆင်ခြင်နိုင်ခြင်းသည် ပစ္စဝေက္ခဏာဝသီမည်၏၊ဤ ၂-ပါးကား တပါး နှင့် တပါး မထူးခြားကြပြီ ။

**မဂ္ဂဝေက္ခဏ ဝသိတာနာမ အာဝဇ္ဇနဝသိတာယ ဝေသိဒ္ဓါ ဇာနေဝ ပထဝီ ကသိဏာဒိသု ဒွါဝီသတိ ကမ္မဋ္ဌာ နေသု ပဋိဘာဂနိမိတ္တံ ဥပလဗ္ဘတိ။**

ဤသို့ပထဝီကသိုဏ်းစသော ၂၂-ပါးသောကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂ နိမိတ်ကို ရအပ်၏၊ ကြွင်းကျန်သော ကမ္မဋ္ဌာန်း ၁၈-ပါးတို့တွင် အပ္ပမညာတို့သည် သတ္တပညတ်အာရုံ၌ ဖြစ်ကုန်၏၊ အရူပဈာန် ၄-ပါးသည် အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါး အာရုံ၌ ဖြစ်၏၊ ပေါင်း အပ္ပနာဈာန်ကို ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်း ၃၀-ဖြစ်သတည်း။

## အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါး

**အာကာသ ဝဇ္ဇိတ ကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓ မာကာသံ အနန္တ ဝသေန ပရိ ကမ္မံ ကရောန္တဿ ပဌမာရုပ္ပ မုပ္ပေတိ။**

အာကာသ ကသိုဏ်းမှ တပါးသော ၉-ပါးသော ကသိုဏ်းတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ်ကို "အနန္တံ အာကာသံ အနန္တံ အာကာသံ"ဟု အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုလုပ် အားထုတ်သော ယောဂီ ပုဂ္ဂိုလ်အား **အရူပ ပဌမ** အာကာသာနဉ္စာ ယတန ဈာန်သည် သက်ရောက်လာ၏။

မှတ်သားရန်။ ။ ပဉ္စမဈာန် ရပြီးသော ယောဂီသည် အရူပ ပဌမ ဈာန် ဝါ-အာကာသာ နဉ္စာယတန ဈာန်ကို ရလိုက်သော် ကသိဏုဂ္ဃါဋိမာကာသကို အာရုံပြု ပွါးများ အားထုတ်ရပုံကိုပြသည်၊ ကသိဏုဂ္ဃါဋိမာကာသသည် အာရုပ္ပ ကမ္မဋ္ဌာန်း မည်၏၊ အာကာသာနဉ္စာ ယတန ဈာန်သည် အရူပ ပဌမဈာန် မည်၏၊ သို့ရာတွင် ထိုအာရုံ ဖြစ်သော ကသိဏုဂ္ဃါဋိမာကာသ၏ အာရုပ္ပ အမည်ကို အာကာသာနဉ္စာ ယတန ဈာန်၏ အမည်ဖြင့် တင်စားမှတ်သားကာ "အာကာသာနဉ္စာ ယတနာဒယော စတ္တာရော အာရုပ္ပါ နာမ" ဟု ဆိုထားခဲ့သည်၊ ချာလယ် လည်တတ်သည် သတိပြု။

**တမေဝ ပဌမာ ရုပ္ပဝိညာဏံ အနန္တ ဝသေန ပရိကမ္မံ ကရောန္တဿ ဒုတိယာရုပ္ပ မုပ္ပေတိ။**

ထိုပဌမာရုပ္ပ ဝိညာဉ်ကိုပင် "အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံ" ဟု အဆုံး မရှိသော အားဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပွါးများ အားထုတ်ခဲ့သော် ဒုတိယာ ရုပ္ပခေါ် ဝိညာဏဉ္စာ ယတန ဈာန်သည် သက်ရောက် လာ၏။ ဝါ-ဖြစ်ပေါ်လာ၏။

တမေဝ ပထမာရုပ္ပ ဝိညာဏာ ဘာ ဝနဲ နတ္ထိကိဉ္စိတိ ပရိကမ္မံ ကာရေတွာ ဿ တတိယာရုပ္ပမပ္ပေတိ။

ထို ပထမာရုပ္ပ ဝိညာဏ်၏ မရှိမှု နတ္ထိဘော ပညတ်အာရုံကို အာရုံပြု၍ " နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ " ဟု အကြိမ်ကြိမ် စီးဖြန်း အားထုတ်မှုကို ပြုခဲ့သော် တတိယာရုပ္ပ ဝိညာဏ် ဟုခေါ်သော ဝိညာနဥ္စာ ယတန ဈာန်သည် သက်ရောက် လာ၏။

**မှတ်သားရန်။** ။ဒုတိယာရုပ္ပ ဝိညာဏ်ခေါ် ဝိညာနဥ္စာယတန ဈာန်သည် ပထမာရုပ္ပဝိညာဏ်ကို အလုံးလိုက်တိုက်ရိုက် အာရုံပြုသည်၊ ထို့ကြောင့် ဒုတိယာရုပ္ပ ဝိညာဏ်၏ အာရုံကမ္မဋ္ဌာန်းကား ပထမာရုပ္ပ ဝိညာဏ် (ဝါ) အာကာသာနဉ္စာ ယတန ဈာန်ပင်တည်း၊ သို့ရာတွင် ထို ပထမာ ရုပ္ပ ဝိညာဏ် ဟူသော အာရုံ အာရုပ္ပ ကမ္မဋ္ဌာန်းကို ဒုတိယာရုပ္ပ ဝိညာဏ်၏ အမည်ဖြင့်ပင် ဝိညာဏဉ္စာ ယတန အာရုပ္ပ ကမ္မဋ္ဌာန်း ခေါ်ရသည်။

**တတိယာ** ရုပ္ပ ဝိညာဏ်၏ (ဝါ) အာကိဉ္စညာ ယတန ဈာန်၏ အာရုံမှာ ပထမာရုပ္ပ ဈာန်လုံးကို တိုက်ရိုက် အာရုံမပြု၊ ထို ပထမာရုပ္ပ ဝိညာဏ်ခေါ် အာကာသာ နဉ္စာ ယတန ဈာန်၏ မရှိမှု နတ္ထိဘော ပညတ်ကို သာလျှင် အာရုံ ပြုလေသည်။

တတိယာရုပ္ပံ "သန္တမေတံ, ပဏီတမေတံ" တိ ပရိကမ္မံ ကာရေတွာ ဿ စတုတ္ထာ ရုပ္ပ မပ္ပေတိ။

တတိယာ ရုပ္ပ ဝိညာဏ် ကိုပင်, ဝါ–အာကိဉ္စညာ ယတန ဈာန်လုံး တိုက်ရိုက်ကိုပင် " ဤ ဈာန် သည် ငြိမ်သက်၏၊ ဤ ဈာန်သည် မွန်မြတ်၏၊ " ဟု အဖန်ဖန် စီးဖြန်း အားထုတ်မှုကို ပြုခဲ့သော်, ဝါ–ပြုသော ယောဂီ ပုဂ္ဂိုလ် အား စတုတ္ထာ ရုပ္ပ ခေါ်သော နေဝ သညာ နာသညာ ယတန ဈာန်သည် ဖြစ်၏။

ရ တ်သားရန်။ ။ နေဝသညာ–ရှင်းရင်းသော သညာကားမရှိ၊ နာသညာ–န + အ + သညာ–သဘာဝ သညာမရှိသည်ကားမဟုတ်၊ ထို့ကြောင့် နေဝသညာနာသညာ မည်၏၊ ဤအရာ၌ ဥပမာကား– မီးချစ်ဆံ၌ မီးတောက်ကြီးကား မရှိ၊မီးကို တောက်စေနိုင်သော အငိုး သတ္တိကားရှိ၏၊ ထို့အတူ ဤ နေဝသညာ နာသညာ ဘုံသားများ၌ လောဘဖြင့် လုယက် ခိုးယူမှု အကြမ်းစာကားမရှိပေ၊လိုချင်မှု သဘာဝ တဏှာ လောဘ ကား မရှိသည် မဟုတ်, ရှိသေး၏၊ ထို့ ကြောင့် ဤစတုတ္ထာ ရုပ္ပဈာန်၌ရှိသမျှသဘောတရားအားလုံးသည်,ဝါ–ဝေဒနာ သညာ စေတနာ စသည်တို့သည် ကိစ္စမြောက်အောင် ကြမ်းတမ်းစွာ ဆောင်ရွက် နိုင်သော ကိစ္စ မရှိကြ၊ သဘာဝ လက်ကျာ မှုမှာမှု မရှိသည် မဟုတ်, ရှိကြသည်သာ ၊ တငွေ့ငွေ့ ကလေးတွေ ဘဲလို့ ဆိုလိုသည်၊ ရပ်ထားသော ကား၌ သွားခြင်း ကိစ္စ မရှိ၊ သွားနိုင်သော စွမ်းရည်ကား မရှိသည် မဟုတ် သကဲ့သို့တည်း။

**အဝသေသေသုစ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိက မာ လမ္ဗဏံ အာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုက မုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဉ္စ သမာဓိ ယတိ၊ ဥပစာရော စ သမ္ပဇ္ဇတိ။**

ဆိုအပ်ခဲ့ ပြီးသော ( အပ္ပနာ ဈာန် ကို ဆောင်နိုင် ကုန်သော )ကမ္မဋ္ဌာန်း ၃၀–မှ ကြွင်းကျန် ကုန်သော ဗုဒ္ဓါ နုဿတိ စသော အနုဿတိ ၈–ပါး, သညာ ၁–ပါး, ဝဝတ္ထာန် ၁–ပါး ပေါင်း ၁၀– ပါးသော အာရုံကို အာရုံ ပြုကာ အဖန်ဖန် အားထုတ် ကြိုးစား၍ ထိုနိမိတ် ၁၀–ပါးကို ကောင်းစွာ သိမ်းဆည်း ပွါးများ ခဲ့သော် ထို ဆယ်ပါးသော ကမ္မဋ္ဌာန်း အာရုံ နိမိတ်၌ ပရိကမ္မ ဘာဝနာသည် တည်ကြည်၍လာလေသည်၊ ဥပစာရ သမာဓိသည်လည်း ပြီးပြည့်စုံလာနိုင်၏၊

မှတ်သားရန်။ ။ဗုဒ္ဓါဂုဏ် စသည်တို့၏ ကျယ်ဝန်းခြင်း နက်နဲ ခက်ခဲ ခြင်းကြောင့် အပ္ပနာဈာန်ကိုမရနိုင်၊ ပရိကမ္မ သမာဓိနှင့် ဥပစာရ သမာဓိ လောက် ကိုသာ ရနိုင်လေသည်၊ ဤ ကမ္မဋ္ဌာန်း ၁၀-ပါး၌ မည်သည့် အခါက စ၍ ပရိကမ္မ နိမိတ်၊ မည်သည့် အခါက စ၍တော့ ဥဂ္ဂဟနိမိတ် ခေါ်ရ၏ ဟု တထစ်ချ မှုချ မရနိုင်၊ ယောဃမ်း မှန်းဆ၍ ဘာဝနာ အခြေ အနေ ဒီအနေ ဆိုရင် ပရိကမ္မ နိမိတ် ခေါ်ရ၏၊ ဟိုအခြေ အနေ ဆိုရင်ဖြင့် ဥဂ္ဂဟနိမိတ် ခေါ်ရ၏ဟု ပရိယာယ် အမှန်း အဆ ပြာရ အားဖြင့်သာ ရကောင်း၍ "ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ" ဟု ဆိုခဲ့သည်။

**အဘိညာ ဝသေန ပဝတ္တမာနံ ပ**
**ဈာနံ အဘိညာပါဒက ပဉ္စမဈာနာ ဝုဋ္ဌဟိတွာ အဓိဋ္ဌေ**
**ယျာဒိကံ မာဝဇ္ဇေတွာ ပရိကမ္မံ ကရောန္တဿ ရူပါဒိသု**
**အာရမ္မဏေသု ယထာရဟ မပ္ပေတိ။**

အဘိညာဏ်၏ အစွမ်းအားဖြင့် ဖြစ်သော ရူပါဝစ ပဉ္စမ ဈာန်သည် အဘိညာဏ် အခြေခံ ဖြစ်သော ပဉ္စမ ဈာန်မှ ထပြီး၍ အဓိဋ္ဌာန်ခြင်း စသည်ကို ဆင်ခြင်၍ အာဖန်ဖန် စီးဖြန်းခြင်းကို ပြုသည်ရှိသော် ရူပါရုံ စသော အာရုံ ၆-ပါးတို့၌ ထိုက်သလို သက်ရောက်လာ၏။

မှတ်သားရန်။ ။အဘိ-အလွန် အကြူးအထူး၊ ဉာ-အသိဉာဏ် အလွန်အကြူး အထူးသိတတ်သော ပဉ္စမဈာန်၌ ရှိသော ဉာဏ်ရ၏၊ ထိုဉာဏ် နှင့် ဖြစ်ဖက် ရူပါဝစရ ပဉ္စမဈာန်ကိုလည်း အဘိညာဏ်စိတ် ခေါ်ရ၏၊ ရိုးရိုးပဉ္စမဈာန်ကို အခြေခံပြီးမှ တဆင့်တက်ကာ အထူးအကဲ ဉာဏ်တမျိုး ရအောင် အားထုတ်မှသာ အဘိညာဏ်ကို ရနိုင်သည်၊ ဈာန်သမာပတ် အားလုံး ရပြီးသော ပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။

**ဝိဒ္ဓိဝိဓံ ဒိဗ္ဗသောတံ, ပရစိတ္တ ဝိဇာနနံ၊**
**ပုဗ္ဗေနိဝါသာ နုဿတိ, ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။**

၁။ ဣဒ္ဓိဝိဓ။ ။ အရာ အထောင် စသည် ဖန်ဆင်းခြင်း၊

မြေလျှိုးခြင်း၊ မိုးပျံခြင်း စသော တံခိုး အမျိုးမျိုးကို ဖြစ်စေနိုင်သော အသင်ဉာဏ်သည် ဣဒ္ဓိဝိဓ အဘိညာဉ် မည်၏၊ မနော မယိဒ္ဓိ အဘိညာဉ်လည်း ခေါ်သေး၏။

၂။ **ဒိဗ္ဗသောတ**။ ။အနီးအဝေးဖုံးကွယ်ရာ အရပ်တို့၌ရှိသော အသံကို နတ်၏ နားကဲ့သို့ ကြားသိခြင်းငှါ စွမ်းနိုင်သော ဉာဏ် အထူးသည် ဒိဗ္ဗသောတ အဘိညာဉ် မည်၏။

၃။ **ပရစိတ္တဝိဇာနန**။ ။ ရှေ့နောက် ၇-ရက်စီ တိုင်အောင် သူတပါး၏ စိတ်တို့ကို သိတတ်သော ဉာဏ်အထူးသည် ပရစိတ္တဝိဇာနန အဘိ ညာဉ် မည်၏၊ စေတော ပရိယ အဘိ ညာဉ် ဟူ၍လည်း ခေါ်သည်။

၄။ **ပုဗ္ဗေနိဝါသာနုဿတိ**။ ။ ရှေးရှေး ဘဝ များစွာက ဖြစ်ပျက် ခဲ့သမျှ အကြောင်း အရာ အခြေ အနေ အားလုံးကို သိစွမ်း နိုင်သော ဉာဏ် အထူးသည် ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ် မည်၏။

၅။ **ဒိဗ္ဗစက္ခု**။ ။နတ် မျက်စိ ကဲ့သို့ ဝေးရာ ကွယ်ရာတွင် ရှိသော သေးငယ်သော အဆင်းကို မြင်နိုင်စွမ်းသော အဘိညာဉ်သည် ဒိဗ္ဗစက္ခု အဘိညာဉ် မည်၏။

၆။ **ယထာကမ္မူပဂ**။ ။ ကံအား လျော်စွာ လိုထို ဘုံ ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့ကို မြင်နိုင်သော အဘိညာဉ်သည် ယထာ ကမ္မူပဂ အဘိညာဉ် မည်၏၊

၇။ **အနာဂတံသ**။ ။ နောင် အနာဂတ်၌ ဖြစ်မည့် အကြောင်း အရာကို သိမြင် နိုင်သော အသင်ဉာဏ် အထူးသည် အနာဂတံသ အဘိညာဉ် မည်၏၊ ဤ(၆)နှင့်(၇) ၂-မျိုးကို ဒိဗ္ဗစက္ခု အဘိညာဉ်၌ သွင်းကာ သင်္ဂြိုဟ်ကျမ်း၌ အဘိညာဉ် ငါးပါးသာ ပြလေသည်။

အဘိညာဉ် ၆-ပါး ခေါ်ရာ၌ အာသဝေါ တရားတို့ကို ကုန်ခန်း စေနိုင်သော အရဟတ္တ မဂ်ညာဏ် တည်းဟူသော အာသဝက္ခယ ဉာဏ်ကို ဒိဗ္ဗစက္ခု နောက်က ထည့်လေ။

**သမထကမ္မဋ္ဌာန်း ပြီး၏**

———

## ဝိပဿနာ ကမ္မဋ္ဌာန်း

၁။ သီလဝိသုဒ္ဓိ,
၂။ စိတ္တဝိသုဒ္ဓိ,
၃။ ဒိဋ္ဌိဝိသုဒ္ဓိ,
၄။ ကင်္ခါဝိတရဏ,
၅။ မဂ္ဂါမဂ္ဂ ဉာဏဒဿန,
၆။ ပဋိပဒါ ဉာဏဒဿန,
၇။ ဉာဏဒဿန ဝိသုဒ္ဓိ,
ပေါင်း ဝိသုဒ္ဓိ ၇ ပါး

၁။ အနိစ္စလက္ခဏာ,
၂။ ဒုက္ခ လက္ခဏာ
၃။ အနတ္တ လက္ခဏာ,
လက္ခဏာ ၃ ပါး

၁။ အနိစ္စာနုပဿနာ,
၂။ ဒုက္ခာနုပဿနာ,
၃။ အနတ္တာနုပဿနာ,
အနုပဿနာ ၃ ပါး

**မှတ်သားရန်။** ။ မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း ဟူသော အမှတ် အသား (အရေးအရာ) များသည် လက္ခဏာရေး မည်၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ယာဉ် ရထား သဘွယ် ဖြစ်၍လည်း လက္ခဏာ ယာဉ် ၃-ပါး ဟု ခေါ်ပြန်သည်၊ ရုပ်-နာမ် တရားတို့ကို မမြဲပါတကား, ဆင်းရဲပါတကား, အစိုးမရပါတကား ဟု အဘန်ဘန် ရှုဆင်ခြင်သော ဝိပဿနာ ဉာဏ်သည် အနုပဿနာ မည်၏၊ လက္ခဏာ ကား အမှတ် အသား အနုပဿနာ ကား ၎င်းအမှတ် လက္ခဏာကို အဘန်ဘန် ရှုသော ဉာဏ်တည်း။

၁။ သမ္မသနဉာဏ်,
၂။ ဥဒယဗ္ဗယ,
၃။ ဘင်,
၄။ ဘယ,
၅။ အာဒီနဝ,
၆။ နိဗ္ဗိဒါ,
၇။ မုဉ္စိတုကမျတာ,
၈။ ပဋိသင်္ခါ,
၉။ သင်္ခါရုပေက္ခာ,
၁၀။ အနုလောမ ဉာဏ်,

ဝိပဿနာ ဉာဏ် ၁၀ ပါး

၁။ သုညတ,
၂။ အနိမိတ္တ,
၃။ အပ္ပဏိဟိတ,
ဝိမောက္ခ ၃ ပါး

၁။ သုညတာနုပဿနာ, ၃။ အပ္ပဏိဟိတာ
၂။ အနိမိတ္တာနုပဿနာ   နုပဿနာ

ဝိမောက္ခ မုခ ၃ ပါး

မှတ်သားရန်။ ။ကိလေသာ တို့မှ ကင်းလွတ်သော မဂ်တရား ဖိုလ်တရားသည် ဝိမောက္ခ မည်၏၊ ၎င်း မဂ်-ဖိုလ် တည်းဟူသော ဝိမောက္ခသို့ ဝင်ရောက်ရန်အလို့ငှာ တံခါးဝ သဖွယ်ဖြစ်သော အဘန်ဘန် ရှုမှုအနုပဿနာ ၃-မျိုးသည် ဝိမောက္ခ မုခ မည်၏၊ မဂ်-ဖိုလ် တို့ကို ရကြောင်း တရားများ ဟူလို။

## ၁။ သီလ ဝိသုဒ္ဓိ ၄-မျိုး

(က) **ပါတိမောက္ခ သံဝရသီလ။** ။ပါတိမောက်၌လာသော သိက္ခာပုဒ်တော်များကိုစောင့်ထိန်းခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏၊ လူများမှာ ၅ပါးသီလ စသည်ကို လုံခြုံအောင် စောင့်ထိန်း မှုသည် ပါတိမောက္ခ သံဝရ သီလ မည်၏၊ သဒ္ဓါ ပြဓာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ရ၏။

(ခ) **ဣန္ဒြိယ သံဝရ သီလ။** ။စက္ခုန္ဒြေ သောတ ဃာန ဇိဝှါ ကာယ မနိန္ဒြေဟူသော ဣန္ဒြေ ၆-ပါးတို့ကို အကုသိုလ် မဖြစ်ရအောင် စောင့်စည်း ထိန်းသိမ်းခြင်းသည် ဣန္ဒြိယ သံဝရ သီလ မည်၏၊ သတိ ပြဓာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ရ၏။

(ဂ) **အာဇီဝ ပါရိသုဒ္ဓိသီလ။** ။သစ်သီး ပေးခြင်း စသဖြင့် ဒါယကာတို့အား ဖျားယောင်း လှည့်ပတ်၍ ရသောပစ္စည်း ၄-ပါး တို့ဖြင့် သုံးဆောင်ကာ အသက် မွေးမှုမပြုဘဲ စင်ကြယ်စွာ တရားသဖြင့် ရှာမှီး ရရှိသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးတို့ဖြင့် အသက် မွေးမှုသည် အာဇီဝ ပါရိသုဒ္ဓိ မည်၏၊ လူများမှာ ကာယ ဒုစရိုက် စသဖြင့် ရှာမှီး ရရှိသော ပစ္စည်းမျိုး မဟုတ်ဘဲ တရားသဖြင့် ကောင်းမွန်စွာ ရှာဖွေ၍ ဖြူစင်စွာ ရရှိသော ပစ္စည်းဖြင့် အသက် မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိ မည်၏၊ ဝီရိယ ပြဓာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ရ၏။

(ဃ) **ပစ္စယသန္နိဿိတသီလ**။ ။တရားသဖြင့် စင်ကြယ်လှစွာ ရှိသော ပစ္စည်း ၄-ပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင် သုံးစွဲခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏၊ လူပုဂ္ဂိုလ်များမှာ အစား အသောက် အသုံး အဆောင် ဝတ္ထုပစ္စည်းတို့၌ အာဟာရေ ပဋိကူလ သညာ, စတုဓာတုဝဝတ္ထာန်တို့ဖြင့် ဆင်ခြင် သုံးသပ်လျက် မိန်းမော တွေဝေမှု စုံမက် ငွဲလမ်းမှု မရှိလှဘဲ သုံးဆောင် မှီဝဲလျှင် ပစ္စယ သန္နိဿိတ သီလ မည်၏၊ ပညာ ပြမ်းသော ကုသိုလ် စိတ္တုပ္ပါဒ် ရ၏၊

၂။ **စိတ္တဝိသုဒ္ဓိ**။ ။ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ ၂-မျိုးသည် စိတ္တဝိသုဒ္ဓိ မည်၏။

**မှတ်သားရန်**။ ။သမထစခန်း၌ ပြခဲ့ပြီးသော ဥပစာရ ဘာဝနာ အပ္ပနာ ဘာဝနာ စခန်းသို့ ဆိုက်ရောက်ပြီးသော ဘာဝနာ ၂-မျိုးကို ဥပစာရ သမာဓိ ဘာဝနာ သမာဓိ ခေါ်၏၊ ၎င်း သမာဓိ ၂-မျိုးနှင့် ယှဉ်သော စိတ်သည် နီဝရဏ အညစ်အကြေးတို့မှ အတော်ကြီး ကင်းဝေး စင်ကြယ်သဖြင့် စိတ္တဝိသုဒ္ဓိ မည်၏။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ**။ ။လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်း အားဖြင့် ရုပ် နာမ် တရားတို့ကို သိမ်းယူ ဆင်ခြင် သုံးသပ်လျှင် ငါ ငါ ဟူသော အတ္တ ဒိဋ္ဌိ အစွဲ အလန်း အမြင်မှားမှ ကင်းစင် သဖြင့် ဒိဋ္ဌိ ဝိသုဒ္ဓိ မည်၏။

လက္ခဏာ နှင့်၊ ရသ နှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ် နှင့် ရုပ်၊
လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိ ဝိသုဒ္ဓိ။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**။ ။ထို ရုပ် နာမ် တို့၏ သာလျှင် အကြောင်း အကျိုး ဆက်နွယ် ဖြစ်ပျက် နေပုံကို သိမ်းယူ သုံးသပ် အထပ်ထပ် ဆင်ခြင် ခြင်းသည် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ မည်၏။

**မှတ်သားရန်။** ။ ထို နာမ် ရုပ် တို့၏ အကြောင်း အကျိုး ဆက်စပ်လျက် ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းတို့အရ ဖြစ်ပျက်နေပုံကို သုံးသပ်ခဲ့သော် ရုပ် နာမ် အစဉ်အတန်း ရုပ်နာမ် စခန်းကြီးပါ တကား၊ ငါသည် ဘယ် ဘဝက လာ၍ ဘယ် ဘဝသို့ သွားရပါ မည်နည်း၊ ငါသည် နောင်ဘဝမှာ ဖြစ်မှ ဖြစ်ပါအုန်း မလား၊ ဘုရား ဆိုတာကော ဟုတ်ကဲ့လား စသဖြင့် သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာ ကန်္ခါတရားကို အကြွင်းမဲ့ မဖြစ်နိုင်သေး စေကာမူ အတော် ကြာအောင် ဖြတ်တောက် ခွါရှဲ တားနိုင် လွန်မြောက်နိုင် ရကား ကန်္ခါ ဝိတရဏ ဝိသုဒ္ဓိမည်သော ဉာဏ်စခန်းဆိုက်လျှင် သောတာပန်နှင့် အလား ဘူ၍-ဖူငွေသောတာပန် ခေါ်ရသည်။

**နာမ ရူပ၊ သင်္ခါရ၏၊ ပဋိစ္စ ခေတ်၊ စက်ရဟတ်ကို၊ အတတ် ထင်ထင်၊ ခိုင်ခိုင်မြင်က၊ ကန်္ခါ ယုံမှား၊ ဆဲ့ခြောက် ပါးနှင့် ရှစ်ပါး ဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကန်္ခါဝိတရဏ ဝိသုဒ္ဓိ။**

**မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။** ။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်ပြီးနောင် တလော ပရိဂ္ဂဟိတေသု- ထို ဆိုအပ်ခဲ့ ပြီးသော အတိုင်း ပိုင်းခြား သိမ်းယူ အပ်ကုန်ပြီးသော အကြောင်းနှင့် တကွ ဖြစ်ကုန်သော၊ တေဘူမက သင်္ခါရ သင်္ခါရေသု—အတိတ် စသည် ပြားကုန်သော တေဘူမက တို့၌၊ ခန္ဓာဒိ နယမာရဗ္ဘ-ခန္ဓာ စသောနည်းကို အာရုံပြု၍၊ ခန္ဓာ စသောနည်းကို အာရုံပြုလျက် (ကလာပ ဝသေန) အပေါင်းအားဖြင့် အကျဉ်းချုံးကာ၊

ကုန်ခန်း ပျက်စီးခြင်း သဘောကြောင့် အနိစ္စ၊
ကြောက်မက်ဖွယ် ဘေးအတိ ဖြစ်သောကြောင့် ဒုက္ခ၊
အနှစ် သာရ ရှာမရသောကြောင့် အနတ္တ ဟူ၍ရင်း၊
အဒ္ဓါနဝသေန-ကာလ အခွန့်နှင့် စပ်၍ပင်း၊

သန္တတိဝဒ္ဓသန-အစဥ် သန္တတိနှင့် စပ်၍ရင်း၊
ခဏဝသေန-အခိုက် အခါနှင့် စပ်၍ရင်း၊

ဤသို့ **သမ္မသန** ဉာဏ်ဖြင့် လက္ခဏာယာ၁ သုံးပါး ကိုတင်ပွား၍ ဆင်ခြင် သုံးသပ်သော (သမ္မသနဉာဏ်ရှင်) ယောဂီပုဂ္ဂိုလ်တမျိုး၊

**ထို တော ဘူမက သင်္ခါရ တရားတို့၌—**

ပစ္စယဝသေန-အကြောင်း နှင့် စပ်သဖြင့်ရင်း၊
ခဏဝသေန-အခိုက်အခါနှင့် စပ်သဖြင့်ရင်း၊

**ဥဒယဗ္ဗယ** ဉာဏ်ဖြင့် ဖြစ်မှု ပျက်မှုကို အဖန်ဖန် ဆင်ခြင်သုံးသပ်သော ယောဂီပုဂ္ဂိုလ် တမျိုး၊

ဤယောဂီ ပုဂ္ဂိုလ်၏ အဇ္ဈတ္တ သန္တာန်၌

ဩဘာသော ဝိတိပဿဒ္ဓိ, အဓိမောက္ခော စ ပဂ္ဂဟော၊
သုခံ ဉာဏ မုပါဋ္ဌာနံ, ဥပေက္ခာ စ နိကန္တိ စ။

ဤသို့ (ဝိပဿနူပက္ကိလေသ) ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးကို ပိုင်းခြား သိမ်းယူသော အားဖြင့် ဝိပဿနာ လမ်းမှန် မမှန်သဘောကို ပိုင်းခြား မှတ်သားတတ် ဆုံးဖြတ်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

**မှတ်သားရန်။** ။တထာပရိဂ္ဂဟိတေသု-ဟုသီလဝိသုဒ္ဓိဉာဏ်ဖြင့် နာမ်-ရုပ်တို့ကို ပိုင်းခြား၍ အထင် အရှား သိခဲ့ပြီ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိဖြင့် နာမ်-ရုပ်တို့ကို အကျိုးအကြောင်း ဆက်သွယ် ဖြစ်ပျက်နေပုံကို ပိုင်းခြား သိရှိခဲ့ရပြီ၊ ဤသို့ ဝိသုဒ္ဓိ ၂-မျိုးဘို့ဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြားသိမ်းယူ ဆင်ခြင်အပ် ပြီးသည်ကို တထာ ပရိဂ္ဂဟိတေသု ဟူ၍ ဆိုထားသည်။

**ဓာတုမက သန်ါရေသု**–စိတ် စေတသိက် ရုပ် ဟူသမျှ သင်္ခါရ တွေချည်းသာတည်း၊ သို့ရာတွင် ဝိပဿနာ အရာ၌လောကီ ဘေဘူမက သင်္ခါရ (ဥပါဒါနက္ခန္ဓာ) တို့ အပေါ်မှာသာ လက်တွေ့ ကြုံကြိုက်နေ ရသော အဖြစ်အပျက်ကို သုံးသပ်ဆင်ခြင်နိုင်၍ တေဘူမက သင်္ခါရေသု ဟုဆိုသည်၊ ဤ စကားဖြင့် လောကုတ္တရာ တရားများမှာ ဝိပဿနာ ရှုဆင်ခြင်ရန် အရာ ဌာန မဟုတ်ဟု မှတ်သေး၊ ဥပါဒါန က္ခန္ဓာကို ထပ် ဟောရခြင်း အကြောင်းကား ဤပင်တည်း။

**အတီတာဒိ ဘေဒဘိန္န ခန္ဓာဒိနယ**–အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ သြဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက အားဖြင့် ပြားသော ခန္ဓာစသည်ကို အကျဉ်းချုပ်အပေါင်းအားဖြင့် ချုံး၍ရှုသော နည်းသည် ကလာပ သမ္မသန နည်းမည်၏။

ခန္ဓာဒိနည်း၊ ဘွဲ့စည်း ပြီးခါ၊ သုံးဖြာလက္ခဏာ၊
သုံးသပ်ရ၊ သမ္မသနဉာဏ်။

ရှုနည်း–သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန,
သဗ္ဗံ ရူပံ ဒုက္ခံ ဘယဋ္ဌေန,
သဗ္ဗံ ရူပံ အနတ္တာ အသာရကဋ္ဌေန။

**အဒ္ဓါန သမ္မသန နည်း**။ ။အတိတ်ဘဝ,ပစ္စုပ္ပန်ဘဝ,အနာဂတ် ဘဝ အားဖြင့် ဆင်ခြင်သုံးသပ်နည်းသည် အဒ္ဓါနသမ္မသန နည်းမည်၏၊ ကလာပသမ္မသန နည်းထက် နူးညံ့သဖြင့် တဆင့်တက်၍ အားထုတ်ရန် ဖြစ်သည်။

**သန္တတိ သမ္မသန နည်း**။ ။အပူဓာတ်ကြောင့် ဖြစ်သော ရုပ်စဉ် အအေးဓာတ်ကြောင့်ဖြစ်သော ရုပ်စဉ်ကို ရှုသောနည်းသည် သန္တတိ သမ္မသန နည်းမည်၏၊အဒ္ဓါန သမ္မသန နည်းထက်နူးညံ့လှ၍ ဆက်လက် အားထုတ်ရန် ဖြစ်သည်။

**ခဏ သမ္မသန နည်း**။ ။လွန်ပြီးသော ခဏ ၃-ပါး,ရောက်နေဆဲ ခဏ ၃-ပါး, လာလတံ့ ( ဥပါဒ် ဌီ ဘင် ) ခဏ ၃-ပါးတို့ကို လက္ခဏာယာဉ်တင်၍ ရှုဆင်ခြင်ခြင်းသည် ခဏ သမ္မသန နည်းမည်၏၊ အသေးစိပ် ဖြစ်, တည်, ချုပ် အခိုက် ခဏများသည် အတော်ကြီး

မြင်နိုင်ခဲ့သည့် အရာများ ဖြစ်၍ သန္တတိ သမ္မသန နည်းဖြင့် အလွန် အသားကျပြီးမှ ဤနည်းကို ဆက်လက်အားထုတ်ရန် ဆိုထားသည်။

ဤ စကားအစဉ်ဖြင့် သမ္မသန ဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ ဟူသော စကားရပ်အထိ သမ္မသန ဉာဏ် ၄-မျိုး ၄-စား ပြီးဖြစ်သည်။

---

တေသွံ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗယ ဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ ။

**ဥဒယဗ္ဗယဉာဏ်။** ။ ဥဒယ-အဖြစ်၊ ဝယ-အပျက်၊ အဖြစ်အပျက်ကို ရှုသော ဉာဏ်သည် ဥဒယဗ္ဗယ ဉာဏ် မည်၏။

ဖြစ် ပွား ပျက်မှု၊ အာရုံ ရှု၊ ဥဒယဗ္ဗယ ဉာဏ်။

## ဝိပဿနာ ညစ်ညူးကြောင်း ၁၀—ပါး

ဆိုအပ်ခဲ့ပြီးသောနည်း၄မျိုးတို့ဖြင့် သမ္မသနဉာဏ်ရင့်သန်လာသော ယောဂီသည် ထို နာမ် ရုပ် ဟူသော တေဘူမက သင်္ခါရတို့ကိုပင် အကြောင်းနှင့် စပ်သော ပစ္စယသမ္မသန နည်း ၊ ဥပါဒ်ခဏ ဘင်ခဏနှင့် စပ်သော ခဏသမ္မသန နည်းအားဖြင့် ဆက်လက်ကြိုးစား အားထုတ် ခဲ့သော် ဖြစ်မှုပျက်မှုတွေ အလွန်ထင်ရှား ကြည်လင်လာပြီး ထိုဝိပဿနာ ရှင်၏ သန္တာန်မှာ ဝိပဿနာ ညစ်ညူးကြောင်းတရား ၁၀-ပါးတို့သည် ကောန် တွေ့ကြုံရတတ်လေသည်။

၁။ **ဩဘာသ။** ။ အလွန် ကြည်လင်သော ဝိပဿနာ စိတ်၏ အရွှမ်းပြောင့် ကိုယ်ရောင် ကိုယ်ဝါ (ဩဘာသ) များသည် မိမိထက် နန်းကျောင်းမှာ၎င်း, တနန်းလုံး တကျောင်းလုံး တတောလုံး တကမ္ဘာလုံး အထိရောင်း လင်းအောင် ထွက်လာတတ်သည်။

၂။ **ပီတိ။** ။ဝိပဿနာနှင့် ယှဉ်သော အလွန်ကြေနပ် နှစ်သိမ့် ဘွယ်ရာ ပီတိသည် ဖြစ်လာတတ်၏။

၃။ ပဿဒ္ဓိ။ ။ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်တရား ၂-ပါးကြောင့် ယောဂီ၏ကိုယ်စိတ် ၂-ပါးမှာ အလွန်ထူးထူးခြားခြား ငြိမ်သက်လာ၏၊

၄။ အဓိမောက္ခ။ ။ကမ္မဋ္ဌာန်း အာရုံ၌အလွန်စူးစိုက် သက်ဝင်တည်ကြည် ယုံကြည်မှု သဒ္ဓါ ဖြစ်လာတတ်၏။

၅။ ပဂ္ဂဟ။ ။ဝိပဿနာ လုပ်ငန်းကြီးကို မတွန့် မဆုတ် အလွန်အားထုတ် တက်ကြွမှု အားပေးမှု ဝီရိယ ခေါ်ပေါ်လာတတ်၏။

၆။ သုခ။ ။မွန်မြတ်သော စိတ်ကြောင့်ဖြစ်သော ကာယချမ်းသာကြောင့် တကိုယ်လုံး ချမ်းသာဘူးကြီး ဖြစ်လာတတ်၏။

။ ဉာဏ။ ။သင်္ခါရတို့ကို အကွင်းသား အထင်းသား ထင်ရှားစွာသိမြင်နိုင်သော ထက်မြက်လှသည့် အသိဉာဏ် ဖြစ်လာ၏။

၈။ ဥပဋ္ဌာန။ ။ကမ္မဋ္ဌာန်းအာရုံ၌ ကပ်ရောက်စွဲမြဲစွာတည်တန့်နိုင်ခံ့သော သတိသည် ဖြစ်လာတတ်၏။

၉။ ဥပေက္ခာ။ ။ဉဒယဗ္ဗယ သဘောတွေ့က အလွန်ထင်လွယ် မြင်လွယ်နေ၍ အားမထုတ်ရဘဲ အသင့်ရှုမှု တတြမဇ္ဈတ္တတာ ဖြစ်လာတတ်၏။ (ပီတိ အစ ၅ ဥပေက္ခာ အဆုံးရှိသော တရား ၉-ပါးမှာ ဝိပဿနာ ဉာဏ်နှင့်ယှဉ်သောစေတသိက်များကိုအကောက်ရသည်)

၁၀။ နိကန္တိ။ ။ဩဘာသ စသည်နှင့် ရောမွှမ်းနေသော ဤဝိပဿနာ ဉာဏ်ကို အလွန်ကြေနပ် နှစ်ခြိုက်နေသော တဏှာသည် ဖြစ်လာတတ်၏ ဆွမ်းဆံ၌ ကြွက်ချေးရောလာသည်၊ ဤ နှစ်ခြိုက်မှုနိကန္တိကို သိမ်မွေ့လွန်းလှသဖြင့် တဏှာရကိ ဟု မသိနိုင်ဘဲ ဝိပဿနာရတိ ဟု အထင်လွဲမှားနေတတ်သည်။

ဝိပဿနုပက္ကိလေသ-ဝိပဿနာ၏ ညစ်ညူးကြောင်း တရား ၁၀-ပါးတွင်နိကန္တိ တခုသာ တဏှာဖြစ်၍ဝိပဿနာညစ်ညူးကြောင်း ဘေးရန်အစစ်ဖြစ်၏၊ ပီတိစသောတရားများကား ဝိပဿနာဉာဏ်နှင့် ယှဉ်သော ကုသိုလ်စေတသိက်များ သာလျှင်ဖြစ်ကြ၏၊ သို့ရာတွင် ထို ဩဘာသ စသော ၁၀-ပါးကို အစွဲပြုကာ သာယာမှု တဏှာ၊ အထင်ကြီးမှုမာန၊ ငါရပြီ ငါသိပြီဟု စွဲလန်းမှု ဒိဋ္ဌိတို့သည်သာ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် အစစ်အမှန် ဖြစ်စေကာမူ ဤတဏှာ

မာန ဒိဋ္ဌိ ၃–ပါး၏ အာရုံဖြစ်သော ဩဘာသ စသည်ကိုလည်း ဥပစာတင်စား၍ ခေါ်ထားသည်၊ ဤ ဩဘာသ စသည်တို့ ဖြစ်ပေါ် လာလျှင် ယောဂီမှာတဏှာ မာန ဒိဋ္ဌိစွဲတွေ့ ဝိပဿနာ၏ဘေးရန်တွေ ဖြစ်လာတတ်၍ ဤ ဩဘာသ စသော ၁၀–ပါးကိုပင် ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်တွေဟု လွှဲခေါ်ထားသည်ဟူလို။

မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ။ ။မဂ္ဂ–မဂ်ဖိုလ် ရရောက်ကြောင်း လမ်း၊ အမဂ္ဂ–မဂ်ဖိုလ် ရရောက်ကြောင်းလမ်းမဟုတ်ဟု၊ ဉာဏ– သိသော၊ဒဿန–အမြင်၊ ဝိသုဒ္ဓိ–စင်ကြယ်ခြင်း၊ဤဝိပဿနုပက္ကိလေသ တရား ၁၀–ပါးသည် မဂ်ဖိုလ် ရရောက်ကြောင်းလမ်းမဟုတ်၊အစဉ် အတိုင်းဆက်လက်၍ အားထုတ်ကြိုးစားမှုသည်သာ မဂ်ဖိုလ် ရရောက် ကြောင်းလမ်းမှန်လမ်းကောင်းတည်းဟု ဉာဏ်ဖြင့် သိမှု မြင်မှု ဆုံးဖြတ် ပိုင်းခြားမှု၌ စင်ကြယ်သော ဉာဏ်ကို မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ခေါ်သည်၊ ဤမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ စခန်း၌ သမ္မ သန ဉာဏ် ၄–မျိုးနှင့် ဥဒယဗ္ဗယဉာဏ် ၂-မျိုး ပါဝင်ခဲ့ပုံကို မှတ်သားလေ' ဝိသုဒ္ဓိ နယ်အတွင်းမှာ ဉာဏ်စခန်းများကို သွင်းထား၍ အလွန်မျက်စေ့လည် တတ်သည်။

ဩဘာသာဒိဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟပဓသေန
မဂ္ဂါမဂ္ဂ လက္ခဏ ဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနာမ။

၆။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ။ ။မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိစခန်း ဆိုက်ပြီးသည့် နောက်၌ ထို ဆိုအပ်ပြီးသော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တို့မှ လွတ်လပ်ပြီးသော ထို ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်မှာ ဥဒယဗ္ဗယ ဉာဏ်မှ စ၍ အနုလောမ ဉာဏ်တိုင်အောင် လက္ခဏာယာဉ် သုံးပါးသို့တင်၍ ဝိပဿနာဉာဏ်အဆက် အဆက်ဖြင့် လွန်စွာကြိုးကုတ် အားထုတ်သည် ရှိသော် ဖြစ်ပေါ်လာသော ၉–ပါးသော ဝိပဿနာ ဉာဏ်တို့သည် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

**ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ။** ။ပဋိပဒါ-မဂ်သို့ရောက်ကြောင်း၊ ဉာဏဒဿန ဝိသုဒ္ဓိ-စင်ကြယ်သော ဉာဏ် အမြင်ထူးသည် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

**ပရိဗန္ဓ ဝိမုတ္တဿ။** ။ဘေးရန် ၁၀-ပါးနှင့် တွေ့ကြုံနေဆဲဖြစ်သော ယောဂီ၏ အကျင့်သည် မဂ်ကို ရရောက်ကြောင်းကျင့်ဝတ် ပဋိပဒါ အစစ်အမှန် မရှိသေး၍ ၎င်း ဘေးရန်မှ လွတ်ပြီးသော ယောဂီ၏ ဆက်လက် အားထုတ်မှု အကျင့်သည်သာ မဂ်ကို မုချ ရကြောင်း ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မည်၏ဟု ပရိဗန္ဓဝိမုတ္တဿဖြင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ ဉာဏ်ပိုင်ရှင်ကို ပြ၏။

**ဥဒယဗ္ဗယ ဉာဏတော ပဋ္ဌာယ ယာဝ ဝါနုလောမာ။** ။ ဤ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ စခန်း၌ ဥဒယဗ္ဗယ ဉာဏ်မှ စ၍ အနုလောမ ဉာဏ်ထိအောင် ဉာဏ်စဉ် ၉-ပါး ပြီးဆုံးပါမှ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်နိုင်သည်၊ ဤ ဉာဏ်စခန်း၌ ဥဒယဗ္ဗယ ဉာဏ်မှ စ၍ ပြန်ကောက်ရခြင်းမှာ ရှေးမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ စခန်း နောက်ပိုင်းတွင် ဥဒယဗ္ဗယ ဉာဏ်သို့ တက်ရောက်ကာဆင်ခြင် အားထုတ် ကြိုးကုတ်နေခိုက် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးနှင့် ကြုံကြိုက်တိုးခွေ့ လုံးထွေးကာ ဥဒယဗ္ဗယဉာဏ် မှေးမှိန် သေးသိန်သွားသဖြင့် ပဋိပဒါဉာဏဒဿန စခန်းအစ၌ ထိုဥဒယဗ္ဗယ ဘာဝနာဉာဏ်ကစ၍ တဖန်ပြန်လည် ထူထောင်ကာ အားထုတ်ရ၏။

**ဘင်ဉာဏ်။** ။ဥဒယဗ္ဗယဉာဏ် ရင့်သန်သော အခါ အဖြစ်ကို လွတ်၍ အပျက်ကိုသာ မြင်တော့သဖြင့် ဘင်ဉာဏ် ဖြစ်ပေါ်လာ၏၊ ဥပမာ-မိုးရွာချသောအခါ ရေအိုင်၌ ရေဥဖေါင်းပွက်ကလေးများကို ကြည့်ရှုနေခိုက် အဖြစ်ကို မမြင်နိုင်ဘဲ တဖြုတ်ဖြုတ်တရိပ်ရိပ် ပျက်ပြား သွားသော ရေဥဖေါင်း ကလေးတွေကို တွေ့ရသကဲ့သို့တည်း။

**အပျက်ကိုသာ၊ ရှုတုံပါ၊ သညာ ဘင်ဉာဏ်။**

**ဘယဉာဏ်။** ။အပျက်တွေချည်း တွေ့မြင်နေသော ယောဂီသည် တပျက်ထည်းသာ အတွင် ပျက်ခွေနေသော သင်္ခါရ ဓမ္မတို့ အပေါ်၌- ရှေးကလည်း ပျက်ခဲ့ဘူးလှလေပြီ၊ ယခုလည်း ပျက်နေကြဆဲ၊ နောင်လဲ

ပျက်ကြွေအိုးကြမ္မာပါတကား ဟု လွန်စွာ ကြောက်အား ကြီးလှသော ဘယဉာဏ် ထင်လာ၏၊ ဤအရာ၌ ဒေါသ၏ အစွမ်းဖြင့် ကြောက်အားကြီးခြင်းမျိုးမဟုတ်၊ ဉာဏ်အမြင်အားဖြင့် ထိတ်လန့်သော သံဝေဂရမှုမျိုးသာ ဖြစ်သည်။

**အပျက်မြင်က၊ ဘယမစ္ဆု၊ ပျက်မှု ခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်း ထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။**

**အာဒီနဝဉာဏ်။** ။ဘယဉာဏ်ထက်သန်သောအခါ သက်ရှည်ချမ်းသာ အနာကင်းလို ဘေးကို ကြောက်သူသည် သားရဲရှိသောရွာ၊ ကျားရှိသော တောင်ခေါင်း၊ မိချောင်းရဲသော ရေ၌ ကြောက်ရွံ့ကာ အပြစ်မြင်၍ လာသကဲ့သို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ အားကိုးရာ မရှိ၊ အပြစ်အတိပါတကားဟု ရှုသောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

**ကြောက်ဘွယ် ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး။၊ ရုပ် နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်။**

**နိဗ္ဗိဒါဉာဏ်။** ။အပြစ် အနာအဆာတွေကို ချည်းသာ မြင်နေထင်နေရသော သင်္ခါရတရားတို့ကို မပျော်မမွေ့ ငြီးငွေ့ မုန်းတီး၍ လာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်၏၊

**ကိုးရာ မမြင်၊ ခက်ပုံထင်က၊ မရွှင် မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိဒါ။**

**မုစ္စိတုကမျတာဉာဏ်။** ။နိဗ္ဗိဒါဉာဏ်ဖြင့်ငြီးငွေ့လွန်းအားကြီးလာလျှင် မြွေမိသော ဘား၊လှောင်ထားသောငှက်၊ကွင်းမိသောသမင်ကဲ့သို့ ငြီးငွေ့ဘွယ် အတိပြီးသော သင်္ခါရ နယ်အတွင်းမှ လွတ်ကင်းလိုသောဉာဏ်သည် မုစ္စိတုကမျတာ ဉာဏ်မည်၏။

**ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျှင်မြန်တစိ၊ ထွက်လိုဘိ၊ မုစ္စိတုကမျတာဉာဏ်။**

**ပဋိသင်္ခါဉာဏ်။** ။ပဋိ–တဖန်၊ သင်္ခါ–လွတ်လိုသော ဉာဏ်၊ မုစ္စိတုကမျတာဉာဏ်သည် လွတ်လိုကာမတ္တ လွတ်ချင်ရုံသာ ရှိသေး၏။ တကယ်ကား မလွတ်လပ်သေးချေ၊ နိစ္စ သုခ အတ္တ အနေအားဖြင့်

မှတ်ထင် စွဲလန်းမှု အားသန်လာခဲ့သော ရုပ် နာမ် ဓမ္မ သင်္ခါရတို့ အပေါ်မှာ တဖန်ပြန်၍မစွဲလန်းနိုင်မလောက်အောင် အနိစ္စ ဒုက္ခ အနတ္တ ဟု နာနာကြီးထပ်မနား ဆင်ခြင်သုံးသပ်သော ဉာဏ်သည် ပဋိသင်္ခါ ဉာဏ် မည်၏၊ မြွေကိုမိသူသည် လွှတ်ခါနီး၌ တဖန်ပြန်၍ ရန်မမူနိုင် အောင် နာနာကြီး သေချာစွာ ကိုင်ပြီးမှ လွှတ်လိုက်သကဲ့သို့ "တော" လေးဆယ် ကမ္မဋ္ဌာန်းတို့ဖြင့် အထပ်ထပ် ပွါးရလေသည်။

**လွှတ်လိုလှ၍၊ လွှတ်ရတဲ့ငါ၊ ဘာဝနာလေးဆယ်၊ အကျယ်**
**ဖြန့်၍၊ အားတိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။**

**သင်္ခါရုပေက္ခာဉာဏ်။** ။ပဋိသင်္ခါဉာဏ် ရင့်သန်လာသော အခါ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌ ချစ်မုန်းမပြုလျစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

**အားတိုက်ရှု၍၊ လွှတ်ဖို့လွှတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊**
**သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။**

**အနုလောမဉာဏ်။** ။အောက်ဉာဏ် ရှစ်ပါးနှင့်ရင်း ရလတံ့ သော အထက်မဂ်ဉာဏ်နှင့်ရင်း လျော်စွာဖြစ်တတ်သော ဉာဏ်သည် အနုလောမဉာဏ် မည်၏၊ ပရိကံ-ဥပစာ အနုလုံကို အရကောက်၊ ဤ သင်္ခါရုပေက္ခာဉာဏ် နှင့် အနုလောမ ဉာဏ် ၂-ပါးကို သံသရာ ဝဋ်မှ ထွက်လွှတ်ထမြောက်ကြောင်း ဖြစ်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု အမည်ပေးလိမ့်မည်၊ အနုလုံနောင် ဖြစ်သော ဂေါတြဘု ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သောကြောင့် လောကီသင်္ခါရ ဓမ္မကို အာရုံ ပြုကာရှုကြသော ဝိပဿနာ ဉာဏ်စဉ်တွင် မပါဝင်ချေ၊ သို့ရာတွင် ဝိပဿနာတို့၏ ဦးခေါင်း အထွတ်အထိပ် သီသပတ္တ ဖြစ်၍ ဝိပဿနာ ဉာဏ်စဉ်တွင် သာမန် အနေအားဖြင့် သွင်းယူက ဖြစ်နိုင်လေသည်။

**မဂ် ရောက်လိုသော်၊ အဆော်အနှိုး၊ မဂ်လေးဦးအား၊**
**အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။**

ဆက်ဦးအံ့-ဤသို့ ဝိပဿနာ အစဉ်ဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်နေသော ထိုယောဂီ၏ သန္တာန်၌

ဝိပဿနာဉာဏ် ရင့်ကျက်ခြင်းကို အစွဲပြု၍ ယခုအခါ အပ္ပနာ ဖြစ်တော့မည်ဟု ဆိုရလောက်သော အခါ၌ ဘဝင်ကို ဖြတ်၍ မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်သော ဝိပဿနာ စိတ်တို့သည် အနိစ္စ စသော လက္ခဏာ တပါးပါးကို အာရုံပြုကာ ရှုဆင်ခြင်၍ ပရိကံ ဥပစာ အနုလုံ ဟူသော အမည်ဖြင့် ဖြစ်၏၊ (ဤဉာဏ် သုံးပါးကို အနုလောမဉာဏ် ခေါ်သည်၊)

ဤ အထွတ် အထိပ်သို့ ရောက်သော အနုလောမ ဉာဏ်နှင့် တကွ သင်္ခါရုပေက္ခာ ဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူ၍လည်း ခေါ်၏။

ထို အနုလုံမှ နောက်၌ ဂေါတြဘု စိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်ကို ဖြတ်တောက် လွှမ်းမိုး၍ အရိယာ အနွယ်ကို ဆိုက်ရောက် ဖြစ်ပွါးစေလျက် ဖြစ်ပေါ်လာ၏။

**သင်္ခါရုနှင့်၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊**
**ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။**

**မှတ်သားရန်။** ။အနုလောမ ဉာဏ်နား အနီးဆုံးဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ်သည် သင်္ခါရုပေက္ခာ အထွတ်အထိပ် ရောက်သော သင်္ခါရုပေက္ခာ ဉာဏ်မည်၏၊ ဂေါတြဘု ဉာဏ်ကိုပါ ထည့်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘု ဉာဏ်အားဖြင့် သုံးမျိုးယူကြသေး၏။

## မဂ္ဂဝီထိ ပုံစံ

(မန္ဒ) န ဒ မ ပ ဥ လုံ ဂေါ မဂ် ဖိုလ် ဖိုလ်
(တိက္ခ) န ဒ မ ဥ လုံ ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်

ထိုဂေါတြဘုစိတ်၏ အခြားမဲ့၌သာလျှင် မဂ်စိတ်သည်၊

ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင် သိမြင်လျက်,
သမုဒယ သစ္စာကို ပယ်စွန့်လျက်,
နိရောဓ သစ္စာကို မျက်မှောက် ပြုလျက်,
မဂ္ဂ သစ္စာကို ပွါးများဖြစ်ပေါ်စေလျက်,

အစဉ်နေ ဝီထိသို့ သက်ရောက်၏၊ ထို မဂ်စိတ် တကြိမ် ဖြစ်ပြီးနောက် နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့ဖြစ်ပြီး၍ ဘဝင်ကျသွား၏။

**မှတ်သားရန်။** ။ပုထုဇ္ဇန ဂေါတ္တံ ဘဝတိ အဘိဘဝတီတိ ဂေါတြဘု၊ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖြတ်တောက်တတ်သောကြောင့် ဂေါတြဘု မည်၏၊ အရိယဂေါတ္တံ ဘဝတိ အဘိ သမ္ဘုဏာတီတိ ဂေါတြဘု၊ အရိယာ အနွယ်ကို ဖြစ်စေတတ်သောကြောင့် ဂေါတြဘု မည်၏။ မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ဖြစ်ပုံမှာ ဆီမီးသည် မီးစာကို လောင်ခြင်း၊ အမှောင်ကို ပယ်ခြင်း၊ အလင်းရောင်ကို ထွန်းလင်းခြင်း၊ ဆီခမ်းစေခြင်းကို တပြိုင်နက် ဖြစ်စေသကဲ့သို့ မှတ်လေ၊

**ဒွေ တိဏိ ဖလစိတ္တာနိ။** ။မန္ဒပုဂ္ဂိုလ်အား ဖိုလ် ၂-ကြိမ်၊တိက္ခ ပုဂ္ဂိုလ်အား ဖိုလ် ၃-ကြိမ်စော၏၊တိက္ခပုဂ္ဂိုလ်အား ပရိကံမကျ, ဝီထိပုံ ၂-ခုကို ပြန်ကြည့်၊ တဖန် ဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာ ဉာဏ်တို့ ဖြစ်ကုန်၏။

**မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ, ပစ္စဝေက္ခတိ ပဏ္ဍိတော၊**
**ဟီနေ ကိလေသေ သေသေစ, ပစ္စဝေက္ခတိ ဝါ နဝါ။**

လောကုတ္တရာ ပညာကို ရရှိပြီးသော ပညာရှင်သည်-

၁။ မဂ်ကိုရင်း
၂။ ဖိုလ်ကိုရင်း
၃။ နိဗ္ဗာန်ကိုရင်း ဆင်ခြင်၏၊
၄။ ပယ်ပြီး ကိလေသာကိုရင်း
၅။ လက်ကျန် ကိလေသာကိုရင်း

ပစ္စဝေက္ခဏာ-ဆင်ခြင်သူလည်းရှိ၏၊ နှ ပစ္စဝေက္ခဏာ-မဆင်ခြင် သူလည်းရှိ၏။

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် (၄၅) ဝိသုဒ္ဓိ ၆-မျိုးတို့သည် ဖြစ်စေအပ်သော မဂ် ၄-ပါးကို ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ဆိုအပ်၏။

**ပစ္စဝေက္ခဏာ ဉာဏ်။** ။မဂ် စသည်ကို ဆင်ခြင်တတ်သော မဟာကု-ကြိယ၌ ရှိသော ဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ် မည်၏၊ မဂ်ရ၍ ဘဝင် ကျပြီးနောင် ''ငါသည် ဤမဂ် ဤဖိုလ် ဤ နိဗ္ဗာန်ကို ရပေပြီ''ဟု ဆင်ခြင်သော မဂ္ဂ ပစ္စဝေက္ခဏာ ဝီထိ, ဖလပစ္စဝေက္ခဏာ ဝီထိ, နိဗ္ဗာန ပစ္စဝေက္ခဏာ ဝီထိ ၃-မျိုးမှာ အရိယာတိုင်း ကေန် ဆင်ခြင်ကြရမြဲဖြစ်သည်။ပယ်ပြီးနှင့် လက်ကျန်ဖြစ်သော ၂-မျိုးကို ဆင်ခြင်သော ပဟီန ကိလေသာ ပစ္စဝေက္ခဏာ ဝီထိ သေသ ကိလေသာ ပစ္စဝေက္ခဏာ ဝီထိ ၂-မျိုးကိုမူကား ဆင်ခြင် ချင်မှ ဆင်ခြင်သည်၊

| | | |
|---|---|---|
| သောတာပတ္တိ | မဂ်ရပြီးနောက် | ၅-ဝီထိ |
| သကဒါဂါမိ | မဂ်ရပြီးနောက် | ၅-ဝီထိ |
| အနာဂါမိ | မဂ်ရပြီးနောက် | ၅-ဝီထိ |
| အရဟတ္တ | မဂ်ရပြီးနောက် | ၄-ဝီထိ |

ပစ္စဝေက္ခဏာ ဝီထိပေါင်း ၁၉-ရှိ၏။

အရဟတ္တ မဂ်ရပြီးနောက် လက်ကျန် ကိလေသာ မရှိတော့၍ သေသ ကိလေသာ ပစ္စဝေက္ခဏာ ဝီထိကို ရဟန္တာ၌ မရတော့ပြီ။

**ဝိသုဒ္ဓိဘေဒ ပြီး၏**

# ဝိမောက္ခ အပြား

အနတ္တဟု ရှုသော ဝိပဿနာ ဉာဏ်သည် အတ္တနှံ့ကို စွန့်နိုင်သောကြောင့် သုညတာ နုပဿနာ ခေါ်သော ဝိမောက္ခ မုခ မည်၏။

အနိစ္စဟု ရှုသော ဝိပဿနာ ဉာဏ်သည် ဝိပလ္လာသ နိမိတ်ကိုစွန့်နိုင်သောကြောင့် အနိမိတ္တာနုပဿနာခေါ်သော ဝိမောက္ခ မုခ မည်၏။

ဒုက္ခဟု ရှုသော ဝိပဿနာ ဉာဏ်သည် တဏှာ တောင့်တမှုကို စွန့်နိုင်သောကြောင့် အပ္ပဏိဟိတာ နုပဿနာ ခေါ်သော ဝိမောက္ခ မုခ မည်၏၊

**မှတ်သားရန်။** ။ရုပ်နာမ် ဓမ္မ သင်္ခါရ အားလုံး၌ ငါဆိုတာ ဘာလဲ? ယောက်ျား မိန်းမ အတ္တဇီဝ ဆိုတာ ဘယ်ဒင်းလဲ? ဟု တခုစီ စေ့စေ့စပ်စပ် ကျကျနန မွှေနှောက် ရှာဖွေခဲ့သော် ငါဆိုတာ–ဒါဘဲ? ယောက်ျား မိန်းမ အတ္တဇီဝ ဆိုတာ ဒါတွေပေါ့–ဟု ဘာတခု၍ ရှာ မရဘဲ ငါသူတပါး ယောက်ျား မိန်းမ အတ္တဇီဝမှ ဆိတ်သုဉ်း ကွယ် ပျောက်ကာ ရုပ်နာမ် ဓမ္မ သင်္ခါရသက်သက်ကိုသာ မြင်နေလေသည်၊ ထိုအခါ ငါ၊ အတ္တ ဒိဋ္ဌိကို စွန့်လျက် သတ္တ ဇီဝ ပုဂ္ဂလ အတ္တမှ ဆိတ် သုဉ်းသောအားဖြင့် ရှုသောဉာဏ်သည် သုညတာနုပဿနာ (အနတ္တာ နုပဿနာ)ခေါ်သော ဝိမောက္ခမုခ မည်၏၊ ပညာလွန်ကဲသော ယောဂီ ပုဂ္ဂိုလ်အား ဖြစ်၏။

**လူနတ် ဗြဟ္မာ၊ ငါသူတပါး၊ ယောက်ျားမိန်းမ၊ ပုဂ္ဂလနှင့်၊**
**စိုးရပိုင်ပိုင်၊ ခံနိုင်မြင့်ရှည်၊ သက်ဆုံးတည်ဟု၊ အားစိုးသမျှ၊**
**အနတ္တ၊ အတ္တဇီဝသာ။**
**အတ္တဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေသုညတာ၊**
**အတ္တ အစ၊ အနတ္တ ရှု၊ လွန်မူ ပညာရှိ၊**

ဖြစ်-တည်-ချုပ်အားဖြင့်တရိပ်ရိပ် တရွေ့ရွေ့ တဖြုံဖြုံတ် တဖျောက်ဖျောက်နှင့် မမြဲသော အနိစ္စသဘောကို ရှုသောအခါ ဖေါက်ပြန်သော အထင်များ အမြင်များနှင့် ထင်မိယောင်များ နေကြသော ယောကျ်ား မိန်းမပုံပန်း ဟန်ပန် သဏ္ဌာန် အမူအရာ အရိပ် နိမိတ်တွေကို ပယ်ဖွင့်နိုင်သော ဉာဏ်သည် အနိမိတ္တာ နုပဿနာ (အနိစ္စာ နုပဿနာ) ခေါ်သော ဝိမောက္ခမုခ မည်၏၊သဒ္ဓါလွန်ကဲသောယောဂီအားဖြစ်၏၊

ပုဂ္ဂိုလ်သတ္တဝါ၊ အင်္ဂါကြီးငယ်၊ သန်းတကြယ်၊ မှတ်ဘွယ်နိမိတ္တာ၊
အကုန်နိမိတ်၊ပျောက်အောင်ကြိတ်၊ အနိမိတ္တာသာ၊
ဝိပလ္လာစု၊ အနိစ္စရှု၊ လွန်မှုသဒ္ဓါ၏။

တောင့်တတတ်သော တဏှာသည် တဏှာပဏိဓိ မည်၏၊ထိုတဏှာ ပဏိဓိသည် ချမ်းသာချည်းဘဲ့ စည်းစိမ်ကြီးဘဲဟု ထင်မှားမှုဝိပလ္လာသ နိမိတ်ကြောင့် ဖြစ်လာ၏၊ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌ တကယ် အစစ် အမှန်ဖြစ်သော ချမ်းသာ ရှိ မရှိသေချာစွာ ရှုဆင်ခြင်ခဲ့သော် ချမ်းသာ မရှိ ဒုက္ခ အတိုပါတကား-ဟု ထင်မြင်လာသောအခါ တောင့်တမှု တဏှာပဏိဓိကို ဋ္ဌနိုသော ဉာဏ်သည် အပ္ပဏိဟိတာ နုပဿနာ (ဒုက္ခာနုပဿနာ) ခေါ်သော ဝိမောက္ခမုခ ဖြစ်၏၊ သမာဓိ လွန်ကဲသော ယောဂီအား ဖြစ်တတ်သည်။

ဥပမာ-ခွေးမှာ ပေါက်ပွင့်ကို သားတစ်ထင်မှားသော ဝိပလ္လာသ အစွမ်းကြောင့် စားလိုသောအာသာ တဏှာပဏိဓိ ဖြစ်နေ၏၊ပေါက်ပွင့်တွေ အားလုံး ကြွေကျသိုင်း လိုက်ကိုက်ပြီး ခုံစမ်းရော ပေါက်ပွင့်ကုန်သည်အထိ သားတစ် မဟုတ်မှန်းသိသောအခါ ပေါက်ပွင့်၌ သား တစ်ဟူသော ဝိပလ္လာသအမှတ်ကင်း၍ တဏှာပဏိဓိ တာတွယ်မှုမရှိဘဲ ပေါက်ပင် အောက်မှ တခြားသို့ ထွက်သွားသကဲ့သို့ တဏှာပဏိဓိ ကင်းပြီး အပ္ပဏိဟိတ ဝိမောက္ခ ပေါ်ပေါက်လာပုံကို သိလေ၊

အတင့်အတယ်၊ မဘွယ်မရာ၊ မင်္ဂလာသုဘာ၊ ဇာဋ္ဌသုခ၊
ထင်သမျှ၊ မှတ်ကြပဏိဟိတာ။
အကုန်ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ၊
တဏှာပဏိဟိတ၊ ရှုဒုက္ခ၊ လွန်ရသမာဓိ။

ဝိမောက္ခ-သံသရာဝဋ်မှ လွတ်သော မဂ်တရား ဖိုလ်တရား၊ မုခ-တံခါးဝ၊ မဂ်-ဖိုလ် ရရောက်ကြောင်း အနုပဿနာဉာဏ် ၃-မျိုးသည် ဝိမောက္ခမုခ မည်၏၊ အနုပဿနာဉာဏ် ၃-ပါးကို ကောက်၊

ဝိမောက္ခနက်၊ ကျွတ်လွတ်ချက်၊ ဖိုလ်မဂ် မည်သည်သာ။
ဝိမောက်မုခ၊ တံခါးဝ၊အရ လက္ခဏာ၊

**တဿာယဒိ ။** ။ထို့ကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနတ္တအားဖြင့် ရှု၍ ရအပ်သော မဂ်သည် သုညတ ဝိမောက္ခ မည်၏၊ အနိစ္စအားဖြင့် ရှု၍ ရသော မဂ်သည် အနိမိတ္တ ဝိမောက္ခ မည်၏၊ ဒုက္ခ အားဖြင့် ရှု၍ ရသော မဂ်သည် အပ္ပဏိဟိတ ဝိမောက္ခ မည်၏၊ ဤသို့ မဂ်သည် ဝိပဿနာဂမန(ဝုဋ္ဌာနဂါမိနီ ဝိပဿနာ)နှင့် ဆက်သွယ်၍ အမည် ၃ မျိုးကိုရ၏၊ထို့အတူ မဂ္ဂဝီထိ၌ ဖိုလ်သည်လည်း မဂ္ဂါဂမန နှင့် ဆက်သွယ်ကာ မဂ်အတိုင်းပင် အမည် ၃-မျိုးကို ရပြန်လေသည်။

**မှတ်သားရန်။** ။ ဝိပဿနာ ဂမန၊ အာဂမန-မဂ်၏ ဖြစ်ပေါ်လာကြောင်း၊ဝိပဿနာ-ဝိပဿနာဉာဏ်၊ မဂ်၏ ဖြစ်ပေါ်လာကြောင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ရ၏၊ ထို ဝိပဿနာ ဂမန ခေါ် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ နှင့် စပ်ဘက်ကာ မဂ်သည် သုညတ အနိမိတ္တ အပ္ပဏိဟိတ ဟူသော အမည် သုံးမျိုးကို ရလေသည်။

မဂ္ဂါဂမန၊ အာဂမန-လ်၏ ဖြစ်ပေါ်လာကြောင်း၊ မဂ္ဂ-မဂ်စိတ်၊ ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖိုလ်၏ရှေ့နားက မဂ်စိတ်ကောက်၊သုညတ မဂ်နောင်၌ သုညတဖိုလ်စသဖြင့် အမည်သုံးမျိုးသည် မဂ်နှင့် ဖိုလ်မှာ တူကြရသည်၊ လောကုတ္တရာ ခေါ်သော မဂ် ၄-ပါး တရားသည် စိတ္တက္ခဏကလေး တချက်စာလောက်တောင် အချိန်အခါ မဆိုင်းဘဲ ဖိုလ်ဟူသော အကျိုးကို ချက်ချင်း ပေးတတ်သောကြောင့် ဘုရား၏ တရားတော်သည် အကာလိက မည်တော်မူသည်။

**ဖလသမာပတ္တိကို ဆိုအံ့။** ။ဖလသမာပတ္တိ ဝိထိ၌ အကြင် အကြင် ဆိုခဲ့ပြီးသော နည်းအတိုင်း ဝိပဿနာ ပွါးကုန်သော ယောဂီတို့၏ သန္တာန်မှာ ယထာသကံ– အကြင် အကြင် မဂ်၏ ကိုယ်ပိုင်ဖြစ်သော၊ ဖလမုပ္ပန္န– မာနမ္ဗိ–ဖိုလ်စိတ်များ ဖြစ်ခဲ့ပြီးသော်လည်း ဝိပဿနာ ဂမန (ဝုဋ္ဌာနဂါမိနီ ဝိပဿနာ) နှင့် စပ်သောအားဖြင့် (ထိုဝင်စားအပ်သော ဖိုလ်စိတ်မှာ) သုညတ ဝိမောက္ခ စသည့်မည်၏ ဟုဆိုအပ်၏။

**တနည်းအားဖြင့်**– အာလမ္ဗဏာ ဝသေန စ–နိဗ္ဗာန် အာရုံနှင့်စပ်သော အားဖြင့်၎င်း။ **သ** ရသဝသေနစ–မိမိ၏ သဘာဝ သတ္တိ အစွမ်းဖြင့်၎င်း အားလုံးသော မဂ်ဖိုလ် တို့၏ သုညတစသော နာမည် ၃–မျိုးသည် တူမျှကြ၏။

**မှတ်သားရန်**၊ ။ယထာသကံ ဖလမုပ္ပန္န မာနမ္ပိ–မူလမဂ္ဂဝိထိ၌ မဂ်၏ ဂစ္စာပိုင်ဖြစ်သော ဖိုလ်သည် မဂ်၏အမည်ရင်းအတိုင်း သုညတ စသောအမည် ၃-မျိုးတွင် တမည်မည်**ကို** မဂ်နှင့်တထပ်တည်း ရရှိထိုး ရှိခဲ့သော်လည်း ဖိုလ်ကိုဝင်စားလိုသော (ဖလသမာပတ္တိ) အခါ၌ သုညတာနုပဿနာ စသော ဝိပ**ဿ**နာတမျိုးမျိုးကို ထပ်မံရှုရပြန်သဖြင့် ထို ဝုဋ္ဌာနဂါမိနီ ဝိပဿနာက သုညတာနုပဿနာဖြစ်လျှင် ဖိုလ်သည် လည်း သုညတ ဝိမောက္ခ အမည်သစ်ကိုရ၏၊ မူလမဂ္ဂ ဝိထိတုံက ဖိုလ်စိတ်သည် ဘာအမည်ရခဲ့ရခဲ့ ဝိပဿနာနှင့်လိုက်အောင် နောက် အမည်သစ်မှည့်လေ၊ မဂ္ဂဝိထိတုံးက ဖိုလ်သည် မဂ္ဂနှင့်အမည်တူ၏၊ ဖလသမပာ တ္တိ၌ကား ဖိုလ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာက ရှုအပ် သောအတိုင်းအမည်ရလေသည်၊

**ဥပမာ**။ ။ သူကြီး၏ မယားသည် သူကြီး၏ လက်တွင်း မှာသာ သူကြီးနှင့် စပ်ခါ သူကြီးကတော် အမည် ရခဲ့သော်လည်း မြို့ပိုင်မင်းက ဆောင်ကြာ နှင်းသောအခါ မင်းကတော် ဟူသော ဘွဲ့မည် အသစ် ရသကဲ့သို့တည်း။

**အာလမ္ဗဏဝသေန**–အာရုံနှင့်စပ်၍ အမည်ရပုံမှာ–မဂ်ဖိုလ်တရားများသည် နိဗ္ဗာန်ကို အာရုံ ပြုကြသဖြင့် အာရုံပြုရာ နိဗ္ဗာန်၏ အမည်အတိုင်း သုညတ အနိမိတ္တ အပ္ပဏိဟိတ အမည် ၃–မျိုးကို တစည်းတလုံးထည်း ရကြသည်။

**သ–ရသဝသေန**။ ။မဂ်ဖိုလ်တို့သည် အတ္တမှလည်း ဆိတ်သုဉ်းကုန်၏၊ ဝိပလ္လာသ နိမိတ်မှလည်း ကင်းကုန်၏၊ တဏှာ တောင့်တမှုမှလည်း ကင်းကုန်၏၊ ဝါ–တဏှာ၏ စားကျက် မှလည်း လွတ်ကုန်၏၊ ထို့ကြောင့် သုညတ အနိမိတ္တ အပ္ပဏိဟိတ နာမည်သုံးမျိုးကို သူ့ပင်ကိုယ် သဘာဝ သတ္တိ ဂုဏ်အလျောက် တပြိုင်တည်း ရလေသည်၊ အထူးမှာ ဝိပဿနာနှင့်စပ်၍ အမည်ရလျှင် အမည်တမျိုးစီသာရနိုင်၏၊ အာရုံအစွမ်း သတ္တိအစွမ်း နှင့်စပ်၍ အမည်ရလျှင် မဂ္ဂဝိထိမှာ ဖြစ်စေ ဖလသမာပတ္တိ ဝိထိ အခိုက်မှာ ဖြစ်စေ အားလုံးသော ပုဂ္ဂိုလ်များမှာ နာမည် ၃–ပါး ထူးမခြားနားပြီ၊တပြိုင်တည်း သုံးမည်ရကြ၏ ဟူလို။

**နာမတ္တယံ သဉ္ဇတ္တ သဒ္ဒေသံပိ သမမေဝ**

**ဝိမောက္ခ အပြား ပြီး၏**

---

## ပုဂ္ဂိုလ် အပြား

ဆက်ဦးအံ့–၍ မဂ် ၄–ပါး တို့တွင် သောတာပတ္တိမဂ်ကို ဖြစ်စေသည့် (ရ ရောက်သည်) ရှိသော် ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ပြီး (ကျန်အကုသိုလ် ၆–ပါး၏)အပါယ်သွားကြောင်း အပါယဂမနီယ သတ္တိကိုပယ်ပြီးဖြစ်၍ သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်လေသော၏။

**မှတ်သားရန်**။ ။သောတာပန္န၊ သောတ–အရိယာ မဂ်ဟူသောရေအယဉ်သို့၊အာပန္န–ရောက်ပြီးသူ၊အရိယာမဂ်ရေအယဉ်သို့ရောက်ပြီးသူသည် ရှေ့ကို တဖြည်းဖြည်း တိုးတက်စီးသွားခဲ့သော် နိဗ္ဗာန်ဟူသောသမုဒ္ဒရာသို့ ဝင်ဘို့ရန်သာ ရှိတော့သည်။

ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန–ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ပါး နှင့် ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁–ပါး ပေါင်း ၅–ပါးသော အကုသိုလ်ကို အကြွင်းမရှိ အမြစ် ပြတ်အောင် ပယ်အပ်၍၊ ပဟီနာ ပါယဂမန–ကျန်သောအကုသိုလ် ၆–ပါး၌ အပါယ်သို့လားရောက် ပစ်ချတတ်သော အပါယဂမနီယသတ္တိ အကြမ်းစားကို ပယ်အပ်ပြီးပြီ၊ အကြွင်းခဲ့တော့ မပယ်နိုင်သေး၊ ဥဒ္ဓစ္စသည် အပါယ်ကျိုးကို ပေးနိုင်လောက်အောင် အားမရှိလှ၍ ထို ဥဒ္ဓစ္စကိုမူ တို့ရုံတောင် မတို့သေးပေ၊ ထို့ကြောင့် ဋ္ဌ အကုသလကမ္မံ ဥဒ္ဓစ္စ ရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ–ဟု ဆိုခဲ့လေသည်။

**သတ္တက္ခတ္တုပရမ။** ။သတ္တက္ခတ္တု–ကာမဘုံ၌ ပဋိသန္ဓေ ၇–ကြိမ်၊ ပရမ–အလွန်ဆုံးနေသူ၊ ကာမဘုံမှာ ၇–ကြိမ် ပဋိသန္ဓေနေပြီး ရဟန္တာ ဖြစ်မည့် သောတာပန်။

**ဧကဗီဇီ။** ။ဧက–ကာမဘုံ၌ တကြိမ်သာ၊ ဗီဇီ–ပဋိသန္ဓေမျိုးစေ့ ရှိသူ၊ ကာမဘုံမှာ တကြိမ်သာ ပဋိသန္ဓေ နေပြီး ရဟန္တာ ဖြစ်မည့် သောတာပန်။

**ကောလံကောလ။** ။ကောလံ–အမျိုးကောင်း တမျိုးသို့၊ ကောလာ အမျိုးကောင်း တမျိုးမှ ကူးပြောင်းကာ၊ ကာမဘုံ၌ ၂–ကြိမ်မှ ၆–ကြိမ် အထိ ပဋိသန္ဓေ နေပြီး ရဟန္တာ ဖြစ်မည့် သောတာပန် ပုဂ္ဂိုလ်၊ သတ္တက္ခတ္တုပရမသည် ကာမဘုံမှာသာ ၇–ကြိမ် အများဆုံး ပဋိသန္ဓေ နေနိုင်ခွင့် ရှိသော်လည်း ဗြဟ္မာဘုံများ၌ကား ၇–ကြိမ်ထက်ပို၍ နေနိုင်သေးသည်၊ လူ့ပြည် ၇–ကြိမ် နတ်ပြည် ၇–ကြိမ် ဟူ၍လည်း ယူကြသေး၏။

သကဒါဂါမိ မဂ်ကို ပွါးစေသည် (ရသည်) ရှိသော် ရာဂ ဒေါသ မောဟ တို့ကို တနုကရ အားဖြင့် နည်းပါး ခေါင်းပါးအောင် ပြုသည် ဖြစ်၍ ဤ ကာမဘုံသို့တကြိမ်သာ ပဋိသန္ဓေ နေလာသောကြောင့် သကဒါဂါမိပုဂ္ဂိုလ် ဖြစ်တော့၏။

အနာဂါမိမဂ်ကို ပွါးစေသည့် (ရသည့်) ရှိသော် ကာမရာဂ ဗျာပါဒ တို့ကို အကြွင်းမဲ့ ပယ်အပ်ပြီး ဖြစ်၍ ဤကာမဘုံသို့ ပဋိသန္ဓေ တည်နေသော အားဖြင့် မလာတော့သောကြောင့် အနာဂါမိ ပုဂ္ဂိုလ် ဖြစ်တော့၏။

မှတ်သားရန်။ ။သကဒါ–တကြိမ်၊အာဂါမိ–ပဋိသန္ဓေ နေသော အားဖြင့် လာရောက်သူ၊ ကာမဘုံမှာ တကြိမ်သာ ပဋိသန္ဓေနေပြီး ရဟန္တာ ဖြစ်မည့်သူ၊ အာဂါမိ–ပြန်လာသူ ဆိုရာ၌ ဗြဟ္မာဘုံမှ ပြန်ဆင်းလာသူမဟုတ်၊ ကာမဘုံ အချင်းချင်းမှာ တကြိမ်သာ လှည့်၍ ပဋိသန္ဓေ ထပ်နေခွင့်ရှိသူ ဟုယူ။

ဖြဟ္မလောက ဂတာ ဟေဋ္ဌာ, အရိယာ နောပပဇ္ဇရေ။

တနု–ခေါင်းပါးအောင် နဲအောင်၊ ကရ–ပြုသည်၊ ရာဂ ဒေါသ မောဟ တို့ကို ခေါင်းပါး အားနဲရုံသာ ပြုသည်၊အကြွင်းမဲ့ အမြစ်ပြတ်အောင်ကား မပယ်နိုင်၊ အနာဂါမိ ပုဂ္ဂိုလ်မှာ ပဋိသန္ဓေ နေသော အားဖြင့် ကာမဘုံမှာ ဘယ်တော့မှ လာ၍ မနေတော့ပြီ၊ ပဝတ္တိ အခါ ဘုရားဖူး တရားနာတော့ လာကြသေး၏၊ အများအားဖြင့် လူ့ပြည်မှ စုတေသော အနာဂါမိများသည် သုဒ္ဓါဝါသ ဘုံသို့ ရောက်ကြရသည်၊ ကာမရာဂ ကိုသာ ပယ်နိုင်ပြီ၊ ရူပရာဂ အရူပရာဂ ရှိနေကြသေး၍ ရူပ အရူပ ဘုံများသို့ လားကြရသည်၊ ဩရမ္ဘာဂိယ သံယောဇဉ် ကိုသာ ပယ်နိုင်ကြသေးသည်။

**ကာမရာဂ ဗျာပါဒါနံ အနဝသေသ ပဟာန်**–ကာမဘုံ ကာမဂုဏ်၌ သာယာနှစ်သက်သောတဏှာနှင့် ဒေါသကို အကြွင်းမဲ့ အကုန်အစင် ပယ်ပြီးဖြစ်၍ အနာဂါမိ မှန်လျှင် ကာမဂုဏ် ခံစားခြင်း ဒေါသ ထွက်ခြင်း မရှိတော့ပြီ။

အရဟတ္တ မဂ်ကို ပွါးစေသည့် ( ရသည့် ) ရှိသော် ကိလေသာကို အကြွင်း အကျန် မရှိအောင် ပယ်ပြီးသော ကြောင့် အာသဝေါ ကုန်ပြီး၍ ဤ လောက၌ မြတ်သော အလှူခံ ပုဂ္ဂိုလ်ဖြစ်သော ရဟန္တာ ပုဂ္ဂိုလ် မည်တော့၏။

**မှတ်သားရန်။** ။အရဟာ-ကိလေသာတို့မှကင်းဝေးသောကြောင့် ရဟန္တာခေါ်၏၊ ထို အခါ အောက်မဂ်များဖြင့် မပယ်ရသေးသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး နှင့် ဥဒ္ဓစ္စကို အကြွင်းမဲ့ ပယ်သတ် တော်မူသည်။

**အဂ္ဂဒက္ခိဏေယျ။** ။အဂ္ဂ-အမြတ်ဆုံး၊ ဒက္ခိဏာ- အလှူကို၊ ဒေယျ- ခံထိုက်သူ အလှူခံပုဂ္ဂိုလ်အပေါင်းတို့တွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ဖြစ်သည်၊ သန့်ရှင်း စင်ကြယ်သော လယ်သာ မြေကောင်းနှင့် စိုက်အပ်သော ကောက်ပဲ သီးနှံသည် ကောင်းမွန်စွာ အောင်မြင် သကဲ့သို့ ကိလေသာ အညစ်အကြေး ကင်းဝေး စင်ကြယ်ပြီးသော ရဟန္တာ အရှင်မြတ်အား လှူအပ်သော အကျိုးသည် ကောင်းမွန် အထက်သန်ဆုံး အမြတ်ဆုံး ဖြစ်သည်။

ဒိဋ္ဌိ ဝိစိကိစ္ဆာကို သောတာပတ္တိ မဂ်ဖြင့် ပယ်သည်၊ ဥဒ္ဓစ္စကို အရဟတ္တ မဂ်ဖြင့် ပယ်သည်၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ပါးနှင့် ဒေါသမူဒွေးကို မူကား သောတာပတ္တိ မဂ်ဖြင့် အပါယဂမနီယ သဘောကို ပယ်သည်၊ သကဒါဂါမိ မဂ်ဖြင့် တနုကရ ခေါ်ပါးရုံ ပြုနိုင်သည်၊ အနာဂါမိ မဂ်ဖြင့် ဒေါသမူ ဒွေးကို အကြွင်းအကျန် မရှိအောင် ပယ်၏၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်ကို ကာမရာဂ သဘောမှသာ ပယ်သည်၊ အရဟတ္တ မဂ်ဖြင့် ရူပရာဂ အရူပရာဂ သဘောကို ပယ်သည်၊ ဝါ-ဘာမှ မကျန် အောင် ကိလေသာ အားလုံးကို ပြောင်သလင်းခါ ပယ်သည်။

---

## သမာပတ် အပြား

ဆက်ဦး အံ့-ဤပုဂ္ဂိုလ်တော်ဒွဲ ဖလသမာပတ် ဝင်စား နိုင်ပါသလော် အားလုံးသော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့မှာ (ယထာ သကံ ဖလသမာပတ္တိ) အသျှင်အသျှင် မိမိ၏ ဖိုလ်၏ အစွမ်း ဖြင့် ဆက်ဆံ ဝင်ကြရသည်သာတည်း။

အနာဂါမိ ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ် ၂-မျိုးသည် သာ နိရောဓ သမာပတ် ဝင်စားနိုင်ကြသည်။

**မှတ်သားရန်။** ။သံ-ကောင်းစွာ၊ အာပတ္တိ- ရောက်နေခြင်း၊ ရဟန်တရား ဗိုလ်ဘုရားနှင့် နိရောဓသဘောသို့ကောင်းစွာ ရောက်ရှိနေခြင်းကို ရဟန်သမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ် များကို ဝင်စားသည်ဟု ခေါ်သည်။ ဤ၌ ရဟန်ခန်းမပယ်တော်၍ ဖလသမာပတ်နှင့် နိရောဓသမာပတ် ၂-မျိုးကိုသာ ပြလိမ့်မည်။

**ဖလသမာပတ်။** ။ဖလ-ဖိုလ်စိတ်သို့၊ သံ-ကောင်းစွာ။ အာပတ္တိ- ရောက်ရှိနေခြင်း၊ ဖိုလ်စိတ်များ အစဉ်မပြတ် ထင်ရှားဖြစ်ပေါ် နေခြင်းကို ဖလသမာပတ်ခေါ်သည်၊ ထိုဖိုလ်စိတ်များဖြစ်၍ ချုပ်ပျောက်ရန်ဆိုင်း သွားခြင်းကို ဖလသမာပတ်မှ ထသည်ဟု ဆိုရသည်။

**ယထာသကဖလ။** ။ယထာသက-အသီးသီးအကြင် မိမိနှင့်၊ ဖလ-ဖိုလ်စိတ်၊ ဖလသမာပတ် ဝင်စားရာ အခါ သောတာပတ္တိ ဖလဋ္ဌာန် (သောတာပတ္တိ ဖိုလ်၌တည်သူ) ပုဂ္ဂိုလ်သည် သူပိုင် သောတာပတ္တိ ဖိုလ်ကိုသာ ဝင်စားနိုင်သည်၊ ဤသို့ ဖလဋ္ဌာန် ၄-ဦးသည် မိမိပိုင် ဖလသမာပတ်ကို အသီးအသီး ဝင်စားနိုင်ကြသည်။

**နိရောဓ သမာပတ်။** ။နိရောဓ-စိတ် စေတသိက် စိတ္တဇရုပ် ချုပ်ခြင်းသို့၊ သမာပတ္တိ-ကောင်းစွာ ရောက်ခြင်း၊ မိမိ အလိုရှိသော မျှ ကာလအတွင်း၌ စိတ်-စေတသိက် စိတ္တဇရုပ်များ ကင်းချုပ်နေခြင်းသည် နိရောဓ သမာပတ်ဝင်စားသည် မည်၏၊ ကမ္မဇ ဥတုဇ အာဟာရဇ ရုပ်များသာ နိရောဓ သမာပတ်အတွင်း၌ ဆက်လက်ဖြစ်နေသည်၊ နိရောဓ သမာပတ်ကို အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ် ၂-မျိုးသာ လက်တွေ့ ချမ်းသာ ခံစားခြင်း အကျိုးငှါ ဝင်စားနိုင်ကြသည်။

**အဘယ့်ကြောင့် ဤပုဂ္ဂိုလ် ၂-မျိုးသာ နိရောဓ သမာပတ်ကို ဝင်စားနိုင်သနည်း?**

ပတ်နန်းဂျင် အာရုံများကို နှလုံးမသွင်းဘဲ ပယ်ဖျောက်၍ စိတ် စေတသိက်များ ကင်းချုပ်အောင် လုပ်ငန်းကြီးတခုကို ဆောင်ရွက်ရာ၌ သမာဓိဗလ အင်အားကြီး ရှိသန့် အားကောင်းမှသာ ဖြစ်မြောက်နိုင်သည်၊ အနာဂါမ် ရဟန္တာများမှာ ကိလေသာမှ ကင်းဝေးကြ၍ သမာဓိမှာပင် အလွန်အားသန်သောကြောင့် နိရောဓ သမာပတ်ကို

ဝင်စားနိုင်ကြသည်၊ သောတာပန် သကဒါဂါမိများမှာ သမာဓိ မ[illegible] နှုံသေး၍ မဝင်စားနိုင်ကြကုန်၊

နိရောဓ သမာပတ် ဝင်စားရာအချိန် ။လူ့ပြည်၌ တမင်း အလိုက် ၇-ရက် ဖြစ်၍ ၇-ရက်သာ ဝင်စားနိုင်သည်၊ နတ်ပြည်၌ နတ်သမီး အလိုလျောက်သာ ဝင်စားနိုင်သည်၊ ရူပ ဗြဟ္မာများမှာ အဘော အဟာရ စားခြင်းကိစ္စ မရှိ၍ ကြာညောင်စွာ ဝင်စားနိုင်ကြသည်၊ အရူပဗြဟ္မာများမှာ အခြေခံ ရူပဈာန်များမရှိ၍ နိရောဓ သမာပတ်ကို လုံးဝ မဝင်စားနိုင်။

**တဏှ ယထာကမ္မံ**။ ။ထို နိရောဓ သမာပတ် ဝင်စားသောအခါ ပဌမဈာန်စသော မဟဂ္ဂုတ် သမာပတ်များကို အစဉ် အတိုင်း ဝင်စားကာ ထိုသမာပတ်မှ ထပြီးလျှင် ထိုသမာပတ်မှာ ပါရှိကုန်သော သင်္ခါရ တရားတို့ကို ထိုထိုသမာပတ်မှ ထပြီးသောအခါ အနိစ္စစသည်ဖြင့် ဝိပဿနာ ရှုလျက် အာကိဉ္စညာ ယတန ဈာန်တိုင်အောင် အစဉ်အတိုင်း ဝင်စားဝင်စားသွားပြီး ထိုသို့အာကိဉ္စညာ ယတန ဈာန်မှ ထနောက်၌ အဓိဋ္ဌာန်ခြင်း စသော ပုဗ္ဗကိစ္စ လေးပါးကို ပြုပြီးလျှင် နေဝသညာ နာသညာယတန ဈာန် စော ၂-ကြိမ် ဖြစ်ပြီးနောက်၌ စိတ်(စေတသိက် စိတ္တဇ ရုပ်) အစဉ်သည် ချုပ်သွားတော့၏၊ ထိုသို့ စိတ် စေတသိက် စိတ္တဇရုပ် အစဉ် ချုပ်ငြိမ်း သွားခြင်းသည်ပင် နိရောဓ သမာပတ် ဝင်စားသည် မည်တော့၏။

**ဆက်ဦးအံ့**။ ။နိရောဓ သမာပတ်မှ ထရာ အခါ၌ အနာဂါမိ ပုဂ္ဂိုလ်အား အနာဂါမိ ဖိုလ်စိတ်သည်၎င်း ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ် စိတ်သည်၎င်း

ဘကြိမ်သာ ဖြစ်ပြီးနောက် ဘဝင်ကျပြီးလျှင် (ဇောမှ ဝင်ကို ခင်ခြင်းဘက်သော ) ပစ္စဝေက္ခဏာဉာဏ် ပေါ်လာ၏၊

သမာပတ် အပြားပြီး၏

---

**နိရောဓ သမာပတ် ဝင်စားပုံ အစဉ်။** ။နိရောဓ သမာပတ် ဝင်စားလိုသော် မိမိရရှိသော မဟဂ္ဂုတ်အပွန် သမာပတ် ၈-ပါး၊ ၉-ပါး အနက် ရှေးဦးစွာ ပထမဈာန်ဟု ဝင်စားကာ ထို ဈာန်မှ ထပြီးနောက် ထိုပထမဈာန်၌ ပါဝင်သော စိတ် စေတသိက် တည်းဟူသော သင်္ခါရ တရား တမျိုးမျိုးကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ဝိပဿနာ ရှုရ၏၊ ထို့နောက် ဒုတိယဈာန် တတိယဈာန် စသဖြင့် အာကိဉ္စညာယတန ဈာန်တိုင်အောင် ဝင်စားလိုက်, ထလိုက်,ဆင်ခြင်သုံးသပ်လိုက် အားဖြင့် ပြုပြီးလျှင် နေဝသညာ နာသညာယတနဈာန်ကို မဝင်စားသေးဘဲ ပုဗ္ဗကိစ္စ ၄-ပါးကို ပြုပြီးနောက် နေဝသညာနာသညာယတနဈာန်ကို ၂-ကြိမ်ခန့်ဝင်စားပြီးရာ၌ဝင်အခါ၌ စိတ်စေတသိက် စိတ္တဇရုပ် အစဉ်ပြတ်ကာ နိရောဓသမာပတ် ဝင်စားခြင်းသို့ရောက်၏၊ ၎င်း စိတ်စေတသိက် စိတ္တဇရုပ်များသည် ၇ ရက် လအပိုင်းအခြားအတိုင်း တဖန်ပြန်၍ဖြစ်ပေါ်လာခြင်းသည် နိရောဓသမာပတ်မှ ထသည်မည်၏။

နိရောဓ သမာပတ် ပုဗ္ဗကိစ္စ ၄-ပါး

၁။ နာနာဗဒ္ဓ အဝိကောပန-စိတ်ရှိထားသော သက်နှမှတပါ၊ တခြား၌ထားအပ်သော သက်နှ သပိတ်ပ ကျောင်းသည်တို့ကို မီးစသော ရန်သူများ မဖျက်ဆီး နိုင်စေသတည်းဟု အဓိဋ္ဌာန်ခြင်း။

၂။ သံဃပဋိမာနန-သံဃာတော်များ အလို၍ချိန်၌ ထနိုင်ခြင်း၊

၃။ သတ္ထုပက္ကောသန-ဘုရား အလုံ၍သောအခါ ထနိုင်ခြင်း၊

၄။ အဒ္ဓါနပရိစ္ဆေဒ-ခုနှစ်ရက်တိုင်အောင် မိမိအသက်ရှည်နိုင် မရှည်နိုင်ဆင်ခြင်ခြင်း။

**ဝိုဋ္ဌာနကာလေ။** ။နိရောဓ သမာပတ်မှ အချိန် စေ့၍ ထသောအခါ စိတ် စေတသိက် စိတ္တဇရုပ်များ

တဖန်ပြန်၍ ဖြစ်ပေါ်လာပြန်သည့်၊ ဤသို့ စိတ်စေတသိက်တို့ ဝဲဖန်ဖြစ်သွားခြင်းဟု ဆိုအပ်သော နိဒါနဝသမာပတ်မှ ထထမြင်းငှာ အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမိ ဒိုသ်စိတ် ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ် ဝေကြံ့မိမိ ဖြစ်၍ ချုပ်ပြီး သောင်ကျွေတော့၏၊ ထို့နောင် မိမိနိုဗ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိ ဖြစ်၏။

ဝိပဿနာ ကမ္မဋ္ဌာန်း ပြီး၏

## ကမ္မဋ္ဌာန်းပိုင်း ပြီးပြီ

---

## ဥယျောဇဉ်

ဘာဝေတဗ္ဗံ ပနိစ္စေဝံ, ဘာဝနာ ဒွယ မုတ္တမံ၊
ပဋိပတ္တိ ရသဿာ ဒံ, ပတ္ထယန္တေန သာသနေ၊

ပန-ထိုက်တွန်းစကား ပြောကြားလိုက်ပ ဦးအံ့၊ သာသနေ-ကြွခဲ့လှစ့် မြတ်ဗုဒ္ဓသာသနာ၌၊ ပဋိပတ္တိရသဿ-သိမှတ်စရာ ပဋိပတ် အာသာ သယ ဘွယ်ကောင်း ရှာနိ မဂ်, ဖိုလ် တရားအပေါင်းကို၊ ပတ္ထယန္တေန- နှစ်သက်လိုလား အနှုံးသွားသည်၊ ဧပ်-ဤသို့ ဝိအပ်ခဲ့ပြီ သော အပိ အစဉ်အဖြာ၊ ဥတ္တမံ-ဘာသာ တကာ မယှဉ်သောအောင် အစဉ်အသာ တရား အားလုံးထက် အမြတ်ဆုံး ဖြစ်ပေသော၊ ဘာဝနာဒွယံ-သမထ,ဝိပဿနာ,ဘာဝနာတရား ၂ပါးအပေါင်းကို၊ ဘာဝေတဗ္ဗံ- နေ့ညဉ့် မယုတ် လွန်စွာ အားထုတ်ထိုက်ပါပေသတည်း။

၁၃၁၃-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော်
၁၂=ရက် သောကြာနေ့ ပြီးသည်။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

# လယ်တီ ဆရာတော်

### ၏

### ပဋိစ္စသမုပ္ပါဒ်လင်္ကာ

## အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

၁။ ဗောဓိရတနာ ယာဉ်စကြာဖြင့် သဗ္ဗာလေးရပ် လေးကျွန်းပတ်သား နတ်ဝိသုဒ္ဓိ တုမရှိအား ကြွပါရ ရှိဦး ခလျက် ဘဝသုံးပါး ဟုန်းဟုန်းလားသည့် ရထားသံသရာ ယာဉ်စကြာ၏ ခြင်းရာထုတ် သမုပ္ပါဒ်ကို အဘပ်သိရန် နိဒါန်းပြန့်ပြိုး၊ ဒွမ္မန်လေးချက် သဘောနက်ကို ဖုံးဖွက်ကွယ်ကာ အဝိဇ္ဇာဟု မဟာဘဝမ မှောင်ကြီးကျလျက် ဘဝ မြုံသိုက် ရှိန်ရှိန်ထုက်သား အရှိက်မီးစာ ဤပစ္စည်းကို ထွယ်ဘာသမှ အကြောင်းရှု၍ အကုသလ ပေးသည့်စိုး အပြစ်မျိုးကို ကြိုးကြိုးပမ်းပမ်း ရှေ့စည်းယမ်းသည့် ပါယ် လမ်းဒီဃ အပုညနှင့် ဘဝနောင်ခါ သံသရာဝယ် လူ့ရွာ နက်ငြမ်း ပည့်ပမ်ညှမ်းကို ချမ်းသာအတိ အသင်ငြလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရှုံး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုဘုံငြားက ဆယ်ပါးပုည အာနေဥဟု ဘဝနှုံးရင်း ပွါးဘိုးညှင်းသည်။ ။ဝင်ပြင်းပြည်ပွင်-ရှည် သဘာဝည့်း။

## သင်္ခါရ ပစ္စယာ ဝိညာဏံ

၂။ ဝဋ်ခြင်းဝဋ်ဥယ် ရှည်ကြောင်းရှယ်သား ဆယ်ဖြာ ပုည အပုညနှင့် ဘဝနှုံးရင်း ပွါးတုံလျှင်းသော် လေးသင်း ပါယ်ရွာ အဖြာဖြာယျှင် ဖြပ္ပာလူနတ် ဘုံသုံးရပ်၌ ခေတ်

ပဓာန ပြဓာန်းလှသား ဒွါရသခင် ခြောက်ဝိညဉ်ဟု အရှင် ခေတ်မင်း ပေါ်တုံလျှင်း၍ ကိုယ်တွင်းကိုယ်ဖြင် ထွက်ဝင် ထံခါး အင်းခြောက်ပါး၌ အများ ရုပ်နာမ် အတန်တန်လျှင် ဝန်းရံ ဖြိုးဖြိုး အမျိုးမျိုးကို အုပ်မိုးဆောင်ရွက် လျှမ်းလျှမ်း တက်လျှင် ထက်မျက်ဘောဇာ သူ့ရှိန်ဝါကြောင့် ငါငါ သူသူ လူဘဲနတ်ဘဲ အထင်လွဲလျက် ငရဲအပါယ် အသွယ် သွယ်လျှင် ဝဋ်နွယ်ရှည်လျား တမားမားသည်။ ။ခြောက် ပါး ဝိညာဉ်-ရွမ်းရည်တည်း။

## ဝိညာဏ ပစ္စယာ နာမရူပံ

၃။ ခြောက်ပါးဝိညာဉ် စွမ်းရည်အင်ကြောင့် မီးတွင် ရှိန်ဝါ ထက်ကြွင်ပါသို့ မကွာတျူကွ ဖြစ်ပေါ်ကြသား ဖဿဝေဒနာ စေတနာနှင့် သညာဝိတက် ရောင်စုံရှက်သည် အမျက်ကြောင်ဝယ် ကြုံးစုံသွယ်သို့ အသွယ်အသွယ် အနွယ်နွယ်လျှင် ဆန်းကြယ်စွာလှ နာမ်ကာယနှင့် ဘူတဟူပေ မြေ,ရေ,လေ,မီး ခေတ်ကြီးလေးတန် အခမာခံလျက် အရံ ရုပ်သေး နှစ်ဆဲ့လေးတည့် ပေါင်းထွေး မျှညီ အဌဝိသ ရုပ်ကာယဟု နာမရူပ ဓမ္မအပြား ဤနှစ်ပါးလည်း ထင်ရှား စုံစွာ ပေါ်တုံလာ၍ နာနာကာယ အနန္တလျှင် ရူပရုပ်ဟန်း သဏ္ဍာန်အမူ ခေတ်မတူသည့် လူ ရောင့်ရဲ နတ်အထွေထွေ ရေမျိုး ကုန်းမျိုး ကောင်းဆိုး ယုတ်ညံ့ အကန့်ကန့်လျှင် ခြားသန့်ပေါ်ယယ် သောသောကြွယ်သည်။ ။နှစ်သွယ် နာမ်ရုပ်-စွမ်းရည်တည်း။

## နာမ ရူပ ပစ္စယာ သဠာယတနံ

၄။ ထင်ရှားစေ့ရုံ အပုံပုံလျှင် တည့်တံ့နှမ်ရုပ် ကိုယ် သမုဟ်သား အဆုတ်အထယ် ကြီးငယ်ကာယ ပေါ်ဖြန် ကလည်း နဂါရတွင်မည့် ဖိဘ်ဖိဘ်လည့်သည် အကြည် ခြောက်မျိုး ကိုယ်လုံးပြိုးလျှော် အရိုးစိမည် အမြင်စကျူ ကြွားမှုသောဘာ ဃာနအနံ့ လျှက်ရန်ဇိဝှာ ကာယာဖွေ့ထိ အသိမနော မရောမရှက် တလက်လက်လျှင် အမျက်ဂန် ရည် လဲ့လဲ့ကြည်သို့ ခြောက်မည့်အာရုံ အလုံးစုံလည်း ပုံသဏ္ဌာန်ရိပ် နှိပ်ကာ အသွင် အကုန်ထင်၍ ဤရှင်ဤလူ ဤမှ နေလ ရူပသဏ္ဌာန် အသံအမျိုး အနိုးလှိုင်ပျံ့ ရနံ့ထိုထို အချိုအချဉ် ဤသျှင် အပူ ဤမှအအေး အတွေးအသိ ပြည့်စုံဘိ၍ ငါ၏ဤ ကိုယ် ငါမင်းမျိုးဟု အဆိုအထင် အမြင် မှောက်မှား စိတ်နေကြွားဘို့ ထံခါး ခြောက်သင်း ကိုယ်ယုံး လင်းသည်။ ။ခြောက်စင်း ခေါ်တ်နှန်-ဗွမ်းရည်တည်း။

## သဠာယတနာ ပစ္စယာ ဖဿော

၅။ ခေတ်မှန်အကြည် ခြောက်မျိုးတည့်က ခြေဆံမည့် အာရုံ အလုံးစုံလည်း ပုံသဏ္ဌာန်ရိပ် နိမိတ်အသွင် ကိုယ် လုံးထင်လျက် ဝိညာဉ်ခြောက်ဆင့် ဖွါးဖွါးပွင့်က နှိုင်းသင့် တူမျှ ပမပြမှု သိကြားစက်ရှိန် လက်လက်ထိန်သား ရေဖိန်သွား ရှပ်ရှပ်ပါးသို့ ခြောက်ပါးဖဿ ဖြန့်ဖြန့်ထ၍ ရသခြေမည့် အာရုံရည်ကို ကြွာနည်းသားအား ဖွေ့ထိ ငြားက ဤကားရုဏ္ဍ အနိဋ္ဌနှင့် ဤမျှမကောင်း ဤမျှကောင်း ဟု အကြောင်းသွေးဆော အရေးပေါ်လျက် ခြောက်ဘော်

အာရုံ ရသဂုဏ်တို့ အကုန်ပေါ်ထွက် ရွှန်းရွှန်းဘက်၍ မက်ဘွယ်မှန်းဘွယ် အနှုန်းခြယ်သည်။ ။ခြောက်သွယ် ဖဿ-စွမ်းရည်တည်း။

## ဖဿ ပစ္စယာ ဝေဒနာ

၆။ ဖဿခြောက်ပြည် သူ့စွမ်းရည်ဖြင့် ကြိဘ်နည့် သောအား စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ မြှဲမြှဲ တုန်လျက် ခြောက်ဝံ့ရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည် ဓိးဓိး ယိုထွက်စီးသော် ဝဘ်သီးခြောက်ဖြာ ဝေဒနာဟု ထွေလာ အထူး ထွက်ပေါ်မြူး၍ ခြောက်ဦး ရွှန်းစည် အာဝုံရည်ကို မည်မည်ရရ ခံစံကြဲမှ သုဘ သုဘာ သာ မသာနှင့် ထွေလာများတောင်း ကောင်းမကောင်းလည်း ထောင်းထောင်းငေါ်ငေါ် သိထင်ပေါ်၍ ကောင်းသော် စိတ်ဝမ်း ဖြိုဘ်ဖိဘ်လျှမ်းလျှင် ရွှင်လန်းနှလုံး ဖွင့်ဖွင့်ပြုံး၏၊ မုန်းဘွယ်တွေ့က ခြောက်သွေ့နွမ်းညှိုး နှလုံးဆိုး၍ အနိဋ္ဌ လူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရွှင်မလန်း ဗိတ်ကုန် ခမ်း၏၊ ချမ်းသာသုခ တရမျှ၌ လောကအထုံ အကုန်စု၏၊ ပုပုရှုရှု မြင်သမျှလည်း သုခတို့ချည်း လုံ့လသည်း၏၊ အရေးသူမြဲဘ် ပရမတ်ကို ချန်လှပ်ထား၍ အများလောက ရှိသမျှကို ဒုက္ခပွါးမှ များစွာပြုသည်။ ။သုခ ဝေဒနာ စွမ်းရည်တည်း။

## ဝေဒနာ ပစ္စယာ တဏှာ

၇။ သုခဝေဒနာ စွမ်းရည်ဖြာသည် ရသာမြိန်ရွှမ်း အစိမ့်မွန်းက သွန်းသွန်းဆူကြွ ထိုသုခ၌ ပိယဟူသား

အချစ်ပွါး၍ ခြောက်ပါးဝေဒနာ မြိန်ရှက်စွာကို လွယ်ကာ မနှေး လိုတိုင်းပေးသည့် သေဒ္ဒေးရာဇနာ ပဉ္စ၊ အလား ကြင်မယားနှင့် ဝတ်စားရွှေငွေ လယ်မြေလုပ်ခင်း ထမင်း ဘောဇဉ် သဘင်ပွဲလမ်း အခန်းခန်းတည့် ပန်းမျိုးနံ့သာ အဖြာဖြာလျှင် ရူပါရမ္မဏာ စသည့်အပုံ ပဉ္စာရုံနှင့် ခြံစုံ ဖသ စက္ခုစသား ဒွါရခြောက်မည့် အကြည့်အလင်း ကိုယ်တွင်း ဓာတ်နှံ့ အစုစုသျှင် ဗဟုဘေဒါ များပြားစွာသည် မွေ့ရမ္မဏာ ကာမဝတ္ထု အစုအပုံ ခြောက်အာရုံ၌ ခံတ ဖင်မင် ခင်တမျှားမျှား နေ့စဉ်ပွါး၍ တရားအချက် သဘောနက်ကို အိမ်မက် တွင်မျှ မမြင် ကြဘဲ ကာမ ထောင်တွင်း ခန္ဓာကင်းသည်။ ။ခြောက်သင်း တဏှာ–စွမ်းရည့်တည်း။

## တဏှာ ပစ္စယာ ဥပါဒါနံ

၈။ တဏှာခြောက်မည့် အရင်းတည်လျက် အရှည်များလျှင်း အစဉ်ပွါးက လေးပါးအမှန် ဥပါဒါန်လည်း ခန္ဓကာယ အနုဿယနှင့် ကာမအာရုံ အလုံစုံ၌ အကုန်မှိုးရင်း အစွဲပြင်း၏ အသင်းပွါးများ သားမယားက စသည် ဖြာဖြာ ဆုံးရာသား ကာမဝတ္ထု ငုံလမ်းပြုသည့် ကာမုပါဒါန် ကဘန်ထိုပြင် မိစ္ဆာညာဉ်ဖြင့် အမြင်ယွင်းဖေါက် အယူမှောက်သည့် ၆၂–ပါး ပြားသည်ဒိဋ္ဌိ တင်ထိုမှ ဂေါသီလကို ဝန်မှသုတ်တာ ဂွဲထင်မှတ်သည့် သီလဗ္ဗတုပါဒါန် ခန္ဓာငါးပါး တရားအစု ဓာတ်အနုကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သည့် အတ္တဝါဒုပါဒါန် အသန်အပြင်း အစွဲဘင်း၍ ဝဋ်ခင်းဝဋ်နယ် ဝဋ်ပင်လယ်မှ လွတ်ဘွယ်မအား တမားမားသည်။ ။လေးပါးဥပါဒါန်–စွမ်းရည်တည်း။

## ဥပါဒါန ပစ္စယာ ဘဝေါ

၉။ စွမ်းရည်ပြင်းထန် ဥပါဒါန်ဖြင့် ခန္ဓာဓမ္မ ကိုယ်ကာယ၌ အတ္တအစွဲ မြဲကြီးမြဲ၍ ရဲရဲရက်ရက် ကိုယ့်အတွက်ကြောင့် သက်သက်ရိုးမှ စည်ပုံလျက် အကုသလ ကာမဆယ်တန် အပြင်လျှံ၍ ဟုဘန်နှောက်နှောင်း ငါလျှင်ကောင်းမှ အကြောင်းရည်ရွေ အရှည်မြော်လျက် သူတော်လေလေ့ ရသေ့ရဟန်း လှူဒါန်းဝေဌ ပဥ္စင်နှင့် အခွဲ့အင်္ဂါ ဒသင်္ဂါတည့် လေးလီပြုပွ ဝိဟာရဈာန် ဆယ်တန်ကသိုဏ်း အလင်းများစွာ ဘာဝနာဟု ဆယ်ဖြာပုည ကုသလကို လုံ့လကြိုးစား ကောင်းကြိုးပွါး၍ နှစ်ပါး ကုသိုလ် အကုသိုလ်ဟု ထိုထိုဘဝဖြစ်သမျှ၌ ဗီဇပြည့်ဖြိုး အမျိုးမျိုးကြောင့် အကျိုးတရား အရှည်ပွါးသည်။ ။ နှစ်ပါးဘဝ-စွမ်းရည်တည်း။

## ဘဝ ပစ္စယာ ဇာတိ

၁၀။ ဘဝစွမ်းရည် ကံနှစ်ထွေကြောင့် သမ္ဘဝသဏ္ဍာ သဏ္ဍာပါတို့ ဖြစ်ရာဘဝ် ဆုံဖြန့်ကာလျှင် ဇာတိစတု ငါးခုခန္ဓာ ကံချရာ၌ ဓမ္မာဘဝစ် သစ်ဘလဲလဲ အနှံ့နှံ့လျှင် ဖြစ်မြဲဇာတိ သန္ဓေငြိမ်၍ ပြဲဘုံပြင် နယ်တခွင်၌ အစဉ်ပြည့်ပွား အစားစားလျှင် မားမားမာမတ် ဇာတ်အမျိုးမျိုး တန်ခိုးတင်းတိမ် ဂုဏ်သိမ်နိမ့်မြင့် အကျင့်ဆိုးကောင်း အပေါင်းများစွာ သဏ္ဍာပါဟု နာနာကာယ ဖြစ်ပြန်ကြသည်။ ။လေးပဇာတိ စွမ်းရည်တည်း။

## ဇာတိပစ္စယာ ဇရာမရဏ

၁၁။ သန္ဓေဇာတိ ပ-ဘန်ငြိ၍ ဖြဲ့ဘုံသူ အဆူဆူသျှင် လူလူနတ်နတ် အရပ်ရပ်တည့်၊ မတ်မောက်မားမား ဖြစ်ပြန် ပြားသော် သုံးပါးအရွယ် အလယ်အဆုံး ဦးမြဲထုံးဖြင့် အနှုန်း စည်းဝိ သန္ဓေမျိုးက နာရီပြည့်သင့် အဆင့်ဆင့်လျှင် ရင့်မြဲ ရော်မြဲ တသဲသဲတည့် မစဲနေ့ည ကချုချလျှင် မပေ သဏ္ဍတိ အင်္ဂါဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် ခဲနှင်၏ လေးအင်သေမှု တခုခုလည်း ဗဟုအန္တရာယ် အသွယ်သွယ် နှင့် နိုးနွယ်ရိုးစည်း တလုံးကည်းလျှင် ကြီးကြီးငယ်ငယ် အရွယ်မယောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်း သာသည်။ ။ဇရာမရဏ-ပွမ်းရည့်တည်း။

## သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ

၁၂။ သန္ဓေဇာတိ ခန္ဓာရှိက ဉာတိဘောဂ စသည့် သင်းပင်း ဘေးကွင်းခြင်းနှင့် မကောင်းစသော ကြုံကြိုက် လာသော် ပူဆာသောက ယူတင်ပိုကြွေး သက်မွေးဝန်ထမ်း ပူချမ်းဒုက္ခ အနိဋ္ဌကြောင့် စိတ်ကမကြည် မဆည်ငင်ရှိုက် အလိုက်အသွဲ့ ဆင်းရဲငါးပါး အကျဉ်းအားတည့် ကျယ် ပွားအနှံ့ ဖွေ့ကြုံရသည်။ ။မူလဇာတိ-အနှုန်းတည်း။

## ဝေမေတသ ကောဝလသ ဒုက္ခက္ခန္ဓသ
## သမုဒယော ဟောတိ

၁၃။ ဝဋ်သံသရာ ရှည်မြင့်သည်၌ သူငါကာ ဖြစ်သမျှကား သတ္တဝါမှတ် ခေတ်မှန်ထုတ်သော နာမ်ရုပ်နှစ်သင်း အမြင်လင်းလော့၊ အရင်းဒုက္ခဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကြသည်၊ မွေ့အပြား ၁၂-ပါးကို ဤကားလှုပင် ဤလျှင်နဘ်ဘဲ အထင်လွဲလုက် တပဲလည်လည် ငရဲဥယ စဉ်၏၊ ရှည်လေသမျှ အနန္တကား သုခဟူသည့် မြူမျှ မကြွက် အဆက်ဆက်သျှင် သက်သက်ဒုက္ခ ခေတ်မှန် ရသည်၊ ။ဘာသာ၍ကိုယ်-ဖြစ်ထုံးတည်း။ ၊

ပဋိစ္စသမုပ္ပါဒ် လင်္ကာ ၁၃-ပုဒ် ပြီး၏

---

ယထာ ပုပ္ဖုဠကံ ပဿေ, ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ မဝေက္ခန္တံ, မစ္စုရာဇာ န ပဿတိ။

ပုဖ္ဖုဠကံ၊ ရေပွက်ကို၊ ပဿေယထာ၊ ရှုသကဲ့သို့ရင်း၊ မရီစိကံ၊ တံလျှပ်ကို၊ ပဿေယထာ၊ ရှုသကဲ့သို့ရင်း၊ ဧဝံ၊ ဤအတူ၊ လောကံ၊ မိမိခန္ဓာကိုယ်, သူတပါး ခန္ဓာကိုယ် တည်းဟူသော လောကကို၊ အဝေက္ခန္တံ၊ ပေ့ပေ့ရှုရှု မြင်၍ နေသောသူကို၊ မစ္စုရာဇာ၊ သေမင်းသည်၊ နပဿတိ၊ မမြင်နိုင်။

# ပဋ္ဌာန်း ၂—ချက်စု

၁။ ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် အားဖြင့် ၂-ပါး အပြား ရှိ၏၊ ထို ၂—ပါးတို့တွင်

(က) လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဤ ဟိတ်ခြောက်ပါး တရားတို့သည် ဟေတု ပစ္စည်း တပ်သော တရားမည်ကုန်၏။

(ခ) သဟိတ်စိတ် ဧကသတ္တတိ, မောဟမူ ဒွေ၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏၊

၂။ အာရမ္မဏ ပစ္စယော၌....ထို ၂—ပါး တို့တွင်

(က) ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ကာလ ဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ် ဤ အာရုံ ၆-ပါး တရားတို့သည် အာရမ္မဏပစ္စည်း တပ်သော တရား မည်ကုန်၏။

(ခ) စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ဤတရားတို့သည် အာရမ္မဏ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်၏။

၃။ အဓိပတိပစ္စယော၌....အဓိပတိသည် အာရမ္မဏာ ဓိပတိ သဟဇာတာ ဓိပတိအားဖြင့် ၂—ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် အာရမ္မဏာဓိပတိ၌ သရုပ်

တို့သည် ပစ္စည်း ပစ္စယုပ္ပန် အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင်

၁။ (က) အလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဈာန ဖြစ်သော နိပ္ဖန္နရုပ် အဇ္ဈတ္တရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်(စိတ် ၅-လုံး) ကြဉ်သော စိတ် ၈၄-ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် သတ္တ ဝဇ္ဇာလီသ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ဤ အာရုံ ၆-ပါး တရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း တပ်သော တရား မည်ကုန်၏၊

(ခ) အလေး အမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု, မဟာ ကုသိုလ်စိတ် ၈-ခု, မဟာ ကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄-ခု, လောကုတ္တရာ ၈-ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာ ကြဉ်သော စေတသိက် ပဉ္စဝဇ္ဇာလီသ ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

၂။ (က) သဟဇာတာဓိပတိ၌ သချပ်တို့သည် ပစ္စည်း ပစ္စယုပ္ပန် အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင်-အဓိပတိ တပ်ခိုက် တပ်နေ မောဟမူဒွေ ဟသိတုပ္ပါဒ်ဇော ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၌ ရှိသော ဆန္ဒ ဝီရိယ ဝီမံသ သာဓိပတိဇော ၅၂-ခု ဟု ဆိုအပ်သော စိတ် အားဖြင့် အဓိပတိ တရားကိုယ် ၃-ပါး ၄-ပါး တို့တွင် တပါးပါး ဤ တရားတို့သည် သဟဇာတာဓိပတိ ပစ္စည်း တပ်သော တရား မည်ကုန်၏၊

(ခ) အဓိပတိ တစ်ခုကို တစ်နေ့ အဓိပတိတရားကိုယ် ကြည့်အပ်သော သာဓိပတိဇော ၅၂-ခု, ဝိပါက်ရှ ၁ ကြည့် သော စေတသိက် ငါးပညာသ, သာဓိပတိ စိတ္တဇရုပ် ၌ တရားတို့သည် သဟဇာတာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၃။ အနန္တရ ပစ္စယော၌.... ၂-ပါး အပြားရှိ၏ ထိုတွင်—

(က) ရဟန္တာတို့၏ စုတိ ကြည့်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ငါးပညာသ ၌တရားတို့သည် အနန္တရ ပစ္စည်း ဖြစ်သော တရားမည်ကုန်၏၊

(ခ) ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ငါးပညာသ ၌ တရားတို့သည် အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

၅။ သမနန္တရ ပစ္စည်းသည် အနန္တရနှင့် တူ၏။

၆။ သဟဇာတ ပစ္စယော၌.......ထို ၂-ပါးတို့တွင်

(က) အချင်းချင်း အားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အားရင်း အလုံးစုံသော စိတ် တခုယုတ် ကိုးဆယ် စေတသိက် ငါးပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး အချင်းချင်းအားရင်း ဥပါဒါ ရုပ်အားရင်း ဖြစ်သော စိတ္တဇ ပဋိသန္ဓေ ကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိ ကမ္မဇ အားဖြင့် အလုံးစုံသော မဟာဘုတ် ၄-ပါး, ပဉ္စဝေါကာရ

ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဟဒယာဝတ္ထု၊ ဟဒယ ဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဤ တရားတို့သည် သဟဇာတ ပစ္စည်း တပ်သော တရား မည်ကုန်၏။

( ခ ) အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တရုယုတ် ကိုးဆယ်, စေတသိက် ငါးပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, အချင်းချင်းမှ ထောက်အပ်သော ဥပါဒါရုပ် နှင့် တကွ အလုံးစုံသော မဟာဘုတ် ၄-ပါး, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၇။ အညမည ပစ္စယော၌........ ထို ၂-ပါး တို့တွင်

(က) အချင်းချင်းအား တပ်သော အလုံးစုံသော စိတ် တရုယုတ် ကိုးဆယ်, စေတသိက် ငါးပညာသ, ပဝတ္တိ ပဋိ သန္ဓေ နာမက္ခန္ဓာ ၄-ပါး, အချင်းချင်း အား တပ်သော ပထဝီ ပဋိသန္ဓေ ကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ် ကမ္မဇ ပဝတ္တိ ကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ် ၄-ပါး, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ အား တပ်သော ဟဒယာဝတ္ထု၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဤ တရား တို့သည် အညမည ပစ္စည်းတပ်သော တရား မည်ကုန်၏။

( ခ ) အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ် တရုယုတ် ကိုးဆယ်, စေတသိက် ငါးပညာသ ပဝတ္တိ

ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, အချင်းချင်းမှ ထောက်အပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇ အားဖြင့် အလုံးစုံသော မဟာဘုတ် ၄-ပါး, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု ဤတရားတို့သည် အညမည ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၈။ နိဿယပစ္စယော...... နိဿယပစ္စည်းသည် သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတနိဿယအားဖြင့် ၂-ပါး အပြား ရှိ၏၊ ထိုတွင်
၁။ သဟဇာတနိဿယသည် သဟဇာတပစ္စည်းနှင့် တူ၏၊
၂။ ဝတ္ထုပုရေဇာတနိဿယ၌...ထို ၂-ပါး တို့တွင်
(က) ပဝတ္တိအခါ ဆဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းအပ်သော တရား မည်ကုန်၏။

တနည်းကား—ပဝတ္တိအခါ မန္ဒာယုက အမန္ဒာယုက မဇ္ဈါယုက အားဖြင့် သုံးပါးသော ဝတ္ထုဝတ္ထု တို့တွင် မဇ္ဈါယုကဖြစ်၍ ရှေးဦးအစ အတိတ်ဘဝင် တချက်လွန် နှင့် ဥပါဒ် ပြိုင်သော စက္ခုဝတ္ထု...သောတဝတ္ထု ... ဃာနဝတ္ထု....ဇိဝှါဝတ္ထု.... ကာယဝတ္ထု၊ ပဋိသန္ဓေ စသော ရှေးရှေးသော စိတ် နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓ သမာပတ်မှ ထသော အခါ ရှေး [illegible] ဘချက်ခန့် ကာလ၌ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န အခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တဆဲ့ခုနစ်

ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟာဒယဝတ္ထု ၏ တရား တို့သည် ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်း တပ်သော တရား မည်ကုန်၏။

၃။ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ၌....တို့တွင်
(က) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည့်ရှိသော် တဆဲ့ခုနှစ်ချက် မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟာဒယ ဝတ္ထုသည် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်း တပ်သော တရားမည်၏။
(ခ) မရဏာသန္န အခါ မနောဒွါရာဝဇ္ဇန်း, ကာမဇော တခုယုတ် ၃၀, တဒါရုံ ဧကာဒသ, အဘိညာဏ် နှစ်း, ဒေါ ဣ မ ကု ဝိ အပ္ပမညာ ကြဉ်သော စေတသိက် ဝတု ဝတ္ထာသီသ ၏ တရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၄။ ဥပနိဿယ ပစ္စယော၌.......ဥပနိဿယသည်— အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယ အားဖြင့် သုံးပါး အပြားရှိ၏ ထို သုံးပါးတို့တွင်—
၁။အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိ နှင့် တူ၏၊
၂။အနန္တရူပ နိဿယသည် အနန္တရနှင့် တူ၏၊
၃။ပကတူပ နိဿယ၌....ထို ၂-ပါးတို့တွင်—
(က) ဗလဝ ဖြစ်သော ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ပစ္စည်း ထိုက်သော အချို့သော ပညတ် ၏ တရား တို့သည် ပကတူပနိဿယ ပစ္စည်း တပ်သော တရား မည်၏၊

(ခ) ပစ္စုပ္ပန် ဖြစ်သော စိတ်တာခယုတ် ကိုးဆယ် စေတသိက် ရွေ့ပညာသ ၏ တရားတို့သည် ပစ္စယုပ္ပန် ဖြစ်သောတရားမည်၏။

၁၁။ ပုရေဇာတ ပစ္စယော၌........ပုရေဇာတသည်-ဝတ္ထု ပုရေဇာတ ဝတ္ထာရမ္မဏ ပုရေဇာတ အာရမ္မဏ ပုရေဇာတ အားဖြင့် ၃-ပါး အပြား ရှိ၏

ထို သုံးပါး တို့တွင်—

၁။ ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့်

၂။ ဝတ္ထာရမ္မဏ ပုရေဇာတ သည် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ နှင့် တူ၏။

၃။ (က) အာရမ္မဏ ပုရေဇာတ၌....ထို ၂-ပါးတို့တွင်-ပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသတို့သည် အာရမ္မဏ ပုရေဇာတ ပစ္စည်း တပ်သော တရား မည်၏။

(ခ) ပဉ္စဒွါရဝီထိ ၌ ဖြစ်ရိုက် ဖြစ်နေ ကာမစိတ် စတုပညာသ, အဘိညာဏ်ဒွေး, အဝှမည္ဘာ ကြည်သော စေတသိက် ပညာသတို့သည် အာရမ္မဏပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

၁၁။ ပစ္ဆာဇာတ ပစ္စယော၌....ထို ၂-ပါးတို့တွင်

(က) ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်ရိုက် ဖြစ်နေ အရူပဝိပါက် ၄-ခု ကြဉ်သော ပဋိသန္ဓေ ဘဝင် အစရှိသော နောက်နောက်သော စိတ် ၈၅—ခု,စေတသိက် ရွေ့ပညာသ တို့သည်ပစ္ဆာဇာတ ပစ္စည်း တပ်သော တရားမည်၏။

(ခ) ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၌ ရုပ်၏ ဌီသို့ ရောက်သော ဧကဇ ကာယ

ဒွိဟေတုက၊ တိဟေတုက၊ စတုဟေတုက(ရုပ်အပေါင်း)သည် ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်၏။

၁၂။ အာသေဝန ပစ္စယော၌... ထို ၃-ပါးတို့တွင်
(က) အဆုံးဇော မဂ်ဇော ဖိုလ်ဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တုစတ္တာလီသ, စေတသိက် နွေပညာသ သည် အာသေဝန ပစ္စည်း တပ်သော တရား မည်၏၊

(ခ) ပဌမဇော ဖိုလ်ဇောကြဉ်သော နောက်နောက် သော ဇော ၆ ကပညာသ စေတသိက် နွေပညာသသည် အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်၏။

၁၃။ ကမ္မပစ္စယော၌........ကမ္မပစ္စည်း သည်— သဟဇာတကမ္မ, နာနက္ခဏိက ကမ္မ အားဖြင့် ၂-ပါး အပြား ရှိ၏၊ ထို ၂—ပါးတို့တွင်—
၁။ (က) သဟဇာတကမ္မ၌........ထို ၂—ပါး တို့တွင် တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ တခုယုတ် ကိုးဆယ်သည် သဟဇာတ ပစ္စည်း တပ်သော တရား မည်၏၊

(ခ) စိတ်တခုယုတ် ကိုးဆယ် စေတနာ ကြဉ်သော စေတသိက် ၆ ကပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇ ရုပ် ဤ တရား တို့သည် သဟဇာတကမ္မ ပစ္စည်း၏ ပစ္စ ယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။
၂။ (က) နာနက္ခဏိက ကမ္မ၌.......ထို ၂-ပါးတို့တွင်— အတိတ် ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ သုံးဆဲ့

သုံးခုသည့် နာနက္ခဏိက ကမ္မပစ္စည်း ဟပ်သော တရား မည်၏။

(ခ) ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ, ပဋိသန္ဓေ ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ် ဤတရား တို့သည် နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်၏။

၁၄။ ဝိပါကပစ္စယော၌...တို ၂-ပါးတို့တွင်

(က) အချင်းချင်းအားရင်း အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားရင်း ဟပ်သော ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ ဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးသည် ဝိပါကပစ္စည်း ဟပ်သော တရား မည်၏။

(ခ) အချင်းချင်း၌ ဆောက်အပ်သော ဝိပါက် စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး,ထိုဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟ ဖြစ်အပ်သော ဝိညာဏ်ခွေး ကြည့်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့သည် ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်၏။

၁၅။ အာဟာရပစ္စယော၌ အာဟာရသည် ရုပ် အာဟာရ နာမ်အာဟာရအားဖြင့် ၂—ပါး အပြား ရှိ၏။ ထိုတွင်—

၁။ (က) ရုပ်အာဟာရ၌-တို ၂-ပါးတို့တွင် ကဗဠီ ကာရ ဟာရဟု ဆိုအပ်သော ဆွမ်းခဲဘွယ် ဘောဇဉ်၌

တည်သော ဗဟိဒ္ဓ ဩဇာသည် ရုပ် အာဟာရပစ္စည်း တပ်သော တရားမည်၏။

(ခ) အာဟာရ သမုဋ္ဌာနိက ရုပ်သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရား မည်၏။

(က) တနည်း-အဇ္ဈတ္တ သန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓ သန္တာန်၌ ရှိသော ဥတုဇ ဩဇာသည် ရုပ်အာဟာရပစ္စည်းတပ်သော တရားမည်၏။

(ခ) ကလာပ်တူ ဩဇာကြွင်းသော ကလာပ်တူ ကလာပ်ပြားဖြစ်သောစတုသမုဋ္ဌာနိကရုပ်သည် ပစ္စယုပ္ပန် ဖြစ်သောတရား မည်၏။

၂။ (က) နာမ်အာဟာရ၌-ထို ၂-ပါးတို့တွင် ဖဿ စေတနာ ဝိညာဏ်ဟူသော ၃ ရ နာမ်အာဟာရ တရားကိုယ် သုံးပါးသည် ပစ္စည်းတပ်သော တရား မည်၏။

(ခ) စိတ်တခုယှက် ကိုးဆယ်, စေတသိက် ၅၂ ပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန် ဖြစ်သောတရားမည်၏။

၁၆။ ဣန္ဒြိယသည် သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယ အား ဖြင့် ၃-ပါး အပြား ရှိ၏၊ ထိုတွင်-

၁။ (က) သဟဇာတိန္ဒြိယ၌ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါးသည် ပစ္စည်း တပ်သော တရား မည်၏။

( ခ ) စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ၅၂ ပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်သည့် ပစ္စယုပ္ပန် ဖြစ်သောတရား မည်၏။

၂။ (က) ပုရေဇာတိန္ဒြိယဉ်....စက္ခုယုက အမနဿ ယုက မန္ဒိမာယုက အားဖြင့် သုံးပါးသော စက္ခုဝတ္ထု တို့တွင် မဇ္ဈိမ-ယုဂ ဖြစ်၍ ရှေးဦး အစ အတိတဘင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု....သောတ ဝတ္ထု....ဃာနဝတ္ထု....ဇိဝှါဝတ္ထု....ကာယ ဝတ္ထုသည် ပစ္စည်းတပ်သော တရားမည်၏။

( ခ ) ၃၂ပဉ္စဝိညာဏ်တဆယ်,သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုသည် ပစ္စယုပ္ပန် ဖြစ်သော တရားမည်၏။

၃။ (က) ရုပဇီဝိတိန္ဒြိယဉ်....ပဝတ္တိ ပဋိသန္ဓေ အား ဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေသည် ပစ္စည်း တပ်သော တရား မည်၏။

( ခ ) ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇ ရုပ် ကိုးခုသည် ပစ္စယုပ္ပန် ဖြစ်သော တရား မည်၏။

၁၇။ ဈာန ပစ္စယော၌....ထို ၂-ပါးတို့တွင်-

(က) ဒွေ ပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် တခု ယုတ် ၇စ်ဆယ်၌ ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဟု ဆိုအပ်သော ဈာနင် တရားကိုယ် ငါးပါး သည် ဈာန ပစ္စည်းတပ်သောတရားမည်၏။

( ခ ) ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ် တခု ယုတ် ၇စ်ဆယ်, စေတသိက် ၅၂ပညာသ, စိတ္တဇရုပ်, ပဋိ သန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန် တရား မည်၏။

၁၈၊ မဂ္ဂပစ္စယော၌....ထို ၂-ပါးတို့တွင်—

(က) သဟိတ်စိတ် တေသတ္တတိ၌ ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင် တရားကိုး ကိုးပါးသည်မဂ္ဂပစ္စည်းတပ်သော တရား မည်၏၊

(ခ) သဟိတ်စိတ် တေသတ္တတိ, စေတသိက်ဒွေ ပညာသ, သဟိတ် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန် တရားမည်၏။

၁၉။ သမ္ပယုတ္တပစ္စယော၌....ထို ၂-ပါးတို့တွင်-

(က) အချင်းချင်းအား တပ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးသည် ပစ္စည်းတရား မည်၏။

(ခ) အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးသည် ပစ္စယုပ္ပန် ဖြစ်သော တရား မည်၏။

၂၀။ ဝိပ္ပယုတ္တ ပစ္စယော၌ ဝိပ္ပယုတ်သည် သဟဇာတ ဝိပ္ပယုတ်, ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်, ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်, ပစ္ဆာဇာတ ဝိပ္ပယုတ်အားဖြင့် ၄-ပါး အပြား ရှိ၏၊ ထို ၄-ပါးတို့တွင်

၁။ သဟဇာတ ဝိပ္ပယုတ်၌....ထို ၂-ပါးတို့တွင်

(က) ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပ ဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏ စုတိ

ကြည်သော စိတ် ခုနှစ်ဆဲ့ ငါးရ, စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရား မည်ကုန်၏။

(၁) စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယ ဝတ္ထုတို့သည် ပစ္စယုပ္ပန် ဖြစ်သော ပဋိသန္ဓေ တရား မည်ကုန်၏။

၂၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသည် ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏၊

၃။ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တသည် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယနှင့်တူ၏၊

၄။ ပစ္ဆာဇာတ ဝိပ္ပယုတ္တသည် ပစ္ဆာဇာတပစ္စည်းနှင့် တူ၏။

၂၁။ အတ္ထိ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ, ဝတ္ထု ပုရေဇာတတ္ထိ, ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ, အာရမ္မဏ ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိအားဖြင့် ခုနှစ်ပါး အပြားရှိ၏။ ထို ခုနှစ်ပါးတို့တွင်—

၁။ သဟာဇာတတ္တိသည် သဟာဇာတပစ္စည်းနှင့် တူ၏။
၂။ ဝတ္ထုပုရေဇာတတ္တိသည် ဝတ္ထုပုရေဇာတနိဿယနှင့်
၃။ ဝတ္ထာရမ္မဏာသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်
၄။ အာရမ္မဏပုရေဇာတတ္တိသည်အာရမ္မဏပုရေဇာတနှင့်
၅။ ပစ္ဆာဇာတတ္တိသည် ပစ္ဆာဇာတနှင့်
၆။ အာဟာရတ္တိ သည် ရုပ်အာဟာရတ္တိ နှင့်
၇။ ဣန္ဒြိယတ္တိသည် ရူပဇီဝိတိန္ဒြိယတ္တိနှင့် တူ၏။
၂၂–၂၃။ နတ္ထိ, ဝိဂတသည် အနန္တရ ပစ္စည်းနှင့် တူ၏။
၂၄။ အဝိဂတသည် အတ္ထိ ပစ္စည်းနှင့် တူ၏၊

ပဋ္ဌာန်း နှစ်ချက်စုံ ပြီး၏

---

အဘိဓမ္မာ သင်္ဂဟ
စ လယ် ဆုံး အားလုံး ပြီးပြီ

ပဏ္ဍာ သဒ္ဓာ သုခါယန္တု,
ဝိယာယန္တု ပမောဒိတာ,
ဝဍ္ဎန္တု သိရိယော လောကေ,
ဓမ္မေ နန္တု အာဝ မင်္ဂလေ။